# ဘဝ နှင့် နိဗ္ဗာန်

ဦးမာနိတသိရိဘိဝံသ



ပန်းချီပေါ်ဦးသက်

စာပေဗိမာန်

# ဘဝနှင့် နိဗ္ဗာန်

ဦးမာနိတသိရိ
ပြုစုသည်

မြတ်ဆုမွန်စာပေ
အမှတ်-၈၊ ဝတ်ကျောင်းလမ်း။ ရေကျော်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၇၀၆၄

အမှတ် ၂၄၃၈၄
ရက်စွဲ ၁၅.၁၀.၀၇

**ပုံနှိပ်မှတ်တမ်း**

၂၀၀၂–ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ–၁၀၀၀

ဒုတိယအကြိမ်

စာမူခွင့်ပြုချက် – ၆၆၁/၂၀၀၀ (၉)
မျက်နှာဖုံးခွင့်ပြုချက် – ၅၆၅/၂၀၀၂ (၉)

**ထုတ်ဝေသူ**

ဦးထွန်းထွန်းဦး နှင်းဦးလွင်စာပေ၊
အမှတ်–၅၃၃(A)၊ (၈)ရပ်ကွက်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးရှိန်ဘီး (မြဲ–၀၆၇၅၉) ဝင်းလိုက်မိတ်အော့ဖ်ဆက်
၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။

**မျက်နှာဖုံး**

ပေါ်ဦးသက်
Newday graphic design scanning & color seperation

**စီစဉ်သူ**

ဒေါ်သက်သက်ခိုင်
မြတ်ဆုမွန်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

**တန်ဖိုး – ၇၅၀ ကျပ်။**

# မျက်နှာဖုံးပန်းချီနှင့်ပတ်သက်၍

ဆရာတော် ဦးမာနိတသိရိ စီရင်ရေးသားတော်မူသော ဘဝနှင့်နိဗ္ဗာန် စာအုပ်မျက်နှာဖုံး၏ သရုပ်ဖော်ပန်းချီရေးဆွဲရာတွင် ဆရာဦးဆန်းထွန်း၏ နိဒါန်းအမှာစာ၌ 'ဘဝဆိုသည် တကယ်တော့ ထင်းဆိုက်ခံရနေရသော ဇရုပ်အိုပမာ=ရူပက္ခန္ဓာ၊ နေရာကိုမှတ်ပြီး လစ်တိုင်းထိုးသုတ်တတ်သော ကျီးယုတ်ပမာ=သညာက္ခန္ဓာ' စသည်တို့ကိုရည်၍ ဘဝသရုပ်ကိုလည်းကောင်း။ နိဗ္ဗာန်ပုံဖော်၍ပြခြင်းငှာ မစွမ်းသာပါသဖြင့် နိဗ္ဗာန်နှင့်လည်းနီးသော အကြောင်းရှိသော 'ဝိဇ္ဇာဉာဏ်' ကို နိဗ္ဗာန်အစား ရည်မှန်းလျက် လောက၏အလင်းကိုဆောင်တတ်သော 'နေမင်း' ကို နိဗ္ဗာန်အစားရည်ရွယ်၍ 'ဘဝနှင့်နိဗ္ဗာန်' စာအုပ်မျက်နှာဖုံးကို သရုပ်ဖော်ရေးဆွဲလိုက်ရပါသည်။

ပေါ်ဦးသက်

## ကျေးဇူးရှင်များသို့

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးနှင့် လူလားမြောက်အောင် စောင့်ရှောက်ကျွေးမွေး သင်ပြပေးသည့် မိဘနှစ်ပါး ဆရာများအား ဤစာအုပ်ဖြင့် ကျေးဇူးတုံ့ဆပ်ပါသည်။

မာနိတသိရီ

# မာတိကာ


| | | |
|---|---|---|
| | စာရေးသူ၏ အမှာစကား | ၉ |
| | ဦးဆန်းထွန်း၏ မိတ်ဆက်နိဒါန်း | ၁၃ |
| | စာအုပ်ဝေဖန်ချက် | ၂၃ |
| | ဥဒါန်းပါဠိတော် | ၂၅ |

**အခန်း (၁) ဘဝ**

| | | |
|---|---|---|
| ၁။ | ဘဝကိုသိမှ | ၂၉ |
| ၂။ | ဘဝ | ၃၀ |
| ၃။ | ဘဝချမ်းသာ | ၃၂ |
| ၄။ | အပါယ်ဘဝ | ၄၆ |
| ၅။ | လူ့ဘဝ | ၅၃ |
| ၆။ | နတ်ဘဝ | ၇၇ |
| ၇။ | ဗြဟ္မာဘဝ | ၈၄ |
| ၈။ | ပဋိစ္စသမုပ္ပါဒ်စက်ရုပ်ကြီးများ | ၈၉ |
| ၉။ | ဘဝနိဂုံး၊ | ၉၃ |

**အခန်း (၂) နိဗ္ဗာန်**

| | | |
|---|---|---|
| ၁။ | နိဗ္ဗာန် | ၉၉ |
| ၂။ | နိဗ္ဗာန်ချမ်းသာ | ၁၀၅ |
| ၃။ | ချမ်းသာအဆင့်ဆင့် | ၁၁၁ |
| ၄။ | နိဗ္ဗာန်၏ဂုဏ်သုံးမျိုး | ၁၁၅ |
| ၅။ | နိဗ္ဗာန်၏သန္တိဋ္ဌကသဘော | ၁၁၈ |
| ၆။ | မရှိခြင်းသည် နိဗ္ဗာန်မဟုတ် | ၁၂၀ |
| ၇။ | နိဗ္ဗာန်သည် အဖြစ်တရားမဟုတ် | ၁၂၃ |
| ၈။ | နိဗ္ဗာန်သည် အတ္တ၏စံနန် မဟုတ် | ၁၃၇ |
| ၉။ | နိဗ္ဗာန်သည် တစ်ခုတည်း | ၁၄၈ |

# မာတိကာ

**အခန်း (၃) ကံ**

| | | |
|---|---|---|
| ၁။ | အတုမဲ့ချမ်းသာရလိုလျှင် | ၁၆၁ |
| ၂။ | ဘဝနှင့်ကံတရား | ၁၆၄ |
| ၃။ | ကံ၏အကြောင်း | ၁၆၈ |
| ၄။ | ကုသိုလ်ကိုပယ်ရမည်လော | ၁၇၇ |
| ၅။ | ဤစေတသိက်တရားတို့ | ၁၈၂ |
| ၆။ | ကုသိုလ်ဟူသည် | ၁၉၅ |
| ၇။ | ဘုရားရှင်၏သန္တာန်၌ဖြစ်သောကုသိုလ် | ၁၉၉ |

**အခန်း (၄) သိက္ခာ**

| | | |
|---|---|---|
| ၁။ | နဝမခေတ် | ၂၀၉ |
| ၂။ | ပုဂ္ဂိုလ်၏အရည်အသွေး | ၂၁၃ |
| ၃။ | ကျင့်စဉ်လမ်းမှန် | ၂၁၇ |
| ၄။ | ငြီးငွေ့သင့်လှပြီ | ၂၂၈ |
| ၅။ | သံယောဇဉ်အားရှိအားမဲ့ | ၂၃၃ |
| ၆။ | အားထုတ်မှုရမည် | ၂၃၉ |
| ၇။ | ကိလေသာဝင်ရာလမ်းကြောင်းများ | ၂၄၅ |
| ၈။ | အဓိသီလသိက္ခာ | ၂၅၀ |
| ၉။ | အဓိစိတ္တသိက္ခာ | ၂၆၄ |
| ၁၀။ | သီလာနုဿတိဘာဝနာ | ၂၆၇ |
| ၁၁။ | ရဟန်းသီလဘာဝနာပွားပုံ | ၂၈၆ |
| ၁၂။ | အဓိပညာသိက္ခာ | ၂၉၁ |
| ၁၃။ | ရှိနေသည့်တရားများ | ၂၉၂ |
| ၁၄။ | မည်သို့ဖြစ်နေကြသနည်း | ၂၉၅ |
| ၁၅။ | သတိနှင့်စောင့်ကြည့် | ၂၉၈ |
| ၁၆။ | ဆရာ | ၃၀၂ |
| ၁၇။ | ဝိပဿနာဉာဏ်ရည်တက်ပုံ | ၃၀၄ |
| ၁၈။ | ပျက်ချုပ်နှင့်ငြိမ်းချုပ် | ၃၁၆ |
| ၁၉။ | နောက်ဆုံးပြောလိုသည်မှာ | ၃၁၈ |
| ၂၀။ | ပြီးပြီ | ၃၂၁ |

## စာရေးသူ၏ အမှာစကား

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု နဝမရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ ရာပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဤစာအုပ်ကိုရေးသားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သူ၏မွေးနေ့ရာပြည့်အထိမ်းအမှတ်အဖြစ် ခိုင်မာသောစာတမ်းစာစောင်တစ်စုံတစ်ခုကို ရေးသားစေလိုသောဆန္ဒတော်ရှိသည်။ ထိုဆန္ဒတော်ကိုလည်း မိမိအား အရိပ်အမြွက်မိန့်ကြားတော်မူသည်။ ထို့ကြောင့် ဤစာအုပ်ကို ရေးဖြစ်ခဲ့ခြင်း ဖြစ်သည်။

စာအုပ်အတွက် အကြောင်းအရာရွေးချယ်ရာ၌ ဘုရားရှင် နောက်ဆုံးကျူးရင့်တော်မူခဲ့သည့် ဥဒါန်းဂါထာတော်ကို ဖွင့်ဆိုရန် ရွေးချယ်ခဲ့ပါသည်။

အကြောင်းကား ဤသို့တည်း။

ဆရာတော်ဘုရားကြီးသည် မကျန်းမမာဖြစ်သည့်အခါ အနီးအပါး၌ တရားဟောစေ၍ တရားနာလေ့ရှိသည့်အတိုင်း တစ်နေ့သောနံနက်ခင်းတွင် ဆရာတော်ဘုရားကြီးအနီး၌ တရားဟောဖို့ အခွင့်ရခဲ့ပါသည်။

မိမိက ထိုဥဒါန်းဂါထာကိုရွတ်ဆို၍ ဟောပါသည်။ တရားအဆုံး၌ 'သာဓု' ခေါ်တော်မူပြီး–

> 'ဒီတရားနာရလျက် တရားနာသူ တောမထွက်နိုင်လျှင် တရားနာသူ ညံ့တယ်၊ ဒါထက် တရားဟောသူ တောမထွက်နိုင်လျှင် ပိုညံ့တယ်'ဟု မိန့်တော်မူသည်။

မိမိက မည်သို့မျှ ပြန်လည်လျှောက်ထားခြင်းမပြုသောအခါ 'တို့ပြောတာတောင် ဝန်မခံဘူး'ဟု မိန့်တော်မူတော့သည်။ ထိုအခါ 'တပည့်တော်များလျှောက်ထားရန် မသင့်တော်ဟုထင်မိ၍ ဝန်ခံလျှောက်ထားခြင်း

မပြု နေပါသည်။ တောကျောင်းနေလိုသောဆန္ဒရှိပြီးဖြစ်၍ အခွင့်သင့်က ဆရာတော်ဘုရားကြီးအလိုတော်ကျ ဖြစ်ပါလိမ့်မည်ဘုရား’ဟု လျှောက်ထားရသည်။

ဤသို့ ဂါထာဖွင့်ပုံအချုပ်သဘောကို ဆရာတော်ဘုရားကြီးအား တင်ပြပြီး ဆရာတော်ဘုရားကြီး နှစ်ခြိုက်ပြီးဖြစ်၍ ဆရာတော်ဘုရားကြီး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဤဂါထာကို ဖွင့်ဆိုရေးသားရန် ရွေးချယ်လိုက်ရခြင်းဖြစ်ပါသည်။

ဂါထာကို ဖွင့်ဆိုရေးသားရာ၌ ‘ဘဝ၊ နိဗ္ဗာန်၊ ကံ၊ သိက္ခာ’ဟု အခန်းလေးခန်း ပိုင်းခြားဖွင့်ဆိုပါသည်။

ဘဝ–အခန်း၌ ဘဝ၏သရုပ်၊ ဘဝနှင့်ဘဝချမ်းသာတို့၏ အဘိဓမ္မာသဘောတို့ကို ကောက်ယူထောက်ပြ ဘဝ၏ယေဘုယျသဘောကို သုတ္တန်ဒေသနာတို့ဖြင့် ပေါ်လွင်စေပါသည်။

နိဗ္ဗာန်–အခန်း၌ နိဗ္ဗာန်၏ ပရမတ္ထသဘောကို ထောက်ပြ၍ နိဗ္ဗာန်ချမ်းသာကို ပေါ်လွင်စေကာ နိဗ္ဗာန်နှင့်စပ်၍ မှားယွင်းတတ်သည့် အချက်တို့ကို ရှင်းလင်းထားပါသည်။

ကံ–အခန်း၌ ကံတို့၏အခြေအမြစ်၊ ကံတို့၏သဘောမှန်၊ ကံနှင့်ဘဝတို့၏ ဆက်စပ်မှု၊ ကံကုန်ခြင်းအကြောင်း စသည်တို့ကို ရေးသားပါသည်။

သိက္ခာ–အခန်း၌ မဂ်ဖိုလ်ရနိုင်သည့်ခေတ်၊ မဂ်ဖိုလ်ရနိုင်သည့်ပုဂ္ဂိုလ်၊ မဂ်ဖိုလ်ရနိုင်သည့်ကျင့်စဉ်၊ ဗုဒ္ဓဒေသနာတော်၏ မှန်ကန်ရခြင်းအကြောင်း စသည်တို့ကို ရှင်းလင်းတင်ပြထားပါသည်။

ဤသို့ရှင်းလင်းတင်ပြရာ၌ မည်သည့်ကျမ်းစာ၏အဆိုအမိန့်၊ မည်သည့်ဆရာ၏ဝါဒသို့မျှ နောက်ယောင်ခံလိုက်ခြင်း၊ ရှေ့နေလိုက်ခြင်း မပြုပါ။

၁၃၁၉–ခုနှစ် ဓမ္မာစရိယတန်းကို အောင်မြင်ပြီးသည့်အချိန်မှစ၍ စာပေဉာဏ်အဆင့်မီသူတို့ ‘သာသနာပြုရန်’ဟူသော အကြောင်းပြလှလှဖြင့်

စာပေဉာဏ်အဆင့်မီသူတို့ 'သာသနာပြုရန်'ဟူသော အကြောင်းပြလှလှဖြင့် သင်ယူလေ့ရှိကြသည့် လောကီအတန်းပညာ အင်္ဂလိပ်စာဘက်သို့ ဦးလှည့်ရန် အတန်တန်အကြံပေးတိုက်တွန်းကြသည့် မိတ်ဆွေကောင်းတို့၏ စကားကို ငြင်းပယ်၍ 'အတန်းပညာအင်္ဂလိပ်စာအတွက် ကုန်မည့်အချိန်ကို ပိဋကစာပေ၌ အသုံးချမည်'ဟုဆုံးဖြတ်ကာ လေ့လာခဲ့သဖြင့် ရရှိသော ပိဋကဗဟုသုတဖြင့် ဒေသကပုဂ္ဂိုလ်များဖြစ်သည့် ဘုရားရှင်၊ အရှင်သာရိပုတ္တရာတို့၏အာဘော်ကိုသာ မိမိရရဆုပ်ကိုင်ကာ လွတ်လပ်စွာ ရှင်းလင်းတင်ပြထားခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ဤကျမ်းစာ၌ ရေးသားထားသမျှတို့သည် ပိဋကနယ်ပယ်မှ ရရှိသည့်အမြင်များ၊ ကောက်ချက်များသာဖြစ်ကြောင်း ခပ်ရှင်းရှင်း အသိပေးလိုပါသည်။

ဤစာအုပ် ပြီးမြောက်အောင်မြင်ရန်အတွက် ဆရာသမားမိတ်ဆွေများ၏အကူအညီကို ရယူခဲ့ပါသည်။

အရှင်ဇောတိလ္လ(ဝိဇ္ဇာလင်္ကာရ၊ နာယကဆရာတော်)နှင့် ကိုစိုးမင်း(ဓမ္မာစရိယ)တို့က မကြာမကြာတိုက်တွန်းအားပေးကြပါသည်။ စာမူအပြီးသတ်နိုင်ရန် အခက်တွေ့နေသဖြင့် ဂဏကိစ္စနှင့် အခြားသော ပလိဗောဓကင်းရာ စစ်ကိုင်းတိုင်း ဝန်းသိုမြို့ ခန္တီးရိပ်သာသို့သွား၍ ရေးသားခဲ့ရာ အဘိဓဇမဟာရဋ္ဌဂုရု ခန္တီးဆရာတော်ကြီးက ကျောင်းသီးသန့်ပေး၍လည်းကောင်း၊ သြဝါဒစကားမြွက်ကြား၍လည်းကောင်း စောင့်ရှောက်ခြင်း၊ ရိပ်သာတိုက်အုပ် အရှင်ဇနိတက ခေါ်သွားသည့် ကျောင်းသားငယ်တင့်ဆွေကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ ဘုန်းကြီးဦးပဏ္ဍိစ္စ၊ ဦးပရမ(ဘီ၊အက်စ်)၊ ဦးဝဏ္ဏ၊ ဦးရေဝတ၊ ဦးပညာစသော ရိပ်သာရှိ ရဟန်းတော်တို့က စားသောက်နေထိုင်ရေး ကူညီစီစဉ်ပေးခြင်း၊ လိုအပ်သောကျမ်းစာအုပ်များကို ရှာဖွေစုဆောင်းပေးခြင်း၊ ရေးပြီးစာမူများကို အချောကူးပေးခြင်း၊

သီလရှင်ဆရာကြီးဆရာလေးများက သောက်ရေသုံးရေ တာဝန်ယူခြင်းစသည်ဖြင့် ကူညီစောင့်ရှောက်ကြပါသည်။

မဟာဝိသုဒ္ဓါရုံ ဇယမေဒနီ ဝါဆိုဆရာတော်ဦးအဂ္ဂိယနှင့်စည်ရှင်ကျောင်း ဦးအဂ္ဂဉာနာဘိဝံသတို့က ရေးပြီးစာမူကို ကူညီကြည့်ရှုပေးကြပါသည်။ ပါဠိ၊ သက္ကတဘာသာရပ်၌ အထက်တန်းကျကျ ကျွမ်းကျင်သည့် ရဟန်းပညာရှိများကပင် အလေးပြုဂရုစိုက်ခြင်းခံရသည့် မြန်မာ၊ပါဠိ၊သက္ကတ၊ပါကတ၊ဟိန္ဒီ၊အင်္ဂလိပ်ဘာသာပညာရှင် ဦးဆန်းထွန်း (မန်းတက္ကသိုလ်)က နိဒါန်းအတွက် တာဝန်ယူကူညီပါသည်။

ထို့ကြောင့် ဖော်ပြပြီး ရဟန်းရှင်လူ ဆရာသမားမိတ်ဆွေများအား ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုပါသည်။

အထူးအားဖြင့် ဤစာအုပ်၌ လေးနက်လှသည့် 'ဘဝ၊ နိဗ္ဗာန်၊ ကံ၊ သိက္ခာ' တို့၏ သဘောတရားတို့ကို ရှင်းလင်းတင်ပြထားသည်ဖြစ်ရာ မည်မျှပေါ်လွင်အောင်ရှင်းလင်းသည်ဖြစ်စေ ချက်ချင်းလက်ငင်း အသိဉာဏ်ရှင်းသွားရန်ကား အခက်အခဲရှိနေဦးမည်သာဖြစ်ပါသည်။

ထို့ကြောင့် ဤစာအုပ်ကိုဖတ်လျှင်–

**အချိန်ယူ၍ ဖတ်ရန်၊**

**နိဒါန်းမှစ၍ နိဂုံးအထိ အစဉ်အတိုင်းဖတ်ရန်၊**

**ဖတ်ပြီးသမျှ ပြန်လည်သုံးသပ်ရန်၊**

**အထပ်ထပ်ဖတ်ရန် တိုက်တွန်း မှာကြားလိုပါသတည်း။**

ဦးမာနိတသိရီဘိဝံသ

၁၃၄၂–ခု၊ ဒုတိယဝါဆိုလဆန်း ၃–ရက်။

# အငြိမ်းစား မြန်မာစာကထိက၊ မြန်မာစာအဖွဲ့ဝင် ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ မိတ်ဆက်နိဒါန်း

[၁]

ဘဝဟူသည်မှာ တစ်ပိုင်းပြီးတစ်ပိုင်း၊ တစ်ဆစ်ပြီးတစ်ဆစ်၊ တစ်ဖြစ်ပြီး တစ်ဖြစ် ဆက်ကာဆက်ကာ ဖြစ်သွားစေရန် ကြိုးကြိုးပမ်းပမ်း အားပါးတရ ဆက်နေမှုသာတည်း။

သို့သော်လည်း ထိုအဆက်များသည် ပုလဲကွဲအစိတ်စိတ်ကို ချိတ် (ချိပ်)နှင့်တွဲ၍ ဆက်သလိုရှိသည်။

ဘဝဆိုသည်မှာလည်း တကယ်တော့ လူဆိုးသူခိုးများက ချိုးယူ ခိုးယူ၊ သူတော်ကောင်းများကရှင်းလင်း၊ လူပျင်းလူမသမာတွေကြောင့် ညစ်စုတ်၊ ယုတ်မာပေ့ဆိုသော လူများကဖျက်ပြီး ထင်းဆိုက်ခြင်းခံရသော ဇရပ် အိုပမာ–ရူပက္ခန္ဓာ။ ဘာမရှောင် အကုန်ဝါးသောစားသော ဝက်ပုပ် ပမာ–ဝေဒနာက္ခန္ဓာ။ နေရာကိုမှတ်ပြီး လစ်တိုင်းထိုးသုတ် လုယက်တတ် သော ကျီးယုတ်ပမာ–သညာက္ခန္ဓာ။ တွေ့ရာက ခိုးလာတတ်သော သူခိုး ပမာ–သင်္ခါရက္ခန္ဓာ။ အနံ့အပြား နား၊ နားရာရာတိုင်းမှာ လောက်ချတတ် သော ယင်ကောင်ပမာ–ဝိညာဏက္ခန္ဓာ။ မင်္ဂလာရှိရှိ ထုတိကထာဖြင့် ခိုင်မာသည်၊ ချမ်းသာသည်၊ အကြိုက်အတိုင်းလိုက်သည်ဟု ချီးမွမ်းထိုက် သောအချက် တစ်ကွက်တလေမရှိ၊ အင်မတိအင်မတန် ဆိုးရွားသော ငါးပါးသောခန္ဓာအစု အသုဘဇာတ်လမ်းကြီးပေတည်း။

တစ်ခုတော့ရှိသည်။ အညစ်အပတ်အရှိန်သတ်သောအခါ အရိယာ အကြို အရိယာနဂိုဖြစ်တော့မှ တစ်သန္တာန်လုံး ဖန်ချင်လာသောသရက်

သီး မှည့်ချိုသကဲ့သို့ ချိုလေတော့သည်။ ဒါတောင် ဇရပ်အိုကြီးကတော့ အချိုးအဖွဲ့ အဖျက်အဆီး မလွတ်ရရှာသေးပေ။

* ဇရပ်ကား–ရူ၊ ဝေမူကား –ဝက်၊ ကျီး–သညာက်နှင့်၊ သင်္ခါရက်–သူခိုး၊ ဝိညာဏ်–မျိုး၊ လောက်ထိုး ယင်ပမာ။

ဘဝထဲမှာနေရ လောဘနဲ့မှလှသည်၊ ဒေါသနဲ့မှလှသည်၊ မောဟနဲ့မှ လှသည်ဆိုပြီး လောဘနှင့်အလှဆင်နေကြသည်၊ ဒေါသနှင့်အလှဆင်နေကြသည်၊ မောဟနှင့် အလှဆင်နေကြသည်။

'ဘုရားအကြိုက်၊ တရားလိုက်က၊ လူ့ဒွအရေး၊ ညံ့တတ်သေး၏' တဲ့။ စာကလဲ တော်တော်ဆိုတဲ့စာ။

ဘဝထဲမှာဆိုတော့ သယ်စရာရှိ သယ်မှ၊ တွယ်စရာရှိတွယ်မှ၊ ဖယ်စရာရှိ ဖယ်မှ၊ အကြောင်းပြလှလှနဲ့ သယ်ကြ တွယ်ကြ ဖယ်ကြသည်။

'လှစေချင်၍ သွားချောင်(သကျောင်)တိုက်၊ ရေစီးကမ်းပြိုလိုက်' ဆိုသကဲ့သို့–

– လောဘကြောင့် ဇာတိဒုက္ခ၊ ပြိတ္တာဘုံ၊ ချစ်သူနှင့်ကွဲ ဆင်းရဲ၊ ရောဂါများ၊ ပစ္စည်းမရှိ၊ ကိုယ့်စီးပွားပျက်၍ စိတ်ပင်ပန်း၊ ဒုဗ္ဘိက္ခန္တရကပ်တိုက်။ ဘေးဒုက္ခ အကျည်းတန်ကြီးတွေ တွေ့ကြရသည်။

– ဒေါသကြောင့် ဇရာဒုက္ခ၊ ငရဲဘုံ၊ မချစ်သူနှင့်မြဲ ဆင်းရဲ၊ အိုလွယ်၊ မိတ်ဆွေမရှိ၊ သူများစီးပွားမပျက်၍ စိတ်ပင်ပန်း၊ သတ္ထန္တရကပ် တိုက်။ ဘေးဒုက္ခအကျည်းတန်ကြီးတွေ တွေ့ကြရသည်။

– မောဟကြောင့် မရဏဒုက္ခ၊ တိရစ္ဆာန်ဘုံ၊ ဘယ်လိုလုပ်ပြီး ဘယ်ဆီများမှာ ရအောင်ရှာရပါမလဲဟု စိတ်ထဲကတဖိုဖို၊ လိုတာဆို ရကိုမရတတ်သော ဆင်းရဲ၊ အသက်တို၊ ကိုယ်ကျိုးမရှိ၊ လျစ်လျူရှုရမည့် ပုဂ္ဂိုလ်သတ္တဝါအရာဌာနတို့၌ လျစ်လျူမရှု

တတ်၍ စိတ်ပင်ပန်း၊ ရောဂန္တ ရကပ် တိုက်။ ဘေးဒုက္ခအကျည်း
တန်ကြီးတွေ တွေ့ကြရသည်။

* ဒုက္ခသုံးစုံ၊ ဘုံကားသုံးခင်း၊ ဆင်းရဲခြင်းသုံးသွယ်၊ များ,လွယ်, တိုဘိ၊ မရှိသုံးအင်၊ ပင်ပန်းသုံးတပ်၊ ဆုံးမရပ်၊ သုံးကပ်တိုက် မည်သာ။

ဘဝဟူသည်မှာ သန်းခေါင်,လကွယ်၊ တောအုပ်လယ်၊ ရှစ်နယ် ပတ်ကုံး၊ အပြည့်ဖုံး၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်၊ မိုက်ပေ့ဆိုသော ဒုက္ခမိုးမှောင်ကြီးထဲ လက်ခနဲလက်ခနဲ တစ်ချက်တစ်ချက် တွေ့ရသော 'သုခ'ပိုးစုန်းကြူးကလေးများကို ရှာဖွေဖမ်းဆီးနေကြရသော အဖြစ်အပျက် ပေတည်း။

ဘဝဟူသည်မှာ–

ဆေးစာဖတ်ရာ၊ နားထောင်ပါ၊ ရောဂါပျောက်နိုးနိုး။

သိုက်စာဖတ်ရာ၊ နားထောင်ပါ၊ ဥစ္စာရနိုးနိုး။

ဒုံး(တုံး)စပ်ငှက်ကြီး အမြီးပေါက်နိုးနိုး။

ကျောင်းက ခင်ကြီး မင်းသမီးရနိုးနိုး။

ဟူသော နိုးလေးချက်ပမာ တစ်စုံတစ်ရာရနိုးနိုးဖြင့် မိုးမဆုံးမြေမဆုံး ပြုံးယောင်ယောင် တစ်လှည့်တစ်လှည့်မှာ အမဲ့တွေအများကြီးနှင့် နေကြ ရသော အဖြစ်အပျက်ပေတည်း။

ဘဝဟူသည်မှာ အချို့သောရေအိတ်များထဲက ရေကိုသွန်ပစ်၊ အချို့ သော ရေအိတ်များထဲသို့ ရေကိုထပ်သွင်း၊ ဆင်းလိုက် တက်လိုက် တစ်လှည့်စီ တစ်ပတ်စီ၊ တအီအီ တအိုအိုငိုသံ။ တအော်အော် တဟံဟံ ရယ်သံပေးနေသော ကံကြမ္မာရေရဟတ်၏ သတ်သတ်မှတ်မှတ် မဖော် ညွှန်း၊ တွန်းတင်ရာ မြှုပ်ချရာကို ဟာခနဲ ဟယ်ခနဲ ခံနေကြရသော အဖြစ်အပျက်ပေတည်း။

ဘဝဟူသည်မှာ သာမုဒြိကကျမ်း၊ ရမ်းဆသဘော၊ အဟောကိုဖျက်၊ အသက်လမ်းကြောင်း၊ ကောင်းကောင်းရှည်ရှည်နှင့်၊ အတည်မကျ၊ ဘဝ တစ်ပါး၊ ပြောင်းသွားစောစော၊ ဟောဟဲလိုက်သေရသူ။ ။အောင်မြင်ခြင်း လမ်းကြီး၊ ထီးရိုးစင်းစင်းနှင့်၊ ဆင်းရဲတွင်းနက်၊ ပက်လက်ကလေး၊ ဆေးပေးမီးယူမျှမရှိ၊ ကသိကဒအောက်နေရသူ၊ လူမရေရာတို့၏ အဖြေ မလာသော အဖြစ်အပျက်ပေတည်း။

ဘဝဟူသည်မှာ ဖြူဖြူစင်စင်စိတ်ထားနှင့် ကောင်းစားလှည့်မကြုံ ရသူ၊ ကူညီစိတ်ထား၊ အများအကျိုး၊ သယ်ပိုးဆောင်ထမ်းလျက်၊ ထောင် နှုတ်ခမ်းပေါ် မှရှော်ကျသူ၊ ထိုလူမျိုးနှစ်မျိုးနှစ်စားတို့၏ အကျိုးသွား ဆန်းကြယ်သော အဖြစ်အပျက်ပေတည်း။

* မိုးမှောင်ဒုက္ခ၊ သုခစုန်းပိုး၊ နိုးလေးချက်ပမာ၊ ကြမ္မာရဟတ်၊ ကံနာနတ်နှင့်၊ ဟတ္ထလေခါ၊ ယွင်းချွတ်ပါ၍၊ ဖြူရာကမည်း၊ မည်းရာကဖြူ၊ ဘဝဟူ အတူနှိုင်းအပ်စွာ။

[၂]

ဤသို့လျှင် မိမိသည် ဘဝအကြောင်းကို ဟိုနှယ်သည်နှယ်ရေးတတ်သလို ရှိသော်လည်း နိဗ္ဗာန်အကြောင်းကိုကား (အမှန်အတိုင်းပြောရလျှင်) ရေး လည်းမရေးရဲ၊ ရေးရဲဦးတော့ သိပ်'ထိ'လှမည် မထင်မိပေ။

တစ်ခုတော့ရှိသည်။ နိဗ္ဗာန်အကြောင်း သူတစ်ပါးရေးထားလျှင် ဖတ်ကြည့်ချင်သည်။ ဖတ်လည်းဖတ်ကြည့်သည်။

သိပ်မကြာသေးခင် (၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉–ရက် နေ့)က စံလွန်တော်မူပြီးဖြစ်သော ပြည်မြို့၊ အဂ္ဂမဟာပဏ္ဍိတ ဇောတိကာရုံ ဆရာတော်ဘုရားကြီး၏ နိဗ္ဗာနဇောတိကကျမ်းကို ဖတ်ရသည်မှာ နိဗ္ဗာန် အကြောင်း၊ ပရိနိဗ္ဗာန်အကြောင်း တော်တော်ကွဲကွဲပြားပြား'လင်း'သွား

သည်။ မိမိအနေဖြင့်ပြောရလျှင် ကောင်းလှသည်။ သို့သော် ဆရာတော်ကြီး၏ကျမ်းမှာ ငယ်သဖြင့် နယ်ကျယ်ကျယ်မှ နှံ့ပါ့မလားဟု ကြောင့်ကြမိသည်။

ယခုအခါ တာဝန်ပေးချက်အရ ကော်ပီမူတွင် ဖတ်ကြည့်ခွင့်ရှိသော အသျှင်မာနိတသိရီ၏ဘဝနှင့်နိဗ္ဗာန်ကျမ်းကား မိမိဖတ်ဖူးသော နိဗ္ဗာန်အကြောင်းများအနက် မိမိအတိုင်းအတာအရ အတော်ကို'မိ'သော နိဗ္ဗာန်အကြောင်းဟု ထင်မိပါသည်။

အသျှင်မာနိတသိရီနှင့် အသျှင်နန္ဒမာလာတို့ရေးအပ်သော စံကင်းဆရာတော် ဂုရုပ္ပတ္တိကို ဖတ်ဖူးစဉ်ကတည်းက 'ကိုယ်တော်ကလေးများ ငယ်ငယ်ရွယ်ရွယ်နှင့်စာရေးကောင်းလိုက်ကြတာ' ဟုသို့ ခံစားလိုက်ရ၏။

မန္တလေးမြို့၊ အဘယာရာမဆရာတော်ဘုရားကြီး၏သက်တော်ရာပြည့် မွေးနေ့အထိမ်းအမှတ်စာအုပ်တွင် အဘယာရာမရွှေဂူဆရာတော်ဘုရား၏ နောက်ဆုံးရက်ပိုင်းများအကြောင်း အသျှင်မာနိတသိရီရေးသည်ကို ဖတ်ရသောအခါ ကောင်းကြောင်းမဖွင့်ဘဲမနေနိုင် ပွင့်ထွက်သည်အထိဖြစ်ရတော့သည်။

အမှန်ပြောသစ္စာ။ ဤမျှငယ်ငယ် ထိုစာမေးပွဲအောင်သည် စာမေးပွဲအောင် 'ကြောင်ပုစွန်စားကျွတ်ကျွတ်ဝါး'ခေတ်အားလျော်လျောက်တောက်တောက်ပပရှိစေကာ ဘဝနှင့်နိဗ္ဗာန်အကြောင်း တရားမလွတ်စကား တတ်တတ်နှင့် ဤမျှရေးနိုင်မည်မထင်မိခဲ့။

အသျှင်မာနိတသိရီနှင့် ဟောပြောပွဲတစ်ခု(မတ္တရာမြို့နယ်၊ ကောက်ရိုးပုံရွာ)သို့ အတူသွားဖူး၏။ မိမိက 'ဆရာကြီး'ဘဝင်နှင့်။ ဦးပဉ္ဇင်းက သုတေသီအသွင်နှင့်။

ဦးပဉ္ဇင်းကို အနီးကပ် လေ့လာခွင့်ရသဖြင့် လဒ္ဓိပေသလ သိက္ခာကာမဖြစ်မှန်း။ 'ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆိုတတ်မှန်း'။ 'နှိုင်းနှိုင်းချိန်ချိန်၊ သုခမိန်၊ မှိန်မှိန်နေတတ်မှန်း' အတန်အသင့်သိခဲ့ရသည်။

ဟောပြောပွဲအတူသွားသော မဟာဝိဇ္ဇာဦးမောင်မောင်တင်(သမိုင်းကော်မရှင်)လို ပုဂ္ဂိုလ်တစ်ဦးက ဦးပဥ္စင်းအား အလွန်လေးစားသဖြင့် ‘သည်ဦးပဥ္စင်း အာဂဦးပဥ္စင်းဖြစ်မှာပဲ’ဟုလည်း အသိအမှတ်ပြုခဲ့မိပေသည်။

ဟောပြောပွဲမှပြန်လာပြီး နောက်တစ်နေ့၌ ဦးပဥ္စင်းကိုလည်း တွေ့ရန်၊ ဦးပဥ္စင်း၏ဆရာရင်း မိမိ၏ချစ်ခင်ကြည်ညိုလေးစားအပ်သော ပိယဂုရုပုဂ္ဂိုလ် ဝါဆိုကျောင်းဆရာတော် ဓမ္မကထိကအကျော် အရှင်အဋ္ဌိယကိုလည်းတွေ့ရန် မစိုးရိမ်တိုက်မှတစ်ဆင့် အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်သွားသည်။

ဦးပဥ္စင်း ဝန်းသိုကြွသွားကြောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ခန္တီးဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကိုခိုလှုံရင်း စာတစ်အုပ်ရေးနေကြောင်း သတင်းကြားခဲ့ရသည်။ စာအုပ်အမည်က ‘ဘဝနှင့်နိဗ္ဗာန်’တဲ့။

နောက်များမကြာမီ မန္တလေးတက္ကသိုလ်စာတိုက်ကို လိပ်စာမူအပ်သော မဟာဗောဓိပင်အနီးရှိ မိမိခြံဝင်းအတွင်း အိမ်ကုပ်ကလေးသို့ ဦးပဥ္စင်းရောက်လာပြီး ‘ဘဝနှင့်နိဗ္ဗာန်’ကော်ပီ စာမျက်နှာလေးရာခန့် ဗလာစာအုပ်ဆယ်အုပ်ကို ပေးလှာသည်။ အတန်အသင့် ကြည့်ရှုပြီး ပြင်ဆင်ရန်နှင့် နိဒါန်းရေးပေးရန် ဟူ၏။

‘ကြည့်ရှုပြင်ဆင်ရန်’ ဆိုသော်လည်း ကြည့်ရှုခြင်း၊ ယင်းနှင့်တစ်ဆက်တည်း စာလုံးပေါင်းအတန်အသင့် တစ်ဆိတ်တစ်ပေါက်တို့ကာပင့်ကာ ‘မတ်’ပေးခြင်းမျှသာ တာဝန်ယူလိုက်ပါသည်။ ပြင်ဆင်စရာ မိမိအနေနှင့် မတွေ့ရသောကြောင့် မပြင်ဖြစ်ပါ။

‘သံယောဇဉ် အားရှိ အားမဲ့’အခန်း၊ ‘သီလာနုဿတိ’အခန်းများကိုကား မိမိနှင့်တိုက်ရိုက်‘တိုး’နေသောကြောင့် အခေါက်ခေါက်ဖတ်နေမိပါသည်။

သုံးပုံကို အစုံခွင်းပါလို့
ကုန်မကြွင်း နှံ့စေကာ။
ကျမ်းသဂြိုဟ် အောက်လိုရင်း
ဟင်းပေါ့ဆွေ့မှာ။
သတိသွင်းစေဖို့ စုံခြင်းရာ
ပုံခင်းကာ စံပြ။
ကြိုးဟန်က ကချေသည်
အထက်မှာ ဟန်ပလီလို့
အောက်ဆီမှာ အတွယ်ကင်းတော့ကာ
ဟိုဟာတွေ ဟာလို့ ဟင်းတယ်
သင်းနဲ့တူလှ။

**နဲ့ကြီးဆရာတော်**

အောက်သက်စာကြေ အောက်ခြေမလွတ်ဘဲ ‘ကျမ်းအိပ်’နိကာယ် ပါဠိတော် အဋ္ဌကထာကြီးများ၊ ဋီကာကြီးများ၊ ထိုထိုဆိုင်ရာ ဂန္ထန္တရများ၊ ဘက်စုံထောက်လျက် ‘အောက်ထက်နှောက်မွှေ၊ ကြေကြေညက်ညက်’ ရှိလှသော ဦးပဍ္ဍင်းကို အံ့ညြလျက်သာ တစ်ခန်းပြီးတစ်ခန်း ဖတ်ကောင်းကောင်းရှိသည်နှင့် ဖတ်,ဖတ်သာသွားတော့သည်။ မပြင်ဖြစ်ပါ။ ပြင်စရာလည်း လိုမည်မဟုတ်ပါ။

တစ်ခုသောအထင် ‘ဒီဦးပဍ္ဍင်းကလေး တစ်နေ့ လယ်တီဆရာတော် လို ကမ္ဘာကျော်ဖြစ်ဦးမှာပဲ။ ဦးပဍ္ဍင်းရဲ့နိဗ္ဗာန်အကြောင်းဟာ လယ်တီဆရာတော်ရဲ့ နိဗ္ဗာန်အကြောင်းကို ဆိဒ္ဓပိဓာနနီကျမ်းထဲမှာ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ထည့်သွင်းဂုဏ်ပြုသလို တစ်သာသနာလုံးက တစ်နေ့နေ့ ဂုဏ်ပြုကြဦးမှာပဲ’ဟု စိတ်ထဲတွင် ပေါ်နေပါသည်။

## [၃]

ဤနေရာ၌ 'ရေးလည်းမရေးရဲ' ဟူသော စကားအခက်မှာ အလက်ထပ်ချင်ပါသေးသည်။

နိဗ္ဗာန်ဆုနေ့တိုင်းတောင်းနေသောအဘိုးကြီးတစ်ဦးဆီသို့ နိဗ္ဗာန်က လွှတ်လိုက်သော တမန်တော်က 'အဘိုးကြီး၊ ဒီလောက်တောင် နိဗ္ဗာန်ဆု တောင်းနေတာ၊ ကဲ အခုပဲ နိဗ္ဗာန်လိုက်ခဲ့ပေတော့၊ နိဗ္ဗာန်ကအခေါ် ကျွန်တော် ခုရောက်ပါတယ်' ဟုလာခေါ်ရာ အမယ်ကြီးနဲ့တိုင်ပင်၊ သားသမီး များနဲ့တိုင်ပင်။ အားလုံးကပင် 'စိတ်ချလက်ချ နိဗ္ဗာန်သာလိုက်သွားပေတော့' ဟု ဝိုင်းပြောကြသဖြင့် အဘိုးကြီးက 'နင်တို့စဉ်းစဉ်းစားစားလုပ်ကြဦးလေ၊ ငါမရှိရင် နင်တို့ချည်းဖြစ်ပါ့မလား' တဲ့။ အမယ်ကြီးနှင့် သားသမီးများက 'စဉ်းစားစရာမလိုပါဘူး၊ စိတ်ချလက်ချသာ နိဗ္ဗာန်လိုက် သွားပေတော့' ဝိုင်းပြောကြပြန်ရာ အဘိုးကြီးက 'နင်တို့မစဉ်းစား၊ ငါစဉ်းစားရဦးမယ်' ဆိုဖူးသောပုံကဲ့သို့ တကယ်ကျတော့ မလွယ်လှသော နိဗ္ဗာန်၊ ဘာကမှ ထောက်စရာမရှိလို့ ဗာလတို့ ကြောက်စရာ အတိနိဗ္ဗာန်။ (ဗာလာနံ တာသဇနကံ)။

'နိဗ္ဗာန်တရား၊
ဟောလှည့်ငြားလည်း၊
နား မနာသီး၊
သုတ်နင့်ကြီး' ဟူသော ရှင်မဟာသီလဝံသစကား။

'နိဗ္ဗာနသဿ ဝဏ္ဏော ကထိယမာနေ ကုဇ္ဈိတွာ ဥဘောကဏ္ဍော ထကေတိ= နိဗ္ဗာန်ဂုဏ်ကျေးဇူး ချီးကျူးဟောပြောလျှင် စိတ်ဆိုးပြီး နားနှစ်ဖက်ပိတ်၏' (သမ္မော၊ ခန္ဓဝိဘင်း) ဟူသော ရှေးဆရာကြီးများစကားအတိုင်း နိဗ္ဗာန်ကို ကျအောင် ပွဲထုတ်ဖို့ မလွယ်ကူလှပေ။

ထိုမှတစ်ပါး အကြောင်းတစ်ခု ရှိသေး၏။

## မိတ်ဆက်နိဒါန်း

၁။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်းကြီးဖြင့် ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး နိဗ္ဗာန်အကြောင်း ရေးခဲ့ပြီ။

၂။ စန္ဒမဏ္ဍလသုက္ကနိဗ္ဗာန်စာတမ်းဖြင့် ကျေးဇူးတော်ရှင် အုတ်ဖိုဆရာတော်ဘုရားကြီး နိဗ္ဗာန်အကြောင်း ရေးခဲ့ပြီ။

၃။ နိဗ္ဗာနဒီပနီဖြင့် ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး နိဗ္ဗာန်အကြောင်း ရေးခဲ့ပြီ။

တိမ်တိုက် မိုးပြင်၊
ထက်ကောင်းကင်က၊
ငှက်တွင်ကြီးခြင်း၊
ခွန်အားပြင်းသား၊
ငှက်မင်းမြတ်စွာ၊
ဂဠုန်သာလျှင်၊
ပျံရာသလော၊
ငယ်မောစွာလျက်၊
နှံစုတ်ငှက်လည်း၊
အထက်လေကြောင်း၊
ပျံပါကောင်း။

**ရှင်တေဇောသာရ**

မိမိသည် နှံစုတ်ငှက်အသွင် ပျံချင်ပါသော်လည်း ဂဠုန်ငှက်ကြီးများသဖွယ် ကြီးကျယ်တော်မူလှသော ဆရာတော်ဘုရားကြီးသုံးပါးစလုံးကဲ့သို့ နိဗ္ဗာန်အကြောင်း မရေးဖြစ်သေးဘဲ ရှိပါသည်။ မရေးရဲသေးဘဲ ရှိပါသည်။

# မိတ်ဆက်နိဒါန်း

ဦးပဥ္စင်း၏နိဗ္ဗာန်အကြောင်း ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် စလင်းဆရာတော် ဦးပညာသီဟ၏ 'အသင်္ခတဓမ္မပကာသနီ' နှင့် ပြည်မြို့ ဇေတိကာရုံဆရာတော်၏ 'နိဗ္ဗာနဇောတိကကျမ်း' နှစ်ကျမ်းကိုရှာပြီး ဆက်လက်ဖတ်ဖြစ်အောင်ဖတ်ကြပါဟု တိုက်တွန်းလျက် ဤမိတ်ဆက်နိဒါန်းကို နိဂုံးချုပ်အပ်ပါသတည်း။ ။

**ဆန်းထွန်း**
ဗုဒ္ဓေါပါသက
၁၂၄၂–ခု၊ ဒုတိယဝါဆိုလဆန်း ၁–ရက်။

စာ–၂၃–၂၄
ဆရာတော်ကြီးနှစ်ပါး လင်္ကာစာပိုဒ် ၂–မျက်နှာ

## စာအုပ်ဝေဖန်ချက်

### ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏
### ၁၉၈၁–ခုနှစ် ဗုဒ္ဓဘာသာစာပေဆိုင်ရာပထမဆုရစာအုပ်

ဆရာတော်ဦးမာနိတသီရိဘိဝံသ၏ ဘဝနှင့်နိဗ္ဗာန်ကျမ်းစာအုပ်သည် ရန်ကုန်မြို့၊ ဝိုင်အမ်ဘီအေအသင်း(ဗုဒ္ဓဘာသာကလျာဏယုဝအသင်း)က ကျင်းပသော ၁၉၈၁–ခုနှစ်အတွင်းထုတ်ဝေခဲ့သည့် ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်ပြိုင်ပွဲတွင် ဗုဒ္ဓဘာသာစာပေဆိုင်ရာ ပထမဆုအဖြစ် ရွေးချယ်ခံခဲ့ရသော ကျမ်းစာအုပ်ဖြစ်သည်။ ထိုစဉ်က ဆရာတော်ဦးမာနိတသီရိ၏ ဘဝနှင့်နိဗ္ဗာန်(ပထမ)နှင့်အတူ ဆရာကြီးဦးကိုလေး(ဇေယျာမောင်)၏ မြတ်ဗုဒ္ဓဒေသနာ(ဒုတိယ)နှင့် ဓမ္မာစရိယဦးမောင်မောင်လေး၏ အနှစ်ချုပ် ဗုဒ္ဓဝါဒ(တတိယ)ရရှိခဲ့သည်။

### စာအုပ်ဝေဖန်ချက်များ
### သပြေကန်ပရိယတ်ကြီးနိဿယသစ်ကျမ်းပြုဆရာတော်ကြီး
### ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၏ဝေဖန်ချက်

'ဓမ္မဒါနအဖြစ် ဘဝနှင့်နိဗ္ဗာန်စာအုပ်ရခဲ့ရာ ဝမ်းသာလှပါ၏။ ဆရာတော်ဦးအဂ္ဂိယ စသည်တို့ထံမှ စောစောကပင် ထိုစာအုပ်ရေးနေကြောင်းသိရ၍ 'ဦးမာနိတသီရိက စာရေးကောင်းတာပဲ'ဟု ချီးကျူးမိကာ ဖြစ်လာမယ့်စာအုပ်ခြင်းရာကို တွက်ဆမျှော်မှန်းခဲ့ပါ၏။ မျှော်ခဲ့သည့်အတိုင်းပင် ကောင်းပါပေသည်။ ဆရာဦးဆန်းထွန်းက စာအုပ်၏ ကောင်းခြင်းအဖြာဖြာကို တင်ပြခဲ့ပြီးဖြစ်ရာ တပည့်တော်များက တင်ပြဖို့ပင် မလိုတော့ပါ။'

ကျန်းမာချမ်းသာတော်မူပါစေသော်။

အရှင်ဝါသေဋ္ဌာဘိဝံသ

၄၃–ခု၊ သီတင်းကျွတ်လဆုတ်–၄။

## တအုပ်ဝေဖန်ချက်

## ထောက်ကြန့်တောရ ချောင်းဦးဆရာတော်အရှင်ဝမ္မရက္ခိတ၏ ဝေဖန်ချက်

'ဘဝ၊ နိဗ္ဗာန်၊ ကံ၊ သိက္ခာများအကြောင်း၊ နိဗ္ဗာန်အကြောင်း အကောင်းဆုံးပေါ်လွင်အောင် ဖော်ပြထားရှိပါသည်။ သခ်တ, အသခ်တ, ပရမတ္ထတရား၊ ပရမတ်၏အရိပ်အရောင် ပညတ်တရားများ၊ ပျက်ချုပ်နှင့် ငြိမ်းချုပ်၊ နိဗ္ဗာန်သည် အဖြစ်တရားမဟုတ်, ပရမတ္ထ အရှိတရားဖြစ်ပါကြောင်း။ အနှစ်သက်ဆုံးကတော့ 'အရှိနိဗ္ဗာန်ကိုမြင်လိုလျှင် အတ္တကို ဖယ်၍ကြည့်ပါ'ဟူသော အချက်တို့ပင်ဖြစ်ပါသည်။'

ဂါရဝရှေ့ထားသောမေတ္တာဖြင့်
အရှင်ဝမ္မရက္ခိတ

*

## စာရေးဆရာငွေဥဒေါင်း၏ဝေဖန်ချက်

'တပည့်တော်သိရသလောက် နိဗ္ဗာန် သို့မဟုတ် နိဗ္ဗာန်လို နက်နဲသော အကြောင်းရပ်များကို ရဟန်းဖြစ်စေ လူဖြစ်စေ တွေးသူ၊ ထို့ထက် ရေးသူ၊ ရေးပြန်သော်လည်း ရဲရဲဝံ့ဝံ့ရေးသူ အင်မတန်ရှား၊ ရှာမှရှားပါသည်။ အရှင်ဘုရား နိဗ္ဗာန်ကိုဖတ်ရတော့ (နှစ်ခေါက်ရှိပြီ) နဂိုက စာရေးကောင်းသူ အဖြစ် သာမန်အထင်ကြီးမှုထက် ဆယ်ပြန်လောက်ပိုပြီး အထင်ကြီး လေးစားသွားပါသည်။'

ငွေဥဒေါင်း
၃၀-၁၁-၈၁။

*

## ဥဒါန်း

**တုလမတုလဉ္စ သမ္ဘဝံ၊**
**ဘဝသင်္ခါရ မဝဿဇိ မုနိ။**
**အဇ္ဈတ္တရတော သမာဟိတော၊**
**အဘိန္ဒိ ကဝစမိဝတ္တသမ္ဘဝံ။ ။**

မုနိသည်
အတုမဲ့နိဗ္ဗာန်ကိုလည်းကောင်း
ဘဝကိုလည်းကောင်း
နှိုင်းယှဉ်ချိန်ဆ၍ ဘဝသစ်တည်ဖန်သည့်
ကံတရားကို စွန့်ပြီ။
ကိုယ့်သန္တာန်၌
ဝိပဿနာဉာဏ်ဖြင့် မွေ့လျော်သည်ဖြစ်၍
တည်ကြည်သောစိတ်ရှိသည်ဖြစ်၍
ကိလေသာကွန်ယက်ကို ဖျက်ဆီးပြီ။

**ဥဒါန်းပါဠိတော်**
**ဥဒါန–၁၅၅။ မဟာဝဂ္ဂ(သုတ်)–၉၀။**
**အင်္ဂုတ္တရ၊ တတိယ–၁၃၁။**

**ဘဝ**

**တုလမတုလဉ္စ သမ္ဘဝံ၊**
**ဘဝသင်္ခါရ မဝဿဇိ မုနိ။**

မုနိသည်
အတုမဲ့ နိဗ္ဗာန်ကိုလည်းကောင်း
ဘဝကိုလည်းကောင်း
နှိုင်းယှဉ်ချိန်ဆ၍
ဘဝသစ်တည်ဖန်သည့်
ကံတရားကို စွန့်ပြီ။

## အခန်း [၁]

# ဘဝ

## ဘဝကိုသိမှ

အတုမဲ့ချမ်းသာ ရယူလိုသူတို့သည်–

၁။ လောကဿာဒခေါ်သော ဘဝ၏ နှစ်သက်တွယ်တာဖွယ် သဘော၊

၂။ လောကာဒီနဝခေါ်သော ဘဝ၏ရွံမုန်းငြီးငွေ့ဖွယ်သဘော၊

၃။ လောကနိဿရဏခေါ်သော ဘဝမှ လွတ်မြောက်ရာ နိဗ္ဗာန် သဘော၊

ဤသုံးချက်ကို ကွဲကွဲပြားပြားသိထားရပေမည်။ ဤအချက်သုံးချက်သည် မသိ၍မဖြစ်၊ ကေန်သိရမည့် အချက်များဖြစ်သည်။

မှန်၏။ လောကခေါ်သောဘဝ၌ နှစ်သက်တွယ်တာဖွယ်များရှိ၏။ ထို့ကြောင့် သတ္တဝါတို့သည် ဘဝ၌နှစ်သက်တွယ်တာကြသည်။ ထို့အတူ မရေမတွက်နိုင်သောအပြစ်များလည်းရှိ၏။ ထို့ကြောင့် ဉာဏ်ရှိသော သတ္တဝါတို့သည် ဘဝကို ရွံမုန်းငြီးငွေ့ကြရခြင်းဖြစ်သည်။ အကယ်၍သာ လောကခေါ်သောဘဝ၌ နှစ်သက်တွယ်တာဖွယ်မရှိလျှင် သတ္တဝါတို့သည် ဘဝ၌ နှစ်သက်တွယ်တာကြမည်မဟုတ်သလို လောကခေါ်သောဘဝ၌ မရေမတွက်နိုင်သောအပြစ်များ မရှိလျှင်လည်း ဘဝ၌ ရွံမုန်းငြီးငွေ့ကြမည် မဟုတ်ပေ။

ထို့ပြင် လွတ်မြောက်ငြိမ်းအေးမှု နိဗ္ဗာန်ဓာတ်လည်း ထင်ထင်ရှားရှားပင်ရှိနေ၏။ ထို့ကြောင့် သတ္တဝါတို့ ဘဝမှ လွတ်မြောက်ငြိမ်းအေးကြရသည်။

ဤအချက်သုံးချက်သည် ပိုင်နိုင်တိကျ သိရမည့်အချက်များဖြစ်သည်။ သို့မှ လောက၏သဘောမှန်၊ ဘဝ၏ဖြစ်ရပ်မှန်တို့ကို သိမြင်၍ လောကမှလွတ်မြောက်ရာ အတုမဲ့ချမ်းသာကို မျက်မှောက်ပြုကြရပေလိမ့်မည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ထိုသုံးမျိုးကို ပိုင်းခြားတိကျသိရမှ 'သမ္မာသမ္ဗုဒ္ဓ'ဟု ဝန်ခံကြေညာတော်မူခဲ့ပေသည်။[၁]

ထို့ကြောင့် လောကခေါ်သော ဘဝ၏နှစ်သက်တွယ်တာဖွယ်သဘောကိုလည်း နှစ်သက်တွယ်တာဖွယ်သဘောအဖြစ်၊ ဘဝ၏ အပြစ်ကိုလည်း အပြစ်သဘောအတိုင်း၊ ဘဝမှ လွတ်မြောက်ငြိမ်းအေးရာ နိဗ္ဗာန်ကိုလည်း 'အတုမရှိသော ငြိမ်းအေးမှုပေတကား'ဟု ယထာဘူတကျကျ သိမြင်ရန် လေ့လာကြရပေလိမ့်မည်။

## ဘဝ

ဘဝဟူသည် အတိတ်က ဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်သည့် ဥပပတ္တိဘဝနှင့် အနာဂတ်ကာလ၌ အကျိုးတရားစုတို့ကို ဖြစ်ပေါ်စေမည့် ဆောင်ရွက်ချက် ကမ္မဘဝတို့ဖြစ်သည်။

အဘိဓမ္မာတရားသရုပ်ဖြင့် ဆိုရသော် လောကီအကျိုး စိတ် ၃၂–ပါး၊ ယှဉ်ဖက်စေတသိက် ၃၅–ပါး၊ ကံကြောင့်ဖြစ်သောရုပ်–၂၀။ ဤအကျိုးတရားစုတို့ ဌာနအလိုက်၊ သညာအလိုက်၊ ခန္ဓာနည်းများအလိုက် ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်ခြင်းသည် ဥပပတ္တိဘဝ။ အနာဂတ်အကျိုးကို ဖြစ်ပေါ်စေမည့် ပစ္စုပ္ပန်ဆောင်ရွက်ချက်များဖြစ်သော အကုသိုလ်စေတနာ ၁၂–ပါး၊ လောကီကုသိုလ်စေတနာ ၁၇–ပါးတို့ဖြစ်ခြင်းသည် ကမ္မဘဝ။ ထိုနှစ်ပါးတို့တွင် 'အတုမဲ့နိဗ္ဗာန်ကိုလည်းကောင်း၊ ဘဝကိုလည်းကောင်း နှိုင်းယှဉ်ချိန်ဆ၍'ဟူသော ဘုရားရှင်၏ ဥဒါန်းတော်၌

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ–၂၆၁။

ပါဝင်သည့် 'ဘဝ'ဆိုသည်မှာ အတိတ်ကဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်သည့် 'ဥပပတ္တိဘဝ'ကို ဆိုလိုပေသည်။

ယင်းဥပပတ္တိဘဝသည် သခ်ါရလောကမည်၏။ ထိုသခ်ါရလောကမည်သော ဥပပတ္တိဘဝကို ဌာနအလိုက် ခွဲထုတ်ဝေဖန်လျှင် ကာမနယ်၌ဖြစ်ပေါ်ခြင်း=ကာမဘဝ။ ရူပနယ်၌ဖြစ်ပေါ်ခြင်း=ရူပဘဝ။ အရူပနယ်၌ဖြစ်ပေါ်ခြင်း=အရူပဘဝ။ ဤသို့ သုံးမျိုး ခွဲခြားသည်။

တစ်နည်း သညာ(=နာမ်ခန္ဓာ)မရှိ၊ ရုပ်ခန္ဓာချည်းဖြစ်ပေါ်သော အသညာဘဝ။ သညာ(=နာမ်ခန္ဓာ)ရှိသည်ဟုလည်း မပြောလောက်၊ သညာ(=နာမ်ခန္ဓာ)မရှိဟုလည်း မဆိုသာအောင် အလွန်သိမ်မွေ့စွာ ဖြစ်ပေါ်သည့် နာမ်ခန္ဓာလေးပါးသာရှိသည့် နေဝသညာနာသညာဘဝ။ ထင်ရှားသော အကျုံးခန္ဓာငါးပါးရှိသည့် သညာဘဝ။ ဤသို့ သညာ(=နာမ်ခန္ဓာ)ရှိ–မရှိ လိုက်၍သုံးပါး။

တစ်နည်း ရုပ်ခန္ဓာတစ်ပါးသာဖြစ်ပေါ်သော ဧကဝေါကာရဘဝ။ နာမ်ခန္ဓာလေးပါးသာဖြစ်ပေါ်သော စတုဝေါကာရဘဝ။ ရုပ်–နာမ်ခန္ဓာငါးပါးဖြစ်ပေါ်သော ပဉ္စဝေါကာရဘဝ။ ဤသို့လည်း ခန္ဓာအနည်းအများကို လိုက်၍ သုံးမျိုးပြားပြန်သည်။

ဤသို့ ဥပပတ္တိဘဝ(ကပ်ရောက်ဖြစ်ပေါ်ခြင်း)ကိုးမျိုးကို အဘိဓမ္မာခုနစ်ကျမ်းတွင် ဒုတိယမြောက်ကျမ်းဖြစ်သော ဝိဘင်းပါဠိတော်(စာမျက်နှာ–၁၄၃)၌ မိန့်ဆိုထားပေသည်။

ထိုတွင် အသညာဘဝ, ဧကဝေါကာရဘဝတို့သည် ရူပဘဝ၌လည်းကောင်း၊ သညာဘဝ, ပဉ္စဝေါကာရဘဝတို့သည် ကာမဘဝ,ရူပဘဝနှစ်ပါး၌လည်းကောင်း၊ နေဝသညာနာသညာဘဝ, စတုဝေါကာရဘဝတို့သည် အရူပဘဝ၌လည်းကောင်း အကျုံးဝင်လျက်ရှိပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အားလုံးခြုံငုံမိသော 'ကာမ၊ ရူပ၊အရူပ'

ဟူသော တဏှာ၏ နယ်သုံးရပ်ဖြင့် သတ်မှတ်ပိုင်းခြားထားသည့် ဘဝ သုံးမျိုးကို အခြေခံ၍ ဘဝ၏သဘော(အကောင်းအဆိုး)ကို ဝေဖန်သုံးသပ် ကြကုန်အံ့။

## ဘဝချမ်းသာ

ကာမတဏှာ၏နယ်၌ ဖြစ်ပေါ်သည့် ကာမဘဝ၊ ရူပတဏှာ၏နယ်၌ ဖြစ်ပေါ်သည့် ရူပဘဝ၊ အရူပတဏှာ၏နယ်၌ဖြစ်ပေါ်သည့် အရူပဘဝတို့၌ ရရှိခံစားအပ်သည့်ချမ်းသာတို့မှာ–

၁။ ကာမချမ်းသာ၊

၂။ ဈာန်ချမ်းသာတို့ ဖြစ်သည်။

ထိုနှစ်ပါးတို့တွင် ကာမချမ်းသာဆိုသည်မှာ ကာမဂုဏ်ငါးပါးတို့ကို စွဲ၍ဖြစ်သော 'ချမ်းသာခြင်း၊ ဝမ်းသာခြင်း'ဖြစ်သည်။

ထိုသဘောကို ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ အရှင်ဥဒါယီ အား အရှင်သာရိပုတ္တက ဖော်ပြမည့်အတိုင်း ရှင်းပြခဲ့လေသည်။

> 'ငါ့ရှင်၊ အလိုရှိအပ်ကုန်သော၊ နှစ်သက်ကုန်သော၊ စိတ်ကို ဆွဲဆောင်နိုင်ကုန်သော၊ ချစ်အပ်သည့်သဘောရှိကုန်သော၊ ကာမနှင့် ဆက်စပ်ကုန်သော၊ စွဲမက်ဖွယ်ကောင်းကုန်သော မျက်စိဖြင့်မြင် ရသည့် အဆင်းများ၊ နားဖြင့်ကြားရသည့်အသံများ၊ နှာခေါင်းဖြင့် နမ်းရှူရသည့်ရနံ့များ၊ လျှာဖြင့်လျက်ရသည့်အရသာများ၊ ကိုယ်နှင့် ထိတွေ့ရသည့် အတွေ့အထိများသည် ကာမဂုဏ် မည်ကုန်၏။ ဤကာမဂုဏ် ငါးပါးတို့ကို စွဲ၍ဖြစ်သော ချမ်းသာခြင်း(သုခ)၊ ဝမ်းသာခြင်း(သောမနဿ)ကို 'ကာမချမ်းသာ'ဟုဆိုအပ်ပေသည်။[၁]

ဆိုခဲ့ပြီးသော အရှင်သာရိပုတ္တထေရ်၏စကား၌ ကာမဂုဏ်ငါးပါး ကို စွဲ၍ဖြစ်သည့် ချမ်းသာခြင်း, ဝမ်းသာခြင်းကို 'ကာမချမ်းသာ'ဟုလည်း

---

၁။ အင်္ဂုတ္တိုရ်၊ တတိယ။ စာမျက်နှာ–၂၁၃။

ကောင်း၊ အလိုရှိအပ်ခြင်းစသော ဂုဏ်တို့နှင့်ပြည့်စုံသည့် အာရုံငါးပါးကို ကာမချမ်းသာ၏အကြောင်း ကာမဂုဏ်များဟုလည်းကောင်း၊ ကြောင်းကျိုး နှစ်ရပ် ဆက်စပ်မိန့်ဆိုထားပေသည်။

ယင်းစကား၌ အာရုံငါးပါးကို ကာမချမ်းသာဖြစ်ပေါ်ခံစားနိုင်ရန် အတွက် အကြောင်းကာမဂုဏ်များအဖြစ် သာမန်မိန့်ဆိုထားသော်လည်း ထိုအာရုံငါးပါး၏တည်ရာ ဝတ္ထုတို့ကိုလည်း ကာမချမ်းသာ၏အကြောင်း ဖြစ်သည့် ကာမဂုဏ်များအဖြစ် ထည့်သွင်းယူရမည်ဖြစ်သည်။

မှန်၏။ အာရုံငါးပါးတို့သည် တည်ရာဝတ္ထုနှင့်မကင်းရကား အာရုံ ငါးပါးတို့၏တည်ရာဖြစ်သည့် အလိုရှိအပ် နှစ်သက်အပ်သော အဆင်း, အသံ,အနံ့,အရသာ,အထိအတွေ့တို့ကို ပေးစွမ်းနိုင်သည့် သက်ရှိသက်မဲ့ ဝတ္ထုတို့သည်လည်း ကာမချမ်းသာ၏အကြောင်းတရား ကာမဂုဏ်များ အဖြစ် ပါဝင်ပေသည်။

ချဲ့ဦးအံ့။ ယောကျ်ားတို့ ကာမချမ်းသာခံစားနိုင်ရန်အတွက် ချစ်စရာ စွဲမက်စရာအဆင်း၊ ချစ်စရာစွဲမက်စရာအသံ၊ ချစ်စရာစွဲမက်စရာရနံ့၊ ချစ်စရာ စွဲမက်စရာအရသာ၊ ချစ်စရာစွဲမက်စရာအထိအတွေ့တို့ကို လိုအပ်လေသည်။ ထိုအဆင်း,အသံ,ရနံ့,အရသာ,အထိအတွေ့တို့သည် ယောကျ်ားသားတို့၏ ကာမချမ်းသာဟူသော ကာမသုခ၊ကာမသောမနဿ ကို ဖြစ်ပေါ်စေနိုင်သည့် ယောကျ်ားသားတို့အား ကာမချမ်းသာကို ပေးစွမ်း နိုင်သော အကြောင်းများသာဖြစ်သည်။

ထိုကာမဂုဏ်ငါးပါးတို့သည် မိန်းမစသူတို့၌တည်သည်။ ထို့ကြောင့် မိန်းမစသူတို့လည်း ယောကျ်ားသားများအတွက် အသုံးတော်ခံဖြစ်ကြ ရပေသည်။

ထို့အတူ မိန်းမစသူတို့၏အဆင်း,အသံ,အနံ့,အရသာ,အထိအတွေ့ မျိုးကို ပေးစွမ်းနိုင်သည့် မိန်းမစသူတို့နှင့် ဆက်သွယ်နေသည့် သက်မဲ့

ဝတ္ထုပြစ္စည်းများလည်း ယောက်ျားသားများအတွက် ကာမချမ်းသာ၏ အကြောင်းတရားများတွင် ပါဝင်လေသည်။ ဥပမာ–ချစ်သူမိန်းကလေး၏ ဓာတ်ပုံ၊ သူပန်နေကျပန်း၊ ဝတ်နေကျအဝတ်၊ သူ့အသံနှင့်တူသောအသံ၊ သူအသုံးပြုနေကျရနံ့၊ သူချက်ပြုတ်နေကျအရသာ၊ သူ့အတွေ့အထိမျိုး ဖြစ်သည်။

မိန်းမများ ကာမချမ်းသာခံစားနိုင်ရန်အတွက် ချစ်စရာ စွဲမက်စရာ အဆင်း,အသံ,ရနံ့,အရသာ,အတွေ့အထိတို့ကို လိုအပ်လေသည်။ ထိုအာရုံငါးပါးတို့သည် မိန်းမသားတို့၏ ကာမချမ်းသာဟူသော ကာမသုခ၊ ကာမသောမနဿကို ဖြစ်ပေါ်စေနိုင်သည်။ မိန်းမသားတို့အား ကာမချမ်းသာကို ပေးစွမ်းနိုင်သည့် အကြောင်းများဖြစ်သည်။

ထိုကာမဂုဏ်ငါးပါးတို့သည် ယောက်ျားစသူတို့၌ တည်လေသည်။ ထို့ကြောင့် ယောက်ျားစသူတို့လည်း မိန်းမသားများအတွက် ကာမချမ်းသာ၏ အကြောင်းတရားများ၊ ကာမချမ်းသာအတွက် အသုံးတော်ခံများ ဖြစ်လေသည်။

ထို့အတူ ယောက်ျားစသူတို့၏ အဆင်း,အသံ,ရနံ့,အရသာ,အထိအတွေ့မျိုးကို ပေးစွမ်းနိုင်သည့် ယောက်ျားစသူတို့နှင့် ဆက်နွှယ်နေသည့် သက်မဲ့ဝတ္ထုပြစ္စည်းများလည်း မိန်းမသားတို့အတွက် ကာမချမ်းသာ၏ အကြောင်းတရားများတွင် ပါဝင်လေသည်။

ဥပမာ–ချစ်သူမောင်၏ပုံ၊ ဝတ်နေကျအဝတ်၊ သူ့အသံနှင့်တူသော အသံ၊သူ့ကိုယ်ရနံ့၊သူကျွေးနေကျအရသာ၊ သူ့အထိအတွေ့မျိုးတို့ဖြစ်သည်။

ထို့ပြင် ဆိုပြီးသော အရှင်သာရိပုတ္တ၏စကားရပ်၌ 'အလိုရှိအပ်ကုန်သော၊ နှစ်သက်အပ်ကုန်သော၊ စိတ်ကိုဆွဲဆောင်နိုင်ကုန်သော၊ ချစ်အပ်သည့်သဘောရှိကုန်သော၊ ကာမနှင့်ဆက်စပ်ကုန်သော၊ စွဲမက်ဖွယ်ကောင်းကုန်သော'ဟု ဂုဏ်ပုဒ်ခြောက်ခုပါရှိသည်။ ထိုဂုဏ်ပုဒ်များပါဝင်သည့်

သဘောမှာ အဆင်းတိုင်း,အသံတိုင်း.အနံ့တိုင်း,အရသာတိုင်း, အထိအတွေ့ အတိုင်း ကာမဂုဏ်မဖြစ်။ ထိုဂုဏ်တို့နှင့်ပြည့်စုံသည့် အဆင်း, အသံ,အနံ့, အရသာ,အထိအတွေ့တို့သာ ကာမဂုဏ်ဖြစ်ကြောင်း ပြလိုရင်းဖြစ်သည်။

ထို့ပြင် ထိုဂုဏ်တို့နှင့်ပြည့်စုံမှု အနည်းအများကိုလိုက်၍ ကာမဂုဏ် သတ္တိ အနည်းအများရှိကြောင်းကိုလည်း ပြလိုပေသည်။

ချဲ့ဦးအံ့။ ရုပ်အဆင်းတစ်ခုသည် အလိုရှိအပ်သော ဣဋ္ဌဂုဏ်နှင့်သာ ပြည့်စုံ၍ ကြွင်းဂုဏ်ငါးမျိုးတို့နှင့်မပြည့်စုံ။ ထိုရုပ်အဆင်းသည် ကာမ လောက၌ အလိုရှိခံရသည်ဆိုရုံ၊ ကာမဂုဏ်လောကမှ အပယ်မခံရရုံသာ ရှိမည်။ နှစ်သက်မှု၊ မြတ်နိုးမှု၊ ကာမနှင့်ဆက်စပ်မှု၊ စွဲမက်မှုခံရမည်မဟုတ်။

ရုပ်အဆင်းတစ်ခုသည် အလိုရှိသော ဣဋ္ဌဂုဏ်၊ နှစ်သက်အပ်သော ကန္တဂုဏ်တို့နှင့်ပြည့်စုံ၍ ကြွင်းဂုဏ်လေးမျိုးတို့နှင့် မပြည့်စုံ။ ထိုရုပ်အဆင်း သည် ကာမလောက၌ အလိုရှိမှု၊ နှစ်သက်မှုကိုသာခံရမည်။ မြတ်နိုးမှု၊ ချစ်မှု၊ ကာမနှင့်ဆက်စပ်မှု၊ စွဲမက်မှုခံရမည်မဟုတ်။

ရုပ်အဆင်းတစ်ခုသည် အလိုရှိသော ဣဋ္ဌဂုဏ်၊ နှစ်သက်အပ်သော ကန္တဂုဏ်၊ စိတ်ကိုဆွဲဆောင်နိုင်သော မနာပဂုဏ်တို့နှင့်ပြည့်စုံ၍ ကြွင်းဂုဏ် သုံးမျိုးတို့နှင့်မပြည့်စုံ။ ထိုရုပ်အဆင်းသည် ကာမလောက၌ အလိုရှိမှု၊ နှစ်သက်မှု၊ မြတ်နိုးမှုကိုသာခံရမည်။ ချစ်မှု၊ ကာမနှင့်ဆက်စပ်မှု၊ စွဲမက်မှု ခံရမည်မဟုတ်။

ရုပ်အဆင်းတစ်ခုသည် အလိုရှိသော ဣဋ္ဌဂုဏ်၊ နှစ်သက်အပ်သော ကန္တဂုဏ်၊ စိတ်ကိုဆွဲဆောင်နိုင်သော မနာပဂုဏ်၊ ချစ်အပ်သည့်သဘော ရှိသော ပိယဂုဏ်တို့နှင့်ပြည့်စုံ၍ ကြွင်းဂုဏ်နှစ်မျိုးတို့နှင့်မပြည့်စုံ။ ထိုရုပ် အဆင်းသည် ကာမလောက၌အလိုရှိမှု၊နှစ်သက်မှု၊မြတ်နိုးမှု၊ချစ်မှုကိုသာ ခံရမည်၊ ကာမနှင့်ဆက်စပ်မှု၊ စွဲမက်မှုခံရမည်မဟုတ်။

ရုပ်အဆင်းတစ်ခုသည် အလိုရှိသော ဣဋ္ဌဂုဏ်၊ နှစ်သက်အပ်သော

ကန္တဂုဏ်၊ စိတ်ကိုဆွဲဆောင်နိုင်သော မနာပဂုဏ်၊ ချစ်အပ်သည့်သဘော ရှိသည့် ပိယရူပဂုဏ်၊ ကာမနှင့်ဆက်စပ်သည့် ကာမူပသံဟိတဂုဏ်တို့နှင့် ပြည့်စုံ၍ စွဲမက်မှု ရဇနိယဂုဏ်နှင့်မပြည့်စုံ။ ထိုရုပ်အဆင်းသည် ကာမလောက၌ အလိုရှိမှု၊ နှစ်သက်မှု၊ မြတ်နိုးမှု၊ ချစ်မှု၊ ကာမနှင့်ဆက်စပ်မှုကို ခံရပြီး စွဲမက်မှုကိုခံရမည်မဟုတ်။

ရုပ်အဆင်းတစ်ခုသည် ဆိုပြီးသော ဂုဏ်ခြောက်မျိုးလုံးနှင့် ပြည့်စုံ၏။ ထိုရုပ်အဆင်းသည် ကာမလောက၌ အလိုရှိမှု၊ နှစ်သက်မှု၊ မြတ်နိုးမှု၊ ချစ်မှု၊ ကာမနှင့်ဆက်စပ်မှုအပြင် စွဲမက်မှုကိုပါ ခံရမည်ဖြစ်သည်။ တစ်ဖက်လူကို ရူးစေသည့် ဥမ္မာဒန္တီ၏ရုပ်မျိုးတည်း။

ထို့အတူ အသံ,အနံ့,အရသာ,အထိအတွေ့တို့လည်း ထိုဂုဏ်ခြောက်မျိုးနှင့် ပြည့်စုံမှုအနည်းအများကိုလိုက်၍ ကာမဂုဏ်အဆင့်အတန်း နိမ့်ကျမှု မြင့်မားမှုတို့ကို သိအပ်ပေသည်။

ဆိုခဲ့ပြီးသော ဂုဏ်ခြောက်မျိုးကိုသတ်မှတ်ရာ၌ ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦး တူညီကြသည်မဟုတ်ပေ။ အာရုံတစ်ခုသည် ပုဂ္ဂိုလ်တစ်ဦးအတွက် အလိုရှိအပ်သည့် ဣဋ္ဌဂုဏ်နှင့်ပြည့်စုံသော်လည်း အခြားတစ်ဦးအတွက် ပြည့်စုံချင်မှပြည့်စုံပေလိမ့်မည်။ အကြောင်းမှာ သတ္တဝါတို့တစ်ဦးနှင့် တစ်ဦး အလိုအကြိုက်မတူညီကြသောကြောင့်ဖြစ်သည်။

မဟာပဒုမဇာတ်တော်၌ ငပေါင်တို့၏ အာရုံငါးပါးသည် အခြားသူတို့အတွက် အလိုမရှိအပ်သည့် အနိဋ္ဌအာရုံ၊ မနှစ်သက်အပ်သည့် အကန္တအာရုံ၊ စိတ်ကို မဆွဲဆောင်နိုင်သည့် အမနာပအာရုံ၊ ချစ်အပ်သောသဘော မရှိသည့် အပ္ပိယရူပအာရုံ၊ ကာမနှင့်ဆက်စပ်မှုမရှိသည့် အကာမူ ပသံဟိတအာရုံ၊ စွဲမက်ဖွယ်မဟုတ်သည့် အရဇနိယအာရုံဖြစ်သော်လည်း မိဖုရားအတွက် အလိုရှိအပ်သည့်၊ နှစ်သက်အပ်သည့်၊ စိတ်ကိုဆွဲဆောင် နိုင်သည့်၊ ချစ်အပ်သောသဘောရှိသည့်၊ ကာမနှင့်ဆက်စပ်မှုရှိသည့် စွဲမက်ဖွယ်

အာရုံဖြစ်နေပေသည်။ ထို့ကြောင့် အလောင်းတော် မဟာပဒုမမင်းသားကို သေကြောင်းကြံပြီး ငပေါင်တိုနှင့် ပေါင်းသင်းခြင်းဖြစ်သည်။ ဤသည်မှာ မိဖုရားနှင့်အခြားသူတို့ အလိုအကြိုက်မတူခြင်းပင် ဖြစ်သည်။

ဆိုခဲ့ပြီးသော ရုပ်အာရုံငါးပါးနှင့် ထိုအာရုံငါးပါးတို့၏တည်ရာ ဖြစ်သည့် သက်ရှိသက်မဲ့ဝတ္ထုတို့ကို ကာမလိုက်စားသည့် ကာမဘုံသား တို့က လွန်စွာလိုလားမက်မောကြကုန်၏။ ထို့ကြောင့် ထိုအာရုံငါးပါးနှင့် အာရုံငါးပါးတို့တည်ရာ သက်ရှိသက်မဲ့ဝတ္ထုပစ္စည်းတို့သည် 'ကာမ'အမည် ရကုန်၏။

ထို့ပြင် အာရုံငါးပါးနှင့် အာရုံငါးပါးတို့၏တည်ရာ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းတို့သည် ကာမလိုက်စားသည့် ကာမဘုံသားတို့ကို နှောင်ဖွဲ့ တတ်သောကြောင့် 'ဂုဏ်'ဟုလည်းအမည်ရကုန်၏။ ထို့ကြောင့် ထိုအာရုံ ငါးပါးနှင့် တည်ရာဝတ္ထုပစ္စည်းတို့သည် ကာမမည်သောဂုဏ်=ကာမဂုဏ် မည်ကုန်၏။[၁]

ကာမဘုံသားတို့သည် ထိုကာမဂုဏ်ဝတ္ထုပစ္စည်းတို့ကို အသုံးပြု၍ ကာမချမ်းသာကို ခံစားကြရကုန်၏။ ထို့ကြောင့် ထိုကာမဂုဏ်ဝတ္ထု ပစ္စည်း တို့ကို ဘောဂ=စည်းစိမ်ဟု ကျမ်းဂန်တို့[၂] ၌ ဖွင့်ဆိုကြသည်။ 'သုံးဆောင် အပ်သောအာရုံများ၊ သုံးဆောင်စရာများ'ဟု အဓိပ္ပာယ်ရသည်။

ထိုဘောဂ=စည်းစိမ်ဟူသော ကာမဂုဏ်ဝတ္ထုပစ္စည်းတို့သည်–

၁။ ဥပဘောဂ=အတွင်းအသုံးအဆောင်များ၊

၂။ ပရိဘောဂ=အပအသုံးအဆောင်များဟု နှစ်မျိုးပြားသည်။

ထိုနှစ်မျိုးတို့တွင် အနီးထား၍ သုံးဆောင်ရသည့် သက်ရှိဝတ္ထု တို့ကို ဥပဘောဂ=အတွင်းအသုံးအဆောင်။ အချိန်မရွေး၊ နေရာမရွေး

၁။ ကာမယိတဗ္ဗဋ္ဌေန ကာမာ၊ ဗန္ဓနဋ္ဌေန ဂုဏာ။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ။ စာမျက်နှာ–၃၃၄။ မူလပဏ္ဏာသအဋ္ဌကထာ။ စာမျက်နှာ–၃၆၀။

၂။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ၃။ စာမျက်နှာ–၃၁၂။ ယင်းဋီကာ၊ တတိယ။ စာမျက်နှာ–၂၂၂။

သုံးဆောင်ရသည့် အဝတ်အထည် ရွှေငွေစသည့် သက်မဲ့ဝတ္ထုတို့ကို ပရိဘောဂ=အပအသုံးအဆောင်ဟု မူလပဏ္ဏာသဋီကာ(၁၊၁၄၀)၌ ခွဲခြား မိန့်ဆိုထားပေသည်။ ထိုဋီကာဆရာအလို ယောကျ်ားတို့အတွက် ဇနီးသည် နှင့် သား,သမီးအခြွေအရံအားလုံး။ မိန်းမတို့အတွက် လင်သားနှင့် သား သမီး အခြွေအရံအားလုံး။ ဤသက်ရှိဝတ္ထုတို့မှာ ဥပဘောဂ=အတွင်းအသုံး အဆောင်များဖြစ်၍ အဖိုးတန်ရွှေငွေရတနာနှင့် အဝတ်အထည် တိုက်တာ အိမ်ရာစသည်တို့မှာ ပရိဘောဂ=အပအသုံးအဆောင်များ ဖြစ်ကြရ ပေသည်။

အမှန်မှာ အချိန်မရွေး နေရာမရွေး အသုံးပြု၍မဖြစ်၊ အနီးအနား ထားပြီး အတွင်းခန်းတို့၌သာအသုံးပြုရသည့် ယောကျ်ားတို့အတွက် ဇနီး များ၊ ထိုဇနီးများနှင့်စပ်သွယ်သည့် အဆင်တန်ဆာ ရွှေငွေ ရတနာစသည့် ဝတ္ထုပစ္စည်းများ။ မိန်းမတို့အတွက် လင်သားများ၊ ထိုလင်သားများနှင့် စပ်သွယ်သည့် အဆင်တန်ဆာ ရွှေငွေ ရတနာစသည့် ဝတ္ထုပစ္စည်းများကို ဥပဘောဂ=အတွင်းအသုံးအဆောင်(အနီးသုံး)။ အချိန်မရွေး နေရာမရွေး အသုံးပြုနိုင်သည့် သားသမီးစသောခြွေရံသင်းပင်းများ၊ တိုက်တာဥယျာဉ် များ၊ လယ်ယာကျွဲနွားများ၊ ကား စသည့်ဇိမ်ခံပစ္စည်းများကို 'ပရိဘောဂ= အပအသုံးအဆောင်'ဟု ဆိုသင့်ပေသည်။

မှန်၏။ ဘုရားရှင်သည် ဒီဃနိကာယ်၊ ပါထိကဝဂ်၊အဂ္ဂညသုတ် (စာမျက်နှာ-၇၄)၌ 'ဝါသေဋ္ဌ၊ထိုအခါ၌ အကြင်သတ္တဝါတို့သည် မေထုန် အကျင့်ကို မှီဝဲကုန်၏။ ထိုသူတို့သည် တစ်လပတ်လုံးသော်လည်းကောင်း၊ နှစ်လတို့ပတ်လုံးသော်လည်းကောင်း၊ ရွာသို့သော်လည်းကောင်း၊ နိဂုံးသို့ သော်လည်းကောင်း ဝင်ခွင့်မရကြကုန်။ ဝါသေဋ္ဌ၊အကြင်အခါ၌ ထို သတ္တဝါတို့သည် ထိုမေထုန်အမှု၌ ကာလကြာမြင့်စွာ သက်ရောက်မိကုန်၏။ ထိုအခါ ထိုမေထုန်အမှုကိုသာ ဖုံးကွယ်ရန်အလို့ငှာ အိမ်တို့ကို တည် ဆောက်ကြရကုန်၏'ဟု ရှန့်ရင်းသော ကာမအမှုပြုရန်အတွက် နေအိမ် ကို အသုံးပြုကြရပုံတို့ကို မိန့်ဆိုထားပေသည်။

ဤမိန့်ဆိုချက်ကိုထောက်၍ အချိန်မရွေး နေရာမရွေး အသုံးပြုမဖြစ်၊ အနီး၌ထားပြီး အတွင်းခန်းတို့၌သာ အသုံးပြုကြရသည့် ယောကျ်ားတို့အတွက် ဇနီးများ၊ ထိုဇနီးများနှင့်စပ်သွယ်သည့် အဆင်တန်ဆာ ရွှေငွေ ရတနာစသည့် သက်ရှိသက်မဲ့ဝတ္ထုပစ္စည်း။ မိန်းမတို့အတွက် လင်သားများ၊ ထိုလင်သားများနှင့်စပ်သွယ်သည့် အဆင်တန်ဆာ ရွှေ ငွေ ရတနာစသည့် သက်ရှိသက်မဲ့ဝတ္ထုပစ္စည်းတို့ကို 'ဥပဘောဂ=အတွင်းအသုံးအဆောင်များ' ဟုလည်းကောင်း၊ အချိန်မရွေး နေရာမရွေး အသုံးပြုနိုင်သည့် သားသမီး ခြွေရံတိုက်တာ ဥယျာဉ် လယ်ယာကျွဲနွားစသော သက်ရှိသက်မဲ့ဝတ္ထုပစ္စည်းတို့ကို 'ပရိဘောဂ=အပအသုံးအဆောင်များ'ဟု ခွဲခြားသင့်ပေသည်။

စည်းစိမ်ခေါ်သော ချစ်စရာစွဲမက်စရာ အဆင်း,အသံ,အနံ့,အရသာ, အထိအတွေ့တို့နှင့် ထိုအာရုံငါးပါးတို့၏တည်ရာ အတွင်းအသုံးအဆောင်၊ အပအသုံးအဆောင်အားလုံးတို့ကို ကာမသမားတို့က လွန်စွာလိုလားသောကြောင့် ကာမဟုခေါ်ကြောင်း၊ ထိုအတွင်းအပအသုံးအဆောင်တို့က ကာမသမားတို့ကို ပြန်လည်နှောင်ဖွဲ့တတ်သောကြောင့် 'ဂုဏ်ဟုလည်း ခေါ်ဆိုရကြောင်း၊ ထို့ကြောင့် ကာမမည်သော ဂုဏ်=ကာမဂုဏ်မည်ကြောင်းကို ဆိုခဲ့ပြီ။

ထိုသို့ ကာမဂုဏ်တရားတို့က နှောင်ဖွဲ့ထားသောကြောင့် အနှောင်အဖွဲ့ခံနေကြရသူများပီပီ ကာမဘုံသားတို့သည် ကာမဂုဏ်တရားတို့ကို လွန်စွာ မက်မောကုန်၏။ မရမနေရှာဖွေကြကုန်၏။ ကာမဂုဏ်တရားတို့နှင့် ပြည့်စုံကြွယ်ဝသူတို့က ဂုဏ်ရှိသူများအဖြစ် မောက်မာတတ်ကြကုန်၏။ ကာမနယ်ကြီးတစ်ခုလုံးကလည်း သူတို့ကို 'ဂုဏ်ကြီးရှင်'အဖြစ် အသိအမှတ်ပြုကြကုန်၏။ ထို့ကြောင့် ချစ်စရာ စွဲမက်စရာ အာရုံငါးပါးနှင့် အတွင်း အပ အသုံးအဆောင် စည်းစိမ်တို့ကို ကာမနယ်၏ဂုဏ်= ကာမဂုဏ်ဟု **အနက်တစ်မျိုး** ဖွင့်ဆိုနိုင်ပြန်လေသည်။

ထိုကာမဂုဏ်တို့တွင် မိန်းမတို့၏အဆင်း၊ မိန်းမတို့နှင့်စပ်သွယ်သည့်အဆင်း၊ မိန်းမတို့၏အသံ၊ မိန်းမတို့နှင့်စပ်သွယ်သည့်အသံ၊ မိန်းမတို့၏အနံ့၊မိန်းမတို့နှင့်စပ်သွယ်သည့်အနံ့၊ မိန်းမတို့၏အရသာ၊မိန်းမတို့နှင့်စပ်သွယ်သည့်အရသာ၊ မိန်းမတို့၏အထိအတွေ့၊ မိန်းမတို့နှင့်စပ်သွယ်သည့် အထိအတွေ့သည် ယောကျ်ားတို့၏စိတ်ကို အဆွဲဆောင်နိုင်ဆုံးဖြစ်ကြောင်း။ ထို့အတူ ယောကျ်ားတို့၏အဆင်း,အသံ,အနံ့,အရသာ,အထိအတွေ့တို့နှင့်ယောကျ်ားတို့နှင့်စပ်သွယ်သည့်အဆင်း,အသံ,အနံ့,အရသာ,အထိအတွေ့တို့သည် မိန်းမသားတို့၏စိတ်ကို အဆွဲဆောင်နိုင်ဆုံးဖြစ်ကြောင်း ဘုရားရှင်မိန့်ကြားတော်မူသည်။[၁]

ထိုကာမဂုဏ်တရားတို့သည် ကာမနယ်သားတို့ကို မည်မျှအထိနှောင်ဖွဲ့ထားသနည်း?၊ ကာမဂုဏ်တရားတို့ကို ကာမနယ်သားတို့က မည်မျှအထိ လိုလားကြသနည်း?၊ ကာမဂုဏ်တရားတို့သည် သူတို့အတွက် မည်မျှအထိ ဂုဏ်ဖြစ်နေကြသနည်း?ဆိုသော်–

'အချင်းတို့၊ အကြင်ကြောင့် ဤကိုယ်သည် ငါးပါးကုန်သော ကာမဂုဏ်တို့သည် ကောင်းစွာရောက်အပ် ကောင်းစွာပြည့်စုံခြင်းရှိသည်ဖြစ်၍ စိတ်တိုင်းကျ လှည့်လည်ခံစား၏။

အချင်းတို့၊ ဤမျှအတိုင်းအတာရှည်ရှိသော ကာမဂုဏ်ငါးပါးတို့ကို စိတ်တိုင်းကျ ခံစားနိုင်ခြင်းအားဖြင့် ဤကိုယ်သည် အလွန်မြတ်သော လက်ငင်း(ဒိဋ္ဌဓမ္မ)နိဗ္ဗာန်သို့ရောက်၏'[၂]

ဤသို့ 'အတွင်းအပ အသုံးအဆောင်စည်းစိမ်'ဟူသော အာရုံငါးပါးတို့နှင့် အလိုရှိတိုင်း ပြည့်စုံနေသူအချို့က မိမိတို့ကိုယ်ကို မိမိတို့ လက်ငင်းနိဗ္ဗာန်ရောက်နေသူအဖြစ်ပင် ထင်မှတ်ပြောဆိုမိကြကုန်၏။

ယင်းကာမဂုဏ်တို့ကိုသုံးဆောင်ရာ၌ မည်မျှပြည့်စုံ၍ မည်မျှခံစား

---

၁။ အင်္ဂုတ္တိုရ်၊ ပဌမ။ စာမျက်နှာ–၂။ ၂။ သီလက္ခန္ဓဝဂ္ဂ။ စာမျက်နှာ–၃၃။

ရသော်လည်း အားမရတင်းမတိမ်နိုင်ကြောင်းကို နတ်သားတစ်ယောက်က 'များသောဥစ္စာရှိကုန်သော၊ များသောအသုံးအဆောင်ရှိကုန်သော ပြည်ကြီးရှင် ဘုရင်မင်းတို့ပင်သော်လည်း ကာမဂုဏ်၌ မရောင့်ရဲနိုင်ကုန်သည်ဖြစ်၍ အချင်းချင်း အလွန်တောင့်တမက်မောကြကုန်၏' ဟု ဘုရားရှင်ထံ လာရောက် လျှောက်ထားဖူးလေသည်။[၁]

ထိုသို့ ကာမဂုဏ်တရားတို့ကို အလွန်တောင့်တမက်မောကြကုန်သော်လည်း ငါးပါးလုံးကို တန်းတူညီမျှ တောင့်တမက်မောကြသည်ကား မဟုတ်ပေ။ အချို့က ရူပါရုံကို ပိုမိုနှစ်သက် တောင့်တမက်မောကြကုန်၏။ အချို့က သဒ္ဒါရုံကို၊ အချို့က ဂန္ဓာရုံကို၊ အချို့က ရသာရုံကို၊ အချို့က ဖောဋ္ဌဗ္ဗာရုံကို ပိုမိုနှစ်သက်တောင့်တမက်မောကြကုန်၏။

အခါတစ်ပါး ပသေနဒီကောသလမင်းအမှူးရှိသော မင်းငါးပါးတို့ ဆုံမိကြရာမှ 'ကာမဂုဏ်တို့တွင် အဘယ်ကာမဂုဏ်သည် အကောင်းဆုံးဖြစ်သနည်း' ဟူသော ကြားစကားကို ပြောဆိုဆွေးနွေးမိကြကုန်၏။ ထိုအခါ မင်းတစ်ပါးက 'ကာမဂုဏ်တို့တွင် ရူပါရုံသည် အကောင်းမြတ်ဆုံးပါ' ဟု ဆို၏။ မင်းတစ်ပါးက 'ကာမဂုဏ်တို့တွင် သဒ္ဒါရုံသည် အကောင်းမြတ်ဆုံး ပါ' ဟုဆို၏။ မင်းတစ်ပါးက 'ဂန္ဓာရုံသည် အကောင်းမြတ်ဆုံးပါ' ဆို၏။ မင်းတစ်ပါးက 'ရသာရုံသည် အကောင်းမြတ်ဆုံးပါ' ဟုဆို၏။ မင်းတစ်ပါးက 'ဖောဋ္ဌဗ္ဗာရုံသည် အကောင်းမြတ်ဆုံးပါ' ဟုဆို၏။ ထိုသို့ အမျိုးမျိုး ပြောဆိုကြပြီး သဘောတူညီမှုမရနိုင်အောင် ရှိကြကုန်၏။

ထို့ကြောင့် ပသေနဒီကောသလမင်းသည် ဤပြဿနာကို ဗုဒ္ဓရှင်တော် ထံတင်ပြပြီး အဆုံးအဖြတ်ခံရန် အကြံပြု၍ ဗုဒ္ဓရှင်တော်ထံ ခေါ်သွား လျှောက်ထားရာ ဗုဒ္ဓရှင်တော်က–

'မဟာရာဇာ၊ ငါးပါးကုန်သောကာမဂုဏ်တို့တွင် စိတ်ကို အတိုး

၁။ သံယုတ်၊ ပထမ။ စာမျက်နှာ–၁၅။

ပွားစေနိုင်ဆုံး(အဆွဲဆောင်နိုင်ဆုံး)ကာမဂုဏ်ကို အကောင်းမြတ်ဆုံး' ဟု အဆုံးအဖြတ်ပေးပြီး အကျယ်ရှင်းလင်း မိန့်ကြားတော်မူသည်။[၁]

ထိုအနှစ်သက်ဆုံး ကာမဂုဏ်မှာပင် အချိန်ကာလ၊ အရွယ်အစား စသည်တို့လိုက်၍ အကြိုက်မတူနိုင်အောင်ရှိကြရပြန်၏။

ဤ သဘောကိုသိသော မာရ်နတ်သမီးသုံးယောက်တို့သည် 'ယောကျ်ားတို့၏အကြိုက်သည် အမျိုးမျိုးအစားစားဖြစ်၏'ဟု သဘောတူ တိုင်ပင်၍ အသွင်အပြင် အမူအရာမတူသော မိန်းမပျိုကလေးများအသွင် တစ်ရာစီဖန်ဆင်း၍လည်းကောင်း၊ လင်ရပြီးစ သားမဖွားမိ မိန်းမသွင် တစ်ရာစီဖန်ဆင်း၍လည်းကောင်း၊ သားတစ်ယောက်မိခင်အသွင် တစ်ရာစီ ဖန်ဆင်း၍လည်းကောင်း၊ သားနှစ်ယောက်မိခင်အသွင် တစ်ရာစီဖန်ဆင်း၍ လည်းကောင်း၊ မိန်းမလတ်အသွင် တစ်ရာစီဖန်ဆင်း၍လည်းကောင်း၊ မိန်းမကြီးအသွင် တစ်ရာစီဖန်ဆင်း၍လည်းကောင်း၊ 'အရှင့်ခြေရင်း အလုပ် အကျွေးပြုပါရစေ'ဟု ဘုရားရှင်ကို ဖြားယောင်းကြကုန်၏။

ဘုရားရှင်သည် ဥပဓိကုန်ရာ အတုမဲ့နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် လွတ်မြောက်မှု အရဟတ္တဖိုလ်စိတ်ရှိသည်ဖြစ်၍ သူတို့၏စကားကို နှလုံး သွင်းတော်မမူဘဲ ပယ်လှန်တော်မူလိုက်သည်။[၂]

ထိုသို့ အကြိုက်ခြင်းမတူကြသောကြောင့် အာရုံတစ်ခုသည် လူတစ်ဦး အတွက် ကာမဂုဏ်ဖြစ်သော်လည်း အခြားသူအတွက် ကာမဂုဏ်မဖြစ်နိုင် ကြောင်း။ ကြိုက်နှစ်သက်သည့် အာရုံတစ်ခုသည်ပင် အရွယ်ငယ်စဉ်သာ ကာမဂုဏ်ဖြစ်၍ အရွယ်လတ်အရွယ်ကြီးအခါ၌ ကာမဂုဏ်မဖြစ်။ အလတ် စားအရွယ်၌သာ ကာမဂုဏ်ဖြစ်၍ အရွယ်ငယ်စဉ်နှင့် အရွယ်ကြီးသော အခါတို့၌ ကာမဂုဏ်မဖြစ်။ အရွယ်ကြီးမှ ကာမဂုဏ်ဖြစ်၍ ငယ်စဉ်နှင့် အလတ်စားအရွယ်တို့၌ ကာမဂုဏ်မဖြစ်။ ဤသို့အရွယ်အစား အချိန် ကာလကိုလိုက်၍ ကာမဂုဏ်ဖြစ်ကြောင်းကို သိအပ်ပေသည်။

---

၁။ သံယုတ်၊ ပထမ။ စာမျက်နှာ-၇၉။ ၂။ သံယုတ်၊ ပထမ။ စာမျက်နှာ-၁၂၅။

ကာမနယ်သားတို့သည် ရှာဖွေရရှိပြီးသော'အတွင်းအပ အသုံးအဆောင်' ဟူသော အာရုံငါးပါးတို့နှင့်စပ်၍ ချမ်းသာသုံးမျိုးကို ခံစားကြကုန်၏။

၁။ အတ္ထိသုခ–ရှိ၏ ဟုဖြစ်သောချမ်းသာ။

၂။ ဘောဂသုခ–သုံးဆောင်မှုကိုစွဲ၍ဖြစ်သောချမ်းသာ။

၃။ အာနဏျသုခ–ကြွေးမြီကင်းခြင်းကိုစွဲ၍ဖြစ်သောချမ်းသာ တို့တည်း။

ထိုသုံးမျိုးတို့တွင် 'ထကြွလုံ့လဖြင့် ရအပ်ကုန်သော၊ လက်ရုံးအားဖြင့် စုဆောင်းအပ်ကုန်သော၊ ချွေးဖြင့် ရင်းနှီးအပ်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော စည်းစိမ်တို့သည် ငါ့၌ရှိကုန်၏'ဟု မိမိ၏ပြည့်စုံကြွယ်ဝမှုကိုအာရုံပြု၍ ခံစားရသော စိတ်ချမ်းသာခြင်းသည် အတ္ထိသုခကိုခံစားသည် မည်၏။

ရှိပြီး စည်းစိမ်တို့ကို ကိုယ်တိုင်လည်း သုံးဆောင်၏၊ ထိုစည်းစိမ်တို့ဖြင့် ကောင်းမှုလည်းပြု၏။ ဤသို့ သုံးဆောင်သောအားဖြင့် ခံစားခြင်းသည် ဘောဂသုခကို ခံစားရသည်မည်၏။

'ငါသည် နည်းသည်ဖြစ်စေ များသည်ဖြစ်စေ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ကြွေးမြီကိုမျှ ပေးဆပ်ဖွယ်ရာမရှိ'ဟု မိမိ၏ကြွေးမြီကင်းခြင်းကို အာရုံပြု၍ ခံစားရသော စိတ်၏ချမ်းသာခြင်းသည် အာနဏျသုခကို ခံစားသည်မည်၏။[၁]

ဤသို့လျှင် ကာမနယ်သားတို့သည် 'ကာမဂုဏ်ငါးပါး'ဟူသော စည်းစိမ်တို့နှင့်စပ်၍ ချမ်းသာမှုသုံးမျိုးကို ရရှိခံစားကြရကုန်၏။

ကာမလိုက်စားသူတို့သည် ကာမဂုဏ်ချမ်းသာကို လွန်စွာနှစ်သက်မြတ်နိုးကြကုန်သကဲ့သို့ ဈာနလာဘီပုဂ္ဂိုလ်တို့သည်လည်း ကာမဂုဏ်တို့မှ ကင်းဝေးသည့် ဈာန်ချမ်းသာကို လွန်စွာတန်ဖိုးထားမြတ်နိုးကြကုန်၏။ မည်မျှအထိ အထင်ကြီး မြတ်နိုးကြသနည်း။

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ–၃၈၀။

အချို့သော သမဏဗြာဟ္မဏတို့က–

'အချင်းတို့၊ အကြင်ကြောင့် ဤကိုယ်သည် ကာမတို့မှကင်း၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း၍သာ ကြံစည်မှု သုံးသပ်မှုနှင့်တကွဖြစ်သော နီဝရဏကင်းခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း၊ စိတ်ချမ်းသာခြင်းရှိသော ပထမဈာန်သို့ ရောက်နေ၏။

အချင်းတို့၊ ဤမျှလောက်ဖြင့် ဤကိုယ်သည် အလွန်မြတ်သော လက်ငင်းနိဗ္ဗာန်သို့ရောက်၏'

ဤသို့ ပထမဈာန်ကို 'လက်ငင်း(ဒိဋ္ဌဓမ္မ)နိဗ္ဗာန်'ဟု ထင်မှတ်ပြောဆိုကြ၏။ အချို့သော သာမဏဗြာဟ္မဏတို့က–

'အချင်းတို့၊ အကြင်ကြောင့် ဤကိုယ်သည် ကြံစည်မှုသုံးသပ်မှုတို့၏ ငြိမ်းခြင်းကြောင့် မိမိသန္တာန်ဖြစ်သော ကြည်လင်စေတတ်သော စိတ်၏မြတ်သော သမာဓိကိုဖြစ်စေတတ်သော ကြံစည်မှု သုံးသပ်မှုမရှိသော သမာဓိကြောင့်ဖြစ်သော ဒုတိယဈာန်သို့ရောက်နေ၏။ အချင်းတို့၊ ဤမျှလောက်ဖြင့် ဤကိုယ်သည် အလွန်မြတ်သော လက်ငင်းနိဗ္ဗာန်သို့ရောက်၏'

ဤသို့ ဒုတိယဈာန်ကို 'လက်ငင်း(ဒိဋ္ဌဓမ္မ)နိဗ္ဗာန်'ဟု ထင်မှတ်ပြောဆိုကြ၏။

အချို့သော သမဏဗြာဟ္မဏတို့က–

'အချင်းတို့၊ ဤကိုယ်သည် နှစ်သက်မှုကို စက်ဆုပ်ခြင်းကြောင့်လည်းကောင်း၊ ကြံစည်မှု သုံးသပ်မှုတို့၏ ငြိမ်းပျောက်ခြင်းကြောင့်လည်းကောင်း အသင့်အားဖြင့် ရှုသည်ဖြစ်၍နေနိုင်၏။ သတိသမ္ပဇဉ်နှင့်ပြည့်စုံ၏။ ချမ်းသာခြင်းကို နာမကာယဖြင့်ခံစား၏။ အကြင်ဈာန်ကြောင့် ထိုသူ့ကို အရိယာတို့က 'အသင့်အားဖြင့် ရှုတတ်ပါပေစွ၊ ချမ်းမြေ့သာယာနေလေ့ ရှိပါပေစွ'ဟု ပြောဆိုကြရကုန်၏။ သုံးကြိမ်

ဖြောက်ဝင်စားအပ်သော ထိုဈာန်သို့ရောက်၍နေ၏။ အချင်းတို့၊ ဤမျှအတိုင်းအရှည်ရှိသော တတိယဈာန်ကိုရခြင်းအားဖြင့် ဤကိုယ်သည် အလွန်မြတ်သော လက်ငင်းနိဗ္ဗာန်သို့ရောက်၏'

ဤသို့ တတိယဈာန်ကို 'လက်ငင်း(ဒိဋ္ဌဓမ္မ)နိဗ္ဗာန်'ဟု ထင်မှတ်ပြောဆိုကြ၏။

အချို့သော သမဏဗြာဟ္မဏတို့က–

'အချင်းတို့၊ ဤကိုယ်သည် ရှေးမဆွကပင် ကိုယ်ချမ်းသာမှုကို ပယ်ခြင်းကြောင့်လည်းကောင်း၊ ကိုယ်ဆင်းရဲမှုကို ပယ်ခြင်းကြောင့်လည်းကောင်း၊ စိတ်ချမ်းသာမှုစိတ်ဆင်းရဲမှုတို့၏ ချုပ်ခြင်းကြောင့်လည်းကောင်း၊ ဆင်းရဲချမ်းသာမဟုတ်သော အသင့်အားဖြင့် ရှုခြင်းသည် ဖြစ်စေအပ်သော သတိ၏ထက်ဝန်းကျင် စင်ကြယ်ခြင်းစသော စတုတ္ထဈာန်သို့ရောက်နေ၏။ အချင်းတို့၊ ဤမျှအတိုင်းအရှည်ရှိသော စတုတ္ထဈာန်ကို ရခြင်းအားဖြင့် ဤကိုယ်သည် အလွန်မြတ်သော လက်ငင်းနိဗ္ဗာန်သို့ရောက်၏'[၁]

ဤသို့ စတုတ္ထဈာန်ကို'လက်ငင်း(ဒိဋ္ဌဓမ္မ)နိဗ္ဗာန်'ဟု ထင်မှတ်ပြောဆိုကြ၏။

ဤသို့ ဈာန်ရသမဏဗြာဟ္မဏတို့က မိမိတို့ဆိုင်ရာ ဈာန်ချမ်းသာကို နှစ်သက်မြတ်နိုးစွာ ခံစားကြ၏။ အထင်ကြီးကြ၏။

ထို့အတူ အရူပဈာန်ရ သမဏဗြာဟ္မဏတို့ကလည်း မိမိတို့ဆိုင်ရာ အရူပဈာန်တို့ကို အထင်ကြီး မြတ်နိုးကြကုန်၏။

ဤသို့ လူ့ပြည်၌ အထင်တကြီးခံစားခဲ့သော ဈာန်ချမ်းသာကိုပင် ရူပဗြဟ္မာကြီးများ၊ အရူပဗြဟ္မာကြီးများအဖြစ်ဖြင့်လည်း ခံစားကြကုန်၏။

---

၁။ သီလက္ခန္ဓဝဂ္ဂ။ စာမျက်နှာ–၃၄။

ဤကား ကာမတဏှာ၏နယ်၌ ဖြစ်ပေါ်သည့် ကာမဘဝ၊ ရူပတဏှာ၏နယ်၌ ဖြစ်ပေါ်သည့် ရူပဘဝ၊ အရူပတဏှာ၏နယ်၌ ဖြစ်ပေါ်သည့် အရူပဘဝတို့၌ ရရှိခံစားအပ်သော'လောကဿာဒ'ခေါ်သည့် ဘဝ၏ကောင်းကွက်များတည်း။

## အပါယ်ဘဝ

**တိရစ္ဆာန်**

အပါယ်ဘဝသည် တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝ၊ ငရဲဘဝဟူ၍ လေးမျိုးရှိသည်။ ထိုလေးမျိုးတို့တွင် 'အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်တစ်ပါး၊ယှဉ်ဖက်စေတသိက်၁၀–ပါး၊ ကံကြောင့်ဖြစ်သော ရုပ် ၁၃–ပါး'တို့၏တိရစ္ဆာန်မျိုး၌ ဖြစ်ပေါ်ခြင်းကို 'တိရစ္ဆာန်ဘဝ'ဟုခေါ်သည်။ ထိုတိရစ္ဆာန်မျိုး၌ဖြစ်သော ဆိုပြီးသော နာမ်–ရုပ်အစုကိုပင် အတိတ်က ဆောင်ရွက်ခဲ့သည့် ကံ၏ခွဲခြားပို့ဆောင်ချက်အရ ခွေးမျိုး၌ဖြစ်လျှင်ခွေး၊ ဝက်မျိုး၌ဖြစ်လျှင် ဝက်၊ နွားမျိုးဖြစ်လျှင်နွား၊ ဤသို့ စသည် သတ်မှတ်ခေါ်ဆိုကြရသည်။

ထိုသတ္တဝါတို့၏သန္တာန်၌ ပဋိသန္ဓေအခါမှ နောက်ကာလ(ပဝတ္တိ)တွင် စိတ်ကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ အာဟာရကြောင့်ဖြစ်သော ရုပ်တို့လည်း ဖြစ်ကြကုန်၏။ 'မျက်စိ,နား,နှာ,လျှာ,ကိုယ်' ဟူသော အတွင်းအာယတနတရားတို့နှင့်'အဆင်း,အသံ,အနံ့,အရသာ,အထိအတွေ့'ဟူသော အပြင်အာရုံတို့ တွေ့ဆုံခွင့်ရသည့်အချိန်မှစ၍ မျက်စိပေါက်မှာ ဖြစ်သည့် စိတ်အစဉ်များ၊ နားပေါက်မှာဖြစ်သည့် စိတ်အစဉ်များ၊ နှာခေါင်းပေါက်မှာဖြစ်သည့် စိတ်အစဉ်များ၊ လျှာပေါက်မှာဖြစ်သည့် စိတ်အစဉ်များ၊ ကိုယ်မှာဖြစ်သည့် စိတ်အစဉ်များလည်း ဖြစ်ခွင့်ရကြကုန်၏။

ထိုအချိန်မှစ၍ အလိုရှိအပ်၊ နှစ်သက်အပ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော ကာမစည်းစိမ်၊ ထိုကာမစည်းစိမ်တို့၏

တည်ရာ ဝတ္ထု၊ ကာမစည်းစိမ်ခံစားမှုကို အထောက်အကူဖြစ်စေသည့် ဝတ္ထုတို့ကို ပြေးလွှားလှုပ်ရှားရှာဖွေကြကုန်၏။ သို့သော် 'ပြည့်စုံပြီ'ဟုဆိုရသည့် အတွတ္ထိသုခအဆင့်သို့မရောက်ကြ။ 'မရ–မရှိ–မပြည့်စုံသည့်' နတ္ထိဒုက္ခနှင့်သာ အများဆုံး ကြုံတွေ့ကြရ၏။ ထို့ကြောင့် သုံးဆောင်ခံစားရသည့် 'ဘောဂသုခ'မရကြ။ ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြင့်သာနေကြရရှာ၏။ ထိုသို့ အလိုရှိအပ်သော အာရုံငါးပါးကိုရှာပါမှ ဆန့်ကျင်ဘက်ဖြစ်သည့် အလိုမရှိအပ်သည့် အာရုံဆိုးတို့နှင့်တိုးကြရ၏။ ရိုက်နှက်မည့်သူတို့ကိုမြင်ကြရ၏။ သတ်ဖြတ်မည့်သူတို့ကိုတွေ့ကြရ၏။ ခြိမ်း ခြောက်ငေါက်ငမ်းမာန်သံတို့ကို နာခံကြရ၏။ ဆိုးရွားသောအနံ့တို့ကို ခံကြရ၏။ ခွေးစာ ဝက်စာ နွားစာ စသည်များကို စားကြရ၏။ အရိုက်အနှက်ခံကြရ၏။ အထုအထောင်း အညှဉ်းဆဲကို ခံကြရ၏။

သူတို့သည် ထိုကြောက်မက်ဖွယ်ရာအာရုံတို့ကို ရှောင်ရှားပြေးလွှားရင်း စည်းစိမ်ချမ်းသာတို့ကို အာသာငမ်းငမ်း တောင့်တရှာဖွေကြရ၏။

ဤသို့ ဘဝစည်းစိမ်ဘဝချမ်းသာကို အသာငမ်းငမ်း တောင့်တရှာဖွေရင်း အနာဂတ်၌ ဘဝအကျိုးကိုဖြစ်ပေါ်စေမည့် အပြစ်မကင်းသည့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများကိုလည်း ပြုမိမှားကြ၏။ အလွန့်အလွန်ကြုံခဲလှသော တစ်ရံတစ်ခါ၌သာ အပြစ်လွတ်သည့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကလေးများလည်း ဖြစ်ခွင့်ရကြ၏။ ထို့ကြောင့် စုတိ၏အခြားမဲ့၌ ဇာတိဒုက္ခမှ စတင်သည့် ဆိုးရွားခက်ထန်သော ဘဝဒုက္ခတို့ကို ခံရဦးမည့် ဒုက္ခလောင်း များဖြစ်နေကြရ၊ ဒုက္ခရှာနေသူများဖြစ်နေကြရပြန်၏။

ဆိုခဲ့ပြီးသည့်အတိုင်း အာရုံဆိုးတို့ကို ရှောင်ရှား ပြေးလွှား ပုန်းအောင်းခိုကပ်ရင်း နာဘေးနှင့်တွေ့ကြရပြန်၏။ ထိုမှတစ်ဆင့် မျက်စိ၊ နား၊ နှာမှစသည့် ကိုယ်အင်္ဂါတို့ ယျော့ပါးအားနည်း ဆွေးမြည့်သည့် ဇရာဒုက္ခသို့ ကပ်ရောက်ကြရ၏။ ထိုမှတစ်ဖန် သူတစ်ပါး၏လက်နက်ဖြင့်သော်လည်း

ကောင်း၊ မိမိအလိုအလျောက်သော်လည်းကောင်း သေခြင်းသို့ရောက်ကြရ၏။

**ပြိတ္တာ** အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်တစ်ပါး၊ ယှဉ်ဖက်စေတသိက် ၁၀–ပါး၊ ကံကြောင့်ဖြစ်သော ရုပ် ၁၃–ပါးတို့၏ တောတောင်စသော ပြိတ္တာတို့နေရာ၌ ဖြစ်ပေါ်ခြင်းကို ပြိတ္တာဘဝဟု ခေါ်သည်။

တိရစ္ဆာန်ဘဝ၌ ဆိုခဲ့ပြီးသည့်အတိုင်းပင် ပဝတ္တိအခါ၌ စိတ်ကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ အာဟာရကြောင့်ဖြစ်သော ရုပ်တို့လည်းဖြစ်ကြ၏။ အာရုံယူနိုင်ခွင့်ရသည့်အချိန်မှစ၍ အလိုရှိအပ်သော အာရုံငါးပါးကို တောင့်တရှာဖွေကြ၏။ သို့သော် ပြည့်စုံသည့် အတ္ထိသုခကို မရရှာကြ။ မရ–မရှိ–မပြည့်စုံသည့် နတ္ထိဒုက္ခနှင့်သာ ရင်ဆိုင်ကြရ၏။ ထို့ကြောင့် သုံးဆောင်ခံစားရသည့်'ဘောဂသုခ'အခွင့်အလမ်း လွန်စွာနည်းပါးကြ၏။ မလိုလားအပ်သော မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်း အာရုံတို့နှင့် ကြုံကြရ၏။ လျှာအာရုံတို့နှင့်ကြုံကြရ၏။ လျှာအာရုံနှင့်စပ်၍ အချို့အိမ်ကြိုအိမ်ကြား၌ လူတို့ထွေးအန်စွန့်ပစ်ထားသည့် ချွဲသလိပ် စားလုံးစားပေါက်တို့ကိုကောက်၍ စားကြရရှာ၏။ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာများကဲ့သို့ အချို့သောပြိတ္တာကြီးများကား ဘုရားနှစ်ဆူအကြား၊ သုံးဆူအကြားကာလပတ်လုံး တစ်စုံတစ်ခုသော အာဟာရကိုမျှ ခံတွင်း၌ သွင်းရဖူးသည်မရှိ။ မီးလောင်သည့်သစ်ခေါင်းကဲ့သို့ ဝမ်းဟောင်းလောင်းဖြစ်နေခဲ့ကြရ၏။[၁]

ကိုယ်ဖြင့် သိအပ်သော အာရုံနှင့်စပ်ပြန်လျှင်လည်း ကြောက်ဖွယ်ကောင်းလောက်အောင် ခံကြရ၏။

---

၁။ ခုဒ္ဒကအဋ္ဌကထာ။ စာမျက်နှာ–၁၇၀။ သမ္မော။ စာမျက်နှာ–၄။

တရားသူကြီးလုပ်စဉ်က လာဘ်စားခဲ့သော ကုမ္ဘဏ္ဍပြိတ္တာကြီးမှာ အိုးစရည်းကြီးပမာဏရှိသည့် ဝှေးစေ့ကြီးနှစ်လုံးကို ထမ်းပိုးပြီးသွားရ၊ ထိုင်သည့်အခါ ထိုဝှေးစေ့ကြီးတို့ အပေါ်ထိုင်ရ၊ ကျီးပြိတ္တာ,စွန်ပြိတ္တာတို့၏ ထိုးဖောက်ဆိတ်ဆွမှုဒဏ်ကို ရှောင်ရှားပြေးသွားနေကြရ၏။[၁]

ထို့အတူ သူတစ်ပါးသားမယားလွန်ကျူးပြစ်မှားခဲ့သော သသီသက ပြိတ္တာကြီးမှာ ဆိုးရွားလှသည့် မစင်ပုပ်တွင်း၌ ခေါင်းပါနစ်မြုပ်၍ ဒုက္ခခံနေရ၏။ လင်ငယ်နေခဲ့သော နိစ္ဆဝိတ္ထိပြိတ္တာမကြီးမှာ တစ်ကောင်လုံး အရေ ကွာလျက် ကျီးပြိတ္တာ စွန်ရဲပြိတ္တာတို့၏ အထိုးအဆိတ်ကိုခံနေရ၏။[၂]

ရာဇဂြိုဟ်မြို့၌ နတ်ကတော်လုပ်ပြီး ညာဖြန်းစားခဲ့သော မင်္ဂုလိတ္ထိ ပြိတ္တာမကြီးမှာ တစ်ကိုယ်လုံး မကောင်းနံ့လှိုင်လျက် ကျီးစွန်ရဲတို့၏ အထိုးအဆိတ်ကိုခံနေရ၏။[၃]

ကဿပဘုရားရှင်လက်ထက်က ထင်ရာလုပ်ခဲ့သော ပါပဘိက္ခုဘုန်းကြီးပြိတ္တာကြီးမှာလည်း ရဲရဲပြောင်ပြောင်တောက်လောင်နေသော နှစ်ထပ်သင်္ကန်းကြီးကိုရုံ၊ ရဲရဲပြောင်ပြောင်တောက်လောင်နေသော ခါးပန်းကြီးကိုပတ်၊ ရဲရဲပြောင်ပြောင်တောက်လောင်နေသော သပိတ်ကြီးကို ပိုက်ပြီး တစ်ကိုယ်လုံးလည်း ရဲရဲပြောင်ပြောင် မီးလောင်ခံနေရလျက် အော်ဟစ်ညည်းတွားခံစားနေရ၏။[၄]

သူတို့သည် ဤမျှဆိုးရွားသောဒုက္ခတို့ကိုခံစားရင်း ချမ်းသာကိုရှာဖွေကြ၏။ ထို့ကြောင့် အနာဂတ်၌ ဘဝဒုက္ခကိုဖြစ်စေနိုင်သည့် အကုသိုလ်ကံ၊ ကုသိုလ်ကံတို့ကို ဆည်းပူးမိကြ၏။ ဤသို့လျှင် အနာဂတ်ဒုက္ခတို့ကို မရအရ ရှာဖွေနေကြသူများ ဒုက္ခလောင်းကြီးများ ဖြစ်နေကြရပြန်တော့၏။

**အသူရကာယ** အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တစ်ပါး၊ ယှဉ်ဖက်စေတသိက် ၁၀–ပါး၊ ကံကြောင့်ဖြစ်သော ရုပ် ၁၃–ပါးဟူသော ဝိညာဏ်၊ နာမ်၊ရုပ်၊ သဠာယ

---

၁။ သံယုတ်၊ပထမ။ စာမျက်နှာ–၄၄၉။ ၂။ ယင်း။ စာမျက်နှာ–၄၅၀။
၃။ ယင်း။ စာမျက်နှာ–၄၅၁။ ၄။ ယင်း။ စာမျက်နှာ–၄၅၁။

တန၊ ဖသာ၊ ဝေဒနာတရားတို့ အသူရာတို့၏နေရာဌ်ဖြစ်ပေါ်ခြင်း၊ တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝတို့ ဆက်လက်ဖြစ်ပေါ်ခြင်းကို 'အသူရကာယ်ဘဝ'ဟု ခေါ်သည်။ ပြိတ္တာအကြီးစားများသာဖြစ်သည်။ သူတို့သည် ဂင်္ဂါမြစ်နား သမုဒ္ဒရာကမ်းနားတို့၌ နေတတ်ကြသည်။

ဤဘဝသို့ရောက်သည့်အချိန်မှစ၍ အလိုရှိအပ်သော ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟူသော ကာမစည်းစိမ်တို့ကို ရှာဖွေကြသော်လည်း 'နေဝဥဋ္ဌာနဖလူပဇီဝ နကမ္မဖလူပဇီဝီ' [၁] ဝိရိယ၏အကျိုးဖြင့် အသက်မွေးခွင့်ရသူလည်းမဟုတ်၊ ကံ၏အကျိုးဖြင့် အသက်မွေးခွင့်ရသူလည်း မဟုတ်သောကြောင့် မည်သည့်စည်းစိမ်ကိုမျှ ခံစားခွင့်မရကြ။ ဘုရားနှစ်ဆူကြား ကာလတစ်လျှောက်လုံး၊ အချို့ဘုရားသုံးဆူကြားကာလ တစ်လျှောက်လုံး ရေကိုမျှ နှလုံးသားစွတ်ပုံ လျှာစိုရုံ တစ်ပေါက်တလေမျှ ရှာဖွေ၍မရကြ။

'ရေသောက်အံ့'ဟု မြစ်သို့ဆင်းလျှင် မြစ်တစ်ခုလုံး သဲပြင်ကြီးဖြစ်သွား၏။ မဟာသမုဒ္ဒရာသို့ပြေးသွားကြလျှင် မဟာသမုဒ္ဒရာသည် ကျောက်ဖျာကြီးအသွင် ပြောင်းလဲသွားရ၏။

ထို့ကြောင့် ထိုအသူရကာယ်တို့သည် ခြောက်ကပ်ကုန်သည်ဖြစ်၍ အားကြီးလှသော ဆင်းရဲနှိပ်စက်ခြင်းကို ခံရကုန်လျက် လှည့်လည်ပြေးသွားကြရရှာ၏။

ချဲ့ဦးအံ့။ တစ်ယောက်သော ကာလကဥ္စိကအသူရကာယ်သည် ရေမွတ်သိပ်လှသည်ဖြစ်၍ အနက်တစ်ယူဇနာ အကျယ်တစ်ယူဇနာရှိသည့် ဂင်္ဂါမြစ်ကြီးသို့သက်ဆင်းရာ ထိုအသူရကာယ်ရောက်ရာအရပ်သည် ရေပြတ် ၍ အခိုးထောင်းထောင်းထွက်လာတော့၏။ လောလောပူသော

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၄၅၂။

ကျောက်ဖျာ၌ သွားရသည့်အခါကဲ့သို့ ဖြစ်၏။ ရေသံကြားရာသို့ ထိုအသူရကာယ် လှည့်လည်၍ ရေရှာနေစဉ် မိုးလင်းလာ၏။ ထိုအခါ ဆွမ်းခံရွာသို့ စောစောကြွသော ရဟန္တာသုံးကျိပ်တို့ ထိုအသူရကာယ်ကို တွေ့ကြ၍-

ရဟန်းတော်များက–'သူတော်ကောင်း၊ သင်ဘယ်သူလဲ'
အသူရကာယ်– 'တပည့်တော်ပြိတ္တာပါ'
ရဟန်းတော်များ–'သင်ဘာကိုရှာတာလဲ'
အသူရကာယ် –'သောက်ရေကိုရှာပါတယ်'
ရဟန်းတော်များ–'ဤဂင်္ဂါမြစ်ကြီးရေအပြည့်ပဲ၊ သင်မမြင်သလော'
အသူရကာယ် –'သောက်မဖြစ်ပါ'
ရဟန်းတော်များ–'ထိုသို့ဖြစ်လျှင် ဂင်္ဂါမြစ်သဲပြင်၌လျောင်းလော့၊
သင့်ခံတွင်း၌ ရေလောင်းထည့်ကုန်အံ့'

ဤသို့ အမိန့်ရှိကြပြီး ဂင်္ဂါမြစ်သဲပြင်၌ ပက်လက်နေသော အသူရကာယ်၏ခံတွင်းသို့ ရဟန်းတော်သုံးကျိပ်တို့ သပိတ်ကိုယ်စီဖြင့် ရေခပ်လောင်းကြ၏။ ဤသို့ ရေခပ်လောင်းနေကြစဉ် ဆွမ်းခံချိန်သို့ရောက်လာသဖြင့် 'သူတော်ကောင်း၊ တို့ဆွမ်းခံချိန်ရောက်နေပြီ၊ သင် ဘယ့်နှယ်လဲ၊ ရေငတ်သက်သာပြီလား'ဟုမေးကြ၏။ တိုအခါ အသူရကာယ်က 'ပြိတ္တာဘဝမှ မလွတ်ဘဲရှိရပါစေရဲ့၊ အရှင်ဘုရားတို့လောင်းထည့်သော ရေတစ်လက်ဖက်၏ ထက်ဝက်လောက်မျှလည်း လည်ချောင်းအတွင်းသို့မရောက်ပါ'ဟု ကျိန်ဆိုလျှောက်ထားရှာ၏။[၁]

ဤသို့ဆင်းရဲပင်ပန်းစွာ ဘုရားနှစ်ဆူ၊ သုံးဆူတို့ပွင့်တော်မူကြသည့်ကြားကာလတစ်လျှောက်လုံး ဒုက္ခခံကြရ၏။

**ငရဲ** ငရဲကို ပါဠိလို 'နိရယ'ဟုခေါ်၏။ 'ချမ်းသာကင်းရာ' ဟု အဓိပ္ပာယ်ရ၏။ ဆိုခဲ့ပြီးသော ပြိတ္တာ၊ အသူရကာယ်ဘဝတို့မှ သက်သာခွင့်ရှိကြသေး၏။ ငရဲမှာကား ထိုသို့သက်သာခွင့်မရ။

---

၁။ သမ္မော။ စာမျက်နှာ–၄–၅။

ထိုငရဲဘုံ၌ အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် တစ်ပါး၊ ယှဉ်ဖက်စေတသိက် ၁၀-ပါး၊ ကံကြောင့်ဖြစ်သော ရုပ် ၁၃-ပါးဟူသော အကျိုးခန္ဓာငါးပါးတို့ စတင်ဖြစ်ပေါ်ခြင်းနှင့် စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့နှင့် အကုသိုလ်စိတ်အစဉ်များ၊ ရံခါကာမာဝစရကုသိုလ်စိတ်အစဉ်များဟူသော ခန္ဓာငါးပါးတို့ ဆက်လက်ဖြစ်ပေါ်ခြင်းကို 'ငရဲဘဝ'ဟု ခေါ်သည်။

ငရဲခန္ဓာကို ရရှိထားကြသူတို့သည် 'နိရယ'ဆိုသည့်အတိုင်း ချမ်းသာခွင့်ကို မဆိုထားဘိ သက်သာခွင့်ကိုမျှ မရကြ။ ကဿပဘုရားရှင်လက်ထက်က သူတစ်ပါးမယားကို သွားလာပြစ်မှားပျော်ပါးမိကြ၍ အနှစ်ခြောက်သောင်းစေ့မှတစ်ကြိမ် ပြန်ပေါ်ရသည့် လောဟကုမ္ဘီသံပူရည်ငရဲ၌ နစ်မြုပ်ကုန်ကြရာမှ အနှစ်ခြောက်သောင်းစေ့၍ ပေါ်လာသည်တွင် အချင်းချင်းမြင်ကြ၍ စကားပြောကြရာ 'ဒု-သ-န-သော'ဟုတစ်ယောက်လျှင် အက္ခရာတစ်လုံးစီမျှသာ ဆိုခွင့်ရပြီး ပြန်လည်နစ်မြုပ်ကြရ၏။[၁]

ဤသည်ကိုထောက်၍ နိရယ=ချမ်းသာကင်းရာဆိုသည့်အတိုင်း ငရဲ၌ အနည်းငယ်မျှ ချမ်းသာခွင့်မရနိုင်ကြသည်ကို သိအပ်၏။

ထိုသူဌေးသားလေးယောက်တို့တွင်-

'ဒု'ဟုဆိုသူက-

> 'ငါတို့ မပေးမလှူမိခဲ့ကြ၊ ကိုယ့်အတွက် မှီခိုဖွယ်ရာကုသိုလ်မှုကို မပြုမိခဲ့ကြ။ (ယခု) ငါတို့ဆင်းရဲသော အသက်ရှင်ခြင်းဖြင့် အသက်ရှင်ကြရ၏'ဟု ပြောလို၏။

'သ'ဆိုသူက-

> 'ငရဲ၌ အခါခပ်သိမ်း ကျက်ရကုန်သော ငါတို့အတွက်

---

၁။ ဓမ္မပဒ-ဋ္ဌ၊ ပထမ။ စာမျက်နှာ-၂၈၇။

အနှစ်ခြောက်သောင်းပြည့်ကြပြီ။ ဘယ်အခါမှ (ဤဒုက္ခ)ဆုံးပါမည်နည်း’ဟု ပြောလို၏။

‘န’ဟုဆိုသူက–

‘အချင်းတို့၊ ဟိုစဉ်က ငါသည်လည်းကောင်း၊ သင်တို့သည်လည်းကောင်း မကောင်းမှုကို ပြုမိခဲ့ကြ၏။ (ထိုမကောင်းမှု) အဆုံးသည်မရှိ။ အဆုံးဘယ်မှာနည်း။ အဆုံးကို ပြန်မတွေ့ပါတကား’ဟု ပြောလို၏။

‘သော’ဆိုသူက–

‘ထိုငါသည် စင်စစ် ဤငရဲမှသွားရ၍ လူ့သန္ဓေကို ရလျှင် (သူတော်ကောင်းတို့၏)ပြောစကား နားပေါက်သည်ဖြစ်၍၊ သီလနှင့်ပြည့်စုံသည်ဖြစ်၍ ကုသိုလ်မှုကို များစွာပြုတော့အံ့’ဟု ပြောလို၏။

ဤကား အပါယ်ဘဝသို့ ရောက်ရသူတို့၏ ‘လောကာဒိနဝ’ခေါ် ဘဝပြစ် အမြွက်တည်း။

## လူ့ဘဝ

လူ့ဘဝဆိုသည်မှာ ပရမတ္ထအားဖြင့် ကာမဝိပါက်စိတ် ၂၃–ပါး၊ ယှဉ်ဖက်စေတသိက် ၃၀၊ ကမ္မဇရုပ် ၂၀ တို့၏ ဖြစ်ခြင်းဟုဆိုနိုင်သော်လည်း ပဋိသန္ဓေကိုစွဲ၍–

၁။ သုဂတိ အဟိတ်သန္ဓေနေခဲ့သူ၊

၂။ ဒွိဟိတ် သန္ဓေနေခဲ့သူ၊

၃။ တိဟိတ်သန္ဓေနေခဲ့သူဟု သုံးမျိုးသုံးစား ကွဲပြားသည်။

ထိုသုံးမျိုးတို့တွင်–

ဝမ်းတွင်းကပင် မျက်စိကန်းလာသူများ၊ နားကန်းလာသူများ၊

စကားမပီဘဲ ထစ်အ,လာသူများ၊ အရှေ့အနောက်တောင်မြောက်ကိုမှ ရေရေလည်လည်မသိ ဖျင်းအ,သူများ၊ ရူးနှမ်းလာသူများ၊ ပဏ္ဍုက်များ၊ ဥဘတောဗျည်း ခေါ် ကျား-မ တစ်လှည့်စီဖြစ်နေသူများ၊ ကျား-မအင်္ဂါမထင်ရှားသည့် နပုန်းလိင်များ၊ စကားပြောလျှင် အမှျင်မပြတ်ဘဲ တရွတ်ဆွဲပြောသည့် မန်းစွဲသူများနှင့် လူခြောက်များ။ ဤသို့စသည်ဖြင့် လူစဉ်မမီသူ များသည် သုဂတိအဟိတ်သန္ဓေနေခဲ့သူများဖြစ်သည်။ သူတို့သည် အပါယ်လေးဘုံမှ တက်လာစဖြစ်၍ အကုသိုလ်အကျိုးအရှိန်မသေသေးသည့်'တမ-အမှောင်မှလာသူ' ပုဂ္ဂိုလ်များဖြစ်ကြသည်။[1]

စကားအဓိပ္ပါယ် ရေရေလည်လည်မသိသည့် အကင်းမပါး လူရည်မလည်သူများသည် ဒွိဟိတ်သန္ဓေနေခဲ့သူများ ဖြစ်သည်။[2]

ဆိုပြီးသော အမျိုးအစားများမှလွတ်၍ စကား၏အဓိပ္ပါယ် ရေရေလည်လည်သိသည့် အကင်းပါးသူ ရေလည်သူများသည် တိဟိတ်သန္ဓေနေခဲ့သူများဖြစ်သည်။[3]

ဤသည်တို့မှာ မွေးရာပါ အရည်အချင်းအားဖြင့် ကွဲပြားလျက်ရှိသည့် လူ့ဘဝအလွှာသုံးမျိုးဖြစ်သည်။

စီးပွားရေးအရခွဲခြားသတ်မှတ်လျှင် အင်္ဂုတ္တရနိကာယ်၊ စတုတ္ထနိပါတ်၊ ဥဋ္ဌာနဖလသုတ်[4] ၌ ဟောတော်မူသည့် ပုဂ္ဂိုလ်လေးမျိုးတို့တွင်-

၁။ လုပ်အား၏အကျိုးကိုသာခံစားခွင့်ရ၍ ကံ၏အကျိုးကို ခံစားခွင့်မရသူများ။

၂။ လုပ်အား၏အကျိုးကိုလည်း ခံစားခွင့်ရ၊ ကံ၏အကျိုးကိုလည်း ခံစားခွင့်ရသူများဟူသော ပုဂ္ဂိုလ်နှစ်မျိုးကို ရနိုင်သည်။

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၃၉၇။

၂-၃။ သော စ ဟောတိ ပညဝါ အဇဠော အနေဠမူဂေါ ပဋိဗလော သုဘာသိတဒုဗ္ဘာသိတဿ အတ္ထမညာတုံ။ အင်္ဂုတ္တိုရ်၊ တတိယ။ စာမျက်နှာ-၆၁။ .

၄။ အင်္ဂုတ္တိုရ်၊ ပထမ။ ၄၅၂။

ထိုနှစ်မျိုးတွင် အမှတ်(၁)အမျိုးအစား၌ လက်လုပ်လက်စား ဆင်းရဲသားလူတန်းစားများပါဝင်၍ အမှတ်(၂)တွင် စီးပွားရေးအထက်တန်းကျသည့် အထက်တန်းစားများနှင့် မင်းစိုးရာဇာများပါဝင်လေသည်။ [၁]

**အောက်တန်းလွှာ** ဆိုခဲ့ပြီးသောလူတန်းစားနှစ်ရပ်တွင် အမှတ်(၁)အမျိုးအစား၌ပါဝင်ကြသည့် လက်လုပ်လက်စား ဆင်းရဲသားများသည် 'ယံပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ'ဟူသော တရားတော်အရ အလိုဆန္ဒမပြည့်ဝမှုနှင့် နေ့စဉ်ရင်ဆိုင်နေကြရသည်။ ထိုသူတို့သည် ကာမဘုံသားများပီပီ အာရုံငါးပါးကို ပြည့်ပြည့်ဝဝ ခံစားလိုကြသည်။

ထို့ကြောင့် ကာမဂုဏ်(စည်းစိမ်)ငါးပါး ရရာရကြောင်းအားထုတ်ကြသည်။ သက်ရှိသက်မဲ့ အတွင်းအသုံးအဆောင်တို့ကို ကြိုးစားရှာဖွေကြသည်။ ပရိဘောဂခေါ်သည့် အိုးအိမ်တိုက်တာများ၊ လယ်ယာဥယျာဉ်များ၊ မော်တော်ကားစသည့် ဇိမ်ခံပစ္စည်းများကိုပိုင်ဆိုင်ဖို့ ကြိုးစားကြသည်။ သို့သော် 'ပြည့်ဝစုံလင်ပြီ'ဟုဆိုရသည့် အတ္တိသုခကို မရကြ။ မရှိ–မပြည့်စုံ–မလောက်င–မဝလင်သည့် နတ္ထိဒုက္ခနှင့်သာ ဆုံကြရ၏။

ထို့ကြောင့် သုံးဆောင်ခံစားရသည့် 'ဘောဂသုခ'ကို အရနည်းသည်။ အစားအသောက်ချို့တဲ့သည်။ အဝတ်အထည်အသုံးအဆောင်ရှားပါးသည်။ နေရာထိုင်ခင်း ကျပ်တည်းကျဉ်းမြောင်းသည်။

ထို့ကြောင့်လည်း ကျန်းမာရေးမပြည့်ဝ၊ အနာရောဂါထူပြောကြသည်။ လူသားတစ်ယောက် သိသင့်တတ်သင့်သော အသိပညာ အတတ်ပညာ သင်ကြားရာမှီးခွင့် အပြည့်အဝမရ။ ကံ၏အကျိုးကို ခံစားခွင့်မရ။ လုပ်အား၏အကျိုးကိုသာ ခံစားခွင့်ရသည့် 'ဥဋ္ဌာနဖလူပဇီဝီ န ကမ္မဖလူပဇီဝီ'[၂] ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် စားဝတ်နေရေးအတွက် နေထွက်က

---

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ ဒုတိယ၊ စာမျက်နှာ–၃၃၇။ ၂။ အင်္ဂုတ္တိုရ်၊ ပဌမ။ ၄၅၂။

နေဝင် ပြေးလွှားရှာမှီးကြရသည်။ အချို့မှာ နားနေအိပ်စက်ရမည့် ညဥ့်အချိန်၌ပင် စိတ်အေးချမ်းသာ နားနေအိပ်စက်ခွင့် အပြည့်အဝ မရကြ။ တစ်နေ့လုံး ပြေးလွှားလှုပ်ရှားပါလျက် မပြည့်ဝသည့် ဝမ်းရေးခါးရေး အတွက် ဆက်လက်လှုပ်ရှားကြရသည်။ ဤမျှ ကြိုးစားရှာဖွေပါမှ ထမင်း လုပ်မှန်ရုံ အဝတ်အထည် လုံရုံသာရှိကြသည်။ အချို့ ဤမျှပြေးလွှား လှုပ်ရှားပါလျက် မပြေလည်ကြ။ ထို့ကြောင့် ကြွေးရှာကြရသည်။ ထိုအခါ အတိုးအစွန်းများလှသည့် 'ဣဏာယိကဒုက္ခ'ကြွေးဒဏ်ခံကြရတော့သည်။

ဤသို့လျှင် မပြည့်စုံ မပြည်လည်နိုင်သည့် နတ္ထိဒုက္ခ၊ သုံးဆောင် ခံစားခွင့်မရသည့် အဘောဂဒုက္ခ၊ကြွေးမကင်းသည့် ဣဏာယိကဒုက္ခတို့ဖြင့် လုံးလည်လိုက်နေတော့၏။

ထို့ပြင် ချစ်ခင်သောသား လင် ခင်ပွန်းတို့နှင့် ရှင်ကွဲ သေကွဲ ကွဲကြ ရခြင်း၊ ရွံရှာမုန်းတီးကြသူတို့နှင့် တွဲဖက်လုပ်ကိုင်နေထိုင်စားသောက်ရခြင်း ဟူသော ဒုက္ခတို့ကိုလည်း တွေ့ကြုံရင်ဆိုင်ကြရပေသေးသည်။

ဘာရဒွါဇပုဏ္ဏားကြီးသည် လုပ်ခင်းဆောင်တာ အဆင်မပြေ၍ စီးပွားရေးကျဆင်းနေသည်မှာကြာပြီ။ ရေးက ပြည့်မြဲကျီမှာ အခွံချည်း ဖြစ်ပြီး ကြွက်တို့၏ ပျော်မြူးရာဌာနကြီး ဖြစ်နေရ၏။ တဖြည်းဖြည်း ယူထားရသော ကြွေးတို့၏ အရင်းရောအတွန့်ပါ ပြန်မဆပ်နိုင်သဖြင့် ကြွေးရှင်တို့၏ ဆူပူတောင်းဆိုခြင်းကို ခံနေရသည်။ ထိုအတွင်း ကလေး တစ်ယောက်အမေ နှစ်ယောက်အမေဖြစ်ကြသည့် သမီးခုနစ်ယောက်လုံးကို ယောက္ခမတို့က နှင်ချလိုက်သဖြင့် ပြန်ရောက်လာကြပြန်သည်။ ထို့ကြောင့် အိပ်ရာနေရာကျဉ်းကျပ်လှသည်။ အိပ်နေကျမြက်အခင်းကို မသုတ်သင်နိုင် သဖြင့် ညဥ့်တိုင်း ကြမ်းပိုးကိုက်၍ အိပ်မရ။ လင်းခါနီးမှ အိပ်ပျော်ပျော်နေ သဖြင့် နံနက်တိုင်း ပုဏ္ဏေးမကြီး၏ ခြေဖြင့် ကျောက်ကန်ဆူပူခြင်းကို ခံရသည်။ ယခုကြဲထားသည့် နှမ်းခင်းမှာလည်း မိုးမိ၍ အပျက်များသည့်

အပြင် ရှိသည့်အပင်တို့မှာလည်း ပိုးကြောင့် ပွင့်ကင်း သီးကင်း မဝင်နိုင်တော့။ ထိုသို့အဘက်ဘက်မှ အဆင်မပြေရှိနေစဉ် ခိုင်းနွား ၁၄–ကောင်လုံး ပျောက်ဆုံးသွားပြန်သည်။

ဤသို့ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်နေရှာသည့် ပုဏ္ဏားကြီးမှာ ထိုနေ့ နံနက်ကလည်း အိပ်ပျော်နေမိပြန်သဖြင့် ထုံးစံအတိုင်း ပုဏ္ဏေးမကြီး၏ ကန်ကျောက်ဆူပူခြင်းကိုခံရကာ စိတ်လက်ညှိုးငယ်စွာဖြင့် နွားရှာထွက်လာရာ ဘုရားရှင်သီတင်းသုံးနေသည့် တောအုပ်သို့ ရောက်လာသည်။ ပုဏ္ဏားကြီးသည် တောအုပ်အတွင်းသို့ လှည့်လည်နွားရှာရင်း သစ်ပင်ရင်း၌ စိတ်အေးချမ်းသာစွာ ထက်ဝက်ဖွဲ့ခွေထိုင်နေတော်မူကာ တရားနှလုံးသွင်းတော်မူနေသည့် မြတ်စွာဘုရားကိုတွေ့၍ အံ့သြလှစွာ ဤသို့ တစ်ယောက်တည်း ပြောဆိုမှတ်ချက်ချလေသည်။

၁။ ငါ့မှာ နွား ၁၄–ကောင်တို့ကို ခြောက်ရက်မြောက်သော ယနေ့တိုင်အောင် မတွေ့ကုန်သေး။ ဤရဟန်းမှာ နွားရှိဟန်မတူ။ ထို့ကြောင့် ဤရဟန်း ချမ်းသာဟန်ရှိ၏။

၂။ နှမ်းခင်း၌ တစ်ရွက်နှစ်ရွက်သာ ကျန်ကုန်သော နှမ်းငုတ်တို့ ဖြစ်နေကုန်၏။ ဤရဟန်းမှာ နှမ်းခင်းရှိဟန်မတူ။ ထို့ကြောင့် ဤရဟန်း ချမ်းသာဟန်ရှိ၏။

၃။ အချည်းနှီးသောကျီ၌ ကြွက်တို့သည် လှည့်လည်မြူးထူးကုန်၏။ ဤရဟန်းမှာ ကျီရှိဟန်မတူ။ ထို့ကြောင့် ဤရဟန်း ချမ်းသာဟန်ရှိ၏။

၄။ ခုနစ်လပတ်လုံး သုတ်သင်ခြင်းကင်းသော အိပ်ရာမြက်ခင်းကို ကြမ်းပိုးတို့က လွှမ်းမိုးကြကုန်၏။ ဤရဟန်းမှာ အိပ်ရာရှိဟန်မတူ။ ထို့ကြောင့် ဤရဟန်း ချမ်းသာဟန်ရှိ၏။

၅။ သားတစ်ယောက် နှစ်ယောက်စီရှိသော မုဆိုးမဖြစ်သည့် သမီး

ခုနစ်ယောက်တို့ရှိကုန်၏။ ဤရဟန်းမှာ သမီးရှိဟန်မတူ။ ထို့ကြောင့် ဤရဟန်း ချမ်းသာဟန်ရှိ၏။

၆။ မျက်စိနီကြောင်၍ မှဲ့စွဲသောမယားသည် အိပ်နေသူကို ခြေဖြင့် နှိုး၏။ ဤရဟန်းမှာ မယားရှိဟန်မတူ။ ထို့ကြောင့် ဤရဟန်း ချမ်းသာဟန်ရှိ၏။

၇။ မိုးသောက်ထသောအခါ၌ ကြွေးရှင်တို့က 'ပေးကြ–ပေးကြ'ဟု နှိုးဆော်ကုန်၏။ ဤရဟန်းမှာ ကြွေးရှိဟန်မတူ။ ထို့ကြောင့် ဤရဟန်း ချမ်းသာဟန်ရှိ၏။[၁]

ဤဘာရဒွါဇပုဏ္ဏားကြီး၏ဖြစ်ရပ်သည် ဆင်းရဲသားလောက၌ ရိုးနေသည့် ဖြစ်ရပ်တစ်ခုသာဖြစ်သည်။ ဤပုဏ္ဏားကြီးထက် အဆင့်ပေါင်းများစွာ နိမ့်ကျနေသူများ၊ ထိုပုဏ္ဏားကြီး၏အဖြစ်ထက်ဆိုးသည့် ဖြစ်ရပ်များနှင့် ရင်ဆိုင်နေကြရသူများပင် ဆင်းရဲသားလောက၌ တွေ့နိုင်ပေသည်။

ဘုရားရှင်က ဘဝ၌ ချမ်းသာသည်ဟုဆိုရသူတို့ အနည်းငယ်မျှသာ ရှိ၍ ဆင်းရဲပင်ပန်းကြသူတို့သာများကြောင်းကို ဤသို့ မိန့်ကြားတော်မူသည်။

'ရဟန်းတို့၊ ဤဇမ္ဗူဒိပ်၌ မွေ့လျော်ဖွယ်ကောင်းသော အရံ၊ မွေ့လျော်ဖွယ်ကောင်းသောတော၊ မွေ့လျော်ဖွယ်ကောင်းသော မြေအရပ်၊ မွေ့လျော်ဖွယ်ကောင်းသောရေကန်သည် အနည်းငယ်မျှသာရှိ၏။ စင်စစ်သော်ကား ချိုင့်ဝှမ်းမြင့်မောက်သောမြေ၊ သွားလာကူးခက်သောမြစ်၊ သစ်ငုတ်ဆူးငြောင့်ရှိသောအရပ်၊ မညီညွတ်သောတောင်တို့သာ များကုန်သကဲ့သို့ ဤအတူပင် မွန်မြတ်သောထမင်းအရသာတို့ကို ရကြကုန်သော သူတို့သည် နည်းပါးကုန်၏။ စင်စစ်သော်ကား မွန်မြတ်သော ထမင်းအရသာတို့ကို

---

၁။ သံယုတ်၊ ပထမ။ စာမျက်နှာ–၁၇၂။

မရကြကုန်မူ၍ ခွက်လက်စွဲကာ တောင်း၍ရသောထမင်းဖြင့်
လည်းကောင်း၊ သစ်သီးကြီးငယ်ဖြင့်လည်းကောင်း မျှတကြကုန်
သော သူတို့သာ များကုန်၏။'[၁]

ထို့ကြောင့် တရားသည် မတရားသည် မဝေခွဲနိုင်ကြတော့။ ငွေရမည် ဥစ္စာရမည်ဆိုက ထင်မိထင်ရာလုပ်ကြတော့သည်။ နောင်ဘဝတွင် ပြင်းထန်သောဆိုးကျိုးများကိုဖြစ်စေပြီး ယခုဘဝတွင်လည်း မိမိတို့ဘာသာရေးကိုဖျက်ဆီးသည့် ဘာသာရေးသစ္စာဖောက်များအဖြစ် ကျရောက်စေသည့် ဗုဒ္ဓရုပ်ပွားများ၊ ဗုဒ္ဓသန္တကပစ္စည်းများ၊ သံဃိကပစ္စည်းများကို ခိုးယူရောင်းချဖျက်ဆီးသည့်အလုပ်များကိုပင် လုပ်ကြသည်။ ရုပ်တော်မူရုပ်ပွားတော်ကြီးတစ်ဆူကို ခိုးယူလာသည့်မိန်းမတစ်ယောက် လမ်းတွင် လူတွေနှင့်ဆုံမိသဖြင့် ကြံမိကြံရာလမ်းဘေးတွင်ချ၍ အဝတ်ခြုံပေးပြီး မိမိလင်သား လမ်းတွင်ဖျား၍ နင်းပေးနေဟန်လုပ်နေသည့် မိန်းမအကြောင်းကိုပင် သတင်းစာ၌ဖတ်လိုက်ရသည်။

ဤနေရာ၌ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဆင်းရဲသားတို့ ပစ္စုပ္ပန်ဘဝပြဿနာ ရှန်းကန်ဖြေရှင်းနေကြရပုံကို သရုပ်ဖော်ထားသည့် တေးထပ်ကလေးကို ဖတ်ကြည့်သင့်သည်။

ပစ္စုပ္ပန်တစ်ချက်လှည့်ပြန်တော့၊ ခက်စဖွယ်ဘေးဟာ၊
အသက်ရဲ့အရေးပါနော်၊ ကျွေးစရာလုပ်ငန်း။
အာဟာရလက်သုံးပိုင်အောင်၊ သက်ဆုံးတိုင်မျှောရခမန်း။
အားလပ်မှုတစ်နေ့တာ၊ မတွေ့ရာလွန်ပန်း။
ငွေ့အာသာဝန်ထမ်းမို့၊ ကျွန်စခန်းထွက်ကာ။
ဒုရာဓိ,စရိုက်ကြမ်းတွေနှင့်၊ အမိုက်စွမ်းဖွင့်လို့သာရှာ။
သက်မွေးမှုမနေသာတယ်၊ စေတနာလမ်းတာဖြောင့်နိုင်ဘု၊

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၃၈။

ဝမ်းစာကြောင့် စိတ်အလေ့ထန်မာန်၊ ကြိတ်မဟော့ကြဲဖန်။
ဟိုဘဝဟိုကိုယ်ခံမယ်၊ ဆိုလိုဟန်စကားနဲ့လေး။ ။

ဤသို့ဘဝပြဿနာလှုပ်ရှားဖြေရှင်းကြခြင်းသည်ပင် သူတို့အတွက် ကမ္မဘဝကို ဆည်းပူနေမိကြခြင်းဖြစ်နေတော့၏။

ဤသို့ ချမ်းသာနိုးနိုး မျှော်ကိုးရုန်းကန်ရင်း ဆံဖြူလာသည်။ နားအူလာသည်။ မျက်စိဝေလာသည်။ သေရွာပို့မည့်ရောဂါများ ခေါင်းပြူလာ၍ ထိုရောဂါကို ရှောင်ရင်းတိမ်းရင်း ဆေးကုရင်း နောက်ဆုံး ထိုရောဂါဖြင့်ပင် သေရွာသို့ သွားကြရသည်။

သူတို့၏ လူချမ်းသာဆိုသည်မှာ ဒါပဲဖြစ်၏။ သို့သော် အပါယ်လေးပါး၌ ဖြစ်ရသည်နှင့်စာလျှင်ကား ဒုက္ခပေါင်းများစွာ သက်သာခွင့်ရပါ၏။ ကုသိုလ်ဖြစ်ခွင့်တွေ့ရပါ၏။ လိုချင်၍ ယူတတ်လျှင်မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကိုပင် ရနိုင်ပါ၏။

ဤကား အပါယ်ဘဝထက် လူ့ဘဝသာလွန်မှုပင်တည်း။

**အထက်တန်းလွှာ**

လူ့ဘဝ အထက်တန်းလွှာ၌ ပါဝင်ကြသူတို့သည် 'ဉဋ္ဌာနဖလူပဇီဝိစေဝ ကမ္မဖလူပဇီဝိစ' [၁] ဟူသည့်အတိုင်း လုပ်အား၏အကျိုးကိုလည်း ခံစားခွင့်ရ၊ ကံ၏အကျိုးကိုလည်း ခံစားခွင့်ရကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကာမဂုဏ်ငါးပါးကို ပေးစွမ်းနိုင်သည့် ဉပဘောဂခေါ်သည့် ဇနီးများနှင့် ရွှေငွေစသည့် အတွင်း အသုံးအဆောင်များ ရှာဖွေတိုင်းရကြသည်။ ကာမဂုဏ်ချမ်းသာခံစားမှု၏ အထောက်အကူဖြစ်သည့် သားသမီးခြွေရံသင်းပင်းများ၊ တိုက်တာဉယျာဉ်များ၊ မော်တော်ကားစသော ဇိမ်ခံပစ္စည်းပရိဘောဂများ ပိုင်ဆိုင်ကြသည်။ ထိုအတွင်းအပ အသုံးအဆောင်များသည် ကာမသမားများအတွက် ဂုဏ်များဖြစ်သည်။

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ–၃၈၀။

ထိုသို့ အတွင်းအပအသုံးအဆောင်များ ပြည့်စုံကြွယ်ဝ၍ အတ္တိသုခကြီးမားသည့်အတွက် သူတို့ကို ဂုဏ်ကြီးရှင်များဟု ခေါ်ကြသည်။ အတ္တိသုခပြည့်စုံသောကြောင့် သုံးဆောင်ခံစားရသည့် ဘောဂသုခနှင့်လည်း ပြည့်စုံသည်။ ကြွေးကင်းသည့် အာနဏျသုခနှင့်လည်း ပြည့်စုံသည်။

သို့သော် 'လောဘကိုဆွဲ၍ဆန့်လျှင် ကမ္ဘာမဆုံးအောင်ရှည်သည်' ဟူသောစကားအတိုင်း ကြွယ်ဝသည်ထက် ကြွယ်ဝအောင် ခမ်းနားသည်ထက်ခမ်းနားအောင် ဆန်းပြားသည်ထက်ဆန်းပြားအောင် အားထုတ်ကြရသည်။ မျက်စိအာရုံ ပိုမိုခံစားနိုင်ရေးအတွက် မရမနေ ရှာမှီးကြသည်။ နားအာရုံခံစားမှု ပိုမိုရရှိအောင် လုံးပန်းကြသည်။ နှာခေါင်းအာရုံ ပိုမိုခံစားနိုင်ရေးအတွက် တွေးတောကြသည်။ လျှာအလိုကျအောင် အမျိုးစုံဖန်တီးစားသောက်ကြသည်။ အတွေ့မျိုးစုံ လိုက်စားကြသည်။ ဤသို့ တဏှာကျွန်အဖြစ် ပြေးလွှားရှာဖွေကြရသည်။

ဤသို့ ဓမ္မနည်းနှင့်ရော အဓမ္မနည်းနှင့်ပါ မရအရ ရှာဖွေစုဆောင်းထားသော အာရုံငါးပါး ကာမဂုဏ်တရားဖြစ်သော ဘောဂရိပ်ငြိမ်စည်းစိမ်ဟူသမျှသည် ရန်သူမျိုးငါးပါးနှင့်ဆက်ဆံနေရကား အမြဲစိုးရိမ်ကြောင့်ကြနေကြရသည်။ ပိတ်ရဆို့ရစောင့်ရနှင့် တဏှာ၏ကျက်စားစရာ ပစ္စည်းဥစ္စာပေါများလေလေ စောင့်ရှောက်ရသည့်ဒုက္ခ ပိုလေဖြစ်သည်။ လွတ်လပ်မှုမရှိ၊ ဥစ္စာစောင့် ဒရဝမ်အဖြစ်သို့ ရောက်နေကြရသည်။

ထိုသို့ စောင့်ရှောက်ထိန်းသိမ်းသည့်အကြားမှ မီးလောင်မှု ရေဖျက်မှု တစ်ခုခုကြုံကြရသော်လည်းကောင်း၊ သူခိုးဓားပြ ခိုးယူလုယက်မှုခံကြရသော်လည်းကောင်း၊ မင်း၏သိမ်းယူမှုခံကြရသော်လည်းကောင်း ရှုးသွပ်မတတ် စိတ်ဒုက္ခခံကြရသည်။ အချို့ရူးကြသည်။ ဥစ္စာပစ္စည်းအပေါ် တွယ်တာစွဲလမ်းသော တဏှာလောဘအားကြီးလေ ဒုက္ခအားကြီးလေဖြစ်သည်။

ထို့ပြင် မိမိ၏အိုးအိမ်စည်းစိမ် ဂုဏ်သိန်မျိုး အခြားသူတို့ရရှိမည်ကို မလိုလားမှု ဝန်တိုရသည့် ဒုက္ခ၊ သူတစ်ပါး ချမ်းသာတိုးတက်မှုကို မရှုဆိတ်နိုင်မှု ငြူစူရသည့်ဒုက္ခတို့လည်း အထက်တန်းလွှာ၌ ပွမ်းပွမ်းထလျက်ရှိသည်။

ထို့ပြင် ဂုဏ်ကြီးရှင်ပီပီ ပြောရဆိုရ ဆက်ဆံရ လောကဝတ်ကျေအောင် ဟန်ဆောင်နှုတ်ဆက်ရ၊ ဖိတ်ခေါ်ရ၊ ပြုံးရယ်ရ၊ ဧည့်သည်တို့ရှေ့၌ မိမိဂုဏ်ကို မသိမသာဖော်ရ၊ မိမိနှင့်စပ်သူတို့၏ဂုဏ်တို့ကို ပြောဆိုရ၊ အပြစ်ချွတ်ယွင်းချက်တို့ကို ဖုံးဖိရ၊ ဧည့်သည်တို့၏ ကြွားလုံးတို့ကို ဟန်လုပ်နားထောင်ရ၊ ထောက်ခံချီးကျူးရ၊ ဤသို့ ဟန်ဆောင်မှုဒုက္ခတို့ကလည်း မြို့ကြီးသား မြို့ကြီးသူတို့ အထက်လွှာတို့၌ စိတ်ပျက်ဖွယ်ရာ ကြီးမားလှသည်။

မန္တလေးမြို့ မြို့လယ်တစ်နေရာ တိုက်တစ်တိုက်၌ ဆွမ်းခံရောက်နေစဉ် အထက်တန်းလွှာတို့၏ ဆက်ဆံရေးကို ကြုံခဲ့ရဖူး၏။ ဆွမ်းခံအိမ်မှ ဒါယိကာမကြီးသည် တိုက်ရှေ့၌ ပြုဖွယ်ကိစ္စဆောင်ရွက်ရင်းလမ်းလျှောက်လာသော အသက် ၆၀–ကျော် ဒကာကြီးတစ်ယောက်နှင့် မျက်နှာချင်းဆုံမိရာမှ 'ဩော်–ဝင်ပါဦးလား'ဟု နှုတ်ဆက်လိုက်ရာဒကာကြီးဝင်လာပြီး စကားလက်ဆုံကျနေကြသည်။ မိမိမှာ ပြောဆိုဆက်ဆံပုံယဉ်ကျေး၍ အချင်းချင်းငဲ့ညှာထောက်ထားပုံကို မြင်ရသဖြင့် 'မိတ်ရင်းဆွေရင်းများ တွေ့ဆုံကြတာပဲ'ဟု ထင်နေမိသည်။ ဒကာကြီး ပြန်ထွက်သွားသောအခါ ဒါယိကာမကြီးက လမ်းပေါ်အရောက် လိုက်ပို့ နှုတ်ဆက်ပြီး ပြန်ဝင်လာရင်း 'ဒီလူက ရေးကတော့ မြို့မျက်နှာဖုံးထဲကပေါ့၊ လူလည်လူရှုပ်ကြီး'ဟုပြောလိုက်ရာ မိမိမှာ လွန်စွာအံ့ဩထိတ်လန့်သွားလေသည်။

ဤသို့ ကာမဂုဏ်ပေါသည့် ဂုဏ်ရှိသူအချင်းချင်းအပေါ် ဂုဏ်ဖြင့်ဖိ၍ ဟန်ဆောင်နိုင်ကြသော်လည်း ခန္ဓာငါးပါးနှင့်အမြဲကပ်ပါလာသည့်

အနာရောဂါတို့ကိုလည်းကောင်း၊ ဆံဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ နားအူခြင်း၊ အရေတွန့်ခြင်း၊ ခါးကိုင်းခြင်း စသည့် ဇရာဒုက္ခတို့ကိုလည်းကောင်း၊ ထိုဂုဏ်တို့ဖြင့် ဖုံးဖိပိတ်ဆို့၍ ရနိုင်ကောင်းသည် မဟုတ်ပေ။ နောက်ဆုံး ထိုဗျာဓိဘေး ဇရာဘေးတို့ကပင် မရဏဘေးကြီးရှိရာသို့ တွန်းပို့သည်ကို ခံကြရတော့သည်။

ထို့ပြင် ချစ်ခင်သည့် သား လင် ခင်ပွန်းတို့နှင့် ရှင်ကွဲ သေကွဲကွဲရသည့် ဒုက္ခ၊ ရွံရှာမုန်းတီးသူတို့နှင့် တွဲဖက်လုပ်ကိုင်နေထိုင်စားသောက်ရသည့် ဒုက္ခတို့နှင့်လည်း ကင်းကြသည်မဟုတ်ပေ။

ဤနေရာ၌ စီးပွားရှာပုံ၊ ရှာဖွေရရှိပြီး စီးပွားတို့ကို သုံးဆောင်ခံစားပုံနှင့် ဆက်စပ်၍အင်္ဂုတ္တရပါဠိတော် ဒသကနိပါတ် (စာမျက်နှာ-၃၉၈)၌ ဘုရားရှင်ဝေဖန်ဟောကြားထားသည်မှာ မှတ်သားဖွယ်ရာကောင်းလှပေသည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့ ဇေတဝန်ကျောင်းတော်၌ အနာထပိဏ်သူဌေးအား ဤသို့ ဟောကြားတော်မူ၏။

'သူကြွယ်၊ ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်ပြု၍ မတရားစီးပွားရှာ၏။ အနိုင်အထက်ပြု၍ မတရားစီးပွားရှာပြီး မိမိကိုယ်ကို မချမ်းသာ မနှစ်သက်စေ(ကိုယ်တိုင်မခံစား) ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကို မပြု။ (ပထမ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်ပြု၍ မတရားစီးပွားရှာပြီး မိမိကိုယ်ကို ချမ်းသာနှစ်သက်စေ၏။ ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကို မပြု။ (ဒုတိယ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်ပြု၍ မတရားစီးပွားရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာနှစ်သက်စေ၏။ ခွဲဝေမျှတမှုတို့ကို မပြု။ (တတိယ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်ပြု၍လည်းကောင်း၊ အနိုင်အထက်မပြု၍လည်းကောင်း၊ တရားနည်းဖြင့်ရော မတရားနည်းဖြင့်ပါ စီးပွားရှာ၏။ အနိုင်အထက်ပြု၍လည်းကောင်း၊ အနိုင်အထက်မပြု၍လည်းကောင်း၊ တရားနည်းဖြင့်ရော မတရားနည်းဖြင့်ပါ စီးပွားရှာပြီး မိမိကိုယ်ကို မချမ်းသာ မနှစ်သက်စေ၊ ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကို မပြု။ (စတုတ္ထ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် တရားနည်းဖြင့်ရော မတရားနည်းဖြင့်ပါ စီးပွားရှာပြီး မိမိကိုယ်ကို ချမ်းသာနှစ်သက်စေ၏။ ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကို မပြု။ (ပဉ္စမ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် တရားနည်းဖြင့်ရော မတရားနည်းဖြင့်ပါ စီးပွားရှာပြီး မိမိကိုယ်ကို ချမ်းသာနှစ်သက်စေ၏။ ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကို ပြု၏။ (ဆဋ္ဌ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာ၏။ အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာပြီး မိမိကိုယ်ကို မချမ်းသာမနှစ်သက်စေ၊ ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကိုမပြု။ (သတ္တမ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာပြီး မိမိကိုယ်ကို ချမ်းသာနှစ်သက်စေ၏။ ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကို မပြု။ (အဋ္ဌမ)

'အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာပြီး မိမိကိုယ်ကို ချမ်းသာနှစ်သက်စေ၏။ ခွဲဝေမျှတ၏။ ကောင်းမှုတို့ကို ပြု၏။ ထိုစည်းစိမ်တို့ကို မက်မက်မောမော တွေတွေဝေဝေ နှစ်နှစ်ခြိုက်ခြိုက် အပြစ်ကိုမမြင် (ဘဝမှ) ထွက်မြောက်နိုင်အောင် ဉာဏ်မယှဉ်ဘဲ သုံးဆောင်၏။ (နဝမ)

'သူကြွယ်၊ ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူတို့သည် အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာပြီး မိမိကိုယ်ကို ချမ်းသာ နှစ်သက်စေ၏။ ခွဲဝေမျှတ၏။ ကောင်းမှုတို့ကို ပြု၏။ ထိုစည်းစိမ်တို့ကို မမက်မောဘဲ မတွေဝေဘဲ နှစ်နှစ်ခြိုက်ခြိုက်မဟုတ်ဘဲ အပြစ်မြင်လျက် (ဘဝမှ) ထွက်မြောက်နိုင်သော ဉာဏ်နှင့်ယှဉ်လျက်သုံးဆောင်၏။(ဒသမ)

ဘုရားရှင်သည် ဤသို့ စီးပွားရှာပုံ၊ ရှာပြီးစီးပွားကို သုံးဆောင်ပုံနှင့်စပ်၍ ကွဲပြားသော ပုဂ္ဂိုလ် ၁၀–မျိုးတို့ကို ဟောကြားပြီး ထိုပုဂ္ဂိုလ် ၁၀–မျိုးတို့အပေါ် ဖော်ပြမည့်အတိုင်း အကောင်းအဆိုး ခွဲခြားရှင်းပြတော်မူသည်။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(ပထမ)ကာမဂုဏ်ခံစားသူကို အကြောင်းသုံးမျိုးတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ 'အနိုင်အထက်ပြု၍ မတရားစီးပွားရှာသည်'ဟူသော ဤပထမအကြောင်းနှင့် ကဲ့ရဲ့ထိုက်၏။ 'မိမိကိုယ်ကို မချမ်းသာ မနှစ်သက်စေ'ဟူသော ဤဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ 'ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကိုမပြု'ဟူသော ဤတတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ်၊ ဤသူကို ဤအကြောင်းသုံးမျိုးတို့ဖြင့် ကဲ့ရဲ့ထိုက်၏။

'သူကြွယ်၊ ဤ၁၀–မျိုးတို့တွင် ဤ(ဒုတိယ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်ပြု၍ မတရားစီးပွားရှာသည်'ဟူသော ဤပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ 'မိမိကိုယ်ကို ချမ်းသာနှစ်သက်စေသည်'ဟူသော တစ်ခုသောအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'ခွဲဝေမျှတခြင်းမရှိ၊ ကောင်းမှုတို့ကိုမပြု'ဤဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ်၊ ဤသူကို ဤနှစ်ပါးသောအကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ ဤတစ်ပါးသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏။

'သူကြွယ်၊ ထို၁၀–မျိုးတို့တွင် (တတိယ)ကာမဂုဏ်ခံစားသူကို

'အနိုင်အထက်ပြု၍ မတရားစီးပွားရှာသည်'ဟူသော ဤတစ်ခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ 'မိမိကိုယ်ကို ချမ်းသာနှစ်သက်စေသည်' ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'ခွဲဝေမျှတသည့် ကောင်းမှုတို့ကိုပြုသည်'ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ သူကြွယ်၊ ဤသူကို ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ ဤသုံးခုသောအကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(စတုတ္ထ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာသည်'ဟူသော ဤတစ်ခု သော အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'အနိုင်အထက်ပြု၍ မတရားစီးပွား ရှာသည်'ဟူသော ဤပထမအကြောင်းသည် ကဲ့ရဲ့ထိုက်၏။ 'မိမိကိုယ်ကို မချမ်းသာမနှစ်သက်စေ'ဟူသော ဤဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ 'ခွဲဝေမျှတခြင်းမရှိ ကောင်းမှုတို့ကိုမပြု'ဟူသော ဤတတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ်၊ ဤသူကို ဤတစ်ခုသောအကြောင်းဖြင့် ချီးမွမ်း ထိုက်၏။ ဤသုံးခုသောအကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(ပဥ္စမ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာသည်'ဟူသော ဤပထမ အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'အနိုင်အထက်ပြု၍ မတရားစီးပွား ရှာသည်'ဟူသော ပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ 'မိမိကိုယ်ကို ချမ်းသာနှစ်သက်စေသည်'ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်း ထိုက်၏။ 'ခွဲဝေမျှတခြင်းမရှိ ကောင်းမှုတို့ကိုမပြု'ဟူသော ဤဒုတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ်၊ ဤသူကို ဤနှစ်ခုသောအကြောင်း တို့ဖြင့် ချီးမွမ်းထိုက်၏။ ဤနှစ်ခုသောအကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(ဆဋ္ဌ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာသည်'ဟူသော ဤပထမ

အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'အနိုင်အထက်ပြု၍ မတရားစီးပွားရှာသည်'ဟူသော ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ 'မိမိကိုယ်ကို ချမ်းသာနှစ်သက်စေသည်'ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'ခွဲဝေမျှတသည့် ကောင်းမှုတို့ကိုပြုသည်'ဟူသော ဤတတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ သူကြွယ်၊ ဤသူကို ဤသုံးခုသောအကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။ ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(သတ္တမ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာသည်'ဟူသော ဤတစ်ခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'မိမိကိုယ်ကို မချမ်းသာမနှစ်သက်စေ'ဟူသော ဤပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ 'ခွဲဝေမျှတခြင်းမရှိကောင်းမှုတို့ကိုမပြု'ဟူသော ဤဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ်၊ ဤသူကို ဤတစ်ခုသောအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ ဤနှစ်ခုသောကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(အဋ္ဌမ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာသည်'ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'မိမိကိုယ်ကို ချမ်းသာနှစ်သက်စေသည်'ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'ခွဲဝေမျှတခြင်းမရှိကောင်းမှုတို့ကိုမပြု'ဟူသော ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ်၊ ဤသူကို ဤနှစ်ခုသောအကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။ ဤတစ်ခုသောကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(နဝမ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာသည်'ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'မိမိကိုယ်ကို ချမ်းသာနှစ်သက်စေသည်'

ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'ခွဲဝေမျှတသည် ကောင်းမှုတို့ကိုပြုသည်'ဟူသော ဤတတိယအကြောင်းဖြင့် ချီးမွမ်း ထိုက်၏။ 'ထိုစည်းစိမ်တို့ကို မက်မက်မောမော တွေတွေဝေဝေ နှစ်နှစ်ခြိုက်ခြိုက် အပြစ်မမြင် (ဘဝမှ)ထွက်မြောက်နိုင်သော ဉာဏ်မယှဉ်ဘဲ သုံးဆောင် သည်'ဟူသော ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ်၊ ဤသူကို ဤသုံးခုသောအကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။ ဤတစ်ခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

'သူကြွယ်၊ ထို ၁၀–မျိုးတို့တွင် ဤ(ဒသမ)ကာမဂုဏ်ခံစားသူကို 'အနိုင်အထက်မပြုမူ၍ တရားသဖြင့် စီးပွားရှာသည်'ဟူသော ဤပထမ အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'မိမိကိုယ်ကို ချမ်းသာနှစ်သက်စေသည်' ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ 'ခွဲဝေမျှတသည်၊ ကောင်းမှုတို့ကိုပြုသည်'ဟူသော ဤတတိယအကြောင်းဖြင့် ချီးမွမ်း ထိုက်၏။ 'ထိုစည်းစိမ်တို့ကို မမက်မောဘဲ မတွေဝေဘဲ နှစ်နှစ်ခြိုက်ခြိုက် မဟုတ်ဘဲ အပြစ်မြင်လျက် (ဘဝမှ)ထွက်မြောက်နိုင်သော ဉာဏ်ယှဉ် လျက် သုံးဆောင်သည်'ဟူသော ဤစတုတ္ထအကြောင်းတို့ဖြင့်လည်း ချီးမွမ်းထိုက်၏။ သူကြွယ်၊ ဤသူကို ဤလေးခုသောအကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏'

ဤပုဂ္ဂိုလ် ၁၀–မျိုးတို့တွင်–

နဝမပုဂ္ဂိုလ်သည် စီးပွားရှာရာ၌လည်းကောင်း၊ ရှာပြီးစီးပွားကို သုံးစွဲခံစားရာ၌လည်းကောင်း၊ အပြစ်မရှိသော်လည်း ဝဋ္ဋာဘိရတ=ဘဝ၌ နှစ်ခြိုက် ပျော်ပိုက်နေသူဖြစ်၍ ထိုသူ့ကို ဘုရားရှင် ချီးမွမ်းတော်မမူပေ။

ဒသမပုဂ္ဂိုလ်ကိုသာ စီးပွားရှာရာ၌လည်းကောင်း၊ ရှာပြီးစီးပွားကို သုံးစွဲခံစားရာ၌လည်းကောင်း၊ အပြစ်ကင်းရုံမက ဘဝပြစ်ကိုမြင်ပြီး ဘဝ လွတ်မြောက်ရေး ရှေးရှုနေသူဖြစ်၍ 'နို့ရည်၊ နို့ဓမ်း၊ ဆီဥ၊ ထောပတ်၊

ထောပတ်ကြည်' ဟူသော ဂေါရသငါးပါးတို့တွင် 'သပ္ပိမဏ္ဍ' ဟူသော ထောပတ်ကြည်သည် အမြတ်ဆုံးဖြစ်သကဲ့သို့ ကာမဂုဏ်ခံစားသူတို့တွင် အမြတ်ဆုံးဖြစ်ကြောင်း မှတ်ချက်ချတော်မူသည်။

'စည်းစိမ်ငါးပါး၊ အတွင်းအသုံးအဆောင်၊ အပအသုံးအဆောင်' ဟူသော ကာမဂုဏ် ဓနဂုဏ်ရှိသူများသည် ယင်းဂုဏ်တို့၌ ငဲ့ကွက်သော အနှောင်အဖွဲ့ အားကြီးသူများဖြစ်သည်။ ထို့ကြောင့် သူတို့သည် ကာမဂုဏ် လောကမှ ထွက်မြောက်နိုင်ခဲကုန်၏။

တစ်နေ့သောအခါ ကောသလမင်းကြီးသည် များစွာသောလူတို့ကို ချုပ်နှောင်ထားစေအပ်၏။ အချို့ကိုကြိုးတို့ဖြင့် အချို့ကို ထိပ်တုံးတို့ဖြင့် အချို့ကိုသံခြေချင်းတို့ဖြင့် ချုပ်နှောင်ထားစေ၏။

ထိုအကြောင်းကို ဆွမ်းခံရာမှ ပြန်လာကြသည့် ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က–

'သံဖြင့်ပြုအပ်သော အနှောင်အဖွဲ့တို့ကိုလည်းကောင်း၊ သစ်သားဖြင့် ပြုအပ်သော အနှောင်အဖွဲ့တို့ကိုလည်းကောင်း၊ ပြိတ်မြက်ဖြင့် ပြုအပ်သော အနှောင်အဖွဲ့တို့ကိုလည်းကောင်း၊ ခိုင်မြဲသောအနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကုန်။ ပတ္တမြားနားတောင်းတို့၌လည်းကောင်း၊ သားသမီးတို့၌လည်းကောင်း၊ မယားတို့၌လည်းကောင်း၊ အလွန်အမင်း တပ်နှစ်သက်ခြင်းသည် ငဲ့ကွက်ခြင်းသည် ရှိ၏။

'အပါယ်လေးပါးသို့ဆောင်တတ်သည့် ခပ်လျော့လျော့ထင်ရသော အဖြေခက်သည့် ဤငဲ့ကွက်ခြင်းအနှောင်အဖွဲ့ကိုသာ ခိုင်မြဲသောအနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ဆိုကုန်၏'ဟု မိန့်ကြားမြွက်ဆိုတော်မူသည်။ [၁]

ကောသလမင်းကြီးသည် ဘုရားရှင်အား–

'မြတ်ကုန် များကုန်သော စည်းစိမ်ဥစ္စာတို့ကို ရကုန်သော် စည်းစိမ်

၁။ သံယုတ်၊ ပထမ။ စာမျက်နှာ–၇၆။

မယစ်ကုန်သော မမေ့မလျော့ကုန်သော ကာမဂုဏ်၌တပ်မက်ခြင်းသို့ မရောက်ကုန်သော သတ္တဝါတို့အပေါ်၌ အကျင့်မဖောက်ပြန်ကုန်သော သတ္တဝါတို့သည် လောက၌ အလွန်နည်းပါးကုန်၏။ စင်စစ်သော်ကား မြတ်ကုန်များကုန်သော စည်းစိမ်ဥစ္စာတို့ကို ရကုန်သော် စည်းစိမ်ယစ်ကုန်သော မေ့လျော့ကုန်သော ကာမဂုဏ်၌ တပ်မက်ကုန်သော သတ္တဝါတို့အပေါ်၌ အကျင့်ဖောက်ပြန်ကုန်သော သတ္တဝါတို့သာ လောက၌ များကုန်၏’ဟု စဉ်းစားမိပါကြောင်းလျှောက်ထားရာ ဘုရားရှင်က ဟုတ်မှန်ကြောင်း ထောက်ခံ၍-

‘အကြင်သူတို့သည် ကာမစည်းစိမ်တို့၌ အလွန်တပ်မက်ကုန်သည်၊ ကာမဂုဏ်တို့၌ မက်မောကုန်သည်၊ တွေဝေကုန်သည်ဖြစ်၍ သားကောင်တို့သည် ထောင်ထားအပ်သော ကျော့ကွင်းကို မသိကုန်သကဲ့သို့ မိမိလွန်ကျူးမှုကို မသိကုန်။ ထိုသူတို့အတွက် နောင်အခါ၌ ခါးစပ်သော အကျိုးသည် ဖြစ်ပေါ်၏။ မှန်၏။ ထိုသူတို့အတွက် အကျိုးတရားသည် ယုတ်ညံ့လှ၏’[၁]ဟု မိန့်တော်မူ၏။

ထို့ကြောင့် ကာမဂုဏ်,မနဂုဏ်တို့၏ အနှောင်အဖွဲ့ကိုမခံရဘဲ ယင်းဂုဏ်တို့ကို အရင်းအနှီးပြု၍ ယင်းဂုဏ်တို့၏အပြစ်ကိုရှုပြီး ဒသမနံပါတ် ကာမဘောဂီပုဂ္ဂိုလ်ကဲ့သို့ ကျင့်သုံးနိုင်ပါက ‘ဓောတိပရာယန= အလင်းဘက်သို့ ဦးလှည့်တက်လှမ်းသူ’ ဖြစ်ကြပေလိမ့်မည်။[၂]

ယင်းသို့မဟုတ်မူဘဲ ကာမဂုဏ် ခနဂုဏ်တို့ကို အကြောင်းပြု၍ ‘အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ကျေးဇူးကိုချေဖျက်ခြင်း၊ ပြိုင်ဆိုင်ခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း၊ မိမိအပြစ်ကိုဖုံးကွယ်ခြင်း၊ ကောက်ကျစ်လှည့်ပတ်ခြင်း၊ ဒုစရိုက်ပြုရမည်ကို မရှက်မလန့်ခြင်း ဟူသော အကုသိုလ်

၁။ သံယုတ်၊ ပထမ။ စာမျက်နှာ-၇၃၊၇၄။
၂၊ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၃၉၇။

တရားတို့၏ကြီးစိုးရာ ဂုဏ်မက်သည့် အထက်တန်းလွှာ အများစုကြီးနှင့် အတူ ရောနှောမျှောပါနေလျှင်ကား 'တမပရာယန=အမှောင်ဘက်သို့ ဦးလှည့်နေသူများ'[၁] ဖြစ်ကြရပေလိမ့်မည်။

**အုပ်စိုးသူ**

'အုပ်စိုးသူတို့မှာ လူထုက တင်မြှောက်ထားရသူများဖြစ်သည်။ သူတို့အား လူထုက အခွန်ပေး၍ အုပ်ချုပ်ရေးအာဏာကို အပ်နှင်းထားပေသည်။ ဤနေရာ၌ အုပ်စိုးသူပေါ်လာရခြင်းအကြောင်းနှင့် သူတို့၏မူလတာဝန်ကို မှတ်သားထားသင့်ပေသည်။

'အုပ်စိုးသူ'ဆိုသည်မှာ အစက ရှိသည်မဟုတ်၊ သူတစ်ပါးအဖို့ အစုကို မပေးဘဲယူသည့် (အဒိန္နာဒါန)အမှု ပေါ်ပေါက်လာသည့်ကာလ ရောက်မှသာ စတင်ပေါ်လာရသည်။

သလေးစပါးခင်းတို့ကို အများဆိုင်ထားခဲ့ရာမှ တရားမဲ့ ရိတ်သိမ်းယူငင်ကြသဖြင့် ခွဲဝေယူကြပြီး ပုဂ္ဂလိကပိုင် သတ်မှတ်လိုက်ကြရသည်။ ထိုအခါ တစ်ယောက်သောသူသည် မိမိပိုင်အခင်းကို စောင့်ရှောက်ပြီး သူတစ်ပါးအခင်းမှ မပေးဘဲ ယူလေသည်။ သူ့ကို လူအများက နောက်တစ်ဖန် ဤအပြုအမူမျိုးမပြုရန် ပြောဆိုတားမြစ်ကြလေသည်။ ထိုသူသည် 'ကောင်းပါပြီ'ဟု ဝန်ခံ၍ သုံးကြိမ်တိုင်တိုင် ဆက်လက်ကျူးလွန်လေသည်။

ထို့ကြောင့် သူ့ကို ဖမ်း၍–

'အချင်း၊ သင်သည် ယုတ်ညံ့သောအမှုကို ပြု၏။ သင်သည် မိမိအဖို့ကို စောင့်ရှောက်၍ သူတစ်ပါးအဖို့ကို မပေးဘဲ ယူ၍ စားသုံး၏။ အချင်း၊ သင်သည် နောက်တစ်ဖန် ဤသို့သော အပြုအမူမျိုးကို မပြုလင့်'ဟုဆို၍ လက်ဖြင့် ပုတ်ခတ်ကုန်၏။ အချို့က ခဲဖြင့် ပေါက်ကုန်၏။ အချို့က တုတ်ဖြင့် ရိုက်ကုန်၏။

---

၁၊ အင်္ဂုတ္တိုရ်၊ပထမ။စာမျက်နှာ–၃၉၇။

ထို့နောက် သူတို့စည်းဝေးကုန်၍–

'အချင်းတို့၊ သတ္တဝါတို့၌ အယုတ်တရားတို့သည် ထင်ရှားဖြစ်ကုန်ပြီ။ မပေးဘဲယူမှု ထင်ရှားပေါ်လာပြီ။ ထို့ကြောင့် ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချသည့်၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့သည့်၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်သည့် တစ်ယောက်သောသူကို ငါတို့ သမုတ်ကုန်အံ့။ ထို့ပြင် ငါတို့သည် ထိုသူအား သလေးဆန်တို့၏ အဖို့အစုတို့ကို ပေးကုန်အံ့'ဟု တိုင်ပင်ကုန်၍ သူတို့ထဲမှ အဆင်းအားဖြင့် သာလွန်သော၊ ရှုချင့်စဖွယ်ရှိလှသော ရုပ်သွင်ကြည်လင်လှသော အရှိန်ဩဇာပိုမိုသူထံ ချဉ်းကပ်၍–

'အရှင်ကြွပါ၊ ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချပါ၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့ပါ၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်ပါ၊ အရှင့်အား အကျွန်ုပ်တို့က သလေးဆန်တို့၏ အဖို့အစုကို ပေးဆက်ပါကုန်အံ့'ဟု အုပ်စိုးသူအဖြစ် တင်မြှောက်၍ အာဏာအပ်နှင်းကြကုန်၏။

ထိုအုပ်စိုးသူနှင့်စပ်၍ အမည်သုံးမျိုးပေါ်လာပုံကို ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူသည်။

'ဝါသေဋ္ဌ၊ လူအများတို့ သမုတ်အပ်သောကြောင့် 'သမ္မတ၊ သမ္မတ'ဟူသော ပထမဝေါဟာရ ပေါ်လာရ၏။ ဝါသေဋ္ဌ၊ လယ်မြေတို့၏ အရှင်ဖြစ်သောကြောင့် 'ခတ္တိယ၊ ခတ္တိယ'ဟူသော ဒုတိယဝေါဟာရပေါ်လာရ၏။ ဝါသေဋ္ဌ၊ တရားသဖြင့် သူတစ်ပါးတို့ကို နှစ်သက်စေ တတ်သောကြောင့် 'ရာဇာ၊ ရာဇာ'ဟူသော တတိယဝေါဟာရ ပေါ်လာရ၏။'[၁]

ဤသို့ လူထုဆန္ဒအရ ပေါ်ပေါက်လာရသော ထိုမဟာသမ္မတမင်း၏ မူလတာဝန်များမှာ လူထုကဆက်သွင်းသော ဆယ်ဖို့တစ်ဖို့ သဿမေဓ=

---

၁။ ပါထေယျ။ စာမျက်နှာ–၇၆၊၇၇။

လယ်ခွန်တော်တို့ကို လက်ခံ၍ ရှုတ်ချသင့်သူကို တရားသဖြင့် ရှုတ်ချခြင်း၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့ခြင်း၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်ခြင်းပြုကာ ခိုးမှုလုမှုကင်းအောင်၊ တစ်ဦးတစ်ယောက်အပေါ် ကဲ့ရဲ့ရှုတ်ချမှုမပြုအောင်၊ မဟုတ်မမှန် ပြောဆိုမှုကင်းအောင်၊ တုတ်ကိုင်မှုမရှိအောင် စောင့်ရှောက်ရခြင်းမျှသာ ဖြစ်သည်။

ဤမျှ ဆောင်ရွက်ရုံဖြင့် တိုင်းပြည်ငြိမ်ဝပ်ပိပြား၍ တံခါးဖွင့်အိပ်နိုင်သည့် အဆင့်သို့ရောက်ကာ အေးငြိမ်းချမ်းသာလေသည်။

ထို့ကြောင့် ‘မင်းနှင့်အမတ်ကြီး စသူတို့သည် လုပ်အားအကျိုးကံအကျိုး နှစ်မျိုးလုံး ခံစားခွင့်ရသူများ’ဟု အင်္ဂုတ္တရအဋ္ဌကထာ(၃၊၃၃၇)၌ မှတ်ချက်ချသည့်အတိုင်း မင်းအား ထိုက်တန်သော=ရာဇာရဟကာမဂုဏ်စည်းစိမ်များ၊ သမီးကညာရတနာ၊ ဆင်မြင်းစသော အဆောင်အယောင်=ရာဇဘောဂများနှင့် ပြည့်စုံကြွယ်ဝ၍ မင်းစည်းစိမ်ကို ခေတ်ကာလအလျောက် ခံစားနိုင်ကြပေသည်။ ဥပုသ်စောင့်သုံးခြင်းစသော နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှုတို့ကိုလည်း စိတ်အေးချမ်းသာ ပြုနိုင်ကြပေသည်။

ယခုခေတ်၌ကား သတ္တဝါတို့ (လူထုထဲ)၌ အယုတ်တရားတို့မှာ ရေတွက်ရန် ခက်လောက်အောင် ပေါ်ပေါက်နေသောကြောင့်လည်းကောင်း၊ အုပ်စိုးသူတို့ကိုယ်တိုင်က ဉာတတ္ထစရိယခေါ်သော အမျိုးသားထုတစ်ရပ်လုံး၏ အရေးအရာတို့ကို ရှေးကထက် ပိုမိုတာဝန်ယူ ကျင့်သုံးလာခြင်းကြောင့်လည်းကောင်း၊ လောကတ္ထစရိယခေါ်သော ကမ္ဘာ့အရေးအရာများပါ တာဝန်ယူပါဝင်ဆောင်ရွက် ကျင့်သုံးနေခြင်းကြောင့်လည်းကောင်း၊ အရေးကိစ္စပေါင်း သောင်းခြောက်ထောင်ကို နေ့စဉ် ဖြေရှင်း ဆောင်ရွက်နေကြရပေသည်။ ထို့ကြောင့် သူတို့၏ မင်းစည်းစိမ်သည် စိတ်မောဖွယ်ကောင်းလှတော့သည်။ သူတို့ ဤမျှ ကြိုးစားဆောင်ရွက်နေကြခြင်းကြောင့်လည်း တိုင်းပြည်နှင့်လူမျိုး တိုးတက်သင့်သလောက် တိုးတက်

လာရပေသည်။ သို့သော် ပုထုဇဉ်လူသားအားလုံး၏ အလိုဆန္ဒကိုကား ပြည့်ဝအောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။

အခါတစ်ပါး ဘုရားရှင်သည် ကောသလတိုင်း ဟိမဝန္တာအရပ် တောရကျောင်းငယ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မတရားဒဏ် အမျိုးမျိုး၊ မတရားအခွန်အမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်မင်းပြုကြသည့် မင်းတို့နှင့်စပ်၍ 'ကိုယ်တိုင်လည်းမသတ်၊ သူတစ်ပါးကိုလည်း မသတ်စေဘဲ၊ သူတစ်ပါး ပျက်စီးဆုံးရှုံးမှုကို ကိုယ်တိုင်လည်းမပြု သူတစ်ပါးကိုလည်း မပြုစေဘဲ၊ ကိုယ်တိုင်လည်း စိုးရိမ်မှုမဖြစ် သူတစ်ပါးစိုးရိမ်မှုကို ကိုယ်တိုင်လည်းမပြု သူတစ်ပါးကိုလည်းမပြုစေဘဲ တရားသဖြင့် မင်းရေး ကိစ္စကို ဆောင်ရွက်နိုင်အံ့လော'ဟု အကြံဖြစ်တော်မူသည်။

ထိုအခါ အခွင့်ကောင်းချောင်းနေသည့် မာရ်နတ်က ဘုရားရှင် အကြံတော်ကိုသိ၍ 'ရဟန်းဂေါတမသည် မင်းပြုလိုသည် ဖြစ်လတ္တံ့'ဟု ကြံပြီး 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကိုယ်တိုင်လည်း မသတ် သူတစ်ပါးကိုလည်း မသတ်စေဘဲ၊ သူတစ်ပါး ပျက်စီးဆုံးရှုံး မှုကို ကိုယ်တိုင်မပြု သူတစ်ပါးကိုလည်း မပြုစေဘဲ၊ ကိုယ်တိုင်လည်း စိုးရိမ်မှုမဖြစ် သူတစ်ပါးစိုးရိမ်မှုကို ကိုယ်တိုင်လည်းမပြု သူတစ်ပါးကို လည်း မပြုစေဘဲ တရားသဖြင့် မင်းပြုတော်မူပါ'ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က 'မာရ်နတ်၊ သင်သည် အဘယ်ကိုမြင်၍ ဤသို့ လျှောက်ထားသနည်း'ဟု မေးတော်မူ၏။ မာရ်နတ်က–

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို ပွားစေအပ်ပါကုန်ပြီ၊ ကြိမ်ဖန်များစွာ အားထုတ် အပ်ပါကုန်ပြီ၊ ယာဉ်ကဲ့သို့ ပြုအပ်ပါကုန်ပြီ၊ တည်ရာကဲ့သို့ ပြုအပ်ပါကုန်ပြီ၊ အစဉ်တည်စေအပ်ပါကုန်ပြီ၊ ထက်ဝန်းကျင်မှ ဆည်းပူးအပ်ပါကုန်ပြီ၊ ကောင်းစွာ အားထုတ်အပ်ပါကုန်ပြီ၊ (ထို့ကြောင့်) အရှင်ဘုရားအလို

ရှိ၍ ဟိမဝန္တာတောင်မင်းကို ရွှေဟု နှလုံးသွင်းလျှင် ရွှေဖြစ်ရာပါ၏’ဟု လျှောက်၏။

(ဟိမဝန္တာတောင်မင်းကို အလိုရှိက ရွှေဖြစ်စေနိုင်သော အရှင်ဂေါတမလိုပုဂ္ဂိုလ် မင်းပြုပါက ကိုယ်တိုင်လည်းမသတ် သူတစ်ကိုလည်း မသတ်စေဘဲ၊ သူတစ်ပါး ပျက်စီးဆုံးရှုံးမှုကို ကိုယ်တိုင်လည်းမပြု၊ သူတစ်ပါးကိုလည်းမပြုစေဘဲ၊ ကိုယ်တိုင်လည်း စိုးရိမ်မှုမဖြစ် သူတစ်ပါး စိုးရိမ်မှုကို ကိုယ်တိုင်လည်းမပြု သူတစ်ပါးကိုလည်းမပြုစေဘဲ တရားသဖြင့် မင်းပြုနိုင်ပါလိမ့်မည်။ လူအားလုံး၏အလိုကျအောင် ဆောင်ရွက်နိုင်ပါလိမ့်မည်ဟု ဆိုလိုပေသည်။)

ထိုအခါ ဘုရားရှင်က ‘တောင်ကြီးတစ်ခုလုံးသည် တောက်ပြောင်သော ရွှေဖြစ်နိုင်ရာ၏။ ထိုဟိမဝန္တာတောင်တမျှကြီးမားသော ရွှေတောင်ကြီးနှစ်လုံးသော်လည်း လူတစ်ယောက်၏ (လိုလားချက်ပြည့်ဝရန်) စွမ်းနိုင်လိမ့်မည်မဟုတ်၊ ဤသို့သိသူ ပညာရှိသည် တရားကိုသာ ကျင့်သုံးရာ၏’ဟု ပြန်ကြားတော်မူလိုက်၏။[၁]

[ငါဘုရား ဟိမဝန္တာတောင်ကြီးကို ရွှေဖြစ်စေနိုင်သည်ကား မှန်၏။ သို့သော် ရွှေတောင်ကြီးတစ်လုံးမျှဖြင့် လူအားလုံး၏အလိုဆန္ဒ ပြည့်ဝစေနိုင်ဖို့ မဆိုထားဘိ၊ လူတစ်ယောက်လျှင် ရွှေတောင်ကြီး နှစ်လုံးကျဖြစ်အောင် ဆောင်ရွက်ပေးသော်လည်း သူတို့ အလိုဆန္ဒပြည့်ဝမည်မဟုတ်။ ဤသဘောကိုသိသူ ပညာရှိသည် တရားကိုသာ ကျင့်သုံးရာသည်ဟူလို။]

ဤမိန့်ကြားချက်ကိုထောက်ထား၍ မည်မျှလောက် ဆောင်ရွက်ပေးသော်လည်း တိုင်းသူပြည်သားတို့၏လိုလားချက် ပြည့်ဝမည်မဟုတ်ကြောင်း သိအပ်ပေသည်။

ထို့ကြောင့် ‘လူသားတို့၏ အလိုဆန္ဒပြည့်ဝမှုကို ဘုရားရှင်ပင် မစွမ်းနိုင်ပါတကား’ဟု သံဝေဂဉာဏ် ဖြစ်ပေါ်စေ၍ တိုင်းသားပြည်သူအပေါ်၌

---

၁။ သံယုတ်၊ ပထမ။စာမျက်နှာ–၁၁၇၊ ၁၁၈။ ဓမ္မပဒအဋ္ဌကထာ၊ ဒု။စာမျက်နှာ–၃၂၄။

ထားအပ်သော မေတ္တာကရုဏာအလျောက်သာ မင်းမှုဝတ္တရား ကျေပွန်စေရာ၏။

ထို့ပြင် အုပ်စိုးသူတို့ဘဝ မလွတ်လပ်ပုံကို ဖော်ပြမည့် ဘဒ္ဒိယထေရ် စကားဖြင့် သိသာပေသည်။

အရှင်ဘဒ္ဒိယထေရ်သည် ကာဠီဂေါဓာမည်သော သာကီဝင်မင်းသမီး၏ သားတော်ဖြစ်သည်။ ဘုရားရှင်သာသနာတော်၌ အမျိုးအားဖြင့် အမြင့်မြတ်ဆုံးအဖြစ် ဧတဒဂ်ဘွဲ့ရရှိထားသော အရှင်မြတ် ဖြစ်သည်။

ထိုအရှင်မြတ်သည် တောအရပ်သို့ဝင်ရောက်သောအခါဖြစ်စေ၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် ကပ်ရောက် သီတင်းသုံးသည့်အခါဖြစ်စေ 'သြော်-ချမ်းသာစွာ့၊ ချမ်းသာစွာ့'ဟု ဝမ်းမြောက်ဝမ်းသာ ကျူးရင့်မိန့်ဆိုလေသည်။

အခါတစ်ပါး ဘုရားရှင်သည် 'ဘဒ္ဒိယ၊ သင်သည် တောသို့ဝင်သည့်အခါဖြစ်စေ၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ရောက်သည့်အခါဖြစ်စေ အဘယ်အကြောင်းကိုမြင်၍ 'သြော်-ချမ်းသာစွာ့၊ ချမ်းသာစွာ့'ဟူ၍ ဝမ်းမြောက်ဝမ်းသာ မပြတ်ကျူးရင့်ဘိသနည်း'ဟု မေးတော်မူသဖြင့်-

'မြတ်စွာဘုရား၊ တပည့်တော်သည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့သူဖြစ်ပါသည်။ တပည့်တော် မင်းအဖြစ်နေခဲ့ရစဉ် နန်းတွင်းလည်း အစောင့်အရှောက်ကို ကောင်းစွာ စီစဉ်ချထားပါသည်။ နန်းတော်ပြင်ပ၌လည်း လုံခြုံအောင် စီမံထားပါသည်။ မြို့တော်အတွင်းအပြင် လုံခြုံရေးရှိအောင် စီမံထားပါသည်။ နိုင်ငံတော်အတွင်း၌လည်း ကာကွယ်ရေးအစီအစဉ်ရှိပါသည်။ နိုင်ငံတော်ပြင်ပ၌လည်း ကာကွယ်ရေးအတွက် အစီအစဉ် မလစ်ဟာင်းစေရပါ။

'မြတ်စွာဘုရား၊ ဤမျှလုံခြုံရေးအစီအစဉ်အရ အစောင့်အရှောက်

တွေ ချထားပါလျက် တပည့်တော်သည် ကြောက်ရွံ့ထိတ်လန့် စိုးရိမ်တုန်လှုပ်မှုမကင်းဘဲ ဝင်ထွက်သွားလာနေထိုင်ခဲ့ရပါသည်။

'မြတ်စွာဘုရား၊ ယခုမူ တပည့်တော်သည် တောသို့ဝင်သည့်အခါဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သည့်အခါဖြစ်စေ၊ တစ်ယောက်တည်းပင်ဖြစ်သော်လည်း ကြောက်ရွံ့ထိတ်လန့်စိုးရိမ်တုန်လှုပ်မှုမရှိပါ။ လုံခြုံရေးအတွက် ကြောင့်ကြမစိုက်ရတော့ပါ။ သူတစ်ပါးလှူဒါန်းသော ဆွမ်းသက်န်းဖြင့် သားသမင်များလို အေးအေးဆေးဆေးပင်နေနိုင်ပါပြီဘုရား။

'မြတ်စွာဘုရား၊ တောသို့ဝင်သည့်အခါဖြစ်စေ၊ သစ်တစ်ပင်ရင်းဝါးတစ်အောက် ဝင်ရောက်သည့်အခါဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်ရောက်သည့်အခါဖြစ်စေ၊ ဤအကြောင်းကို စဉ်းစားမိလျက် 'သြော်-ချမ်းသာစွ၊ ချမ်းသာစွ'ဟု ဝမ်းမြောက်ဝမ်းသာ ကျူးရင့်မိပါသည်'ဟု လျှောက်ထားလေသည်။[၁]

မင်းစည်းစိမ်ချမ်းသာ စိုးရိမ်မကင်းဖြစ်ရပုံ၊ အမြဲကြောင့်ကြရပုံ၊ မလွတ်လပ်ပုံတို့ကို ဘဒ္ဒိယမထေရ် ဖွင့်ထုတ်ဝန်ခံထားပုံမှာ မင်းစည်းစိမ်မျှော်မှန်းကာ ကောင်းမှုပြုလိုသူအဖို့ သတိထားဖွယ် သံဝေဂဖြစ်ဖွယ်ပင်။

ဤကား လူ့ဘဝရကြသူတို့၏ လောကာဒီနဝခေါ် ဘဝအပြစ်အမြွက်တည်း။[၂]

## နတ်ဘဝ

ကာမဝိပါက်စိတ်-၂၃၊ ယှဉ်ဖက်စေတသိက်-၃၀၊ ကမ္မဇရုပ်-၂၀ ဟူသောခန္ဓာငါးပါး ပရမတ္ထတရားစုတို့၏ နတ်ပြည်ခြောက်ထပ်၌ ထိုက်သင့်ရာစွဲကပ်ခြင်းကို နတ်ဘဝဟု ခေါ်သည်။

---

၁။ စူဠဝါ၊ စာမျက်နှာ-၃၃၉၊၄၀။ ဥဒါန။ စာမျက်နှာ-၉၈။

၂။ ဣတိဝုတ် အဋ္ဌကထာ။ စာမျက်နှာ-၂၄၃။

ထိုတရားစုတို့ နတ်ပြည်၌ ဖြစ်ကြရသည့်အခါ လူများနှင့် အချို့သောသတ္တဝါများ ဖြစ်ကြသကဲ့သို့ အမိဝမ်းခေါင်း၌လည်းကောင်း၊ အညှိအဟောက်၌လည်းကောင်း စွဲကပ်မှီတွယ်၍ ဖြစ်ကြရသည်မဟုတ်။ ကံအဟုန်ပစ်ချသဖြင့် ကျရောက်သည့် ဘုံဗိမာန်အရာမ်စသည်တို့၌ နတ်သားတို့မှာ အသက် ၂၀-အရွယ်၊ နတ်သမီးတို့မှာ အသက် ၁၆-နှစ် အရွယ် ဖြစ်ကြရသည်။[၁]

ထိုနတ်တို့သည် ကမ္မဇရုပ်အားကောင်းသူများဖြစ်ကြ၍ သြဇာအဆီအနှစ် ပြည့်စုံသောအာဟာရတို့ကို မှီဝဲကြရသောကြောင့်လည်းကောင်း၊ အပူအအေးဟူသော ဥတုဒဏ်မခံရသောကြောင့်လည်းကောင်း၊ လူတို့ကဲ့သို့ ရုပ်ခန္ဓာမအိုကုန်၊ အရေတွန့်တွဲ ရွတ်တွမှုမရှိ။ သူတို့၏အဆင်းသည်လည်းကောင်း၊ အခြွေအရံစည်းစိမ်သည်လည်းကောင်း၊ တစ်နေ့ထက်တစ်နေ့ နုပျိုစည်ပင် တိုးပွားကြရသည်။

ထို့ကြောင့် လူတို့၏ အသက်အရွယ်ကြီးရင့်မှုကို ရုပ်ရည်ကျဆင်းနေခြင်းက သက်သေခံသကဲ့သို့ နတ်တို့၏ အသက်အရွယ်ကြီးရင့်မှုကို ရုပ်ရည်နုပျိုလာခြင်းကလည်းကောင်း၊ စည်းစိမ်အခြံအရံ တိုးပွားပြည့်စုံလာနေခြင်းကလည်းကောင်း သက်သေခံလျက်ရှိသည်။[၂]

နတ်တို့သည် 'ကမ္မဖလူပဇီဝီ န ဥဋ္ဌာနဖလူပဇီဝီ' ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အလျောက် စည်းစိမ်ခံစားရမှုအတွက် ကြောင့်ကြစိုက် အားထုတ်ကြရသည်မဟုတ်။ ရှေ့ကံအလျောက်ပေါ်ပေါက်လာသည့် ဘုံဗိမာန်၊ အခြံအရံ၊ အစာအာဟာရတို့ကိုသာ သုံးဆောင်မှီဝဲကြရသည်။ တစ်ဦးအပေါ်တစ်ဦး လွှမ်းမိုးနိုင်ရေးအတွက် လူများကဲ့သို့ အားထုတ်၍ ရကြသည်မဟုတ်။ ရှေးက ဆောင်ရွက်ခဲ့သည့် ကံစွမ်းရည် ပိုလွန်ထက်မြက်အားကောင်းသည့် နတ်တို့က-

---

၁။ ဇာတက၊ ပထမ။ စာမျက်နှာ-၂၃၂။

၂။ ဇာတ်အဋ္ဌကထာ၊ စတုတ္ထ။ စာမျက်နှာ-၁၁၁။

၁။ နတ်ဌ်ဖြစ်သော အသက်အားဖြင့်လည်းကောင်း၊
၂။ နတ်ဌ်ဖြစ်သော အဆင်းအားဖြင့်လည်းကောင်း၊
၃။ နတ်ဌ်ဖြစ်သော ချမ်းသာအားဖြင့်လည်းကောင်း၊
၄။ နတ်ဌ်ဖြစ်သောအခြံအရံအကျော်အစောအားဖြင့်လည်းကောင်း၊
၅။ နတ်ဌ်ဖြစ်သော အစိုးရခြင်းအားဖြင့်လည်းကောင်း၊ လွှမ်းမိုးသာလွန်ကြရကုန်သည်။[၁]

နတ်ပြည်လောကသည် ကာမဂုဏ်ငါးပါးခံစားမှုနှင့်စပ်၍ အထွတ်အထိပ် ဌာနကြီးဖြစ်၏။ စိတ်ကို အဆွဲဆောင်နိုင်ဆုံးသော အဆင်းတို့ကို မြင်ကြရ၏။ စွဲမက်ဖွယ်ရာအကောင်းဆုံးသောအသံတို့ကို နားထောင်ကြရ၏။ အမွှေးကြိုင်ဆုံးသောရနံ့တို့ကို နမ်းရှူထုံမွှမ်းကြရ၏။ အမွန်မြတ်ဆုံးသော အရသာတို့ကို သုံးဆောင်ကြရ၏။ သိမ်မွေ့နူးညံ့လှသော အထိအတွေ့ အပွေ့အပိုက် အယုအယတို့ကို ခံကြရ၏။ ထို့ကြောင့် နတ်သားနတ်သမီးတို့သည် မိမိတို့ဘဝကို အတွယ်တာဆုံးသော ဘဝါသဝအားအကြီးဆုံးသော သတ္တဝါများ ဖြစ်ကြသည်။[၂]

ဘုရားရှင်က 'အကြင်သူသည် လူ့ပြည်၌ များသောဥစ္စာ များသော စည်းစိမ်ရှိသူဖြစ်၍ အလိုရှိအပ် နှစ်သက်အပ်ကုန်သော၊ စိတ်ကို ဆွဲဆောင်နိုင်ကုန်သော၊ ချစ်ခင်ဖွယ်ကောင်းကုန်သော ကာမနှင့်စပ်သည့် အာရုံငါးပါးတို့ကို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် စိတ်တိုင်းကျ လှည့်လည်ခံစားဖူးရာ၏။ ထိုသူသည် သုစရိုက်တရားတို့ကို ပြုကျင့်ခြင်းကြောင့် စုတေသောအခါ တာဝတိံသာနတ်ပြည်သို့ရောက်ရ၏။ ထိုသူသည် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ နတ်သမီးအပေါင်းခြံရံလျက် နတ်ဌ်ဖြစ်သော ကာမဂုဏ်တို့ဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် စိတ်တိုင်းကျ လှည့်လည်ခံစားရင်း လူ့ပြည်၌ ကာမဂုဏ်ငါးပါးတို့ဖြင့်

၁။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ စာမျက်နှာ-၂၇။ ၂။ သမ္မော အဋ္ဌကထာ။ စာမျက်နှာ-၁၈၀။

ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် စိတ်တိုင်းကျ လှည့်လည်ခံစားနေသူကို မြင်သော်လည်း ထိုလူ့ကာမဂုဏ်တို့ကို ပြန်လည်တောင့်တတော့မည် မဟုတ်ကြောင်း’ မိန့်ကြားတော်မူသည်။[၁]

ထို့ကြောင့် ‘မြက်ဖျား၌တင်သောရေနှင့် သမုဒ္ဒရာ၌ရှိသောရေတို့ ကွာခြားသကဲ့သို့ လူ့ကာမဂုဏ်နှင့် နတ်ကာမဂုဏ် ကွာခြားသည်’ဟု မဟာသုတသောမဇာတ်၌ ဟောကြားတော်မူခဲ့သည်။[၂]

ထိုနတ်တို့၏ ကာမဂုဏ်ငါးပါးသည် အဆွဲဓာတ် မည်မျှပြင်းထန်သည်ကို သောတာပန်အဆင့်သို့ရောက်ပြီးသော အရိယာသိကြား၏ ဖြစ်ရပ်ကို ထောက်ဆကာ သိနိုင်ပေသည်။

သိကြားမင်းသည် ဥယျာဉ်ပွဲဆင်နွှဲရန် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးနှင့် စတုမဟာရာဇ်၊ တာဝတိံသာ နှစ်ပြည်ထောင်နတ်အပေါင်းခြံရံလျက် ဧကပုဏ္ဍရိကဥယျာဉ်သို့ ဧရာဝဏ်ဆင်ကြီးဖြင့် ထွက်လာရင်း ‘တဏှာကင်းရာ နိဗ္ဗာန်ကို အာရုံပြု၍ လွတ်မြောက်သော ရဟန္တာပုဂ္ဂိုလ်၏ လားရောက်ရာ ရေးဦးကျင့်စဉ်အကျဉ်းချုပ်သည် အဘယ်မျှ ရှိသနည်း’ ဟူသော ပြဿနာကို စဉ်းစားမိလေသည်။

ထို့ကြောင့် ‘ဤပြဿနာသည် လွန်စွာ အသရေရှိဘိ၏။ ဤပြဿနာဖြေရှင်းပြီးမှ ဥယျာဉ်တွင်းဝင်အံ့’ဟု ဥယျာဉ်ဝ၌ အခြံအရံအပေါင်းကိုထားပြီး ပုဗ္ဗာရုံကျောင်း ဘုရားရှင်ထံ လာရောက်လျှောက်ထား၏။

ဘုရားရှင်က ‘ဣဓ ဒေဝါနမိန္ဒ ဘိက္ခုနော’အစရှိသော စူဠတဏှာသင်္ခယသုတ်ကို ဟောလိုက်ရာ သဘောကျနှစ်ခြိုက်၍ သာဓုခေါ်ပြီး ပြန်သွားသည်။ ထိုအချိန်တွင် ဘုရားရှင်၏ လက်ဝဲဘက်အခန်း၌ သီတင်းသုံးလျက်ရှိသော မဟာမောဂ္ဂလ္လာနမထေရ်သည် ‘သိကြားမင်းသည် ဘုရား

---

၁။ မဇ္ဈိမပဏ္ဏာသ။ စာမျက်နှာ-၁၇၃။

၂။ ဇာတက၊ ဒုတိယ။ စာမျက်နှာ--၁၃၃။

ရှင်ထံမှ တစ်စုံတစ်ခုသောတရားကိုနာ၍ပြန်သွားလေပြီ၊ စူးစမ်းအံ့’ဟု နတ်ပြည်သို့ တက်လိုက်သွားရာ ထိုအချိန်တွင် သိကြားမင်းသည် ဧကပုဏ္ဍရိကဉယျာဉ်တွင်း၌ ဉယျာဉ်ပွဲကြီး ဆင်နွှဲနေပြီ။ ငါးရာသောနတ်တူရိယာတို့ဖြင့် နှစ်ကုဋေငါးသန်းကုန်သော ကခြေသည်နတ်သမီးတို့က တီးမှုတ်သီဆို ကပြအသုံးတော်ခံနေသည်ကို စိတ်တိုင်းကျ လှည့်လည် ခံစားနေလေပြီ။

ထိုအချိန် မဟာမောဂ္ဂလ္လာနမထေရ် ရောက်သွားရာ ခေတ္တရပ်နားစေ၍ ခရီးဦးကြိုဆိုကာ ကြွလာရခြင်းအကြောင်းကို လျှောက်ထား၏။ မဟာမောဂ္ဂလ္လာနမထေရ်က ‘ယခုတင် ဘုရားရှင်ထံမှနာယူခဲ့သော တရားကို တစ်ဆင့်နာလို၍ လိုက်လာကြောင်း’မိန့်ကြားရာ သိကြားမင်းသည် တရားနာယူခဲ့ရသည်ကိုသာ အမှတ်ရ၍ မိမိက ဘာကို လျှောက်ထားခဲ့ပြီး၊ ဘုရားရှင်က ဘယ်လို ဖြေရှင်းဟောကြားလိုက်သည်ကို အမှတ်မရနိုင်အောင်ရှိလေသည်။ ထို့ကြောင့် စကားဖာသည့်အနေဖြင့် တာဝတိံသာနတ်လောက၌ နတ်မှုရေးကိစ္စတွေရှုပ်ထွေးလှသဖြင့် မိမိမအားလပ်အောင် ဖြေရှင်းပေးနေရကြောင်း၊ ယခုတင်က တရားတော်ကို ကောင်းကောင်းနာယူခဲ့ပါလျက် မေ့ပျောက်နေကြောင်း လျှောက်ထားပြီး အသူရာတို့နှင့်တိုက်သည့်စစ်ပွဲအပြီး ဆောက်လုပ်ထားသည့် ဝေဇယန္တာစံနန်းကြီးခမ်းနားကြီးကျယ်လှပါကြောင်း၊ ကြည့်လိုပါက ကြွနိုင်ပါကြောင်း လျှောက်ထား၍ ဝေဇယန္တာသို့ ပင့်ဆောင်သွားလေသည်။ သိကြားမင်းသည် ထိုမျှအချိန်ဆွဲ၍ တွေးတောသော်လည်း နာကြားခဲ့ရသည့် တရားတော်ကို လုံးဝအမှတ်မရနိုင်အောင်ရှိနေ၏။ ထို့ကြောင့် မဟာမောဂ္ဂလာနမထေရ်က ဉယျာဉ်တွင်း ခံစားခဲ့ရသည့် ကာမဂုဏ်တို့က သိကြားမင်းစိတ်ကို လွှမ်းမိုးထားကြောင်းသိ၍ ထိုစိတ်ပျောက်စေရန် ဝေဇယန္တာကို ခြေဖြင့် လှုပ်ခါစေလိုက်၏။ ထိုအခါတွင်မှ သိကြားမင်းသည် ကြောက်စိတ်ဝင်လာပြီး

စောစောက လွှမ်းမိုးနေသော ကာမစိတ်တို့ ကင်းပျောက်သွားလေသည်။ နာကြားခဲ့ရသည့် စူဠတဏှာသင်္ခါယသုတ်ကိုလည်း အမှတ်ရပြီး မဟာမောဂ္ဂလ္လာနမထေရ်အား ပြန်လည်လျှောက် ကြားနိုင်တော့သည်။

သောတာပန်ဖြစ်သူ အရိယာသိကြားမင်းကြီးကိုယ်တိုင်ပင် မိမိသိလို၍ လျှောက်ထားသဖြင့် ဖြေရှင်းဟောကြားလိုက်သည့် တရားကို ၅–မိနစ်မျှ မကြာသည့်ကာလအတွင်း မေ့ပျောက်သွားရသည့်အဖြစ်ကို ထောက်၍ နတ်ကာမဂုဏ်တို့ မည်မျှပြင်းထန်ကြောင်း ခန့်မှန်းကြရန် ဖြစ်ပေသည်။

ထိုသို့ စိတ်ကိုအဆွဲဆောင်နိုင်ဆုံးသော အာရုံငါးပါးတို့ကို သုံးဆောင်ခံစား ပျော်ပါးနေကြရသောကြောင့် မမြဲသောသဘောကိုလည်းကောင်း၊ ဆင်းရဲသောသဘောကိုလည်းကောင်း၊ ပိုင်ဆိုင်စိုးရ အမာခံ အနှစ်အသားကင်းသော အဖြစ်ကိုလည်းကောင်း မမြင်နိုင်အောင်ရှိကြသည်။

ဆိုပြီးသောအတိုင်း နတ်တို့သည် တရားသဘောကို မမြင်နိုင်ဘဲ ကာမဂုဏ်တို့ဖြင့် အပျော်ကြီးပျော်နေစဉ် သက်တမ်းကုန်ဆုံးခြင်းကြောင့်သော်လည်းကောင်း၊ ကံအဟုန်ကုန်ခြင်းကြောင့်သော်လည်းကောင်း–

၁။ ပန်ဆင်ထားသောပန်း ညှိုးခြင်း၊

၂။ အဝတ်တန်ဆာတို့ ညစ်နွမ်းခြင်း၊

၃။ ချိုင်းကြားမှ ချွေးယိုခြင်း၊

၄။ ထွက်မြဲကိုယ်ရောင် ပျောက်ခြင်း၊

၅။ မိမိဘုံဗိမာန်၌ မပျော်မွေ့နိုင်ခြင်း–

ဟူသော စုတေရန်အတိတ်နိမိတ်များ ဖြစ်ပေါ်လာသောအခါ၌ကား 'ငါ၏ ဘဝ ပျက်စီးရတော့မှာပါတကား၊ ငါ၏စည်းစိမ် ဆုံးရှုံးရတော့မှာပါတကား'ဟု လွန်စွာသောကဖြစ်ကြရတော့၏။[၁] စိတ်ပင်ပန်းမှုကြောင့် ခန္ဓာ

---

၁။ ဣတိဝုတ်။ စာမျက်နှာ–၂၄၇။ ယင်းအဋ္ဌကထာ။ စာမျက်နှာ–၂၄၃။

ကိုယ်ပူလောင်လာတော့၏။ ဖောချွေးပြန်လာတော့၏။ကာမချမ်းသာများနှင့်သာ အချိန်ကုန်ခဲ့ကြရကား အချို့နတ်တို့မှာ ထိုပူလောင်မှုကို သည်းမခံနိုင်ကြ။ 'ပူလှချည်ရဲ့၊ လောင်လှချည်ရဲ့'ဟု အော်မြည်၍ လှည့်လည်သွားလာနေကြရတော့သည်။ သတိရှိသော အချို့နတ်တို့မှာ အော်မြည်တမ်းမှုမပြုကြစေကာမူ ချစ်သူတို့နှင့်ခွဲရမည့် ပိယဝိပ္ပယောဂဒုက္ခကြောင့် မှိုင်ငေးတွေးတောလျက် ရောက်မိရောက်ရာသွားလာလှည့်လည်နေကြရတော့သည်။[၁]

ထို့ကြောင့် 'အပါယ်ဘုံ၌ ဖြစ်ကြရသော သတ္တဝါတို့သည်လည်းကောင်း၊ နတ်ပြည်မှ စုတေကြရမည့် သတ္တဝါတို့သည်လည်းကောင်း၊ လူတို့၌ အသက်ရှင်လျက် ပျက်စီးမှုအမျိုးမျိုးနှင့် ကြုံကြရသူတို့သည် လည်းကောင်း၊ စိုးရိမ်မှု ငိုကြွေးမှုများဖြစ်ကုန်လျက် ဒုက္ခဝေဒနာ ခံစားကြရကုန်၏'ဟု အဘိဓမ္မတ္ထသင်္ဂဟမည်သော သင်္ဂြိုဟ်ကျမ်းပြု အရှင်အနုရုဒ္ဓါထေရ်က သူ၏ နာမရူပပရိစ္ဆေဒကျမ်း(ဂါထာနံပါတ်-၆၉၇၊၈)၌ မိန့်ဆိုထားပေသည်။

သက်တမ်းရှည်သော တန်ခိုးကြီးနတ်တို့သည် ဤသို့ စုတေရမည့်ကာလသို့ မရောက်သေးသည့်တိုင် သင်္ခတဖြစ်သော ရုပ်နာမ်တရားတို့၏ မမြဲပုံ၊ မခိုင်မာပုံတို့ကို ဟောပြောသည့် ဘုရားရှင်၏ တရားတော်တို့ကို နာကြားရသည့်အခါ လွန်စွာတုန်လှုပ်မိကြ၏။ 'မမြဲကုန်ဘဲ မြဲသည်ဟု ထင်မိကြပြီ၊ မခိုင်မာဘဲ ခိုင်မာသည်ဟုထင်မိကြပြီ'ဟု ညည်းတွားမိကြတော့သည်။[၂]

တဏှာဒိဋ္ဌိမကင်းသော သတ္တဝါမှန်သမျှတို့သည် သမ္ပတ္တိနှင့်ကြုံသည့်အခါဖြစ်စေ၊ ဝိပ္ပတ္တိနှင့် တွေ့သည့်အခါ၌ဖြစ်စေ တုန်လှုပ်ကြရမြဲဓမ္မတာပေတည်း။ ဤကား နတ်ဘဝရကြသူတို့၏ လောကာဒီနဝ ခေါ် ဘဝအပြစ်အမြွက်တည်း။

---

၁။ ဇာတိဝုတ်အဋ္ဌကထာ။ စာမျက်နှာ-၂၄၃၊၂၄၄။

၂။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၃၄၂။ ယင်းအဋ္ဌကထာ၊ ဒုတိယ။ စာမျက်နှာ-၂၉၆။

## ဗြဟ္မာဘဝ

ဗြဟ္မာဘဝသည် ရူပဗြဟ္မာဘဝ၊ အရူပဗြဟ္မာဘဝ၊ အသညသတ် ဗြဟ္မာဘဝဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့တွင်

**ရူပဗြဟ္မာ**

ရူပဝိပါက်စိတ်ငါးပါး၊ စက္ခုဝိညာဉ်ဒွေး၊ သောတဝိညာဉ်ဒွေး၊သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏစိတ်သုံးပါး၊ ယှဉ်ဖက်စေတသိက် ၃၅–ပါး၊ ဘာဝရုပ် ၂–ပါးနှင့် ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒကြဉ်သော ကမ္မဇရုပ် ၁၅–ပါးတို့၏ ရူပဗြဟ္မာ ၁၅–ဘုံတို့၌ ဖြစ်ပေါ်ခြင်းကို 'ရူပဗြဟ္မာဘဝ'ဟု ခေါ်သည်။

ရူပဗြဟ္မာတို့သည် လွန်ခဲ့သောဘဝက ကာမဂုဏ်တရား၊ အကုသိုလ်တရားတို့ ကင်းဆိတ်သည့် ရူပါဝစရဈာန်ကို ပွားများအားထုတ်ခဲ့သူများဖြစ်၍ ကာမဂုဏ်စည်းစိမ်တို့ကို အလိုမရှိကြတော့ပေ။ ထို့ကြောင့် ကာမဘုံသားတို့ကဲ့သို့ အတ္တိသုခ၊ ဘောဂသုခ၊ အာနဏျသုခသုံးပါး အတွက် ကာမဂုဏ်အစီးအပွားတို့ကို ရှာဖွေစုဆောင်းရခြင်း မရှိတော့ပေ။

ကာမကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ထားသူများပီပီ ခန္ဓာကိုယ်တည်ဆောက်မှုကလည်း ကာမဂုဏ်ချမ်းသာအတွက် အထောက်အကူမပြုတော့။ သူတို့ခန္ဓာကိုယ်၌ ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်တို့မပါ၍ ကျား,မတို့၏ သဘာဝလုံးဝမရှိ။ သို့သော် ခန္ဓာကိုယ်အနေအထားသွင်ပြင် လက္ခဏာမှာ ယောကျ်ားအသွင်ကို ဆောင်သည်။

သူတို့သည် ခန္ဓာကိုယ်ရှိသော်လည်း ကာယပသာဒရုပ်မပါ၍ ကိုယ်ဖြင့် တွေ့ထိသည့်အာရုံကို မယူနိုင်ကြ။ လျှာပါသော်လည်း ဇိဝှာပသာဒရုပ်မပါ၍ အရသာကို မခံစားနိုင်ကြ။ နှာခေါင်းပါသော်လည်း ဃာနပသာဒရုပ်မပါ၍ အနံ့ကို ခံယူနိုင်စွမ်းမရှိကြ။ စက္ခုပသာဒ၊ သောတပသာဒရုပ်တို့ပါ၍ အဆင်း အသံတို့ကို မြင်နိုင်ကြားနိုင်သော်လည်း ကာမအတွက် မျက်စိနှင့်နားတို့ကို အသုံးမပြုကြပေ။

ထိုသို့ဆိုလျှင် သူတို့၏ဘဝချမ်းသာကား အဘယ်နည်း။

သူတို့၏ဘဝချမ်းသာကား စျာန်ချမ်းသာတည်း။ ထိုစျာန်ချမ်းသာဖြင့် သက်တမ်းတစ်လျှောက်လုံး ပျော်ရွှင်ချမ်းသာစွာ နေထိုင်သွားကြပေသည်။

ဘုရားရှင်သည် ငါးရာသော အမျိုးသမီးငယ်တို့၏ သောတာပတ္တိမဂ်မျိုးစေ့ကို မြင်တော်မူ၍ ပဉ္စသာလာမည်သော ပုဏ္ဏားရွာ၌ သီတင်းသုံးလျက်ရှိသည်။ တစ်ခုသော နက္ခတ်ပွဲသဘင်နေ့၌ ထိုအမျိုးသမီးငယ်တို့ကို တွေ့ဆုံခြေချုတ်ရန် ရွာတွင်းသို့ ဆွမ်းခံကြွတော်မူသည့်ရှိသော် ရွာနေသူတို့ခန္ဓာ၌ မာရ်နတ်ဝင်ပူးနှောင့်ယှက်မှုကြောင့် ဆွမ်းတစ်ဇွန်းမျှမရဘဲ ပြန်ကြွတော်မူခဲ့ရ၏။ ထိုအမျိုးသမီးငယ်တို့ ရေချိုးရာမှအပြန်ရွာတံခါးဝ၌ ဘုရားရှင်ကို တွေ့ဆုံဖူးမြော်ကြစဉ် မာရ်နတ်က 'အရှင်ဘုရား၊ ဆွမ်းမရခြင်းကြောင့် ဆာလောင်မွတ်သိပ်ရှာတော့မည်'ဟု ပြောင်လှောင်သည့်အနေဖြင့် လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က 'ငါတို့သည် အလွန်ချမ်းသာစွာ အသက်ရှင်ကြရ၏။ ငါတို့အား ကြောင့်ကြမှုမရှိပေ။ အာဘဿရာဘုံသား ဗြဟ္မာကြီးများကဲ့သို့ နှစ်သက်ပျော်ရွှင်မှု ပီတိကိုသုံးဆောင်ပြီးနေတော့အံ့'[၁] ဟု ပြန်လည်မိန့်ကြားတော်မူလေသည်။

ဤနေရာ၌ ဘုရားရှင်သည် ဆွမ်းအာဟာရမမှီဝဲရစေကာမူ စိတ်ဆင်းရဲမှု၊ ကြောင့်ကြမှုမရှိဘဲ အာဘဿရာဗြဟ္မာကြီးများကဲ့သို့ နှစ်သက်ပျော်ရွှင်မှုပီတိကိုသာ အာဟာရအဖြစ် မှီဝဲနေမည်ဖြစ်ကြောင်း ဗြဟ္မာတို့၏ဘဝကိုစံထားလျက် မိန့်ကြားတော်မူသည်။

မှန်၏။ ဗြဟ္မာတို့သည် စံထားရလောက်အောင် ချမ်းသာကြသူများဖြစ်ကြသည်။ အချိန်ရှိသမျှ မိမိတို့၏စျာန်ချမ်းသာဖြင့် နှစ်သက်ပျော်ရွှင်နေကြသည်။

ပထမစျာန်သုံးဘုံသားဗြဟ္မာတို့သည် ပထမစျာန်ဖြင့် အသက်

---

၁။သံယုတ်၊ပထမ။ စာမျက်နှာ–၁၁၅၊၁၁၆။ဓမ္မပဒအဋ္ဌကထာ၊ဒုတိယ။စာမျက်နှာ–၁၆၇။

ထက်ဆုံး နှစ်သက်ပျော်ရွှင်ကြသည်။ ဒုတိယစျာန်သုံးဘုံသား ဗြဟ္မာတို့သည် ဒုတိယစျာန်ဖြင့် အသက်ထက်ဆုံး နှစ်သက်ပျော်ရွှင်ကြရသည်။ တတိယစျာန်သုံးဘုံသားဗြဟ္မာတို့သည် တတိယစျာန်ဖြင့် အသက်ထက်ဆုံး နှစ်သက်ပျော်ရွှင်ကြရသည်။ ဝေဟပ္ဖိုလ်ဘုံသားဗြဟ္မာကြီးတို့နှင့် သုဒ္ဓါဝါသငါးဘုံသားဗြဟ္မာကြီးတို့သည် စတုတ္ထစျာန်ဖြင့် အသက်ထက်ဆုံး မျှတငြိမ်းချမ်းကြသည်။ ဤသို့ မိမိတို့ဆိုင်ရာဆိုင်ရာစျာန်ကိုပင် အာဟာရ အဖြစ်မှီဝဲလျက် သက်တမ်းရှည်ကြာစွာ ပျော်ရွှင်ချမ်းသာ မျှတစွာနေကြရသည်။

သူတို့၏သက်တမ်းသည် ကမ္ဘာနှင့်ချီ၍ ရှည်ကြသည်။ ပထမစျာန်ဘုံသား မဟာဗြဟ္မာကြီးများ အသင်္ချေယျတစ်ကပ် အသက်ရှည်ကြသည်။ ဒုတိယစျာန်ဘုံသား အာဘဿရာဗြဟ္မာကြီးများသည် မဟာကပ်ရှစ်ကပ် (ရှစ်ကမ္ဘာ)၊ တတိယစျာန်ဘုံသား သုဘကိဏှာဗြဟ္မာကြီးများမှာ မဟာကပ် ၆၄–ကပ်(၆၄–ကမ္ဘာ)၊ စတုတ္ထစျာန်ဘုံသား ဝေဟပ္ဖိုလ်ဗြဟ္မာကြီးများကား မဟာကပ်–၅၀၀ (ကမ္ဘာ–၅၀၀) သက်တမ်းရှည်ကြ၍ သုဒ္ဓါဝါသဗြဟ္မာကြီးများမှာ မဟာကပ်တစ်ထောင် (ကမ္ဘာတစ်ထောင်)မှ မဟာကပ် တစ်သောင်းခြောက်ထောင် (ကမ္ဘာပေါင်းတစ်သောင်းခြောက်ထောင်) အထိ သက်တမ်းရှည်ကြရပေသည်။[၁]

မဟာကပ်ခေါ်သော ကမ္ဘာ၏သက်တမ်းကို ခန့်မှန်းနိုင်ရန် ဥပမာပေး၍ ဟောကြားတော်မူသည်။

'ရဟန်း၊ အလျားအားဖြင့်လည်း တစ်ယူဇနာ၊ အနံအားဖြင့်လည်း တစ်ယူဇနာ၊ အစောက်အားဖြင့်လည်း တစ်ယူဇနာရှိသော အကွဲအအက် အခေါင်းအပေါက်မရှိ တစ်ခဲနက်ကျောက်အတိပြီးသော တောင်ကြီးရှိရာ၏။ ယောကျ်ားသည် အနှစ်တစ်ရာတစ်ရာလွန်တိုင်း ထိုကျောက်

၁။ အဘိဓမ္မာ၊ ဝိဘင်္ဂ။ စာမျက်နှာ–၄၃၉၊၄၄၀။ အဘိဓမ္မတ္ထသင်္ဂဟ။စာမျက်နှာ–၇၈၊၇၉။

တောင်ကြီးကို ကာသိတိုင်းဖြစ် အဝတ်ဖြင့် တစ်ကြိမ်တစ်ကြိမ် ပွတ်တိုက်ပစ်ရာ၏။ ရဟန်း၊ ပွတ်တိုက်ခြင်းကြောင့် ကျောက်တောင်ကြီး ကုန်သော်သာ ကုန်ရာ၏။ မဟာကပ်တစ်ကပ် မကုန်သေးပေ။[၁]

ဤမျှလောက် သက်တမ်းရှည်ကြာခြင်းကြောင့်ပင် ဗကဗြဟ္မာစသော အချို့သောဗြဟ္မာကြီးများသည် မိမိတို့ ဗြဟ္မာလောကကို 'မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ သီးသန့်ဖြစ်၏၊ ရွေ့လျောခြင်းမရှိ၊ ဤဗြဟ္မာလောကသည် ပဋိသန္ဓေမနေရာ၊ မအိုရာ၊ မသေရာ၊ မရွေ့လျောရာ၊ တစ်ဖန်မကပ်ရောက်ရာဖြစ်၏၊ ဤဗြဟ္မာလောကမှတစ်ပါး လွန်မြတ်သော ထွက်မြောက်ရာ (နိဗ္ဗာန်)မရှိ'[၂] ဟု ယုံမှားမိကြလေသည်။

**အရူပဗြဟ္မာ** အရူပဝိပါက်စိတ် ၄-ပါး၊ ယှဉ်ဖက်စေတသိက်-၃၀ တို့၏ အရူပလေးဘုံ၌ဖြစ်ခြင်းကို အရူပဘဝဟု ခေါ်သည်။ဤဗြဟ္မာကြီးများသည် 'ဓိရူပံ=ရုပ်တရားသည် စက်ဆုပ်ဖွယ်ဖြစ်သည်'စသည်ဖြင့် ရုပ်တို့၏အပြစ်ကိုရှု၍ အရူပဈာန်တို့ကို ပွားများခဲ့ကြသည်။ နာမ်ဝါဒီသမားကြီးများဖြစ်သည်။ ထို့ကြောင့် ရုပ်ဟူ၍လုံးဝမရှိဘဲ နာမ်ချည်းသာဖြစ်ရသည့် အရူပဗြဟ္မာကြီးများဖြစ်ကြရသည်။ သက်တမ်းမှာ မဟာကပ်(ကမ္ဘာ)နှစ်သောင်းမှ ရှစ်သောင်းလေးထောင်ရှည်ကြသည်။ သူတို့သည် မိမိတို့ဆိုင်ရာ အရူပဈာန်ကို ဝင်စားခြင်းဖြင့် ဘဝချမ်းသာကို ခံစားကြသည်။

**အသညသတ်ဗြဟ္မာ** ဇီဝိတရုပ်လျှင် ကိုးခုမြောက်ရှိသော ရုပ်ကလာပ်တို့၏ အသညသတ်ဗြဟ္မာဘုံ၌ ဖြစ်ခြင်းသည် အသညသတ်ဗြဟ္မာဘဝမည်၏။ ဤဗြဟ္မာကြီးများသည် 'သညာရောဂေါ=သိခြင်းသည် ရောဂါတစ်မျိုးပင်ဖြစ်သည်။ သညာဂဏ္ဍော=သိခြင်းသည် အနာတစ်မျိုးဖြစ်သည်'စသည်ဖြင့်လည်း

---

၁။ သံယုတ်၊ပထမ။ စာမျက်နှာ-၃၈၉။ ၂။ မူလပဏ္ဏာသ။ စာမျက်နှာ-၄၀၁။

ကောင်း၊ 'ခိစိတ္တံ=စိတ်သည် စက်ဆုပ်ဖွယ်ဖြစ်သည်။ ခိဗ္ဗတံစိတ္တံ=စိတ်သည် စက်ဆုပ်ဖွယ်အကျင့်၏အကြောင်းပဲ'ဟုလည်းကောင်း နာမ်တရားပေါ်၌ အပြစ်ရှု၍ ပဥ္စမဈာန်ဝင်စားခဲ့ကြသည့် ရုပ်ဝါဒီသမားကြီးများဖြစ်သည်။[၁]

ထို့ကြောင့် သက်မဲ့ရွှေရုပ်ကြီးများသဖွယ် အသိစိတ်မရှိဘဲ ရုပ်ချည်းသာ ဖြစ်ရသည့် အသညသတ် ဗြဟ္မာကြီးများ ဖြစ်ကြရသည်။ သူတို့၏သက်တမ်းမှာ မဟာကပ်(ကမ္ဘာ)ငါးရာဖြစ်သည်။ ထိုသို့ သညာကင်းပြီးနေရခြင်းသည်ပင် သူတို့၏ဘဝချမ်းသာဖြစ်သည်။

ဤသို့ ကမ္ဘာပေါင်းများစွာ ချမ်းသာခံစားနေကြရသော်လည်း အထက်သို့ ပင့်မြှောက်အပ်သောခဲသည် အရှိန်အဟုန်ကုန်က ပြန်ကျရမြဲဖြစ်သကဲ့သို့ အကြောင်းတရားကို မှီတွယ်၍ ဖြစ်ပေါ်လာရသည့် သင်္ခတမမှုတို့၏ သဘောအတိုင်း အကြောင်းကံအရှိန်ကုန်က ထိုဗြဟ္မာကြီးများလည်း မရဏဘေးနှင့်ရင်ဆိုင်၍ ပုထုဇဉ်ဗြဟ္မာတို့မှာ အောက်သံသရာသို့ပြန်လည်တတ်ကြရပေသည်။

'ဉဗ္ဗရီ'အမည်ရှိသော ဘုရင့်သမီးတော်ဘဝက ပိုးလောက်အစုကိုမြင်၍ ပထမဈာန်ရခဲ့သည့် ကုသိုလ်အဟုန်ကြောင့် ပထမဈာန်ဘုံ၌ ဗြဟ္မာဖြစ်ခဲ့ရပြီး ဤဂေါတမဘုရားရှင်လက်ထက်၌ မစင်စားရသည့် ဝက်မယေ်ဖြစ်ရသည့်ဖြစ်စဉ်[၂] ကိုကြည့်က ပုထုဇဉ်ဗြဟ္မာဘဝ၏ နောက်ပိုင်း စိတ်မအေးရပုံမှာ သံဝေဂဖြစ်ဖွယ်ပင်။

ဤကား ဗြဟ္မာဘဝ ရကြသူတို့၏ လောကာဒီနဝ ခေါ် ဘဝအပြစ်အမြွက်တည်း။

---

၁။ သမ္မော။ စာမျက်နှာ–၅၀၄။ ပါထိကဝဂ္ဂအဋ္ဌကထာ။ စာမျက်နှာ–၁၅၇။ ဋီကာကျော်။ စာမျက်နှာ ၁၈၅။ ၂။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယ။ စာမျက်နှာ–၃၃၂၊၃၃၅။

## ပဋိစ္စသမုပ္ပာဒ်စက်ရုပ်ကြီးများ

ဆိုခဲ့ပြီးသော ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝ၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဆိုသည်မှာ စင်စစ် ပဋိစ္စသမုပ္ပာဒ်စက်ရုပ်ကြီး များသာ ဖြစ်သည်။

မှန်၏။ ကျွန်ုပ်တို့သည် အဝိဇ္ဇာအရင်းခံသည့် ပဋိစ္စသမုပ္ပာဒ် ကွင်းဆက်အမျိုးမျိုးကို 'ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ လူ၊ နတ်၊ ဗြဟ္မာ'ဟု မှတ်ထင်နေကြ၏။ ခေါ်ဝေါ်နေကြ၏။ စင်စစ်တစ်မူ အကြောင်း အကျိုး ဆက်စပ်ဖြစ်ပေါ်နေသည့် ရုပ်–နာမ်အစဉ် အမျိုးမျိုး၊ ပဋိစ္စသမုပ္ပာဒ် စက်ရုပ်အမျိုးမျိုးသာ ဖြစ်သည်။

ချဲ့ဦးမည်။ ငရဲ၌ ဖြစ်လောက်အောင် မိုက်ကန်းသော အဝိဇ္ဇာ ကြောင့် ငရဲ၌ဖြစ်လောက်သော ကိုယ်မှု,နှုတ်မှု,စိတ်မှုဟူသော သင်္ခါရ ဖြစ်ရ၏။ ထိုသင်္ခါရကြောင့် ငရဲဘုံ၌ အကုသလဝိပါက်ဝိညာဉ်ဖြစ်ပေါ် ရ၏။ ထိုငရဲဝိညာဉ်ဖြစ်ပေါ်ရသည်နှင့် ဆိုင်ရာ စေတသိက်စု၊ ရုပ်အစုတို့ လည်း ဖြစ်ပေါ်ရ၏။ ထိုနာမ်–ရုပ်တို့ဖြစ်ပေါ်မှုကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ဖြင့် မှတ်သားအပ်သည့် အင်္ဂါကြီးငယ်နှင့် 'မန'ဟူသော သဠာယတနဖြစ်ရ၏။ ဤဝိညာဉ်နာမ်၊ရုပ်၊သဠာယတနတို့ကိုပင် ငရဲခံနေ ရသူ 'ငရဲသား'ဟု ခေါ်ရ၏။

ထို မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊စိတ်ဟူသော အာယတနများဖြစ်ပေါ် ခြင်းကြောင့် ကြောက်မက်ဖွယ်ရုပ်အဆင်းတို့ကို မြင်ကြရ၏။ ကြောက် ဖွယ်အသံတို့ကို ကြားရ၏။ ဆိုးရွားသောအနံ့တို့ကို နမ်းရှူရ၏။ ပြင်းထန် စပ်ခါး ပူလောင်သော အာဟာရတို့ကို ဝါးမျိုးရ၏။ ရိုက်နှက်ခုတ်ထစ် မှုတို့ကို ခံကြရ၏။ ထိုတွေ့ထိမှုဖဿတို့ကြောင့် ခံစားမှုဒုက္ခဝေဒနာ ပေါ်လာရ၏။ ထိုအခါ ထိုဒုက္ခတို့မှ လွတ်မြောက်၍ ချမ်းသာလိုသော တဏှာ၊ ထိုတဏှာကို အရင်းခံ၍ အားကြီးသော တောင့်တချက်တဏှာ၊

လွဲမှားစွာယူဆမှုဒိဋ္ဌိတို့ ဖြစ်ကြရ၏။ ထိုဥပါဒါန်အစွဲနှစ်မျိုးကြောင့် စေ့ဆော်အားထုတ်မှုအမျိုးမျိုးကို ပြုလုပ်တော့၏။ ထိုအချိန်မှစ၍ 'ငရဲသား' ခေါ် ပဋိစ္စသမုပ္ပာဒ်စက်ရုပ်သည် လှုပ်ရှားလာတော့၏။ အော်ဟစ်ညည်းတွား ပြေးလွှားရ၏။ ရှောင်ရှား ပုန်းအောင်းရ၏။

ဤသို့ဖြင့် အတိတ်က အကုသိုလ်ကံခေါ်သော သင်္ခါရအရှိန်မကုန်သေးသမျှ 'ငရဲသား'ခေါ်သော 'ဝိညာဉ်၊နာမ်၊ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ'ဟူသော စက်ရုပ်ကြီး မရပ်တော့ပေ။

ယခု ငရဲသားအဖြစ်ဖြင့် စေ့ဆော်အားထုတ်မှုကြောင့်သော်လည်းကောင်း၊ အတိတ်ဘဝတစ်ခုခုက အားထုတ်ဆောင်ရွက်မှုတစ်မျိုးမျိုးကြောင့်သော်လည်းကောင်း၊ ငရဲဘဝ စုတိ၏အခြားမဲ့၌ ငရဲဘုံ၌ပင်သော်လည်းကောင်း၊ တခြားဘုံတစ်မျိုးမျိုး၌ပင်သော်လည်းကောင်း ဇာတိခေါ်သော ဝိညာဉ်သစ်တစ်မျိုးမျိုး ဖြစ်ပေါ်ရတော့မည်။

လူ့ဘုံ၌ဖြစ်အံ့၊ မိခင်ဝမ်းခေါင်း၌ ဝိညာဉ်သစ်ဖြစ်ရ၏။ ထိုဝိညာဉ်နှင့်တွဲ၍ စေတသိက်များ၊ ကမ္မဇရုပ်များလည်း ဖြစ်ပေါ်လာကြရသည်။ ထို 'သန္ဓေသားကလေး'တည်းဟူသော စက်ရုပ်ကလေးသည် အလွန်သေးငယ်လှသေး၏။ ထိုမှ တဖြည်းဖြည်းရင့်လာသောအခါ စက္ခုပသာဒ စသည် ဖြစ်ပေါ်ပြည့်စုံလာရ၏။ မွေးဖွားလာရ၏။ ထိုကလေးငယ်၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော အာယတနခြောက်ပါးနှင့် အဆင်း၊ အသံစသည့် အာရုံခြောက်ပါးတို့ တွေ့ထိမှု ဖဿဖြစ်ရ၏။ ထိုတွေ့ထိမှု ဖဿကြောင့် ချမ်းသာခံစားမှု=သုခဝေဒနာ၊ ဆင်းရဲခံစားမှု=ဒုက္ခဝေဒနာ၊ ချမ်းသာဆင်းရဲ မဝေခွဲနိုင်သည့် ခံစားမှု=ဉပေက္ခာဝေဒနာများ ဖြစ်ကြရ၏။

ဤဝိညာဉ်၊ နာမ်၊ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာတို့ဖြစ်ပေါ်ခြင်းကိုပင် 'ဇာတိ'ဟု ဟောတော်မူ၏။ ဤတရားတို့၏ ရင့်ခြင်း၊ ပျက်စီးခြင်းကိုပင် 'ဇရာ၊မရဏ'ဟု ဟောတော်မူသည်။

တစ်နေ့သောအခါ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူရင်း တစ်ကောင်သောဝက်မငယ်ကို မြင်တော်မူသဖြင့် ပြုံးတော်မူ၏။ အရှင်အာနန္ဒာက အကြောင်းကို မေးလျှောက်သည့်အခါ 'အာနန္ဒာ၊ ဝက်မငယ်ကို မြင်ရဲ့လား'?ဟု မေးတော်မူ၏။ အရှင်အာနန္ဒာက 'မြင်ပါကြောင်း'လျှောက်ထားရာ–

'အာနန္ဒာ၊ ဤဝက်မငယ်သည် ကကုသန္ဓဘုရားရှင်၏ သာသနာ၌ တစ်ဦးသော ဘိက္ခုနီမ၏ ကျောင်းအနီးတွင် ကြက်မဖြစ်ဖူး၏။ ထိုကြက်မငယ်သည် တစ်ဦးသောယောဂီ၏ ကမ္မဋ္ဌာန်းရွတ်သံကို နာခံရင်း စုတေရာ မင်းမျိုး၌ 'ဥဗ္ဗရီ'မည်သော မင်းသမီးဖြစ်၏။ ထိုမင်းသမီးသည် ခန္ဓာကိုယ်သန့်စင်ရာဌာန(အိမ်သာ)သို့ဝင်ရင်း ပိုးလောက်တို့ကိုကြည့်၍ ပုဠုဝကအသုဘကမ္မဋ္ဌာန်းကိုပွားရာ ပထမဈာန်ရ၏။ ထိုမင်းသမီးဘဝမှ စုတေသောအခါ ပထမဈာန်ဘုံ၌ ဗြဟ္မာဖြစ်၏။ ထိုဗြဟ္မာပြည်မှ စုတေသောအခါ (ကာမသုဂတိဘဝတစ်ခု၌ တစ်ထောက်နားပြီး) ယခုအခါ ဝက်မငယ်ဖြစ်ရ၏'ဟု မိန့်တော်မူပြီး–

'ရေသောက်မြစ်အညှည်းဖြတ်မခံရဘဲ ခိုင်မြဲနေသေးလျှင် ခက်ရွက်ညွန့်ကိုင်း ခုတ်ပိုင်းဖြတ်တောက်အပ်သော်လည်း သစ်ပင်သည် တစ်ဖန်စည်ပင်ပြန်သကဲ့သို့ ဤအတူ ခြောက်ဒွါရဝယ် ကပ်တွယ်ပွားသစ် တဏှာအမြစ်ကို မနုတ်အပ်သေးသော် ဒုက္ခစက်ဝန်းသည် အထပ်ထပ်ဖြစ်၏'ဟု ဟောကြားတော်မူသည်။[၁]

ဤဖြစ်စဉ်၌ ကြက်မငယ်ဘဝ၌ ကမ္မဋ္ဌာန်းသံ နာယူခြင်းဟူသော ကုသိုလ်သင်္ခါရကို ဆည်းပူးခဲ့ခြင်းကြောင့် 'ဝိညာဉ်၊နာမ်၊ရုပ်၊ သဠာယတန' ဟူသော ဥဗ္ဗရီမင်းသမီးဖြစ်ရ၏။ ဥဗ္ဗရီမင်းသမီးသည် ပိုးလောက်တို့ကို မြင်ရ၍ဖြစ်သော ဖဿဝေဒနာတို့ကြောင့် တဏှာဥပါဒါန်တို့က ဥပနိဿယ

---

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ဒုတိယ။ စာမျက်နှာ–၃၃၂၊၃၃၅။

ပစ္စည်းအဖြစ် အခြေခံသည့် ပထမဈာန်ဟူသော ကမ္မဘဝကို ဆည်းပူး၏။ ထိုပထမဈာန် ကမ္မဘဝကြောင့် ဗြဟ္မာဝိညာဉ်၊ ဗြဟ္မာနာမ်ရုပ်၊ ဗြဟ္မာ သဠာယတနဖြစ်ခြင်း၊ ထိုသဠာယတနနှင့် ဆိုင်ရာအာရုံတို့ (စက္ခု၊ သောတ၊ မန၊ အာယတနသုံးပါးနှင့် ရူပ၊ သဒ္ဒ၊ ဓမ္မအာရုံတို့) တွေ့ထိမှု ဖဿ၊ ခံစားမှုဝေဒနာတို့ဖြစ်ကြရ၏။ ဤ 'ဝိညာဉ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ' ဟူသော အကျိုးတရားတို့၏ ဖြစ်ခြင်းကို ဇာတိ၊ ရင့်ခြင်းကို ဇရာ၊ ပျက်ခြင်းကို မရဏဟု ဟောတော်မူ၏။

ထိုဗြဟ္မာဘဝ၌ လှူပ်ရှားဆည်းပူးသော ကမ္မဘဝကြောင့်သော်လည်းကောင်း၊ တစ်စုံတစ်ခုသော ဘဝဆည်းပူးခဲ့သော ကမ္မဘဝကြောင့်သော်လည်းကောင်း၊ ဗြဟ္မာပြည်မှ စုတေသောအခါ ကာမသုဂတိဘဝ တစ်ခု၌ ဖြစ်၏။ ထိုဘဝက ပြုခဲ့သော အကုသိုလ်ကမ္မဘဝကြောင့်သော်လည်းကောင်း၊ အခြားသောဘဝက ပြုခဲ့သော အကုသိုလ်ကမ္မဘဝကြောင့်သော်လည်းကောင်း တိရစ္ဆာန်ဘုံ၌ ဝက်ဝိညာဉ်၊ ဝက်နာမ်–ရုပ်၊ ဝက် သဠာယတန ဖြစ်ရ၏။

ဤသို့လျှင် ငရဲဘုံ၌ဖြစ်သော ပဋိစ္စသမုပ္ပာဒ် ရုပ်–နာမ်အစဉ်ကို ငရဲခံရသူ ငရဲသား၊ တိရစ္ဆာန်မျိုး၌ဖြစ်သော ပဋိစ္စသမုပ္ပာဒ် ရုပ်–နာမ် အစဉ်ကို တိရစ္ဆာန်၊ ပြိတ္တာတို့၏နေရာ၌ဖြစ်သော ပဋိစ္စသမုပ္ပာဒ်ရုပ်–နာမ်အစဉ်ကို ပြိတ္တာ၊ အသူရကာယ်တို့၏ဌာန၌ဖြစ်သော ရုပ်–နာမ် အစဉ်ကို အသူရကာယ်၊ လူ့ဘုံ၌ဖြစ်သော ပဋိစ္စသမုပ္ပာဒ်ရုပ်–နာမ်အစဉ်ကို လူ၊ နတ်ပြည်ဗြဟ္မာပြည်တို့၌ဖြစ်သော ပဋိစ္စသမုပ္ပာဒ်ရုပ်–နာမ်အစဉ်ကို နတ်ဗြဟ္မာဟု ခေါ်ကြရ၏။

ဤသို့ အဖန်ဖန်အထပ်ထပ် အစဉ်မပြတ်ဖြစ်ပေါ်နေသော ပဋိစ္စသမုပ္ပာဒ်သံသရာစက်ဝန်းသည် အစကိုပင်မသိနိုင်လောက်အောင် ကြာမြင့်ခဲ့လေပြီ။ ဤပဋိစ္စသမုပ္ပာဒ်စက်ဝန်းတည်းဟူသော ဘဝကို မငြီး

ငွေ့သေးသမျှ၊ ရုပ်တန့်ငြိမ်းအေးသွားအောင် အားမထုတ်နိုင်သေးသမျှ ဆက်လက်လည်ပတ်ဖြစ်ပေါ်နေပေလိမ့်မည်။

ဤကား ဘဝကို ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းဖြင့် ဝေဖန်ခြင်းတည်း။

## ဘဝနိဂုံး

ဘဝဆိုက မည်သည့်ဘဝမျှ မကောင်းပေ။ အမာခံ အနှစ်အသားဟူ၍ မြူမျှမပါသည့် အကျိုးခန္ဓာ၊ ရုပ်နာမ်အစဉ်တို့၏ဖြစ်ပေါ်ခြင်းနှင့် အနာဂတ်ဘဝကို ဖြစ်ပေါ်စေမည့် အကြောင်းခန္ဓာ ရုပ်နာမ်အစဉ်တို့၏ ဖြစ်ပေါ်ခြင်းသာဖြစ်ရကား ဇာတိဘေးမှ စတင်လာသည်ချည်း ဖြစ်ပေသည်။

ထိုသို့ ဇာတိဘေးကြီးဖြင့် အခြေတည်မိခြင်းကြောင့် တစ်စစ အိုမင်းရွတ်တွရသည့် ဇရာဘေး၊ နာကျင်ခံခက်နှိပ်စက်တတ်သည့် ဗျာဓိဘေး၊ မချိမဆံ့သေရသည့် မရဏဘေးတို့နှင့် ရင်ဆိုင်နေကြရခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် 'နေ့နယ်ပိုလွယ်ကြပါသေးသည်'ဆိုသော်လည်း ဇရာဒဏ်ချက်ကြောင့် အိုနေရင်း နုပျိုကြရသည့်အဖြစ်သာတည်း။ 'ကျန်းမာကြပါသည်'ဆိုသော်လည်း ရောဂါလက်ငင်းဖြင့် ကျန်းမာနေကြရသည့် အဖြစ်သာတည်း။ 'မသေကြသေးပါ'ဆိုသော်လည်း မရဏဒဏ်ချက်ကြောင့် သင်္ချိုင်းသို့သွားရင်း အသက်ရှင်ကြရသည့်အဖြစ်သာတည်း။

ထိုဇရာ၊ ဗျာဓိ၊ မရဏဒဏ်ကို ခံကြရခြင်းကြောင့် စိုးရိမ်ပူဆွေးကြရ၏။ ငိုကြွေးကြရ၏။ ကိုယ်ဒုက္ခ စိတ်ဒုက္ခတို့ကို တွေ့ကြုံရ၏။ ထို့ကြောင့်ပင် ဘုရားရှင်က–

'ရဟန်းတို့၊ မစင်သည် အနည်းငယ်မျှပင်ဖြစ်သော်လည်း မကောင်းနံ့နံ့သကဲ့သို့ လက်ဖျစ်တစ်တွက်ကာလလောက်မျှဖြစ်ရသည့် ဘဝကိုပင် ငါဘုရား အကောင်းမပြောနိုင်'[၁] ဟု ရှုတ်ချတော်မူခြင်း ဖြစ်ပေသည်။

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ–၃၆။

သို့သော် ထိုသို့ ဘဝ၏အပြစ်ကို အမှန်အတိုင်း မမြင်ကြသည့် ကျွန်ုပ်တို့မှာကား 'အမာခံအနှစ်အသား'ဟူ၍ မြုမှုမပါသည့် ခန္ဓာတို့ဖြင့် ဘဝအမျိုးမျိုးကို ထပ်ခါတလဲလဲ တည်ထောင်နေမိကြကုန်၏။

ကျွန်ုပ်တို့ ဤသို့ ဘဝတည်ဆောက်ပုံနှင့် ရရှိနေသည့် လက်ငင်း ဘဝ၌ ဘဝပြဿနာဖြေရှင်းနေကြပုံမှာ ကလေးငယ်တို့ ဖုန်မှုန့်ကစား ကြသည်နှင့် တူလှတော့သည်။

ကလေးငယ်တို့သည် လမ်းလယ်၌လည်းကောင်း၊ အိမ်၏အနီး အပါး၌လည်းကောင်း၊ ဖုန်မှုန့်တို့ကိုစု၍ စိတ်ကူးရသလို အိမ်ငယ်အမျိုးမျိုး တို့ကို ပြုလုပ်ကစားကြကုန်၏။ အရာမ်အပိုင်းအခြား နယ်မြေတို့ကို ပြုလုပ်သတ်မှတ်ကြကုန်၏။ ထိုဖုန်မှုန့်အိမ်ငယ်၊ ဖုန်မှုန့်အရာမ် အပိုင်း အခြားတို့ကို တကယ့်အိမ်များ၊ အရာမ်အပိုင်းအခြားအဖြစ် သဘောထား ကြ၏။ 'ငါ့ဟာ၊ ငါ့ဟာ'ဟု မြတ်နိုးကြကုန်၏။ ထို့ကြောင့် သူ့အိမ်က သာသည်၊ ငါ့အိမ်ကလှသည် စသည်ဖြင့် ဂုဏ်ပြိုင်ကြ၊ ငြင်းခုံကြကုန်၏။ သူ့အိမ်ဖျက်သည်၊ ငါ့အရာမ်ကျော်သည် စသည်ဖြင့် စွပ်စွဲကြကုန်၏။ ခိုက်ရန်ဖြစ်ကြကုန်၏။[၁]

ထိုသို့ဖြစ်ကြရသည်မှာ ထိုမြေမှုန့်အိမ်ငယ်တို့ကို မက်မောစွဲလမ်းမှု၊ ထိုမြေမှုန်အိမ်ငယ်တို့ဖြင့် ကစားလိုမှုကြောင့် ဖြစ်သည်။

ထို့အတူပင် ကျွန်ုပ်တို့သည် အမာခံအနှစ်အသားဟူ၍ မြုမှု မရှိသည့် လက်ဖျစ်တစ်တွက်အတွင်း ကုဋေပေါင်းငါးထောင်ကျော်ပျက် နေသည့် ရုပ်၊ လက်ဖျစ်တစ်တွက်အတွင်း ကုဋေပေါင်းတစ်သိန်းကျော် ပျက်နေသည့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ဖြင့် ဘဝအမျိုးမျိုးကို တဏှာလမ်းညွှန်သလို တည်ဆောက်ကြကုန်၏။ သူ့ပိုင်နက် ငါ့ပိုင်နက်

---

၁။ သံယုတ်၊ ဒုတိယ။ စာမျက်နှာ–၁၅၅။

သူ့တိုင်းပြည် ငါ့တိုင်းပြည်ဟု သတ်မှတ်ကြကုန်၏။ မိမိတို့ရရှိထားသည့် ဘဝကို တကယ့်အမာခံ အနှစ်သာရအဖြစ် ထင်ကြ၏။ 'ငါ့ဘဝ၊ငါ့ဘဝ'ဟု မြတ်နိုးကြကုန်၏။ 'သူ့ဘဝ သာသည်၊ ငါ့ဘဝက မြတ်သည်' စသည်ဖြင့် ဂုဏ်ပြိုင်ကြ၏။ ငြင်းခုံကြ၏။ 'သူ့ဘဝကို စော်ကားသည်၊ ငါ့ဘဝကို နှိမ်သည်၊ သူ့အိမ်ကို ယူသည်၊ ငါ့ပိုင်နက်ကို ကျူးလွန်သည်' စသည်ဖြင့် စွပ်စွဲကြ ငြင်းခုန်ကြကုန်၏။

ဤသို့ဖြစ်နေကြရသည်မှာ အနှစ်သာရမရှိ၊ အဖိုးမတန်သည့် ဖုန်မှုန့်တို့ဖြင့် ကလေးငယ်တို့ အိမ်ငယ်တည်ဆောက် ကစားကြသည်နှင့် မည်သို့ ခြားနားပါသေးသနည်း။

အဖိုးမတန်သည့် အိမ်ဆောက်ကစားသည့်ကလေးငယ်တို့နှင့် အနည်းငယ်မျှ အမာခံသဘောမပါသည့်ခန္ဓာငါးပါးတို့ဖြင့် စိတ်ကူးပေါ်သလို ဘဝအမျိုးမျိုးကို တည်ထောင်ငြင်းခုံနေကြသော ကျွန်ုပ်တို့မှာ မည်သို့မျှ မခြားနားပေ။

ဤသို့ဖြစ်ရသည်မှာ ခန္ဓာငါးပါးကို စွဲလမ်းသည့် တဏှာကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ဘုရားရှင်က—

'သင်တို့ ရုပ်ကို ဖျက်ဆီးကြကုန်လော့၊ တဏှာကင်းအောင် ကျင့်ကြကုန်လော့။ ခံစားမှုဝေဒနာကို ဖျက်ဆီးကြကုန်လော့၊ တဏှာကင်းအောင် ကျင့်ကြကုန်လော့။ မှတ်သားမှုသညာကို ဖျက်ဆီးကြကုန်လော့၊ တဏှာကင်းအောင် ကျင့်ကြကုန်လော့။ စေ့ဆော်မှုသင်္ခါရကို ဖျက်ဆီး ကြကုန်လော့၊ တဏှာကင်းအောင် ကျင့်ကြကုန်လော့။ သိမှုဝိညာဉ်ကို ဖျက်ဆီးကြကုန်လော့၊ တဏှာကင်းအောင် ကျင့်ကြကုန်လော့'[၁]ဟု တိုက်တွန်းတော်မူခြင်း ဖြစ်ပေသည်။

---

၁။ သံယုတ်၊ ဒုတိယ။ စာမျက်နှာ–၁၅၅။

ဤကား လောကသဿာဒ ခေါ် ဘဝ၏နှစ်သက်တွယ်တာဖွယ် သဘောနှင့် လောကာဒီနဝ ခေါ် ဘဝ၏ ရွံမုန်းငြီးငွေ့ဖွယ်သဘောကို ပြဆိုခြင်းတည်း။ ။

❉

**နိဗ္ဗာန်**

**တုလမတုလဉ္စ သမ္ဘဝံ၊**
**ဘဝသင်္ခါရ မဝဿဇိ မုနိ။**

မုနိသည်
အတုမဲ့ နိဗ္ဗာန်ကိုလည်းကောင်း၊
ဘဝကိုလည်းကောင်း
နှိုင်းယှဉ်ချိန်ဆ၍
ဘဝသစ်တည်ဖန်သည့်
ကံတရားကိုစွန့်ပြီ။

# နိဗ္ဗာန်

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ စံကင်းဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် 'စံကင်းဂုရုပ္ပတ္တိကထာ'ကို ရေးသားနိုင်ရန်အတွက် ဆရာတော်ကြီး သီတင်းသုံးခဲ့ဖူးသည့် ရောဝတီတိုင်း ခနုဖြူမြို့နယ် စံကင်းရွာနှင့် ကျောင်းကုန်းမြို့နယ် ပေါက်ဆိန်ပဲ့ရွာကြီးများသို့ ခရီးထွက်ခဲ့ရသည်။ ထိုစဉ်က ပေါက်ဆိန်ပဲ့ရွာမှ ကျောင်းကုန်းမြို့သို့အပြန် လူမနီးလှသော မြစ်ကမ်းဘေးတစ်နေရာ၌ သစ်ပင်များဝိုင်းရံလျက်ရှိသော တောကျောင်းကလေးတစ်ကျောင်းကို မော်တော်ရေယာဉ်ပေါ်မှမြင်ကြရာ အတူပါလာသော ကျောင်းကုန်းမှ ဒကာထွန်းရင်က 'လူတွေဟာ ဒီနေရာကို ပျင်းစရာလို့ထင်ကြတယ်၊ တကယ့်ဒုက္ခကြီးတွေနဲ့ ရင်ဆိုင်တွေ့ကြုံလာကာမှ ဒီနေရာမှာ အေးအေးဆေးဆေးနေထိုင်ရတာချမ်းသာမှန်းသိကြတယ်'ဟု တစ်ယောက်တည်းပြောသည်ကို မှတ်သားလိုက်မိ၏။

မှန်၏။ သတ္တဝါတို့သည် ဘဝချမ်းသာခေါ်သော ဝေဒယိတသုခကို အာသာငမ်းငမ်း စွဲလမ်းနေကြ၏။ ဘဝချမ်းသာနောက်သို့ မိုက်မိုက်ကန်းကန်းလိုက်နေကြ၏။ ထို့ကြောင့် ငြိမ်းအေးချမ်းသာခြင်းသဘောကို 'ချမ်းသာ'ဟု မထင်မိကြ။

နေ့စဉ်နှင့်အမျှ ဘဝချမ်းသာကို မရအရရှာဖွေနေကြ၏။ ရရှိပြီး ဘဝချမ်းသာကို အမျိုးမျိုးကာကွယ်စောင့်ရှောက်ကြ၏။ ထိုသို့ ဘဝ

ချမ်းသာကိုရှာမှီးရခြင်းနှင့် ရရှိပြီးချမ်းသာကို နည်းအမျိုးမျိုးဖြင့် ကာကွယ်စောင့်ရှောက်ရခြင်းဖြင့် ငြိမ်းအေးခြင်းသဘောကို မျက်ကွယ်ပြုထားကြသည်။

မိမိတို့မြတ်နိုးလှသည့် ဘဝချမ်းသာပျက်စီးခြင်းနှင့်ကြုံသည့်အခါမှာပင် 'ဩော်–ဘဝချမ်းသာဆိုတာ ဒီလိုပါလား၊ ပျက်စီးခြင်းသာနောက်ဆုံးလမ်းရှိပါတကား၊ ချမ်းသာဟုထင်မှတ်နေရသော်လည်း ချမ်းသာစစ်မဟုတ် ဆင်းရဲခြင်းသာပါတကား'ဟု သံဝေဂဉာဏ်မပေါ်၊ ငိုငိုညည်းညည်းဖြင့်ပင် ဘဝချမ်းသာ၏နောက်သို့ လိုက်မြဲလိုက်ကြပြန်၏။ ပို၍ပို၍ရအောင် အားထုတ်ကြပြန်၏။ ဘဝချမ်းသာ၏သဘောမှန်ကို မသိကြ။ ချမ်းသာလိမ့်နိုးနိုးဖြင့် ဆင်းရဲတောသို့ တိုးမြဲတိုးကြပြန်၏။

ဘဝချမ်းသာခံစားမှုသည်'ဝေဒနာပစ္စယာ တဏှာ' ဆိုသည့်အတိုင်း တဏှာ၏အာရုံ၊ တဏှာ၏အကြောင်းဖြစ်၏။ ထို့ကြောင့် ဘဝချမ်းသာခံစားမှုဖြင့် ရာဂ၊ ဒေါသ၊ မောဟ ပြွမ်းပြွမ်းထလျက်ရှိသော သတ္တဝါတို့သည် ထိုရာဂ၊ ဒေါသ၊ မောဟတို့၏ ငြိမ်းအေးခြင်း သန္တိသဘောကို မသိရှိ မခံစားနိုင်ကြ။ 'ချမ်းသာ'ဟုပင် မထင်ကြ။

တဏှာ၏ ကျက်စားရာဖြစ်သော ဘဝချမ်းသာခံစားမှုကိုသာ တောင့်တကြ၏။ ကာမဂုဏ်ထူထပ်ရာ ဘုံဌာနအရပ်ဒေသတို့၌သာ ပျော်မွေ့ကြ၏။ ထို့ကြောင့်–

'နတ်နှင့်တကွသော တစ်လောကလုံးသည် ဤကာမဂုဏ်တို့ကို 'ချမ်းသာ'ဟုသမုတ်အပ်ကုန်၏။ အကြင်နိဗ္ဗာန်၌ ထိုကာမဂုဏ် တရားတို့ ချုပ်ငြိမ်းကြရကုန်၏။ ထိုအငြိမ်းဓာတ်နိဗ္ဗာန်ကိုမူ ထိုနတ်လူတို့က 'ဒုက္ခ'ဟု သမုတ်အပ်ကုန်၏။

'ခန္ဓာငါးပါးအပေါင်း၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို 'ချမ်းသာ' ဟု အရိယာတို့ တွေ့သိအပ်၏။ ဤအငြိမ်းဓာတ်နိဗ္ဗာန်ကို မြင်သိသော

အရိယာတို့အဖို့ တစ်လောကလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်ရတော့၏’[၁]ဟု ဟောတော်မူသည်။

အကြင်အခါ၌ မိမိ၏ ပါရမီဓာတ်ခံကြောင့်သော်လည်းကောင်း၊ ကိလေသာငြိမ်းအေးသည့် ရဟန်းတော်တစ်ပါးပါး၏ လမ်းညွှန်ဟော ပြောမှုကြောင့်သော်လည်းကောင်း၊ ‘ဤအရာတွေဟာ ဒုက္ခတွေပါ တကား၊ မမြဲသောသဘော စိုးရပိုင်ဆိုင်မှုကင်းသောသဘောတွေပါတကား’ဟု ရိပ်မိလာ၏။ ထိုအခါ ဘဝချမ်းသာကိုတောင့်တမှုနှင့် ဘဝ ချမ်းသာကို တွယ်တာမှုလျော့ပါးလာ၏။ ဘဝချမ်းသာရှာဖွေမှုပေါ့လာ၏။ စိတ် အေးချမ်းသာ နေလိုလာ၏။ ဣန္ဒြေရလာ၏။ ဒုက္ခဉာဏ် အမြင်သန်လေ ဘဝတွယ်တာမှု လျော့လေဖြစ်လာ၏။ ရှေးကကဲ့သို့ ဒုက္ခတွေနှင့် လုံးထွေးရစ်ပတ်နေရင်း ချမ်းသာလိမ့်နိုး မျှော်ကိုးလျက် အတွင်းအပ အသုံးအဆောင်ဟူသော ဘဝစည်းစိမ်အတွက် အားကြိုးမာန်တက် ဆောင် ရွက်မှုတွေမရှိတော့။ ပြာပုံ၌ကျသော ငါးရံ့ပမာ ကာမဂုဏ်ငါးပါးနှင့် စပ်၍ ဖျတ်ဖျတ်လူး တုန်လှုပ်မှုကင်းလာ၏။ ဆိတ်ငြိမ်ရာ၌နေလျက် ငြိမ်းအေးခြင်းသဘောကို တစ်စတစ်စတွေ့မြင်နှစ်သက်လာ၏။ ဤသို့ ငြိမ်းအေးမှုကိုနှစ်သက်လာခြင်းသည် သန္တိသုခကိုနှစ်သက်လာတတ်ခြင်း၊ နိဗ္ဗာန်ဘက်သို့ စိတ်ဦးလှည့်မိလာခြင်းပင်ဖြစ်၏။

ထို့ကြောင့် “တောအရပ်တို့သည် မွေ့လျော်ဖွယ်ရှိကုန်၏။ ယင်းသို့ သော တောအရပ်တို့၌ သာမန်လူတို့ မမွေ့လျော်နိုင်။ ရာဂကင်းသူတို့သာ မွေ့လျော်နိုင်ကုန်လတ္တံ့။ ထိုသူတို့သည် ကာမဂုဏ်ကို ခင်စုံရှာမှီးလေ့ မရှိကြကုန်”[၂] ဟု ဘုရားရှင် ဟောကြားတော်မူပေသည်။

---

၁။ သံယုတ်၊ ဒုတိယ၊ စာမျက်နှာ-၃၄၂။

၁။ ဓမ္မပဒ၊ ၂၈။

ဤနေရာ၌ ကျွန်ုပ်တို့လိုလားတောင့်တရှာမှီးနေကြရသည့် နိဗ္ဗာန် ဆိုသည်မှာ 'ဘာ'ဟု တိတိကျကျပြောဖို့လိုလာပေပြီ။ သို့မှ နိဗ္ဗာန်၏ သဘောမှန်ကို ဝေဖန်သုံးသပ်နိုင်ကြပေလိမ့်မည်။

ကျွန်ုပ်တို့လိုလားတောင့်တရှာမှီးနေကြရသည့် နိဗ္ဗာန်ဆိုသည်မှာ 'အသင်္ခတဖြစ်သော ငြိမ်းအေးခြင်းသဘောဖြစ်သည်။' ထိုအသင်္ခတဖြစ်သော ငြိမ်းအေးခြင်းသဘောကိုပင်'နိဗ္ဗာန'ဟူ၍လည်းကောင်း၊'ရာဂက္ခယ'ဟူ၍လည်းကောင်း၊ 'ဒေါသက္ခယ'ဟူ၍လည်းကောင်း၊ 'မောဟက္ခယ'ဟူ၍လည်းကောင်း၊ 'ဒုက္ခနိရောဓ'ဟူ၍လည်းကောင်း ဤသို့ စသည် အမည်အမျိုးမျိုးဖြင့် ဘုရားရှင်က ဟောကြားတော်မူပေသည်။

ယင်းငြိမ်းအေးခြင်းသဘောဖြစ်သော နိဗ္ဗာန်၌ ဘဝချမ်းသာ၏ အကြောင်းဖြစ်သော ကာမဂုဏ်တရားတို့ နေရာမယူနိုင်ကြ။ ဥပါဒါန်၏ အာရုံအဖြစ်မှ လွတ်ကြရ ငြိမ်းချုပ်ကြရ၏။

ထို့ကြောင့် 'ယတ္ထ စေတေ နိရုဇ္ဈန္တိ=ယင်းနိဗ္ဗာန်၌ ထိုကာမဂုဏ်တရားတွေ ငြိမ်းချုပ်ကြကုန်၏'ဟု ဟောတော်မူခဲ့လေသည်။[၁]

ဤဒေသနာတော်ကိုထောက်က ငြိမ်းအေးခြင်းသဘောဖြစ်သော နိဗ္ဗာန်၌ ကာမဂုဏ်နှင့်စပ်သည့် ခံစားမှု ပျော်ရွှင်မှုတို့ လုံးဝမရှိနိုင်ကြောင်းသိရပေသည်။

မှန်၏။ ကာမဂုဏ်တရားတို့သာ မငြိမ်းမချုပ်ကြဘဲ ဥပါဒါန်တို့၏ အာရုံအဖြစ်မှမလွတ်ကင်းကြလျှင် ကာမဂုဏ်တရားတို့နှင့်စပ်သည့်ခံစားမှု ပျော်ရွှင်မှုတို့ ချုပ်ငြိမ်းနိုင်ကြမည်မဟုတ်ပေ။ ထိုခံစားပျော်ရွှင်မှုတို့ မငြိမ်းမချုပ်ရှိနေကြလျှင်'ဝေဒနာပစ္စယာ တဏှာ'အရ တဏှာဟူသော အပူဓာတ်ပေါ်လာရပေလိမ့်မည်။ မရမနေစွဲလမ်းမှုဥပါဒါန်တို့ဖြစ်ကြ ရပေလိမ့်မည်။ ထိုကာမဂုဏ်တရားတို့ကို ရလိုမှုကြောင့် တရားနည်းလမ်း မကျသော

---

၁။ သံယုတ်၊ ဒုတိယ၊ ၃၄၂။

လုပ်ဆောင်ချက်(အကုသိုလ်ကံ)များ၊ တရားနည်းလမ်းကျသော လုပ်ဆောင်ချက်(ကုသိုလ်ကံ)များ ဖြစ်ပေါ်လာကြပေလိမ့်မည်။ ထိုအခါ ထိုလုပ်ငန်းတို့၏အကျိုးဆက်များဖြစ်သော ရုပ်,နာမ်တို့ အသစ်ဖြစ်ပေါ်မှု၊ ရင့်ရော်အိုမင်းမှု၊ ပျက်စီးပြိုကွဲမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ခန္ဓာကိုယ်ပင်ပန်းဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ ပြင်းစွာပင်ပန်းမှုတို့ မှချဖြစ်ကြရပေတော့မည်။ ထိုအခါ နိဗ္ဗာန်၏ ငြိမ်းအေးခြင်းဂုဏ်ပျက်လေတော့မည်။

ထို့ကြောင့် အသင်္ခတဖြစ်သော ငြိမ်းအေးခြင်းသဘောရှိသည့် နိဗ္ဗာန်၌ ဘဝချမ်းသာ၏အကြောင်းဖြစ်သည့် ကာမဂုဏ်တရားတို့ နေရာမယူနိုင်ကြခြင်း၊ ဥပါဒါန်တရားတို့၏ အာရုံအဖြစ်မှ လွတ်ကြရခြင်း၊ ငြိမ်းချုပ်ရခြင်းဖြစ်သည်။

ထို့ပြင် ယင်းအသင်္ခတဖြစ်သော ငြိမ်းအေးခြင်းသဘော၌ သက္ကာယခေါ်သော ခန္ဓာငါးပါးတို့လည်း နေရာမယူနိုင်ကြ။ ဥပါဒါန်တရားတို့၏ အာရုံအဖြစ်မှ လွတ်ကြ ငြိမ်းချုပ်ကြရကုန်၏။ ထို့ကြောင့် ယင်းငြိမ်းအေးခြင်းသဘောကို 'သက္ကာယဿ နိရောဓာနံ=သက္ကာယတို့၏ ငြိမ်းချုပ်ရာ[၁] ဟု' ဟောတော်မူခဲ့လေသည်။

မှန်၏။ ငြိမ်းအေးခြင်းသဘောဖြစ်သော နိဗ္ဗာန်၌ ခန္ဓာငါးပါးတို့ ရှိနေလျှင်၊ ဥပါဒါန်တရားတို့၏ အာရုံအဖြစ်မှ မလွတ်ကြလျှင်၊ ခန္ဓာငါးပါးကိုစွဲမှီ၍ ဖြစ်ပေါ်သည့် 'သတ္တဝါ'ဟူသော အယူအဆများ၊ 'အသက်လိပ်ပြာ'ဟူသော အယူအဆများ၊'အသက်လိပ်ပြာသည် မြဲသည်၊ နောက်ဘဝသို့ ကူးပြောင်းသည်'ဟူသော အယူအဆများ(သဿတဒိဋ္ဌိ) နှင့်တကွ နောက်ဘဝသို့တောင့်တသည့်'ဘဝတဏှာ'အပူဓာတ်၊ 'သေလျှင်ပြတ်သည်'ဟူသော အယူအဆများ(ဥစ္ဆေဒဒိဋ္ဌိ)နှင့်တကွ ဘဝပြတ်သည်ကို

၁။ သံယုတ်၊ ဒုတိယ။ စာမျက်နှာ-၃၄၂။

သာယာတွယ်တာသည့် 'ဝိဘဝတဏှာ'အပူဓာတ်တို့ ဥပါဒ်ဖြစ်ပေါ်ကြ ပေလိမ့်မည်။

ထို့ကြောင့် ထိုတဏှာဒိဋ္ဌိတို့ကို အရင်းထား၍ဖြစ်ပေါ်ကြမြဲဖြစ် သော'ကမ္မဘဝ'ခေါ်သည့် ကာယကံလှုပ်ရှားမှုများ၊ ဝစီကံလှုပ်ရှားမှုများ၊ မနောကံလှုပ်ရှားမှုများလည်း မလွဲမသွေ ဖြစ်ကြရပေတော့မည်။

ထိုအခါ ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသတရားတို့လည်း တားမရဆီးမရ ဖြစ်ကြပေလိမ့်မည်။

ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ အမွန်အမြတ်ထား၍ တောင့်တနေကြရ သည့် နိဗ္ဗာန်ဉ် ငြိမ်းအေးခြင်းသဘော ရှိနိုင်တော့မည် မဟုတ်ပေ။

စင်စစ် အသခ်ံတဖြစ်သော ငြိမ်းအေးခြင်းနိဗ္ဗာန်ဉ် သက္ကာယ ခေါ်သော ခန္ဓာငါးပါးတို့ နေရာမယူနိုင်ကြ။ ဥပါဒါန်အာရုံမှ လွတ်ကြ ငြိမ်းချုပ်ကြရ၏။ ထိုသို့ခန္ဓာငါးပါးတို့ မရှိခြင်း၊ ဥပါဒါန်နယ်မှ လွတ် မြောက်ခြင်းကြောင့် ခန္ဓာငါးပါးကိုစွဲ၍ဖြစ်သည့် သက္ကာယဒိဋ္ဌိနှင့် ဘဝ တဏှာ ဝိဘဝတဏှာတို့က အသခ်ံတဖြစ်သော အငြိမ်းဓာတ်နိဗ္ဗာန်ကို အာရုံမပြုနိုင်ကြခြင်း၊ ငြိမ်းချုပ်ကြရခြင်းဖြစ်သည်။

သက္ကာယအစွဲသန်သူ၊ဘဝကိုတွယ်တာသူ၊ ဘဝပြတ်သည်ကိုကြိုက် သူတို့ နိဗ္ဗာန်ကိုသဘောမပေါက်နိုင်ကြခြင်း၊မကြိုက်နိုင်ကြခြင်းဖြစ်သည်။

ထိုသို့ ကာမဂုဏ်ချမ်းသာကိုတွယ်တာသည့် ကာမတဏှာ၊ ဘဝကို တွယ်တာသည့်ဘဝတဏှာ၊ ဘဝပြတ်သည်ဟူသော အယူအယူမှားနှင့် တွဲဖက်ဖြစ်ပေါ်သည့်ဝိဘဝတဏှာတို့က အသခ်ံတဖြစ်သော ငြိမ်းအေးခြင်း သဘောကို အာရုံမပြုနိုင်ကြခြင်းကြောင့် ထိုအသခ်ံတဖြစ်သောငြိမ်းအေး ခြင်းသဘောကို 'တဏှာလွယ်ရာနယ်'ဟုအဓိပ္ပာယ်သက်ရောက်သည့် 'နိဗ္ဗာန'ဟူသော ဝေါဟာရဖြင့် ဟောတော်မူခြင်းဖြစ်သည်။[၁]

---

၁။ သမ္မော အဋ္ဌကထာ၊ ၄၃၅။ ဣတိဝုတ်အဋ္ဌကထာ၊ ၁၅၇။ အဘိဓမ္မတ္ထသင်္ဂဟ၊၁၁၃။

ထို့ပြင် တဏှာကင်းခြင်းသည် ရာဂကင်းခြင်းပင် ဖြစ်ခြင်းကြောင့် 'ရာဂက္ခယ=ရာဂကင်းရာနယ်'ဟုလည်းကောင်း၊ ရာဂကင်းလျှင် ဒေါသ လည်းကင်းပြီးဖြစ်သောကြောင့် 'ဒေါသက္ခယ=ဒေါသကင်းရာနယ်'ဟု လည်းကောင်း၊ ရာဂ ဒေါသတို့ကင်းလျှင် မောဟလည်း ကင်းတော့သည် သာဖြစ်သောကြောင့် 'မောဟက္ခယ=မောဟကင်းရာနယ်'ဟုလည်း ကောင်း ဟောတော်မူပေသည်။

ထိုသို့ အကြောင်းကိလေသာတို့ လွတ်ကင်းငြိမ်းချုပ်ရာဖြစ်လျှင် အကျိုးဖြစ်သော ခန္ဓာဒုက္ခတို့လည်း လွတ်ကင်းငြိမ်းချုပ်ရာတွင်ပါဝင်ပြီး ဖြစ်တော့၏။ ထို့ကြောင့် ထိုအသင်္ခတဖြစ်သော အငြိမ်းဓာတ်ကို ဆင်းရဲ ချုပ်ငြိမ်းရာဟုအဓိပ္ပာယ်ရသည့် 'ဒုက္ခနိရောဓ'ဟူသောအမည်ဖြင့်လည်း ဟောတော်မူခြင်းဖြစ်ပေသည်။

## နိဗ္ဗာန်ချမ်းသာ

ဆိုပြီးသော အသင်္ခတနိဗ္ဗာန်၏ ချမ်းသာပုံမှာ သိမ်မွေ့၍ အသိခက်လှ သည်။ ထို့ကြောင့် ပေါ်လွင်နိုင်သမျှ ပေါ်လွင်စေရန် ဆန့်ကျင်ဘက် ဖြစ်သော ဘဝချမ်းသာနှင့် နှိုင်းယှဉ်လေ့လာကြကုန်အံ့။

ဘဝချမ်းသာကို'ဝေဒယိတသုခ=ခံစားမှုချမ်းသာဟုခေါ်ဆို၍၊ နိဗ္ဗာန်ချမ်းသာကို သန္တိသုခ=ငြိမ်းအေးချမ်းသာ'ဟုခေါ်သည်။ ဘဝ ချမ်းသာ သည် 'ပျော်ရွှင်ခြင်း'ဖြစ်၍၊ နိဗ္ဗာန်ချမ်းသာက 'ငြိမ်းအေးခြင်း' ဖြစ်သည်။

ထိုနှစ်မျိုးတို့သည် လွန်စွာကွာခြားသည်၊ အရှေ့နှင့်အနောက် ကဲ့သို့ ဖြောင့်ဖြောင့်ဆန့်ကျင်သည်၊ အဖြူနှင့်အမည်းကဲ့သို့ခြားနားသည်။

သတ္တဝါတို့သည် လိုချင်သောအရာကိုရရှိသည့်အခါ ပျော်ရွှင်ကြ သည်၊ ကျေနပ်ကြသည်၊ ထိုသို့လိုရာရရှိသည့်အခိုက် ပျော်ရွှင်ခြင်းသည် 'နိဿိတဿ စလိတံ'[၁]အရ တုန်လှုပ်ခြင်းဖြစ်၍ ငြိမ်းအေးခြင်းမဟုတ်ပေ။

---

၁။ ဥပရိပဏ္ဏာသ၊ ၃၁၀။ သံယုတ်၊ ဒုတိယ၊ ၂၈၄။ ဥဒါန၊ ၁၇၉။

ဘဝတို့၌တွေ့ကြုံရသည့် ဒုက္ခတို့မှ 'လွတ်ကင်းငြိမ်းအေးခြင်း' ဟူသော ပရမတ္ထနိဗ္ဗာန်ကိုမျက်မှောက်ပြုရသူတို့မှာ စိတ်၏ငြိမ်းအေးကြည်လင်ခြင်းကိုခံစားကြရသည်၊ ပျော်ရွှင်ကြရခြင်းကားမဟုတ်ပေ။

ထိုနှစ်မျိုးတို့တွင် ပျော်ရွှင်ခြင်းသည် အပူဓာတ်မကင်း၍ စင်စစ်ချမ်းသာမဟုတ်။ ငြိမ်းအေးခြင်းသာ အပူဓာတ်ကင်း၍ ချမ်းသာအစစ်ဖြစ်ပေသည်။

အခါတစ်ပါး ဘုရားရှင်သည် အာဠဝီပြည် ယင်းတိုက်တောအတွင်း နွားသွားလမ်းကလေးအနီး တစ်ခုသောသစ်ပင်အရင်း သစ်ရွက်ခင်း၌ သီတင်းသုံးတော်မူသည်။

ထိုအခါ ဟတ္ထကမည်သော အာဠဝကမင်းသားသည် အညောင်းပြေ လမ်းလျှောက်ရင်း ရောက်လာပြီး–

**မင်းသား:** ဘုန်းတော်ကြီးတော်မူသောအရှင်ဘုရား၊ ချမ်းချမ်းသာသာ အိပ်စက်ရပါ၏လော။

**ဗုဒ္ဓ** ဟုတ်၏မင်းသား၊ ချမ်းချမ်းသာသာအိပ်စက်ရပါ၏။ လောက၌ ချမ်းချမ်းသာသာအိပ်စက်ရသူတို့တွင် ငါ ပါဝင်၏။

**မင်းသား:** အရှင်ဘုရား၊ ဆောင်းဥတုညဥ့်အခါ ချမ်းအေးလှပါ၏။ ဆီးနှင်းကျလွန်းသော အန္တရဋ္ဌက[1] ကာလလည်းဖြစ်ပါ၏။ နွားခွာရာမြေကကြမ်း၊ သစ်ရွက်ခင်းကပါး၊ သစ်ပင်က အရွက်ကျဲလှပါ၏။ သို့ဖြစ်ပါလျက် 'ဟုတ်၏မင်းသား၊ ချမ်းချမ်းသာသာအိပ်စက်ရ၏။ လောက၌ ချမ်းချမ်း သာသာ အိပ်စက်ရသူတို့တွင် ငါ ပါဝင်၏' ဟု မိန့်တော်မူဘိ၏။

---

၁။ ဆီးနှင်းအကျများ၍ အအေးပိုသော တပို့တွဲလနှင့်တပေါင်းလအကြား(၈)ရက်တည်း။ အင်္ဂုတ္တိုရ်၊ အဋ္ဌကထာ၊ ဒုတိယ။ ၁၁၆။

ဗုဒ္ဓ အဘယ်သို့ထင်သနည်း မင်းသား။ ဤလောက၌ သူကြွယ် ဖြစ်စေ၊ သူကြွယ်သားဖြစ်စေ တံခါးကိုလုံခြုံစွာစေ့စပ်စွာ ပိတ်ထားသော အင်္ဂတေအတွင်းအပြင်သုတ်လျက် ဆောက် လုပ်ထားသည့် အထွတ်တင်တိုက်ကြီးရှိရာ၏။ ထိုတိုက်ခန်း ကြီးအတွင်း၌ အိပ်ရာခုတင်ကို သားမွေးရှည်ကော်ဇောနက် ကြီး၊ သားမွေးဖြူအခင်း၊ ပန်းရိုက်သားမွေးအခင်းတို့ဖြင့် ပြင်ထား၏။ ဝံပိုင့်ရေဖြင့်အပေါ်မှ လွှမ်းလျက် ခြေအုံး ခေါင်းအုံး နှစ်ဖက်မျက်နှာကြက်တို့ဖြင့် ပြင်ဆင်ထား၏။ ဆီမီးတိုင်တို့က ထိန်ထိန်ညီးနေ၏။ မယားလေးယောက် တို့ကလည်း အလွန်နှစ်သက်ဖွယ်ကောင်းသော အစီအရင် ဖြင့် အနီး၌ရှေးရှုရပ်လျက်ရှိ၏။ မင်းသား၊ အဘယ်သို့ထင် သနည်း။ ထိုသူသည် ချမ်းချမ်းသာသာ အိပ်စက်ရာ သလော၊ မအိပ်စက်ရာသလော။

**မင်းသား** ထိုသူသည် ချမ်းချမ်းသာသာအိပ်စက်ရာပါ၏။ လောက၌ ချမ်းချမ်းသာသာ အိပ်စက်ရသူတို့တွင် တစ်ယောက် အပါအဝင် ဖြစ်ပါ၏။

ဗုဒ္ဓ အဘယ်သို့ထင်သနည်း မင်းသား။ ထိုသူကြွယ်အားသော် လည်းကောင်း၊ သူကြွယ့်သားအားသော်လည်းကောင်း ရာဂကြောင့်ဖြစ်သော စိတ်ပူလောင်မှု၊ ခန္ဓာကိုယ် ပူလောင် မှုတို့ဖြစ်ကုန်ရာသည် မဟုတ်ကုန်လော။ ထိုသူသည် ရာဂ ကြောင့်ဖြစ်သော ပူလောင်မှုတို့ဖြင့် ပူလောင်အပ်ကုန်သည် ဖြစ်၍ ဆင်းရဲစွာ အိပ်ရာသည်ပင်မဟုတ်လော။

**မင်းသား** (လေးနက်စွာစဉ်းစားပြီး) ဪ...ဟုတ်ပေသားပဲအရှင် ဘုရား။

၅၃ မင်းသား။ ထိုသူကြွယ်ဖြစ်စေ၊ သူကြွယ့်သားဖြစ်စေ ရာဂကြောင့်ဖြစ်ကုန်သော ပူလောင်မှုတို့ဖြင့် ပူလောင်အပ်ကုန်သည်ဖြစ်၍ ဆင်းရဲစွာအိပ်ရာ၏။ ထိုရာဂကို ငါဘုရား အမြစ်ပြတ် ပယ်သတ်ပြီးပြီ၊ လည်ဆစ်ပြတ်သော ထန်းငုတ်ပမာ ပြုလုပ်ပြီးပြီ၊ နောက်ထပ်မဖြစ်အောင်ပြုပြီးပြီ၊ ထို့ကြောင့် ငါဘုရား ချမ်းချမ်းသာသာ အိပ်စက်ရ၏။

ထို့အတူ ထိုသူသည် စိတ်မကျေနပ်မှု ဒေါသအပူမိပုံ၊ မဝေခွဲနိုင်မှု မောဟအပူမိပုံ၊ ထိုဒေါသ မောဟ အပူမီး အလောင်ခံရသူ သည် စိတ်ချမ်းချမ်းသာသာ အိပ်စက်မှုမဖြစ်နိုင်ပုံ၊ ကိုယ်တော်တိုင် ထိုအပူ ဓာတ်တွေ အမြစ်ပြတ်ပယ်သတ်ပြီးဖြစ်၍ အအေးဒဏ်ကြောင့် ခန္ဓာကိုယ် မချမ်းသာလှသော်လည်း စိတ်အေးချမ်းသာ အိပ်စက်ရကြောင်း မိန့်တော်မူ၏။[၁]

ဤနေရာ၌ သူကြွယ်၊ သို့မဟုတ် သူကြွယ့်သား၏ ဘဝချမ်းသာနှင့် ဘုရားရှင်၏ နိဗ္ဗာန်ချမ်းသာကို နှိုင်းယှဉ်သုံးသပ်လျှင် ဘဝချမ်းသာ၌ ရာဂ၊ ဒေါသ၊ မောဟမီးတို့ ဆက်စပ်နေပုံကိုလည်းကောင်း၊ နိဗ္ဗာန် ချမ်းသာ၌ ထိုတရားတို့ ကင်းကွာငြိမ်းအေးနေပုံကိုလည်းကောင်း၊ သိနိုင် ပေသည်။

ထိုမှတစ်ဆင့်တက်၍ ဘဝချမ်းသာ၌ ရာဂ၊ ဒေါသ၊ မောဟ တို့၏အကြောင်းဖြစ်သော ဝေဒနာ=(ခံစားမှု)ပါ, မပါသိနိုင်ပြန်သည်။ ဆိုလိုသည်မှာ ဘဝချမ်းသာ၌ ရာဂ၊ဒေါသ၊မောဟ မကင်း၍ ဝေဒနာလည်း မကင်းချေ။ သုခသောမနဿဟူသော ခံစားမှု ရှိသည်။

နိဗ္ဗာန်ချမ်းသာ၌ ရာဂ၊ ဒေါသ၊ မောဟကင်း၍ ဝေဒနာကင်း သည်။ သုခသောမနဿ ဟူသောခံစားမှုသဘောမရှိ။

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ၊ ၁၃၅။

မှန်၏။ ရာဂ စသော ကိလေသာတို့ ဖြစ်ပေါ်ရခြင်းမှာ ခံစားမှု ဝေဒနာ အရင်းခံဖြစ်၏။ ထို့ကြောင့် ရာဂ စသည် ရှိ,မရှိကို ကြည့် လျှင် ခံစားမှု ပါ,မပါ သိနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် ဘဝချမ်းသာသည် ခံစားမှုရှိ၍ နိဗ္ဗာန်ချမ်းသာသည် ခံစားမှုမရှိဟု မှတ်သားရပေမည်။

သို့ဆိုလျှင် ခံစားမှုမရှိသော နိဗ္ဗာန်သည် အဘယ်သို့ ချမ်းသာနိုင် မည်နည်း။ ဤအချက်မှာ နားရှုပ်စရာပင်ဖြစ်သည်။ ဤအချက်၌ အရှင် ဥဒါယီမထေရ်ကြီး နားရှုပ်ဖူးလေသည်။

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတိုက်ကြီး၌ဖြစ်သည်။ အရှင် သာရိပုတ္တရာထေရ်က ရဟန်းတို့ကိုခေါ်ပြီး 'နိဗ္ဗာန်ချမ်းသာတယ်၊ နိဗ္ဗာန် ချမ်းသာတယ်'ဟု ထပ်တလဲလဲမိန့်ဆိုနေရာ နိဗ္ဗာန်၌ ခံစားမှု မရှိသည်ကို မကျေနပ်နိုင်သော ဥဒါယီမထေရ်က 'ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ' ဟု ကောက်ခါ ငင်ခါမေးလေတော့သည်။ အဓိပ္ပာယ်မှာ 'ငါ့ရှင် သာရိ ပုတ္တ၊ အဲဒီခံစား အပ်သောသဘောမရှိရာ နိဗ္ဗာန်၌ ချမ်းသာဟူသည် အဘယ်နည်း'ဟူ၍ ဖြစ်သည်။

ထိုအခါ အရှင်သာရိပုတ္တထေရ်က 'ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ ယဒေတ္ထ နတ္ထိ ဝေဒယိတံ'ဟု ပြန်လည်ဖြေကြားလေသည်။ အဓိပ္ပာယ်မှာ 'ဤနိဗ္ဗာန်၌ ခံစားအပ်သောသဘောမရှိ၊ စင်စစ် ဤနိဗ္ဗာန် ၌ ထိုခံစားအပ်သောသဘောမရှိခြင်းသည်ပင် ချမ်းသာပဲငါ့ရှင်'[၁] ဟူ၍ ဖြစ်သည်။

ဤနေရာ၌ အရှင်သာရိပုတ္တထေရ်၏ 'ခံစားအပ်သောသဘောမရှိ ခြင်းသည်ပင်(ဝါ)ခံစားမှုမရှိခြင်းသည်ပင် ချမ်းသာပဲ'ဟူသော ဖြေဆို ချက်ကို အနှစ်သာရအားဖြင့် မှတ်သားရပေမည်။

---

၁။ အင်္ဂုတ္တိုရ်၊ တတိယ၊ ၂၁၃။

မှန်၏။ ဘဝချမ်းသာကိုခံစားရသည်မှာ ယားနာဖျောက်ရသည်နှင့် တူသည်။ ယားနာစွဲသူသည် အတွင်းက ယားနာပိုးထိုးတိုင်း ဖျောက်ပေးရသည်။ ဖျောက်ရင်းဖျောက်ရင်း ယားသည်။ ယားလို့ ဖျောက်ရပြန်သည်။ ဤသို့ဖြင့် ဖျောက်၍အားမရနိုင်အောင်ဖြစ်နေသည်။ ဤသည်ပင် ခံစားမှု တစ်မျိုးဖြစ်သည်။

ဘဝချမ်းသာဆိုသည်မှာလည်း ဤသို့ပင်ဖြစ်သည်။ အတွင်းက ကိလေသာရှပိုးထိုးတိုင်း ကာမဂုဏ်တို့ကို ရှာဖွေပေးရသည်။ ရှာဖွေပေးရလေ ကိလေသာရှပိုးထိုးလေ၊ ကိလေသာရှပိုးထိုးလေ ရှာဖွေပေးရလေ။ ဤသို့ဖြင့် မနားရအောင် လှုပ်ရှားနေရသည်။

ထို့ကြောင့် 'နိဿိတဿ စလိတံ=တဏှာ၊ မာန၊ ဒိဋ္ဌိတို့၌ မှီနေသူမှာ လှုပ်ရှားရသည်'[၁] ဟူ၍ ဟောတော်မူသည်။

နိဗ္ဗာန်၌ ဝေဒနာကင်းခြင်းသဘောမှာ ယားနာပျောက်သည့်အခါ အယားဖျောက်စဉ်က ခံစားရသည့်ခံစားမှုမျိုး မရှိတော့ခြင်းနှင့်တူသည်။ ဤသို့ နိဗ္ဗာန်၌ ခံစားမှုမရှိခြင်းကိုပင် နိဗ္ဗာန်၏ 'သန္တိသုခ=ငြိမ်းအေးသည့် ချမ်းသာ'ဟုဆိုရသည်။

ယားနာပိုးရှိစဉ်က ခံစားမှုရှိသည်။ ယားနာပိုးကင်းသည့်အခါ ခံစားမှုကင်းသည်။ ကိလေသာရှိစဉ်က ခံစားမှုရှိသည်။ ကိလေသာ ကင်းသည့်အခါ ခံစားမှုကင်းသည်။

ဤသို့ နှိုင်းယှဉ်သုံးသပ် အထပ်ထပ်စဉ်းစားလျှင် ခံစားမှုမရှိခြင်းက သာ၍ ချမ်းသာကြောင်း သဘောပေါက်ပေလိမ့်မည်။ ဤသဘောကိုပင် ရည်ရွယ်၍ အရှင်သာရိပုတ္တမထေရ်က 'ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ=ခံစားမှုမရှိခြင်းသည်ပင် ချမ်းသာပဲ ငါ့ရှင်' ဟု ဖြေဆိုမိန့်ကြားခြင်းဖြစ်ပေသည်။

---

၁။ ဥပရိပဏ္ဏာသ၊ ၃၁၀။ သံယုတ်၊ ဒုတိယ၊ ၂၈၄။ ဥဒါန်၊ ၁၇၉။

## ချမ်းသာအဆင့်ဆင့်

ထို့နောက် အရှင်သာရိပုတ္တာထေရ်သည် ခံစားမှုကို ကြိုက်နှစ်သက်လှသော အရှင်ဥဒါယီထေရ်အား ခံစားမှုချမ်းသာမှာ အောက်တန်းကျကြောင်း၊ ထိုထက်သာသော ချမ်းသာများရှိကြောင်း၊ နောက်ဆုံး ခံစားမှုမရှိမှ ချမ်းသာမှုဆုံးခန်းတိုင်ကြောင်း ဆက်လက်ရှင်းလင်းတော် မူသည်။

၁။ 'ငါ့ရှင်၊ ကာမဂုဏ်ငါးပါးကိုစွဲ၍ဖြစ်သော ချမ်းသာခြင်း(သုခ)၊ ဝမ်းသာခြင်း(သောမနဿ)ကို ကာမချမ်းသာဟုဆိုအပ်၏။

၂။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်နှင့် အကုသိုလ်တို့မှ ကင်းသော၊ ကြံစည်သုံးသပ်ခြင်းနှင့်တကွဖြစ်သော နှစ်သိမ့်ခြင်း (ပီတိ)၊ ချမ်းသာခြင်း(သုခ)ရှိသည့် ပထမစျာန်သို့ ရောက်နေ၏။ ငါ့ရှင်၊ ချမ်းသာခံစားနေရသူသည် ဆင်းရဲအမျိုး မျိုးနှင့် ကြုံတွေ့ရပါက အလွန်နာကျင်သကဲ့သို့ ထိုပထမစျာန်ရ ရဟန်းမှာ ကာမနှင့်စပ်သည့် နှလုံးသွင်းမှု(စိတ်ကူး) တစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။ (စိတ်ကူးမိရုံဖြင့် နာလှပြီ)။

ငါ့ရှင်၊ ယင်းနာကျင်ခြင်းကို 'ဆင်းရဲ'ဟုဘုရားရှင် ဟောတော်မူ၏။ ငါ့ရှင် ဤအကြောင်းအားဖြင့် (ခံစားမှုကင်းရာ) နိဗ္ဗာန်ကို 'ချမ်းသာ' ဟု သိအပ်၏။

၃။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် ကြံစည်သုံးသပ်မှုငြိမ်းသည့် ဒုတိယစျာန်သို့ရောက်နေ၏။ ထိုဒုတိယစျာန်ရသော ရဟန်းအား ကြံစည်သုံးသပ်မှုနှင့်တကွဖြစ်သော နှလုံးသွင်းမှု (စိတ်ကူး) တစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။

ငါ့ရှင်၊ ယင်းနာကျင်ခြင်းကို 'ဆင်းရဲ'ဟုဘုရားရှင် ဟောတော်မူ၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း(ခံစားမှုကင်းရာ) နိဗ္ဗာန်ကို 'ချမ်းသာ' ဟု သိအပ်၏။

၄။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် နှစ်သိမ့်မှု(ပီတိ)ကိုလည်း စက်ဆုပ်ခြင်းကြောင့် တတိယဈာန်သို့ရောက်နေ၏။ ထိုရဟန်းအား နှစ်သိမ့်မှု(ပီတိ)နှင့်တကွဖြစ်သော နှလုံးသွင်းမှု(စိတ်ကူး)တစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။

ငါ့ရှင်၊ ယင်းနာကျင်ခြင်းကို 'ဆင်းရဲ'ဟု ဘုရားရှင် ဟောတော်မူ၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း (ခံစားမှုကင်းရာ) နိဗ္ဗာန်ကို 'ချမ်းသာ'ဟု သိအပ်၏။

၅။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာမှု(သုခ)ကိုလည်း ပယ်ခြင်းကြောင့် စတုတ္ထဈာန်သို့ ရောက်နေ၏။ ထိုရဟန်းအား ချမ်းသာမှု(သုခ)နှင့်တကွဖြစ်သော နှလုံးသွင်းမှုစိတ်ကူးတစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။ ငါ့ရှင်၊ ယင်းနာကျင်ခြင်းကို 'ဆင်းရဲ'ဟု ဘုရားရှင်ဟောတော်မူ၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း(ခံစားမှုကင်းရာ)နိဗ္ဗာန်ကို 'ချမ်းသာ'ဟု သိအပ်၏။

၆။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် ရုပ်၌ဖြစ်သော သညာကို လွန်မြောက်ခြင်းကြောင့်၊ ထိပါးမှုသညာတို့၏ ချုပ် ခြင်းကြောင့်၊ အထူးထူးမှတ်သားမှုတို့ကို နှလုံးမသွင်းခြင်းကြောင့် 'ကောင်းကင်သည် အဆုံးမရှိ' ဟု (ပွားများသော) အာကာသာနဉ္စာ ယတနဈာန်သို့ရောက်နေ၏။ ထိုရဟန်းအား ရုပ်နှင့်တကွဖြစ်သော နှလုံးသွင်းမှု(စိတ်ကူး)တစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။ ငါ့ရှင်၊ ယင်းနာကျင်ခြင်းကို 'ဆင်းရဲ'ဟု ဘုရားရှင် ဟောတော်မူ၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း (ခံစားမှု ကင်းရာ) နိဗ္ဗာန်ကို 'ချမ်းသာ'ဟုသိအပ်၏။

၇။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် အာကာသာနဉ္စာယတန ဈာန်ကိုလွန်မြောက်၍ 'ဝိညာဏ်သည်အပိုင်းအခြားမရှိ'ဟု (ပွားများသော) ဝိညာဏဉ္စာယတနဈာန်သို့ရောက်နေ၏။ ထို ရဟန်းအား အာကာသနဉ္စာယတနသညာနှင့်တကွဖြစ်သော နှလုံးသွင်းမှု (စိတ်ကူး)တစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။ ငါ့ရှင်၊ ယင်း နာကျင်ခြင်းကို 'ဆင်းရဲ'ဟု ဘုရားရှင်ဟောတော်မူ၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း (ခံစားမှုကင်းရာ) နိဗ္ဗာန်ကို 'ချမ်းသာ' ဟုသိအပ်၏။

၈။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် ဝိညာဏဉ္စာယတန ဈာန်ကိုလွန်မြောက်၍ 'တစ်စုံတစ်ခုမျှမရှိ'ဟု ပွားများသော အာကိဉ္စညာယတနဈာန်သို့ရောက်နေ၏။ ထို ရဟန်းအား ဝိညာဏဉ္စာယတနသညာနှင့်တကွဖြစ်သော နှလုံးသွင်းမှု (စိတ်ကူး) တစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။ ငါ့ရှင်၊ ယင်းနာကျင်ခြင်းကို 'ဆင်းရဲ'ဟု ဘုရားရှင်ဟောတော်မူ၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း (ခံစားမှုကင်းရာ)နိဗ္ဗာန်ကို 'ချမ်းသာ'ဟု သိအပ်၏။

၉။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် အာကိဉ္စညာယတန ဈာန်ကိုလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်နေ၏။ ထိုရဟန်းအား အာကိဉ္စညာယတနသညာနှင့် တကွဖြစ်သော နှလုံးသွင်းမှု(စိတ်ကူး)တစ်မျိုးမျိုးပေါ်လာလျှင် နာကျင်လှ၏။ ငါ့ရှင်၊ ယင်းနာကျင်ခြင်းကို 'ဆင်းရဲ'ဟု ဘုရားရှင်ဟောတော်မူ၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း (ခံစားမှုကင်းရာ) နိဗ္ဗာန်ကို 'ချမ်းသာ'ဟု သိအပ်၏။

၁၀။ ငါ့ရှင်၊ ဤသာသနာတော်၌ ရဟန်းသည် နေဝသညာနာသညာ ယတနဈာန်ကိုလွန်မြောက်၍ သညာ၊ ဝေဒနာတို့၏ချုပ်ရာ

နိရောဓသမာပတ်သို့ရောက်နေ၏။ ထိုရဟန်းအား ပညာဖြင့်ရှုခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခန်းကြကုန်၏။ ငါ့ရှင်၊ ဤအကြောင်းအားဖြင့်လည်း (ခံစားမှုကင်းရာ) နိဗ္ဗာန်ကို 'ချမ်းသာ' ဟု သိအပ်၏။[၁]

ဤသို့ ကာမဂုဏ်ခံစားရသည့်ချမ်းသာထက် ကာမဂုဏ်နှင့် အကုသိုလ်ကင်းသည့် ပထမဈာန်က သာလွန်ချမ်းသာကြောင်း၊ ကြံစည်သုံးသပ်မှုရှိနေသည့် ပထမဈာန်ချမ်းသာထက် ကြံစည်သုံးသပ်မှုကင်းသည့် ဒုတိယဈာန်က သာလွန်ချမ်းသာကြောင်း၊ နှစ်သိမ့်မှု(ပီတိ)ပါဝင်သည့် ဒုတိယဈာန်ချမ်းသာထက် နှစ်သိမ့်မှုကင်းသည့် တတိယဈာန် က သာလွန်ချမ်းသာကြောင်း၊ ချမ်းသာခံစားမှု(သုခ)ရှိသေးသည့် တတိယဈာန် ချမ်းသာထက် ချမ်းသာခံစားမှု လုံးဝကင်းသည့် စတုတ္ထဈာန်က သာလွန်ချမ်းသာကြောင်း၊ ချမ်းသာခံစားမှုမရှိသော်လည်း ရူပသညာ ရှိနေသည့် ရူပါဝစရစတုတ္ထဈာန်ချမ်းသာထက် ရူပသညာကင်းသည့် အရူပါဝစရပထမဈာန်က သာလွန်ချမ်းသာကြောင်း စသည်ဖြင့် ချမ်းသာမှု အဆင့်ဆင့်ပိုလာရာ နောက်ဆုံး၌ ခံစားမှုမဆိုထားဘိ၊ စိတ်, စေတသိက်နှင့် စိတ္တဇရုပ်များပင် ချုပ်နေသည့် နိရောဓသမာပတ်က သာလွန်ချမ်းသာပုံ ကို မိန့်ကြားပြီး ဤအချက်တို့ကို ထောက်ဆ၍ နိဗ္ဗာန်၏ ခံစားမှုမရှိသည့် သန္တိသဘောကို 'ချမ်းသာ'ဟု သိအပ်ကြောင်း ရှင်းပြတော်မူသည်။

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ဤဥဒါယီထေရ်အား ကာမချမ်းသာမှစ၍ နိရောဓသမာပတ်ချမ်းသာထိအောင် အဆင့်ဆင့်ချမ်းသာပုံ မိန့်ကြားပြီး ကာမချမ်းသာမှ နေဝသညာနာသညာယတနဈာန်တိုင်အောင် ပယ်စွန့်ရမည့် ချမ်းသာများဖြစ်ကြောင်း ရှင်းလင်းမိန့်ကြားတော်မူသည်။[၂] (နိရောဓသမာပတ်ကိုကား 'ပယ်စွန့်ရမည့်တရား'ဟု မိန့်ကြားတော်မမူ။)

၁။ အင်္ဂုတ္တရ၊ ကတိယ၊ ၂၁၃-၂၁၅။ ၂။ မဇ္ဈိမပဏ္ဏာသ။ စာမျက်နှာ-၁၁၇။

## နိဗ္ဗာန်၏ဂုဏ်သုံးမျိုး

**သုညတနိဗ္ဗာန်** ဝေဒယိတသုခခေါ်သော ဘဝချမ်းသာခံစားမှုဟူသည်မှာ သူဌေးသူကြွယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်း၊ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်ကိုရရှိ၍ ထိုစည်းစိမ်နှင့်စပ်သော နှစ်သက်ဝမ်းမြောက်မှုချမ်းသာတို့ကို သာယာစွာ ခံစားရခြင်းဖြစ်သည်။ နိဗ္ဗာန်ချမ်းသာမှာ ဘဝတို့၌ရရှိအပ်သော၊ တွေ့ကြုံအပ်သော ဒုက္ခအမျိုးမျိုးတို့မှ ကင်းငြိမ်းချမ်းသာရခြင်းဖြစ်၏။

ထိုချမ်းသာနှစ်မျိုးတို့တွင် ဘဝချမ်းသာသည် သခ်တ=အပြုပြင်ခံ အကျိုးတရားသာဖြစ်ရကား ဖြစ်ပေါ်လာအောင် ကြောင့်ကြစိုက်ရ၏။ ဖြစ်ပေါ်လာပြန်သောအခါ ဆွေးမြည့်ပျက်စီးပြန်သဖြင့် အသစ်ဖြစ်ပေါ်ရန် အားထုတ်ရပြန်၏။ ဤသို့ ချမ်းသာတစ်ခု ခံစားမှုအတွက် အဆက်ဆက် ကြောင့်ကြစိုက်နေရ၏။

နိဗ္ဗာန်၏ သန္တိချမ်းသာသည် အသခ်တ=အပြုအပြင်ခံတရားမဟုတ်၊ အကျိုးတရားမဟုတ်ရကား ရာဂ၊ ဒေါသ၊ မောဟ ရုပ်,နာမ်ခန္ဓာတို့မှ ဆိတ်သုဉ်း၏။ ပျက်စီးယိုယွင်းမှုမရှိ ပကတိခိုင်မြဲ၏။ ထို့ကြောင့် နိဗ္ဗာန်ဟူသော ငြိမ်းအေးခြင်းသန္တိသဘောကို 'သုညတ' ဟု ဂုဏ်ပြုချီးကျူးအပ်၏။ (ဝါ)အသခ်တဖြစ်သော ငြိမ်းအေးခြင်းသဘောသည် သုညတနိဗ္ဗာန်မည်၏။

**အနိမိတ္တနိဗ္ဗာန်** လူစည်းစိမ်၊ နတ်စည်းစိမ်စသော ဘဝစည်းစိမ်းချမ်းသာတို့သည် သခ်ါရဟူသော အကြောင်းနိမိတ်ရှိ၏။ ထို့ကြောင့် အကြောင်းနိမိတ်သို့လိုက်၍ အဘယ်ချမ်းသာက ယုတ်ညံ့သည်၊ အဘယ်ချမ်းသာက အလတ်စား၊ အဘယ်ချမ်းသာက မွန်မြတ်သည် စသည်ဖြင့်ကွဲပြား၏။ ဒါန၏အကျိုးက

ဘယ်လို၊ သီလ၏အကျိုးက ဘယ်လို၊ ဘာဝနာ၏အကျိုးက ဘယ့်နှယ်၊ သာသနာတွင်း ကုသိုလ်က ဘယ်လို၊ သာသနာပကုသိုလ်က ဘယ်သို့ စသည်ဖြင့် အကြောင်းနိမိတ်ကိုစွဲ၍ အယုတ်အမြတ်,အမျိုးအစား, အချိန်ကာလ စသည်ကွဲပြား၏။ ပြိုကွဲပျက်စီးရန် ဘေးပေါင်းစုံဝိုင်းအုံ လျက်ရှိ၏။ ကိလေသာအညစ်အကြေးတို့၏ ယှက်ထွေးစွန်းထင်းခြင်းကိုခံရ၏။ ဇရာ၊ မရဏာ မီးအပေါင်းတို့၏ အလောင်အမြိုက်ကိုခံရ၏။

နိဗ္ဗာန်ချမ်းသာသည် အကြောင်းနိမိတ်ကင်းရကား ထိုသို့ အတန်းအစားကွဲပြားခြင်း၊ အချိန်ကာလ ခြားနားခြင်း စသည်မရှိ၊ တစ်သဘောတည်းဖြစ်၏။ ပျက်စီးရန် ဘေးမရှိ၊ ကိလေသာကြေးညှော်ကင်း၏။ ဇရာ မရဏာမီးအပေါင်းတို့၏ အလောင်အမြိုက်ကိုမခံရ၊ အကြောင်းနိမိတ်ကင်းသော ကောင်းကင်သည် ယက်နက်ဘေးတို့ ထိခိုက်မှုမရှိ၊ မစင်စသော အညစ်အကြေးတို့ မလိမ်းကျံနိုင်၊ မီးမလောင်နိုင်။ ဟောင်းနွမ်းခြင်း ပျက်စီးဆုံးပါးခြင်းမရှိ၊ အမြဲတည်သကဲ့သို့တည်း။ ထို့ကြောင့် နိဗ္ဗာန်သည် အနိမိတ္တဂုဏ်နှင့်ပြည့်စုံ၏။ (ဝါ)အသာခံတဖြစ်သော ငြိမ်းအေးခြင်းသဘောသည် အနိမိတ္တနိဗ္ဗာန်မည်၏။

**အပ္ပဏိဟိတနိဗ္ဗာန်** ဘဝချမ်းသာ'ဟူသော ဝေဒယိတသုခသည် ကုန်ဆုံးပျက်စီးခြင်းသဘောရှိသောကြောင့် တစ်ဖန်တောင့်တရပြန်၏။ အဖန်ဖန် ပျက်စီးခြင်းကြောင့် အဖန်ဖန် တောင့်တရ၏။ ရရှိပြီး စည်းစိမ်ထက်သာလွန်သော စည်းစိမ်ရှိသည့်အတွက် ထိုစည်းစိမ်ချမ်းသာကို တောင့်ရ၏။ ဤသို့ဖြင့် တောင့်တမဆုံးအောင်ရှိ၏။ နိဗ္ဗာန်ဟူသော အငြိမ်းဓာတ် သန္တိကား နိစ္စဓမ္မဖြစ်၍ ရရှိပြီးနောက် တစ်ဖန် တောင့်တရသည့်ကိစ္စငြိမ်းတော့၏။ နိဗ္ဗာန်ထက်သာလွန်မွန်မြတ်သောချမ်းသာ မရှိသောကြောင့် အခြားတစ်ပါးသော ချမ်းသာကို တောင့်တရသည့်ဒုက္ခ ကင်းလေတော့၏။ ထို့ကြောင့်

နိဗ္ဗာန်သည် အပ္ပဏိဟိတဂုဏ်နှင့်ပြည့်စုံ၏။ (ဝါ)အသင်္ခတ ဖြစ်သော ငြိမ်းအေးခြင်းသဘောသည် အပ္ပဏိဟိတနိဗ္ဗာန်မည်၏။

အရိယာသောတာပန်အရှင်သည် အပါယ်ဘဝကိုပေးတတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို အပြီးသတ်ချုပ်ငြိမ်းစေခြင်းကြောင့် အပါယ်ဒုက္ခမှ ကင်းငြိမ်းရသည့် သန္တိသုခကိုမျက်မှောက်ပြုခံစားရ၏။ ထိုအရှင် မျက်မှောက်ပြုခံစားရသော ဒိဋ္ဌိဝိစိကိစ္ဆာချုပ်ငြိမ်းမှု အပါယ်ဒုက္ခငြိမ်းအေးမှုသည် ဖြစ်ပေါ် ဥပါဒ်ရသောသဘောမဟုတ်သောကြောင့် ဇာတိကင်း၏။ ဖောက်ပြန်ပျက်စီးခြင်းမရှိ။ ထို့ကြောင့် ထိုချမ်းသာဖြစ်ပေါ်လာရေး အတွက် ကြောင့်ကြစိုက် ဆောင်ရွက်ဖွယ်မရှိ။ သုညတဂုဏ်နှင့်ပြည့်ဝ၏။ (ဝါ) သုညတနိဗ္ဗာန်မည်၏။

အကြောင်းနိမိတ်မရှိသောကြောင့် အတန်းအစားကွဲပြားခြင်း ကာလ ခြားခြင်းစသည်မရှိ၊ ပျက်စီးရန်အတွက် ဘေးရန်မရှိ၊ ကိလေသာ လိမ်းကျံခြင်းကင်း၏။ ဇရာ မရဏာမီးတို့၏ လောင်မြိုက်ခြင်းကို မခံရ။ အနိမိတ္တဂုဏ်နှင့်လည်းပြည့်ဝ၏ (ဝါ) အနိမိတ္တနိဗ္ဗာန်မည်၏။

ဒိဋ္ဌိဝိစိကိစ္ဆာကင်းမှု၊ အပါယ်ဒုက္ခငြိမ်းမှုအတွက် တောင့်တရသည့် ဒုက္ခမှ အပြီးအပိုင်ကင်းလေ၏။ အပ္ပဏိဟိတဂုဏ်နှင့်ပြည့်ဝ၏ (ဝါ) အပ္ပဏိဟိတနိဗ္ဗာန်မည်၏။

ထို့ကြောင့် ထိုသောတာပန်အရှင်တို့သည် မိမိတို့ရရှိထားသည့် အပါယ်ငြိမ်းသည့် သန္တိသုခကို လူ့ဘဝတွင် အမြတ်ဆုံးဖြစ်သော စကြာမန္တတ်မင်းကြီး၏ စည်းစိမ်ချမ်းသာနှင့်လည်းကောင်း၊ သိကြားမင်း နတ်မင်းကြီးများ စည်းစိမ်ချမ်းသာနှင့်လည်းကောင်း၊ ဗြဟ္မာမင်းတို့၏ ချမ်းသာနှင့်လည်းကောင်း၊ ထိုချမ်းသာသုံးပါးနှင့်လည်းကောင်း, လဲလှယ် နိုင်လိမ့်မည်မဟုတ်ပေ။ အကြောင်းသော်ကား-ထိုစည်းစိမ်ချမ်းသာတို့၏ နောက်ကွယ်မှ အပါယ်ဘေးကြီးကခြိမ်းခြောက်လျက်ရှိသောကြောင့်ဖြစ်၏။

လေးကျွန်းမြေ၌ တစ်ဦးတည်းသော စကြာမင်းကြီးအဖြစ်ထက်လည်းကောင်း၊ နတ်ပြည်ခြောက်ထပ်သို့ရောက်၍ ရရှိသော နတ်မင်းစည်းစိမ်ထက်လည်းကောင်း၊ အလုံးစုံသော လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်လောကကို လွှမ်းမိုးပိုင်သအစိုးရသော ဗြဟ္မာမင်းစည်းစိမ်ထက်လည်းကောင်း သောတာပတ္တိဖိုလ်သည် သာလွန်မွန်မြတ်၏။[၁]

ထို့ကြောင့် နိဗ္ဗာန်ခေါ်သော ငြိမ်းအေးခြင်းသန္တိသုခသည် မည်သည့်ဘဝစည်းစိမ်ချမ်းသာကမျှ မနှိုင်းယှဉ်နိုင်လောက်အောင် မွန်မြတ် သာလွန်သည့် 'အတုမဲ့ချမ်းသာ' ဖြစ်လေသည်။

ထို့အတူ သကဒါဂါမ်အရှင်တို့ မျက်မှောက်ပြုရသော အပါယ်ဒုက္ခမျှမက ကြမ်းတမ်းသော ကာမရာဂဗျာပါဒတို့ကြောင့် ရရှိဖြစ်ပေါ်လတ္တံ့သော အနာဂတ်ကာမသုဂတိ ဘဝဒုက္ခတို့မှ ငြိမ်းအေးမှု နိဗ္ဗာနသဘောသည်လည်းကောင်း၊ အနာဂါမ်အရှင်တို့ မျက်မှောက်ပြုရသော မသိသာလှ၊ သိမ်မွေ့လှသည့် ကာမရာဂဗျာပါဒတို့ကြောင့် ရရှိဖြစ်ပေါ်လတ္တံ့သော အနာဂတ် ကာမသုဂတိ ဘဝဒုက္ခတို့မှ ငြိမ်းအေးမှုနိဗ္ဗာန်သဘောသည်လည်းကောင်း၊ ရဟန္တာအရှင်တို့ မျက်မှောက်ပြုရ သည့် ရူပရာဂ၊ အရူပရာဂတို့ကြောင့် ဖြစ်ပေါ်လတ္တံ့သော ရူပဗြဟ္မာ၊ အရူပဗြဟ္မာဘဝဒုက္ခတို့မှပါ ငြိမ်းအေးခြင်းနိဗ္ဗာန်သဘောသည်လည်းကောင်း၊ မည်သို့မျှနှိုင်းယှဉ်ဖော်ပြခြင်းငှာ မစွမ်းသာသော 'အတုမဲ့ချမ်းသာ' အစစ်ကြီးဖြစ်ပေသည်။

## နိဗ္ဗာန်၏သန္ဒိဋ္ဌိကသဘော

အခါတစ်ပါး ဇာဏုသောဏိမည်သော ပုဏ္ဏားကြီးသည် ဘုရားရှင်ထံ ချဉ်းကပ်၍ လျှောက်ထား၏။

---

၁။ ဓမ္မပဒ၊ ၄၀။

'အရှင်ဂေါတမ၊ နိဗ္ဗာန်သည် ကိုယ်တိုင်တွေ့သိအပ်သော သန္ဒိဋ္ဌိက ဖြစ်၏။ နိဗ္ဗာန်သည် ကိုယ်တိုင်တွေ့သိအပ်သော အန္ဒိဋ္ဌိကဖြစ်၏'ဟု ဆို၏။ အဘယ်မျှသော အတိုင်းအရှည်ဖြင့် ကိုယ်တိုင်တွေ့သိအပ်သော သန္ဒိဋ္ဌိကဖြစ်ပါသနည်း။ လက်ငင်းအကျိုးရှိသောတရား၊ လာလှည့်, ရှုလှည့်ဟု ဖိတ်ခေါ်တိုက်တွန်းထိုက်သောတရား၊ ဘာဝနာဖြင့် အမြဲ ဆောင်ထားထိုက်သောတရား၊ ပညာရှိတို့ ကိုယ်စီ ကိုယ်စီ သိအပ်သော တရားဖြစ်ပါသနည်း' ဤသို့လျှောက်ထားလေရာ–

'ပုဏ္ဏား၊ ရာဂဖြင့်စွဲလမ်းသော ရာဂလွှမ်းမိုးအပ်သော စိတ်ရှိသူသည် မိမိဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏။ သူတစ်ပါး ဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏။ ကိုယ်ရောသူပါ ဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏။ စိတ်၌ဖြစ်သော ဒုက္ခဒေါမနဿကို ခံစားရ၏။ ရာဂကိုပယ်အပ်သည် ရှိသော် မိမိဆင်းရဲခြင်းငှာ သူတစ်ပါးဆင်းရဲခြင်းငှာ၊ ကိုယ်ရောသူပါ ဆင်းရဲခြင်းငှာ မစေ့ဆော်မပြုလုပ်တော့။ စိတ်၌ဖြစ်သော ဒုက္ခဒေါမနဿ ကို မခံစားရတော့။ ပုဏ္ဏား၊ ဤသို့လျှင် နိဗ္ဗာန်သည် ကိုယ်တိုင် တွေ့သိ အပ်သော သန္ဒိဋ္ဌိက မမှဖြစ်၏။

'ပုဏ္ဏား၊ ဒေါသသည် ဖျက်ဆီးအပ်သော (ဒေါသ၏အဖျက်ဆီး ကို ခံရသော)၊ ဒေါသသည် လွှမ်းမိုးအပ်သော (ဒေါသ၏ အလွှမ်းမိုး ကို ခံရသော)စိတ်ရှိသူသည် မိမိဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏။ သူတစ်ပါး ဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏။ ကိုယ်ရောသူပါ ဆင်းရဲခြင်း ငှာ စေ့ဆော်ပြုလုပ်၏။ စိတ်၌ဖြစ်သော ဒုက္ခဒေါမနဿကို ခံစားရ၏။

'ဒေါသကိုပယ်အပ်သည်ရှိသော် မိမိဆင်းရဲခြင်းငှာ၊ သူတစ်ပါး ဆင်းရဲခြင်းငှာ၊ ကိုယ်ရောသူပါ ဆင်းရဲခြင်းငှာ မစေ့ဆော် မပြုလုပ်တော့။ စိတ်၌ဖြစ်သော ဒုက္ခဒေါမနဿကို မခံစားရတော့။ ပုဏ္ဏား၊ ဤသို့လျှင် နိဗ္ဗာန်သည် ကိုယ်တိုင်တွေ့သိအပ်သော သန္ဒိဋ္ဌိက မမှဖြစ်၏။

'ပုဏ္ဏား၊ မောဟဖြင့် တွေဝေသော မောဟလွှမ်းမိုးအပ်သော စိတ်ရှိသော (မောဟ၏လွှမ်းမိုးကိုခံရသော)သူသည် မိမိဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏၊ သူတစ်ပါးဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏၊ ကိုယ်ရောသူပါ ဆင်းရဲခြင်းငှာ စေ့ဆော်ပြုလုပ်၏၊ စိတ်၌ဖြစ်သော ဒေါမနဿကို ခံစားရ၏။

'မောဟကိုပယ်အပ်သည်ရှိသော် မိမိဆင်းရဲခြင်းငှာ၊ သူတစ်ပါးဆင်းရဲခြင်းငှာ၊ ကိုယ်ရောသူပါ နှစ်ပါးစုံဆင်းရဲခြင်းငှာမစေ့ဆော် မပြုလုပ်တော့။ စိတ်၌ဖြစ်သော ဒုက္ခဒေါမနဿကို မခံစားရတော့။ ပုဏ္ဏား၊ ဤသို့လျှင် နိဗ္ဗာန်သည် ကိုယ်တိုင်တွေ့သိအပ်သော သန္ဒိဋ္ဌိက ဓမ္မဖြစ်၏' ဟုဖြေကြားတော်မူ၏။[၁]

ဤဒေသနာအရ နိဗ္ဗာန်ဟူသည် ရာဂ၊ ဒေါသ၊ မောဟတို့၏ ငြိမ်းအေးခြင်းဖြစ်ကြောင်း၊ ထိုရာဂ၊ ဒေါသ၊ မောဟတို့ ငြိမ်းအေးသဖြင့် ဆင်းရဲဒုက္ခအသီးသီးတို့၏ ငြိမ်းအေးခြင်းဟူသော နိဗ္ဗာန်၏ အသခ်ံတသန္တိသုခကိုလည်း တစ်ပါတည်း လက်ငင်းခံစားရတော့သည်သာ ဖြစ်ကြောင်း သိခွင့်ရပေသည်။

ထို့ကြောင့်ပင် 'အသင်္ခတဖြစ်သော ငြိမ်းအေးခြင်းသဘောကို နိဗ္ဗာန်' ဟုဆိုခဲ့ခြင်းဖြစ်သည်။

## မရှိခြင်းသည် နိဗ္ဗာန်မဟုတ်

အချို့က ရာဂ၊ ဒေါသ၊ မောဟတို့၏ မရှိခြင်းမျှ၊ ကိလေသာတို့ မရှိခြင်းမှု၊ ခန္ဓာငါးပါးတို့၏ မရှိခြင်းမှုကို 'နိဗ္ဗာန်' ဟုထင်ကြ၏။ လဟာပြင်ပမာ ကွက်လပ်သဘော ဟောပြောကြ၏။ ထိုသူတို့ဆိုတိုင်း မှန်လျှင် ဘုရားစသော အရိယာသူတော်ကောင်းတို့သည် 'မရှိသောအရာ'

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ၊ စာမျက်နှာ−၁၅၈။

ကို လိုချင်သူများဖြစ်ကြရတော့မည်၊ ပါရမီကုသိုလ်တရားတို့ကို ဖြည့်ကျင့်ခဲ့ရသည်မှာ အလဟဿဖြစ်ရပေတော့မည်၊ ထိုသို့ကားမဟုတ်။

စင်စစ်မူ မဂ္ဂသစ္စာပါရမီကုသိုလ်တို့ကြောင့် ထိုထိုကိလေသာတရားစုတို့ မဖြစ်ပေါ်ခြင်း၊ ထိုအကြောင်းတရားကိလေသာတို့၏ မဖြစ်ခြင်းကြောင့် အကျိုးဖြစ်သော ဒုက္ခခန္ဓာတို့ဖြစ်ပေါ်ခြင်းမှ ငြိမ်းခြင်းသန္တိသဘောသည် ရှိ၏။ ထိုအငြိမ်းဓာတ် သန္တိသဘောသည်သာ နိရောဓသစ္စာထိုက်သောနိဗ္ဗာန်ဖြစ်ပေသည်။ ထိုအငြိမ်းဓာတ်နိဗ္ဗာန်သည် 'ကိလေသာမရှိ၊ ရုပ်,နာမ်မရှိဟုပြောရရုံ အဘာဝပညတ် ကွက်လပ်မျှသာမဟုတ်။ တကယ်တွေ့အပ် သိအပ်သော ပရမတ္ထသဘောအစစ်လည်းဖြစ်ပေသည်။

ဆက်ဦးအံ့၊ ဒုက္ခသစ္စာထိုက်သောတရားတို့၏ ပရမတ္ထသဘောအဖြစ်ကို ပရိညာကိစ္စဖြင့်သိအပ်၏။ သမုဒယသစ္စာ တဏှာလောဘ၏ ပရမတ္ထအဖြစ်ကို ပဟာနကိစ္စဖြင့်သိအပ်၏။ နိဗ္ဗာန် ဟုတ်,မဟုတ်ကို သစ္ဆိကရဏကိစ္စဖြင့် သိရ၏။ မဂ္ဂသစ္စာထိုက်သောတရားတို့၏ ပရမတ်သဘောမှန်ကို ဘာဝနာကိစ္စဖြင့် သိရ၏။

ထို့ကြောင့် ပရမတ္ထနိဗ္ဗာန်အစစ် ဟုတ်,မဟုတ်သိလိုလျှင် 'ငြိမ်းအေးခြင်း'ဟူသော သန္တိသဘော ထင်ရှားရှိ,မရှိကို သစ္ဆိကရဏ ကိစ္စဖြင့် စစ်ကြည့်အပ်၏။ 'သစ္ဆိကရဏ'ဟူသည်ကား ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိရခြင်းတည်း။

ဆေးကောင်းကို မှီဝဲရခြင်းကြောင့် အနာရောဂါပျောက်ကင်း သူသည် 'အနာမရှိတော့ပြီ'ဟုပြောရရုံ အဘာဝပညတ်မျှသာမဟုတ်။ အနာရောဂါပျောက်ကင်းသည့်အခါ ချမ်းသာခြင်းမရှိဘဲ လဟာပြင် ကွက်လပ်သာကျန်ရစ်သည်လည်း မဟုတ်၊ အနာရောဂါ သက်သာပျောက် ကင်းလာသည်

နှင့်အမျှ ငြိမ်းအေးချမ်းသာခြင်းကို ကိုယ်တွေ့ခံစားရ၏။ အချိန်ဆိုင်းငံ့နေရသည် မဟုတ်ပေ။

ထို့အတူ မဂ္ဂသစ္စာ ပါရမီကုသိုလ်အဆင့်ဆင့်တို့ကြောင့် ဆိုင်ရာဆိုင်ရာ ကိလေသာအပူဓာတ်တို့ကင်းလာသောအခါ 'ကိလေသာမရှိပြီ' ဟု ပြောရကာမတ္တ 'ခီဏာဇာတိ=ပဋိသန္ဓေကုန်ပြီ၊ ဘဝကုန်ပြီ'ဟု ပြောရကာမျှ အဘာဝပညတ် လဟာပြင် ကွက်လပ်မျှသာမဟုတ်ဘဲ အို,နာ,သေ စသော ဓမ္မတာဒုက္ခ၊ အပါယ်ဘေးစသော ဘဝဒုက္ခတို့မှ လွတ်ငြိမ်းရသည့် သန္တိသုခကို ဉာဏ်တွေ့ကိုယ်တွေ့ရရှိခံစားရတော့၏။ အချိန်ကာလ ဆိုင်းငံ့စောင့်မျှော်နေသည် မဟုတ်ပေ။

ထင်ရှားစေအံ့။ ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာနှစ်ပါး လုံးဝကင်းသည့် သောတာပန်၊ သကဒါဂါမ်အရှင်တို့၏ သန္တာန်၌ အပါယ်ဘဝ အပါယ်ဒုက္ခမှ ဉာဏ်တွေ့ကိုယ်တွေ့လွတ်မြောက်ချမ်းသာရ၏။ အချိန်ကာလဆိုင်းငံ့နေရသည့် မဟုတ်ပေ။ ဒေါသကိလေသာ ပယ်ရှားကင်းကွာပြီးသော အနာဂါမ်အရှင်တို့၏သန္တာန်၌ ကာမတစ်ဆယ့်တစ်ဘုံတွင် တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတို့မှ ဉာဏ်တွေ့ကိုယ်တွေ့ လွတ်မြောက်ချမ်းသာရ၏။ အချိန်ကာလဆိုင်းငံ့နေရသည် မဟုတ်ပေ။ လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ကိလေသာတို့ ပယ်ရှားကင်းကွာပြီးသော ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌ကား ဘုံသုံးပါး၌ ဖြစ်ရမြဲ တွေ့ရမြဲ ခံရမြဲဖြစ်သော သံသရာဒုက္ခအားလုံးမှ ဉာဏ်တွေ့ကိုယ်တွေ့ လွတ်မြောက်ချမ်းသာရ၏။ အချိန်ကာလ ဆိုင်းငံ့စောင့်မျှော်နေရတော့မည် မဟုတ်ပေ။

ဤသို့ ဉာဏ်တွေ့ကိုယ်တွေ့ တွေ့သိခံစားအပ်သော အငြိမ်းဓာတ် သန္တိသုခသဘောသည်သာ နိရောဓသစ္စာ နိဗ္ဗာနဓာတ် သဘောအစစ် ပရမတ်ဖြစ်ပေသည်။

ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတရားတို့ မိမိသန္တာန်၌ ဖြစ်သောအခါ မိမိသာမက သူတစ်ပါးတို့ပါ ဆင်းရဲရ၍ ထိုကိလေသာတရားတို့ကို စွန့်ပယ်လိုက်သည်ရှိသော် ထိုတရားတို့ကြောင့် ဖြစ်ပေါ်လတ္တံ့သော မိမိ–သူတစ်ပါးဆင်းရဲတို့မှ ကိုယ်တွေ့သန္ဒိဋ္ဌိက ငြိမ်းအေးချမ်းသာရကြောင်းကို ဇာဏုသောဏိ ဗြာဟ္မဏအား ဘုရားရှင် ဖြေကြားတော်မူခြင်းဖြစ်ပေသည်။

## နိဗ္ဗာန်သည် အဖြစ်တရားမဟုတ်

နိဗ္ဗာန်သည်ဆိုခဲ့ပြီးသောအတိုင်း 'ရာဂ၊ ဒေါသ၊ မောဟ၊ ကိလေသာ တို့ကိုပယ်စွန့်လိုက်သောအခါ ဒိဋ္ဌ တွေ့သိခံစားအပ်သောတရားပါ' ဟုဆိုလျှင် 'ထိုရာဂစသော ကိလေသာတို့ချုပ်ငြိမ်းခြင်းကြောင့် ယခုမှ လက်ငင်းဖြစ်ပေါ်လာသောတရားလော'ဟု မေးဖွယ်ရှိ၏။

အဖြေမှာ–'နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟ၊ ကိလေသာတို့ ချုပ်ငြိမ်းခြင်းကြောင့် ယခုမှလက်ငင်းဖြစ်ပေါ်လာသောတရား မဟုတ်၊ ထင်ရှားရှိနေပြီးသော တရားသဘောပါ'ဟူ၍ ဖြစ်ပေသည်။

မှန်၏။ အဝိဇ္ဇာမောဟဓာတ်၏ ပိတ်ကာဖုံးလွှမ်းထားမှုကြောင့် ထင်ရှားရှိနေပြီဖြစ်သော အငြိမ်းဓာတ်နိဗ္ဗာန်ကို မမြင်ရခြင်းဖြစ်၏။ ဒေါသအပူ လှိုက်ဆူပွက်ထနေခြင်းကြောင့်သာ ထင်ရှားရှိနေပြီဖြစ်သော အငြိမ်းဓာတ်နိဗ္ဗာန်ကို ခံစားခွင့်မရခြင်းဖြစ်၏။ တဏှာလောဘဖြင့် ကာမဂုဏ်တို့ကို တွယ်တာငြိကပ်နေမိခြင်းကြောင့် ထင်ရှားရှိနေပြီဖြစ် သော အငြိမ်းဓာတ်နိဗ္ဗာန်သို့ မကပ်ရောက်နိုင်ကြခြင်းဖြစ်သည်။

ယင်း တဏှာလောဘအငြိအတွယ် ပြတ်သည်နှင့်တစ်ပြိုင်နက် ထိုရှိပြီးဖြစ်သော အငြိမ်းဓာတ်နိဗ္ဗာန်သို့ ကပ်ရောက်မိတော့၏။ ဒေါသ အပူအဆူ ရပ်သည်နှင့်တစ်ပြိုင်နက် အငြိမ်းဓာတ်နိဗ္ဗာန်ထင်ပေါ်ခံစားခွင့်

ရတော့၏။ အဝိဇ္ဇာမောဟ အဖုံးအကာကို ဖွင့်ခွာဖျက်ချလိုက်သည်နှင့် တစ်ပြိုင်နက် အငြိမ်းဓာတ်နိဗ္ဗာန်ကို မြင်တွေ့ကြတော့၏။ အချိန်ကာလ ဆိုင်းငံ့စောင့်မျှော်နေရတော့သည် မဟုတ်ပေ။

အကယ်၍သာ ထိုအငြိမ်းဓာတ်နိဗ္ဗာန်သည် လောဘစသော ကိလေသာတို့ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသည်ဖြစ်အံ့၊ အသင်္ခတ ဂုဏ်ပျက်လေပြီ။ နိဗ္ဗာန်သည် ဥပါဒ်ဇာတိရှိလေပြီ။ ဥပါဒ်ပြီးသောတရား သည် ပျက်ခြင်းဘေးနှင့် မုချရင်ဆိုင်ရပေတော့မည်။ အမတဂုဏ် မရနိုင်ပြီ။ အချိန်ကာလအပိုင်းအခြားတွေ ရှိလာပေမည်။ ကာလဝိမုတ် မဟုတ်နိုင်ပြီ။ နိဗ္ဗာန်သည် တစ်မျိုးတည်း မဟုတ်နိုင်တော့။ အကြောင်း ကိုလိုက်၍ နိဗ္ဗာန်အမျိုးအစား ကွဲပြားပေတော့မည်။ လောဘချုပ်ငြိမ်း ခြင်းကြောင့်ဖြစ်သော နိဗ္ဗာန်၊ ဒေါသချုပ်ငြိမ်းခြင်းကြောင့်ဖြစ်သော နိဗ္ဗာန် စသည်ဖြင့် နိဗ္ဗာန်တွေ မှိုလိုပေါက်နေပေလိမ့်မည်။

စင်စစ် နိဗ္ဗာန်သည် ထိုထိုကိလေသာတို့ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော တရားမဟုတ်။ ထို့ကြောင့် နိဗ္ဗာန်သည်တစ်မျိုးတည်း သာတည်း၊ ကာလဝိမုတ်သာတည်း။ အမတဂုဏ်နှင့်ပြည့်ဝသည်သာ တည်း၊ အသင်္ခတဓမ္မအစစ်သာတည်း။

ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ဘုရားရှင်အားလျှောက်ထား၏။[၁]

**ဝစ္ဆ** အရှင်ဂေါတမ၊ လွတ်မြောက်သောစိတ်ရှိသောရဟန်းသည် အဘယ်၌ ဖြစ်ပါသနည်း။

**ဗုဒ္ဓ** ဝစ္ဆ၊ 'ဖြစ်၏'ဟူသောသဘောသို့ မရောက်တော့။

**ဝစ္ဆ** အရှင်ဂေါတမ၊ သို့ဖြစ်လျှင် မဖြစ်တော့ပြီလော။

**ဗုဒ္ဓ** ဝစ္ဆ၊ 'မဖြစ်'ဟူသော သဘောသို့လည်း မရောက်။

---

၁။ မဇ္ဈိမပဏ္ဏာသ၊ ၁၅၄။

ဝစ္ဆ အရှင်ဂေါတမ၊ သို့ဖြစ်လျှင် 'ဖြစ်လည်းဖြစ်–မဖြစ်လည်းမဖြစ်' ဟူသော သဘောပါလော။

ဗုဒ္ဓ ဝစ္ဆ၊ 'ဖြစ်လည်းဖြစ်–မဖြစ်လည်းမဖြစ်'ဟူသော သဘောလည်း မဟုတ်။

ဝစ္ဆ အရှင်ဂေါတမ၊ သို့ဖြစ်လျှင် 'ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည် လည်း မဟုတ်'ဟူသော သဘောပါလော။

ဗုဒ္ဓ ဝစ္ဆ၊ 'ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်' ဟူသော သဘောလည်းမဟုတ်။

ဝစ္ဆ ဤအရာ၌ ဉာဏ်မမီတော့ပါ အရှင်ဂေါတမ၊ ဤအရာ၌ တွေဝေ ရပါပြီ။ ပြောဆိုစကဖြစ်ခဲ့သော ကြည်လင်ခြင်းမျှလည်း ယခုအခါ ကွယ်ပျောက်သွားပါပြီ။

ဗုဒ္ဓ ဉာဏ်မမီခြင်းဖြစ်သင့်၏ ဝစ္ဆ၊ တွေဝေသင့်၏။ ဤနိဗ္ဗာန်တရား သည် နက်နဲ၏။ မြင်နိုင်ခဲ၏။ လျော်စွာသိဖို့မလွယ်။ ငြိမ်သက် မွန်မြတ်၏။ ကြံဆကာမျှဖြင့် သိရသည့်အရာမဟုတ်။ သိမ်မွေ့ ၏။ ပညာရှိများသာ သိနိုင်၏။ အယူအကြိုက်တစ်မျိုး၊ နှစ်သက် မှုတစ်မျိုးရှိပြီး အခြားအယူ၌အားထုတ်သော၊ အခြားအယူ၌ ဆရာ ရှိသော သင်သည် ထိုနိဗ္ဗာန်တရားကိုသိရန် ခဲယဉ်းပေ လိမ့်မည်။ ဝစ္ဆ၊ သင်၏ရှေ့၌ အကယ်၍ မီးတောက်နေအံ့၊ 'ငါ၏ရှေ့၌ မီးတောက်နေ၏'ဟု သင်သိမည်မဟုတ်လော။

ဝစ္ဆ သိပါသည် အရှင်ဂေါတမ။

ဗုဒ္ဓ သင့်ရှေ့၌ တောက်နေသောမီးသည် အဘယ်ကို စွဲလောင်နေ သနည်းဟု မေးလျှင် အဘယ်သို့ဖြေမည်နည်း။

ဝစ္ဆ အကျွန်ုပ်ရှေ့၌ တောက်နေသောဤမီးသည် မြက်–ထင်းကိုစွဲ လောင်နေသည်ဟု ဖြေပါမည်။

ဗုဒ္ဓ အကယ်၍ သင်၏ရှေ့၌ရှိသော ထိုမီးငြိမ်းအံ့၊ 'မီးငြိမ်းပြီ' ဟု သိမည် မဟုတ်လော။

ဝစ္ဆ သိပါမည် အရှင်ဂေါတမ။

ဗုဒ္ဓ သင်၏ရှေ့၌ ငြိမ်းသောမီးသည် အဘယ်သို့ရောက်သွားသနည်း ဟု မေးလျှင် သင်ဘယ်သို့ဖြေမည်နည်း။

ဝစ္ဆ အဘယ်သို့ရောက်သွားသည်ဟု ပြော၍မဖြစ်ပါ။ မြက်–ထင်း ကို စွဲလောင်သောမီးသည် ထိုလောင်စာ မြက်–ထင်းမရှိခြင်းကြောင့် ငြိမ်းသည်ဟုသာ ဖြေဆိုရပါမည်။

ဗုဒ္ဓ ဤအတူပင် ဝစ္ဆ။ အကြင်ရုပ်ဖြင့် 'ရုပ်ရှိသူ'ဟု ခေါ်သော် ခေါ်ရာ၏။ ထိုရုပ်တရားကို ငါဘုရားပယ်ပြီးပြီ။ အမြစ်ပြတ်အောင်ပြုပြင်ပြီးပြီ။ ထန်းငုတ်တိုပမာပြုပြီးပြီ။ တစ်ဖန်မဖြစ်အောင်ပြုပြီးပြီ။ နောင်မဖြစ်နိုင်တော့ပေ။

ဝစ္ဆ၊ ရုပ်တရားတို့၏ ကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် သမုဒ္ဒရာပမာနက်နဲ၏။ မနှိုင်းယှဉ်နိုင်။ သက်ဝင်ရန် ခက်ခဲ၏။ 'ဖြစ်၏'ဟူသောသဘောသို့လည်း မရောက်၊ 'မဖြစ်'ဟူသောသဘောသို့လည်းမရောက်။ 'ဖြစ်လည်းဖြစ်၊ မဖြစ်လည်းမဖြစ်'ဟူသောသဘောသို့လည်းမရောက်။ 'ဖြစ် သည်လည်း မဟုတ်၊ မဖြစ်သည်လည်းမဟုတ်'ဟူသော သဘောသို့လည်း မရောက်ပေ။ အကြင်ခံစားမှုဝေဒနာဖြင့် 'ခံစားမှုရှိသူ'ဟု ခေါ်သော် ခေါ်ရာ၏။ အကြင်မှတ်သားမှုသညာဖြင့် 'သညာ ရှိသူ'ဟုခေါ်သော ခေါ်ရာ၏။ အကြင်စေ့ဆော်မှုသင်္ခါရဖြင့် 'စေ့ဆော်မှုရှိသူ'ဟု ခေါ်သော် ခေါ်ရာ၏။ အကြင်သိမှုဝိညာဏ်ဖြင့် 'ဝိညာဏ်ရှိသူ'ဟု ခေါ်သော်ခေါ်ရာ၏။ ငါဘုရားသည် ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု၊ သိမှုဝိညာဉ်တို့ကို ပယ်ရှင်းပြီး ဖြစ်၏။ ထိုတရားတို့၏ကုန်ခြင်းဖြင့်

လွတ်မြောက်ပြီးဖြစ်သော ငါဘုရားသည် သမုဒ္ဒရာပမာ နက်နဲ၏။ မနှိုင်းယှဉ်နိုင်၊ သက်ဝင်ရန် ခက်၏။

'အဖြစ်'ဟူသောသဘော၊ 'မဖြစ်'ဟူသောသဘော၊ 'ဖြစ်လည်းဖြစ်၊ မဖြစ်လည်းမဖြစ်'ဟူသောသဘော၊ 'ဖြစ်သည် လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်' ဟူသော သဘောသို့ မရောက်ပေ။

၀၆ အရှင်ဂေါတမ၊ ရွာ–နိဂုံးအနီး ကြီးစွာသော အင်ကြင်းပင်ကြီး သည် အခက် အရွက် အခွံ အပွေး အကာပျက်စီးကာ အနှစ် သက်သက်သာ တည်နေသကဲ့သို့ အရှင်ဂေါတမ၏စကားသည် အခက် အရွက် ကင်းပါပေသည်။ အခွံ အပွေး ကင်းပါပေသည်။ အကာကင်းပါပေသည်။ အနှစ်သက်သက်သာ တည်ပါပေသည်ဟု ဤသို့လျှောက်ထား၏။

ရှင်းလင်းစေပါမည်။ ယောကျ်ား၏ ပွတ်တိုက်စွမ်းအားကြောင့် မီးဖြစ်ပေါ်လာရ၏။ ထိုမီးငြိမ်းသောအခါ အဘယ်အရပ်သို့မျှ ရောက်သွား သည်မဟုတ်သကဲ့သို့ ငြိမ်းခြင်းသည်လည်း မီးမရှိခြင်းကြောင့် ဖြစ်ပေါ် လာသည်မဟုတ်ပေ။ မီးမရှိခြင်းနှင့်ငြိမ်းခြင်းသည် တခြားစီဖြစ်၏။ မီးရောင်သည် မီးမဟုတ်သကဲ့သို့ မီးမရှိခြင်းသည်လည်း ငြိမ်းခြင်း မဟုတ်ပေ။

အကယ်၍ 'မီးမရှိခြင်းကြောင့် အငြိမ်းဓာတ်ဖြစ်ရပါသည်'ဆိုချေ သော် 'မီးမမွေးမီက၊ မီးမရှိမီက အငြိမ်းဓာတ်မရှိ'ဟုဆိုရာရောက်၏။ စင်စစ် အငြိမ်းဓာတ်သည် မူလအရှိသဘာဝဖြစ်ပေသည်။ ထိုအငြိမ်းဓာတ် သည် ထိုမီးမဖြစ်ပေါ် မပွတ်တိုက်မီက မဆိုထားဘိ၊ မီးရှိနေစဉ်ကပင် ရှိနေသည်။ မီးအရှိန်ကြောင့် မတွေ့ရခြင်းသာ ဖြစ်ပေသည်။

ထို့အတူ လူနတ်ဗြဟ္မာသတ္တဝါခေါ်နေကြသော နာမ်–ရုပ်အစုကြီး များလည်း သင်္ခါရစွမ်းအားကြောင့်ဖြစ်ပေါ်လာရသော မီးတောက်မီးလျှံ ကြီးများသာဖြစ်ကြသည်။ အကြောင်းသင်္ခါရ အဖြစ်ငြိမ်းသောအခါ ထို 'နာမ်–ရုပ်'ဟူသော မီးတောက်မီးလျှံကြီးများလည်း ငြိမ်းချုပ်ကြရတော့ သည်။

ထိုငြိမ်းချုပ်သွားသော နာမ်–ရုပ်တို့ 'ဘယ်အရပ်သို့ရောက်သွား သည်'ဟု မဆိုရသကဲ့သို့ နိဗ္ဗာန်အငြိမ်းစားဓာတ်ကြီး[၁] သည်လည်း ထို နာမ်–ရုပ်တို့ချုပ်ပျောက်ခြင်း၊ ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာရသည်ဟု မဆိုရ။ ထိုနာမ်–ရုပ်အစုကြီးများရှိစဉ်ကပင် ထင်ရှားရှိနေပြီးသော ဓာတ်ဖြစ်၏။ ထို့ကြောင့် 'သန္တိကေ န ဝိဇာနန္တိ၊ မဂ်ါ ဓမ္မဿ ကောဝိဒါ'=ဓမ္မ၌ မကျွမ်းကျင်ကုန်သော သားသမင်အသွင် ပုထုဇဉ်တို့သည် အနီးတွင်ဖြစ်လျက် နိဗ္ဗာန်ကို မသိနိုင်ကုန်'[၂] ဟုဟောတော်မူသည်။ ထို့အတူ ပရမတ္ထစက္ခုကျမ်းပြုဆရာတော်ကလည်း 'နိဗ္ဗာန်ဟူသည် တခြား မှာ ရှိသည်မဟုတ်၊ ကာမဂုဏ်တို့၏အကြား ကာမဂုဏ်တို့၏ အလယ် ကိုယ့်အနားတွင်ပင်ရှိသည်။ ရှိသော်လည်း ကာမဂုဏ်တွေ ဖုံးကွယ်နေသော ကြောင့် မမြင်နိုင်'[၃] ဟု မိန့်တော်မူသည်။

ထို့ကြောင့် အငြိမ်းဓာတ်နိဗ္ဗာန်သဘောကို ကိလေသာကင်းပြီးသော အရိယာအရှင်တို့ ပရိနိဗ္ဗာန်မစံခင်ကပင် သုံးဆောင်ခံစားနိုင် ကြခြင်းဖြစ်ပေ သည်။ အကယ်၍ ထိုရုပ်–နာမ်တို့ချုပ်မှသာ အငြိမ်းဓာတ် နိဗ္ဗာန်ဖြစ်ပေါ် လာရိုးမှန်လျှင် ထိုသို့ မသုံးဆောင်နိုင်ရာ။

ထို့ပြင် ယင်းအငြိမ်းဓာတ်နိဗ္ဗာန်သည် ဒါနစသော ပါရမီဆယ်ပါး ကုသိုလ်တရားတို့ကြောင့်လည်း ဖြစ်ပေါ်လာရသည်မဟုတ်ပေ။ မှန်၏၊

---

၁။ နိဗ္ဗုတိန္တိ နိဗ္ဗုတသဘာဝံ နိဗ္ဗာနံ။ ထေရဂါထာ၊ ဋ္ဌ။ ၁၁၅။
၂။ သုတ္တနိ။ ၃၉၇။ ယင်း အဋ္ဌကထာ၊ ၂။ ၂၂၆။
၃။ ပရမတ္ထစက္ခု။ ၃၀၀။ (သုဓမ္မဝတီမူ)။

ထိုပါရမီကုသိုလ်အဆောက်အအုံတို့သည် နိဗ္ဗာန်ရောက်ကြောင်းများသာ ဖြစ်ကြ၏၊ နိဗ္ဗာန်ဖြစ်ကြောင်းများ မဟုတ်ပေ။

ရှင်းဦးအံ့၊ ရန်ကုန်–မန္တလေးကားလမ်းသည် ရန်ကုန်ရောက်နိုင်သည့်လမ်း၊ မန္တလေးရောက်နိုင်သည့်လမ်းသာဖြစ်သည်။ ရန်ကုန်မြို့ကြီးဖြစ်ပေါ်လာစေသည့်အရာ၊ မန္တလေးမြို့ကြီးဖြစ်ပေါ်လာစေသည့်အရာ မဟုတ်ပေ။ ထိုလမ်း၏အကျိုးကား ရန်ကုန်သို့ရောက်ရခြင်း၊ မန္တလေးသို့ ရောက်ခြင်းသာတည်း။

ထို့အတူ ဒါနစသော ပါရမီကုသိုလ်တရားသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန် မဂ္ဂသစ္စာသာဖြစ်သည်။ ထိုလမ်းမှန် မဂ္ဂသစ္စာကြောင့် နိဗ္ဗာန်ဖြစ်ပေါ်လာရသည်မဟုတ်ပေ။

ထိုမဂ္ဂသစ္စာ ပါရမီကုသိုလ်တို့၏အကျိုးကား နိဗ္ဗာန်ရောက်ရခြင်း၊ မဂ်ဉာဏ်–ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာရခြင်းတို့တည်း။

ရန်ကုန်–မန္တလေးလမ်းရှိသည်ကိုထောက်က ရန်ကုန်မြို့ကြီး၊ မန္တလေးမြို့ကြီးတို့ ရှိနေနှင့်ကြပြီးဖြစ်သည်ကို သိနိုင်သကဲ့သို့ ဒုက္ခနိရောဓဂါမိနီပဋိပဒါဖြစ်သော ဒါနစသော ပါရမီကုသိုလ်၊ မဂ်ဉာဏ်တို့ကို ထောက်က အငြိမ်းဓာတ်နိဗ္ဗာန်ရှိနေပြီးဖြစ်သည်ကို သိနိုင်သည်။

လှေဖောင်သည် ကမ်းတစ်ဖက်သို့ရောက်အောင် ပို့ဆောင်တတ်သော အရာဖြစ်သည်။ တစ်ဖက်ကမ်း၏ဖြစ်ကြောင်း မဟုတ်ပေ။

ဒါန၊ သီလစသော ဗြဟ္မယာဉ်ခေါ် မဂ္ဂင်ဖောင်တော်သည်လည်း နိဗ္ဗာန်ဟူသော ဟိုမှာဘက်ကမ်းသို့ ပို့ဆောင်ပေးသည့်တရားသာဖြစ်သည်။ နိဗ္ဗာန်ဟူသော ဟိုမှာဘက်ကမ်းဖြစ်ခြင်း၏အကြောင်းကား မဟုတ်ပေ။

လှေဖောင်ရှိသည်ကိုထောက်က ဟိုမှာဘက်ကမ်းရှိနေပြီဖြစ်သည်ကို သိရသကဲ့သို့၊ ဒါနစသောတရားတို့ကို 'ကုလ္လ=လှေဖောင်'[၁] ဟု

၁။ မူလပဏ္ဏာသ။ ၁၈၈။

ဟောကြားသဖြင့် 'နိဗ္ဗာန်'ဟူသော ဟိုမှာဘက်ကမ်းလည်း ရှိပြီးဖြစ်ရပေတော့မည်။

လှေဖောင်သည် တစ်ဖက်ကမ်း၏ဖြစ်ကြောင်း မဟုတ်ရုံသာမကဘဲ ဟိုမှာဘက်ကမ်း၌ ရပ်တည်နိုင်ရေးအတွက် စွန့်ပယ်ခြင်းကိုပင်ခံရပေသေးသည်။ (ကမ်းပေါ်သို့ရောက်ရန် လှေဖောင်မှဆင်းရသည်၊ လှေဖောင်ကိုစွန့်ရသည်။) ထို့အတူ ဗြဟ္မယာဉ်ခေါ် မဂ္ဂင်သဘော် လှေ ဖောင်တော်သည်လည်း 'နိဗ္ဗာန်'ဟူသော ဟိုမှာဘက်ကမ်း၏ဖြစ်ခြင်း အကြောင်း မဟုတ်ရုံမျှမက စွန့်ပယ်ခြင်းကိုပင် ခံရပေသေးသည်။

မှန်၏၊ ဘုရားရှင်သည် ပါရမီကုသိုလ်တရားတို့ကို သံသရာတစ်ဖက်ကမ်းသို့ တက်ရောက်နိုင်ရေးအတွက် သဘော် လှေဖောင်သဖွယ် အသုံးပြုကြရန်ကိုသာ မိန့်ဆိုထားပေသည်။ ယူငင်သိမ်းပိုက်ထားရန် မဟောပေ။

'ရဟန်းတို့၊ ဤအတူသာလျှင် သံသရာမှ ကူးမြောက်ခြင်းငှာ ဓမ္မကို လှေဖောင်ဥပမာထား၍ ငါဟောအပ်၏။ ယူငင်သိမ်းပိုက်ခြင်းငှာ ဟောကြားသည်မဟုတ်ပေ။ ရဟန်းတို့၊ သင်တို့အား ဓမ္မကို လှေဖောင်ဥပမာထား၍ ငါဟောအပ်သည်ကိုသိကြသော သင်တို့သည် ဓမ္မတို့ကိုပင်သော်လည်း စွန့်ပယ်အပ်ကုန်၏။ အဓမ္မတို့ကိုမူကား အဘယ်မှာဆိုဖွယ်ရာရှိမည်နည်း'[၁]

ဤအရာ၌ ဘုရားရှင် ဤသို့ ရှင်းလင်းမိန့်ကြားတော်မူသည်။

၄၄ ရဟန်းတို့၊ ဥပမာအားဖြင့် ခရီးရှည်သွားသောယောကျ်ားသည် ကြီးစွာသောရေပြင်ကြီးကို မြင်ရာ၏။ ဤဘက်ကမ်းသည် ယုံမှားဖွယ်ရှိ၏၊ ဘေးမကင်း။ ဟိုမှာဘက်ကမ်းသည် အေးချမ်း၏၊ ဘေးကင်း၏။ ထိုယောကျ်ားအား ကူးစရာလှေလည်းမရှိ၊

၁။ မူလပဏ္ဏာသ။ ၁၈၈၊ ၃၂၇။

တံတားလည်းမရှိ။ ထိုယောကျ်ားအား 'ဤကားရေပြင်ကြီးတည်း၊ ဤဘက်ကမ်းသည် ယုံမှားဖွယ်ရှိ၏၊ ဘေးမကင်း။ ဟိုဘက်ကမ်းသည် အေးချမ်း၏၊ ဘေးမရှိ။ ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ကူးရန် လှေလည်းမရှိ၊ တံတားလည်းမရှိပေ။ ငါသည် မြက် သစ်သား သစ်ခက် သစ်ရွက်တို့ကိုစုရုံး၍ဖောင်ဖွဲ့ကာ ထိုဖောင်ကိုအမှီပြု၍ လက်ခြေတို့ဖြင့် အားစိုက်လျက် ဟိုမှာဘက်ကမ်းသို့ ချမ်းသာစွာကူးရမူ ကောင်းပေမည်'ဟု ကြံမိရာ၏။

ရဟန်းတို့၊ ထို့နောက် ထိုယောကျ်ားသည် မြက် သစ်သား သစ်ခက် သစ်ရွက်တို့ကိုစုံးရုံး၍ဖောင်ဖွဲ့ကာ ထိုဖောင်ကိုအမှီပြု၍ လက်ခြေတို့ဖြင့်အားစိုက်လျက် ဟိုမှာဘက်ကမ်းသို့ ချမ်းသာစွာ ကူးရာ၏။

ကမ်းတစ်ဖက်သို့ ကူးမြောက်ပြီးသော ထိုယောကျ်ားအား 'ဤဖောင်သည် ငါ့အားကျေးဇူးများ၏။ ငါသည် ဤဖောင်ကို အမှီပြု၍ လက်ခြေတို့ဖြင့်အားစိုက်လျက် ကမ်းတစ်ဖက်သို့ ကူးခဲ့၏။ ငါသည် ဤဖောင်ကို ရွက်၍သော်လည်းကောင်း၊ ထမ်း၍သော်လည်း ကောင်း အလိုရှိရာအရပ်သို့ ဖဲသွားရမူ ကောင်းပေမည်'ဟု ကြံမိရာ၏။

ရဟန်းတို့၊ ဘယ်သို့ထင်ကြသနည်း။ ထိုယောကျ်ားသည် ဤသို့ပြုသော် ထိုဖောင်၌ ပြုသင့်သောအမှုကို ပြုသူဖြစ်ရာ သလော။

**ရဟန်းများ** မဖြစ်ပါဘုရား။

၇၃ ရဟန်းတို့၊ ထိုယောကျ်ားသည် အဘယ်ပုံပြုသည်ရှိသော် ထိုဖောင်၌ ပြုသင့်သောအမှုကို ပြုသူဖြစ်ရာသနည်း။ ရဟန်းတို့၊ ကမ်းတစ်ဖက်သို့ကူးမြောက်ပြီးသော ထိုယောကျ်ားအား 'ဤဖောင်

သည် ငါ့အားကျေးဇူးများ၏။ ငါသည် ဤဖောင်ကိုအမှီပြု၍ လက်ခြေတို့ဖြင့် အားစိုက်လျက် ကမ်းတစ်ဖက်သို့ ချမ်းသာစွာ ကူးခဲ့၏။ ငါသည် ဖောင်ကို ဆယ်တင်၍သော်လည်းကောင်း၊ ရေ၌မျှော၍သော်လည်းကောင်း အလိုရှိရာအရပ်သို့ ဖဲသွားရမူ ကောင်းပေမည်' ဤသို့ကြံမိရာ၏။ ရဟန်းတို့၊ ထိုယောကျာ်းသည် ဤအတိုင်းပြုသည်ရှိသော် ထိုဖောင်၌ ပြုသင့်သောအမှုကို ပြုသူဖြစ်ရာ၏။

ရဟန်းတို့၊ ဤအတူပင် သံသရာမှကူးမြောက်ခြင်းငှာ ဓမ္မကို ဖောင်ဥပမာထား၍ ငါဟောအပ်၏။ ယူငင်သိမ်းပိုက်ထားရန်ဟောကြားသည်မဟုတ်ပေ။ ရဟန်းတို့၊ သင်တို့အား ဓမ္မကို ဖောင်ဥပမာထား၍ ငါဟောအပ်သည်ကိုသိကြသော သင်တို့သည် ဓမ္မကိုပင်သော်လည်း စွန့်ပယ်အပ်ကုန်၏။ အဓမ္မတို့ကိုမူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။[၁]

(ဤပါဠိတော်၌ ဓမ္မဆိုသည်မှာ သမထ–ဝိပဿနာကုသိုလ်တရားတို့ကို ရည်ရွယ်ဟောကြားတော်မူကြောင်း အဋ္ဌကထာဆရာဖွင့်၏။[၂] သို့သော် သမထ–ဝိပဿနာဓမ္မတို့ကို မပွားရဟု အဓိပ္ပာယ်မယူရ။ မိမိပွားလျက်ရှိသော သမထ–ဝိပဿနာတို့အပေါ်၌ ဆန္ဒရာဂမဖြစ်ရဟုသာ အဓိပ္ပာယ်ယူရမည်။)

ဘုရားရှင်သည် တပည့်သာဝကတို့အား ပါရမီကုသိုလ် လမ်းမတော်ဖြင့် နိဗ္ဗာန်သို့အရောက်သွားကြရန်သာ ညွှန်ပြတိုက်တွန်းတော်မူနိုင်သည်။ နိဗ္ဗာန်ဖြစ်ပေါ်လာအောင် ကိုယ်တော်တိုင်လည်း ပြုလုပ်မပေးနိုင်။ ဖြစ်ပေါ်လာရန် နည်းလမ်းကိုလည်း ညွှန်ပြတော်မမူနိုင်ပေ။

---

၁။ မူလပဏ္ဏာသ၊ ၁၈၈။

၂။ မူလပဏ္ဏာသအဋ္ဌကထာ၊ ဒုတိယ။ ၁၅။

'ရောက်ခြင်း'အကျိုးနှင့်ဆက်စပ်၍သာ အကျိုးအဖြစ်တင်စား၍ 'အတ္ထပဋိသမ္ဘိဒါ' အတွင်းထည့်သွင်း၍လည်းကောင်း၊ ဓမ္မသင်္ဂဏီ ပါဠိတော် အာစယဂါမိတိက်၌ မဂ်ကုသိုလ်တို့၏အကျိုး 'အပစယ' အဖြစ်တင်စား၍ လည်းကောင်း ဟောကြားတော်မူထားပေသည်။

စင်စစ် ထိုမဂ်ကုသိုလ်တို့၏အကျိုးကား ဖိုလ်တရားတို့သာတည်း။ ထို့ကြောင့် နိဗ္ဗာန်ကို မည်သည့်ကုသိုလ်တရားတို့၏ အကျိုးတွင်မျှ မတွေ့ရခြင်းဖြစ်ပေသည်။

အဘယ်ကြောင့် ကုသိုလ်တရားတို့၏ အကျိုးတွင်မပါဝင်ဘဲရှိရ သနည်း။ ရှိနေပြီး အသင်္ခတပရမတ္ထဓမ္မအစစ် ဖြစ်နေသောကြောင့်တည်း။

ဤပြဿနာကို မိလိန္ဒမင်းနှင့် အရှင်နာဂသေနတို့ ဆွေးနွေးဖူး ကြ၏။

**မိလိန္ဒ** အရှင်ဘုရား။ လောက၌ ကံကြောင့်ဖြစ်သောအရာ၊ အကြောင်း ကြောင့်ဖြစ်သောအရာ၊ ဥတုကြောင့်ဖြစ်သောအရာတို့ ထင်ရှား ရှိကြ၏။ ထိုအကြောင်းတို့ကြောင့် မဖြစ်သောအရာရှိလျှင် မိန့်တော်မူပါ။

**ထေရ်** မင်းကြီး။ ကောင်းကင်၊ နိဗ္ဗာန်တို့သည် အဘယ်အကြောင်း ကြောင့်မျှ မဖြစ်ကြပါ။

**မင်း** ဘုရားရှင်၏စကားတော်ကို မချေဖျက်ပါနှင့်အရှင်၊ မသိဘဲ ပြဿနာကို မဖြေပါနှင့်။

**ထေရ်** ငါ အသို့ဆိုအံ့နည်းမင်းကြီး၊ အကြောင်းကင်းသောအရာကိုမေး၍ အကြောင်းကင်းသောအရာကို ဖြေခဲ့ပြီ။

**မင်း** ကောင်းကင်သည် ကံကြောင့်လည်းကောင်း၊ အကြောင်းကြောင့် လည်းကောင်း၊ ဥတုကြောင့်လည်းကောင်း မဖြစ်ဆိုသောစကား ကို လက်ခံနိုင်ပါ၏။ အရာမကသောအကြောင်းတို့ဖြင့် ဘုရား

ရှင်သည် သာဝကတို့အား နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာ မဂ္ဂင် တရားတို့ကို ဟောတော်မူခဲ့ပါလျက် အရှင်က 'နိဗ္ဗာန်သည် အကြောင်းကင်း၏'ဟု ဖြေတော်မူဘိ၏။

**ထေရ်** မှန်၏မင်းကြီး၊ ဘုရားရှင်သည် အရာမကသောအကြောင်းတို့ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် မဂ်ကိုဟောတော်မူ၏။ သို့သော် နိဗ္ဗာန်၏ဖြစ်ကြောင်းကိုကား မဟောခဲ့ပါ။

**မင်း** အရှင်ဘုရား၊ တပည့်တော်တို့သည် အမိုက်မှောင်တစ်ခုမှ အလွန် မိုက်သော မှောင်ကြီးအတွင်းသို့ ဝင်ရသကဲ့သို့ဖြစ်ပါကုန်ပြီ။ တောတစ်ခုမှ အလွန်နက်သော တောကြီးအတွင်းသို့ ဝင်ရသကဲ့သို့ ဖြစ်ပါကုန်ပြီ။ အရှုပ်တကာထက် အရှုပ်သို့ ဝင်ရောက်ရသကဲ့သို့ ဖြစ်ပါကုန်ပြီ။ အရှင်ဘုရား၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အကြောင်း ရှိသည်ဖြစ်အံ့၊ ထို့ကြောင့်ပင် နိဗ္ဗာန်၏ဖြစ်ကြောင်းကိုလည်း လိုအပ်နေပါ၏။ သား၏ဖခင်ရှိသောကြောင့်ပင် ထိုဖခင်၏ဖခင် လည်း ရှိရမည်အမှန်ဖြစ်ပါ၏။ တပည့်၏ဆရာရှိလျှင် ထိုဆရာ၏ ဆရာလည်း ရှိရမြဲဖြစ်ပါ၏။ အညွန့်၏မျိုးစေ့ရှိလျှင် ထိုမျိုးစေ့၏ မျိုးစေ့ကိုလည်း လိုအပ်ပါ၏။ သစ်ပင်၏လည်းကောင်း၊ နွယ်၏ လည်းကောင်း အညွန့်ရှိသည် ဖြစ်သော် ထို့ကြောင့်ပင် ပင်စည်နှင့် အရင်းအမြစ်တို့ရှိရပါ၏၊ ထို့အတူပင် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အကြောင်းရှိသော် နိဗ္ဗာန်၏ ဖြစ်ကြောင်းလည်း ရှိရပါလိမ့်မည်။

**ထေရ်** မင်းကြီး၊ နိဗ္ဗာန်သည် ဖြစ်ပေါ်စေအပ်သောတရားမဟုတ်။ ထို့ကြောင့် နိဗ္ဗာန်၏ဖြစ်ကြောင်းကို ဘုရားရှင်မဟောနိုင်ပါ။

**မင်း** ရှင်းတော်မူပါအရှင်။

**ထေရ်** မင်းကြီး၊ ယောကျ်ားသည် ပကတိအင်အားဖြင့် ဤနေရာမှ ဟိမဝန္တာတောင်သို့ ရောက်အောင်သွားနိုင်ရာ၏လော။

မင်း  မှန်ပါ၊ သွားနိုင်ရာပါ၏။

ထေရ်  ထိုယောက်ျားသည် ဟိမဝန္တာတောင်ကို ဤနေရာ၌ (ဖြစ်ပေါ် အောင်) ထုတ်ဖော်နိုင်ပါမည်လော။

မင်း  မထုတ်ဖော်နိုင်ပါ။

ထေရ်  ဤအတူပင်မင်းကြီး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အကြောင်းကို ဟောတော်မူနိုင်သော်လည်း နိဗ္ဗာန်၏ဖြစ်ကြောင်းကိုကား မဟောနိုင်ပါ။ မင်းကြီး၊ ယောက်ျားသည် ပကတိစွမ်းအားဖြင့် သမုဒ္ဒရာကို လှေ-သင်္ဘောဖြင့် ဟိမဝန္တာဘက်ကမ်းအရောက် ကူးနိုင်ရာ၏လော။

မင်း  ကူးနိုင်ရာပါ၏အရှင်။

ထေရ်  ထိုယောက်ျားသည် ဟိမဝန္တာဘက်ကမ်းကို ဤအရပ်၌ (ဖြစ်ပေါ် အောင်) ထုတ်ဖော်နိုင်ပါမည်လော။

မင်း  မထုတ်ဖော်နိုင်ပါအရှင်။

ထေရ်  ဤအတူပင် ဘုရားရှင်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဂ္ဂင် လှေဖောင်ကို ညွှန်ပြဟောတော်မူနိုင်သော်လည်း ဖြစ်ပေါ်ရန် ကိုကား ဟောတော်မမူနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် နိဗ္ဗာန်သည် အသင်္ခတဖြစ်သောကြောင့်ပဲ မင်းကြီး။

မင်း  အရှင်ဘုရား၊ နိဗ္ဗာန်သည် အဘယ်ကြောင်းကြောင့်မျှ ဖြစ်ပေါ်ခြင်း မရှိသော အသင်္ခတဖြစ်ပါသလော။

ထေရ်  မှန်၏မင်းကြီး၊ နိဗ္ဗာန်သည် အသင်္ခတဖြစ်၏။ တစ်စုံတစ်ခု သော အကြောင်းကမျှ မပြုလုပ်၊ မဖန်တီးနိုင်။ မင်းကြီး၊ နိဗ္ဗာန် ကို 'ဖြစ်ဆဲတရား' ဟုလည်းကောင်း၊ 'ဖြစ်ပြီးတရား' ဟုလည်း ကောင်း၊ 'ဖြစ်ပြီးဖြစ်ဆဲမဟုတ်သောတရား' ဟုလည်းကောင်း၊ 'ကေန်ဖြစ်လတ္တံ့တရား' ဟုလည်းကောင်း၊ 'အတိတ်' ဟုလည်း

ကောင်း၊ 'အနာဂတ်'ဟုလည်းကောင်း၊ 'ပစ္စုပ္ပန်' ဟုလည်းကောင်း၊ 'မျက်စိဖြင့်မြင်အပ်သောတရား'ဟုလည်းကောင်း၊ 'နားဖြင့် ကြားအပ်သောတရား'ဟုလည်းကောင်း၊ 'နှာခေါင်းဖြင့် နမ်းရှုအပ်သောတရား'ဟုလည်းကောင်း၊ 'လျှာဖြင့် လျက်အပ်သောတရား'ဟုလည်းကောင်း၊ 'ကိုယ်ဖြင့် ထိတွေ့အပ်သောတရား'ဟုလည်းကောင်း မဆိုအပ်။

မင်း သို့ဆိုလျှင် 'မရှိသောတရား'ကို နိဗ္ဗာန်ဟု အရှင်တို့ ညွှန်ပြမိကုန်ပြီ။ 'နိဗ္ဗာန်သည် မရှိ' ဟု အရှင်တို့ ဆိုမိလေကုန်ပြီ။

ထေရ် မင်းကြီး၊ နိဗ္ဗာန်သည်ရှိ၏။ မနောဝိညာဏ်ဖြင့်သိအပ်၏။ စင်ကြယ်မွန်မြတ်ဖြောင့်မတ်သော၊ အနှောင့်အယှက် အပိတ်အပိတ်ကင်းသော၊ ကာမဂုဏ်အာမိသကင်းသောစိတ်ဖြင့် ကောင်းစွာကျင့်သော အရိယာသာဝကသည် နိဗ္ဗာန်ကိုမြင်နိုင်၏။

မင်း အရှင်ဘုရား၊ နိဗ္ဗာန်ကို ဥပမာဖြင့်ပြတော်မူပါ။ နိဗ္ဗာန်သည် အဘယ်သို့ပါနည်း။

ထေရ် မင်းကြီး၊ 'လေ'ဆိုသောအရာသည် ရှိသည်မဟုတ်လော။

မင်း ရှိပါတယ် အရှင်။

ထေရ် လေသည် အဆင်းသဏ္ဌာန် အငယ်, အကြီး, အရှည်, အတို အဘယ်သို့ပါနည်း မင်းကြီး။

မင်း လေကို ထိုသို့ညွှန်ပြရန်မဖြစ်နိုင်ပါ။

ထေရ် သို့ဆိုလျှင် 'လေ' မရှိသလော။

မင်း လေကိုညွှန်ပြရန် မစွမ်းနိုင်ပါ။ သို့သော် လေရှိ၏ဟု နှလုံးသား၌ သိနေပါသည်။

ထေရ် မင်းကြီး၊ နိဗ္ဗာန်သည်ဤသို့ပင်ဖြစ်၏။ အဆင်းအားဖြင့်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်လည်းကောင်း ညွှန်ပြရန်မဖြစ်နိုင်။

**မင်း** လက်ခံပါပြီအရှင်။ နိဗ္ဗာန်ရှိ၏[၁]ဟု လျှောက်၏။

ထို့ကြောင့် အရှင်အနုရုဒ္ဓါထေရ်က နာမရူပပရိစ္ဆေဒကျမ်း၌ 'နိဗ္ဗာန်သည် အကြောင်းပစ္စည်းသာလျှင်တည်း။ အထောက်အပံ့ခံတရားမဟုတ်။ အပြုပြင်ခံတရားမဟုတ်။ သင်္ခါရတွင် အကျုံးဝင်သောတရားမဟုတ်။ တစ်ဖန်ဖြစ်ခြင်းသဘောမရှိ။ တည်တံ့၏။ မြဲသောလက္ခဏာရှိ၏'[၂] ဟုလည်းကောင်း၊

ထိုနိဗ္ဗာန်မှတစ်ပါးသောအရာတို့သည် အကြောင်းပစ္စည်းလည်းဖြစ်ကုန်၏။ သင်္ခါရတွင် အကျုံးဝင်သောတရားတို့လည်း ဖြစ်ကုန်၏။ အပြုပြင်ခံတရားတို့လည်း ဖြစ်ကုန်၏။ ဖြစ်တတ်–ပျက်တတ်သောသဘောလည်း ရှိကုန်၏။ ထို့အတူ အကြောင်းနှင့်ဆက်စပ်ခြင်းရှိကုန်၏'[၃] ဟုလည်းကောင်း–

နိဗ္ဗာန်သည် အခြားတရားတို့နှင့်မတူပုံကို ခွဲခြားမိန့်ဆိုထားပေသည်။

## နိဗ္ဗာန်သည် အတ္တ၏စံနန်းမဟုတ်

နိဗ္ဗာန်သဘောသည် လွန်စွာနက်ရှိုင်း၏။ သဘောထိအောင် ထောက်မိတည်မိဖို့ ခက်၏။ မြင်နိုင်ရန် ခရီးဝေး၏။ ဖောက်ထွင်းသိနိုင်ဖို့ ကွာလှမ်း၏။ ငြိမ်သက်မွန်မြတ်၏။ လောကီဒဿနဖြင့် သဘောမှန်ကို သက်ဝင်ရန်မဖြစ်နိုင်။ သိမ်မွေ့လွန်းလှ၏။ ပါရမီရှင်ကြီးတို့သာ နည်းမှန်လမ်းကျသိကြရ၏။ ထိုသို့မြင်ရ တွေ့ရခက်လှသည်မှာ အဝိဇ္ဇာတဏှာစသော ကိလေသာဖုံးကာ နှောင့်ယှက်ခြင်းကြောင့်ပင်ဖြစ်၏။

---

၁။ မိလိန္ဒ ၂၆၀၊ ၁၊ ၂။

၂။ နာမရူပပရိစ္ဆေဒကျမ်း။ ဂါထာ–၆၂၁။

၃။ နာမရူပပရိစ္ဆေဒကျမ်း။ ဂါထာ–၆၂၂။

မှန်၏။ သတ္တဝါတို့သည် အဝိဇ္ဇာမှောင်တွင်းဝယ် အတ္တဒိဋ္ဌိ၏ အလွှမ်းမိုးကို ခံနေကြရသူများဖြစ်၏။ တဏှာ၏ဆွဲဆောင်ရာသို့ ပါနေရသူများဖြစ်ကြ၏။ ထို့ကြောင့် နိဗ္ဗာန်ကိုရှာသောအခါ 'ငါနိဗ္ဗာန် ရောက်လျှင်'ဟု အတ္တမျက်စိဖြင့်ရှာ၏။ 'နိဗ္ဗာနံ ပရမံ သုခံ=နိဗ္ဗာန်ဟာ မွန်မြတ်တဲ့ချမ်းသာပဲ'ဟု ကြားနာရလျှင် 'နိဗ္ဗာန်ရောက်လျှင် ချမ်းသာခံစား ရမှာပဲ'ဟု (ခံစားမှုကိုစွဲလမ်းသော) တဏှာမျက်စိဖြင့်ကြည့်၏။ ထိုအခါ 'ငါ'ဟူသော အတ္တ၏စံပျော်ရန် အဆောက်အအုံတို့သည် နိဗ္ဗာန်အသွင် ဖြင့် ဝင်လာကုန်၏။ တဏှာ၏စွဲမက်စရာအာရုံတို့သည် နိဗ္ဗာန်အဖြစ် သရုပ်ဆောင်၍ ပေါ်လာကုန်၏။

သို့ဖြင့် ကောင်းကင်ဘုံနန်း၊ ဗြဟ္မာဘုံနန်းတို့သည် တဏှာ၏ စွဲမက်စရာ အတ္တ၏နန်းတော် နိဗ္ဗာန်ဘုံများဖြစ်လာကြရတော့၏။ လူ့ဘုံ၌ မန္ဓာတ်မင်းကြီး၏ ကာမဂုဏ်မျိုး၊ နတ်ဘုံ၌ ပရနိမ္မိတဝသဝတ္တီ နတ်မင်းကြီး၏ ကာမဂုဏ်မျိုးတို့သည် လက်တွေ့ခံစားရသော ဒုက္ခ ကင်းရာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်များ ဖြစ်လာကြရတော့၏။

ကျမ်းဂန်အရပ်ရပ်နှံ့စပ်၍ လမ်းမှန်ကျအောင်ယူဆနိုင်သော အာဂမသုတ၊ မဂ်ဖိုလ်ကို ကိုယ်တိုင်ဆိုက်ရောက်သိရှိသော အဓိဂမသုတ ဟူသော သုတနှစ်ပါးကင်းသည့် ပုထုဇဉ်သားတို့သည် ထိုနိဗ္ဗာန်အတု များကို နိဗ္ဗာန်အစစ်အမှန်ပဲဟု လွဲမှားစွာ အသိအမှတ်ပြုမိ၍ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ကွန့်မြူးထောင်လွှားကျက်စားပုံကို မူလပဏ္ဏာသ ပါဠိတော်၊ မူလပရိယာယသုတ်(နှာ-၄)၌ ဤသို့ဟောတော်မူ၏။

'နိဗ္ဗာန်ကို နိဗ္ဗာန်အဖြစ်ဖြင့် အသိအမှတ်ပြု၏။ နိဗ္ဗာန်ကို အထင် လွဲ၏။ နိဗ္ဗာန်၌ 'ငါရောက်၏'ဟု အထင်မှား၏။ 'နိဗ္ဗာန်မှ ငါသီးခြား' ဟုအထင်မှား၏။ နိဗ္ဗာန်ကို 'ငါ့နိဗ္ဗာန်'ဟု အထင်မှား၏။ နိဗ္ဗာန်ကိုအလွန်

နှစ်သက်၏။ ထိုသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်း။ 'နိဗ္ဗာန်ကို ပိုင်းခြား၍မသိခြင်းကြောင့်' ဟု ငါဟော၏'

ဤသို့ ဟောတော်မူ၏။

ဤပါဠိတော်လာ 'နိဗ္ဗာန်'ဟူသောစကားလုံးများသည် နိဗ္ဗာန်အစစ်ကို ညွှန်ပြသောစကားလုံးများမဟုတ်။ သီလက္ခန္ဓဝဂ္ဂပါဠိတော် ဗြဟ္မဇာလသုတ်(၃၃)၌လာသော ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်(မြတ်သောလောကနိဗ္ဗာန်)များကို ရည်ရွယ်၍ ဟောတော်မူကြောင်း အဋ္ဌကထာဆရာဖွင့်ဆိုခဲ့၏။ စင်စစ်မူကား တဏှာဒိဋ္ဌိတို့က လက်ညှိုးထိုးညွှန်ပြထားသော နိဗ္ဗာန် အားလုံးအကျုံးဝင်သည်သာဖြစ်သည်။

ထိုသို့ ထင်ရာမြင်ရာကိုနိဗ္ဗာန်ဟု သမုတ်ပြောဆိုကြားနာကြ ရသောသုတကင်းသည့် ပုထုဇဉ်တို့မှာ နိဗ္ဗာန်အတုကို 'နိဗ္ဗာန်အစစ်'ဟု မှတ်သားလွဲမှားကြကုန်၏ဟုဆိုလိုသည်။

ထိုသို့ နိဗ္ဗာန်မဟုတ်သည်ကို 'နိဗ္ဗာန်'ဟု မှတ်ထင်ယုံမှားကြရခြင်းမှာ ကျမ်းဂန်အရပ်ရပ်နှံ့စပ်၍ လမ်းမှန်ကျအောင်ယူဆနိုင်သော အာဂမသုတ၊ မဂ်ဖိုလ်ကို ကိုယ်တိုင်ဆိုက်ရောက်သိရှိရသော အဓိဂမသုတ ဟူသော သုတနှစ်ပါးတွင် တစ်ပါးမျှမရှိ၍ နိဗ္ဗာန်ကိုပိုင်းပိုင်းခြားခြား မသိရခြင်းကြောင့် ဖြစ်ပေသည်။

ဤနေရာ၌ မာဂဏ္ဍိယပရိဗိုဇ်အား ဘုရားရှင် ရှင်းပြသည်တို့ကို မှတ်သားလေ့လာသင့်ကြ၏။

"လာဘ်တို့တွင် ရောဂါကင်းခြင်းသည် အမြတ်ဆုံး၊ ချမ်းသာမှန်သမျှတွင် နိဗ္ဗာန်သည် အမြတ်ဆုံး၊ ဘေးကင်းရာ အမြိုက် နိဗ္ဗာန်ရောက်ကြောင်း လမ်းအပေါင်းတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်လမ်းသည် အမြတ်ဆုံး'ဟု ဘုရားရှင် ဥဒါန်းကျူးရင့်သောအခါ မာဂဏ္ဍိယ ပရိဗိုဇ်သည် 'အံ့ဖွယ်ရှိစွ အရှင်ဂေါတမ၊ အဖြစ်ထူးစွ အရှင်ဂေါတမ၊ အကျွန်ုပ်တို့

ပရိဗိုဇ်ဆရာအစဉ်အဆက်လည်း 'လာဘ်တို့တွင် ရောဂါ ကင်းခြင်းသည် အမြတ်ဆုံး၊ ချမ်းသာမှန်သမျှတွင် နိဗ္ဗာန်သည် အမြတ်ဆုံး'ဟု ပြောဆိုကြသည်ကိုကြားရဖူးပါ၏။ အကျွန်ုပ်တို့၏ ဆရာအစဉ် အဆက်စကားနှင့် အရှင်ဂေါတမစကားသည် တစ်ထပ်တည်း ကျပါပေသည်'ဟု လျှောက်ထား၏။

၅၁ မာဂဏ္ဍိယ။ လာဘ်တို့တွင် ရောဂါကင်းခြင်းသည် အမြတ်ဆုံး၊ ချမ်းသာမှန်သမျှတွင် နိဗ္ဗာန်သည် အမြတ်ဆုံးဆိုသောစကားကို သင်ကြားဖူးအံ့။ 'လာဘ်' ဟူသည် အဘယ်နည်း။ အဘယ်ကို နိဗ္ဗာန်ခေါ်သနည်း။

**မာဂဏ္ဍိယ** (မိမိကိုယ်ကို လက်ဖြင့်ပုတ်ပြလျက်) အရှင်ဂေါတမ၊ ရောဂါကင်းခြင်းဟူသည် ဤသည်ပင်တည်း။ နိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း။ မှန်၏ အရှင်ဂေါတမ၊ အကျွန်ုပ်သည် ယခုအခါ ရောဂါကင်းကာ ချမ်းသာပါ၏။ အကျွန်ုပ်ကို အနည်းငယ်သော ရောဂါမျှ မနှိပ်စက်ပါ။

၅၂ မာဂဏ္ဍိယ၊ ဝမ်းတွင်းကန်းယောကျ်ားသည် အဖြူ,အညို,အရွှေ, အနီ,အမောင်းဟူသော အရောင်းအဆင်းတို့ကို မမြင်ဖူးပေ။ ညီညွတ်သည်, မညီညွတ်သည်ကို မမြင်ဖူးပေ။ နက္ခတ် နေလတို့ကို မမြင်ဖူးပေ။ ထိုဝမ်းတွင်းကန်းသည် 'အချင်းတို့၊ အလွန်အဆင်းလှသော၊ အညစ်အကြေးကင်းသော၊ သန့်ရှင်းစင်ကြယ်သော အဝတ်ဖြူသည် ကောင်းမွန်လှပေသည်' ဟု မျက်စိမြင်သူ လူတစ်ယောက်၏စကားကိုကြား၍ ထိုအဝတ် ဖြူမျိုးကို လှည့်လည်ရှာဖွေလေ၏။

ထိုစဉ် ယောကျ်ားတစ်ယောက်က 'အချင်း၊ ဤပုဆိုးကား သင့်အတွက် အလွန်အဆင်းလှသော၊ အညစ်အကြေးကင်းသော၊

သန့်ရှင်းသော အဝတ်ဖြူသာတည်း'ဟု လိမ်လည်ပြောဆို၍ ဆီချေးအလိမ်းလိမ်းကပ်သော သိုးမွေးနက်ပုဆိုးကြမ်းကိုပေးရာ၏။ ထိုဝမ်းတွင်းကန်းသည် ထိုအဝတ်နက်ကိုယူရာ၏။ ဝတ်ရာ၏။ ဝတ်ပြီး 'အချင်းတို့၊ အလွန်အဆင်းလှသော၊ အညစ်အကြေးကင်းသော၊ သန့်ရှင်းသော အဝတ်ဖြူသည် အလွန်ကောင်းလှ၏'ဟု နှစ်သက်စကားကို ဆိုရာ၏။

အဘယ်သို့ထင်သနည်း မာဂဏ္ဍိယ၊ ဝမ်းတွင်းကန်းယောကျာ်းသည် 'မည်းညစ်သောပုဆိုးကြမ်း'ဟု သိလျက် လက်ခံယူသလော၊ ယူပြီးဝတ်သလော၊ နှစ်သက်စကားကို ဆိုသလော။ သို့မဟုတ် မျက်စိမြင်သူ၏စကားကို ယုံကြည်ခြင်းကြောင့် လက်ခံယူသလော၊ ယူပြီးဝတ်သလော၊ နှစ်သက်စကားကို ဆိုသလော။

**မာဂဏ္ဍိယ** အရှင်ဂေါတမ၊ ဝမ်းတွင်းကန်းယောကျာ်းသည် ဆီချေးအလိမ်းလိမ်းကပ်သော သိုးမွေးနက်ပုဆိုးကြမ်းဖြစ်မှန်းမသိဘဲ၊ ဆီချေးအလိမ်းလိမ်းကပ်သော သိုးမွေးနက်ပုဆိုးကြမ်းကို မမြင်ဘဲ၊ မျက်စိမြင်သူ၏စကားကို ယုံကြည်ခြင်းကြောင့်သာ ယူရာပါ၏၊ ဝတ်ရာပါ၏၊ နှစ်သက်စကားကို ဆိုရာပါ၏။

၅၃ ဤအတူပင် မာဂဏ္ဍိယ၊ သာသနာတော်မှအပဖြစ်ကုန်သော ပရိဗိုဇ်တို့သည် ကန်းကုန်၏။ မျက်စိမရှိကုန်။ ရောဂါကင်းခြင်းကို မသိကုန်။ နိဗ္ဗာန်ကိုမမြင်ကုန်။ ထိုသို့ဖြစ်ပါလျက် 'လာဘ်တို့တွင် ရောဂါကင်းခြင်းသည် အမြတ်ဆုံး၊ ချမ်းသာတို့တွင် နိဗ္ဗာန်သည် အမြတ်ဆုံး'ဟူသော ဂါထာနှစ်ပါဒကို ရွတ်ဆိုကြကုန်၏။

မာဂဏ္ဍိယ၊ ပူဇော်အထူးကိုခံထိုက်သော ရှေးဘုရားရှင်တို့သည် ‘လာဘ်တို့တွင် ရောဂါကင်းခြင်းသည် အမြတ်ဆုံး၊ ချမ်းသာမှန်သမျှတွင် နိဗ္ဗာန်သည် အမြတ်ဆုံး၊ ဘေးကင်းရာ အမြိုက် နိဗ္ဗာန်ရောက်ကြောင်း လမ်းအပေါင်းတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်လမ်းသည် အမြတ်ဆုံး’ ဟူသော ဤဂါထာကို မိန့်ဆိုတော်မူခဲ့ကြကုန်၏။

လေးပါဒရှိသော ထိုဂါထာသည် ယခုအခါ အစဉ်အားဖြင့် ပုထုဇဉ်တို့ရွတ်ဆိုသည့် နှစ်ပါဒရှိဂါထာဖြစ်နေ၏။ မာဂဏ္ဍိယ၊ ခန္ဓာကိုယ်သည် ရောဂါဖြစ်၏။ အိုင်းအမာဖြစ်၏။ ဆူးငြောင့်ဖြစ်၏။ ဆင်းရဲဖြစ်၏။ အနာဖြစ်၏။ သို့ဖြစ်ပါလျက် ‘အရှင်ဂေါတမ၊ ရောဂါကင်းခြင်းဟူသည် ဤသည်ပင်တည်း။ နိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း’ဟု သင်ဆို၏။ မာဂဏ္ဍိယ၊ ရောဂါကင်းခြင်းကို သိနိုင်သော၊ နိဗ္ဗာန်ကို မြင်နိုင်သော အရိယာမျက်စိသင့်မှာမရှိ။

**မာဂဏ္ဍိယ** ရောဂါကင်းခြင်းကို သိအောင်၊ နိဗ္ဗာန်ကို မြင်အောင် **တပည့်**တော်အား အရှင်ဂေါတမ ဟောနိုင်လိမ့်မည်ဟုယုံကြည်ပါ**သည်။**

**ဗုဒ္ဓ** မာဂဏ္ဍိယ၊ ဥပမာအားဖြင့် ထိုဂမ်းတွင်းကန်းယောကျ်ားအား အဆွေခင်ပွန်းတို့က ဆေးဆရာကိုပင့်၍ ကုသစေသော်လည်း မျက်စိနှစ်ကွင်းအလင်းမရနိုင်ရှိလျှင် ထိုဆေးဆရာသည် ပင်ပန်းရုံသာဖြစ်သည် မဟုတ်ပါလော။

**မာဂဏ္ဍိယ** မှန်ပါသည် အရှင်ဂေါတမ။

**ဗုဒ္ဓ** ဤအတူပင် မာဂဏ္ဍိယ၊ ငါသည် သင့်အား ရောဂါကင်းခြင်းသည် ဤသည်ပင်တည်း၊ နိဗ္ဗာန်သည် ဤသည်ပင်တည်းဟု

ဟောသော်လည်း သင်မသိနိုင်ဖြစ်လျှင် ငါပင်ပန်းရုံသာရှိပေလိမ့်မည်။

**မာဂဏ္ဍိယ** ရောဂါကင်းခြင်းကို သိအောင်၊ နိဗ္ဗာန်ကို မြင်အောင် တပည့်တော်အား အရှင်ဂေါတမ ဟောပြနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

၀၃ မာဂဏ္ဍိယ၊ ဥပမာအားဖြင့် ထိုအလိမ်အညာကိုခံရသော ဝမ်းတွင်းကန်းသည် မိတ်ဆွေတို့၏ စီစဉ်ချက်ဖြင့် ဆေးကု၍ မျက်စိရောဂါပျောက်ကင်းအံ့။ မျက်စိမြင်သည်နှင့်တစ်ပြိုင်နက် ဆီချေးအလိမ်းလိမ်းကပ်သော သိုးမွေးနက်ပုဆိုးကြမ်းကို လိုချင် မက်မောမှု ပျောက်ပေလိမ့်မည်။ ထိုပုဆိုးကိုပေးသော ယောကျာ်းကိုလည်း လိမ်ညာသူအဖြစ်၊ ရန်သူအဖြစ်၊ သတ်ထိုက်သူအဖြစ် သတ်မှတ်ပေလိမ့်မည်။

ဤအတူပင် မာဂဏ္ဍိယ၊ ငါဟော၍ရောဂါကင်းခြင်းကို သင် သိအံ့။ နိဗ္ဗာန်ကို သင်မြင်အံ့။ ထိုသိတတ် မြင်တတ်သော ဉာဏ်မျက်စိဖြစ်သည်နှင့်တစ်ပြိုင်နက် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ လိုချင်မက်မောမှု ပျောက်ပေလိမ့်မည်။ စင်စစ်၊ သင့်အား 'အချင်းတို့၊ ဤစိတ်သည် ငါ့ကို လှည့်ပတ်စဉ်းလဲ ဖျက်ဆီးနေသည်မှာ ကြာလေပြီ။ ငါသည် ရုပ်ကိုသာ စွဲလမ်းစရာအဖြစ်ဖြင့် စွဲလမ်းမိခဲ့လေပြီ။ ဝေဒနာကိုသာ စွဲလမ်းစရာအဖြစ်ဖြင့် စွဲလမ်းမိခဲ့လေပြီ။ သညာကိုသာ စွဲလမ်းစရာ အဖြစ်ဖြင့် စွဲလမ်းမိခဲ့လေပြီ။ သင်္ခါရတို့ကိုသာ စွဲလမ်းစရာ အဖြစ်ဖြင့် စွဲလမ်းမိခဲ့လေပြီ။ ဝိညာဉ်ကိုသာ စွဲလမ်းစရာ အဖြစ်ဖြင့် စွဲလမ်းမိခဲ့လေပြီ။ ထိုစွဲလမ်းမှုကြောင့် ဘဝဖြစ်ခဲ့ရ၏။ ဘဝကြောင့် ဇာတိဖြစ်ခဲ့ရ၏။ ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊

ငိုကြွေးခြင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းတို့ ဖြစ်ပေါ်ခဲ့ရကုန်ပြီ။ ဤသို့လျှင် ဒုက္ခအစုအဝေးကြီး ဖြစ်ပေါ်ရ၏'ဟု အသိဖြစ်ပေါ်ပေလိမ့်မည်။

**မာဂဏ္ဍိယ** ဤနေရာမှ အကန်းပျောက်၍ ထမြောက်နိုင်ရန် တပည့်တော်အား အရှင်ဂေါတမ ဟောပြနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

**၄၃** မာဂဏ္ဍိယ၊ ထိုသို့လျှင် သူတော်ကောင်းထံ ချဉ်းကပ်လော့။ သဒ္ဓမ္မကို နာရလတ္တံ့။ ထိုနာရခြင်းကြောင့် တရားနည်းလမ်းကျသော အကျင့်ကို ကျင့်သုံးရပေလိမ့်မည်။ ထိုသို့ကျင့်သုံးခြင်းကြောင့် 'ဤသည်တို့ကား ရောဂါတို့တည်း၊ ဤသည်တို့ကား အိုင်းအမာတို့တည်း၊ ပြောင့်တို့တည်း။ ဤနိဗ္ဗာန်၌ ရောဂါ၊ အိုင်းအမာ၊ ပြောင့်တို့ အကြွင်းမဲ့ချုပ်ကုန်ပြီ။ ငါ့အား စွဲလမ်းမှုချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲပင်ပန်းခြင်းတို့ ချုပ်ကုန်၏။ ဤသို့လျှင် အဆက်ဆက်သော ဤဒုက္ခအစုအဝေးကြီး ချုပ်ပြီ' ဟု သင်ကိုယ်တိုင် သိပေလိမ့်မည်၊ သင်ကိုယ်တိုင် မြင်ပေလိမ့်မည်။[၁]

ဤပါဠိတော်ဖြင့် ရုပ်–နာမ်တို့ကို ပိုင်းပိုင်းခြားခြားမသိခြင်းကြောင့် မာဂဏ္ဍိယပရိဗိုဇ်ကြီးသည် မိမိ၏ခန္ဓာကိုယ်ကြီးကို 'နိဗ္ဗာန်'ဟု တဏှာဒိဋ္ဌိဥပါဒါန်တရားတို့ဖြင့် လွဲမှားစွာစွဲလမ်းနေပုံကိုလည်းကောင်း၊ နိဗ္ဗာန်အစစ်အမှန်ကို ကိုယ်တိုင်ကျင့်သုံးခြင်းဖြင့်သာ မြင်တွေ့နိုင်ပုံကိုလည်းကောင်း သိခွင့်ရပေသည်။

---

၁။ မဇ္ဈိမပဏ္ဏာသ။ ၁၇၆။

မှန်၏၊ ရုပ်–နာမ်တို့၏ ဖြစ်မှု–ပျက်မှုကို မပြတ်ကြည့်ရှုသိမှတ်နေသော သူတော်ကောင်းတို့၏ ရှေ့မှောက်၌ တဗျာဒိဋ္ဌိဖြင့် သတ်မှတ်ထားသော နိဗ္ဗာန်တို့သည် နိဗ္ဗာန်အဖြစ်မတည်နိုင်တော့ပေ။ 'ဖြစ်ပေါ်ချုပ်ပျောက်မှု'ဟူသော သူတို့၏ ပင်ကိုယ်သဘော မှန်ပေါ်လာရတော့၏။ သူတို့သည် အသင်္ခတဒဏ်ချက်တို့ဖြင့် တုန်လှုပ်နေ၏။ တည်ငြိမ်မှုမရနိုင်။ အပြစ်ရှိသော တပည့်ငယ်သည် ဆရာ၏ရှေ့၌ တည်ငြိမ်မှုမရနိုင်သကဲ့သို့တည်း။ နောက်ဆုံး 'မမြဲသော၊ ဆင်းရဲသော၊ အနှစ်ကင်းမဲ့သော သင်္ခါရတရားစုတို့သာဖြစ်ကုန်၏။ အသင်္ခတနိဗ္ဗာန်ဓာတ် မဟုတ်ပါတကား'ဟု ဝိပဿနာဉာဏ်ဖြင့် ရှင်းလင်းခြင်း၊ မဂ်ဉာဏ်ဖြင့် ဖျောက်ဖျက်ခြင်းကို ခံယူကြရပေတော့၏။

သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်ဖျောက်ရှင်းလင်းထားခြင်းကြောင့် 'အတ္တ'ဟူသော ထင်မှတ်စွဲလမ်းမှုကြီး ပျောက်ပျက်ရှင်းလင်းသွားပြီဖြစ်သည်။ ထို့ကြောင့် ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်ဝတ္ထုတို့၌ 'နိဗ္ဗာန်'ဟု ထင်မှတ်စွဲလမ်းမှု မရှိတော့ပေ။

မှန်၏၊ နိဗ္ဗာန်ကို အမှန်အတိုင်းမမြင်ခြင်းမှာ အတ္တဒိဋ္ဌိကြောင့်ဖြစ်၏။ 'နိဗ္ဗာနံ ပရမံ သုခံ=နိဗ္ဗာန်ဟာ မွန်မြတ်တဲ့ချမ်းသာပဲ' ဟုနာကြားရသည်နှင့် ဗာလ ပုထုဇဉ်တို့သည် ထိုနိဗ္ဗာန်၌ ခံစားဖို့စိတ်ကူး ကြတော့၏။ 'နိဗ္ဗာန်မှာ ငါခံစားမယ်'ဟူသောအကြံပေါ်လာ၏။ ဤကား 'ငါ'ဟူသော အမြင်မှား အတ္တဒိဋ္ဌိကြောင့်ဖြစ်၏။

'နိဗ္ဗာန်ဆိုတာ ရုပ်–နာမ်တရားတွေကို ချုပ်ငြိမ်းသွားတာ၊ အေးသွားတာ၊ ဘုံသီးခြားရှိတာမဟုတ်ဘူး'ဟုဆိုလျှင် အတ္တသမားများအဖို့ နိဗ္ဗာန်ကို မျက်ခြည်ပြတ်သွား၏။ 'ပျင်းစရာ'ဟု ထင်သွား၏။

ထို့အတူ နိဗ္ဗာန်သည် အတ္တမဟုတ်၊ အနတ္တဟုဆိုလျှင် နားမလည်ကြ။ အကြောင်းကား'ငါ' အပျောက်မခံနိုင်ကြသောကြောင့်ဖြစ်သည်။

'အပါယ်ကျလျှင် ငါခံရမယ်၊ နတ်,ဗြဟ္မာဖြစ်လျှင် ငါစံရမယ်'ဤသို့ အတ္တအမြင်ဖြင့်ကြည့်နေရာမှ နိဗ္ဗာန်၌ 'ငါ'မရှိပုံကို ပြောလိုက်သောအခါ မျက်စိလည်သွားရခြင်းဖြစ်၏။ ထို့ကြောင့် အတ္တအမြင်ဖြင့်ရှာနေသမျှ နိဗ္ဗာန်အစစ်အမှန်ကိုတွေ့မြင်နိုင်မည်မဟုတ်ပေ။

မှန်၏၊ 'ငါပဲ–သူပဲ'ဟု ပုဂ္ဂိုလ်သတ္တဝါအမြင်ရှိသည့် အတ္တဒိဋ္ဌိသမားပုထုဇဉ်သားတို့အဖို့ နိဗ္ဗာန်ကိုမျှော်မှန်းကြည့်ရှုလျှင်ဆက်မှား (သဿတဒိဋ္ဌိ)နှင့် ပြတ်မှား (ဥစ္ဆေဒဒိဋ္ဌိ)တို့မှတစ်ပါး အစစ်အမှန်နိဗ္ဗာန်ကိုကားတွေ့မြင်ရန်မဖြစ်နိုင်ပေ။ ထိုအယုတ်တရားနှစ်ပါးဟူသော လမ်းလွဲလမ်းမှားကို ဘယ်လိုနည်းနှင့်မှ မရှောင်သာပြီဟူလို။

သေက္ခအရှင်တို့ကား'ငါ'ပျောက်နေပြီဖြစ်၍ နိဗ္ဗာန်ကိုအမှန်အတိုင်းမြင်ပြီ။ သို့သော် 'ဒိဋ္ဌဓမ္မနိဗ္ဗာန်=မြတ်သော(လောကနိဗ္ဗာန်)'ဟု အထင်မှားခံရ၊ သမုတ်ခံရသည့် ရုပ်နာမ်တို့အပေါ် 'ချမ်းသာသည်၊ တင့်တယ်လှပသည်'ဟု ထင်မှားမှုကား မကင်းသေးပေ။[၁] တဏှာ မာနတို့ဖြင့်စွဲလမ်းမော်ကြွားဆဲပင်။ ထို့ကြောင့် သေက္ခပုဂ္ဂိုလ်တို့၏အမြင်ကို ဤသို့မိန့်တော်မူသည်။

'နိဗ္ဗာန်ကို နိဗ္ဗာန်အဖြစ်ဖြင့် အထူးသိ၏။ နိဗ္ဗာန်ကို နိဗ္ဗာန်အဖြစ်ဖြင့် အထူးသိ၍ နိဗ္ဗာန်ကိုအထင်မလွဲရာ။ 'နိဗ္ဗာန်၌ ငါရောက်၏'ဟု အထင်မလွဲရာ။ 'နိဗ္ဗာန်မှ ငါ တခြား'ဟု အထင်မလွဲရာ။ 'ငါ၏ နိဗ္ဗာန်'ဟု အထင်မလွဲရာ။ နိဗ္ဗာန်ကိုမစွဲလမ်း မနှစ်သက်ရာ။ ထိုသို့ အထင်လွဲခြင်းသည် အဘယ်ကြောင့်နည်း။ ထိုနိဗ္ဗာန်ကို ပိုင်ပိုင်းခြားခြား သိဆဲပင်ဖြစ်ခြင်းကြောင့်ဟု ငါဟော၏။'[၂]

---

၁။ မူလပဏ္ဏာသ အဋ္ဌကထာ၊ ပထမ။ ၄၃။ ယင်း အဋ္ဌကထာ။ ဒုတိယ။ ၁၇၉။
၂။ မူလပဏ္ဏာသ။ ၅။

ဤပါဠိတော်၌ 'နိဗ္ဗာန်'ဟူသောပုဒ်တို့သည် တဏှာဒိဋ္ဌိတို့ဖြင့် ကြံဆစွဲလမ်း သတ်မှတ်ထားသမျှ နိဗ္ဗာန်အားလုံးကို ခြုံငုံညွှန်ပြသော ပုဒ်များဖြစ်၏။

'နိဗ္ဗာန်ကို နိဗ္ဗာန်အဖြစ်ဖြင့် အထူးသိအပ်၏'ဟူသောစကားသည် 'နိဗ္ဗာန်အတုကို နိဗ္ဗာန်အတုအဖြစ်ဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် သိ၏'ဟု ဆိုလိုသည်။

ထို့ပြင် 'တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော လွဲမှားစွ ထင်မှတ်တတ်သော တရားအားလုံးကို မစွန့်ပယ်နိုင်သေးသောပုထုဇဉ်တို့၏အမြင်'ကို ဟောရာ၌ ကဲ့သို့ 'အထင်လွဲ၏=(မညတိ)'ဟုလည်းကောင်း၊ ထိုမညာနာတရားတို့ လုံးဝကင်းရှင်းပြီးသော ရဟန္တာအရှင်မြတ်တို့၏ အမြင်ကို ဟောပြောရာ၌ ကဲ့သို့ 'အထင်မလွဲ=(နမညတိ)'ဟုလည်းကောင်း၊ တိတိကျကျ ပြတ်ပြတ် တောက်တောက်မဟောဘဲ 'အထင် မလွဲရာ=(မာ မညီ)'ဟု မတင်မကျ ဟောတော်မူသည်မှာ သေက္ခအရှင်တို့မှာ ဒိဋ္ဌိမညနာကိုသာ အပြီးအပြတ် ပယ်စွန့်ပြီးဖြစ်၍ တဏှာမာနတရား တို့ကိုကား ခေါင်းပါးရုံသာပယ်သဖြင့် 'ချမ်းသာသည်၊ လှပတင့်တယ်သည်'ဟု အထင်မှားမှု မကင်းသေးဘဲ တဏှာမာနတို့ဖြင့် စွဲလမ်း မော်ကြွားထောင်လွှားလျက်ပင်ရှိသေးကြောင်း သိစေတော်မူသည်။

ထိုသို့ တဏှာမာနတို့ဖြင့် စွဲလမ်းမော်ကြွား ထောင်လွှားမှု မကင်း သေးသည်မှာ သိခြင်းကိစ္စ မပြီးဆုံးသေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် 'ပိုင်းခြား၍ သိဆဲ=(ပရိညေယျ)'ဟု ဟောတော်မူခြင်းဖြစ်ပေသည်။

ဘုရားရဟန္တာအရှင်တို့ကား စွဲလမ်းမော်ကြွားထောင်လွှားမှု တဏှာ မာနတို့ကို ပယ်သတ်ပြီးဖြစ်၍ အထင်မှားအမြင်မှား ဖြစ်စေ တတ်သော တရားအားလုံးကို ကင်းစေလေပြီ။

ထို့ကြောင့် ‘ဤကား အကြောင်းမကင်းသော သင်္ခတတည်း။ ဤကားအကြောင်းကင်းသော အသင်္ခတတည်း။ ဤကား အမှန်ရှိ ပရမတ်တည်း။ ဤကား ပရမတ္ထတို့ကို ကပ်မြှောင်နေသည့် ပရမတ် အရိပ်အရောင်ပညတ်တည်း’ဟု အရှိကိုအရှိအတိုင်း ပြတ်ပြတ်ရှင်းရှင်း ကြီး မြင်လေပြီဖြစ်ရကား ထင်မှားခြင်း၊ ယောင်ဝါးခြင်း ကင်းစင်တော် မူလေပြီ။

အကျဉ်းချုပ်ပြောလိုသည်မှာ–‘နိဗ္ဗာန်သည် အဖြစ်တရားမဟုတ်။ ပရမတ္ထအရှိတရားအစစ်ဖြစ်သည်။ ထိုအရှိပရမတ္ထနိဗ္ဗာန်ကို မမြင်နိုင် သည်မှာ လောဘစသော ကိလေသာတို့၏ ကွယ်ကာပိတ်ဆီးထားခြင်း ကြောင့် ဖြစ်သည်။ ပို၍ တိကျအောင်ဆိုရသော် အတ္တ၏ ကွယ်ကာမှုကြောင့် ဖြစ်သည်။ ထို့ကြောင့် ‘ထိုအရှိနိဗ္ဗာန်ကို မြင်လိုလျှင် အတ္တကိုဖယ်၍ ကြည့်ပါ’ ဟုလိုသတည်း။

## နိဗ္ဗာန်တစ်ခုတည်း

ထိုအတ္တ၏ဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်သည် အမျိုးအစားအားဖြင့် လည်းကောင်း၊ ဦးရေအားဖြင့်လည်းကောင်း နှစ်ခုမရှိပေ။ အမျိုးကွဲခြင်း၊ ဦးရေများခြင်းတို့မှာ သင်္ခတဓမ္မတို့၏သဘောဖြစ်၍ အသင်္ခတဓမ္မ၏ သဘော မဟုတ်ပေ။

ရှင်းဦးအံ့။ သင်္ခတဓမ္မတို့သည် အကြောင်းကိုစွဲမှီ၍ဖြစ်ကြရသော တရားများဖြစ်၍ အကြောင်း၏အမျိုးအစား၊ အကောင်းအဆိုး၊ အရည် အသွေးအခြေအနေတို့ကိုလိုက်၍ အမျိုးအစား၊ အကောင်းအဆိုး၊ အရည် အသွေးကွဲပြားကြရသည်။ ဥပမာ–မျိုးစေ့ကိုလိုက်၍ သရက်ပင်၊ ပိန္နဲပင်၊ မန်ကျည်းပင်၊ တမာပင်စသည် အမျိုးအစား၊ အကောင်းအဆိုး၊ အရည် အသွေးကွဲပြားကြရသကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံဟူသော အကြောင်း

မျိုးစေ့ကိုလိုက်၍ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိဟူသော ကောင်းကျိုး။ ကာလဝိပတ္တိ၊ ဂတိဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ပယောဂဝိပတ္တိဟူသော ဆိုးကျိုး။ ဒါနကုသိုလ်၏အကျိုး။ သီလကုသိုလ်၏အကျိုး။ ဘာဝနာ ကုသိုလ်၏ အကျိုး။ ပါဏာတိပါတကံ၏အကျိုး။ အဒိန္နာဒါနကံ၏အကျိုး စသည် အမျိုးအစားကွဲပြားကြရသည်။

မျိုးတူချင်း၌ပင် မျိုးစေ့ဦးရေကိုလိုက်၍ အကျိုးဦးရေ များကြရ သည်။ ဥပမာ–သရက်တစ်စေ့ကိုစိုက်လျှင် တစ်ပင်၊ နှစ်စေ့စိုက်လျှင် နှစ်ပင်၊ ကုဋေပေါင်းများစွာစိုက်လျှင် အပင်ကုဋေပေါင်းများစွာ ပေါက်ကြ ရသကဲ့သို့ ဒါနကုသိုလ်စေတနာတစ်ခုဖြစ်လျှင် အကျိုးတစ်ခု၊ နှစ်ခုဖြစ် လျှင် အကျိုးနှစ်ခု၊ ကုဋေပေါင်းများစွာဖြစ်လျှင် အကျိုးကုဋေပေါင်း များစွာဖြစ်ကြရလေသည်။

အသင်္ခတဖြစ်သော နိဗ္ဗာန်၌ကား ထိုသို့ အမျိုးအစားကွဲပြားခြင်း၊ ဦးရေများခြင်းမရှိပေ။ ထိုသို့ မရရှိခြင်း၏အကြောင်းကား အကြောင်း ကင်းသောကြောင့်တည်း။

သင်္ခတဓမ္မမှာပင် လောကီသင်္ခတနှင့် လောကုတ္တရာသင်္ခတတို့ မတူကြပေ။ လောကီသင်္ခတ၌ အမျိုးအစားအားဖြင့်လည်းကောင်း၊ ဦးရေ အားဖြင့်လည်းကောင်း၊ အမျိုးမျိုးခြားနားများပြားသော်လည်း လောကုတ္တရာ သင်္ခတဖြစ်သည့် မဂ်ဖိုလ်တို့၌ကား အမျိုးအစားကွဲပြားခြင်း မရှိပေ။

ဥရုညမြို့ ကဏ္ဍကတ္ထလမည်သော သမင်တော၌ ပဿေနဒီ ကောသလမင်းကြီးက ဤသို့ လျှောက်ထား၏။

**မင်း:** မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသားဟူသော အမျိုးလေးပါး တို့သည် ဤကမ္မဋ္ဌာန်းအားထုတ်မှု အင်္ဂါငါးပါးတို့နှင့်ပြည့်စုံ၍ ကောင်းစွာ အားထုတ်ကြခြင်းရှိခဲ့ပါမူ ခြားနားမှုရှိပါသေးသလော မြတ်စွာ ဘုရား။

ဗုဒ္ဓ မင်းကြီး၊ ဤအရာ၌ ထိုသူတို့၏ မဂ်ဖိုလ်အချင်းချင်း တစ်စုံတစ်ရာ ခြားနားမှုကိုငါမဟော၊ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ကျွန်းထင်းသားခြောက်ကို မီးမွှေးရာ၏။ အခြားတစ်ယောက်သည် အင်ကြင်းသားထင်းခြောက်ကို မီးမွှေးရာ၏။ အခြားတစ်ယောက်က သရက်သားထင်းခြောက်ကို မီးမွှေး၍ အခြားတစ်ယောက်က ရေသဖန်သားထင်းခြောက်ကို မီးမွှေးရာ၏။ မင်းကြီး၊ ထင်းအမျိုးမှဖြစ်ကုန်သော ထိုမီးတို့၏အလျှံချင်း အရောင်ချင်း တစ်စုံတစ်ရာ ခြားနားမှု ရှိပါသလော။

မင်း: မရှိပါ မြတ်စွာဘုရား။

ဗုဒ္ဓ ဝီရိယဖြင့် မွေနှောက်၍ရအပ်သော ပဓာနအလုပ်အားထုတ်ခြင်းကြောင့်ဖြစ်သော တန်ခိုးဖြစ်သည့် မဂ်ဖိုလ်အချင်းချင်း ခြားနားမှုကို ငါမဟောပေ။[၁]

('ဝိမုတ္တိယာ ဝိမုတ္တိ'ဟူသော ပါဠိတော်ကို အဋ္ဌကထာဆရာက 'ဖလဝိမုတ္တိယာ ဖလဝိမုတ္တိံ'ဟု ဖွင့်သော်လည်း အကြောင်းဖြစ်သော မဂ်ကိုပါ ယူရမည်။)

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကောသလမင်းကြီး၏ သမီးတော် သုမနာဒေဝီက 'သဒ္ဓါ သီလ ပညာတူညီကြပြီး ဒါနမှု၌ မတူကြသည့် သာဝကနှစ်ဦးတို့၏ နတ်အဖြစ်၊ လူအဖြစ်၊ ရဟန်းအဖြစ်၊ ရဟန္တာအဖြစ်တို့၌ ခြားနားမှု ရှိ,မရှိ လျှောက်ထားရာ၌လည်း–

'နတ်အဖြစ် လူအဖြစ်တို့၌ ဒါနရှိသူက ဒါနမရှိသူထက် အသက်အားဖြင့်လည်းကောင်း၊ အဆင်းအားဖြင့်လည်းကောင်း၊ ချမ်းသာခြင်းအားဖြင့်လည်းကောင်း၊ အခြံအရံအားဖြင့်လည်းကောင်း၊ အကျော်အစောအားဖြင့်လည်းကောင်း၊ အစိုးရခြင်းအားဖြင့်လည်းကောင်း၊ သာလွန်

၁။ မဇ္ဈိမပဏ္ဏာသ။ ၃၃၀၊ ၃၃၁။

ကြောင်း။ ရဟန်းဖြစ်ရာ၌လည်း ဒါနရှိသူရဟန်းက 'သုံးဆောင်တော်မူပါ' ဟု တောင်းတောင်းပန်ပန်လှူဒါန်းသည့် ပစ္စည်းလေးပါးကိုသာ သုံးဆောင်ရ၍ သီတင်းသုံးဖော်ရဟန်းတို့၏ နှစ်ခြိုက်ဖွယ်ရာ ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုစုမှု၊ ပူဇော်မှုကိုခံရကြောင်း။ သို့သော် တစ်ပါး၏ကိလေသာမှ လွတ်မြောက်မှုဝိမုတ္တိနှင့် တစ်ပါး၏ကိလေသာမှလွတ်မြောက်မှုဝိမုတ္တိတို့ အနည်းငယ်မျှပင် ခြားနားသည်ဟု ငါမဟော'[၁] ဟု ဖြေဆိုမိန့်ကြားတော်မူသည်။

မဂ်ဖိုလ်တရားတို့သည် အကြောင်းမကင်းသည့် သင်္ခတဓမ္မများဖြစ်ပါလျက် တစ်ဦးမဂ်ဖိုလ်နှင့်တစ်ဦးမဂ်ဖိုလ် တူကြရသည်မှာ အာရုံတူသောကြောင့်ဖြစ်သည်။ မဂ်တရားဖိုလ်တရားမှန်သမျှတို့သည် နိဗ္ဗာန်ကို ကေန်အာရုံပြုကြရသည်ချည်းဖြစ်သည်။ ထိုသို့အာရုံဖြစ်သည့် နိဗ္ဗာန်က တစ်ဦးနှင့်တစ်ဦးမထူးသောကြောင့် တစ်ဦးမဂ်ဖိုလ်နှင့် တစ်ဦးမဂ်ဖိုလ် တူကြရခြင်းဖြစ်သည်။

ဤသို့ တစ်ဦးမဂ်ဖိုလ်နှင့်တစ်ဦးမဂ်ဖိုလ် တူကြရသည်ကို ထောက်၍ တစ်ဦးအာရုံပြုသောနိဗ္ဗာန်နှင့် တစ်ဦးအာရုံပြုသည့်နိဗ္ဗာန် အမျိုးအစားတူကြောင်း၊ ဦးရေတစ်ခုတည်းသာဖြစ်ကြောင်း သိရသည်။

အရိယာပုဂ္ဂိုလ်တို့သည် အဆင့်တူအချင်းချင်း တစ်ဦးနှင့်တစ်ဦး ကိလေသာငြိမ်းမှု၊ ကိလေသာပယ်မှုလည်းတူကြပေသည်။ ဤသို့ သောတာပန်ချင်း၊ သကဒါဂါမ်ချင်း၊ အနာဂါမ်ချင်း၊ ရဟန္တာချင်း ကိလေသာငြိမ်းအေးမှု၊ ကိလေသာပယ်မှုတူကြခြင်းသည် အချင်းချင်း နိဗ္ဗာန်တူညီကြခြင်းပင်ဖြစ်သည်။

ချဲ့ဦးအံ့။ ဘုရားရှင်၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့သည် အချင်းချင်းလောကီအရာ၌သာ ထူးခြားမှုရှိကြ၍ လောကုတ္တရာကိုးပါးအရာ၌ တူညီကြသည်။

---
၁။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ ၂၇၊ ၂၈။

ထို့ကြောင့် ဘုရားရှင်တို့၏ သာဝကတို့နှင့်တကွ ထိုထိုမဂ်ဖြင့် ကိလေသာကိုပယ်ခြင်း ပဟာနကိစ္စ၌ ထူးခြားမှုမရှိ၊ ပိုင်းခြားသိမှု ပရိညာကိစ္စ၌သာ ထူးသည်ဟု မူလပဏ္ဏာသအဋ္ဌကထာ (ပ၊၅၄) ဆရာမိန့်ဆိုပေသည်။

မှန်၏။ ဘုရားရှင်၏ သောတာပတ္တိမဂ်ဉာဏ်သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို အကြွင်းမဲ့ပယ်သကဲ့သို့ သာဝကတို့၏ သောတာပတ္တိမဂ်ဉာဏ်သည်လည်း ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို အကြွင်းမဲ့ပယ်နိုင်လေသည်။ ဘုရားရှင်၏ သကဒါဂါမ်မဂ်ဉာဏ်သည် ရာဂ,ဒေါသ, မောဟတို့ကို ခေါင်းပါးရုံပယ်သကဲ့သို့ သာဝကတို့၏ သကဒါဂါမ်မဂ်ဉာဏ်သည်လည်း ရာဂ, ဒေါသ, မောဟတို့ကို ခေါင်းပါးရုံပယ်နိုင်သည်။ ဘုရားရှင်၏ အနာဂါမ်မဂ်ဉာဏ်သည် ကာမ,ရာဂ,ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်နိုင်သကဲ့သို့ သာဝကတို့၏ အနာဂါမ်မဂ်ဉာဏ်သည်လည်း ကာမ, ရာဂ, ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်နိုင်လေသည်။ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်သည် ကိလေသာအကြွင်းအကျန်မရှိအောင် ပယ်သကဲ့သို့ သာဝကတို့၏အရဟတ္တမဂ်ဉာဏ်သည်လည်း ကိလေသာအကြွင်းအကျန်မရှိအောင် ပယ်နိုင်သည်။ ဘုရားရှင်က သစ္စာတရားတို့ကို ပိုင်းခြားသိနိုင်သည့်ပရိညာကိစ္စအရာ သာလွန်မှုကြောင့် ဝါသနာပါပယ်နိုင်၍ သာဝကတို့က ဝါသနာကင်းအောင် မပယ်နိုင်။ ဤသို့သာ ထူးသည်။

ဤသို့ ကိလေသာပယ်သည့် မဂ်ချင်းတူလျှင် ဖိုလ်ချင်းလည်း တူရမည်။ နိဗ္ဗာန်ကား ဆိုဖွယ်ရာပင်မရှိပေ။ အကြောင်းကား ကိလေသာပယ်ရသည်မှာ နိဗ္ဗာန်ကိုအာရုံပြု၍ စွဲမှီ၍သာ ပယ်ရသောကြောင့်တည်း။

ဘုရားရှင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလကြာအောင် ပါရမီဖြည့်ရသည်မှာ လောကုတ္တရာမဂ်ဖိုလ်နိဗ္ဗာန်အတွက် ပဓာနမဟုတ်။

လောကီဉာဏ်ဖြစ်သည့် သဗ္ဗညုတဉာဏ်တော်ကြီးအတွက်သာ ပဓာန ဖြစ်သည်။ ဘုရားရှင်အဖြစ်၌ရအပ်သည့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် သုမေဓာ ဘဝကယူလျှင်ရမည့် မဂ်ဖိုလ်နိဗ္ဗာန်တို့ အတူတူပင်ဖြစ်သည်။

ဘုရားရှင်အဖြစ်ဖြင့်ရယူခဲ့သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို သုမေဓာဘဝ နှင့်ပင် ရယူနိုင်ပေသည်။ ထို့ကြောင့်–

'မြေ၌အလျားမှောက်နေသော ငါ၏စိတ်သည် ဤသို့ဖြစ်၏။ ငါအလိုရှိလျှင် ယနေ့ပင် ကိလေသာတို့ကို ရှို့မြိုက်နိုင်ရာ၏။ ယခုအခါ မထင်ရှားသောအသွင်ဖြင့် တရားကိုမျက်မှောက်ပြုခြင်းဖြင့် ငါ့အား ဘာအကျိုးရှိအံ့နည်း။ နတ်နှင့်တကွသောလောက၌ သဗ္ဗညုတအဖြစ်သို့ ရောက်၍ ဘုရားဖြစ်အံ့'[၁] ဟု မိန့်တော်မူသည်။

ဘုရားရှင်က အရှင်သာရိပုတ္တ၊ အရှင်မောဂ္ဂလ္လာနတို့ထက် သုံး သင်္ချေ ပိုပြီးပါရမီဖြည့်ရခြင်း၊ အဂ္ဂသာဝကနှစ်ပါးက မဟာသာဝကတို့ ထက် တစ်သင်္ချေပိုပြီး ပါရမီဖြည့်ရခြင်းတို့မှာလည်း လောကီဉာဏ် အတွက် လောကီဂုဏ်ထူးအတွက်သာ ပဓာနဖြစ်ပေသည်။ လောကုတ္တရာ အရာ၌ကား ဘုရားနှင့်တကွ သာဝကကြီးများသည် ပကတိသာဝက များနှင့်မခြားနားတော့ပေ။ ထို့ကြောင့် မဇ္ဈိမပဏ္ဏာသဋီကာဆရာက 'မှန်၏၊ သုက္ခဝိပဿက၊ တေဝိဇ္ဇာ၊ ဆဠာဘိညပုဂ္ဂိုလ်တို့အား ဝိမုတ္တိ အရာ၌ ထူးခြားမှုမရှိ'[၂] ဟု ဖွင့်ဆိုထားပေသည်။

လောကုတ္တရာတရားကိုးပါးတို့တွင် မဂ်ဖိုလ်တို့သည် သင်္ခတ သပ္ပစ္စယဖြစ်သောကြောင့် အရိယာရှစ်ယောက်တို့သန္တာန်၌ အသီးသီး ဖြစ်ကြရ၍ 'ကိုယ့်မဂ်ဖိုလ်နှင့်ကိုယ်ဟု ဆိုရသော်လည်း နိဗ္ဗာန်မှာ အသင်္ခတအပ္ပစ္စယဖြစ်သောကြောင့် ကိုယ့်နိဗ္ဗာန်နှင့်ကိုယ်' မဖြစ်နိုင်ပေ။

---

၁။ ဗုဒ္ဓဝံသ။ ၃၁၀။

၂။ မဇ္ဈိမပဏ္ဏာသဋီကာ။ ၁၆၅။

တစ်မျိုးတည်း တစ်ခုတည်းသော နိဗ္ဗာန်ကိုပင် အရိယာပုဂ္ဂိုလ် ရှစ်ယောက်လုံးက အာရုံပြုကြရပေသည်။

သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟုလည်းကောင်း၊ သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်ဟုလည်းကောင်း၊ ကျမ်းဂန်တို့၌ နှစ်မျိုးသုံးမျိုးပြဆိုလျက်ရှိသည် မဟုတ်လောဟူမူ–

'သဉပါဒိသေသနိဗ္ဗာန်'၊ 'အနုပါဒိသေသနိဗ္ဗာန်'ဟု နှစ်မျိုးမိန့်ဆိုကြခြင်းမှာ ဉပါဒိမည်သော ခန္ဓာအကြွင်းအကျန် ရှိ,မရှိနှင့်စပ်ပြီး အမည် နှစ်မျိုးရနေခြင်းကို မိန့်ဆိုကြခြင်းသာဖြစ်၍ အမျိုးအစားကွဲပြားခြားနားခြင်း၊ ဦးရေအားဖြင့် သင်္ချာတစ်ခုမှ ပိုထွက်လာခြင်းမဟုတ်ပေ။

'သုညတနိဗ္ဗာန်'၊ 'အနိမိတ္တနိဗ္ဗာန်'၊ 'အပ္ပဏိဟိတနိဗ္ဗာန်'ဟု သုံးမျိုးမိန့်ဆိုကြခြင်းမှာလည်း ဆိုခဲ့ပြီးသည့်အတိုင်း (နိဗ္ဗာန်၏ ဂုဏ်သုံးမျိုးကိုခေါင်းစီးအောက်၌ဆိုခဲ့ပြီ) ဂုဏ်သုံးမျိုးရှိနေခြင်းကြောင့် ထိုဂုဏ်သုံးမျိုးကိုစွဲ၍ အမည်သုံးမျိုးဖြင့် မှည့်ခေါ်ထားခြင်းသာဖြစ်သည်။ အမျိုးအစားကွဲပြားခြင်း၊ ဦးရေပိုလာခြင်းမဟုတ်ပေ။

ဆိုနိုင်သည်မှာ ထိုမျှသာမကပေ။ ရာဂကင်းခြင်းကြောင့် 'ရာဂက္ခယနိဗ္ဗာန်'၊ ဒေါသကင်းခြင်းကြောင့် 'ဒေါသက္ခယနိဗ္ဗာန်'၊ မောဟကင်းခြင်းကြောင့် 'မောဟက္ခယနိဗ္ဗာန်'၊ ရာဂ,ဒေါသ,မောဟတို့မှ လွတ်ခြင်းကြောင့် 'မောက္ခနိဗ္ဗာန်'ဟု ဂုဏ်လေးမျိုးကိုစွဲ၍ 'နိဗ္ဗာန်လေးမျိုးရှိ၏'ဟုလည်းဆိုနိုင်သည်။ သို့သော် ထိုလေးမျိုးတို့သည် အရကောက်တရားကိုယ်အားဖြင့် ကွဲပြားသည်မဟုတ်၊ အသင်္ခတ အငြိမ်းဓာတ်ချည်းပင်ဖြစ်သည်။

ထို့အတူ အသင်္ခတအငြိမ်းဓာတ်၌ ဆွေးမြည့်ခြင်းမရှိ၊ ထို့ကြောင့် 'အဇရနိဗ္ဗာန်'။ သေခြင်းသဘောမရှိ၊ ထို့ကြောင့် 'အမတနိဗ္ဗာန်'။ ပျက်စီးခြင်းကင်း၏၊ ထို့ကြောင့် အပလောကိတနိဗ္ဗာန်။ ဆင်းရဲကင်း၏၊

ထို့ကြောင့် 'အနိတိကနိဗ္ဗာန်'။ အကြောင်းတရားကင်း၏၊ ထို့ကြောင့် 'အသင်္ခတနိဗ္ဗာန်'။ ဤသို့လည်း ဂုဏ်ငါးမျိုးကိုလိုက်၍ 'နိဗ္ဗာန်ငါးမျိုးရှိ၏'ဟုဆိုနိုင်သည်။ သို့သော် ထိုငါးမျိုးသည် တရားကိုယ်အားဖြင့်တစ်မျိုးတည်း၊ ဦးရေအားဖြင့်တစ်ခုတည်းသာဖြစ်၏။

ထောက်ရာတည်ရာဖြစ်သောကြောင့် 'ဒီပနိဗ္ဗာန်'၊ ပရမတ္ထသစ္စာဖြစ်သောကြောင့် 'သစ္စနိဗ္ဗာန်'၊ ဝဋ်ဒုက္ခ၏တစ်ဖက်ဖြစ်သောကြောင့် 'ပါရနိဗ္ဗာန်'၊ သိမ်မွေ့သောကြောင့် 'နိပုဏနိဗ္ဗာန်'၊ မြင်နိုင်ခဲသောကြောင့် 'သုဒုဒ္ဒသနိဗ္ဗာန်'၊ ကျက်သရေရှိသောကြောင့် 'သိဝနိဗ္ဗာန်'။ ဤသို့လည်း ဂုဏ်ခြောက်မျိုးကိုစွဲ၍ 'နိဗ္ဗာန်ခြောက်မျိုး'ရှိ၏ဟုဆိုနိုင်ပြန်သည်။ ဤသို့စသည်ဖြင့် ဂုဏ်ကိုလိုက်၍ နိဗ္ဗာန်အမျိုးမျိုး ပြောဆိုလိုက ပြောဆိုနိုင်ပေသည်။ မည်မျှပင်နိဗ္ဗာန်တွေ ခွဲခြားပြောဆိုသော်လည်း ပရမတ္ထတရားအနေဖြင့် တစ်မျိုးတည်း တစ်ခုတည်းသာရှိပေသည်။

ဤသို့ နိဗ္ဗာန်ဦးရေ အမျိုးအစားကွဲပြားခြားနားခြင်း၊ ဦးရေတိုးပွားခြင်းမရှိသောကြောင့် မဟာသမုဒ္ဒရာ၏ အလျှော့အတိုးမရှိပုံနှင့်နှိုင်းခိုင်း၍ နိဗ္ဗာန်၏အလျှော့အတိုးမရှိပုံကို–

'ပဟာရဒ အလုံးစုံသောမြစ်ကြီးမြစ်ငယ်တို့သည် မဟာသမုဒ္ဒရာသို့ဝင်ကုန်၏။ အလုံးစုံသော ကောင်းကင်မှ မိုးရေအလျဉ်တို့သည်လည်း ကျကုန်၏။ ထို့ကြောင့် မဟာသမုဒ္ဒရာ၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှားသကဲ့သို့ ဤအတူပင် များစွာသော ရဟန်းတို့ အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံကုန်၏။ ထို့ကြောင့် နိဗ္ဗာန်ဓာတ်၏ လျော့ခြင်း တိုးခြင်းသည် မထင်ရှားပေ (မရှိနိုင်ပေ)'[၁] ဟု ဟောတော်မူပေသည်။

အကယ်၍သာ အရိယာပုဂ္ဂိုလ်တို့ 'ကိုယ့်နိဗ္ဗာန်နှင့်ကိုယ်' အသီးသီးရှိကြပါက နိဗ္ဗာန်၏ လျော့ခြင်းတိုးခြင်း မလွဲမသွေဖြစ်ရပေတော့မည်။

---

၁။ အင်္ဂုတ္တိုရ်၊ တတိယ။ ၄၂။

အနည်းငယ်ရှင်းဦးအံ့။ အလုံးစုံသော မြစ်ကြီးမြစ်ငယ်တို့မှ ရေသည်လည်းကောင်း၊ ကောင်းကင်မှကျသောရေသည်လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာမှရေပင်ဖြစ်၍ ထိုရေတို့စီးဝင်ကျဆင်းမှုမရှိခြင်းကြောင့် ပင်လယ်သမုဒ္ဒရာ၏ လျော့ခြင်းသည်လည်းကောင်း၊ စီးဝင်ကျဆင်းမှု များခြင်းကြောင့် ပင်လယ်သမုဒ္ဒရာ၏ ပြည့်လျှံခြင်းသည်လည်းကောင်း၊ မရှိခြင်းဖြစ်ပေသည်။ ထို့အတူ ဘုရားရှင်၏နိဗ္ဗာန်လည်း တည်ရှိပြီး နိဗ္ဗာန်ပင်။ အရှင်သာရိပုတ္တစသော များစွာသောသာဝကတို့၏ နိဗ္ဗာန်တို့လည်း တည်ရှိပြီးနိဗ္ဗာန်ပင်။ ထိုသို့တည်ရှိပြီးနိဗ္ဗာန်ကိုပင် ဘုရား ရှင်၏နိဗ္ဗာန်၊ အရှင်သာရိပုတ္တတို့၏နိဗ္ဗာန်ဟု မျက်မှောက်ပြုသူ အရှင်၏ အမည်ကိုတပ်၍ သတ်မှတ်ခေါ်ဆိုနေကြရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ပရိနိဗ္ဗာန်စံမည့်သူ မရှိခြင်းကြောင့် နိဗ္ဗာန်ဓာတ်၏ လျော့ခြင်း၊ ပရိနိဗ္ဗာန်စံမည့်သူများခြင်းကြောင့် နိဗ္ဗာန်ဓာတ်၏ပြည့်လျှံခြင်းမရှိ၊ ပကတိတည်ငြိမ်ခြင်းဖြစ်ရသည်။

မြစ်ကြီးမြစ်ငယ်မှရေနှင့် မဟာသမုဒ္ဒရာမှရေသည် အတူတူဖြစ်သကဲ့သို့ ပရမတ္ထသဘောအားဖြင့် တည်ရှိနေပြီးဖြစ်သည့်နိဗ္ဗာန်နှင့် ဘုရားအစရှိသော မရေမတွက်နိုင်သော အရိယာအရှင်တို့ မျက်မှောက် ပြုရသည့် နိဗ္ဗာန်သည် ဧကောဓမ္မော=တစ်ခုတည်းသောတရားပင်ဖြစ်သည် ဟူလို။

မှန်၏၊ နိဗ္ဗာန်ဆိုသည်မှာ အပါယ်စသောဝဋ်ဒုက္ခတို့၏အေးငြိမ်းခြင်းဖြစ်ရကား ထိုအပါယ်စသောဝဋ်ဒုက္ခတို့၏ အေးငြိမ်းခြင်းကို မည်သူ တစ်စုံတစ်ယောက်ကမျှ ပုဂ္ဂလိကပြုလုပ်မထားနိုင်ပေ။ ဗြဟ္မစရိယ ခေါ်သည့် သိက္ခာသုံးပါးကို ကျင့်သုံးသူတိုင်းအေးချမ်းကြရ၊ မျက်မှောက်ပြုကြရသည်သာဖြစ်သည်။ ထို့ကြောင့် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံသည့် အရှင်မြတ်တို့မရှိခြင်းကြောင့် လျော့ခြင်း၊ ပရိနိဗ္ဗာန် စံသည့် အရှင်မြတ်တို့ ပေါများခြင်းကြောင့် ပြည့်လျှံခြင်းမရှိ၊ ပကတိ တည်ငြိမ်သည့် တစ်မျိုးတည်း တစ်ခုတည်းသော တရားဖြစ်ရပေသည်။

ထို့သို့ ပုဂ္ဂလိကမဟုတ်ဘဲ အမျိုးတူတစ်ခုတည်းဖြစ်သော်လည်း ရဟန္တာအရှင်တို့၏ ခန္ဓာနှင့်ဖက်စပ်နေသည်ဖြစ်ရကား ဘုရားရှင်နိဗ္ဗာန်၊ အရှင်သာရိပုတ္တနိဗ္ဗာန်၊ အရှင်မဟာမောဂ္ဂလ္လာနနိဗ္ဗာန်စသည်ဖြင့် ပြောလိုက ပြောနိုင်ပေသေးသည်။

နိဗ္ဗာန်သည် ခန္ဓာနှင့်သီးခြားဖြစ်သော်လည်း ခန္ဓပဋိဗဒ္ဓဖြစ်ပေသည်။ လက်,ခြေ,ဦးခေါင်းစသော ကိုယ်အင်္ဂါအပေါင်းကို ကာယ=ကိုယ်အင်္ဂါ မဟုတ်ဘဲ ကိုယ်အင်္ဂါနှင့်ဆက်စပ်နေသည့် အင်္ကျီ၊ ပုဆိုး၊ သင်္ကန်း၊ သပိတ်စသည်ကို ကာယပဋိဗဒ္ဓဟုယူရ၏။ ထို့အတူ ခန္ဓာမဟုတ်သော်လည်း ခန္ဓာနှင့်ဆက်စပ်နေသည့် နိဗ္ဗာန်ကို'ခန္ဓပဋိဗဒ္ဓ'ဟု ကျမ်းဂန်တို့၌[၁] မိန့်ဆိုသည်။

နိဗ္ဗာန်၏ ခန္ဓပဋိဗဒ္ဓ ဖြစ်ပုံမှာ–'အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော'[၂]စသည်၌ 'နိရောဓ–နိဗ္ဗာန်'သည် အဝိဇ္ဇာ၏ချုပ်ခြင်း၊ သင်္ခါရတို့၏ ချုပ်ခြင်းစသည်ဖြင့် အဝိဇ္ဇာသင်္ခါရစသော ခန္ဓာတို့နှင့် စပ်ဖက်လျက်ရှိနေသည်။

ရာဂက္ခယ=ရာဂကုန်ခြင်း၊ ဒေါသက္ခယ=ဒေါသကုန်ခြင်း၊ မောဟက္ခယ=မောဟကုန်ခြင်းစသည်၌ 'ကုန်ခြင်း'ဟူသော နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟဟူသော ခန္ဓာတို့နှင့်စပ်ဖက်လျက်ရှိနေသည်။ ထို့ကြောင့် ဘုရားရှင်၊ အရှင်သာရိပုတ္တ၊ အရှင်မောဂ္ဂလ္လာန စသော ရဟန္တာအရှင်တို့၏ ခန္ဓာကိုယ်နှင့်စပ်၍ ဘုရားရှင့်နိဗ္ဗာန်၊ အရှင်သာရိပုတ္တ နိဗ္ဗာန်၊ အရှင်မောဂ္ဂလ္လာနနိဗ္ဗာန်စသည်ဖြင့် ပြောလိုက ပြောနိုင်ပေသည်။

ဘုရားရှင်သည် လောက၏အဆုံးကို ဈာန်ဖြင့်ပြေးသွားရှာဖွေခဲ့သူ ရောဟိတဿဗြဟ္မာအား လောကအယူအဆကို ဤသို့ မိန့်ကြားတော်မူသည်။

'ငါ့ရှင်ဗြဟ္မာ၊ စင်စစ်အားဖြင့် သညာနှင့်တကွ စိတ်နှင့်တကွဖြစ်သည့် တစ်လံမျှလောက်သာရှိသည့် ဤခန္ဓာကိုယ်၌ပင် လောကကို

---

၁။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ဒုတိယ။ ၇၀။ ၂။ သံယုတ်၊ ပထမ။ ၂၂၄။

## အခန်း [၃]

# ကံ

## အတုမဲ့ချမ်းသာ ရယူလိုလျှင်

နိဗ္ဗာန်တရားသည် မည်မျှချမ်းသာသော တရားဖြစ်သနည်း။ ထိုချမ်းသာ၏ ပမာဏကို အဘယ်ဖြင့် တိုင်းတာသိရှိနိုင်သနည်း။

အဖြေမှာ–'နိဗ္ဗာန်တရားသည် အတုမရှိအောင် ချမ်းသာသည်၊ ထို နိဗ္ဗာန်ချမ်းသာ၏ ပမာဏကို ဘဝဆင်းရဲဖြင့် တိုင်းတာသိရှိနိုင်သည်'ဟူ၍ ဖြစ်သည်။

မှန်၏။ ဘဝနှင့်နိဗ္ဗာန်သည် မီးနှင့်ရေကဲ့သို့လည်းကောင်း၊ အနောက် နှင့်အရှေ့ကဲ့သို့လည်းကောင်း၊ အနက်နှင့်အဖြူကဲ့သို့လည်းကောင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ ထို့ကြောင့် အဖြူရောင်၏ စင်ကြယ် တောက်ပမှုကို ထင်ရှားပေါ်လွင်လာစေရန် အနက်ရောင်ဖြင့် ယှဉ်တွဲ သုံးသပ်ရသကဲ့သို့ နိဗ္ဗာန်၏ချမ်းသာပမာဏကို သိရှိနိုင်ရန် ဘဝ၏ဆင်းရဲ ပမာဏနှင့် ယှဉ်တွဲတိုင်းတာရပေမည်။

ရှင်းဦးအံ့။ ဘဝသည် အချိန်တစ်ပိဿာနှင့်ညီမျှသော ဆင်းရဲအစု ဖြစ်အံ့၊ နိဗ္ဗာန်ချမ်းသာသည် အချိန်တစ်ပိဿာနှင့်ညီမျှသော အတိုင်းအတာ ရှိသည်ဟုဆိုရပေမည်။ ထို့အတူ ဘဝက ချိန်ဝန်ပိဿာတစ်ရာနှင့် ညီမျှ သော ဆင်းရဲအစုဖြစ်အံ့၊ နိဗ္ဗာန်၏ချမ်းသာမှုပမာဏသည်လည်း ချိန်ဝန် ပိဿာတစ်ရာနှင့်ညီမျှသော အတိုင်းအတာရှိပေလိမ့်မည်။ ထိုနည်းတူပင် ဘဝ၏ဆင်းရဲမှုအစုသည် ချိန်ဝန် ထောင်,သောင်း,သိန်း,သန်း, ကုဋေ

ဖြစ်အံ့၊ နိဗ္ဗာန်ချမ်းသာမှုကလည်း ချိန်ဝန် ထောင်,သောင်း,သိန်း,သန်း, ကုဋေ ဖြစ်ပေလိမ့်မည်။

စင်စစ်မူ ဘဝ၏ဆင်းရဲအစုသည် ရေတွက်ပိုင်းခြား၍မရစကောင်းသော နှိုင်းယှဉ်ဖော်ပြစရာဥပမာမရှိသော အတုမဲ့ဆင်းရဲအစုကြီးသာဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်၏ချမ်းသာအစုသည်လည်း ရေတွက်ပိုင်းခြား၍မရစကောင်းသော နှိုင်းယှဉ်ဖော်ပြစရာဥပမာမရှိသော အတုမဲ့ချမ်းသာအစစ်ကြီးဖြစ်သည်။

ထို့ကြောင့် အတုမဲ့ချမ်းသာဖြစ်သော နိဗ္ဗာန်ကို ရယူလိုလျှင် အတုမဲ့ဆင်းရဲအစုဖြစ်သောဘဝကို စွန့်ပယ်ရပေလိမ့်မည်။ အရှေ့အရပ်သို့ ခရီးထွက်သူသည် အနောက်အရပ်ကို ကျောခိုင်းရလိမ့်မည်။ အနောက်အရပ်ကို ကျောမခိုင်းဘဲ အရှေ့အရပ်ကို မျက်နှာမမူနိုင်သကဲ့သို့ ဘဝကို မစွန့်ပယ်ဘဲ နိဗ္ဗာန်ကိုမရယူနိုင်ပေ။

သောတာပန်၊ သကဒါဂါမ်၊ အရိယာအရှင်တို့သည် အပါယ်ဘဝကို စွန့်ပယ်ပြီး အပါယ်ဒုက္ခအေးငြိမ်းသည့် သဏ္ဍိသုခနိဗ္ဗာန်ကို အရယူခဲ့ကြသည်။ အနာဂါမ်အရှင်တို့သည် ကာမသုဂတိဘဝတို့ကို စွန့်လွှတ်၍ ကာမသုဂတိဘဝတို့၌ ရရှိနိုင်သည့် ဆင်းရဲစုတို့၏ ငြိမ်းအေးခြင်းဟူသော သဏ္ဍိသုခနိဗ္ဗာန်ကို အရယူခဲ့ကြသည်။ ရဟန္တာအရှင်တို့မူကား ရူပဘဝ၊ အရူပဘဝတို့ကိုပါ စွန့်လွှတ်ခြင်းဖြင့် ဘဝဒုက္ခအားလုံးတို့၏ ငြိမ်းအေးခြင်းဟူသော သဏ္ဍိသုခကို အပြီးသတ်ရယူကြပေသည်။

ထို့ကြောင့် အတုမဲ့ချမ်းသာဖြစ်သောနိဗ္ဗာန်ကို ရယူလိုသူသည် အတုမဲ့ဆင်းရဲအစုဖြစ်သော ဘဝကို မလွဲမသွေ စွန့်ပယ်ကြရမပေလိမ့်မည်။

ထိုသို့ဆိုလျှင် ဘဝကို မည်သို့စွန့်ပယ်ရမည်နည်း။ ဆွဲယူကိုင်ပေါက်ပစ်ရမည်လော၊ ခုတ်ထစ်ခွဲဖျက်ရမည်လော။ ဘဝသည် ဆွဲယူ

ကိုင်ပေါက်၍ ရစကောင်းသောတရားမဟုတ်သကဲ့သို့ ခုတ်ထစ်ခွဲဖျက် ပစ်၍ ဖြစ်သည့်အရာလည်း မဟုတ်ချေ။

သင်္ခါရလောကသည် အကြောင်းနှင့်အကျိုး ဆက်စပ်ဖြစ်ပေါ်ရသော ဓမ္မနိယာမလမ်းကြောင်းအတိုင်း ဖြစ်ပျက်လည်ပတ်နေသော တရားစုကြီး ဖြစ်၏။ ဘဝသည် ယင်းသင်္ခါရလောက၌ အကျုံးဝင်သော တရားစုတစ်ခု ဖြစ်ရကား ကြောင်းကျိုးဆက်စပ်လည်ပတ်နေ၏။ ထို့ကြောင့် ဘဝကို ပယ်လိုလျှင် 'အကြောင်းသတ်မှ အကျိုးရပ်သည့်' ဓမ္မနိယာမအတိုင်း ဘဝ ဖြစ်ပေါ်ရခြင်း၏အကြောင်းကို ပယ်စွန့်ရပေလိမ့်မည်။ ယင်းဘဝ၏ အကြောင်းကား အဘယ်နည်း။?

ဘုရားရှင်သည် အင်္ဂုတ္တရပါဠိတော် (ပ၊၁၂၀)၌ 'အချို့သောပုဂ္ဂိုလ် တို့သည် ညှဉ်းဆဲခြင်းနှင့်တကွဖြစ်သော ကာယသင်္ခါရ[၁] ဝစီသင်္ခါရ[၂] မနောသင်္ခါရ[၃]တို့ကို အားထုတ်ခြင်းကြောင့် ငရဲသတ္တဝါများကဲ့သို့ ဆင်းရဲ သောသတ္တဝါများ ဖြစ်ကြရကြောင်း၊ ညှဉ်းဆဲခြင်းမရှိသော ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတို့ကိုအားထုတ်ခြင်းကြောင့် သုဘကိဏှာ ဗြဟ္မာ ကြီးများကဲ့သို့ ချမ်းသာသူများ ဖြစ်ကြရကြောင်း၊ ညှဉ်းဆဲခြင်း ရှိသော သင်္ခါရသုံးပါးကိုရော ညှဉ်းဆဲခြင်းမရှိသော သင်္ခါရသုံးပါးကိုပါ အားထုတ် ခြင်းကြောင့် လူနှင့်အချို့သောနတ်၊ အချို့သောဝေမာနိကပြိတ္တာကြီးများ ကဲ့သို့ ဆင်းရဲချမ်းသာ အရောရောအနှောနှော ခံစားကြရကြောင်း' မိန့်ကြား တော်မူထားပေသည်။

ထို့ကြောင့် ငရဲသတ္တဝါတို့ကဲ့သို့ ဆင်းရဲဒုက္ခများလှသော သတ္တဝါ တို့၏ ဘဝအကြောင်းမှာ မကောင်းသောသင်္ခါရသုံးပါးဖြစ်ကြောင်း၊ သုဘကိဏှာဗြဟ္မာကြီးများကဲ့သို့ ချမ်းသာလှသော သူတို့၏ဘဝအကြောင်း မှာ ကောင်းသော သင်္ခါရသုံးပါးဖြစ်ကြောင်း၊ လူနှင့်အချို့သော နတ်၊

---

၁။ ကိုယ်လှုပ်ရှားမှု။ ၂။ နှုတ်လှုပ်ရှားမှု။ ၃။ စိတ်လှုပ်ရှားမှု။

အချို့သော ဝေမာနိကပြိတ္တာကြီးများ၏ဘဝအကြောင်းမှာ ကောင်းမကောင်း ရောသော သင်္ခါရသုံးပါးဖြစ်ကြောင်း အဖြေပေါ်လာပေသည်။

ထို့ကြောင့် ခဲ,တုတ်တို့ဖြင့် အပစ်ပေါက်ခံနေရသော ခွေးသည် ထိုဘေးရန်တို့မှ ကင်းဝေးရန် ခဲ,တုတ်တို့ကို ကိုင်စွဲပစ်ပေါက်နေသူကို သက်ဖြတ်သကဲ့သို့ ဘဝကိုစွန့်ပယ်လိုသူတို့သည် ဘဝကို တည်ဖန်သည့် ဘဝသင်္ခါရခေါ်သော 'ကံ'တရားကို မုချစွန့်ပယ်ရပေလိမ့်မည်။

လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်ကြီးဖြစ်တော်မူသော ဘုရားရှင်သည် အဟုမ့်ဆင်းရဲအစုဖြစ်သော ဘဝမှလွတ်မြောက်ရေးအတွက် ဘဝကို တည်ထောင်ဖန်ဆင်းသည့် 'ကံ'တရားကို ဖယ်ရှားပြီး 'ဘဝသင်္ခါရ မဝဿဇ မုနိ=မုနိသည် ဘဝကို တည်ဖန်သည့် ကံတရားကို ပယ်စွန့် လေပြီ'ဟု ဝမ်းသာရွှင်မြူး ဥဒါန်းကျူးတော်မူခဲ့ပြီမဟုတ်လော။

## ဘဝနှင့် ကံတရား

လက်ရှိဘဝ တည်တံ့ရေးအတွက်လည်းကောင်း၊ နောင်ဘဝသစ် တည်ထောင်ရေးအတွက်လည်းကောင်း၊ ကံတရားသည် မရှိမဖြစ်သော တရားဖြစ်၏။

အကြင်သူသည် လက်ရှိဘဝ တည်တံ့လိုသည်ဖြစ်အံ့၊ တောက်ပြောင်လိုသည်ဖြစ်အံ့၊ ထိုသူသည် ကံတရားကို အားကိုးရပေလိမ့်မည်။

အကြင်သူသည် နောင်ဘဝသစ် တည်ထောင်လိုသည်ဖြစ်အံ့၊ ထိုသူလည်း ကံတရားကို အားကိုးရပေလိမ့်မည်။

ထိုကံတရားက အဘယ်နည်း?။

ကံတရားဆိုသည်မှာ 'အလုပ်'ဖြစ်၏။ အလုပ်မရှိသူသည် လက်ရှိဘဝတည်တံ့စေနိုင်မည်မဟုတ်သလို တောက်ပြောင်စေနိုင်မည်လည်း မဟုတ်ပေ။ ထို့အတူ နောင်ဘဝသစ်ကိုလည်း တည်ထောင်နိုင်လိမ့်မည် မဟုတ်ပေ။

သတ္တဝါတို့သည် လက်ရှိဘဝ စားဝတ်နေရေးအတွက် နေ့စဉ်နှင့် အမျှ အလုပ်ခွင်ဝင်လျက်ရှိကြ၏။ ယင်းအလုပ်ခွင်၌ အပြစ်ကင်းသော အလုပ်(ကုသိုလ်ကံ)လည်းပါ၏။ အပြစ်မကင်းသောအလုပ်(အကုသိုလ်ကံ)လည်းပါ၏။ ထိုအလုပ်တို့သည် လက်ရှိဘဝ တည်တံ့တောက်ပြောင်ရေးအတွက်သာမက နောင်ဘဝသစ်ကိုပါ တည်ထောင်ပေးနိုင်သော စွမ်းအင်သတ္တိရှိကြပေသည်။

အပြစ်ကင်းသောအလုပ်(ကုသိုလ်ကံ)သည် လူနတ်စသော ကောင်းသောဘဝကို တည်ထောင်ပေလိမ့်မည်။ အပြစ်မကင်းသောအလုပ် (အကုသိုလ်ကံ)သည် ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်စသော ယုတ်ညံ့သော ဘဝတို့ကို တည်ထောင်ပေလိမ့်မည်။ အကြောင်းကား ထိုအလုပ်(ကံ)သည် ပဋိစ္စသမုပ္ပာဒ်မည်သော သံသရာစက်ဝန်းတွင် ပါဝင်လည်ပတ်လျက်ရှိသည့် တရားများဖြစ်သောကြောင့်တည်း။

ထိုပဋိစ္စသမုပ္ပာဒ်မည်သော သံသရာစက်ဝန်း၌ 'သင်္ခါရပစ္စယာ ဝိညာဏံ'ဟု ပဋိသန္ဓေဘဝ၏အကြောင်းကံသည် သင်္ခါရအမည်ဖြင့်လည်းကောင်း၊ 'ဘဝပစ္စယာ ဇာတိ'ဟု အနာဂတ်ဘဝဖြစ်သော ဇာတိ၏ အကြောင်းကံသည်'ဘဝ'အမည်ဖြင့်လည်းကောင်း ပါဝင်လျက်ရှိပေသည်။

ထို့ကြောင့် ပေးလှူမှု ဒါန၊ စောင့်ထိန်းမှု သီလ၊ ပွားများမှု ဘာဝနာဟူသော ပဋိစ္စသမုပ္ပာဒ် စက်ကွင်းဝင်အလုပ်တို့သည် လူနတ်ဗြဟ္မာဟူသော ဘဝသစ်တို့ကို တည်ထောင်လိမ့်မည်မှာ မလွဲနိုင်သောသဘောတရားဖြစ်၏။ ထိုတွင် ဘာဝနာဟူသောစကား၌ ကာမစ္ဆန္ဒနီဝရဏစသော ကိလေသာတို့ကို ငြိမ်းစေသည့် သမထဘာဝနာ၊ ရုပ်–နာမ်တို့၏ဖြစ်ပျက်ပုံကို ဂရုစိုက်ရှုမှတ်ပွားများသော ဝိပဿနာဘာဝနာဟု နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် သမထဘာဝနာသည် ဗြဟ္မာဘဝကို တည်ထောင်၍ ဝိပဿနာဘာဝနာက လူနတ်ဘဝတို့ကို တည်ထောင်ပေလိမ့်မည်။

သမထဘာဝနာက ဗြဟ္မာဘဝ တည်ထောင်သည်ဆိုသောစကားမှာ ငြင်းချက်ထုတ်ဖွယ်မရှိသော်လည်း ရုပ်–နာမ်တို့၏ဖြစ်ပျက်ပုံကိုရှုလျက် သံသရာမှထွက်မြောက်ရန် အားထုတ်ရသော ဝိပဿနာ ဘာဝနာက လူနှင့်နတ်ဘဝကို တည်ထောင်ဖြစ်ပေါ်စေသည်ဆိုသော စကားအတွက် ငြင်းချက်ထုတ်လိုကြပေလိမ့်မည်။

ထို့ကြောင့် ကျမ်းဂန်စကားတို့ကို တင်ပြပေအံ့။

အင်္ဂုတ္တရအဋ္ဌကထာ၊ ဧကနိပါတ်အဖွင့်လာ 'သမ္မာဒိဋ္ဌိယာ သမန္နာဂတာ'ဟူသော ပုဒ်၏အဖွင့်၌–

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိသည် ဘဝသမ္ပတ္တိကိုငင်၏။

၂။ ဈာနသမ္မာဒိဋ္ဌိသည် ရူပဘဝ၊ အရူပဘဝပဋိသန္ဓေကိုငင်၏။

၃။ မဂ္ဂသမ္မာဒိဋ္ဌိသည် ကိလေသဝဋ်၊ ကမ္မဝဋ်ကို ဖျက်ဆီး၏။

၄။ ဖလသမ္မာဒိဋ္ဌိသည် ဘဝကိုတားမြစ်၏ဟု သမ္မာဒိဋ္ဌိလေးမျိုးတို့၏ကိစ္စကိုဖွင့်ပြီး ဝိပဿနာသမ္မာဒိဋ္ဌိ၏ကိစ္စကို ပြလိုသည်ဖြစ်၍ 'ဝိပဿနာ သမ္မာဒိဋ္ဌိ ကိံ ကရောတိ=ဝိပဿနာသမ္မာဒိဋ္ဌိက အဘယ်ကိစ္စကို ဆောင်ရွက်သနည်း'ဟု မေးခွန်းထုတ်လိုက်လေသည်။

ထိုမေးခွန်းကို 'သာပိ ပဋိသန္ဓိံ နာကမုတိ=သူလည်း ပဋိသန္ဓေကို မငင်'ဟု မိမိကိုယ်တိုင် အဖြေပေးပြီး ထိုပြဿနာကို တိပိဋက စူဠာဘယမထေရ်က 'ပွားများအပ်သော ဝိပဿနာသမ္မာဒိဋ္ဌိသည် ယခုမျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်သို့ရောက်စေနိုင်က အပြစ်မရှိ၊ အရဟတ္တဖိုလ်သို့ ရောက်အောင် မစွမ်းဆောင်သည်ဖြစ်မူ ခုနစ်ဘဝ အကျိုးပေး၏'[၁] ဟု ဆုံးဖြတ်ကြောင်း ဆင်ပြလေသည်။

ထို့ကြောင့် အဋ္ဌကထာဆရာဖြေသော 'သူလည်း ပဋိသန္ဓေကိုမငင်' ဟူသောအဖြေသည် အရဟတ္တဖိုလ်ရောက်စေနိုင်သည့် ဝိပဿနာသမ္မာဒိဋ္ဌိကိုသာ ရည်ရွယ်ဖြေဆိုထားကြောင်း သိရ၏။

---

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပထမ။ စာမျက်နှာ–၃၆၉။

သင်္ခါရုပေက္ခာဉာဏ်သည် ကိုးဆင့်မြောက် ဝိပဿနာဉာဏ်ဖြစ်၏။ ထိုဉာဏ်ကို ပိုင်နိုင်စွာရရှိပြီးသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိပြီးဖြစ်သောဉာဏ်ကို နှစ်သက်နေမိသည့် သိမ်မွေ့သောတဏှာကြောင့် ဘဝအကျိုးပေးပုံကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်(၆၀)၌–

'သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်သော ပုထုဇဉ်၏စိတ်သည် ညစ်နွမ်း၏။ နောင်အခါ ဘဝသစ်ပဋိသန္ဓေ၏အကြောင်းဖြစ်၏။ သင်္ခါရုပေက္ခာဉာဏ်သည် နှစ်သက်သော သေက္ခပုဂ္ဂိုလ်၏ စိတ်သည်လည်း ညစ်နွမ်း၏။ ဘာဝနာ၏ ဘေးရန်ဖြစ်၏။ အထက်မဂ်၏အန္တရာယ်ဖြစ်၏။ နောင်အခါ ပဋိသန္ဓေ၏ အကြောင်းဖြစ်၏'ဟု မိန့်ဆိုထားပေသည်။

ထို့ပြင် ပဋ္ဌာန်းပါဠိတော် (၃–၃၅၇)ပရိတ္တာရမ္မဏတိက်၌–

'လောကုတ္တရာတရားလျှင် အာရုံရှိသောတရားသည် ကာမတရားလျှင် အာရုံရှိသောတရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ လောကုတ္တရာတရားလျှင် အာရုံရှိသော၊ အထူးထူးသောခဏ၌ဖြစ်သော စေတနာသည် ကာမာဝစရလျှင် အာရုံရှိကုန်သော ဝိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏'ဟု ဟောတော်မူသည်။

အဆိုပါ ပါဠိတော်၌ 'အပ္ပမာဏာရမ္မဏာစေတနာ=လောကုတ္တရာတရားလျှင် အာရုံရှိသောစေတနာ'ဆိုသည်မှာ သေက္ခပုဂ္ဂိုလ်တို့၏ 'ဂေါတြဘူစေတနာ'ကို ယူရမည်ဖြစ်ကြောင်း ပဋ္ဌာန်းအဋ္ဌကထာ(၄၈၉)၌ ဖွင့်ဆိုထားပေသည်။

ထို့ကြောင့် ဝိဝဋ္ဋနိဿိတဝိပဿနာကုသိုလ်၏ အထွတ်အထိပ်ဖြစ်ပြီး နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ပုထုဇဉ်၏ဂေါတြဘူစေတနာနှင့် သေက္ခပုဂ္ဂိုလ်တို့၏ဝေါဒါန်စေတနာသည်ပင်သော်လည်း ပဋိသန္ဓေဝိပါက်နှင့် ပဝတ္တိဝိပါက်ဟူသော ဘဝခန္ဓာအကျိုးကိုပေးသည်ကို အကြွင်းမဲ့ယုံကြည်ရာ၏။

ပဋ္ဌာန်းအဋ္ဌကထာဆရာက 'ယေ ပန ဂေါတြဘုစိတ္တေန နတ္တိ ပဋိသန္ဓိန္တိ ဝဒန္တိ တေ ဣမိနာ သုတ္တေန ပဋိသေဓေ တဗ္ဗာ'[၁] ဟု ဝိပဿနာဉာဏ်တို့၏အထွတ်အထိပ် ဂေါတြဘုဝေါဒါန်စိတ်ကြောင့် ဘဝသစ်ပဋိသန္ဓေမဖြစ်ဟု အယူရှိကုန်သောဆရာတို့၏အယူကို ဤပဋ္ဌာန်းပါဠိတော်ဖြင့် ပယ်ရမည်ဟု မှာကြားထားပေသည်။

ဤသို့ဆိုလျှင် အပြစ်မကင်းသောအလုပ်(အကုသိုလ်ကံ)သည်လည်းကောင်း၊ အပြစ်ကင်းသောအလုပ်(ကုသိုလ်ကံ)သည်လည်းကောင်း၊ ဘဝစည်ပင်ရေး ဘဝသစ်တည်ထောင်ရေးအတွက် ဖြစ်ကြောင်းသိအပ်၏။

ထို့ကြောင့် ဘဝမှ လွတ်မြောက်လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ထိုအလုပ်(ကံ)တို့ကို မလွဲမသွေ စွန့်ပယ်ရပေလိမ့်မည်။ မှန်၏၊ ဘုရားရှင်ကိုယ်တော်တိုင်ပင် ထိုဘဝသခ်ါရဖြစ်သော အလုပ်(ကံ)တို့ကို စွန့်လွှတ်ပယ်ချ၊ ဘဝဒုက္ခမှ လွတ်မြောက်၍ အငြိမ်းဓာတ်ကို ရယူတော်မူလေပြီ။

## ကံ၏အကြောင်း

အတုမဲ့ချမ်းသာဖြစ်သော နိဗ္ဗာန်ကိုလိုလားလျှင် အတုမဲ့ဆင်းရဲအစုဖြစ်သော အဖန်ဖန်ဖြစ်ပေါ်မှုဘဝကို စွန့်လွှတ်ရမည်။ ဘဝကို စွန့်လွှတ်လိုလျှင် ဘဝသခ်ါရခေါ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပယ်ရမည်ဖြစ်ကြောင်း ပြခဲ့ပြီ။

ဤအတိုင်းဆိုလျှင် နိဗ္ဗာန်ချမ်းသာကိုရယူနိုင်ရန်အတွက် မည်သည့်အလုပ်ကိုမျှ အားထုတ်ပြုလုပ်ရန် မလိုတော့ဘဲ ထိုင်နေရတော့မည်ကဲ့သို့ဖြစ်နေပေသည်။ ထိုသို့ကား မဖြစ်သင့်။ ထမင်းတစ်နပ်မှန်မှန်စားရဖို့ပင်

---

၁။ ပဋ္ဌာပကရဏအဋ္ဌကထာ။ စာမျက်နှာ–၄၈၉။

နေ့စဉ်နှင့်အမျှ အပင်ပန်းခံ ရှာကြံအားထုတ်နေရသေးလျှင် မည်သည့် ချမ်းသာနှင့်မျှ မယှဉ်မတုနိုင်သော နိဗ္ဗာန်ချမ်းသာကြီးကို ရယူရန်အတွက် အားမထုတ်ဘဲကား မရနိုင်ရာ။ ဘုရားရှင်ကိုယ်တိုင်လည်း–

'အလုံးစုံသောဒုက္ခတို့မှ ကျွတ်လွတ်ရာဖြစ်သော ဤနိဗ္ဗာန်ချမ်းသာကို ပေါ့ပေါ့ဆဆ အားထုတ်ကြ၍ မရနိုင်၊ ဤနိဗ္ဗာန်ချမ်းသာကို အနည်းငယ်မျှသော စွမ်းရည်ဖြင့် မရနိုင်'[၁] ဟု မိန့်ဆိုထားလေပြီ။

သို့ဖြစ်ရကား နွယ်၏အလယ်ဌာနကို ကိုင်တွယ်စမ်းသပ်မိသော နွယ်နုတ်ယောက်ျားသည် အရင်းအမြစ်ကိုတိုင်အောင် ရှာဖွေနုတ်ယူသကဲ့သို့ ဘဝ၏ရင်းမြစ်ကို စိစစ်ရှာဖွေနေမိကြသော ကျွန်ုပ်တို့သည်လည်း အလုပ်ခေါ်သော ဘဝဖြစ်ကြောင်းကံတွင်သာ ရပ်တန့်မနေမူ၍ ထိုကံ၏ အကြောင်းကို ဆက်လက်ဖော်ထုတ်သင့်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် သတ္တဝါတို့ နေ့စဉ်နှင့်အမျှ လုပ်ကိုင်နေကြသော အလုပ်တို့ကို သုံးသပ်ကြကုန်အံ့။

အချို့သော သတ္တဝါတို့သည် သူတစ်ပါးအသက်ကို သတ်ဖြတ်၍ မိမိဝမ်းကို ဖြည့်တင်းကြ၏။ ခိုးတိုက်လုယက်၍ မိမိဘဝတည်တံ့မှုကို ရယူကြ၏။ မိမိစိတ်ကျေနပ်မှုအတွက် တရားမဝင်သော ကာမမှုတို့ကို လွန်ကျူးကြ၏။ လိမ်လည်စားသောက်ကြ၏။ အရက်သေစာသောက်စား၍ စိတ်ပျော်ရွှင်မှုကို ရှာကြ၏။ ထိုသတ္တဝါတို့သည် ဤလောက၌ပင် သေဒဏ်ခံကြရ၏။ တစ်သက်တစ်ကျွန်းသို့ ရောက်ကြရ၏။ ထောင်တန်းကျကြရ၏။ ပြန်လည်လက်စားချေမှုတို့ကို ခံကြရ၏။ လုပ်ကြံသတ်ဖြတ်မှုကို ခံကြရ၏။ လှည့်စားမှုကို ခံကြရ၏။ နောင်တမလွန်ဘဝ၌လည်း စူးရှခက်ထန်လှသော အပါယ်ဒုက္ခတို့ကို လှလှကြီးခံကြရတော့၏။ သူတို့သည် အဘယ်ကြောင့် ဤအပြုအမူတို့ကို ပြုရဲကြကုန်သနည်း။?

---
၁။ သံယုတ်၊ ပထမ။ စာမျက်နှာ–၄၆၆။

မသိ၍ ပြုမိကြခြင်းဖြစ်သည်။ မှန်၏၊ သူတို့သည် ဤအမှုတို့ကို ပြုက ဤဆိုးကျိုးတို့ကို ကေန်ရရှိကြလိမ့်မည်ဟုသိက ပြုရဲကြမည် မဟုတ်ပေ။ အချို့သိသော်လည်း ယုံကြည်မှုမရှိလှ၍ ပြုရဲကြခြင်းဖြစ်သည်။ ဤသို့ ယုံကြည်မှုမရှိလှခြင်းသည်ပင် အမြင်မကြည်လင်ခြင်း၊ မသိခြင်းပင် ဖြစ်သည်။

တစ်စုံတစ်ဦးသောသူသည် မိမိစားမည့်အစာ၌ လွန်စွာပြင်းထန်သောအဆိပ်ခတ်ထားသည်ကိုသိက စားဝံ့မည်မဟုတ်ပေ။ ထိုသို့ မစားဝံ့ခြင်းမှာ အဆိပ်၏ဆိုးကျိုးကို ကောင်းကောင်းသိနေသောကြောင့် ဖြစ်သည်။

ထို့အတူ တစ်စုံတစ်ဦးသောသူက 'အဆွေ၊ သင်သည် ဤအမှုကို ပြုလော့၊ ဤအမှုကို သင်ပြုပြီးပါက သင့်ကို ကျွန်ုပ် သေဒဏ်စီရင်မည်။ သို့မဟုတ် ထောင်ချမည်'ဟု ဆိုလာပါက ထိုအမှုကို ပြုဝံ့ကြမည် မဟုတ်ပေ။ ထိုသို့ မပြုဝံ့ကြခြင်းမှာ အပြစ်ကို သိနေခြင်းကြောင့်၊ အပြစ်ဒဏ်ခံရမည်ဟု ယုံကြည်နေခြင်းကြောင့် ဖြစ်သည်။ ထို့ထက်ဆိုးရွားသော အပါယ်ဒုက္ခတို့ကို သိသော်ကား ပြောဖွယ်ရာမရှိပြီ။

ရှေးက ဤသို့ ဖြစ်ဖူး၏။

အဆိုအက ပိုင်နိုင်လှသည့် ပြည်ထောင်စုမယ်ကလေး ကပြအသုံးတော်ခံမည်ဖြစ်၍ နိုင်ငံအရပ်ရပ်မှ ရောက်လာကြသည့် ပရိသတ်ထုကြီးမှာ ကြည့်မဆုံးလောက်အောင် များလှ၏။ အချိန်ကျ၍ ဆိုကအသုံးတော်ခံသောအချိန်၌ကား 'ကောင်းတယ်၊ကောင်းတယ်'ဟု ချီးကျူးသံများ လက်ခုပ်သံများ ဆူညံနေတော့၏။ ထိုအကြောင်းသိရသော မင်းတရားကြီးသည် ထောင်အတွင်းမှ ခိုးသားတစ်ယောက်ကို ထုတ်စေကာ သံခြေချင်းကို ဖြုတ်စေ၍ ဤသို့မိန့်၏။ 'အချင်းခိုးသားယောက်ျား၊ ပြည့်နေသည့် ဤဆီခွက်ကိုယူ၍ ပြည်ထောင်စုမယ် ကပွဲသို့သွားလေ၊ ဆီတစ်စက်မျှ ဖိတ်စဉ်မှုဖြစ်လျှင် သင့်ဦးခေါင်းအဖြတ်ခံရလိမ့်မည်၊ မဖိတ်မစင်အောင်

ဆောင်ယူနိုင်က လွတ်စေ’ဟု အမိန့်ချ၍ မင်းချင်းယောကျ်ားတစ်ယောက်ကိုလည်း ‘အချင်း၊ ဤသူ့ကိုခေါ်၍ ပြည်ထောင်စုမယ်ကပွဲသို့ ယခုသွားလေ၊ ဆီတစ်စက်မျှဖိတ်စဉ်မှုဖြစ်လျှင် ထိုအရပ်၌ ဇက်ဖြတ်၍ သတ်စေ’ဟု အမိန့်ချစေလွှတ်လိုက်၏။ မင်းချင်းယောကျ်ားသည် ဆီခွက်ကိုင်ခိုးသားနောက်မှ ဓားမိုး၍ လိုက်၏။ ခိုးသားယောကျ်ားလည်း သေဘေးမှ ကြောက်လှသည်ဖြစ်၍ ကပြအသုံးတော်ခံနေသော ပြည်ထောင်စုမယ်ကလေးကို တစ်ကြိမ်မျှမော်မကြည့်ရဲဘဲ ဆီခွက်ကိုသာ ကောင်းစွာကိုင်စွဲ၍သွားသဖြင့် အသက်ဘေးမှ လွတ်မြောက်ရလေသည်။[၁]

ဤဖြစ်ရပ်၌ ခိုးသားယောကျ်ားသည် ရှေးအခါက ခိုးဆိုးတိုက်ခိုက်ခဲ့သူဖြစ်ပါလျက် အဘယ်ကြောင့် နားဝင်ချိုလှသည့် ပြည်ထောင်စုမယ်၏ အဆိုကို နားမထောင်ရဲသနည်း။ ကပြအသုံးတော်ခံနေသော သူ့အလှကို မော်၍ မကြည့်ရဲသနည်း။ ဧကန်ကျရောက်လာမည့် သေဘေးကြီးကို သိနေသောကြောင့် ဖြစ်သည်။

ဤဇနပဒကလျာဏီသုတ်ကို နာကြားရသော ရဟန်းတို့က ‘ပြည်ထောင်စုမယ်ကပွဲ၌ ဆီမဖိတ်အောင် ယူဆောင်သွားရန် ခဲယဉ်းပါကြောင်း’ လျှောက်ထားကြရာ ဘုရားရှင်က ‘ဓားမိုးလိုက်ပါလာသည့် မင်းချင်းယောကျ်ားက အမြဲခြိမ်းခြောက်နေသောကြောင့် မခက်ကြောင်း’ မိန့်ကြားတော်မူသည်။[၂]

ဤသို့ သုံးသပ်လိုက်သောအခါ သတ္တဝါတို့ ပြုလုပ်လွန်ကျူးနေကြသော အပြစ်မကင်းသောအလုပ်ဖြစ်သည့် အကုသိုလ်ကံတို့၏ အကြောင်းရင်းမှာ မသိမိုက်မဲမှုအဝိဇ္ဇာဖြစ်ကြောင်း ထင်းထင်းကြီးပေါ်လာပေတော့သည်။

---

၁။ ဇာတ်အဋ္ဌကထာ၊ပထမ။စာမျက်နှာ-၄၁၇။ ၈။သံယုတ်၊တတိယ။စာမျက်နှာ-၁၄၇။
၂။ ဇာတ်အဋ္ဌကထာ၊ ပထမ။ စာမျက်နှာ-၄၁၉။

မှန်၏၊ မသိမှုအဝိဇ္ဇာကြောင့်သာ ကြက်သားစားပြီး ငရဲအိုးတွင်း ဆင်းကြ၏။ သူတစ်ပါးပိုင်ပစ္စည်းဥစ္စာတို့ကို ခိုးယူတိုက်ခိုက်၍ နောင် ဘဝများစွာ မွဲဆေးဖော်ကြ၏။ တရားမဝင်သောကာမမှုကို ပြုလုပ် လွန်ကျူး၍ ငရဲလမ်းထွင်ကြ၏။ လှည့်စားလိမ်ညာ၍ အပါယ်လမ်းခင်း ကြ၏။ အရက်တစ်ခွက် ထန်းရေတစ်ကျိုက်ဖြင့် ဘဝအဆက်ဆက် အရူး အဖြစ်ကို ခံယူကြ၏။

အချို့အချို့သောသူတို့သည် ယခုလက်ငင်းခံစားရမည့်ဒုက္ခ၊ တမလွန် ဘဝခံစားရမည့်ဒုက္ခတို့ကို အထိုက်အလျောက်ရိပ်မိကြ၏။ ထို့ကြောင့် ထိုဒုက္ခ၏အကြောင်းရင်းဖြစ်သော အပြစ်မကင်းသည့် အလုပ်အကိုင် အပြောအဆို(အကုသိုက်ကံ)တို့ကို ရှောင်နိုင်ကြပါ၏။ ထိုသို့ အပြစ်မကင်း သော အကုသိုလ်အလုပ်တို့ကို ရှောင်နိုင်ကြစေကာမူ ဘဝစည်းစိမ်တို့ကို ပေးစွမ်းနိုင်သည့် အပြစ်ကင်းသောအလုပ်(ကုသိုလ်ကံ)တို့ကိုမူကား ဆောင်ရွက်မိလျက်ပင် ရှိကြ၏။

သူတို့သည် ဘဝစည်းစိမ်ကို ခင်မင်ကြ၏။ နောက်ဘဝ မကြောင့် မကြ မတောင့်မတနေလိုကြ၏။ သူဌေးဖြစ်လိုကြ၏။ ရှင်ဘုရင် ဖြစ်လို ကြ၏။ နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးအဖြစ်ကို မျှော်လင့်ကြ၏။ ယင်းဘဝ ချမ်းသာတို့၏ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ တစ်မျိုးတစ်ဖုံ ပြောင်းလဲ တတ်ပုံတို့ကို မရိပ်မိကြ။ ယင်းတို့၏ တစ်မျိုးတစ်ဖုံ ပြောင်းလဲဖောက် ပြန်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ ပြင်းပြင်းထန်ထန်ပင်ပန်းမှုတို့ကို မမြင်မိကြ။ ယင်း ဘဝချမ်းသာတို့၏နောက်ကွယ်မှ မရဏဘေးကြီး အပါယ်ဘေးကြီးများကို မတွေးမိကြ။

ထို့ကြောင့် ထိုဘဝချမ်းသာအမျိုးမျိုးတို့ကို တောင့်တမျှော်လင့်ကာ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ပြုကြ၏။ အကယ်တိ ထိုဘဝချမ်းသာ

တို့၏နောက်ကွယ်မှ ကပ်လျက်လိုက်ပါလာကြမြဲဖြစ်သော မရဏာဘေးကြီး အပါယ်ဘေးကြီးများကို ရှင်းလင်းပီသ မြင်မိကြပါမူ ထိုဘဝချမ်းသာတို့ကို တောင့်တမျှော်လင့်ဝံ့ကြမည် မဟုတ်ပေ။

အသောကမင်းတရားကြီး၏ညီတော်ရင်း တိဿအိမ်ရှေ့မင်းသည် တောကစားထွက်ရင်း မြူးပျော်လျက်ရှိကြသည့် သားသမင်တို့ကိုမြင်၍– မြက်ဟူသော အစာရိုကုန်သော ဤသားကောင်တို့သည်ပင် သို့ကလောက် မြူးပျော်ကြကုန်သေး၏၊ နောင်တော်မင်းမြတ်၏ နန်းတော်၌ မွန်မြတ်သော ဘောဇဉ်တို့ကိုသုံးဆောင်ပြီး နူးညံ့သောအိပ်ရာ၌ အိပ်ကြရကုန်သော ဤရဟန်းတို့သည် အဘယ်မှာ မမြူးပျော်ဘဲ နေကြလိမ့်မည်နည်း’ဟု စဉ်းစားမိ၏။

ထိုသို့ စဉ်းစားမိကြောင်းကိုလည်း နောင်တော်မင်းတရားကြီးအား တင်လျှောက်၏။ အသောကမင်းတရားကြီးသည် တစ်နေ့သောအခါ ညီတော် အိမ်ရှေ့စံတိဿအား ဆင့်ခေါ်လျက် ‘ဤမင်းစည်းစိမ်ကိုလက်ခံပြီး ခုနစ်ရက်ခံစားရမည်၊ ခုနစ်ရက်လွန်က သင့်အားသတ်အံ့’ဟု အမိန့်ချမှတ်နန်းအပ်လေ၏။

တိဿမင်းသားသည် နန်းစည်းစိမ်ကို ခံစားရသော်လည်း ခုနစ်ရက်လွန်က သေရမည့်ဘေးကြောင့် အစာဖြောင့်ဖြောင့်မစားနိုင်၊ ဖြောင့်ဖြောင့် မအိပ်နိုင်၊ ချိုးရေမသုံးနိုင်ဖြစ်ကာ လွန်စွာပိန်ချုံး၍ နေရှာ၏။ ခုနစ်စေ့သည့်အခါ အသောကမင်းမြတ်က ဆင့်ခေါ်၍ ‘အဘယ့်ကြောင့် ဤကဲ့သို့ဖြစ်ရသနည်း’ဟု မေး၏။

**တိဿ** သေရမည့်ဘေးကြောင့်ပါ အရှင်မင်းကြီး။

**မင်း** ညီတော်၊ သင်သည်ပင် ခုနစ်ရက်ကြာမှ သေရမည့်ဘေးကိုမြင်ပြီး မင်းစည်းစိမ်ကို လွတ်လွတ်ကျွတ်ကျွတ်မခံစားနိုင် မမြူးပျော်နိုင်လျှင် ထွက်သက်ဝင်သက်တိုင်း သေဘေးကိုရှုမြင်နေကြတဲ့ အရှင်မြတ်တွေသည် အဘယ်မှာ ပျော်မြူးနိုင်ကြမလဲ။

တိဿ အိမ်ရှေ့မင်းသားသည် ထိုအခါမှစ၍ သာသနာတော်ကို ကြည်ညိုမိတော့၏။ နောင်အခါ နောက်လိုက်များစွာနှင့်အတူ ရဟန်းပြု၍ တတိယသင်္ဂါယနာခေတ်၌ တိဿထေရ်ဟု ထင်ရှားသော သာသနာပြု မထေရ်တစ်ပါးဖြစ်လာ၏။[၁]

ဤဖြစ်ရပ်က တွေ့ကြုံရမည့်ဘေးကို မမြင်ကြ၍သာ ဘဝချမ်းသာ၌ ပျော်မြူးနိုင်ကြသည်။ ဘဝချမ်းသာကို မက်မောတောင့်တကြသည်။ ဘေးကို တကယ်တမ်းသိကြမြင်ကြသူတို့အဖို့ 'ဘဝချမ်းသာ'ကို ပျော်မွေ့ဖွယ်ရာဟု မထင်မှတ်နိုင်ပုံ၊ မက်မောတွယ်တာစရာဟု မမြင်နိုင်ပုံတို့ကို အကောင်းဆုံး သာဓကပြုလျက်ရှိပေသည်။

ဤသို့ သုံးသပ်လိုက်သောအခါ ဘဝချမ်းသာကို တွယ်တာ တောင့်တ၍ ပြုကြသော ဝဋ္ဋနိဿိတကုသိုလ်ကံတို့၏ အကြောင်းရင်း မှာလည်း မသိမှုအဝိဇ္ဇာပင်ဖြစ်ကြောင်း သိကြရတော့၏။

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူသော ဘဝချမ်းသာ တို့ကို လုံးဝမတောင့်တဘဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တို့ကို ရည်မျှော်မှန်းဆ၍၊ ဒါနပါရမီစသော ကုသိုလ် တရားတို့ကို ဖြည့်ဆည်းပူးခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို ကျင့်သုံးခြင်းတို့လည်း မိမိတို့လိုလားသော ဗောဓိဉာဏ်၏ဆန့်ကျင်ဘက် မသိမှု=အဝိဇ္ဇာကြောင့်ပင် ဖြစ်သည်။

မှန်၏၊ ထိုအရှင်တို့သည် မိမိတို့လိုလားသော ဗောဓိဉာဏ်ကို ဖုံးအုပ်ကွယ်ကာလျက်ရှိသည့် အဝိဇ္ဇာကုန်စင် ရှင်းလင်း၍ ရည်မှန်းတိုင်း သော ဗောဓိဉာဏ်ကိုရရှိပြီးပါက 'ကတံ ကရဏီယံ=အလုပ်ပြီးပြီ၊ နာပရံ-ဣတ္ထတ္တာယ=ဒီအတွက် အခြားလုပ်စရာမရှိပြီ'ဟု ကြွေးကြော်ကြတော့သည်။

---

၁။ ပါရာဇိကဏ်အဋ္ဌကထာ၊ ပထမ။ စာမျက်နှာ- ၄၁။

ထို့ကြောင့် ထိုဝဋ္ဋနိဿိတပါရမီကုသိုလ်တို့လည်း မသိမှု=အဝိဇ္ဇာကြောင့်ဖြစ်ကြောင်း ထင်ရှားတော့၏။

သစ္စာလေးပါးကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သိပြီးသော သောတာပန်အရှင်တို့သည် ဒုတိယမဂ်ကိုရရှိရေးအတွက် သင်္ခါရဓမ္မတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုကြရပြန်၏။ ထိုအခါ မိမိသိရှိခဲ့ပြီးသော သစ္စာလေးပါးကိုပင် ပိုမိုရှင်းလင်းစွာမြင်သည့် သကဒါဂါမ်မဂ်ဉာဏ်ကိုရရှိသည်။ သကဒါဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သည်။

ဤအရှင် အဘယ်ကြောင့် သောတာပန်ဖြစ်ပြီးမှ ဝိပဿနာကုသိုလ်ကို အားထုတ်ရပြန်သနည်း။ သကဒါဂါမိမဂ်ဉာဏ်ကို ဖုံးလွှမ်းကာကွယ်ထားသည့် အဝိဇ္ဇာကို ပယ်သတ်လိုက်သောကြောင့် ဖြစ်သည်။ တစ်နည်း သကဒါဂါမ်ပုဂ္ဂိုလ်လောက် သစ္စာလေးပါးကို ရှင်းလင်းစွာ မသိသောကြောင့် ဖြစ်သည်။

ထိုသကဒါဂါမ်အရှင်သည် တတိယမဂ်ဉာဏ်ကို ရရှိနိုင်ရေးအတွက် သင်္ခါရဓမ္မတို့ကို ဝိပဿနာရှုရပြန်၏။ ထိုအခါ မိမိသိရှိပြီးသည်ထက် ပိုမိုရှင်းလင်းစွာ သစ္စာလေးပါးကို မြင်ခွင့်ရသည်။ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သည်။ ထိုသို့ သကဒါဂါမ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ဝိပဿနာအလုပ်အားထုတ်ရခြင်းမှာ အနာဂါမိမဂ်ဉာဏ်၏ ဆန့်ကျင်ဘက်အဝိဇ္ဇာကို ပယ်သတ်လိုသောကြောင့်ဖြစ်သည်။ တစ်နည်း အနာဂါမ်ပုဂ္ဂိုလ်လောက် သစ္စာလေးပါးကို ရှင်းလင်းစွာ မသိသောကြောင့် ဖြစ်သည်။

ထိုအနာဂါမ်အရှင်သည် စတုတ္ထမဂ်ဉာဏ်ကို ရရှိနိုင်ရေးအတွက် သင်္ခါရဓမ္မတို့ကို ဝိပဿနာရှုရပြန်၏။ ထိုအခါ သစ္စာလေးပါးကို အရှင်းဆုံး အလင်းဆုံး မြင်ခွင့်ရသည်။ ရဟန္တာအဖြစ်သို့ ရောက်သည်။ ထိုအရှင် အဘယ်ကြောင့် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီးမှ ဝိပဿနာကုသိုလ်အားထုတ်ရပြန်သနည်း။ ရူပရာဂ်=ရူပဘဝ၊ အရူပရာဂ်=အရူပဘဝတို့ကို

တွယ်တာသည့် ရာဂနှင့် ယှဉ်ဖက်ဖြစ်သောအဝိဇ္ဇာကို ပယ်သတ်လိုသောကြောင့် ဖြစ်သည်။ တစ်နည်း ရဟန္တာပုဂ္ဂိုလ်လောက် သစ္စာလေးပါးကို ရှင်းလင်းစွာ မသိသောကြောင့် ဖြစ်သည်။

ထိုသို့ ရဟန္တာအဖြစ်သို့ရောက်သောအခါ မသိမှု၊ မိုက်မှားမှု၊ တွေဝေမှု=အဝိဇ္ဇာကုန်ပြီဖြစ်ရကား 'ကတံကရဏီယံ=ကိစ္စပြီးပြီ။ နာပရံ–ဣတ္ထတ္တာယ=ဒီအတွက် အခြားလုပ်စရာမရှိပြီ'ဟု ကြေညာတော့၏။

ဤသို့ သုံးသပ်လိုက်သောအခါ ဘဝလွတ်မြောက်ရေးအတွက် ပြုလုပ်အားထုတ်ကြရသော အပြစ်ကင်းသောအလုပ်ဖြစ်သည့် ဝိဝဋ္ဋနိဿိတကုသိုလ်တို့လည်း မသိမှု=အဝိဇ္ဇာကြောင့် ဖြစ်ရကြောင်း ထင်ရှားပေါ်လွင်လာတော့၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'ဟု ဟောတော်မူပေသတည်း။

ဤစကားအစဉ်ဖြင့် 'ဘဝသင်္ခါရ မဝဿဇိ မုနိ=မုနိသည် ဘဝသစ်တည်ဖန်သည့် ကံတရားကို စွန့်ပြီ'ဆိုသော စကားအရ ကံတရားကို ပယ်စွန့်နိုင်ရန် ထိုကံတရားတို့၏အကြောင်းရင်းအဝိဇ္ဇာကို ပယ်စွန့်ရမည်ဖြစ်ကြောင်း သိရတော့၏။

တစ်နည်းအားဖြင့် မသိမှုအဝိဇ္ဇာအရင်းခံကြောင့် တွေ့ထိခံစားမှုတစ်ရပ်ရပ်ပေါ်လာသည့်အခါ တွယ်တာမှု=တဏှာ၊ စွဲလမ်းမှု=ဥပါဒါန်တို့ ဖြစ်ကြရ၏။ ထိုအခါ ပြုလုပ်အားထုတ်မှု=ကမ္မဘဝဖြစ်ရ၏။ ထို့ကြောင့် 'ဥပါဒါနပစ္စယာ ဘဝေါ'ဟု ပစ္စုပ္ပန်ကံ၏အကြောင်းရင်းကို ဟောတော်မူပေသည်။

ဤစကားအစဉ်ဖြင့် 'ဘဝသင်္ခါရ မဝဿဇိ မုနိ=မုနိသည် ဘဝသစ်တည်ဖန်သည့် ကံတရားကိုစွန့်ပြီ'ဆိုသောစကားအရ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပယ်စွန့်နိုင်ရန် ထိုကံတို့၏အကြောင်းရင်းဖြစ်သည့် 'အဝိဇ္ဇာ, တဏှာ,ဥပါဒါန်'ဟူသော ကိလေသဝဋ်ကို ပယ်စွန့်ရမည်ဖြစ်ကြောင်း သိရတော့၏။

ထိုကိလေသဝဋ်တွင် အဝိဇ္ဇာသည် အတိတ်သံသရာစက်၏ ဦးခေါင်းသဖွယ်ဖြစ်၏။ တဏှာသည် အနာဂတ်သံသရာစက်၏ ဦးခေါင်း သဖွယ်ဖြစ်၏။ တစ်နည်း အဝိဇ္ဇာသည်အောက်(အပါယ်)သံသရာ၏ အရင်းခံအကျဆုံးသော တရားဖြစ်၏။ တဏှာသည် အထက်(သုဂတိ) သံသရာ၏ အရင်းခံအကျဆုံးသော တရားဖြစ်၏။

ထို့ကြောင့် အတိတ်,အနာဂတ်,အထက်,အောက်သံသရာ၏ ဦးခေါင်းသဖွယ် ဖြစ်ကြသည့် အဝိဇ္ဇာတဏှာတို့သည်သာ ခန္ဓာငါးပါး ဟူသော ဝဋ်၏အကြောင်းဖြစ်သော ကုသိုလ်,အကုသိုလ်,ကမ္မဝဋ်၏အရင်း အမြစ်တရားများ ဖြစ်တော့၏။ ဤသည်မှာ ပဋိစ္စသမုပ္ပာဒ်ဒေသနာနည်း အရ ပြောဆိုခြင်းဖြစ်သည်။

အဘိဓမ္မာဒေသနာနည်းအရမူ မသိမှုအဝိဇ္ဇာမကင်းလျှင် တွယ် တာမှု=လောဘ၊ တိုက်ခိုက်ပြစ်မှားမှု=ဒေါသ၊ တက်ကြွထောင်လွှားမှု= မာန၊ အမြင်မှားမှု=ဒိဋ္ဌိ၊ မဆုံးဖြတ်နိုင်မှု=ဝိစိကိစ္ဆာ၊ စိတ်လေးမှု=ထိန၊ ပျံ့လွင့်မှု=ဥဒ္ဓစ္စ၊ မိမိကိုယ်ကို မငဲ့မှု=အဟိရိက၊ သူတစ်ပါးကို မလေးစားမှု= အနောတ္တပ္ပဟူသော ကြွင်းသောကိလေသာတို့လည်း ဖြစ်လာကုန်၏။

ထို့ကြောင့် 'ဘဝသင်္ခါရ မဝဿဇိ မုနိ=မုနိသည် ဘဝသစ်တည်ဖန် သည့် ကံတရားကို စွန့်ပြီ'ဆိုသောစကားအရ ကံတရားကို စွန့်ပယ်နိုင်ရန် ကံ၏အကြောင်းရင်းဖြစ်သော ကိလေသာဆယ်ပါးကို ပယ်စွန့်ရမည် ဖြစ်ကြောင်း သိရတော့၏။

## ကုသိုလ်ကို ပယ်ရမည်လော

ကုသိုလ်အကုသိုလ်ကံတို့၏အကြောင်းရင်းမှာ မသိမှုအဝိဇ္ဇာနှင့် နှစ်သက်မှု တဏှာတို့ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ကိလေသာဆယ်ပါး ဖြစ်ကြောင်း သိကြရပြီ။ ထို့ကြောင့် ဝိပါကဝဋ်ဟူသော ခန္ဓာဝန်ငြိမ်းလို၍ ကမ္မဝဋ်ကို

ပယ်လိုသောသူသည် ကမ္မဝဋ်၏အရင်းအမြစ်ဖြစ်သည့် ကိလေသဝဋ်ကို ပယ်စွန့်ရလိမ့်မည်ဖြစ်ကြောင်းကို ကွင်းဆက်သဘောဖြင့် သိကြရပြီ။

သို့သော် ပိုမိုထင်ရှားစေရန် ပယ်စွန့်နည်းသုံးမျိုးနှင့် အရိယာအရှင်တို့ လက်တွေ့ပယ်စွန့်သည့် တရားတို့ကို စာရင်းချလေ့လာကြည့်သင့်၏။

ပယ်စွန့်နည်းသုံးမျိုးဆိုသည်မှာ–

၁။ စွဲလမ်းမှု ဆန္ဒရာဂကိုရော အားထုတ်မှုကိုပါ ပယ်စွန့်ရခြင်း၊

၂။ စွဲလမ်းမှု ဆန္ဒရာဂကိုသာ ပယ်စွန့်၍ အားထုတ်မှုကို မပယ်မစွန့်ရခြင်း၊

၃။ စွဲလမ်းမှု ဆန္ဒရာဂကို ပယ်စွန့်ရခြင်းတို့ဖြစ်၏။

ဤစကားရပ်၌ စွဲလမ်းမှုဆန္ဒရာဂ–ဆိုသည်မှာ တဏှာ,ဥပါဒါန်ဟူသော ကိလေသဝဋ်ကို ဆိုသည်။ အားထုတ်မှု–ဆိုသည်မှာ ကုသိုလ်အမှု,အကုသိုလ်အမှုကို ဆိုလိုသည်။

ထိုသုံးပါးတို့တွင် အကုသိုလ်အရာ၌ စွဲလမ်းမှု ဆန္ဒရာဂကိုရော အားထုတ်မှုကိုပါ ပယ်စွန့်ရသည်။

ပစ္စုပ္ပန်အကုသိုလ်တရားတို့ကို ပဋိစ္စသမုပ္ပာဒ်ဒေသနာနည်းဖြင့် ဝေဖန်ပါက 'တဏှာ,ဥပါဒါန်,ဘဝ'ဟု ကိလေသဝဋ်၊ ကမ္မဝဋ်နှစ်ပါး ပါဝင်သည်။

အဝိဇ္ဇာသည် အဝိနာဘာဝသဘောအရ ကိလေသဝဋ်တွင်ဝင်၍ ကမ္မဘဝအမည်ရသည့် အကုသိုလ်စေတနာ (၁၂)ပါးမှ ကြွင်းသော အကုသိုလ်စိတ် စေတသိက်တို့သည်လည်းကောင်း၊ ထိုအကုသိုလ်တရားတို့ကြောင့် လှုပ်ရှားဖြစ်ပေါ်ရသည့် ကိုယ်မှု နှုတ်မှုအားလုံးတို့သည်လည်းကောင်း ကမ္မဝဋ်တွင် ဝင်သည်။ ထိုသို့ ကြောင်းကျိုးဆက်သွယ်လျက်ရှိသော တရားစုသည် လောကပြစ် သံသရာပြစ်မကင်းသော သာဝဇ္ဇလက္ခဏာ၊ ယခုဘဝ၌လည်းကောင်း နောင်တမလွန်ဘဝ၌လည်းကောင်း

ဆိုးကျိုးပေးမည့် ဒုက္ခဝိပါကလက္ခဏာရရှိကား အကြောင်းဖြစ်သော စွဲလမ်းမှုဆန္ဒရာဂကိုရော ပြုလုပ်အားထုတ်မှုကိုပါ ပယ်ရလေသည်။

ကုသိုလ်အရာ၌ စွဲလမ်းမှုဆန္ဒရာဂကိုသာ ပယ်စွန့်၍ အားထုတ်မှုကို မပယ်စွန့်ရ။

အပြစ်ကင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့သည် အဝိဇ္ဇာ,တဏှာ, ဥပါဒါန်ဟူသော ကိလေသဝဋ်ကြောင့် ဖြစ်ကြရသောတရားများဖြစ်သော်လည်း အကြောင်းတရားနှင့် အကျိုးတရားတို့အချင်းချင်း သဘောလက္ခဏာအားဖြင့် မတူကြပေ။ အကျိုးဖြစ်သည့် အပြစ်ကင်းသော ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုတို့သည် ခုရောနောင်ပါ အပြစ်ကင်းသည့် အနဝဇ္ဇလက္ခဏာ ရှိကြကုန်၏။ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သည့် သုခဝိပါကလက္ခဏာ ရှိကြကုန်၏။ အကြောင်းဖြစ်သည့် အဝိဇ္ဇာ,တဏှာ, ဥပါဒါန်တို့သည် အပြစ်မကင်းသည့် သာဝဇ္ဇလက္ခဏာ ဆိုးကျိုးပေးမည့် ဒုက္ခဝိပါကလက္ခဏာ ရှိကြကုန်၏။

ထို့ကြောင့် အကြောင်းဖြစ်သော စွဲလမ်းမှု ဆန္ဒရာဂကိုသာ ပယ်စွန့်၍ အကျိုးဖြစ်သည့် အပြစ်ကင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုမူကား မပယ်မစွန့်ရရုံမျှသာမက ကြိုးစားပင်အားထုတ်ကြရပေမည်။

အဗျာကတအရာ၌ စွဲလမ်းမှုဆန္ဒရာဂကိုသာ ပယ်စွန့်ရပေသည်။

မှန်၏။ 'ဝိညာဉ်၊ နာမ်–ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ'ဟူသော အနာဂတ်အကျိုးစု၌လည်းကောင်း၊ 'ဇာတိ၊ ဇရာ၊ မရဏ'ဟူသော အနာဂတ်အကျိုးစု၌လည်းကောင်း ပါဝင်သော 'လောကီခန္ဓာငါးပါး'ဟူသော ဝိပါကဝဋ်ကိုကား ပယ်စွန့်အပ်သော အကုသိုလ်အရာ၌လည်းကောင်း၊ ပွားများအပ်သော ကုသိုလ်အရာ၌လည်းကောင်း မပါဝင်သော အဗျာကတဖြစ်သောကြောင့် ပယ်စွန့်မှုကိုလည်းမပြုအပ် ပွားများမှုကိုလည်း မပြုအပ်၊ အတိုင်းတိုင်းထားအပ်၏။

ထိုခန္ဓာငါးပါးအပေါ်၌ အမှန်မသိခြင်း=အဝိဇ္ဇာ၊ နှစ်သက်စွဲလမ်းခြင်း=တဏှာဥပါဒါန်တို့ကိုသာ ပယ်စွန့်ရပေသည်။ ဤကဲ့သို့ ပယ်စွန့်ရပုံကို ကွဲကွဲပြားပြား မသိသူအချို့က ကုသိုလ်တရားတို့ကို ပယ်စွန့်ရမည်လိုလို ယောင်ဝါးဟောပြောလျက်ရှိကြကုန်၏။ ထို့ကြောင့် အရိယာအရှင်တို့ လက်တွေ့ပယ်စွန့်ရသည့်တရားတို့ကို စာရင်းချကြည့်ကြကုန်အံ့။

၁။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖြင့်-
မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော လောဘမူစိတ် ၄-ပါး၊
ဝိစိကိစ္ဆာနှင့်ယှဉ်သော မောဟမူစိတ် ၁-ပါး၊
အပါယ်ကိုရောက်စေနိုင်သော-
မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော လောဘမူစိတ် ၄-ပါး၊
ဒေါသမူစိတ် ၂-ပါး၊

ဤစိတ် ၁၁-ပါးနှင့် ယှဉ်ဖက်စေတသိက် ၂၇-ပါး၊ ဤတရားတို့ကို ပယ်စွန့်ကြကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို 'ဒဿနေနပဟာတဗ္ဗဓမ္မ'တို့ဟု အဘိဓမ္မာကျမ်း[1] တို့၌ မိန့်ဆိုသည်။

၂။ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် ရုန့်ကြမ်းသော
ကာမရာဂနှင့်တကွဖြစ်သည့် မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော-
လောဘမူစိတ် ၄-ပါး၊
ကြမ်းနေသေးသော ဒေါသမူစိတ်၂-ပါး

ဤခြောက်ပါးနှင့် ယှဉ်ဖက်စေတသိက် ၂၅-ပါး၊ ဤတရားစုတို့ကို ခေါင်းပါးရုံသာပယ်၏။ ထို့ကြောင့် ဤတရားတို့ကို 'ဘာဝနာယပဟာတဗ္ဗဓမ္မ'တို့ဟု အဘိဓမ္မာကျမ်း[2] တို့၌ မိန့်ဆိုသည်။

၃။ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ဖြင့် နူးညံ့သောကာမရာဂနှင့်
တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော-

---

၁။ ဓမ္မသင်္ဂဏီ။ စာမျက်နှာ-၂၊ ၂၀၇၊ ၈၉၊ ၁၆၉။
၂။ ဓမ္မသင်္ဂဏီ။ စာမျက်နှာ-၂၊ ၂၀၉၊ ၂၆၉။

လောဘမူစိတ် ၄–ပါး၊
နှုံးညံ့သော ဒေါသမူစိတ် ၂–ပါး၊

ဤခြောက်ပါးနှင့် ယှဉ်ဖက်စေတသိက် ၂၅–ပါး၊ ဤတရားတို့ကို အကြွင်းအကျန်မရှိအောင် ပယ်၏။

ထို့ကြောင့် ဤတရားတို့ကို 'ဘာဝနာယ ပဟာတဗ္ဗဓမ္မ'တို့ဟု ဓမ္မသင်္ဂဟပါဠိတော်ကျမ်း၌ မိန့်ဆိုသည်။

၄။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဖြင့် ရူပရာဂ၊အရူပရာဂနှင့် တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော–
လောဘမူစိတ် ၄–ပါး၊
ဥဒ္ဓစ္စနှင့်ယှဉ်သော မောဟမူစိတ် ၁–ပါး၊

ဤငါးပါးနှင့် စေတသိက် ၂၁–ပါး၊ ဤတရားစုတို့ကို အကြွင်းအကျန်မရှိအောင် ပယ်၏။ ထို့ကြောင့် ဤတရားတို့ကို 'ဘာဝနာယ ပဟာတဗ္ဗဓမ္မ'တို့ဟု အဘိဓမ္မာကျမ်း[၁] တို့၌ မိန့်ဆိုသည်။

ဤသို့ ပယ်စွန့်ရသည့် ပဟာတဗ္ဗဓမ္မတို့ကို စာရင်းချသည့်အခါ အကုသိုလ်တရားတို့ကိုချည်း တွေ့ကြရပေသည်။

ဝဋ္ဋနိဿိတကုသိုလ်၊ ဝိဝဋ္ဋနိဿိတကုသိုလ်၊ သာသနာတွင်းကုသိုလ်၊ သာသနာပကုသုလ်၊ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့တွင် မည်သည့်ကုသိုလ်တစ်စုံတစ်ခုတို့မျှ ပယ်စွန့်ထားသည်ကို မတွေ့ရပေ။ ထို့ကြောင့် ကုသိုလ်တရားမှန်သမျှကို သောတာပတ္တိမဂ်ဖြင့်လည်း မပယ်ရ၊ အထက်မဂ်သုံးပါးတို့ဖြင့်လည်း မပယ်ရသော 'နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဓမ္မ' တို့ဟု အဘိဓမ္မာကျမ်း[၂] တို့၌ မိန့်ဆိုသည်။

ကုသိုလ်တရားတို့ကို အဘယ်ကြောင့် အရိယာအရှင်တို့ မစွန့်မပယ်

---

၁။ ဓမ္မသင်္ဂဏီ။ စာမျက်နှာ–၂၊၂၀၉၊ ၂၆၉။ ၂။ ဓမ္မသင်္ဂဏီ၊ စာမျက်နှာ–၂၀၉၊ ၂၆၉။

ကြကုန်သနည်း။ အနဝဇ္ဇ=ခုရောနောင်ပါ အပြစ်မရှိခြင်း၊ သုခဝိပါက= ချမ်းသာကျိုးပေးခြင်း လက္ခဏာရှိသောကြောင့် ဖြစ်သည်။

## ဤစေတသိက်တရားတို့

ချဲ့ဦးအံ့၊ ကုသိုလ်စိတ်တို့ ယှဉ်တွဲဖြစ်ပေါ်သော တရားတို့သည် ကြည်လင်ခြင်း=သဒ္ဓါ၊ မမေ့ခြင်း=သတိ၊ မိမိကိုယ်ကို အလေးထားခြင်း= ဟိရီ၊ သူတစ်ပါးကို ငဲ့ခြင်း=ဩတ္တပ္ပ၊ ငြိကပ်လိုချင်မှုကင်းခြင်း=အလောဘ၊ ကြမ်းတမ်းပြစ်မှားမှုမရှိခြင်း=အဒေါသစသော စိတ်ကောင်းများနှင့် အမြဲ ဆက်ဆံသည့် တရားများ၊ ဝစီဒုစရိုက်မှ ရှောင်ခြင်း=သမ္မာဝါစာ၊ ကာယ ဒုစရိုက်မှ ရှောင်ခြင်း=သမ္မာကမ္မန္တ၊ အသက်မွေးဝမ်းကျောင်းမှုအတွက် ဒုစရိုက်အမှုမပြုခြင်း=သမ္မာအာဇီဝဟူသော ရှောင်ကြဉ်သည့် သဘော တရားများ၊ သနားညှာတာခြင်း=ကရုဏာ၊ နှစ်သက်လိုလားခြင်း=မုဒိတာ ဟူသော အတိုင်းအဆမရှိသည့် သတ္တဝါတို့အပေါ် သဘောထားများ၊ ကွဲပြား ပိုင်နိုင်စွာသိသည့်=ပညိန္ဒြေ၊ ဤစေတသိက်တရားတို့ဖြစ်သည်။ ဤ တရားစု၌ ဆိုးရွားသောအကျိုးကိုပေးသည့် တရားဟူ၍ မြူမျှမပါဝင်ပေ။ ထို့ကြောင့် ကုသိုလ်စိတ်တို့သည် အပြစ်ကင်း၏။ လူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဟူသော ဘဝသမ္ပတ္တိတို့ကိုပေးစွမ်းနိုင်၏။ ထို့ကြောင့် ကုသိုလ်ကို အရိယာပုဂ္ဂိုလ်တို့ မစွန့်ပယ်ကြခြင်း ဖြစ်ပေသည်။

ဤနေရာ၌ လူနတ်ဗြဟ္မာဟူသော ဘဝသမ္ပတ္တိကိုပေးခြင်းသည် ပဋိသန္ဓေဒုက္ခကိုပေးခြင်း၊ အိုခြင်းဒုက္ခ၊ နာခြင်းဒုက္ခ၊ သေခြင်းဒုက္ခကို ပေးခြင်းပင်ဖြစ်၍ အပြစ်ရှိသည်မဟုတ်လောဟု မေးဖွယ်ရှိ၏။

လူ့ဘဝသည် ပဋိသန္ဓေဒုက္ခ၊ အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်း ဒုက္ခတို့မကင်း၍ ဆင်းရဲဟုဆိုရစေကာမူ မိနစ်စက္ကန့်မခြား ခံနေရသော အပါယ်ဆင်းရဲနှင့်ကား မနှိုင်းယှဉ်သာအောင် သက်သာခွင့်ရ ချမ်းသာ

လှပေသည်။ နတ်ဘဝ၊ ဗြဟ္မာဘဝကိုကား အပါယ်လေးပါးဘဝ ထက် လည်းကောင်း၊ လူ့ဘဝထက်လည်းကောင်း အဆပေါင်းများစွာ ပိုမိုသက်သာ ခွင့်ရ ချမ်းသာလှပေသည်။

စင်စစ် ထိုလူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့ကို ရခြင်းသည်ပင် လိုလားတွယ်တာမှု=လောဘ၊ ပြစ်မှားတိုက်ခိုက်မှု=ဒေါသ၊ ဉာဏ်ကင်း တွေဝေမှု=မောဟတို့ကြောင့် ဖြစ်သည်။

ဘုရားရှင် ဤသို့ ဟောတော်မူ၏။

'ရဟန်းတို့၊ ကံဖြစ်ရန်အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း။ လောဘသည် ကံဖြစ်ရန် အကြောင်းတည်း။ ဒေါသသည် ကံဖြစ်ရန်အကြောင်းတည်း။ မောဟသည် ကံဖြစ်ရန် အကြောင်းတည်း။

'ရဟန်းတို့၊ လောဘသည် ပြုအပ်သော၊ လောဘကြောင့်ဖြစ်သော၊ လောဘလျှင် နိဒါန်းရှိသော၊ လောဘလျှင် ဖြစ်ကြောင်းရှိသောကံသည် ကုသိုလ်မဟုတ်။ ထိုကံသည် အပြစ်ရှိ၏။ ထိုကံသည် ဆင်းရဲခြင်း အကျိုးရှိ၏။ ထိုကံသည် အခြားကံတစ်မျိုးဖြစ်ရန် အကြောင်းဖြစ်၏။ ထိုကံသည် ကံချုပ်ငြိမ်းရန် မဖြစ်နိုင်။

'ရဟန်းတို့၊ ဒေါသသည် ပြုအပ်သော၊ ဒေါသကြောင့်ဖြစ်သော၊ ဒေါသလျှင် နိဒါန်းရှိသော၊ ဒေါသလျှင် ဖြစ်ကြောင်းရှိသောကံသည် ကုသိုလ်မဟုတ်။ ထိုကံသည် အပြစ်ရှိ၏။ ထိုကံသည် ဆင်းရဲခြင်း အကျိုး ရှိ၏။ ထိုကံသည် အခြားကံတစ်မျိုးဖြစ်ရန် အကြောင်းဖြစ်၏။ ထိုကံသည် ကံချုပ်ငြိမ်းရန် မဖြစ်နိုင်။

'ရဟန်းတို့၊ မောဟသည် ပြုအပ်သော၊ မောဟကြောင့်ဖြစ်သော၊ မောဟလျှင် နိဒါန်းရှိသော၊ မောဟလျှင် ဖြစ်ကြောင်းရှိသောကံသည် ကုသိုလ်မဟုတ်။ ထိုကံသည် အပြစ်ရှိ၏။ ထိုကံသည် ဆင်းရဲခြင်း အကျိုး

ရှိ၏။ ထိုကံသည် အခြားကံတစ်မျိုးဖြစ်ရန် အကြောင်းဖြစ်၏။ ထိုကံသည် ကံချုပ်ငြိမ်းရန် မဖြစ်နိုင်'၁

ဤဒေသနာ၌ 'ကံ'အရ နောက် သုက္ကပက္ခဒေသနာကိုထောက်၍လည်းကောင်း၊ 'ကံချုပ်ငြိမ်းရန် မဖြစ်နိုင်'ဟူသော စကားကိုထောက်၍လည်းကောင်း၊'ကုသိုလ်မဟုတ်'ဟုဆိုရသော်လည်း အကုသိုလ်ကံကိုသာ မယူရ၊ ဝဋ္ဋနိဿိတကုသိုလ်ကံကိုပါ ယူရမည်။ (ဝဋ္ဋနိဿိတကုသိုလ်တို့ အကုသိုလ်အမည်ရနေ၏ဟူလို)။ ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ(၃-၂၃၂)၌ 'တံ ကမ္မံ ကမ္မသမုဒယာယ သံဝတ္တတီတိ တံ ကမ္မံ အညေသမ္ပိ ဝဋ္ဋဂါမိကမ္မာနံ သမုဒယာယ ပိဏ္ဍကရဏတ္ထာယ သံဝတ္တတိ=ကံတို့၏ ဖြစ်ခြင်းငှာ ဆိုသည်မှာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သည့် ကံတို့ ဖြစ်ခြင်းငှာ စုမိခြင်းငှာ ဖြစ်၏'ဟု ဖွင့်ဆိုထားပေသည်။

ဤဒေသနာအရ လူ့ဘဝ၊နတ်ဘဝ၊ဗြဟ္မာဘဝကိုရခြင်းသည်ပင် လောဘ၊ ဒေါသ၊ မောဟဟူသော ကိလေသာတို့ကြောင့် ဖြစ်ရကြောင်းသိရ၏။(ဒေဝ ဒူတဝဂ်၊ နိဒါနသုတ်၌လည်း ဤသဘောကိုပင် ဟောတော်မူသည်။)

တစ်နည်း၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ထိုသို့ ဘဝသမ္ပတ္တိခေါ်သည့် ဝဋ်ခန္ဓာကိုရခြင်းသည် အရင်းစစ်အမြစ်မြေက ဆိုသကဲ့သို့ မသိမှု=အဝိဇ္ဇာ၊ စွဲလမ်းမှု=တဏှာတို့၏ အပြစ်ဖြစ်သည်။

ဥပမာဆိုအံ့၊ တောသားယောကျ်ားတစ်ယောက်သည် အမှုကိစ္စတစ်ခုဖြင့် မြို့ကြီးတစ်မြို့သို့သွား၏။ မြို့သို့ရောက်သောအခါ ထမင်းစားရန်အတွက် ဟိုတယ်ကြီးတစ်ခုသို့ ဝင်လေသည်။ ထိုအခါ ဟိုတယ်အလုပ်သမားက 'အလိုရှိသောအစာကို အမိန့်ရှိပါ'ဟု ပြော၏။ တောသားယောကျ်ားသည် ဟိုတယ်၌ မည်သည့်စားသောက်ဖွယ်များ ရှိသည်ကိုမသိ၊ ထို့ကြောင့် စားရန်စဉ်းစားသောအခါ လယ်တောမှ အပြန် အိမ်သူသက်ထားချက်ပြုတ်ကျွေးလေ့ရှိသည့် ချဉ်ရည်ကျဲကျဲနှင့် ငရုတ်သီးထောင်းရဲရဲ

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၂၆၆။

ကိုသာ အမှတ်ရ၏။ ထိုစဉ်က စားသောက်၍ မြိန်လှသည်။ ယခုလည်း ထိုအစားမျိုးကိုစားရလျှင် မြိန်ပေလိမ့်မည်။ ထို့ကြောင့် 'ချဉ်ရည်ကျဲကျဲ၊ ငရုတ်သီးထောင်းရဲရဲနှင့် ထမင်းတစ်ပွဲပေးပါ'ဟု တောင်းလိုက်၏။ စားနေကျအစာဖြစ်၍ မြိန်လှ၏။ သို့သော် ချဉ်ရည်မှာ ချဉ်လှ၏။ ငရုတ်သီးထောင်းမှာ စပ်လှ၏။ တရှူးရှူးတရှဲရှဲနှင့် ချွေးတွေမှာ ရွှဲနေတော့သည်။

ဤဥပမာ၌ ချဉ်သည့်ဒုက္ခ၊ စပ်သည့်ဒုက္ခကိုရသည်မှာ မည်သူ့အပြစ်နည်း။ ချဉ်ရည်နှင့် ငရုတ်သီးထောင်းပေးသည့် ဟိုတယ်အလုပ်သမား၏အပြစ်လော့၊ ဟိုတယ်အလုပ်သမားသည် ချဉ်ရည်ကျဲကျဲနှင့် ငရုတ်သီးထောင်းရဲရဲကို တောင်း၍သာ ချဉ်ရည်ကျဲကျဲနှင့် ငရုတ်သီးထောင်းကို ပေးခြင်းဖြစ်သည်။

အကယ်၍သာ နတ်သုဒ္ဓါတမျှ ချိုမြိန်လှသည့် အာဟာရတို့ကို တောင်းပါက နတ်သုဒ္ဓါတမျှ ချိုမြိန်လှသည့် အာဟာရတို့ကို ပေးမည်သာဖြစ်သည်။ ထို့ကြောင့် ဟိုတယ်အလုပ်သမား၏အပြစ်မဟုတ်ပေ။

စင်စစ်မှာ တောသားယောကျ်ား၏ နတ်သုဒ္ဓါတမျှ ချိုမြိန်လှသည့် အစားအစာရှိနေသည်ကို 'မသိခြင်း'နှင့် စားဖူးလှပြီဖြစ်သည့် ချဉ်ရည်ကျဲကျဲနှင့် ငရုတ်သီးထောင်းရဲရဲကို 'စွဲ'နေသည့် 'မသိစွဲ'အပြစ်ပင်ဖြစ်သည်။

| | |
|---|---|
| လိုရာရနိုင်သည့် ဟိုတယ်ကြီးနှင့်–နဝမခေတ်တူသည်။ | |
| ဟိုတယ်လုပ်သားနှင့် | – ကုသိုလ်ကံတူသည်။ |
| တောသားယောကျ်ားနှင့် | – ဗာလပုထုဇဉ်တူသည်။ |
| ကောင်းမွန်သောအစားအစာနှင့် | – နိဗ္ဗာန်ဟူသော ဝိမုတ္တိရသတူသည်။ |
| အစားကောင်းကိုမသိခြင်းနှင့် | သစ္စာ ၄–ပါးကို မသိခြင်းတူသည်။ |
| စားနေကျချဉ်ရည်၊ ငရုတ်သီးထောင်းနှင့် } | ဘဝသမ္ပတ္တိတူသည်။ |

နဝမခေတ်ဟူသော လိုရာရနိုင်သည့် ဟိုတယ်ကြီး၌ ဝိမုတ္တိသုခ ဟူသော နိဗ္ဗာန်ချမ်းသာအထိ ဆောင်ယူပေးနိုင်သော ကုသိုလ်ကံ အလုပ် သမားထံ၊ လူဘဝ နတ်ဘဝ ဗြဟ္မာဘဝဟူသော ချဉ်ရဲကျဲကျဲနှင့် ငရုတ် သီးထောင်းရဲရဲကို အဖန်ဖန်တောင်းယူ စားသောက်နေကြသည်မှာ သံသရာ ခရီးသွား ဗာလပုထုဇဉ်သားတို့၏ အမှန်ကိုမသိမမြင်ခြင်း အဝိဇ္ဇာနှင့် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဟူသော ချဉ်ချဉ်စုတ်စုတ် ပူပူစပ်စပ် ကို စွဲနေသည့် တဏှာဉပါဒါန်တို့၏ 'မသိစွဲ' အပြစ်သာဖြစ်၍ ကုသိုလ်ကံ၏ အပြစ်မဟုတ်ပေ။

ထို့ကြောင့် ဘဝဟူသော ခန္ဓာကို ကြောက်လန့်သူတို့သည် ကုသိုလ် အမှုကိုမပယ်မစွန့်ရ၊ ဘဝအပြစ်ကို မမြင်သည့်(တစ်နည်း)နိဗ္ဗာန်ဟူသည့် ဝိမုတ္တိသုခကို မသိသည့်၊ အဝိဇ္ဇာနှင့်ဘဝချမ်းသာကို တမ်းတစွဲနေသည့် တဏှာ၊ ဉပါဒါန်တို့ကိုသာ ပယ်စွန့်ရမည်ဖြစ်ကြောင်း၊ တစ်နည်း အဝိဇ္ဇာ၊ တဏှာအရင်းခံသည့် အကုသိုလ်အလုပ်မှန်သမျှကိုသာ ပယ်စွန့်ရမည်ဖြစ် ကြောင်း၊ ကုသိုလ်တရားတို့ကို ပယ်စွန့်ရန်မလိုကြောင်း ကောင်းကောင်းကြီး သိအပ်ပေသည်။

အကုသိုလ်ကံ၊ ဝဋ္ဋနိဿိတ ကုသိုလ်ကံ၊ ဝိဝဋ္ဋနိဿိတ ကုသုလ်ကံ တို့၏ သဘောတရားကွာခြားမှုတို့ကို ထင်ရှားစေအံ့။

နယ်ချဲ့သမားတို့အုပ်စိုးသော နိုင်ငံတစ်ခု၌ အုပ်စုသုံးစုရှိ၏။

(၁) ပထမအုပ်စုသည် နယ်ချဲ့နှင့်အမြဲတွဲပြီး ဆိုးမိုက်ရမ်းကား၏။ နယ်ချဲ့ကို အားပေး၏၊ အမိနိုင်ငံကို ညှဉ်းပန်း၏၊

(၂) ဒုတိယအုပ်စုသည် နယ်ချဲ့နှင့်မပေါင်း၊ သီးခြားကင်းအောင် နေ၏၊ သို့သော် နယ်ချဲ့ကိုမတော်လှန်ရဲ။ မိမိတိုင်းပြည်ကို နယ်ချဲ့၏ ညှဉ်းပန်းနှိပ်စက်မှုမှ သက်သာနိုင်သမျှ သက်သာ ခွင့်ရရုံသာဆောင်ရွက်၏။

(၃) တတိယအုပ်စုသည် နယ်ချဲ့နှင့်မပေါင်းဘဲ သီးခြားနေရုံမျှ

သာမက မိမိတိုင်းပြည်ကို နယ်ချဲ့၏ ညှဉ်းပန်းနှိပ်စက်မှုအောက်မှ သက်သာနိုင်သမျှသက်သာခွင့်ရအောင်လည်းဆောင်ရွက်၊ နယ်ချဲ့လက်အောက်မှ လုံးဝလွတ်မြောက်ခွင့်ရအောင်လည်း ဆောင်ရွက်၏။

အထက်ဘဝဂ် အောက်အဝီစိတိုင်အောင်သော နယ်ကြီးတစ်ခုလုံးသည် 'အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ'ဟူသော အာသာဝတရားတို့၏ ယိုစီးပျံ့နှံ့ရာ နယ်ကြီးဖြစ်၏။ ထိုနယ်ကြီးအတွင်း၌ ဖြစ်ကြရသည့် သတ္တဝါတို့သည် ထိုအာသဝနယ်ကြီးအတွင်း ကျရောက်ပါဝင်လျက်ရှိသော တိုင်းပြည် ငယ်များသဖွယ်ဖြစ်၏။ ထိုသတ္တဝါတို့၏ သန္တာန်၌ဖြစ်သော အကုသိုလ်တရားအားလုံး၊ ဝဋ္ဋနိဿိတကုသိုလ်တရားအားလုံး၊ မဂ်စိတ်လေးခုတို့၏ ရှေး၌ဖြစ်သော ဂေါတြဘူ၊ ဝေါဒါန်တိုင်အောင် ဝိသဋ္ဋနိဿိတ ကုသိုလ်တရားအားလုံးတို့သည် အာသဝနယ်သားများ ဖြစ်ကြ၏။

ထိုအာသဝနယ်သား တရားအားလုံးတို့တွင်–

(၁) ပထမအုပ်စုဖြစ်သည့် အကုသိုလ်တရားစုသည် အာသဝတရားတို့နှင့်ပေါင်း၍ ဆိုးမိုက်ရမ်းကား၏၊ နယ်ချဲ့သမား အာသဝတရားအားရှိအောင်လုပ်၏၊ မိမိကိန်းသောသတ္တဝါအား အပါယ်လေးပါးသို့ ဆွဲချနှစ်မြုပ်၏၊ အာသဝနယ်မှ မလွတ်မြောက်နိုင်အောင် အမျိုးမျိုးချုပ်ချယ်၏။

(၂) အုပ်စုဖြစ်သော ဝဋ္ဋနိဿိတ ကုသိုလ်တရားစုသည် အာသဝနယ်ချဲ့နှင့်မပေါင်းဘဲ သီးခြားအပြစ်ကင်းအောင်နေ၏၊ မိမိကိုအားကိုးသည့် ဝဋ္ဋနိဿိတကုသိုလ်ရှင်တို့အား အပါယ်စသော ဒုက္ခမှ ကာလအပိုင်းအခြားဖြင့် လွတ်မြောက်သက်သာခွင့်ရစေ၏၊ သို့သော် အာသဝနယ်မှ လွတ်မြောက်အောင်ကား ဆောင်ရွက်နိုင်စွမ်းမရှိပေ။

(၃) တတိယနယ်အုပ်စုဖြစ်သော ဝိဝဋ္ဋနိဿိတကုသိုလ်တရားစုသည် 'အဝိဇ္ဇာ၊တဏှာ၊ဒိဋ္ဌိ'ဟူသော အာသဝတရားတို့နှင့်ဆက်ဆံမှု မပြုဘဲ မိမိကို အားကိုးသည့် ဝိဝဋ္ဋနိဿိတကုသိုလ်ရှင်တို့အား အပါယ်ဒုက္ခ

စသည်တို့မှ ကာလအပိုင်းအခြား ဘဝအပိုင်းအခြားဖြင့် သက်သာခွင့် ရစေရုံမျှမက အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိတို့ကို တော်လှန်၍ လွတ်မြောက် စေလေသည်။

ထိုတရားအုပ်စုသုံးခုတို့တွင် ပထမအုပ်စုဖြစ်သည့် အကုသိုလ် တရားစုသည်သာ လုံးဝပယ်သတ်ချေမှုန်းသင့်သောအုပ်စုဖြစ်သည်။ ဒုတိယဖြစ်သည့် ဝဋ္ဋနိဿိတကုသိုလ်စုကား အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိတို့ကို ပယ်လှန်သတ်ဖြတ်နိုင်စွမ်းမရှိ၍ အားမကိုးရရုံသာဖြစ်သည်၊ အပြစ်မရှိ ပေ။ တတိယဖြစ်သည့် ဝိဝဋ္ဋနိဿိတ ကုသိုလ်တရားစုကား ပစ်ပယ် ထားသင့်သောတရား မဟုတ်ရုံမျှမက အာသဝနယ်ဖြစ်သည့် ဘဝဒုက္ခ အစုစုမှ လွတ်မြောက်ချမ်းသာရေးအတွက် လွန်စွာ အားကိုးထိုက်ပေသည်။

မှန်၏၊ ဝိဝဋ္ဋနိဿိတကုသိုလ်တရားစုသည် သောတာပတ္တိမဂ် ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ် လက်နက်ကိုကိုင်စွဲ၍ အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိဟူသည့် အာသဝေါတရားတို့ကို တော်လှန်သောအခါ အပေါင်းပါ အကုသိုလ်စိတ် ၁၁–ပါးနှင့် အပေါင်းပါစေတသိက် ၂၇–ပါးတို့ကိုပါ ပယ်သတ်၍ အပါယ်လေးပါးဟူသော အာသဝ၏အုပ်ချုပ်ရေးအာဏာ တစ်စိတ်မှ လွတ်မြောက်စေလိမ့်မည်။ အနာဂါမိဉာဏ်လက်နက်ကို ရသော အခါ ကြွင်းကျန်သောအဝိဇ္ဇာ၊ တဏှာနှင့်အပေါင်းပါအကုသိုလ်စိတ် ၆–ပါး၊ စေတသိက် ၂၅–ပါးကို ပယ်သတ်၍ ကာမ ၁၁–ဘုံ၌ ကြုံတွေ့ ရသည့် ခန္ဓာဒုက္ခမှ လွတ်မြောက်စေလိမ့်မည်။

အရဟတ္တမဂ်ဉာဏ်လက်နက်ကို ရရှိသည့်အခါ၌ကား ကျန်ရှိနေ သေးသော အဝိဇ္ဇာ၊ တဏှာ အနုစားနှင့် အပေါင်းပါ အကုသိုလ်စိတ် ၅–ပါး၊ စေတသိက် ၁၉–ပါးတို့ကို အပြီးတိုင်ပယ်သတ်၍ အာသဝနယ်မှ လုံးဝလွတ်မြောက်စေပေလိမ့်မည်။

ထို့ကြောင့် ဘဝဒုက္ခကြောက်သူသည် အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိနှင့်

အပေါင်းပါတို့ကို သတ်ဖြတ်စွန့်ပယ် ဝိမုတ္တိနယ်သို့ရောက်စေသည့် ဝိဝဋ္ဋ နိဿိတကုသိုလ်ကို မုချ အားကိုးကြရပေလိမ့်မည်။

ထို့ကြောင့် ဘုရားရှင်က ဤသို့ ဟောတော်မူ၏။

'ရဟန်းတို့၊ ကံဖြစ်ရန်အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း။ အလောဘသည် ကံဖြစ်ရန်အကြောင်းတည်း။ အဒေါသသည် ကံဖြစ်ရန်အကြောင်းတည်း။ အမောဟသည် ကံဖြစ်ရန် အကြောင်းတည်း။

ရဟန်းတို့၊ အလောဘသည် ပြုအပ်သော၊ အလောဘကြောင့် ဖြစ်သော၊ အလောဘလျှင် နိဒါန်းရှိသော၊ အလောဘလျှင် ဖြစ်ကြောင်း ရှိသော ကံသည် ကုသိုလ်တည်း။ ထိုကံသည် အပြစ်မရှိ၊ ထိုကံသည် ချမ်းသာခြင်း အကျိုးရှိ၏။ ထိုကံသည် ကံချုပ်ငြိမ်းဌာ ဖြစ်၏။ ထိုကံသည် အခြားကံတစ်မျိုးဖြစ်ပေါ်ရန် အကြောင်းမဟုတ်။

ရဟန်းတို့၊ အဒေါသသည် ပြုအပ်သော၊ အဒေါသကြောင့် ဖြစ်သော၊ အဒေါသလျှင် နိဒါန်းရှိသော၊ အဒေါသလျှင် ဖြစ်ကြောင်းရှိသော ကံသည် ကုသိုလ်တည်း။ ထိုကံသည် အပြစ်မရှိ၊ ထိုကံသည် ချမ်းသာခြင်း အကျိုးရှိ၏။ ထိုကံသည် ကံချုပ်ငြိမ်းဌာဖြစ်၏။ ထိုကံသည် အခြားကံ တစ်မျိုးဖြစ်ပေါ်ရန် အကြောင်းမဟုတ်။

ရဟန်းတို့၊ အမောဟသည် ပြုအပ်သော၊ အမောဟကြောင့်ဖြစ်သော၊ အမောဟလျှင် နိဒါန်းရှိသော၊ အမောဟလျှင် ဖြစ်ကြောင်းရှိသော ကံသည် ကုသိုလ်တည်း။ ထိုကံသည် အပြစ်မရှိ၊ ထိုကံသည် ချမ်းသာခြင်း အကျိုးရှိ၏။ ထိုကံသည် ကံချုပ်ငြိမ်းဌာ ဖြစ်၏။ ထိုကံသည် အခြားကံ တစ်မျိုးဖြစ်ပေါ်ရန် အကြောင်းမဟုတ်။ ရဟန်းတို့၊ ကံဖြစ်ရန်အကြောင်း တို့သည် ဤသုံးမျိုးတို့တည်း။'[၁]

---

၁။ အင်္ဂုတ္တိုရ်၊ ပဌမ။ စာမျက်နှာ–၂၆၆။ ၂၆၇။

ဤဒေသနာတော်၌ 'ကံ'အရ ဆိုခဲ့ပြီးသော ကဏှပက္ခဒေသနာကိုထောက်၍လည်းကောင်း၊ 'ထိုကံသည် ကံချုပ်ငြိမ်းၾကာဖြစ်၏'ဟူသောစကားကို ထောက်၍လည်းကောင်း ဝဋ္ဋနိဿိတကုသိုလ်ကို မယူရ။ ဝိဝဋ္ဋနိဿိတကုသိုလ်ကံကိုသာ ယူရမည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ (၃၊၂၃၂)၌ 'သုက္ကပက္ခေ ကမ္မာနံ သမုဒယာယာတိ ဝိဝဋ္ဋဂါမိ ကမ္မာနံ သမုဒယတ္ထာယ=စင်ကြယ်သောအဖို့၌ဖြစ်သည့် ဒေသနာ၌ ကံတို့၏ ဖြစ်ခြင်းၾကာ'ဟု ဆိုသည်မှာ ဝဋ်ကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ကံဖြစ်ခြင်းၾကာ'ဟု ဖွင့်ဆိုပေသည်။

ဆိုခဲ့ပြီးသော တဏှာပက္ခဒေသနာနှင့် ဤသုက္ကပက္ခဒေသနာနှစ်ရပ်ကို ဆက်စပ်၍ ကောက်ချက်ချလျှင်–

၁။ အကုသိုလ်ကံသည် ကိုယ်တိုင်အပါယ်လေးပါး၊ ဘဝခန္ဓာကို ဖြစ်ပေါ်စေသည်သာမက အခြားဘဝခန္ဓာကို ဖြစ်ပေါ်စေဦးမည့် ကံတစ်မျိုးကိုပါ ပေါ်ပေါက်စေသည်။

၂။ ဝဋ္ဋနိဿိတ ကုသိုလ်ကံသည် ကိုယ်တိုင် လူ နတ် ဗြဟ္မာ ဟူသော ဘဝခန္ဓာကို ဖြစ်ပေါ်စေသည်သာမက အခြားဘဝခန္ဓာကို ဖြစ်ပေါ်စေဦးမည့် ကံတစ်မျိုးကိုပါ ပေါ်ပေါက်စေသည်။

၃။ ဝိဝဋ္ဋနိဿိတကုသိုလ်ကံသည် လူ နတ် ဗြဟ္မာဟူသော ဘဝခန္ဓာကိုဖြစ်ပေါ်စေသော်လည်း အခြားဘဝခန္ဓာကို ဖြစ်ပေါ်စေဦးမည့် ကံတစ်မျိုးကို မဖြစ်ပေါ်စေ၊ ကံကုန်၏ဟု သိနိုင်ပေသည်။

ထို့ကြောင့် ဝိဝဋ္ဋနိဿိတကုသိုလ်ကံသည် အပါယ်ဒုက္ခစသည်မှ ကာလအပိုင်းအခြား၊ ဘဝအပိုင်းအခြားအားဖြင့် သက်သာခွင့်ရစေရုံမျှမက ကုသိုလ်ကံ အကုသိုလ်ကံအားလုံးကို ငြိမ်းချုပ်စေ၍ နိဗ္ဗာန်သို့ ပို့ဆောင်ပေသည်ဟု သိရသည်။

မှန်၏၊ သောတာပန်အရိယာအရှင်တို့သည် ဝိဝဋ္ဋနိဿိတ ကုသိုလ်ကိုပင် တိုးပွားအောင် အားထုတ်၍ သောတာပတ္တိမဂ်ဉာဏ်အလင်းကို ရရှိသည့်အခါ အပါယ်ဆင်းရဲကိုပင် မမြင်အောင် ဖုံးကွယ်ကာဆီးတတ်သည့် အဝိဇ္ဇာ၊ အပါယ်ဆင်းရဲကိုပင် နှစ်သက်စွဲလမ်းသည့် အပါယဂမနီယ တဏှာ[၁]နှင့် အတ္တဒိဋ္ဌိဟူသော ကိလေသဝဋ်ကို စွန့်ပယ်ဖျက်ဆီးကာ အပါယ်ဒုက္ခမှ လွတ်မြောက်ခွင့်ရကြ၏။

သကဒါဂါမ် အရိယာအရှင်တို့သည် ထိုဝိဝဋ္ဋနိဿိတကုသိုလ်ကိုပင် ထပ်မံအားထုတ်၍ သကဒါဂါမိမဂ်ဉာဏ်အလင်းကို ရရှိသည့်အခါ ကာမဂုဏ်နှင့် ကာမဘဝအပြစ်တို့ကို မမြင်အောင် ဖုံးကွယ်ထားသည့် ရန့်ရင်းကြမ်းတမ်းနေသေးသည့် အဝိဇ္ဇာနှင့် ကာမတဏှာတို့ကို ပါးလွှာအောင် ဆက်လက်ပယ်စွန့်ခဲ့ကြရသည်။

အနာဂါမ်အရိယာအရှင်တို့သည် ထိုဝိဝဋ္ဋနိဿိတကုသိုလ်ကိုပင် အားထုတ်၍ အနာဂါမိမဂ်ဉာဏ်အလင်းကို ရရှိသည့်အခါ ကာမဂုဏ်နှင့် ကာမဘဝအပြစ်တို့ကို ဖုံးလွှမ်းသည့် ပါးလွှာနေပြီဖြစ်သည့် အဝိဇ္ဇာနှင့် ကာမတဏှာတို့ကို အပြီးသတ်ပယ်စွန့်ကာ ကာမဘဝမှ လွတ်မြောက်ခွင့် ရခဲ့ကြသည်။

ရဟန္တာအရှင်တို့သည် ထိုဝိဝဋ္ဋနိဿိတကုသိုလ်ကိုပင် ထပ်မံအားထုတ်၍ အရဟတ္တမဂ်ဉာဏ်အလင်းကို ရရှိသည့်အခါ ရူပဈာန်၊ အရူပဈာန်၊ ရူပဘဝ၊ အရူပဘဝတို့၏အပြစ်တို့ကို ဖုံးလွှမ်းသည့် အဝိဇ္ဇာနှင့် တွယ်တာသည့် ရူပတဏှာ၊ အရူပတဏှာတို့ကို အပြီးသတ် စွန့်ပယ်ခြင်းဖြင့် ရူပဘဝ၊ အရူပဘဝတို့မှပါ လွတ်မြောက်ခွင့်ရကာ ဝိမုတ္တိသုခနယ်သို့ လုံးဝရောက်ရှိကြရတော့၏။

---

၁။ အဝိစိနိရယာဒယော ကထံ ကာမိယန္တိ၊ ကထဉ္စ တတ္ထ သတ္တာ ကာမရတိယာ ရမန္တီ တိ။ နိမိတ္တဿာဒဝသေန ဝါ ဘဝနိကန္တိဝသေန ဝါ တိ။ ။ပရမတ္ထဒီပနီ၊ ကာမာဝစရပုဒ်အဖွင့်။

ထိုသို့ ကိလေသဝဋ်ကို ပယ်စွန့်ရာ၌ ကုသိုလ်အရာတွင် ကိလေသဝဋ်ကိုသာ ပယ်စွန့်ပြီး ကုသိုလ်တရားအားလုံးနှင့် ကုသိုလ်မှုအားလုံးကို မစွန့်ပယ်ရုံမျှသာမက တိုးပွားအောင်ပင် အားထုတ်ကြရသည်ကိုလည်းကောင်း၊ အကုသိုလ်အရာ၌ ကိလေသဝဋ်ကိုသာမက တွဲဖက်ဖြစ်သော ဝိစိကိစ္ဆာ၊ ဒေါသ၊ မာန စသည့် အကုသိုလ်ဂိုဏ်းဝင်တရားတို့နှင့် အကုသိုလ်အလုပ်ဟူသမျှကိုပါ ပယ်စွန့်ကြသည်ကိုလည်းကောင်း သတိပြုအပ်ပေသည်။

မှန်၏၊ ကုသိုလ်တရားစုနှင့် ကုသိုလ်အလုပ်တို့ကို တိုးပွားအောင် အားထုတ်မှုမပြုဘဲ ကိလေသဝဋ်ကို မပယ်စွန့်နိုင်သကဲ့သို့ ကြွင်းသော အကုသိုလ်တရားအားလုံးနှင့် အကုသိုလ်အလုပ်ဟူသမျှတို့ကို မရှောင်ရှား မစွန့်လွှတ်ဘဲ ကိလေသဝဋ်မြစ် မပြတ်နိုင်ပေ။

ထို့ကြောင့် ဘုရားရှင်က–

'ရဟန်းတို့၊ ကောင်းသောအမှုတို့ကို မကြောက်ကုန်လင့်။ ရဟန်းတို့၊ ကောင်းမှုဟူသော ဤအမည်သည် လိုလားအပ်သော၊ နှစ်သက်အပ်သော၊ ချစ်ခင်အပ်သော၊ မြတ်နိုးအပ်သော ချမ်းသာ၏အမည်ပင်ဖြစ်၏' [၁] ဟု လည်းကောင်း။

'မကောင်းမှုအားလုံးကို မပြုလုပ်ရခြင်း၊ လောကီလောကုတ္တရာ ကုသိုလ်ကို ပြည့်စုံစေရခြင်း၊ မိမိစိတ်ကို ဖြူစင်စေရခြင်း' ဟူသော ဤအချက်သုံးခုသည် ဘုရားရှင်တို့၏အဆုံးအမဖြစ်၏ [၂] ဟုလည်းကောင်း ဟောကြားတော်မူသည်။

ထို့ပြင် အကုသိုလ်တရား ကုသိုလ်တရားတို့နှင့်စပ်၍ ဘုရားရှင်၏ အပြတ်သားဆုံးဖြစ်သည့် ရှင်းလင်းချက်တို့ကို အင်္ဂုတ္တရပါဠိတော်၌ ဖော်ပြမည့်အတိုင်း တွေ့ရပေသည်။

---

၁။ ဣတိဝုတ်။ စာမျက်နှာ–၂၀၅။ ၂။ သုတ်မဟာဝါ။ စာမျက်နှာ–၄၂။

'ရဟန်းတို့၊ အကုသိုလ်ကို ပယ်ကြကုန်လော့။ ရဟန်းတို့၊ အကုသိုလ်ကို ပယ်ရန်ဖြစ်နိုင်၏၊ (ပယ်လို့ရ၏)။ ရဟန်းတို့၊ အကုသိုလ်ကို ပယ်ရန် မဖြစ်နိုင်လျှင် 'ရဟန်းတို့၊ အကုသိုလ်ကို ပယ်ကြကုန်လော့'ဟု ငါမဟော။ ရဟန်းတို့၊ အကုသိုလ်ကို ပယ်ရန် ဖြစ်နိုင်၏။ ထို့ကြောင့် 'ရဟန်းတို့၊ အကုသိုလ်ကို ပယ်ကြကုန်လော့'ဟု ငါဟော၏။ ရဟန်းတို့၊ အကုသိုလ်ကို ပယ်ခြင်းသည် အကျိုးမဲ့ဖို့ ဆင်းရဲဖို့ဖြစ်အံ့။ 'ရဟန်းတို့၊ အကုသိုလ်ကို ပယ်ကြကုန်လော့'ဟု ငါမဟော။ ရဟန်းတို့၊ အကုသိုလ်ကို ပယ်ခြင်းသည် အကျိုးရှိဖို့ ချမ်းသာဖို့ဖြစ်၏။ ထို့ကြောင့် 'ရဟန်းတို့၊ အကုသိုလ်ကို ပယ်ကြကုန်လော့'ဟု ငါဟော၏'။[၁]

ဤကား အကုသိုလ်တရားအားလုံးကို ပယ်ရမည်ဖြစ်ကြောင်း၊ ပယ်လို့လည်းရကြောင်း၊ အကုသိုလ်ကို ပယ်ခြင်းကြောင့် အကျိုးမယုတ်သည့်အပြင် ကောင်းကျိုးချမ်းသာဖြစ်ဖို့ အကြောင်းဖြစ်ကြောင်း အပြတ်သားဆုံး ရှင်းလင်းချက်ဖြစ်သည်။

'ရဟန်းတို့၊ ကုသိုလ်တရားကို တိုးပွားစေကြကုန်လော့။ ရဟန်းတို့၊ ကုသိုလ်တရားကို တိုးပွားစေရန် ဖြစ်နိုင်ကုန်၏။ ရဟန်းတို့၊ ကုသိုလ်တရားကို တိုးပွားစေရန် မဖြစ်နိုင်အံ့။ 'ရဟန်းတို့၊ ကုသိုလ်တရားကို တိုးပွားကြစေကုန်လော့'ဟု ငါမဟော။ ရဟန်းတို့၊ ကုသိုလ်တရားကို တိုးပွားစေရန် ဖြစ်နိုင်၏။ ထို့ကြောင့် 'ရဟန်းတို့၊ ကုသိုလ်တရားကို တိုးပွားကြစေကုန်လော့'ဟု ငါဟော၏။ ရဟန်းတို့ တိုးပွားစေအပ်ပြီးသော ကုသိုလ်တရားကလည်း အကျိုးမဲ့ဖို့ ဆင်းရဲကြဖို့ဖြစ်အံ့၊ 'ရဟန်းတို့ ကုသိုလ်တရားကို တိုးပွားကြစေကုန်လော့'ဟု ငါမဟော။ ရဟန်းတို့ တိုးပွားစေအပ်ပြီးသော ကုသိုလ်တရားသည် အကျိုးစီးပွားအတွက်၊

၂။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၅၉၊၆၀။

ချမ်းသာဖို့အတွက် ဖြစ်၏။ ထို့ကြောင့် ‘ရဟန်းတို့၊ ကုသိုလ်တရားကို တိုးပွားစေကြကုန်လော့’[၁] ဟုငါပေါ၏။

ဤကား ကုသိုလ်ကို တိုးပွားစေမည်ဖြစ်ကြောင်း၊ တိုးပွားစေရန်လည်း ဖြစ်နိုင်ကြောင်း၊ ကုသိုလ်ကို တိုးပွားစေခြင်းကြောင့် အကျိုးမယုတ်နိုင်သည့်အပြင် အကျိုးစီးပွားဖို့ ချမ်းသာဖို့အကြောင်းသာဖြစ်ကြောင်း ဘုရားရှင်၏ရှင်းလင်းချက်ဖြစ်သည်။

ဘုရားရှင်၏ ဤရှင်းလင်းချက်သည် ‘ကုသိုလ်ကြောင့် သံသရာရှည်မည်လော’စသည်ဖြင့် နောက်ထပ် စောဒကတက်ရန်၊ ‘ကုသိုလ်ကို အားထုတ်လျှင် ခန္ဓာကိုယ် ဒုက္ခရရှိမည်မဟုတ်လော’စသည်ဖြင့် အညွန့်တက်ရန် မလိုအောင် ရှင်းလင်းပြ[illegible]လှတော့သည်။

ထို့ကြောင့် ဝိပါကဝဋ်ဟူသော ခန္ဓာကိုယ်ငြိမ်းလို၍ ကမ္မဝဋ်ကို ပယ်သတ်လိုသူသည် ထိုကမ္မဝဋ်၏အကြောင်းရင်းဖြစ်သည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကိလေသဝဋ်နှင့် ယင်းတို့၏အဖော်သဟဲဖြစ်သော အကုသိုလ်မှန်သမျှကိုသာ စွန့်ပယ်၍ ကုသိုလ်တရားမှန်သမျှ တိုးပွားအောင် အားထုတ်ရမည်ဖြစ်ကြောင်း ယုံမှားမဲ့ မှတ်သားရာ၏။

‘အကုသိုလ်ကိုပယ်မှ ကုသိုလ်ကံကင်းမည်။ ကုသိုလ်ကို တိုးပွား စေမှ အကုသိုလ်ကံကင်းမည်’ဟု ဆိုလိုပေသည်။

‘ရဟန်းတို့၊ အကြင်ကံကို အလောဘသည် ပြုအပ်၏။ အလောဘကြောင့် ဖြစ်၏။ အလောဘလျှင် နိဒါန်းရှိ၏။ အလောဘလျှင် ဖြစ်ကြောင်းရှိ၏။ လောဘကင်းသည်ရှိသော် ထိုကံကို ပယ်ပြီးဖြစ်၏။ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏။ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီးဖြစ်၏။ အသစ်မဖြစ်ခြင်းကို ပြုအပ်ပြီးဖြစ်၏။ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိပြီ။

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ စာမျက်နှာ-၆၀။

'ရဟန်းတို့၊ အကြင်ကံကို အဒေါသသည်ပြုအပ်၏၊ အဒေါသ ကြောင့်ဖြစ်၏၊ အဒေါသလျှင် နိဒါန်းရှိ၏၊ အဒေါသလျှင် ဖြစ်ကြောင်း ရှိ၏၊ ဒေါသကင်းသည်ရှိသော် ထိုကံကိုပယ်ပြီးဖြစ်၏၊ အမြစ်ရင်းတို့ အကြွင်းမဲ့ဖြတ်ပြီးဖြစ်၏၊ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး ဖြစ်၏၊ အသစ်မဖြစ်ခြင်းတို့ ပြုအပ်ပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိပြီ။

'ရဟန်းတို့၊ အကြင်ကံကို အမောဟသည် ပြုအပ်၏။ အမောဟ ကြောင့် ဖြစ်၏။ အမောဟလျှင် နိဒါန်းရှိ၏။ အမောဟလျှင် ဖြစ်ကြောင်း ရှိ၏။ မောဟကင်းသည်ရှိသော် ထိုကံကို ပယ်ပြီးဖြစ်၏။ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏။ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး ဖြစ်၏။ အသစ်မဖြစ်ခြင်းကို ပြုအပ်ပြီးဖြစ်၏။ နောင်အခါ ဖြစ်ပေါ်ခြင်း သဘော မရှိပြီ။'[၁]

'အလောဘ၊ အဒေါသ၊ အမောဟ'ဟူသော ကုသိုလ်တရားတို့၏ အရင်းအမြစ်တို့သည် အခိုက်အတန့်အားဖြင့် ဝဋ်ခန္ဓာ၏အကြောင်းဖြစ် သည့် ကုသိုလ်ကံကို ဖြစ်ပေါ်စေမည်ဖြစ်သော်လည်း နောက်ဆုံး 'လောဘ၊ ဒေါသ၊ မောဟ'ဟူသော အကုသိုလ်အရင်းအမြစ်တို့ကို ဖျက်ဆီး၍ ကံအားလုံးကို ပယ်နုတ်ပေးလိမ့်မည်ဟု ဟောတော်မူလိုပေသည်။

ထို့ကြောင့် 'အကုသိုလ်ကိုပယ်မှ ကုသိုလ်ကံကင်းမည်။ ကုသိုလ်ကို တိုးပွားစေမှ အကုသိုလ်ကံကင်းမည်'ဟု အချုပ်မှတ်သားရာ၏။

## ကုသိုလ်ဟူသည်

ကုသိုလ်တရားသည် ရှောင်ကြဉ်ပယ်ရှားအပ်သော တရားမဟုတ်။ အားထုတ်တိုးပွားစေရမည့် တရားဖြစ်ကြောင်း သိကြရပါပြီ။ ယခုအခါ

၁။ အင်္ဂုတ္တိုရ်၊ပထမ။စာမျက်နှာ–၁၃၄၊၁၃၅။

အဘယ်အလုပ်မျိုးကို ကုသိုလ်အလုပ်ခေါ်သည်၊ ထိုအလုပ်ကို ဘယ်သူတွေက ပြုလုပ်အားထုတ်ကြသည် ဆိုသည်တို့ကို ဆက်လက်လေ့လာကြစို့။

ကုသိုလ်ဓမ္မအရာ၌လာသော ကုသိုလ်၏အနက်ကို ကျမ်းဂန်[၂] တို့၌

အာရောဂျ = အနာကင်းခြင်း၊
အနဝဇ္ဇ = အပြစ်ကင်းခြင်း၊
သုခဝိပါက = ကောင်းကျိုးရှိခြင်း၊

–ဟူသော အနက်သုံးမျိုးကို ဖွင့်ပြကြသည်။

ထို့ကြောင့် ကုသိုလ်အလုပ်ဆိုသောစကားသည် 'အနာကင်းသောအလုပ်'ဟုလည်းကောင်း၊ 'အပြစ်ကင်းသောအလုပ်'ဟုလည်းကောင်း၊ 'ကောင်းကျိုးရှိသောအလုပ်'ဟုလည်းကောင်း အဓိပ္ပာယ်ရပေသည်။

ထိုအနက်သုံးမျိုးတို့တွင် အနာဆိုသည်မှာ ကိလေသာကိုဆိုလိုသည်။ 'အပြစ်'ဆိုသည်မှာလည်း ကိလေသာကိုပင် ဆိုလိုပေသည်။

ကုသိုလ်တရားသည် ဆိုပြီးသော အနက်သုံးမျိုးနှင့် ကိုက်ညီသည်၊ မကိုက်ညီသည် သိနိုင်ရန် ကုသိုလ်တရားတို့တွင် အညံ့ဆုံး(ဟိန)၊ အာနုဘော်အနည်းဆုံး(ပရိတ္တ)ဖြစ်သော ကာမာဝစရကုသိုလ်စိတ်ရှစ်မျိုးတို့မှ ပထမဆုံးကုသိုလ်စိတ်ကို စံနမူနာအဖြစ် ကြည့်ကြကုန်အံ့။

ထိုကုသိုလ်ကို ဓမ္မသင်္ဂဏီပါဠိတော်(စာမျက်နှာ–၁၇)၌ ဖော်ပြမည့်အတိုင်း ဟောတော်မူထားပေသည်။

'အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ၊ သဒ္ဒါရုံကိုဖြစ်စေ၊ ဂန္ဓာရုံကိုဖြစ်စေ၊ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ၊ ဓမ္မာရုံကိုဖြစ်စေ အကြင်တစ်ပါးပါးတို့ကို အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

---

၂။ အဋ္ဌသာလိနီ။ စာမျက်နှာ–၈၀၊ ၈၁။

ထိုအခါ ထိတွေ့မှု ဖဿဖြစ်၏။ ခံစားမှု ဝေဒနာဖြစ်၏။ မှတ်သားမှု သညာဖြစ်၏။ စေ့ဆော်မှု စေတနာဖြစ်၏။ သိမှု စိတ်ဖြစ်၏။ ကြံစည်မှု ဝိတက်ဖြစ်၏။ သုံးသပ်မှု ဝိစာရဖြစ်၏။ နှစ်သက်မှု ပီတိဖြစ်၏။ ချမ်းသာမှု သုခဖြစ်၏။ စိတ်၏ တစ်ခုတည်းသောအာရုံရှိသည်၏အဖြစ် စိတ္တေကဂ္ဂတာဖြစ်၏။

အစိုးတရယုံကြည်မှု သဒ္ဓိန္ဒြေဖြစ်၏။ အစိုးတရ အားထုတ်မှု ဝီရိယိန္ဒြေဖြစ်၏။ အစိုးတရ အောက်မေ့မှု သတိန္ဒြေဖြစ်၏။ အစိုးတရ တည်ကြည်မှု သမာဓိန္ဒြေဖြစ်၏။ အစိုးတရ အပြားအားဖြင့်သိမှု ပညိန္ဒြေဖြစ်၏။ အစိုးတရသိမှု မနိန္ဒြေဖြစ်၏။ အစိုးတရ စိတ်ချမ်းသာမှု သောမနဿိန္ဒြေဖြစ်၏။ အစိုးတရစောင့်ရှောက်မှု ဇီဝိတိန္ဒြေဖြစ်၏။

ကောင်းစွာသိမြင်မှု သမ္မာဒိဋ္ဌိဖြစ်၏။ ကောင်းစွာကြံစည်မှု သမ္မာသင်္ကပ္ပဖြစ်၏။ ကောင်းစွာအားထုတ်မှု သမ္မာဝါယာမဖြစ်၏။ ကောင်းစွာ အောက်မေ့မှု သမ္မာသတိဖြစ်၏။ ကောင်းစွာတည်ကြည်မှု သမ္မာသမာဓိဖြစ်၏။

မတုန်မလှုပ် ယုံကြည်မှု သဒ္ဓါဗိုလ်ဖြစ်၏။ မတုန်မလှုပ်အားထုတ်မှု ဝီရိယဗိုလ်ဖြစ်၏။ မတုန်မလှုပ်အောက်မေ့မှုသတိဗိုလ်ဖြစ်၏။ မတုန်မလှုပ်တည်ကြည်မှု သမာဓိဗိုလ်ဖြစ်၏။ မတုန်မလှုပ်အပြားအားဖြင့် သိမှု ပညာဗိုလ်ဖြစ်၏။ မတုန်မလှုပ်မကောင်းမှုမှရှက်မှု ဟိရီဗိုလ်ဖြစ်၏။ မတုန်မလှုပ်မကောင်းမှုမှလန့်ကြောက်မှု ဩတ္တပ္ပဗိုလ်ဖြစ်၏။

မလိုချင်မှု အလောဘဖြစ်၏။ မဖျက်ဆီးမှု အဒေါသဖြစ်၏။ အမှန်တရား၌မတွေဝေမှု အမောဟဖြစ်၏။ သူတစ်ပါးဥစ္စာ၌ မမက်မောမှု အနဘိဇ္ဈာဖြစ်၏။ မပျက်စီးစေလိုမှု အဗျာပါဒဖြစ်၏။ ကောင်းစွာ သိမြင်မှု သမ္မာဒိဋ္ဌိဖြစ်၏။ မကောင်းမှုမှရှက်မှု ဟိရီဖြစ်၏။ မကောင်းမှုမှ လန့်ကြောက်မှု ဩတ္တပ္ပဖြစ်၏။ စေတသိက်ခန္ဓာသုံးပါးအပေါင်း၏

ငြိမ်းချမ်းမှု ကာယပဿဒ္ဓိဖြစ်၏။ စိတ်၏ငြိမ်းချမ်းမှု စိတ္တပဿဒ္ဓိဖြစ်၏။ စေတသိက်ခန္ဓာသုံးပါးအပေါင်း၏ပေါ့ပါးမှု ကာယလဟုတာဖြစ်၏။ စိတ်၏လျင်မြန်ပေါ့ပါးမှု စိတ္တလဟုတာဖြစ်၏။ စေတသိက်ခန္ဓာသုံးပါးအပေါင်း၏နူးညံ့မှု ကာယမုဒုတာဖြစ်၏။ စိတ်၏နူးညံ့မှု စိတ္တမုဒုတာဖြစ်၏။ စေတသိက်ခန္ဓာသုံးပါးအပေါင်း၏ စွမ်းသန်မှု ကာယကမ္မညတာဖြစ်၏။ စိတ်၏စွမ်းသန်မှုစိတ္တကမ္မညတာဖြစ်၏။ စေတသိက်ခန္ဓာသုံးပါးအပေါင်း၏ခန့်ကျန်းမှု ကာယပါဂုညတာဖြစ်၏။ စိတ်၏ခန့်ကျန်းမှု စိတ္တပါဂုညတာဖြစ်၏။ စေတသိက်ခန္ဓာသုံးပါးအပေါင်း၏ဖြောင့်မတ်မှု ကာယုဇုကတာဖြစ်၏။ စိတ်၏ဖြောင့်မတ်မှု စိတ္တုဇုကတာဖြစ်၏။ အောက်မေ့မှု သတိဖြစ်၏။ ကောင်းစွာအပြားအားဖြင့် သိမှု သမ္ပဇညဖြစ်၏။ ဆန့်ကျင်ဘက်တရားတို့ကိုငြိမ်းစေမှု သမထဖြစ်၏။ အထူးထူးသောအခြင်းအရာအားဖြင့်ရှုမြင်မှု ဝိပဿနာဖြစ်၏။ ချီးမြှောက်မှု ပဂ္ဂါဟဖြစ်၏။ မပျံ့လွင့်မှု အဝိက္ခေပဖြစ်၏။

ထို့ပြင် ထိုအခါ၌ တစ်မျိုးတခြားလည်းဖြစ်ကုန်သော၊ အကြောင်းကုန်ကိုစွဲ၍ဖြစ်ကုန်သော(ဆန္ဒ၊အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ၊ ကရုဏာ၊မုဒိတာ၊သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤနာမ်တရားတို့သည် ကုသိုလ်မည်၏'[၁] ဟူ၍ ဟောတော်မူ၏။

ဤစိတ်၌ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ–ဟူသော ကိလေသာဆယ်ပါးတို့ မပါပေ။ ဤသို့ ကိလေသာနာ မပါမရှိခြင်းကြောင့်လည်းကောင်း၊ ကိလေသာပြစ်မဝင် စင်ကြယ်ခြင်းကြောင့်လည်းကောင်း၊ ဤစိတ်ကို ကုသိုလ်စိတ်ဟု ဟောတော်မူသည်။ ထို့ပြင် ဤသို့ အပြစ်အနာ မပါမရှိခြင်းကြောင့်လည်း ကောင်းကျိုးရှိခြင်းဟူသော အနက်နှင့် ပြည့်စုံရပြန်လေသည်။

---

၁။ ဓမ္မသင်္ဂဏီ။ စာမျက်နှာ–၁၇။

ဤကဲ့သို့ ကိလေသာအပြစ်အနာကင်း၍ ကောင်းကျိုးပေးခြင်း လက္ခဏာရှိသည့် တရားတို့သည် ကုသိုလ်မည်ကုန်၏။

ကိလေသာအပြစ်အနာမကင်း ဆိုးကျိုးပေးခြင်းလက္ခဏာရှိသည့် တရားတို့သည် အကုသလ=ကုသိုလ်မဟုတ်သည့် (အကုသိုလ်)တရား မည်ကုန်၏။

## ဘုရားရှင်သန္တာန်၌ ဖြစ်သောကုသိုလ်

ကုသိုလ်သည် ကာယဒွါရနှင့် စပ်သွယ်ဖြစ်ပေါ်လာသည့် ကာယကံကုသိုလ် (အပြစ်အနာကင်း၍ ကောင်းကျိုးရှိသည့်ကိုယ်အမှု)၊ ဝစီဒွါရနှင့် စပ်သွယ် ဖြစ်ပေါ်လာသည့် ဝစီကံကုသိုလ်(အပြစ်အနာကင်း၍ ကောင်းကျိုး ရှိသည့် နှုတ်အမှု)၊ မနောဒွါရနှင့် စပ်သွယ်ဖြစ်ပေါ်လာသည့် မနောကံကုသိုလ် (အပြစ်အနာကင်း၍ ကောင်းကျိုးရှိသည့် စိတ်အမှု)ဟူ၍ သုံးမျိုး ရှိသည်။ ဤသုံးမျိုးမှတစ်ပါး အခြားသော အမှုအလုပ်သည် အကုသိုလ်ကံ မည်၏။

လူတစ်ဦး၏အလုပ်ကို စစ်ဆေးဝေဖန်သည့်အခါ ဆိုခဲ့ပြီးသော သုံးမျိုးတွင်ပါဝင်သည့် ကုသိုလ်အလုပ်သော်လည်းကောင်း ဖြစ်ရမည်။ သို့မဟုတ်ပါက အကုသိုလ်အလုပ် ဖြစ်ရပေမည်။ ဤနှစ်မျိုးမှလွဲ၍ မရှိနိုင်ပေ။

သို့သော် အဝိဇ္ဇာတဏှာနယ်က မကင်းလွတ်သေးသူ ပုထုဇဉ် သေက္ခတို့၏ သန္တာန်၌ဖြစ်သော အပြစ်အနာကင်းသည့်အလုပ်(ကုသိုလ်) သည်သာ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိဟူသော ကောင်းကျိုးကိုဆောင်၍ အဝိဇ္ဇာတဏှာနယ်မှ လွတ်မြောက်ပြီးသူ ဘုရားရဟန္တာတို့၏သန္တာန်၌ ဖြစ်သော အပြစ်အနာကင်းသည့်အလုပ်(ကုသိုလ်)သည် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိဟူသော ကောင်းကျိုးကို မဆောင်၊ သုခဝိပါကလက္ခဏာ

ပျက်၍ ပြုလုပ်ကာမတ္တ အကျိုးမရသည့် ကြိယာမျှသာ ဖြစ်ရတော့သည်။

မှန်၏၊ ရဟန္တာအရှင်တို့သည် မိမိတို့ရရှိသောဆွမ်းကို ဂိလာနရဟန်းတို့အား လှူဒါန်းခြင်း၊ သီလသိက္ခာတို့ကို အသက်နှင့်လဲ၍ စောင့်ရှောက်ခြင်း၊ ဘုရားရှင်ကိုဖူးမြော်ခြင်း၊ တရားနာတရားဟောခြင်း၊ သမာပတ်ဝင်စားခြင်းစသော ကိလေသာအပြစ်အနာကင်းသည့် ကုသိုလ်အမှုတို့ကို ပြုကြကုန်သော်လည်း ထိုအမှုထိုကံတို့သည် အဝိဇ္ဇာတဏှာဟူသော ဝဋ်မြစ်ပြတ်ပြီးသူတို့၏သန္တာန်၌ဖြစ်ခြင်းကြောင့် ဘဝသမ္ပတ္တိ၊ဘောဂသမ္ပတ္တိဟူသော အကျိုးကို မဆောင်တော့ပေ၊ ပြုလုပ်ကာမတ္တကြိယာမျှသာ ဖြစ်ရတော့သည်။

ထိုသို့ ဘဝသစ်အကျိုးမရှိသည့် ကြိယာမျှသာဖြစ်သော်လည်း ရဟန္တာအရှင်မြတ်တို့သည် ထိုအမှုတို့ကိုမပြုဘဲ ကြောင့်ကြမဲ့မနေကြ၊ ပို၍ပို၍သာ အားထုတ်ပြုလုပ်ကြကုန်၏။ ဘုရားရှင်ကလည်း ကြောင့်ကြမဲ့နေခြင်းကို နှစ်သက်တော်မမူပေ။

အခါတစ်ပါး မဟာကပ္ပိနမထေရ်သည် ရာဇဂြိုဟ်မြို့အနီး မဒ္ဒကုစ္ဆိမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဉပုသ်ကံသို့ သွားရအံ့လော၊ မသွားရအံ့လော၊ သံဃာ့ကံသို့ သွားရအံ့လော၊ မသွားရအံ့လော၊ စင်စစ် ငါသည် မြတ်သောစင်ကြယ်ခြင်းဖြင့် စင်ကြယ်ပြီးသူ(ရဟန္တာ)တည်းဟု အကြံဖြစ်၏။

ထိုအကြံကို ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးလျက်ရှိသော ဘုရားရှင်သိတော်မူရာ အဘိညာဉ်ဖြင့် ကြွလာတော်မူ၍ 'ဗြာဟ္မဏ (ကိလေသာကင်းပြီးသူ)၊ သင်တို့ကမှ ဉပုသ်ကံကို အရိုအသေမပြုကုန်အံ့၊ အလေးဂရုမပြုကုန်အံ့၊ မမြတ်နိုးကုန်အံ့၊ မပူဇော်ကုန်အံ့၊ အဘယ်သူသည် ဉပုသ်ကံကို အရိုအသေပြုကုန်အံ့နည်း၊ အလေးဂရုပြုလတ္တံ့နည်း၊ မြတ်နိုးလတ္တံ့နည်း၊

ပူဇော်လတ္တံ့နည်း။ ဗြာဟ္မဏ၊ သင်သည် ဥပုသ်ကံပြုရာသို့ သွားလော့၊ မသွားဘဲ မနေလင့်၊ သင်သည် သံဃာ့ကံပြုလုပ်ရာသို့သွားလော့၊ မသွားဘဲ မနေလင့်'[၁] ဟု တိုက်တွန်းတော်မူ၏။

ဤဖြစ်ရပ်ကိုထောက်က ဥပုသ်ကံပြုရာသို့သွားခြင်း၊ သံဃာ့ကံပြုရာသို့သွားခြင်း၊ သီလသိက္ခာစောင့်စည်းခြင်းစသော ဘုရားရှင်ဟောကြားတော်မူထားသော သာသနာတော်တွင်း အပြစ်အနာကင်းသည့် အမှုတို့ကို ရဟန္တာဖြစ်ပြီးသော်လည်း ကြောင့်ကြမဲ့မနေကြရဘဲ ကေန်ပြုလုပ်ကြရကြောင်း ထင်ရှားလှပေသည်။

လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်တိုင်လည်း အပြစ်အနာကင်းသော ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုတို့ကို သူမတူအောင် ပြုလုပ်ကျင့်ကြံတော်မူသည်သာ ဖြစ်သည်။

ဘုရား ရဟန္တာအရှင်မြတ်တို့ ပြုကျင့်တော်မူသော ထိုအမှုသည် စင်စစ် ကုသိုလ်အမှုတို့သာဖြစ်ကုန်၏။ အဝိဇ္ဇာတဏှာ ကင်းပြီးသူတို့၏ သန္တာန်၌ဖြစ်ခြင်းကြောင့်သာ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့ကို မဆောင်၊ ပြုကျင့်ကာမတ္တ အကျိုးမရသောကြိယာဖြစ်ကြရသည်။ ထိုအမှုကို သေက္ခပုထုဇဉ်တို့သန္တာန်၌ဖြစ်ပါမူကား ကြီးစွာသောအကျိုးတို့ကို ပေးကြပေလိမ့်မည်။

ထို့ကြောင့် ဓမ္မသင်္ဂဏီအနုဋီကာ(၃၅)၌–

'ဣဓ ပန ကုသလသဘာဝါ ဧဝ ဓမ္မာ အဂ္ဂဖလုပ္ပတ္တိယာ
တထာ န ဗျာကရဏီယာ ဟောန္တီတိ ဣမဿ ဝိသေသဿ
ဒီပနတ္ထံ အဗျာကတာ တိ ဝုတ္တံ'–

ဟု ကုသိုလ်သဘောရှိသော တရားသို့သာ ဖြစ်ကုန်သော်လည်း အရဟတ္တ

---

၁။ ဝိနယ မဟာဝဂ္ဂ။ စာမျက်နှာ–၁၄၃။

ဖိုလ်သို့ ရောက်ပြီးဖြစ်ခြင်းကြောင့် (ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ခြင်းကြောင့်)သာ ကုသိုလ်ဟူသောအမည်ဖြင့် မဟောဘဲ ကြိယာအမည် ဖြင့် အဗျာကတခမ္မ၌ သိမ်းသွင်းဟောကြားတော်မူထားကြောင်း ရှင်းရှင်းလင်းလင်း မိန့်ဆိုထားပေသည်။

အခါတစ်ပါး ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်လည်း ဆွမ်းကိစ္စပြီးသဖြင့် နေမွန်းတည့်အချိန်တွင် သာဝတ္ထိမြို့တွင်းမှ ပုဗ္ဗာရုံကျောင်းတိုက်သို့ ကြွတော်မူသည်။

ထိုစဉ်အခါ ကောသလမင်းကြီးလည်း ဧကပုဏ္ဍရိကဆင်တော်ကြီးစီးပြီး မြို့မှ ထွက်လာသည်နှင့်ကြုံနေ၏။ ကောသလမင်းကြီးသည် အရှင်အာနန္ဒာအား အစိရဝတီမြစ်ကမ်းသို့ပင့်ပြီး ဖော်ပြမည့်အတိုင်း လျှောက်ထား၏။

**ကောသလ္လမင်း** အရှင်ဘုရား၊ သမဏဗြာဟ္မဏတို့ ကဲ့ရဲ့ပြစ်တင်ထိုက်တဲ့ ကာယ သမာစာရ၊ ဝစီသမာစာရ၊ မနောသမာစာရတို့ကို ဗုဒ္ဓကိုယ်တော်မြတ် ပြုကျင့်ပါသလား။

**ရှင်အနန္ဒာ** ဗုဒ္ဓရှင်တော်မြတ် ထိုပြစ်တင်ကဲ့ရဲ့ထိုက်တဲ့ သမာစာရမျိုးကို မပြုကျင့်ပါ။

ကောသလမင်းကြီးသည် ထိုအဖြေကို ကြားရသောအခါ လွန်စွာနှစ်ထောင်းအားရဖြစ်ကြောင်းလျှောက်ထားပြီး ဆက်လက်မေးမြန်းလေသည်။

**ကောသလမင်း** အရှင်ဘုရား၊ သမဏဗြာဟ္မဏတို့ ပြစ်တင်ကဲ့ရဲ့ထိုက်တဲ့ သမာစာရဆိုတာ အဘယ်သမာစာရမျိုးပါလဲ။

**ရှင်အာနန္ဒာ** အကုသိုလ်ဖြစ်တဲ့ သမာစာရမျိုးပဲ မင်းကြီး။

**ကောသလမင်း** အကုသိုလ်ဖြစ်တဲ့ သမာစာရဆိုတာ ဘယ်လိုပါလဲ အရှင်ဘုရား။

**ရှင်အာနန္ဒာ** အပြစ်မကင်းတဲ့ သမာစာရပါပဲ။

**ကောသလမင်း** အပြစ်မကင်းတဲ့ သမာစာရဆိုတာကို ရှင်းပါဦးဘုရား။

**ရှင်အာနန္ဒာ** အပြစ်မကင်းတဲ့ သမာစာရဆိုတာ ထိခိုက်တဲ့သဘောကို ဆောင်တယ် မင်းကြီး။

**ကောသလမင်း** ထိခိုက်တဲ့သဘောကိုဆောင်တဲ့ သမာစာရဆိုတာ ဘယ်လိုပါလဲ။

**ရှင်အာနန္ဒာ** ဒုက္ခပေးတဲ့ သမာစာရမျိုးဖြစ်တယ် မင်းကြီး။

**ကောသလမင်း** ဒုက္ခပေးတဲ့ သမာစာရဆိုတာကို ရှင်းတော်မူပါဦးအရှင်။

**ရှင်အာနန္ဒာ** မိမိလဲဆင်းရဲ၊ သူတစ်ပါးကိုလဲ ဆင်းရဲစေတယ်။ မိမိ သူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲဖို့ဖြစ်တဲ့အပြင် ထိုသူ့အား အကုသိုလ်တရားတို့တိုးပွားပြီး ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်တယ်။ မင်းကြီး၊ ဤသို့သဘောရှိတဲ့ သမာစာရဟာ ပညာရှိ သမဏဗြာဟ္မဏတို့ ကဲ့ရဲ့ရှုတ်ချ ထိုက်တဲ့ သမာစာရမျိုးဖြစ်တယ်။

**ကောသလမင်း** အရှင်ဘုရား၊ ဗုဒ္ဓကိုယ်တော်မြတ်ဟာ အားလုံးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းကို ချီးမွမ်းတော်မူပါသလား။

**ရှင်အာနန္ဒာ** ဗုဒ္ဓကိုယ်တော်ဟာ အကုသိုလ်တရားအားလုံးကို ပယ်တော်မူပြီး ကုသိုလ်တရားတို့နှင့် ပြည့်စုံတော်မူပါတယ်။

**ကောသလမင်း** အရှင်ဘုရား၊ ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်မတင်ထိုက်တဲ့ သမာစာရဆိုတာ ဘယ်လိုပါလဲ။

**ရှင်အာနန္ဒာ** ကုသိုလ်သမာစာရမျိုးဖြစ်တယ် မင်းကြီး။

**ကောသလမင်း** ကုသိုလ်သမာစာရဆိုတာ ဘယ်လိုပါလဲ။

**ရှင်အာနန္ဒာ** အပြစ်ကင်းတဲ့ သမာစာရမျိုးဖြစ်တယ်။

**ကောသလမင်း** အပြစ်ကင်းတဲ့ သမာစာရဆိုတာ ဘယ်လိုပါလဲ။

**ရှင်အာနန္ဒာ** မထိခိုက်တဲ့ သမာစာရပါပဲ။

**ကောသလမင်း** မထိခိုက်တဲ့ သမာစာရဆိုကကော ဘယ်လိုပါလဲ။

**ရှင်အာနန္ဒာ** ကောင်းကျိုးချမ်းသာပေးတဲ့ သမာစာရပဲ။

**ကောသလမင်း** ရှင်းတော်မူပါဘုရား။

**ရှင်အာနန္ဒာ** မိမိလဲ မဆင်းရဲ၊ သူတစ်ပါးလဲ မဆင်းရဲ၊ နှစ်ဖက်လုံး မဆင်းရဲတဲ့အပြင် ထိုသူအား ကုသိုလ်တရား ပွားများပြီး အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်တယ်။ မင်းကြီး၊ ဤသို့ သဘောရှိတဲ့သမာစာရကို ပညာရှိသမဏ ဗြာဟ္မဏတို့က မကဲ့ရဲ့ထိုက်ပါ။

**ကောသလမင်း** ဘယ်လိုပါလဲဘုရား၊ ဗုဒ္ဓကိုယ်တော်ဟာ ကုသိုလ်တရား တို့နှင့် ပြည့်စုံခြင်းကို ချီးမွမ်းတော်မူပါသလား။

**ရှင်အာနန္ဒာ** ဗုဒ္ဓကိုယ်တော်ဟာ အကုသိုလ်တရား အားလုံးကိုပယ်ပြီး ကုသိုလ်တရားအားလုံးနှင့် ပြည့်စုံတော်မူပါတယ်။

**ကောသလမင်း** အံ့ဖွယ်ရှိပါဘိအရှင်၊ အံ့ဖွယ်ရှိပါဘိ။ ဒီစကားမျိုးကို ဖြေဆိုနိုင်တဲ့အရှင့်အား ဆင်ရတနာအပ်လျှင် ဆင် ရတနာကို လှူဖို့ပါပဲ၊ မြင်းရတနာကိုအပ်လျှင် မြင်း ရတနာကို လှူဖို့အသင့်ပါပဲ၊ အပ်မယ်ဆိုပါက ရွာစားဆုကိုပင် ပေးဖို့အသင့်ပါပဲ။ အရှင်ဘုရား၊ ဤ အဝတ်ဟာ ဗာဟိတိကတိုင်းဖြစ်ပါ။ ဝေဒေဟီသား အဇာတသတ်က ပို့ဆက်လို့ ရရှိထားပါတယ်။ ဒီအဝတ် ကို လက်ခံတော်မူပါ။

**ရှင်အာနန္ဒာ** တန်ပြီ မင်းမြတ်၊ သင်္ကန်းပြည့်စုံပါတယ်။

**ကောသလမင်း** တောင်ပေါ်မှာ မိုးကြီးရွာတဲ့အခါ တပည့်တော်တို့ မြင်

ကြရတဲ့ ဤအစီရဝတီမြစ်ဟာ ကမ်းကိုလွန်တက်ပြီးစီး
သွားသလို အရှင်ဘုရားလဲ ဒီအဝတ်ကို တိစီဝရိတ်ပြုလုပ်ပြီး
ပိုလျှံတဲ့သင်္ကန်းအဟောင်းသုံးထည်ကို သီတင်းသုံးဖော်
တို့အား ခွဲဝေပေးပါလိမ့်မယ်။ ဒီလိုဆိုလျှင် တပည့်တော်ရဲ့
အလှူဟာ မြစ်ရေအလား စီးသွားခွင့်ရပါလိမ့်မယ်အရှင်။[၁]

ဤပါဠိတော်၌ ဘုရားရှင်၏ အပြစ်ကင်းသည့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို 'ကြိယာ' ဟု အမည်မပြောင်းဘဲ အမည်ရင်းအတိုင်း 'ကုသိုလ်' ဟု တိုက်ရိုက် မိန့်ဆိုထားပေသည်။

ဤစကားများအရ ကုသိုလ်တရားတို့သည် အကုသိုလ်တရားတို့ကဲ့သို့ ရှောင်ကြဉ်ဖယ်ရှားထိုက်သော တရားများမဟုတ်ကြောင်း သိရတော့သည်။

ထို့ကြောင့် သံသရာဝဋ်ဒုက္ခ၏အကြောင်းရင်းဖြစ်သော 'အဝိဇ္ဇာ၊ တဏှာ၊ ဉပါဒါန်' ဟူသော ကိလေသဝဋ်နှင့် အကုသိုလ်တရားအားလုံးကို ပယ်လှန်ချိုးဖျက်၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေးအတွက်–

'ကိုယ့်သန္တာန်၌ ဝိပဿနာဉာဏ်ဖြင့် မွေ့လျော်သည်ဖြစ်၍၊ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ကိလေသာကွန်ရက်ကို ဖျက်ဆီးပြီးလေပြီ' ဟု ဝိဝဋ္ဋနိဿိတ ပါရမီကုသိုလ် မဂ္ဂင်လမ်းမတော်ကြီးကို ညွှန်ပြကြည်နူးဥဒါန်းကျူးတော်မူခဲ့လေပြီ။

❋

---

၁။ မဇ္ဈိမပဏ္ဏာသ။ စာမျက်နှာ–၃၁၈။

## **သိက္ခာ**

**အစ္ဆုတ္တရတော သမာဟိတော၊**
**အဘိနိ ကဝစ မိတ္တသမ္ဘ၀ံ။**

ကိုယ့်သန္တာန်၌
ဝိပဿနာဉာဏ်ဖြင့် မွေ့လျော်သည်ဖြစ်၍
တည်ကြည်သောစိတ် ရှိသည်ဖြစ်၍
ကိလေသာကွန်ရက်ကို
ဖျက်ဆီးလေပြီ။

## အခန်း [၄]
# သိက္ခာ
## နဝမခေတ်

ဘဝစွန့်လွှတ်ပြီး အငြိမ်းဓာတ်နိဗ္ဗာန်ကို လက်တွေ့ရယူနိုင်ဖို့ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်၊ လွန်စွာခက်ခဲသော အလုပ်ကြီးဖြစ်ပေသည်။ ထိုလုပ်ငန်းကြီး ထမြောက်အောင်မြင်ရေးအတွက်–

၁။ ခေတ်ကောင်းနှင့်ကြုံခြင်း၊

၂။ အားထုတ်သည့်ပုဂ္ဂိုလ်က အရည်အသွေးပြည့်စုံခြင်း၊

၃။ ကျင့်စဉ်လမ်းက မှန်ကန်ခြင်းဟူသော အင်္ဂါရပ်တို့နှင့် ပြည့်စုံရပေမည်။

ထိုအင်္ဂါရပ်သုံးချက်တို့တွင် တစ်ခုခု ချွတ်ယွင်းခဲ့သော် မျက်မှောက်ဘဝ၌ အငြိမ်းဓာတ်နိဗ္ဗာန်ကိုရယူနိုင်ရန် လုံးဝမဖြစ်နိုင်တော့ပေ။

ဆိုပြီးသောအင်္ဂါရပ်တို့တွင် ‘ခေတ်ကောင်း’ဆိုသည်မှာ မျက်မှောက်ဘဝ၌ပင် မဂ္ဂဗြဟ္မစရိယကို ရယူကျင့်သုံးနိုင်သော အင်္ဂါလေးပါးရှိသည့် နဝမခေတ်ကို ဆိုလိုပေသည်။

နဝမခေတ်၏အင်္ဂါတို့မှာ–

၁။ လောက၌ ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသည့် ဘုရားရှင်ပွင့်တော်မူခြင်း၊

၂။ ထိုဘုရားရှင်က ကိလေသာငြိမ်းအေးကြောင်း တရားတော်ကို ဟောကြားတော်မူခြင်း၊

၃။ ဗုဒ္ဓသာသနာတည်ရှိရာအရပ်၌ လူဖြစ်ရခြင်း၊

၄။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရခြင်း[1] တို့ဖြစ်သည်။

ထို အင်္ဂါလေးပါးတို့တွင် ယခုအခါသုံးလောကထွတ်ထားဂေါတမမြတ်စွာဘုရား ပွင့်တော်မူခြင်း[2]၊ ကိလေသာငြိမ်းအေးကြောင်း ဖြစ်သည့် ပိဋကတ်သုံးသွယ်၊ နိကာယ်အားဖြင့်ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်သောတရားတော်တို့ကို ဟောကြားတော်မူထားခြင်း၊ ဗုဒ္ဓသာသနာထွန်းကားရာအရပ်၌ လူဖြစ်ရခြင်း[3] ဟူသော အင်္ဂါသုံးပါးနှင့်ကားပြည့်စုံကြပေပြီ။ 'တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း'ဟူသော နောက်ဆုံးအင်္ဂါနှင့်ပြည့်စုံမှုကား ယခုဘဝတွင်ပင် မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးနိုင်ခွင့်ရှိသည်။ တစ်နည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်ခွင့်ရှိသည့် နဝမခေတ်နှင့်ကြုံပြီဟု မှတ်ရပေမည်။

ပါဠိတော်၌ စတုတ္ထအင်္ဂါရပ်ကို ပြဆိုရာတွင် 'သော စ ဟောတိ ပညဝါ အဇဠော အနေဠမူဂေါ၊ ပဋိဗလော သုဘာသိတ ဒုဗ္ဘာသိတဿ အတ္ထမညာတုံ'[4] ဟု မိန့်သည်။

ထိုပါဠိတော်တွင် 'အဇဠော=မဖျင်း–မထိုင်းခြင်း၊ အနေဠမူဂေါ=မဆွံ့မအခြင်း'ဟူသော ပုဒ်တို့ဖြင့် သုဂတိအဟိတ် ပုဂ္ဂိုလ်တို့၏ အဖြစ်ကို နှစ်စေသည်။ 'ပဋိဗလော သုဘာသိတ ဒုဗ္ဘာသိတဿ အတ္ထမညာတုံ=ကောင်းသောစကား၊ မကောင်းသောစကား၏ အနက်ကို သိစွမ်းနိုင်ခြင်း' ဟူသော ပါဠိဖြင့် စကားအဓိပ္ပာယ်ရေရေလည်လည်မသိသော ဒွိဟိတ်ပုဂ္ဂိုလ်၏အဖြစ်ကို နှစ်စေသည်။

ထိုပါဠိတို့ဖြင့် တိဟိတ်ပုဂ္ဂိုလ်ဆိုသည်မှာ 'ဝမ်းတွင်းကပင် မျက်စိကန်းလာသူ၊ နားကန်းလာသူ၊ စကားမပီ ထစ်အ,လာသူ၊ အရှေ့အနောက်

---

၁။ အင်္ဂုတ္တိုရ်၊ တတိယ။ ၆၀၊ ၆၁။ ၂။ သာသနာမကွယ်သေး၍ ဘုရားရှိသေးသည်။
၃။ ပါဠိတော်တွင် 'မဇ္ဈိမဒေသ၌ လူဖြစ်ရခြင်း'ဟု ဟောသော်လည်း သာသနာတော်တည်ရှိရာဒေသကိုသာ ရည်ရွယ်ရင်းဖြစ်သည်။ ၄။ အင်္ဂုတ္တိုရ်၊ တတိယ။ ၆၁။

တောင်မြောက်ကိုမျှ ရေရေလည်လည်မသိအောင် ဖျင်း–အသူများ၊ ရူးနှမ်းလာသူများ၊ ပဏ္ဍုက်များ၊ ကျားတစ်လှည့်, မတစ်လှည့် ဖြစ်နေရသည့် ဥဘတောဗျည်းများ၊ ကျား–မ အင်္ဂါ မထင်ရှားသည့် နပုန်းလိင်များ၊ စကားပြောလျှင် အမျှင်မပြတ်ဘဲ ဒရွတ်ဆွဲပြောသည့် မန်းစွဲနေသူများ မဖြစ်စေရ၊ စကားအဓိပ္ပာယ် ရေရေလည်လည် မသိသူများ မဖြစ်စေရ'ဟုပြသည်။

ထို့ကြောင့် ဆိုပြီးသော အမျိုးအစားတို့မှ ကင်းလွတ်၍ စကားအဓိပ္ပာယ်ရေရေလည်လည်သိသည့် အကင်းပါးသူ၊ အာဘော်မိသူများသည် တိဟိတ်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ရပေမည်။[၁]

ထိုတိဟိတ်ပုဂ္ဂိုလ်သည်–

၁။ ဥဃဋိတညူပုဂ္ဂိုလ်၊

၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်၊

၃။ နေယျပုဂ္ဂိုလ်၊

–ဟု သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် တရားစကားအကျဉ်းချုပ်လောက်မျှ နာကြားရရုံဖြင့် ပဋိဝေဓဆိုက်ရောက် မဂ်ဖိုလ်ပေါက်နိုင်သောပုဂ္ဂိုလ်သည် ဥဃဋိတညူပုဂ္ဂိုလ်မည်၏။ တရားစကားအကျဉ်းချုပ်လောက်မျှဖြင့် မဂ်ဖိုလ်မရနိုင်ဘဲ အကျယ်ချဲ့ဖွင့် ဟောပြောသောတရားစကားကို နာယူရမှ ပဋိဝေဓဆိုက်ရောက် မဂ်ဖိုလ်ပေါက်နိုင်သောပုဂ္ဂိုလ်သည် ဝိပဉ္စိတညူပုဂ္ဂိုလ်မည်၏။ ဤပုဂ္ဂိုလ်နှစ်ယောက်သည် တရားနာရုံဖြင့် နာကြားသင်ယူမှုပရိယတ်ကိစ္စ၊ လိုက်နာကျင့်သုံးမှုပဋိပတ်ကိစ္စ နှစ်ရပ်လုံးပြီးမြောက်၍ ပဋိဝေဓဆိုက်ရောက်နိုင်သည်။

အကျယ်ချဲ့ဖွင့် ဟောပြောသောတရားစကားကို နာကြားရရုံဖြင့်လည်း ပဋိဝေဓမဆိုက်ဘဲ ထိုဒေသနာကိုလေ့ကျင့်မှတ်သား၍ ဒေသနာ

---

၁။ အခန်း(၁)ပါ လူ့ဘဝ–ကိုကြည့်။

လာတိုင်း နေ့ရက်များစွာ လက်တွေ့ကျင့်သုံးအားထုတ်ပါမှ ပဋိဝေဓ ဆိုက်ရောက် မဂ်ဖိုလ်ပေါက်နိုင်သောပုဂ္ဂိုလ်သည် နေယျပုဂ္ဂိုလ်မည်၏။

ယခုကာလ၌ တရားနာရုံဖြင့် ကိစ္စပြီးနိုင်သည့် တိပဟိတ်ပုဂ္ဂိုလ် အထက်တန်းစားကြီး နှစ်ယောက်မရှိပြီ။ 'ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် အနှစ်တစ်ထောင်မှ နောက်ကာလ၌ ဤသာသနာတော်သည် နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်နှစ်မျိုးတို့၏ ခေတ်သမယသာဖြစ်၏။ ယခုအခါ၌ သာသနာတော်တွင်းမှာ ထိုပုဂ္ဂိုလ်နှစ်မျိုးသာ ရှိကြတော့သည်'ဟု လယ်တီဆရာတော်ဘုရားကြီးသည် ဗောဓိပက္ခိယဒီပနီ[၁] ၌ ဆုံးဖြတ်ထားပေပြီ။

ထိုနေယျပုဂ္ဂိုလ်တို့ ကျင့်သုံးရမည့်ကာလအပိုင်းအခြားကိုလည်း 'မိမိသန္တာန်၌ပါရှိသော ပါရမီအနုအရင့် အဆင့်ဆင့်သို့ လိုက်၍လည်းကောင်း၊ ကိလေသာ အထက်, အနုံ့ အဆင့်ဆင့်သို့လိုက်၍လည်းကောင်း၊ ကျင့်ကြံအားထုတ်ရသော ကာလအတိုအရှည်အားဖြင့်လည်းကောင်း အများရှိကြ၏။ ခုနစ်ရက်ကျင့်ရသောပုဂ္ဂိုလ်မျိုးမှစ၍ အနှစ်သုံးဆယ်ကျင့်ရသော ပုဂ္ဂိုလ်မျိုး၊ အနှစ် ၆၀ ကျင့်ရသော ပုဂ္ဂိုလ်မျိုးတို့ကိုဆိုသည်။

ထိုတွင် ခုနစ်ရက်ကျင့်မှရမည့်ပုဂ္ဂိုလ်သည် ထိုခုနစ်ရက်ကို ပဌမအရွယ်၊ ဒုတိယအရွယ်တို့၌ကျင့်မည်ဖြစ်အံ့။ ရဟန္တာတိုင်အောင်ဖြစ်နိုင်၏။ တတိယအရွယ်မှာမှကျင့်ခဲ့လျှင် အောက်မဂ်အောက်ဖိုလ်မျှကိုသာ ရောက်နိုင်၏။ ခုနစ်ရက်ကျင့်မှုဆိုသည်ကား အားအင်ရှိသလောက် အစွမ်းကုန်ကျင့်မှုကို ဆိုသတည်း။ ဝီရိယယုတ်လျော့၍နေပြန်လျှင် ယုတ်လျော့မှုအားလျော်စွာ ခုနစ်လ၊ ခုနစ်နှစ်စသည် ရှည်လျား၍ သွားပြန်၏'ဟု လယ်တီဆရာတော်ဘုရားကြီး၏ ဗောဓိပက္ခိယဒီပနီ[၂] ၌ပင် ဆုံးဖြတ်ထားပေသည်။

---

၁။ လယ်တီဒီပနီပေါင်းချုပ်၊ ပဌမ။ ၂၅၈။

၂။ လယ်တီဒီပနီပေါင်းချုပ်၊ ပဌမ။ ၂၅၄။

ဤဆိုပြီးသည်ကား ယခုမျက်မှောက်ဘဝ၌ပင် မဂ္ဂဖြဟ္မစရိယကို ရယူကျင့်သုံးနိုင်ခွင့်ရှိသည့် (တစ်နည်း) သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်ခွင့်ရှိသည့် နဝမခေတ်ပေတည်း။

## ပုဂ္ဂိုလ်၏အရည်အသွေး

ပုဂ္ဂိုလ်၏အရည်အသွေးဆိုသည်မှာ ဘဝကို စွန့်လွှတ်နိုင်သည်အထိ အားထုတ်ကျင့်သုံးနိုင်သော အရည်အသွေး(အင်္ဂါ)ကို ဆိုလိုပေသည်။ ထိုအရည်အသွေးကို ဘုရားရှင်က မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကဏ္ဏကတ္ထလသုတ်(နှာ-၃၂၉)တွင် အောက်ပါအတိုင်း သတ်မှတ်ထားပေသည်။

၁။ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊

၂။ ကမ္မဋ္ဌာန်းစီးဖြန်းနိုင်အောင် ကျန်းမာရေးကောင်းခြင်း၊

၃။ ဟန်ဆောင်လှည့်ပတ်မှု မရှိခြင်း၊

၄။ ထက်သန်သောလုံ့လ ရှိခြင်း၊

၅။ ပညာနှင့်ပြည့်စုံခြင်းတို့တည်း။

ထိုငါးပါးတို့တွင် တတိယအင်္ဂါရပ်ကို ပါဠိတော်၌ 'မစဉ်းလဲတတ်၊ မလှည့်ပတ်တတ်၊ ဆရာဖြစ်သောမြတ်စွာဘုရား၌လည်းကောင်း၊ သိ-ကြားလိမ္မာသော သီတင်းသုံးဖော်တို့၌လည်းကောင်း ဟုတ်မှန်သည့်အတိုင်း မိမိကိုယ်ကို ထင်စွာပြုတတ်၏'ဟု မိန့်ဆိုထားပေသည်။

ယခုအခါ အချို့သောယောဂီများမှာ ဤဂုဏ်အင်္ဂါ ပျက်ကွက်ကြသည်။ ထိုင်ရင်း အိပ်ပျော်နေသည်ကိုပင် 'ကမ္မဋ္ဌာန်းအားထုတ်နေပါသည်'ဟု ပြောဆိုသော ယောဂီများကို တွေ့ရဖူးသည်။ အချို့သောယောဂီများမှာ ဆရာ၏စကားရိပ်သံယောင်လိုက်၍ ကမ္မဋ္ဌာန်းအစစ်ခံကြသည်ဟု သိရသည်။ အများအထင်ကြီးရုံ ဆရာကျေနပ်ရုံဖြင့် ကိစ္စပြီးနိုင်သော အရာမဟုတ်၍ ဤအင်္ဂါနှင့်ပြည့်စုံရန် များစွာလိုအပ်ပေသည်။

ရှင်ဝင်္ဂီသသည် ရဟန်းပြုပြီးစအခါ အရှင်အာနန္ဒာ၏နောက်မှ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံလိုက်ရင်း အမျိုးသမီးတစ်ယောက်ကိုမြင်ပြီး တပ်စွဲမှုဖြစ်ပေါ်လာသည်။ သာသနာတော်၌ မမွေ့လျော်မှုဖြစ်လာသည်။ ထိုအခါ ရှင်ဝင်္ဂီသသည်–

'အို–ဂေါတမနွယ်ဝင် အရှင်အာနန္ဒာ၊ တပည့်တော်၏စိတ်ကို ရာဂမီး အလောင်ခံနေရပါပြီ၊ တောင်းပန်ပါရစေ၊ သနားသောအားဖြင့် ကိလေသာငြိမ်းကြောင်း တရားစကားမိန့်ကြားတော်မူပါ'ဟု ပွင့်လင်းရိုးဖြောင့်စွာ လျှောက်ထားလေသည်။

ထိုအခါမှ အရှင်အာနန္ဒာက–

'သညာဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်ရာဂမီးအလောင်ခံရခြင်းဖြစ်သည်။ ရာဂနှင့်စပ်ယှဉ်သည့် သုဘနိမိတ်ကိုရှောင်ပါ၊ သင်္ခါရတို့ကို သူစိမ်းပြင်ပအဖြစ် သဘောထားပါ၊'ဒုက္ခ'ဟုရှုပါ၊ ကိုယ်ပိုင်ကိုယ့်ဟာအဖြစ် မရှုပါနှင့်'[၁] ဟု ကမ္မဋ္ဌာန်းနည်းပေးမှ ထိုနည်းအတိုင်းရှုမှတ်ပြီး ရာဂမီးငြိမ်း၍ ဒုက္ခဇာတ်သိမ်းတော်မူဖူးပြီ။

စတုတ္ထအင်္ဂါရပ်ကို မဇ္ဈိမပဏ္ဏာသပါဠိတော်(စာမျက်နှာ–၃၂၉/၃၃၀)၌ 'အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍နေ၏၊ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှာ အားအစွမ်းရှိ၏၊ မြဲမြံသောလုံ့လရှိ၏၊ ကုသိုလ်တရား တို့၌ မချထားအပ်သောဝန်ရှိ၏'ဟု မိန့်ဆိုထားပေသည်။

ထိုစကားရပ်၌ အားထုတ်အပ်သောဝီရိယ၏ ရည်ရွယ်ချက်ကို 'အကုသိုလ်ကို ပယ်ခြင်းငှာ၊ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှာ အားအစွမ်းရှိ၏'ဟု ပြဆိုသည်။ ထိုသို့အားအစွမ်းရှိဖို့ဆိုသည်မှာ သာမန်

---

၁။ သံယုတ်၊ ပထမ။ ၁၉၈။

အားထုတ်မှုဖြင့် မရ၊ အမြဲအားထုတ်မှ ရပုံကို 'မြဲမြဲသော လုံ့လရှိ၏'ဟု ပြသည်။ အကုသိုလ်ပယ်ဖို့ ကုသိုလ်ကိုပြည့်စုံစေဖို့ အားထုတ်ခြင်း ဆိုသည်မှာ အခြားမဟုတ်၊ ကုသိုလ်တရားတို့ကို ချပစ်မထားဘဲ အမြဲတမ်း တစ်စုံတစ်ခုသော ကုသိုလ်ကိုပြုနေခြင်းဖြစ်သည်ဟု ပြခြင်းငှာ 'ကုသိုလ်တရားတို့၌ မချထားအပ်သောဝန်ရှိ၏'ဟု မိန့်ဆိုသည်။

ပဉ္စမအင်္ဂါကို ထိုပါဠိတော်၌ပင်-

'ပညာရှိ၏ ဖြစ်မှု ပျက်မှု ဥပါဒ်စွန်း၊ ဘင်စွန်းကို ပိုင်းခြားခြင်းငှာ စွမ်းနိုင်သော ပညာနှင့်ပြည့်စုံ၏။ မြတ်သော ကိလေသာကို ဖောက်ခွဲခြင်း ငှာ စွမ်းနိုင်သော၊ ဒုက္ခကုန်ရာနိဗ္ဗာန်သို့ ကောင်းစွာရောက်ကြောင်း ဖြစ်သော ဝိပဿနာပညာနှင့် ပြည့်စုံ၏'ဟု မိန့်ဆိုထားပေသည်။

ဤကား ဘဝကိုစွန့်လွှတ်နိုင်သည်အထိ အားထုတ်ကျင့်သုံးနိုင်စွမ်း ရှိသည့် ယောဂီသူတော်စင်တို့ပြည့်စုံရမည့် ဂုဏ်အင်္ဂါအရည်အသွေး တို့တည်း။

ဘုရားရှင် ဗာရာဏသီပြည် မိဂဒါဝုန်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောအခါ ဆွမ်းစားဇရပ်တံခါး၌ရပ်လျက် ရဟန်းငယ် သာမဏေ ငယ်တို့ပေးသည့် စားကြွင်းစားကျန်ကိုခံယူနေသည့် မဟာဓနသူဌေး သားကို မြင်တော်မူ၍ ပြုံးတော်မူသည်။ အရှင်အာနန္ဒာက မေးလျှောက် သော်-

'အာနန္ဒာ၊ ဤဗာရာဏသီမြို့၌ပင် ပစ္စည်းဥစ္စာကို ဖြုန်းတီးပြီး ယခု လှည့်လည်တောင်းစားနေသည့် မဟာဓနသူဌေး၏သားဖြစ်သော ဤသူကို ကြည့်စမ်းလော့၊ ဤသူဌေးသားသည်-

၁။ ပထမအရွယ်၌ လူအဖြစ်ဖြင့် စည်းစိမ်ဥစ္စာတို့ကို မကုန်ခန်း စေဘဲ ထိန်းသိမ်းနိုင်ခဲ့သော် ပထမတန်းသူဌေးကြီးဖြစ်နိုင်ပြီး

ရဟန်းပြု၍ တရားအားထုတ်ခဲ့သော် ရဟန္တာဖြစ်လေရာ၏။ သူ့ဇနီးလည်း အနာဂါမ်ဖြစ်လေရာ၏။

၂။ မဇ္ဈိမအရွယ်၌ လူအဖြစ်ဖြင့် ထိုသို့စည်းစိမ်ဥစ္စာတို့ကို စောင့်ရှောက်နိုင်ခဲ့သော် ဒုတိယတန်းစား သူဌေးဖြစ်နိုင်ပြီး ရဟန်းပြု၍ တရားအားထုတ်ခဲ့သော် အနာဂါမ်ဖြစ်ရာ၏။ သူ့ဇနီးလည်း သကဒါဂါမ်ဖြစ်ရာ၏။

၃။ ပစ္ဆိမအရွယ်၌ လူအဖြစ်ဖြင့် စည်းစိမ်ဥစ္စာတို့ကို စောင့်ရှောက်နိုင်ခဲ့သော် တတိယတန်းစား သူဌေးဖြစ်နိုင်ပြီး ရဟန်းပြု၍ တရားအားထုတ်ခဲ့သော် သကဒါဂါမ်ဖြစ်ရာ၏။ သူ့ဇနီးလည်း သောတာပန်ဖြစ်ရာ၏။

ယခုမူကား ဤသူဌေးသားသည် လူ့စည်းစိမ်မှလည်း ကောင်း၊ မဂ်ဖိုလ်ကျေးဇူးမှလည်းကောင်း ဆုတ်ယုတ်ခဲ့ခြင်းကြောင့် ရေခန်းလျက်ရှိသော ညွန်အိုင်၌ မှိုင်လျက်နေသည့် ကြိုးကြာငှက်အိုကြီးပမာ ဖြစ်ရရှာလေပြီ[၁] ဟု မိန့်တော်မူလေသည်။

ဤမဟာဓနသူဌေးသား ဇနီးမောင်နှံတို့သည် တွေ့ကြုံခဲ့လှသည့် နဝမခေတ်နှင့် တွေ့ကြုံရသည်။ ဘဝစွန့်လွှတ်နိုင်စွမ်းရှိသည့် ယောဂီတို့၏ ဂုဏ်အင်္ဂါအရည်အသွေး ငါးမျိုးတို့တွင်လည်း ပထမ၊ ဒုတိယ၊ တတိယ၊ ပဉ္စမဂုဏ်အင်္ဂါဟူသော အင်္ဂါလေးရပ်တို့နှင့် ပြည့်စုံသည်။ 'ထက်သန်သော လုံ့လရှိခြင်း'ဟူသော စတုတ္ထ ဂုဏ်အင်္ဂါတစ်ခု ချွတ်ယွင်းမှုကြောင့်သာ ဤကဲ့သို့ နိဗ္ဗာန်ချမ်းသာ ဆုံးရှုံးမှုကြီးနှင့် ကြုံတွေ့ရခြင်းဖြစ်ပေသည်။ အားမထုတ်မိခြင်း၏ အပြစ်ကား ကြီးလှပေစွ။

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယ။ ၈၁။

## ကျင့်စဉ်လမ်းမှန်

ဘဝစွန့်လွှတ်ပြီး အငြိမ်းဓာတ်နိဗ္ဗာန်ကို ရယူနိုင်ရန် ကျင့်စဉ်လမ်းတို့ကား-

၁။ အဓိသီလသိက္ခာ၊

၂။ အဓိစိတ္တသိက္ခာ၊

၃။ အဓိပညာသိက္ခာတို့ဖြစ်သည်။

ထိုစကား၏ သာဓကကို ဆိုအံ့။

အခါတစ်ပါး ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း၌ ဝဇ္ဇီမင်းသား ရဟန်းအား ဤသို့ ဟောကြား၏။

'ရဟန်း။ သင်သည် အဓိသီလကိုလည်း ကျင့်သုံးအံ့၊ အဓိစိတ္တကိုလည်း ကျင့်သုံးအံ့၊ အဓိပညာကိုလည်းကျင့်သုံးအံ့။ သင်၏ရာဂသည် ပျောက်ကင်းလတ္တံ့၊ ဒေါသသည် ပျောက်ကင်းလတ္တံ့၊ မောဟသည် ပျောက်ကင်းလတ္တံ့။ သင်သည် ရာဂ၏ ပျောက်ကင်းခြင်းကြောင့်၊ ဒေါသ၏ ပျောက်ကင်းခြင်းကြောင့်၊ မောဟ၏ ပျောက်ကင်းခြင်းကြောင့် အကုသိုလ်ကို မပြုတော့လတ္တံ့၊ မကောင်းမှုကို မမှီဝဲတော့လတ္တံ့.'[၁]

ထိုစကားကို ရှင်းဦးအံ့။

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁ဝ၃-ခုနှစ်၊ဝါဆိုလပြည့်၊စနေနေ့ နေဝင်ကာလ လထွက်စအချိန်တွင် ဓမ္မစက္ကပဝတ္တနသုတ်တော်ဖြင့် မိမိ လက်တွေ့ကျင့်သုံးခဲ့သည့် မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ဖော်ထုတ်တော်မူခဲ့ သည်။ ထိုမဇ္ဈိမပဋိပဒါဖြင့်သာ သစ္စာလေးပါ မြင်စွမ်းနိုင်ပုံကို ရှင်းလင်း တော်မူခဲ့သည်။

ထိုမဇ္ဈိမပဋိပဒါကျင့်စဉ်ဟူသည် သိက္ခာသုံးပါးလုံး ပါဝင်သော ကျင့်စဉ်တည်း။ ထိုမဇ္ဈိမပဋိပဒါကျင့်စဉ်ကို ဘဝလွတ်မြောက်ရေး

၁။ အင်္ဂုတ္တိုရ်၊ ပဌမ။ ၂၃၂။

အားထုတ်လိုသူတိုင်း၊ နိဗ္ဗာန်ချမ်းသာမျက်မှောက်ပြုလိုသူတိုင်း လက်တွေ့ကျကျ ကျင့်သုံးကြရပေမည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်မှလွဲ၍ ဘဝဒုက္ခတို့မှ လွတ်မြောက်စေနိုင်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုစေနိုင်သော အခြားသောကျင့်စဉ်လမ်းမှန် မရှိပေ။

ထိုကျင့်စဉ်သည် မဇ္ဈိမပဋိပဒါ ဆိုသည့်အတိုင်း လျော့လွန်းသည့် 'ကာမသုခလ္လိကာနုယောဂ' ဟူသော အစွန်းရောက်အယူတ်တရား၊ တင်းလွန်းပြင်းလွန်းသည့် 'အတ္တကိလမထာနုယောဂ' ဟူသော အစွန်းရောက် အယုတ်တရားတို့ကို ပယ်ရှားရှောင်ကွင်းပါမှ ဖြစ်နိုင်ပေသည်။ ထိုအစွန်းရောက် အယုတ်တရားတို့ကို မပယ်ရှားမရှောင်ကွင်းဘဲ မဇ္ဈိမပဋိပဒါ ကျင့်စဉ်မှန် မဖြစ်နိုင်ပေ။

ထိုအချက်ကို ဘုရားရှင်သည် ဤသို့ လေးလေးနက်နက် သတိပေးထားပေသည်။

'ရဟန်းတို့၊ ဤအစွန်းရောက် အယုတ်တရားနှစ်ပါးတို့သို့ မကပ်ရောက်မှ မဇ္ဈိမပဋိပဒါကျင့်စဉ်ကို မြတ်စွာဘုရား ထိုးထွင်း၍ သိတော်မူရ၏။ ထိုမဇ္ဈိမပဋိပဒါသည် မျက်စိကိုပြုတတ်၏၊ ဉာဏ်ကိုပြုတတ်၏၊ ငြိမ်းအေးရန်၊ အထူးသိရန်၊ ထိုးထွင်းသိရန် နိဗ္ဗာန်အလို့ငှာဖြစ်၏။'[၁]

ထိုအစွန်းရောက် အယုတ်တရားနှစ်ပါးတို့တွင် ပထမရှောင်ကွင်းပယ်ရှားရမည့်အယုတ်တရားမှာ 'ကာမသုခလ္လိကာနုယောဂ=ကာမချမ်းသာကိုငြိတွယ်သည့် အဖန်ဖန်အားထုတ်မှုမျိုး' ဖြစ်သည်။ ထိုအား ထုတ်မှုမျိုးကို ယုတ်ညံ့သောကြောင့်၊ ရွာနေသူတို့၏ဥစ္စာဖြစ်သောကြောင့်၊ ပုထုဇဉ်တို့၏ အလေ့သာဖြစ်သောကြောင့် အရိယာတို့၏ ဥစ္စာမဟုတ်ဘဲ အကျိုးစီးပွားနှင့် မစပ်ယှဉ်သောကြောင့် ပယ်ရှားရှောင်ကွင်းရလေသည်။

ဒုတိယ ပယ်ရှားရှောင်ကွင်းရမည့် အယုတ်တရားမှာ 'အတ္တကိလ

---

၁။ ဝိနည်းမဟာဝါ။ ၁၄။ သံယုတ်၊ တတိယ။ ၃၆၈။

မထာနုယောဂ=ခန္ဓာကိုယ်ပင်ပန်းမှုကို အဖန်ဖန်အားထုတ်မှုမျိုး’ဖြစ်သည်။ ထိုအားထုတ်မှုမျိုးကို ဆင်းရဲ၍ အရိယာတို့၏ဥစ္စာမဟုတ်ဘဲ အကျိုးစီးပွားနှင့် မစပ်ယှဉ်သောကြောင့် ပယ်ရှားရှောင်ကွင်းရလေသည်။

ထိုနှစ်ပါးတို့တွင် ‘ကာမသုခလ္လိကာနုယောဂ’ဟူသော အစွန်းရောက် အယုတ်တရားကို မည်သို့ပယ်ရှားရှောင်ကွင်း၍ ‘အတ္တကိလမထာ နုယောဂ’ ဟူသော အစွန်းရောက်အယုတ်တရားကို မည်သို့ ပယ်ရှားရှောင်ကွင်း ရမည်နည်း။

**အဓိသီလသိက္ခာ**

‘ကာမသုခလ္လိကာနုယောဂ’ဟူသော ပထမအစွန်းရောက်အယုတ်တရားကို အဓိသီလသိက္ခာကိုကျင့်သုံးခြင်းဖြင့် ပယ်ရှားရှောင်ကွင်း၍၊ ‘အတ္တကိလမထာနုယောဂ’ ဟူသော ဒုတိယအစွန်းရောက်အယုတ်တရားကို အဓိစိတ္တသိက္ခာကိုကျင့်သုံးခြင်းဖြင့် ပယ်ရှားရှောင်ကွင်းရလေသည်။

ထို့ကြောင့် ‘သီလဖြင့် ကာမသုခလ္လိကာနုယောဂကိုပယ်ရှားခြင်းကိုပြသည်။ သမာဓိဖြင့် အတ္တကိလမထာနုယောဂကို ပယ်ခြင်းကို ပြသည်။ ပညာဖြင့်မဇ္ဈိမပဋိပဒ်မှီဝဲခြင်းကို ပြသည်’ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ၊၅)၌ မိန့်ဆိုသည်။

မှန်၏။ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်းစသော သီလသိက္ခာပုဒ်ဖြင့် ထိန်းသိမ်းရသည့်အမှုတို့သည် ကာမဂုဏ်ချမ်းသာနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်သွယ်နေသည်ချည်းဖြစ်သည်။ ထို့ကြောင့် ထိုသိက္ခာပုဒ်တို့ကို ထက်ဝန်းကျင်လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းခြင်းသည် ကာမသုခလ္လိကာနုယောဂကို ပယ်ရှားရှောင်ကွင်းခြင်းပင် ဖြစ်သည်။

အရှင်အာနန္ဒာသည် မနက်ဖြန် ပထမသင်္ဂါယနာ မဟာသန္နိပါတသို့ ရဟန္တာတစ်ပါးအဖြစ်ဖြင့်တက်ရောက်နိုင်ရန် တစ်ညဉ့်လုံး စင်္ကြံလျှောက်

ကာ တရားအားထုတ်ပါသော်လည်း ရဟန်းကိစ္စပြီးဆုံးအောင် မတတ်နိုင်ဖြစ်နေသည်။ ထိုအခါ 'ငါသည် လွန်စွာဝီရိယစိုက်၍ အားထုတ်လျက်ရှိသည်၊ ထို့ကြောင့် ငါ၏စိတ်သည်ပျံ့လွင့်ကာ သမာဓိမရနိုင်ဖြစ်သည်၊ ယခုဝီရိယနှင့်သမာဓိညီမျှစေမည်'ဟု စိတ်ကူး၍ အနားယူရန် ကျောင်းအတွင်း ညောင်စောင်းငယ်၌လျောင်းခိုက် အရဟတ္တဖိုလ် ဆိုက်ရောက်ရလေသည်။[၁]

ဤဖြစ်ရပ်၌ အရှင်အာနန္ဒာသည် ဝီရိယလွန်မှုကြောင့် ခန္ဓာကိုယ်ပင်ပန်းပြီး သမာဓိမရနိုင်ဖြစ်နေရာမှ သမာဓိရအောင် ပြုပြင်ကျင့်သုံးကာ အတ္တကိလမထာနုယောဂကိုပယ်ပြီး မဇ္ဈိမပဋိပဒ်ဖြင့် ရဟန်းကိစ္စပြီးဆုံးရလေသည်။

ကောဋိဝိသနွယ်ဝင် ရှင်သောဏသည် ယင်းတိုက်တော၌ သီတင်းသုံးကာ ရဟန်းတရားကို လွန်စွာကြိုးစားအားထုတ်ရလေသည်။ စင်္ကြံလျှောက်ရလွန်းသဖြင့် ခြေဖဝါးပေါက်ကာ စင်္ကြံလမ်းတစ်လျှောက်လုံး နွားသတ်ထားသည့် နေရာပမာ သွေးဖြင့်ရွှဲလျက်ရှိသည်။ ထိုမျှဝီရိယစိုက်အားထုတ်ပါလျက် ရဟန်းကိစ္စမပြီးသောအခါ လူထွက်ရန် စိတ်ကူးမိလေတော့သည်။

ဘုရားရှင်သည် ထိုအကြံကိုသိ၍ ကြွတော်မူလာကာ ဤသို့မိန့်ကြား၏။

**ဗုဒ္ဓ** သောဏ၊ ရှေး လူဖြစ်စဉ်က သင်ဟာ စောင်းသံကိုနားလည်သည်မဟုတ်လော။

**သောဏ** နားလည်ပါသည် ဘုရား။

**ဗုဒ္ဓ** သင့်စောင်းညှို့တို့ တင်းလွန်းနေသည့်အခါ အသံ သာယာ၏လော၊ တီးခတ်လို့ ကောင်း၏လော။

၁။ ပါရာဇိကဏ်အဋ္ဌကထာ၊ ပထမ။ ၁၀။ ဝိနည်းစူဠဝါ။ ၄၈၂။

**သောဏ** အသံလည်း မသာယာ၊ တီးခတ်လို့လည်း မကောင်းပါ။

**ဗုဒ္ဓ** စောင်းညှို့တို့ လျော့လွန်းနေပြန်လျှင်လည်း အသံသာယာ၏လော၊ တီးခတ်လို့ကောင်း၏လော။

**သောဏ** အသံလည်း မသာယာ၊ တီးခတ်လို့လည်း မကောင်းပါ။

**ဗုဒ္ဓ** စောင်းညှို့တို့ မတင်းလွန်း မလျော့လွန်းဘဲ အလယ်အလတ်ဖြစ်နေသည့်အခါ အသံသာယာ၏လော၊ တီးခတ်လို့ကောင်း၏လော။

**သောဏ** အသံလည်းသာယာ၊ တီးခတ်လို့လည်း ကောင်းပါသည် အရှင်ဘုရား။

**ဗုဒ္ဓ** ဤနည်းတူပဲ သောဏ၊ ဝီရိယလွန်လျှင် ပျံ့လွင့်ခြင်းဖြစ်၍ ဝီရိယလျော့လျှင် ပျင်းရိခြင်းဖြစ်၏။ ထို့ကြောင့် ဤသာသနာတော်၌ ဝီရိယနှင့်သမာဓိ ညီမျှအောင်ဆောက်တည်လော့၊ ဣန္ဒြေတို့၏ ညီမျှသည်၏အဖြစ်ကိုလည်း ထိုးထွင်း၍သိလော့၊ ထိုသို့ညီမျှသောအခါ၌ သမထနိမိတ်ကိုယူလော့။[၁]

ရှင်သောဏသည် ဘုရားရှင် နည်းညွှန်ချက်အတိုင်း လိုက်နာကျင့်သုံးကာ ရရှိလာသော သမာဓိဖြင့် 'အတ္တကိလမထာနုယောဂ'ဟူသော အစွန်းရောက်အယုတ်တရားတို့ကို ပယ်ရှားပြီး မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရလေသည်။

ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် ခြောက်နှစ်ပတ်လုံး လိုက်မှားမိသည့် အတ္တကိလမထာနုယောဂလမ်းမှားကို ကြမ်းတမ်းသောထမင်းမုယောမုန့်တို့ကို မှီဝဲ၍ အားယူကျင့်သုံးပါမှ ရရှိသည့် ပထမဈာန်စသောအပ္ပဏာသမာဓိဖြင့် ပယ်ရှားရှောင်ကွင်းပြီး မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူရသည်။[၂]

---

၁။ ဝိနည်းမဟာဝါ။ ၂၆၇၊ ၂၆၈၊ ၂၆၉။ ၂။ မဇ္ဈိမပဏ္ဏာသ။ ၂၈၉၊ ၂၉၀၊ ၂၉၁။

ဘုရားဖြစ်တော်မူပြီး ဆိတ်ကျောင်းညောင်ပင်ရင်း၌ တစ်ပါးတည်း သီတင်းသုံးစဉ် 'ထို ဒုက္ကရစရိယအကျင့်မှ စင်စစ် လွတ်မြောက်ရပေပြီ၊ ထိုအကျိုးမရှိသည့်ဒုက္ကရစရိယအကျင့်မှ လွတ်မြောက်ရခြင်းသည် စင်စစ် ကောင်းလှ၏။လွတ်မြောက်၍ ဗောဓိဉာဏ်ကိုကောင်းစွာရရှိခြင်းသည် စင်စစ်ကောင်းလှ၏'ဟု စိတ်တွင်းကွန့်မြူး ဥဒါန်းကျူးတော်မူလေသည်။[၁]

ထိုသို့ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာတို့ဖြင့် အစွန်းရောက် အယုတ်တရားနှစ်ပါးတို့ကို ပယ်ရှားပြီး၍ စိတ်တည်ကြည်လတ်သော်၊ ထက်ဝန်းကျင်စင်ကြယ်လတ်သော်၊ ထက်ဝန်းကျင် ဖြူစင်လတ်သော်၊ အစွန်းအထင်းကင်းလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ရှေ့သို့ တက်လှမ်းရန် အဆင်သင့်ဖြစ်လတ်သော်၊ တည်ငြိမ်၍ မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် အာသဝေါတရားတို့ကုန်စေရန် သစ္စာတရားတို့ကိုစောင့်ကြည့်သိမြင်သည့် မဇ္ဈိမပဋိပဒါကျင့်စဉ် ဖြစ်သည့် အဓိပညာစခန်းသို့ တက်လှမ်းရလေသည်။

ထို့ကြောင့် ဘဝစွန့်လွှတ်ပြီး အငြိမ်းဓာတ်နိဗ္ဗာန် ရယူနိုင်ရန်အတွက် မလွဲမသွေကျင့်သုံးရမည့် ကျင့်စဉ်လမ်းမှန်တို့မှာ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာတို့ဖြစ်ကြောင်း သိအပ်ပေသည်။

ထိုသုံးပါးတို့တွင် အဓိသီလသိက္ခာဆိုသည်မှာ ကျော်စောမှုကိုလည်း မငဲ့၊ သီလကုသိုလ်၏အကျိုးကိုလည်းမလိုလားဘဲ အရိယာတို့၏ လမ်းစဉ်ကို လိုက်သည့်အနေဖြင့် ဆောက်တည်ကျင့်သုံးအပ်သော ပါရမီမြောက် ဝိဝဋ္ဋနိဿိတသီလမျိုးတည်း။

ထို့ကြောင့် ဝိသုဒ္ဓိ (ပ၊၁၃) သီလပ္ပဘေဒ ကထာ၌–

'ယသကာမတာယ ဝါ သမာဒိန္နံ ဟီနံ။ ပုညဖလကာမတာယမဇ္ဈိမံ။ ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ သမာဒိန္နံ ပဏီတံ'ဟု မိန့်ဆိုသည်။

---

၁။ သံယုတ်၊ ပထမ။ ၁၀၄။

အဓိပ္ပာယ်မှာ–'ကျော်စောမှုကိုလိုလား၍ ဆောက်တည်အပ်သော သီလ သည် ညံ့၏။ ကုသိုလ်အကျိုးကိုမျှော်ကိုး၍ ဆောက်တည်အပ်သော သီလ သည် အလတ်စားဖြစ်၏။'ဤအမှုသည် ပြုထိုက်သောအမှုသာတည်း'ဟု အရိယာအဖြစ်ကိုမှီ၍ဆောက်တည်အပ်သောသီလသည်မြတ်၏'ဟူသတည်း။

ချဲ့ဦးအံ့၊ ကျော်စောမှုကိုလိုလား၍ ဆောက်တည်အပ်သော သီလ သည် ကျော်စောမှုလောက်ကိုသာ ရစေလိမ့်မည်။ ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိအကျိုးတို့ကို ရစေနိုင်မည် မဟုတ်ပေ။ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ဖို့ကိုကား ဆိုဖွယ်ရာပင်မရှိပေ။ သီလကုသိုလ်၏အကျိုးကို လိုလား တောင့်တ၍ ဆောက်တည်အပ်သောသီလသည် 'လူဘဝ နတ်ဘဝ' ဟူသော ဘဝသမ္ပတ္တိ၊ လူဘဝနတ်ဘဝတို့၌ ရရှိခံစားအပ်သော 'အတွင်း အပအသုံး အဆောင်'ဟူသော ဘောဂသမ္ပတ္တိကိုသာ လုလုကြီးရစေ၍ နိဗ္ဗာန်ကိုကား ရစေနိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်နည်း။ နိဗ္ဗာန်သည် အကျိုးတရား မဟုတ်၍ သီလ၏အကျိုးတွင် မပါဝင်သောကြောင့် ဖြစ်သည်။

အရိယာအဖြစ်ကို လိုလားသူတို့သည် ကျော်စောမှုကိုလည်း မလို၊ 'ဘဝသမ္ပတ္တိ'ဟူသော ဝဋ်အကျိုးကိုလည်း မတောင့်တ၊ မိမိသန္တာန်၌ ကိလေသာ စင်ကြယ်ရေးလောက်ကိုသာ လိုလားကြသည်။ စင်ကြယ်လို၍ ပြုလုပ်ရမည့်အလုပ်တို့ကို ရှာဖွေသောအခါ ဒါန၊သီလ စသော ပါရမီ ဆယ်ပါးကို တစ်နည်းအားဖြင့် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ သုံးပါးကိုတွေ့ကြရ၏။ ထိုအခါ'ဒီအမှုသည် ကိလေသာစင်ကြယ်လိုသူ တို့ ပြုလုပ်ရမည့် အလုပ်ပေတကား'ဟု လုပ်ငန်း၏သဘောကို အလေး ထားပြီး သီလကိုအသက်နှင့်လဲ၍ စောင့်ရှောက်ကြကုန်၏။ ထိုသီလသည် ပါရမီမြောက် ဝိဝဋ္ဋနိဿိတသီလမည်၏။ 'အဓိသီလသိက္ခာ'ဟုခေါ်၏။ တစ်နည်းအားဖြင့် ဘဝဒုက္ခတို့၌ ငြီးငွေ့ပြီး ဘဝလွတ်မြောက်ရေးအတွက် ဆောက်တည်အပ်သော သီလသည် အဓိသီလမည်၏။

ဘုရားရှင်သည် သုမေဓာဘဝက ပါရမီမဖြည့်မီ စဉ်းစားခဲ့ပုံတို့ကို အောက်ပါအတိုင်း ဟောကြားတော်မူထားပေသည်။

'ထိုစဉ်အခါက ငါသည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်ပြီး ထက်ဝယ်ဖွဲ့ခွေထိုင်နေကာ 'ဘဝသစ်၌ဖြစ်ရခြင်းသည် ဆင်းရဲလှ၏၊ ခန္ဓာကိုယ် ပျက်စီးရခြင်းသည်လည်း ဆင်းရဲလှ၏' ဟု စဉ်းစားမိ၏။

'ငါသည် ဖြစ်ရခြင်းသဘော ရှိနေသေး၏၊ အိုရခြင်းသဘောရှိနေသေး၏၊ နာရခြင်းသဘော ရှိနေသေး၏။ အိုရခြင်းသဘော မရှိရာ၊ သေရခြင်းသဘော မရှိရာ၊ ဘေးကင်းရာနိဗ္ဗာန်ကိုရှာအံ့။

'အမျိုးမျိုးသော ပိုးတို့ဖြင့်ပြည့်သော ဤကိုယ်ပုပ်ကို မငဲ့ကွက် မလိုလားဘဲ စွန့်ပစ်သွားရမူ ကောင်းလေစွ။

'ထိုနိဗ္ဗာန်သွားလမ်းသည် ရှိသည်ဖြစ်ပေလိမ့်မည်၊ မရှိဘဲ မနေတန်ရာ။ ဘဝလွတ်မြောက်ရေးအတွက် ထိုလမ်းကိုရှာအံ့'[၁]

ဤသို့ဘဝ၏အပြစ်၊ ခန္ဓာ၏အပြစ်ကို မြင်တွေ့ဆင်ခြင်ကာ ဒါန၊ သီလစသော ပါရမီကုသိုလ်တို့ကို ဖြည့်ဆည်းပူးခဲ့လေသည်။ ဤအလောင်းတော်သုမေဓာကဲ့သို့ပင် ဘဝ၏အပြစ်၊ ခန္ဓာ၏အပြစ်တို့ကို နစ်နစ်ကြီးစဉ်းစား သံဝေဂဉာဏ်ရှေ့သွား ငြီးငွေ့သောစိတ်ထားဖြင့် ဆောက်တည်အပ်သောသီလသည် ပါရမီမြောက် ဝိဝဋ္ဋနိဿိတသီလ မည်၏။ 'အဓိသီလသိက္ခာ' ဟု ခေါ်၏။[၂]

ဤသီလမျိုးကိုပင်ရည်ရွယ်၍ 'သီဝံ ပဗ္ဗတ္တာန သီလံ ရက္ခိတဗ္ဗံ=

---

၁။ ဗုဒ္ဓဝံသ။ ၃၀၇။ ဗုဒ္ဓဝံသအဋ္ဌကထာ။ ၉၀။

၂။ ပါတိမောက္ခသံဝရသီလသည် အဓိသီလမည်၏။ ထိုထက် မဂ်ဖိုလ်နှင့် ယှဉ်သော သီလသည် အဓိသီလမည်၏။ (ပါရာဇိကဏ်၊ ဋ္ဌ၊ ပ။ ၂၀၈၊ ၂၀၉)။ စင်စစ်အားဖြင့် နိဗ္ဗာန်ကို တောင့်တ၍ ဆောက်တည်အပ်သော ငါးပါးသီလ၊ ဆယ်ပါးသီလတို့လည်း အဓိသီလမည်၏။ (သုတ်ပါထေယျ၊ ဋ္ဌ၊ ပ။ ၁၈၅)။

ငြိမ်းအေးရာနိဗ္ဗာန်ကိုတောင့်တ၍ သီလကိုစောင့်ရှောက်အပ်၏’ဟု ဘုရားစသော သူတော်ကောင်းတို့ တိုက်တွန်းတော်မူကြသည်။

ဤကျမ်းစာ၏ အခြေခံဖြစ်သော ဥဒါန်းပါဠိတော်၌ကား ‘အဇ္ဈတ္တရတော=ကိုယ့်သန္တာန်၌ မွေ့လျော်၍’ဟူသော အဓိပညာသိက္ခာပြစကား၊ ‘သမာဟိတော=တည်ကြည်သောစိတ်ရှိသည်ဖြစ်၍’ဟူသောအဓိစိတ္တသိက္ခာပြစကားတို့သာပါဝင်၍ အဓိသီလသိက္ခာပြစကားရပ်မပါဝင်ပေ။ ထိုသို့ မပါဝင်သော်လည်း အထက်သိက္ခာနှစ်ပါးတို့၏ အခြေခံအကြောင်း ဖြစ်သည့် အဓိသီလသိက္ခာကိုလည်း အဝိနာဘာဝအားဖြင့် ထည့်သွင်းယူရပေမည်။

ရေမွတ်သိပ်သူသည် ရေနှင့်ရေခပ်ရန်ခွက်ကို အလိုရှိအပ်သည့်နည်းတူ ခွက်ကိုင်၍သောက်နိုင်ဖို့အတွက် လက်ကိုလည်း လိုအပ်ပေသည်။ ထို့အတူ ကိလေသာပူ ငြိမ်းသတ်နိုင်ရေးအတွက် အဓိပညာသိက္ခာနှင့် အဓိစိတ္တသိက္ခာတို့ကို အလိုရှိနေသူသည် ထိုသိက္ခာနှစ်ပါးတို့၏ အခြေခံအကြောင်းဖြစ်သည့် အဓိသီလသိက္ခာကိုလည်း ဧကန်လိုအပ်ပေသည်။

ရှင်းပါဦးမည်။ သူသူငါငါ ပုထုဇဉ်သတ္တဝါမှန်သမျှတို့သည် ကိလေသာဖြင့် ပူလောင်မွတ်သိပ်နေသူများဖြစ်ကြ၏။ ထိုကိလေသာအပူဓာတ် ငြိမ်းအေးရေးအတွက် ရူပ၊ သဒ္ဒစသော ကာမဂုဏ်ဆားငန်ရည်တို့ကို အသုံးမပြုဘဲ ဝိပဿနာရေစင်ရေအေးကိုသာ သုံးဆောင်ကြရပေလိမ့်မည်။ ထိုဝိပဿနာရေစင်ရေအေးသည် ‘သမာဓိ’ဟူသောခွက်၌သာတည်နိုင်ပေသည်။ ထို့ကြောင့်‘သမာဓိ’ဟူသောခွက်ကို အသုံးပြု၍ ခပ်ယူသုံးဆောင်ကြရပေလိမ့်မည်။

ထိုသမာဓိခွက်သည်လည်း ‘သီလ’ဟူသော ကိုင်စွဲမည့် လက်၌သာတည်ရှိရပေသည်။ ထို သီလလက်ဖြင့် သမာဓိခွက်ကို မြဲစွာ ကိုင်စွဲနိုင်ပါမှ အလိုရှိအပ်သော ဝိပဿနာရေစင်အေးကို အလိုရှိသလို ခပ်ယူနိုင်ပေသည်။

ထို့ကြောင့် လက်သဖွယ်အရေးပါသည့် အဓိသီလသိက္ခာကိုလည်း မလွဲမသွေဖြည့်ကျင့်ရမည်သာ ဖြစ်သည်။

မြို့သစ်ကိုစတင်တည်ထောင်သူသည် ရှေးဦးစွာမြို့ရာမြေကို သုတ်သင်ရ၏။ ထို့နောက်မှ လမ်းကျယ်ကြီးများ၊ လမ်းသွယ်များဖြင့် ပိုင်းခြားဝေဖန်ပြီး မြို့သစ်ကိုတည်ထောင်သကဲ့သို့ ဤအတူ ယောဂီ ပုဂ္ဂိုလ်သည် အစပထမ သီလကိုစင်ကြယ်စေရ၏။ ထို့နောက်မှ သမထဝိပဿနာ, မဂ်,ဖိုလ်,နိဗ္ဗာန်တို့ကို မျက်မှောက်ပြုရ၏။[1]

ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်အထိ ကျင့်သုံးလိုသော ယောဂီသူတော်ကောင်းသည် သမထဝိပဿနာစခန်းသို့ မဝင်မီ ရှေးဦးစွာ သီလကို စင်ကြယ်စေရာ၏။

**အဓိစိတ္တသိက္ခာ**

ဝိပဿနာဉာဏ်၏ အခြေခံဖြစ်သော ကုသိုလ်သမာဓိသည် အဓိစိတ္တသိက္ခာမည်၏။[2] တစ်နည်း အလောင်းတော်သုမေဓာကဲ့သို့ ဘဝဒုက္ခတို့မှ ငြီးငွေ့ပြီး ဘဝလွတ်မြောက်ရေးအတွက် ပွားများအပ်သော ကုသိုလ်သမာဓိသည် အဓိစိတ္တသိက္ခာမည်၏။ ဤအဓိစိတ္တသိက္ခာမျိုးကိုပင် ရည်ရွယ်၍ 'သိဝံ ပတ္ထေတွာန ဘာဝနာ ဘာဝေတဗ္ဗာ=ငြိမ်းအေးရာနိဗ္ဗာန်ကို တောင့်တ၍ ဘာဝနာကိုပွားများစေအပ်၏'ဟု မိန့်တော်မူကြသည်။

**အဓိပညာသိက္ခာ**

လက္ခဏာသုံးပါးတို့၏ အခြင်းအရာကို ပိုင်းခြားတတ်သော ဝိပဿနာဉာဏ်သည် အဓိပညာမည်၏။ ထို့ထက် မဂ်ဖိုလ်ပညာသည် အဓိပညာမည်

---

၁။ သမ္မောအဋ္ဌကထာ။ ၃၁၈။

၂။ ပဋိသမ္ဘိဒါ၊ ဋ္ဌ၊ ၃။ ၆၇။ ဝိပဿနာ၏ အခြေခံဖြစ်သည့် ရှစ်ပါးသော သမာပတ်စိတ်သည် အဓိစိတ္တ မည်၏။ ထိုထက် မဂ်ဖိုလ်နှင့်ယှဉ်သော စိတ်သည် အဓိစိတ္တမည်၏။ (ပါရာဇိကဏ်၊ ဋ္ဌ၊ ၃။ ၂၀၈၊ ၂၀၉)။

၏။[၁] ဘဝမှလွတ်မြောက်လိုသူတို့သည်'အရှိကိုအရှိအတိုင်းသိ၍၊ အဖြစ်ကို အဖြစ် အတိုင်းမြင်ဖို့' လိုအပ်ပေသည်။ မှန်၏။ သတ္တဝါတို့သည် မိမိတို့ သန္တာန်၌ ရှိနေသည့်တရားတို့ကို ရှိနေသည့်အတိုင်း မသိကြ။ ထိုရှိနေသော တရားတို့၏ 'ဖြစ်၊တည်၊ပျက်' လမ်းစဉ်အတိုင်းဖြစ်နေကြ သည်ကိုလည်း မမြင်ကြပေ။

ဤသို့ မသိမမြင်ခြင်း အဝိဇ္ဇာ လွှမ်းမိုးမှုကြောင့် ငြိကပ်တွယ်တာမှု= လောဘ၊ တိုက်ခိုက်ပြစ်မှားမှု=ဒေါသ၊ ထောင်လွှားတက်ကြွမှု=မာန၊ အမှားမြင်မှု=ဒိဋ္ဌိ၊ မဆုံးဖြတ်နိုင်မှု=ဝိစိကိစ္ဆာ၊ စိတ်လေးမှု=ထိန၊ ပျံ့လွင့်မှု= ဥဒ္ဓစ္စ၊ မိမိကိုယ်ကိုမငဲ့မှု=အဟိရိက၊ သူတစ်ပါးကိုမလေးစားမှု=အနောတ္တပ္ပ ဟူသောကိလေသာတို့ ဖြစ်လာကြကုန်၏။ ထို့ကြောင့် အရှိကိုအရှိအတိုင်း သိနိုင်ရေး၊အဖြစ်ကိုအဖြစ်အတိုင်းမြင်နိုင်ရေးအတွက် ဝိပဿနာလုပ်ငန်း ဖြင့် အဓိပညာစခန်းကို တက်လှမ်းကြရပေမည်။

ယင်းဝိပဿနာလုပ်ငန်းကို တည်တည်ငြိမ်ငြိမ် စူးစူးစိုက်စိုက် အားထုတ်နိုင်ရန်လည်း သမထဘာဝနာနည်းဖြင့် သမာဓိထူထောင် ကြရပေမည်။ ယင်းသမာဓိခေါ်သော စိတ်တည်ငြိမ်မှုသည်လည်း 'သီလ' ခေါ်သော ကိုယ်–နှုတ်တို့ကို ထိန်းချုပ်သည့်လုပ်ငန်းမပါ၍ မပြီးပေ။

ချဲ့ဦးအံ့၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝ– ပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလဟူသော လေးမျိုးတို့တွင် ပါတိ မောက္ခသံဝရသီလဖြင့် ကိုယ်နှင့် နှုတ်ကို ထိန်းချုပ်မှုပြုလိုက်သောအခါ ထင်ရာလုပ်ကိုင်ပြောဆိုလိုသော စိတ်ရိုင်းကို ပထမဆုံးထိန်းချုပ်လိုက်ပြီး ဖြစ်သွားတော့၏။ ထိုနောက်မှတစ်ဆင့်တက်၍ ဣန္ဒြိယသံဝရသီလဖြင့် ထိန်းချုပ်လိုက်ပြန်သောအခါ 'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်'

---

၁။ ပါရာဇိကဏ်၊ဌ၊ဒု။ ၂၀၈၊ ၉။ ကမ္မဿကတပညာကိုထောက်၍ ဝိပဿနာပညာ၊ မဂ်ပညာဖိုလ်ပညာတို့သည် အဓိပညာမည်၏။ (သမ္မောအဋ္ဌကထာ။ ၃၉၆)။

ဟူသော ဒွါရခြောက်ပါးမှ ထင်တိုင်းထွက်သွား ကျက်စားလေ့ရှိသော စိတ်ကို ပိုမိုထိန်းချုပ်ပြီး ဖြစ်သွားတော့၏။ အာဇီဝပါရိသုဒ္ဓိသီလဖြင့် အသက်မွေးဝမ်းကျောင်းနှင့်စပ်၍ ဖောက်ပြန်မှုကို စောင့်စည်းထိန်းချုပ်လိုက်ပြန်သောအခါ အူမတောင့်ရေးတစ်ခုတည်းကိုသာ အလေးပေးထားသည့်စိတ်ကို ချိုးနှိမ်ပြီးဖြစ်ပြန်၏။ ပစ္စယသန္နိဿိတသီလဖြင့် သိမ်းဆည်းလိုက်ပြန်သောအခါ ပစ္စည်းသုံးဆောင်မှုနှင့်စပ်၍ အငမ်းမရဖောက်ပြန်လှသောစိတ် ဦးကျိုးသွားရတော့၏။

ဤသို့လျှင် ထင်ရာပြေးသွား လှုပ်ရှားရိုင်းစိုင်းနေသောစိတ်သည် ကျုံးသွင်းခံရသော တောဆင်ရိုင်းပမာ တဖြည်းဖြည်းနူးနာ၍ ထားရာနေဖို့ အသင့် သမာဓိလုပ်ငန်းခွင်သို့ဝင်နိုင်သည့်အဆင့်သို့ ရောက်လာရတော့၏။

ထို့ကြောင့် ကိလေသာဝင်ရောက်မှုကို တားဆီးပိတ်ဆို့နိုင်ရန် ကိလေသာကြောင့်ဖြစ်ရသည့် ကံတရား၏အပွင့်အသီးဖြစ်သောဘဝကို စွန့်လွှတ်၍ အငြိမ်းဓာတ်နိဗ္ဗာန်ကိုရယူနိုင်ရန်အတွက် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါးကို မနေမနား ကြိုးစားပွားများကြရပေလိမ့်မည်။

## ငြီးငွေ့သင့်လှပြီ

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် အချို့သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့အနာဂါမ်ဖြစ်ကြကုန်သော သုံးကျိပ်အတိုင်းအရှည်ရှိကုန်သော ပါဝေယျက(ပါဝါအရပ်သား) ရဟန်းတော်တို့သည် ဘုရားရှင်ထံလာရောက်ပြီး တရားနာအံ့သောငှာ ရှိသေစွာထိုင်နေကြကုန်၏။

ထိုအခါ ဘုရားရှင်က–

'ရဟန်းတို့။ ဤခန္ဓာ၊ အာယတန၊ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းဟူသော သံသရာသည် အစကို မသိလောက်အောင်ရှည်လျားချေ၏။ ရဟန်းတို့၊

ဤမျှ ရှည်လျားသော အတိတ်သံသရာဝယ် လူးလာစုန်ဆန်ကျင်လည် ကျက်စားခဲ့ကြရကုန်၏။ ဦးခေါင်းမှ ယိုကျသောသွေးတို့နှင့် သမုဒ္ဒရာ လေးစင်းအတွင်း၌ ရှိကုန်သော ရေတို့သည် အဘယ်ကများသနည်း'ဟု မေးတော်မူရာ သုံးကျိပ်သော ရဟန်းတော်တို့က–

'ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ရှင်တော်ဘုရား ဟော ကြားတော်မူအပ်သော တရားတော်ကို နားလည်ရသည်မှာ အစမထင် သံသရာက ဦးခေါင်းပြတ်ကာ သေဆုံးခဲ့ကြရသော တပည့်တော်တို့၏ သွေးပေါက်အစုသည် မဟာသမုဒ္ဒရာလေးစင်းအတွင်းဝယ် ထင်ရှားရှိသော ရေပေါက်တို့ထက် များလှပါသည်'ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်က–'သာဓု–သာဓု–သာဓု'ဟု ကောင်းချီး ပြုတော် မူပြီး–

'ရဟန်းတို့၊ သင်တို့သည် ငါ ဟောအပ်သောတရားကို ကောင်းစွာ မှတ်သားမိကြပေကုန်၏။ ဤမျှရှည်လျားသော သံသရာဝယ် ကျင်လည် ကြရကုန်သော သင်တို့၏ ဦးခေါင်းပြတ်သည့် ဘဝအဆက်ဆက်က ယိုကျ သော သွေးတို့သည် မဟာသမုဒ္ဒရာလေးစင်းအတွင်း ရေပေါက်တို့ထက် များလှကုန်၏။

'ရဟန်းတို့၊ သင်တို့၏ အတိတ်သံသရာကမ္ဘာတစ်ခွင်ဝယ် နွားဖြစ် ၍စုတေခဲ့ရ၊ ကျွဲဖြစ်၍စုတေခဲ့ရ၊ ဆိတ်ဖြစ်၍၊ သိုးဖြစ်၍၊ သားကောင်ဖြစ်၍၊ ကြက်ဖြစ်၍၊ ဝက်ဖြစ်၍စုတေခဲ့ရ၊ ခိုးသားအဖြစ်အဖမ်းခံရပြီး ခေါင်း အဖြတ်ခံရ၍စုတေခဲ့ရ၊ လမ်းခရီးအကြားဝယ် တိုက်ခိုက်လုယက်သူအဖြစ် အဖမ်းခံရပြီး ခေါင်းအဖြတ်ခံရ၍ စုတေခဲ့ရသည့် အသချေ်ပေါင်းများစွာ ဦးခေါင်းဖြတ်၍သေခဲ့ရသော ဘဝဘဝက သွေးအစုတို့နှင့်စာလျှင် မဟာ သမုဒ္ဒရာလေးစင်းရှိ ရေပေါက်တို့က နည်းလှ၏။ ဦးခေါင်းပြတ်ပြီး စုတေ ခဲ့ရသော ဘဝများစွာက ယိုကျသောသွေးအစုက သာ၍များလှပေ၏။

ဤမျှရှည်လျားသော သံသရာအတွင်း၀ယ် သို့စင်ကလောက် ဒုက္ခအမျိုးမျိုး ဗျသနအမျိုးမျိုးကို သင်တို့ခံခဲ့ရလှလေပြီ။ သင်္ချိုင်းမြေကို ဘ၀ဆက်ကာ ပွားစေခဲ့လှပြီ။

'ရဟန်းတို့၊ အလုံးစုံသော သင်္ခါရတရားအစုတို့၌ ငြီးငွေ့သင့်လှပြီ၊ တပ်မက်မှုကင်းခြင်းငှာသင့်လှပြီ၊ ဤရုပ်–နာမ်ဓမ္မသင်္ခါရတို့မှ လွတ်မြောက်သင့်လှပြီ'[၁]

ဟု အရဟတ္တဖိုလ်ကိုအထွတ်တပ်၍ ဟောတော်မူ၏။

ဤဒေသနာကို အဖန်ဖန်ဆင်ခြင်၍ သံသရာအပြစ် ဘ၀အပြစ်တို့ကို သိမြင်ကာ ဘ၀လွတ်မြောက်ရေးကို ကြိုးစားအားထုတ်သင့်လှပေပြီ။

ဂင်္ဂါမြစ်တွင်းမှာရှိသည့် သဲလုံးမက ဘုရားရှင်တို့ ပွင့်တော်မူကြပြီး ဖြစ်ပါလျက် ယနေ့အထိ သံသရာကျင်လည်နေကြရသည်မှာ အဘယ် ကြောင့်နည်း။

မဂ်ဖိုလ်ရနိုင်ခွင့်မရှိသည့် အက္ခဏရစ်မျိုးနှင့် ကြုံတွေ့ခဲ့ကြရသော ကြောင့်လည်းကောင်း၊ မဂ်ဖိုလ်ရနိုင်ခွင့်ရှိသည့် န၀မခေတ်နှင့် ကြုံကြရပြန် ပါသော်လည်း အောက်ထစ်ဆုံး တစ်မဂ်တစ်ဖိုလ်လောက်မျှ ရအောင် အားမထုတ်ခဲ့ခြင်းကြောင့်လည်းကောင်း ဖြစ်ပေသည်။

ချဲ့ဦးအံ့။

၁။ လောက၌ အချို့သောဘုရားရှင်တို့ ပွင့်တော်မူကြသည့်အခါ ငရဲ၌ဖြစ်နေကြရပြီး လွဲခဲ့ကြရခြင်း။

၂။ လောက၌ အချို့သောဘုရားရှင်တို့ ပွင့်တော်မူကြသည့်အခါ တိရစ္ဆာန်ဖြစ်နေကြရပြီး လွဲခဲ့ကြရခြင်း။

၃။ လောက၌ အချို့သောဘုရားရှင်တို့ ပွင့်တော်မူကြသည့်အခါ ပြိတ္တာ အသူရကာယ်ဖြစ်နေကြရပြီး လွဲခဲ့ကြရခြင်း။

---

၁။ သံယုတ်၊ ပထမ။ ၃၉၄၊ ၃၉၅။

၄။ လောကဥ္စ အချို့သောဘုရားရှင်တို့ ပွင့်တော်မူကြသည့်အခါ သက်တမ်းရှည်လှသော အသညသတ်ဗြဟ္မာ၊ အရူပဗြဟ္မာကြီး များဖြစ်နေပြီး လွဲခဲ့ကြရခြင်း။

၅။ လောကဥ္စ အချို့သောဘုရားရှင်တို့ ပွင့်တော်မူကြသည့်အခါ ဗုဒ္ဓသာသနာမရောက်သည့် အစွန်အဖျားဒေသတို့၌ လူဖြစ်နေ ပြီး လွဲခဲ့ကြရခြင်း။

၆။ လောကဥ္စ အချို့သောဘုရားရှင်တို့ ပွင့်တော်မူကြသည့်အခါ မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်ပြီး ဘုရားရှင်တို့ကို ကန့်လန့်တိုက် အချိန်ဖြုန်းနေခဲ့ကြရခြင်း။

၇။ လောကဥ္စ အချို့သောဘုရားရှင်တို့ ပွင့်တော်မူကြသည့်အခါ တရားနာခွင့်ကြုံသော်လည်း တရားကိုနားမလည်သည့် သုဂတိ အဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်များဖြစ်နေခဲ့ကြရခြင်း။

၈။ တရားတော်၏သဘောကို ရေရေလည်လည် နားလည်နိုင်သည့် တိဟိတ်ပုဂ္ဂိုလ် ဖြစ်ခွင့်ရပါသော်လည်း အာဠာရနှင့် ဥဒက ရသေ့ကြီးများကဲ့သို့ ဘုရားပွင့်ခိုက်နှင့် မကြုံ၊ တရားနာခွင့်မရဘဲ လွဲခဲ့ကြရခြင်း။

ဤ ကာလဆိုးရှစ်မျိုးနှင့်ကြုံပြီး လွဲခဲ့ကြရခြင်း။

မဂ်ဖိုလ်ရနိုင်ခွင့်ရှိသည့် ယခုလို နဝမကာလနှင့် ကြုံရပြန်သော်လည်း အနည်းဆုံး တစ်မဂ်တစ်ဖိုလ်လောက်မျှရအောင် အားမထုတ်မိခဲ့ခြင်း။ ဤအကြောင်းများကြောင့် ယနေ့အထိ သံသရာလည်နေကြရခြင်း ဖြစ်သည်။

အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးကိုရ၍ အတိတ်ကာလ၌ ကမ္ဘာ– ၄၀၊ အနာဂတ်ကာလ၌ ကမ္ဘာ–၄၀၊ ဤသို့ ကမ္ဘာ–၈၀ တိုင် အောက်မေ့ သိမြင်နိုင်စွမ်းသော သုဒ္ဓေါဒနမင်းကြီး၏ဆရာ ကာဠဒေဝိလရသေ့ကြီး

သည် အလောင်းတော်ဖွားတော်မူပြီဖြစ်ကြောင်း နတ်ပြည်မှ သတင်းကောင်းကြားရသဖြင့် သုဒ္ဓေါဒနမင်းကြီး၏နန်းတော်သို့ ကြွပြီး အလောင်းတော်၏ လက္ခဏာကိုကြည့်ရှုရာ ဧကန်ပင် ဘုရားဖြစ်တော်မူမည်ကိုသိ၍ 'ဤသူငယ်ကား ကမ္ဘာအသချေ်ကြာလေသော်လည်း တွေ့ကြုံဖူးမြင်ရန် ခဲယဉ်းလှသော အံ့ဩဖွယ်ယောကျာ်းမြတ်ပေတကား။ ဤအံ့ဖွယ်ယောကျာ်းမြတ်ကို ငါဖူးတွေ့ရပေပြီ'ဟု နှစ်သက်နှလုံး ရွှင်ပြုံးမိလေ၏။

ထို့နောက် 'ငါသည် ဤအံ့ဖွယ်ယောကျာ်းမြတ် ဘုရားအဖြစ်သို့ ရောက်လတ်သောအခါ ဖူးမြော်ခွင့်ရပါမည်လား'ဟု ဆင်ခြင်ပြန်သည်ရှိသော် ဤယောကျာ်းမြတ် ဘုရားအဖြစ်သို့မရောက်မီ ကွယ်လွန်ပြီးလျှင် ဘုရားအရာအထောင်လာရောက်ဟောပြောချေချွတ်သော်လည်း သစ္စာသိမြင် ကျွတ်တမ်းဝင်နိုင်ခွင့်မရှိသည့် အရူပဘုံ၌ဖြစ်ရမည်ကို မြင်၍ 'ကြီးစွာသော ဆုံးရှုံးမှုကြီးနှင့် ကြုံတွေ့ရတော့မှာပါတကား'ဟု ဝမ်းနည်းပူဆွေးငိုကြွေးမိလေ၏။

ဤကာဠဒေဝိလရသေ့ကြီးသည် ဘုရားအလောင်းတော်ကိုဖူးမြင်နေရပြီဖြစ်ပါလျက် လက်မတင်ကလေးလွဲရလေသည်။ဤကား(အမှတ်-၄) အက္ခဏနှင့်ကြုံတွေ့ကာ အရူပဘုံ၌ဖြစ်နေ၍ နဝမကာလနှင့်လွဲပြီး သံသရာလည်ရပုံဖြစ်သည်။

ဗာရာဏသီပြည် မဟာဓနသူဌေးသား ဓနီးမောင်နှံတို့သည် ဘုရားပွင့်တော်မူခြင်း၊ ထိုဘုရားက တရားဟောတော်မူခြင်း၊ ဗုဒ္ဓသာသနာတည်ထွန်းရာ၌ လူဖြစ်ရခြင်း၊ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရခြင်းဟူသော အင်္ဂါ ၄-ရပ်နှင့်ပြည့်စုံ၍ နဝမကာလနှင့်ကြုံကြရပါလျက် အရွယ်ရှိစဉ်အခါ၌ ကာမဂုဏ်အမိုက်ကို လိုက်စားခြင်းဖြင့် အချိန်ဖြုန်းကာ တရားအားမထုတ်ခဲ့မိသဖြင့် ကျွတ်တန်းဝင်နိုင်ခွင့်မရ၊ သံသရာလည်နေကြရလေသည်။ ဤကား အားမထုတ်မိခဲ့ခြင်းကြောင့် သံသရာ၌လည်ရပုံဖြစ်သည်။

ထို့ကြောင့် ယခုကဲ့သို့ နဝမကာလကောင်းနှင့် ကြုံတွေ့ရသည့်အခါ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်လောက်ဖြစ်စေ ရအောင်အားထုတ်သင့်ကြပေသည်။ အကယ်၍ အားမထုတ်ဘဲ ကြုံခဲလှသည့်နဝမကာလကို ဖြုန်းပစ်ကြမည်ဆိုပါက နောက်မည်မျှလောက် သံသရာတွင်း နစ်မွန်းကြဦးမည် မသိနိုင်ပေ။

ဤအချက်ကို လယ်တီဆရာတော်ဘုရားကြီးက–

'ယခုဘဝ မဂ်ဖိုလ်ရလောက်အောင် ဝီရိယထုတ်မှုမရှိပြန်လျှင် ဝီရိယလိုသည့်အတွက် ဤသာသနာမှာမကျွတ်ရပြီ။ နောက်နောင် ဘုရားသာသနာမှာလည်း သာသနာနှင့်ကြုံတွေ့ရမှကျွတ်နိုင်သည်။ မတွေ့ကြုံပြန်လျှင် မကျွတ်နိုင်၊ နိယတဗျာဒိတ်ရရှိပြီးသော ပုဂ္ဂိုလ်မျိုးမှသာလျှင် ပါရမီရင့်ရာဘဝတွင် ဗျာဒိတ်တော်အတိုင်းတွေ့ကြုံမှု၊ ကျွတ်လွတ်မှု မလွဲနိုင်ရှိသည်။ နိယတဗျာဒိတ်ရရှိသော ပုဂ္ဂိုလ်မျိုးမဟုတ်ခဲ့လျှင် ပါရမီရှိသော်လည်း ဘုရားသာသနာနှင့်တွေ့ကြုံမှုမှာလည်း စိတ်မချရ၊ ကျွတ်လွတ်မှုလည်း စိတ်မချရ'

ဟု ဗောဓိပက္ခိယဒီပနီ၌ သတိပေးရေးသားထားပေသည်။

## သံယောဇဉ် အားရှိအားမဲ့

ကျွန်ုပ်တို့သည် 'လောကကြီး ရှုပ်ထွေးလှပါသည်၊ ဆင်းရဲလှပါသည်'ဟု ညည်းညူနေမိပါလျက် 'သာသနာကြည်ညိုလှပါသည်၊ တရားသဘောကျလှပါသည်'ဟု ထုတ်ဖော်ဝန်ခံနေကြမိပါလျက် အဘယ်ကြောင့် လူ့လောကအသိုက်အအုံမှ လွတ်လွတ်ကျွတ်ကျွတ် ရုန်းကန်ထွက်သွားပြီး တရားဘာဝနာအားထုတ်၍ အေးရာအေးကြောင်းမရှာနိုင်ကြပါသနည်း။

အဖြေမှာ သံယောဇဉ်ကြောင့်ဖြစ်၏။

သံယောဇဉ်ဆိုသည်မှာ 'အနှောင်အဖွဲ့ကြိုး'ဟု အဓိပ္ပာယ်ရသည်။

သတ္တဂါတို့သည် ထိုသံယောဇဉ်နှောင်ကြိုးဖြင့် ကာမဂုဏ်တရားတို့ကို ဖွဲ့နှောင်ရစ်ပတ်ထားမိကြ၏။ ဇနီးကို လင်ကို သားကို သမီးကို မြေးကို အိမ်ကို လယ်ကို ယာကို နွားကို ကျွဲကို နောက်ဆုံး ဖိနပ်တို့ အဝတ်စုတ်တို့အထိ ဖွဲ့နှောင်ရစ်ပတ်ထားမိကြ၏။ ထိုသံယောဇဉ်ကြောင့် လူ့လောကအသိုက်အအုံမှ လွတ်လွတ်ကျွတ်ကျွတ် ရုန်းကန်ထွက်သွားပြီး တရားဘာဝနာအားထုတ်၍ အေးရာအေးကြောင်း မရှာနိုင်ကြခြင်းဖြစ်သည်။

'လောကကြီးထဲ ငြီးငွေ့လှပါပြီ'၊ 'တရားသဘောကျလှပါသည်' ဆိုပြီး 'တရားရှာ ကိုယ်မှာတွေ့ပဲ၊ ဘယ်မှသွားစရာမလိုပါဘူး'ဟု ဆင်ခြေကန် အကြောင်းပြကာ အိမ်မှာကပ်နေမိကြခြင်း၊ တရားအားထုတ်ရန် အိမ်မှ ထွက်သွားပြီးကာမှ 'ကိုယ်မရှိမဖြစ်လို့'ဟူသော အကြောင်းပြဖြင့် မကြာမီ အိမ်ပြန်ရောက်နေကြခြင်း၊ဥပုသ်ယူပြီး ညဉ့်စာထမင်းရှောင်ထားပြီးကာမှ နေလွဲကွမ်းစား လက်ဖက်ရည်သောက်နေမိကြခြင်း၊ ရဟန်းပြုပြီး လွတ်ရာလွတ်ကြောင်းရှာရင်း ထမင်းခြောက်လှန်းနေမိကြခြင်းတို့မှာလည်း ဤသံယောဇဉ်ကြိုးကြောင့်ပင်ဖြစ်သည်။ ဘဝလွတ်မြောက်ရေး ရှာလိုသူ၊ နိဗ္ဗာန်မျက်မှောက်ပြုလိုသူတို့သည် ထိုသံယောဇဉ်ကြိုးတို့ကို မရမနေ ဖြတ်ကြရပေလိမ့်မည်။ ထိုသို့သံယောဇဉ်ကြိုးကိုဖြတ်ရာ၌ မိမိသံယောဇဉ်က ခိုင်မာနေလျှင် အဖြတ်ရခက်၍၊ မခိုင်မာလျှင် အဖြတ်ရလွယ်ကူပေလိမ့်မည်။

၅၃ ဥဒါယီ။ ဥပမာသော်ကား ကိုယ်ပိုင်ဥစ္စာမရှိ၍ စည်းစိမ်ကင်းသော သူဆင်းရဲယောကျ်ားသည်ရှိ၏။ ထိုယောကျ်ားအား ဖရိုဖရဲပျက်စီး၍ ကျီးတသောသောနေသော စုတ်နုတ်သည့် အိမ်တစ်ဆောင်၊ ဖရိုဖရဲပျက်စီး၍ ထန်းလျှော်ဖြင့်ခက်ထားသော စုတ်နုတ်သည့် ခုတင်တစ်ခု၊ အိုးတစ်လုံး၌ထည့်ထားသော ညံ့ဖျင်းသည့်လူးစပါး ဘူးစေ့

ဖရုံစေ့ ရှိ၏။ အကျည်းတန်သော မယားတစ်ယောက်လည်းရှိ၏။ ထိုသူဆင်းရဲယောကျ်ားသည် လက်ခြေတို့ကို ဆေးကြောပြီးလျှင် နှစ်သက်ဖွယ်သောဇော်တို့ကို သုံးဆောင်ပြီးနောက် အေးချမ်းသော အရိပ်၌ ဘာဝနာအလုပ်ကို အားထုတ်ကာ ကျောင်းတိုက်တွင်းမှာ နေသောရဟန်းကို မြင်လေရာ၏။ 'အို–အချင်းတို့၊ ရဟန်း၏အဖြစ်သည် ချမ်းသာလေစွ၊ အနာကင်းလေစွ၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်ရုံ၍ အိမ်ရာထောင်သော လူ့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုရမှု ထိုသူမျိုးဖြစ်လေရာ၏'ဟု အကြံဖြစ်လေရာ၏။

ထိုသူဆင်းရဲယောကျ်ားသည် ဖရိုဖရဲပျက်စီး၍ ကျိုးတသောသောနေသော စုတ်နုတ်သောအိမ်ကို စွန့်ပယ်၍လည်းကောင်း၊ ဖရိုဖရဲပျက်စီး၍ ထန်းလျှော်ဖြင့်ခက်ထားသည့် စုတ်နုတ်သော ခုတင်ကို ပယ်စွန့်၍လည်းကောင်း၊ အိုးတစ်လုံး၌ထည့်ထားသည့် ညှော်ဖျင်းသော လူးစပါး ဘူးစေ့ဖရုံစေ့ကိုစွန့်ပယ်၍လည်းကောင်း၊ အကျည်းတန်မယားကို စွန့်ပယ်၍လည်းကောင်း၊ ရဟန်းဘောင်၌ ရဟန်းပြုခြင်းငှာ မတတ်နိုင်လေရာ။

ဥဒါယီ။ ထိုယောကျ်ားရဟန်းပြုရန် မတတ်နိုင်အောင်နှောင်ဖွဲ့ထားသော အနှောင်အဖွဲ့ကား ထို ယောကျ်ားအတွက် 'အားမရှိသော အနှောင်အဖွဲ့၊ အားနည်းသောအနှောင်အဖွဲ့၊ ဆွေးမြည့်သော အနှောင်အဖွဲ့၊ မမြဲသော အနှစ်မရှိသောအနှောင်အဖွဲ့သာ'ဟုဆိုလျှင် ကောင်းစွာ ဆိုခြင်းဖြစ်နိုင်သလော။

**ဥဒါယီ** မဖြစ်နိုင်ပါအရှင်ဘုရား။ ထိုယောကျ်ားရဟန်းပြုခြင်းငှာ မစွမ်းနိုင်အောင် နှောင်ဖွဲ့ထားသော အနှောင်အဖွဲ့ကား ထိုသူ့အတွက် အားရှိသော၊ မြဲမြံသော၊ ခိုင်ခံ့သော၊ မဆွေးမြည့်သော အနှောင်

အဖွဲ့ဖြစ်ပါသည်။ ကြီးစွာသောသစ်သားကောက်လည်း ဖြစ်ပါသည်။

၅၃ ဥဒါယီ၊ ဤအတူသာလျှင်'ဤတရားကို ပယ်စွန့်ကြကုန်လော့'ဟု ငါကဆိုသော်' ဤနည်းနည်းပါးပါးကလေးမှာအဘယ်မှာ ပြောပလောက်သနည်း၊ ခေါင်းပါးခြင်း၌ ကြောင့်ကြစိုက်လွန်းသည်'ဟု ဆိုကုန်၏။မလိုက်နာကြကုန်။ဥဒါယီ၊ထိုအချည်းနှီးသောယောကျ်ားတို့အား ထိုနည်းနည်းပါးပါးကလေးသည် အားကြီးသော၊ မြဲမြံသော၊ ခိုင်မာသော၊ မဆွေးမြည့်သောအနှောင်အဖွဲ့ဖြစ်၏။ ကြီးစွာသော သစ်သားကောက်လည်း ဖြစ်၏။

၅၃ ဥဒါယီ၊ ဥပမာသော်ကား–ကြွယ်ဝသော၊များသောဥစ္စာရှိသော၊ များသောစည်းစိမ်ရှိသော အရာမကသော ရွှေနိက္ခအပေါင်း၊ အရာမကသောစပါးအပေါင်း၊ အရာမကသော လယ်မြေအပေါင်း၊ အရာမကသော ယာမြေအပေါင်း၊ အရာမကသော မယားအပေါင်း၊ အရာမကသော ကျွန်ယောကျ်ားအပေါင်း၊ အရာမကသော ကျွန်မိန်းမအပေါင်းတို့ကို ဆည်းပူးထားသော သူကြွယ်သည်လည်းကောင်း၊ သူကြွယ်သားသည်လည်းကောင်းရှိ၏။

ထိုသူကြွယ် သို့မဟုတ် ထိုသူကြွယ်သားသည် လက်ခြေတို့ကို ဆေးကြောပြီးလျှင် နှစ်သက်ဖွယ် ဘောဇဉ်ကို သုံးဆောင်ပြီးနောက် အေးချမ်းသောအရိပ်၌ ဘာဝနာကို အားထုတ်ကာ ကျောင်းတိုက်မှာ နေသောရဟန်းကို မြင်လေရာ၏။ ထိုသူကြွယ်၊ သို့မဟုတ် ထိုသူကြွယ်သားအား 'အချင်းတို့၊ ရဟန်း၏အဖြစ်သည် ချမ်းသာလေစွ၊ အနာကင်းလေစွ၊ ငါသည် ဆံမုတ်ဆိတ်ကိုပယ်ပြီး ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကိုဝတ်ရုံ၍ ရဟန်းဘောင်၌ ရဟန်းပြုရမူ ထိုသူမျိုးဖြစ်လေရာ၏'ဟု အကြံဖြစ်ရာ၏။

ထိုသူကြွယ် သို့မဟုတ် ထိုသူကြွယ်သားသည် အရာမကသော

ရွှေနိက္ခအပေါင်း၊ အရာမကသောစပါးအပေါင်း၊ အရာမကသော လယ်မြေအပေါင်း၊ အရာမကသော ယာမြေအပေါင်း၊ အရာမက သော မယားအပေါင်း၊ အရာမကသော ကျွန်ယောကျ်ားအပေါင်း၊ အရာမကသော ကျွန်မိန်းမအပေါင်းတို့ကို ပယ်၍ ရဟန်းဘောင်၌ ရဟန်းပြုခြင်းငှာ စွမ်းနိုင်ရာ၏။

ဥဒါယီ၊ ရဟန်းပြုခြင်းငှာ စွမ်းနိုင်အောင် နှောင်ဖွဲ့ထားသော အနှောင်အဖွဲ့ကား ထိုသူကြွယ် သို့မဟုတ် ထိုသူကြွယ်သားအတွက် 'အားရှိသော၊ မြဲမြံသော၊ မဆွေးမြည့်သောအနှောင်အဖွဲ့ဖြစ်၏။ ကြီးစွာသော သစ်သားကောက်လည်းဖြစ်၏'ဟုဆိုအံ့၊ ကောင်းစွာ ဆိုခြင်းဖြစ်သလော။

**ဥဒါယီ** မဖြစ်ပါအရှင်ဘုရား။ အားမရှိသော၊ အားနည်းသော၊ ဆွေးမြည့် သော၊ အနှစ်မရှိသော အနှောင်အဖွဲ့သာဖြစ်ပါသည်။

၄၃ ဥဒါယီ၊ ဤအတူသာလျှင် 'ဤအရာကို ပယ်စွန့်ကြ'ဟု ငါက ဆိုသော် အမျိုးကောင်းသားတို့သည် 'မြတ်စွာဘုရားက ငါတို့အား ပယ်ရမည်၊ စွန့်ရမည်'ဟု ဟောသော ဤနည်းနည်းပါးပါး ကလေး မျှဖြစ်သော ပယ်စရာသည် အဘယ်မှာ မပြောပလောက်ဘဲ ရှိအံ့နည်း' ဟု ဆိုကြကုန်၏။အမျိုးကောင်းသားတို့သည် ထိုအရာကိုလည်း ပယ်စွန့်ကြကုန်၏။ ငါ၌လည်းကောင်း၊ သိက္ခာသုံးပါးကို အလိုရှိ ကုန်သော ရဟန်းတို့၌လည်းကောင်း မကျေနပ်မှုမဖြစ်ကုန်။ ထိုသူ တို့သည် ထိုအရာတို့ကို ပယ်စွန့်ကြကုန်၍ ကြောင့်ကြမစိုက်ဘဲ မာန်ကျကုန်လျက် သူတစ်ပါးပေးသောဝတ္ထုဖြင့် အသက်မွေးကြ ကာ သားသမင်သဖွယ်စိတ်ထားဖြင့်နေကြကုန်၏။ဥဒါယီ၊ ထိုသူ တို့အား ထိုအရာသည် အားနည်းသော၊ ဆွေးမြည့်သော၊ အနှစ် မရှိသော အနှောင်အဖွဲ့ဖြစ်၏။[၁]

၁။ မဇ္ဈိမပဏ္ဏာသ။ ၁၁၄၊ ၁၁၅၊ ၁၁၆။

ဘုရားရှင်၏ဤဟောပြောချက်ကိုကြည့်က သံယောဇဉ်ဖြတ် နိုင်, မဖြတ်နိုင်ဆိုသည်မှာအစွဲခံ ကာမဂုဏ်ဝတ္ထုအနည်းအများက မပြဋ္ဌာန်း၊ စွဲလမ်းတတ်သည့် မိမိစိတ်ကသာ ပြဋ္ဌာန်းကြောင်း သိရာသည်။

ထို့ကြောင့် မိမိစိတ်က ဖြတ်နိုင်လျှင် သံယောဇဉ်ပြတ်မည်၊ မိမိစိတ်က ပျော့ညံ့ပြီး သားငဲ့ သမီးငဲ့ ဇနီးငဲ့ ဆွေမျိုးငဲ့ ပစ္စည်းဥစ္စာ ငဲ့နေလျှင်ကား သံယောဇဉ်ပြတ်မည်မဟုတ်။ ရေညာဆန် ပဋိသောတဂါမီ ပုဂ္ဂိုလ် မဖြစ်နိုင်၊ ရေစုန်မျောသည့် အနုသောတဂါမီ[၁] ပုဂ္ဂိုလ်သာဖြစ်နိုင်၍ သံသရာလည်ပေဦးမည်။

အလောင်းတော်ကုဒါလပဏ္ဍိတသည် ပေါက်တူးတစ်လက်ဖြင့် အသက်မွေးဝမ်းကျောင်းနေရာမှ သံဝေဂရ၍ ပေါက်တူးကို တစ်နေရာတွင် သိမ်းထားပြီး ရသေ့ပြု၏။ ထိုနောက် များမကြာမီ မိမိထားခဲ့သည့် ပေါက်တူးအပေါ် နှမြောတွယ်တာမှုကြောင့် လူထွက်ကာ ပေါက်တူးဖြင့် လုပ်ကိုင်စားပြန်၏။ ဤသို့ရသေ့ပြုလိုက်၊ လူထွက်လိုက်ဖြင့် ခြောက်ကြိမ်ရှိသွားရာ 'ဤပေါက်တူးကြောင့် လူထွက်ရသည်မှာ ခြောက်ကြိမ်ရှိပြီ၊ ဤတစ်ကြိမ် လူမထွက်ဖြစ်အောင်ပြုအံ့'ဟုကြံပြီး မြစ်ဆိပ်သို့သွား၍ မျက်စိစုံမှိတ်ပြီး ပေါက်တူးကို မြစ်တွင်းသို့ အားကုန်ပစ်လိုက်လေ၏။ ထို့နောက် 'နိုင်ပြီ၊ နိုင်ပြီ'ဟု အော်ဟစ်လေ၏။ ထိုအသံကို ပစ္စန္တ ရာဇ်မှ သူပုန်ရန်ကို နှိမ်နင်းပြီး အောင်မြင်၍ ပြန်လာသော ဗာရာဏသီမင်းကြား၍ မေးရာ–

'မင်းမြတ်၊ သင်၏ သူပုန်ရန်ကို အောင်နိုင်မှုကား ရန်သူက ပြန်နိုင်ရန် အကြောင်းရှိ၍ အကောင်းဆုံးအောင်နိုင်ခြင်း မဖြစ်နိုင်။ ကျွန်ုပ်၏ သံယောဇဉ် အောင်နိုင်မှုသည်သာ ရန်သူကပြန်နိုင်ရန် အကြောင်းမရှိသဖြင့် အကောင်းဆုံး အောင်နိုင်ခြင်းမည်ပေသည်'ဟု မိန့်ကြားပြီး

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ ၃၁၁။

မင်းအား တရားဟောလေသည်။ အလောင်းတော်သည် ဈာန်အဘိညာဉ်ဖြင့် အသက်ထက်ဆုံးနေထိုင်ကာ စုတေသည့်အခါ ဗြဟ္မာ့ပြည်သို့ လားရောက်ရလေ၏။[၁]

ဤဝတ္ထု၌ အလောင်းတော်၏ သံယောဇဉ်ဖြတ်ပုံကို နမူနာယူ၍ 'အိမ်မှာလည်း တရားအားထုတ်ဖြစ်တာပဲ'ဟူ၍လည်းကောင်း၊ 'ငါမရှိ မဖြစ်ဘူး'ဟူ၍လည်းကောင်း၊ 'ဒါလောက်ကလေးနှင့် မပြောပလောက်ပါဘူး'ဟူ၍လည်းကောင်း၊ သံယောဇဉ်၏ရှေ့နေလုပ်ကာ ဆင်ခြေမလဲဘဲ ဝိဝေကဖြစ်လောက်ရာဌာနသို့ ထွက်သွားကပ်ရောက်၍ အားထုတ်သင့်ကြပေသည်။

'အဂိလာန၊ ထကြွသွားလား၊ တက်အားသောခါ၊ ရတနာသုံးဦး၊ ကိုယ်တိုင်ဖူးလော့၊ ညွတ်နူးစေတနာ၊ နှလုံးသာတည့်၊ ပဓာနရှင့်၊ ဝေးကသော်လည်း၊ ကော်ရော်တသီး၊ အကျိုးကြီးဟု၊ ရိုးရိုးရိုးရာ၊ အိမ်ကိုတာ၍၊ သဒ္ဓါရှုပ်တွ၊ ကာယသမ္ပတ်၊ မရောက်တတ်ဘဲ၊ မဖင့်နွဲ့နှင့်။'

(ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၊ ပိုဒ်ရေ-၁၃)။

## အားထုတ်မှ ရမည်

ဘဝဆင်းရဲကို ဖြစ်ပေါ်စေသည့် အကြောင်းရင်း ကိလေသာဓာတ်တို့သည် ကျွန်ုပ်တို့သန္တာန်၌ အနမတဂ္ဂ သံသရာမှစ၍ ဆက်ကာဆက်ကာ ထပ်ကာထပ်ကာ ဖြစ်ပေါ်ခဲ့ပြီးသော တရားများဖြစ်သည်။ အဖြစ်များလှပြီဖြစ်သော ထို ကိလေသာတရားတို့ကို ခွာထုတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် 'နိဗ္ဗာန်ရလျှင်ကောင်းမှာပဲ'ဟု တောင့်တနေရုံ၊ 'နိဗ္ဗာန်ရလိုပါ၏'ဟု ဆုတောင်းနေရုံဖြင့် ရနိုင်မည်မဟုတ်ပေ။

---

၁။ ဇာတ်အဋ္ဌကထာ၊ ပဌမ။ ၃၃၀၊ ၃၃၁။

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော သိက္ခာသုံးပါးကို မနေမနား ပွားများအားထုတ်ကြရပေလိမ့်မည်။ ဘုရားရှင်က–

'ရဟန်းတို့၊ ဥပမာသော်ကား ကြက်မ၌ ရှစ်လုံးသော်လည်းကောင်း၊ ၁၀–လုံးသော် လည်းကောင်း၊ ၁၂–လုံးသော် လည်းကောင်း ဖြစ်ကုန်သော ဥတို့သည် ရှိကုန်၏။ ကြက်မသည် ထိုဥတို့ကို ကောင်းစွာမဝပ်ကုန်ဘဲ၊ ထက်ဝန်းကျင်မှ ကောင်းစွာအငွေ့မပေးအပ်ကုန်ဘဲ၊ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့ကို မထုံစေအပ်ကုန်ဘဲ၊ ငါ၏ကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်သော်လည်းကောင်း၊ နှုတ်သီးဖျားဖြင့်သော်လည်း ကောင်း၊ ဥခွံကိုခွဲပြီး ချမ်းသာစွာပေါက်ဖွားလာကြကုန်မူ ကောင်းလေစွ'ဟု တောင့်တရုံဖြင့် ထိုကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်သော်လည်းကောင်း၊ နှုတ်သီးဖျားဖြင့်သော်လည်းကောင်း ဥခွံကိုခွဲပြီး ပေါက်ဖွားရန် မဖြစ်နိုင်။

'ဘာကြောင့်နည်း။ ကြက်မသည် မိမိ၏ဥတို့ကို ကောင်းစွာမဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့တို့ကို မပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကြက်နံ့ကို ကောင်းစွာ မထုံစေအပ်ကုန်သောကြောင့် ဖြစ်သည်။

'ရဟန်းတို့၊ ဤအတူသာလျှင် ဘာဝနာကို အားမထုတ်ဘဲ ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပါမူကား ကောင်းလေစွဟု တောင့်တသော်လည်း ထိုရဟန်း၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်နိုင်။ ဘာကြောင့်နည်း။ ထို သတိပဋ္ဌာန် စသောတရားတို့ကို ပွားများမှုမရှိသောကြောင့်တည်း။'[၁]

ဤသို့ ဘာဝနာအလုပ်ကို အားမထုတ်ဘဲ ထိုင်ပြီး တောင့်တနေရုံဖြင့် ဝဋ်ဒုက္ခ မငြိမ်းနိုင်ကြောင်း၊ နိဗ္ဗာန်မရနိုင်ကြောင်း ရှင်းလင်းထားပေသည်။

ဤသဘောကိုပင် ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီးက ဤသို့ အမိန့်ရှိဖူးသည်။

---

၁။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ ၄၉၃။

'တောမယ် လူတွေထမ်းပိုးတို့၊ ယောက်မတို့စတာတွေကို 'လောင်း' ပြီး ကျပ်ခိုးစင်တင်ထားကြတယ်။ ဒီထမ်းပိုးလောင်း၊ယောက်မ လောင်းတို့ကို အပြီးသတ်အောင် မပြုလုပ်မချင်း ထမ်းပိုးလောင်းဘဝက ယောက်မလောင်း ဘဝက မတက်ဘူး။

'ဒီလိုပဲ၊'နိဗ္ဗာန်ရလိုပါ၏'လို့ သာမညဆုတောင်းထားရင် 'ပကတိ သာဝကလောင်း'လို့ဆိုရပါရဲ့။ မဟာသာဝကဆုတောင်းထားရင် 'မဟာ သာဝကလောင်း'လို့ ဆိုရပါရဲ့။ အဂ္ဂသာဝက ပစ္စေကဗောဓိ ဆုတောင်း ထားရင်လဲ 'အဂ္ဂသာဝကလောင်း၊ ပစ္စေကဗုဒ္ဓါလောင်း'လို့ ဆိုရပါရဲ့။ သမ္မာသမ္ဗောဓိ ဆုတောင်းထားရင်လဲ 'သမ္မာသမ္ဗောဓိ ဘုရားအလောင်း' ပါပဲ။ သို့သော် လိုတဲ့ဆုကို တောင်းရုံတောင်းပြီး ပစ်ထားရင်တော့ အလောင်း ဘဝက တက်မှာမဟုတ်ဘူး'ဟု–

'နိဗ္ဗာန်ရလိုပါ၏'ဟု ဆုမတောင်းသော်လည်း နိဗ္ဗာန်ရောက်ကြောင်း ဘာဝနာအလုပ်ကို အားထုတ်ပါက ကိလေသာကင်းကွာပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်သာဖြစ်ကြောင်းကို ဘုရားရှင်က ဖော်ပြမည့်အတိုင်း ရှင်းလင်းမိန့်ကြားတော်မူလေသည်။

'ရဟန်းတို့၊ ဥပမာသော်ကား ကြက်မ၌ ရှစ်လုံးသော်လည်းကောင်း၊ ၁၀–လုံးသော်လည်းကောင်း၊ ၁၂–လုံးသော် လည်းကောင်း ဖြစ်ကုန်သော ဥတို့သည်ရှိကုန်၏။ ကြက်မသည် ထိုဥတို့ကို ကောင်းစွာ ဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာအငွေ့ကိုပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာကြက်နံ့တို့ကို ထုံစေအပ်ကုန်သော် 'ငါ၏ ကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်သော်လည်းကောင်း၊ နှုတ်သီးဖျားဖြင့်သော်လည်းကောင်း ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားပါမူကား ကောင်းလေစွ'ဟု မတောင့်တသော်လည်း ထိုကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်သော် လည်းကောင်း၊ နှုတ်သီးဖျားဖြင့်သော်လည်းကောင်း ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားထိုက်သည်သာတည်း။

'ဘာကြောင့်နည်း၊ ကြက်မသည် ဥတို့ကိုကောင်းစွာဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ကိုပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့တို့ကို ထုံစေအပ်ကုန်သောကြောင့်တည်း။

'ရဟန်းတို့၊ ဤအတူသာလျှင် ဘာဝနာကို ပွားများအားထုတ်လျက်နေသောရဟန်းအား 'ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပါမူကား ကောင်းလေစွ'ဟု တောင့်တမှု မပြုသော်လည်း ရဟန်း၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်၏။[၁]

ထိုသို့ဘဝအဆက်ဆက် သံသရာအဆက်ဆက်က အထပ်ထပ် အခါခါ အဖြစ်များလာခဲ့သောကိလေသာတို့ကို ဘာဝနာအလုပ်ဖြင့် ဖယ်ထုတ်ဖျက်ဆီးရာ၌ မည်သည့်နေ့က ကိလေသာမည်မျှလောက် ကုန်သည်၊ ငါ၏သန္တာန်၌ ကိလေသာ မည်မျှလောက်သာကျန်ရှိတော့သည် စသည်ဖြင့် မသိနိုင်ပေ။ ကုန်မှသာ 'ကုန်ပြီ'ဟုသိရပေသည်။ ထိုအကြောင်းကို ဘုရားရှင်က—

'ရဟန်းတို့၊ ဥပမာအားဖြင့် လက်သမား၏သော်လည်းကောင်း၊ လက်သမားတပည့်၏သော်လည်းကောင်း ပဲခွပ်အရိုး၌ လက်ချောင်းရာတို့သည် ထင်ကုန်၏။ လက်မရာသည်ထင်၏။ ထိုသူအား 'ယနေ့ ငါ၏ပဲခွပ်ရိုးသည် ဤမျှလောက် ကုန်၏၊ ယမန်နေ့ကမူကား ဤမျှအထိ ကုန်ခဲ့၏၊ အခြားနေ့ကမူ ဤမျှလောက်ကုန်ခဲ့၏'ဟု မသိ။ စင်စစ်မူကား ထိုသူအား ကုန်ပြီးသောပဲခွပ်ရိုး၌'ကုန်ပြီ'ဟုသာသိ၏။

'ရဟန်းတို့၊ ဤအတူ ဘာဝနာအားထုတ်သောရဟန်းအား 'ယနေ့ ငါ၏အာသဝေါကုန်ခြင်းသည် ဤမျှရှိ၏၊ ယမန်နေ့ကမူကား ဤမျှအထိ ကုန်ခဲ့၏၊ အခြားတစ်နေ့ကမူ ဤမျှလောက်ကုန်ခဲ့၏ဟု မသိ။ စင်စစ် ထိုရဟန်းအား အာသဝေါတရားကုန်ရာ၌ 'ကုန်ပြီ' ဟူ၍သာသိ၏'[၂] ဟု ဥပမာဖြင့် ထင်ရှားစွာ မိန့်တော်မူသည်။

---

၁။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ ၄၉၄။ ၂။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ ၄၉၄။

ထို့ကြောင့် ကိလေသာကုန်အောင် အားထုတ်ဖို့အတွက် 'အချိန်ကာလ မည်မျှကြာလိမ့်မည်'ဟုမသိနိုင်ပေ။ သောတာပန်ဖြစ်မည့်ရက်၊ သကဒါဂါမ်ဖြစ်မည့်ရက်၊ အနာဂါမ်ဖြစ်မည့်ရက်၊ ရဟန္တာဖြစ်မည့် ရက် တွက်ချက်သတ်မှတ်၍မရနိုင်ပေ။ မိမိ၏ပါရမီဉာဏ်အား၊ ဝီရိယစွမ်းအား အလျောက်သာ အချိန်ကာလအတိုအရှည် အနည်းအများ ရှိကြရပေသည်။ အချို့ တစ်ထိုင်တည်းဖြင့် လေးမဂ်လေးဖိုလ်၊ အချို့သုံးမဂ်သုံးဖိုလ်၊ အချို့နှစ်မဂ်နှစ်ဖိုလ်၊ အချို့တစ်မဂ်တစ်ဖိုလ်ရကြသကဲ့သို့ အချို့ရက်ပေါင်းများစွာ လပေါင်းများစွာ နှစ်ပေါင်းများစွာ အားထုတ်သော်လည်း တစ်မဂ်တစ်ဖိုလ်မျှ မရနိုင်အောင်ရှိကြရသည်။

ထို့ကြောင့် သမုဒ္ဒရာပင်လယ်ဝလှိုင်း အတွင်း မုန်တိုင်းမိသော သင်္ဘောသားတို့၏ ညို့ညို့မှိုင်းမှိုင်း မင်းနေပြည်ကြီးကို တစ်ပိုင်းတစ်ခြမ်း ရော်ရမ်းမိသောအခါ လွန်စွာဝမ်းမြောက်ဝမ်းသာ အားထုတ်အပ်သော ဝီရိယကဲ့သို့ 'ကာမစ္ဆန္ဒလှိုင်း အဝိဇ္ဇာမုန်တိုင်း ကြီးလှသေးသည်၊ ပါရမီ နုလှသေးသည်'ဟု လက်လျှော့ဝန်ချ မရှိရဘဲ ဤမျှလောက် ရအပ်ပြီးသော မနုဿတ္တ၊ ပဗ္ဗဇိတဒုလ္လဘ၊ နဝမကာလကိုလှလှရခြင်းဟူသော နိဗ္ဗာန် မြို့ရိုးကို ရော်ရမ်းမှန်းတမ်းမိကြပြီးရှိသည့်အတိုင်း ဆုတ်ဆိုင်းမရှိ အလီန ဝီရိယ၊ စတုရင်္ဂဗလဝါယာမဖြင့် ကြိုးပမ်းကြရန်သာဖြစ်ပေသည်။

'ရဟန်းတို့၊ လယ်သမားယောက်ျားသည် အချိန်အခါ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ပြုအပ်သည့်အရာ သုံးမျိုးရှိ၏။ ထွန်ရေးငင်ခြင်း၊ ကြဲချစိုက်ပျိုးခြင်း၊ ရေသွင်းရေထုတ်ပြုလုပ်ခြင်းတို့ဖြစ်၏။ သို့သော် ထိုလယ်သမားယောက်ျားသည် 'ယနေ့ငါ၏စပါးတို့ ပေါက်ကြပါစေ၊ မနက်ဖြန်ဖုံးလုံးကြပါစေ၊ သန်ဘက်ခါမှည့်ကြပါစေ'ဟု ပြုလုပ်နိုင်သည့် အစွမ်းသတ္တိ မရှိပေ။ ဥတုရင့်ကျက်မှုအလျောက်သာ ထိုစိုက်ပျိုးပြီး သီးနှံတို့ ပေါက်ကြရ သီးကြရ ရင့်ကြ မှည့်ကြရ၏။

'ထို့အတူ ရဟန်းသည် အချိန်နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ပြုလုပ်အပ်သောအရာ သုံးမျိုးရှိ၏။ အဓိသီလသိက္ခာကို ဖြည့်ကျင့်ခြင်း၊ အဓိစိတ္တသိက္ခာကို ဖြည့်ကျင့်ခြင်း၊ အဓိပညာသိက္ခာကို ဖြည့်ကျင့်ခြင်းတို့ ဖြစ်၏။ သို့သော် ထိုရဟန်းသည် 'ယနေ့ပင်၊ သို့မဟုတ် မနက်ဖြန်ခါပင်၊ သို့မဟုတ် သန်ဘက်ခါပင် ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ပါစေ'ဟု ပြုလုပ်နိုင်သည့် အစွမ်းသတ္တိ မရှိပေ။

'ထို့ကြောင့် အဓိသီလဖြည့်ကျင့်ခြင်း၌ ဆန္ဒထက်မြက်စေမည်၊ အဓိစိတ္တသိက္ခာ ဖြည့်ကျင့်ခြင်း၌ ဆန္ဒထက်မြက်စေမည်၊ အဓိပညာသိက္ခာ ဖြည့်ကျင့်ခြင်း၌ ဆန္ဒထက်မြက်စေမည်'ဟုသာ အားစိုက်ကျင့်သုံးအပ်၏။'[၁]

ဤသို့ တရားအားထုတ်ရာ၌ ခု,ရေတွင်းတူး၊ ခု,ရေကြည်သောက်ရန် မဖြစ်နိုင်၊ အချိန်ကာလစောင့်ရမည်။ ထက်သန်သောဆန္ဒဖြင့် အားထုတ်ရန်သာ အရေးကြီးသည်ဆိုသဖြင့် 'ကိလေသာတရားတို့ကို အကြွင်းမဲ့ ပယ်သတ်ရာ၌ အခက်အခဲတွေ့လိမ့်မည်'ဟု မမှတ်အပ်။ မိမိတို့ အခြေခံ ပါရမီ ဝီရိယစွမ်းရည်အလျောက် အချိန်ရောက်ကအလွယ်တကူပင် 'ကတံ ကရဏီယံ=ကိစ္စပြီးပြီ'ဟု ပြောနိုင်မည်ဖြစ်ကြောင်းကို–

'ရဟန်းတို့၊ ဥပမာအားဖြင့် ခြောက်လတို့ပတ်လုံး ရေ၌ လှည့်လည်သွားလာ၍ ဆောင်းအခါ ကုန်း၌တင်ထားအပ်သောကြိမ်ဖြင့်ဖွဲ့နှောင်ပြုလုပ်ထားသည့် သမုဒ္ဒရာသွားလှေ၌ လေပူနေပူတို့ တွေ့ထိနှိပ်စက် အပ်ကုန်သော ကြိမ်အဖွဲ့တို့သည် မိုးကြီးသည်းစွာရွာသွန်းအပ်သည်ဖြစ်၍ မခက်ခဲဘဲသာ ဆုတ်ယုတ်ကုန်၏။ ဆွေးမြည့်ကုန်၏။

ရဟန်းတို့၊ ဤအတူသာလျှင် ဘာဝနာကို အားထုတ်၍ နေသောရဟန်းအား မခက်ခဲဘဲ သံယောဇဉ်တို့သည် ငြိမ်းအေးကုန်၏။ ဆွေးမြည့်ခြင်းသို့ ရောက်ကုန်၏'[၂]

ဟု ဥပမာဖြင့် ရှင်းလင်းမိန့်ကြားတော်မူထားပေသည်။

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ ၂၄၁၊၂၄၂။ ၂။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ ၉၉၄။

ထို့ကြောင့် ဘဝဒုက္ခငြိမ်းအေး နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရေးအတွက် ဆုတောင်းနေရုံဖြင့် မရနိုင်ပုံကိုလည်းကောင်း၊ ဆုမတောင်းသော်လည်း နည်းမှန်လမ်းကျ အားထုတ်ပါက ကိစ္စပြီးနိုင်ပုံကိုလည်းကောင်း၊ 'မည်မျှကြာအောင် အားထုတ်ရမည်'ဟု မခန့်မှန်းနိုင်သော်လည်း ထက်သန်သော ဆန္ဒဖြင့် အားထုတ်ပါက အလွယ်တကူပင် ကိစ္စပြီးနိုင်ပုံကိုလည်းကောင်း၊ သိကြရပြီးဖြစ်သည့်အတိုင်း မိမိတို့ ရည်ရွယ်ရင်းရှိသည့် အငြိမ်းဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် မလျှော့သော ဆန္ဒဖြင့် အားထုတ်ကြရန်သာ ရှိပေတော့သည်။

## ကိလေသာဝင်ရာလမ်းကြောင်းများ

အငြိမ်းဓာတ်နိဗ္ဗာန်ကို လိုချင်လျှင် ဘဝကို ပယ်ရမည်။ ဘဝကိုပယ်လိုလျှင် ကံကို ပယ်ရမည်။ ကံကိုပယ်လိုလျှင် ကိလေသာဝဋ်ကို ပယ်ရမည်ဟု သိကြရပြီ။ ကိလေသဝဋ်ကိုပယ်ရန် သိက္ခာသုံးပါးကို ကျင့်သုံးရမည်ဟုလည်း သိကြရပြီ။ ထို့ကြောင့် အဓိသီလသိက္ခာဖြင့် တန့်ရပ်စေ၍ အဓိစိတ္တသိက္ခာဖြင့် မဖြစ်အောင်တားမြစ်ကာ အဓိပညာသိက္ခာဖြင့် နုတ်ပယ်ရမည့် ကိလေသဝဋ်တို့ ကျွန်ုပ်တို့သန္တာန်သို့ မည်သို့မည်ပုံ ရောက်လာကြသည်တို့ကို လေ့လာကြကုန်အံ့။ ကိလေသာဝင်ရာလမ်း ကြောင်းတို့ကို ကြည့်ကြကုန်အံ့။ ကိလေသာဝင်ရောက်ပေါ်ပေါက်လာလျှင် ကံပေါ်လာကြောင်း သိကြကုန်အံ့။

ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ အတွေ့အထိအမျိုးမျိုး၊ ဓမ္မာရုံအမျိုးမျိုးနှင့် တွေ့ကြုံနေကြရ၏၊ ထိုအာရုံတို့နှင့်စပ်၍ စိတ်ချမ်းသာသည့်အခါ ချမ်းသာကြရ၏၊ စိတ်ဆင်းရဲသည့်အခါ ဆင်းရဲကြရ၏၊ ချမ်းသာဆင်းရဲ မဝေခွဲနိုင်သည့်အဖြစ်နှင့်ကြုံသည့်အခါ ကြုံကြရ၏။

မျက်စိဖြင့် နှစ်သက်ဖွယ်အဆင်းကိုတွေ့မြင်ကြရသည့်အခါ စိတ်ချမ်းသာကြရ၏၊ ထို့ကြောင့် နှစ်သက်စွဲလမ်းမိကြ၏၊ အဆင်းလှကြောင်း တတမ်းတတပြောဆိုမိကြ၏၊ မျိုမတတ်မက်မောမိကြ၏၊ ထိုအခါ ဣန္ဒြိပ်တို့သန္တာန်၌ မျက်စိမှ တဏှာလောဘဝင်ရောက် အခြေစိုက်မိပြီးဖြစ်တော့၏။

နားဖြင့်နှစ်သက်ဖွယ်အသံကို ကြားရသည့်အခါ စိတ်ချမ်းသာကြရ၏၊ ထို့ကြောင့် နှစ်သက်စွဲလမ်းမိကြ၏၊ အသံကောင်းကြောင်း တတမ်းတတ ပြောဆိုမိကြ၏၊ မျိုမတတ်မက်မောမိကြ၏၊ ထိုအခါ ဣန္ဒြိပ်တို့သန္တာန်၌ နားမှ တဏှာလောဘဝင်ရောက်အခြေစိုက်မိပြီး ဖြစ်တော့၏။

နှာခေါင်းဖြင့် နှစ်သက်ဖွယ် ရနံ့ကို ရှူရှိုက်ရသည့်အခါ စိတ်ချမ်းသာကြရ၏၊ ထို့ကြောင့် နှစ်သက်စွဲလမ်းမိကြ၏၊ ရနံ့မွှေးကြောင်း တတမ်းတတ ပြောဆိုမိကြ၏၊ မျိုမတတ်မက်မောမိကြ၏၊ ထိုအခါ ဣန္ဒြိပ်တို့သန္တာန်၌ နှာခေါင်းမှ တဏှာလောဘ ဝင်ရောက်အခြေစိုက်မိပြီးဖြစ်တော့၏။

လျှာဖြင့် နှစ်သက်ဖွယ်အရသာကို လျက်ရသည့်အခါ စိတ်ချမ်းသာကြရ၏၊ ထို့ကြောင့် နှစ်သက်စွဲလမ်းမိကြ၏၊ အရသာထူးကြောင်း တတမ်းတတ ပြောဆိုမိကြ၏၊ မျိုမတတ် မက်မောမိကြ၏၊ ထိုအခါ ဣန္ဒြိပ်တို့သန္တာန်၌ လျှာမှ တဏှာလောဘဝင်ရောက်အခြေစိုက်မိပြီး ဖြစ်တော့၏။

ကိုယ်ဖြင့် နှစ်သက်ဖွယ် အထိအတွေ့ကို ထိရတွေ့ရသည့်အခါ စိတ်ချမ်းသာကြရ၏၊ ထို့ကြောင့် စွဲလမ်းမိကြ၏၊ အထိအတွေ့ နူးညံ့ကြောင်း တတမ်းတတပြောဆိုမိကြ၏၊ မျိုမတတ်မက်မောမိကြ၏၊ ထိုအခါ ဣန္ဒြိပ်တို့သန္တာန်၌ ကိုယ်မှ တဏှာလောဘ ဝင်ရောက်အခြေစိုက်မိပြီး ဖြစ်တော့၏။

စိတ်ဖြင့် နှစ်သက်ဖွယ်လောကီအာရုံကိုတွေ့ထိရသည့်အခါ စိတ်ချမ်းသာကြရ၏၊ ထို့ကြောင့် နှစ်သက်စွဲလမ်းမိကြ၏၊ ထိုအာရုံကောင်းကြောင်း

တတမ်းတတ ပြောဆိုမိကြ၏၊ မျိုမတတ် မက်မောမိကြ၏၊ ထိုအခါ ကျွန်ုပ်တို့သန္တာန်၌ စိတ်မှ တဏှာလောဘဝင်ရောက်အခြေစိုက်မိပြီး ဖြစ်တော့၏။

မျက်စိဖြင့် မနှစ်သက်ဖွယ်အဆင်းကို တွေ့မြင်ကြရသည့်အခါ စိတ်ဆင်းရဲကြရ၏၊ ထို့ကြောင့် စိုးရိမ်ကြရ၊ ပင်ပန်းကြရ၊ ငိုသည့်အခါ ငိုကြရ၏၊ ရင်ဘတ်စည်တီးဖြစ်ကြရ၏၊ မေ့မြောသည့်အဖြစ်သို့ ရောက်သည့်အခါ ရောက်ကြရ၏၊ ထိုအခါ မျက်စိမှ ပဋိဃာနုသယခေါ်သည့် ဒေါသတရားဝင်ရောက်ပြီး ဖြစ်တော့၏။

နားဖြင့် မနှစ်သက်ဖွယ်အသံကို ကြားရသည့်အခါ စိတ်ဆင်းရဲကြရ၏၊ ထို့ကြောင့် စိုးရိမ်ကြရ၊ ပင်ပန်းကြရ၊ ငိုသည့်အခါငိုကြရ၏၊ ရင်ဘတ်စည်တီး ဖြစ်ကြရ၏၊ မေ့မြောသည့်အဖြစ်သို့ ရောက်သည့်အခါ ရောက်ကြရ၏၊ ထိုအခါ နားမှ ပဋိဃာနုသယခေါ်သည့် ဒေါသတရား ဝင်ရောက်ပြီး ဖြစ်တော့၏။

နှာခေါင်းဖြင့် မနှစ်သက်ဖွယ်အနံ့ကို နမ်းရှူကြရသောအခါ စိတ်ဆင်းရဲကြရ၏။ထို့ကြောင့် စိုးရိမ်ကြရ၊ ပင်ပန်းကြရ၊ ငိုသည့်အခါ ငိုကြရ၏။ ရင်ဘတ်စည်တီး ဖြစ်ကြရ၏။ မေ့မြောသည့်အဖြစ်သို့ ရောက်သည့်အခါ ရောက်ကြရ၏။ ထိုအခါ နှာခေါင်းမှ ပဋိဃာနုသယခေါ်သည့် ဒေါသတရား ဝင်ရောက်ပြီးဖြစ်တော့၏။

လျှာဖြင့် မနှစ်သက်ဖွယ်အရသာကို လျက်ကြရသောအခါ စိတ်ဆင်းရဲကြရ၏။ ထို့ကြောင့် စိုးရိမ်ကြရ၊ ပင်ပန်းကြရ၊ ငိုသည့်အခါ ငိုကြရ၏။ ရင်ဘတ်စည်တီးဖြစ်ကြရ၏။ မေ့မြောသည့်အဖြစ်သို့ရောက်သည့်အခါရောက်ကြရ၏။ ထိုအခါ လျှာမှ ပဋိဃာနုသယခေါ်သည့် ဒေါသတရားဝင်ရောက်ပြီးဖြစ်တော့၏။

ကိုယ်ဖြင့် မနှစ်သက်ဖွယ် အထိအတွေ့ကို တွေ့ထိရသောအခါ စိတ်ဆင်းရဲကြရ၏။ ထို့ကြောင့် စိုးရိမ်ကြရ၊ ပင်ပန်းကြရ၊ ငိုသည့်အခါ ငိုကြရ၏။ ရင်ဘတ်စည်တီး ဖြစ်ကြရ၏။ မေ့မြောသည့်အဖြစ်သို့ ရောက်သည့်အခါရောက်ကြရ၏။ ထိုအခါ ကိုယ်မှ ပဋိဃာနုသယခေါ်သည့် ဒေါသတရားဝင်ရောက်နေပြီးဖြစ်တော့၏။

စိတ်ဖြင့် မနှစ်သက်ဖွယ်လောကီအာရုံကို ကြံသိရသောအခါ စိတ်ဆင်းရဲကြရ၏။ ထို့ကြောင့် စိုးရိမ်ကြရ၊ ပင်ပန်းကြရ၊ ငိုသည့်အခါ ငိုကြရ၏။ ရင်ဘတ်စည်တီး ဖြစ်ကြရ၏။ မေ့မြောသည့်အဖြစ်သို့ ရောက်သည့်အခါရောက်ကြရ၏။ ထိုအခါ စိတ်မှ ပဋိဃာနုသယခေါ်သည့် ဒေါသတရားဝင်ရောက်ပြီးဖြစ်တော့၏။

တစ်ခါတစ်ခါဆိုပြီးသော အာရုံ ၆–ပါးနှင့် တွေ့ကြုံရပြီး ချမ်းသာဆင်းရဲဝေခွဲမရသောခံစားမှုတစ်ရပ်ကို ခံစားကြရသော် ထိုခံစားမှုမည်သို့ဖြစ်ပေါ်လာသည်ကိုလည်းကောင်း၊ မည်သို့ပျောက်ပျက်သွားသည်ကိုလည်းကောင်း၊ ထိုခံစားမှု၏ ကောင်းကွက်ကိုလည်းကောင်း၊ ဆိုးကွက်ကိုလည်းကောင်း၊ ထိုခံစားမှုမှ လွတ်ရာလွတ်ကြောင်းကိုလည်းကောင်း အမှန်အတိုင်းမသိကြရ။ ဝိုးဝါးတွေးတောငေးမောရင်း အချိန်ကုန်ကြရ၏။ ထိုအခါ မသိမှုအဝိဇ္ဇာ ဝင်ရောက်ပြီးဖြစ်တော့၏။[၁]

ထို့ပြင် ထောင်လွှားမှု မာန၊ အမြင်မှားမှု ဒိဋ္ဌိ၊ မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာ၊ စိတ်လေးမှု ထိန၊ ပျံ့လွင့်မှု ဥဒ္ဓစ္စ၊ မိမိကိုယ်ကိုမငဲ့မှု အဟိရိက၊ သူတစ်ပါးကိုမလေးစားမှု အနောတ္တပ္ပဟူသော ကြွင်းသောကိလေသာတို့လည်း ထိုလောဘ၊ ဒေါသ၊ မောဟတို့နှင့်အတူ ဖြစ်ပေါ်ဝင်ရောက်လာကြတော့၏။

ဤသို့လျှင် အဝိဇ္ဇာ, တဏှာဟူသော ဝဋ္ဋမူလနှစ်ပါးအပါအဝင်

---

၁။ ဥပရိပဏ္ဏာသ။ ၃၃၂၊ ၃၃၃။

ကိလေသာတရားတို့ ဒွါရခြောက်ပါး တံခါးခြောက်ပေါက်မှ အမှတ်မထင် ဝင်ရောက်လာလေ့ရှိကြကုန်၏။

ထိုကိလေသာတို့တွင် ငြိကပ်တွယ်တာမှု လောဘဝင်ရောက်ဖြစ်ပေါ် လာသောအခါ ငြိကပ်တွယ်တာမှုကို အခြေခံသည့် ကိုယ် နှုတ် စိတ် လှုပ်ရှားမှုများ၊ တိုက်ခိုက်ပြစ်မှားမှု ဒေါသဝင်ရောက်ဖြစ်ပေါ်လာသည့် အခါ တိုက်ခိုက်ပြစ်မှားမှုကို အခြေခံသည့် ကိုယ်နှုတ်စိတ်လှုပ်ရှားမှုများ၊ မသိမှု မောဟ ဝင်ရောက်ဖြစ်ပေါ်လာသောအခါ မသိမှုကို အခြေခံသည့် ကိုယ်နှုတ်စိတ်လှုပ်ရှားမှုများ၊ ထောင်လွှားမှုမာန ဝင်ရောက်ဖြစ်ပေါ် လာသောအခါ ထောင်လွှားမှုကိုအခြေခံသည့် ကိုယ်နှုတ်စိတ် လှုပ်ရှား မှုများ၊ အမြင်မှားမှု ဒိဋ္ဌိဝင်ရောက်ဖြစ်ပေါ်လာသည့်အခါ အမြင်မှားမှုကို အခြေခံသည့် ကိုယ်,နှုတ်,စိတ်လှုပ်ရှားမှုများ၊ မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာ ဝင်ရောက်ဖြစ်ပေါ်လာသောအခါ မဆုံးဖြတ်နိုင်မှုကိုအခြေခံသည့် ကိုယ် နှုတ်စိတ်လှုပ်ရှားမှုများ၊ စိတ်လေးထိုင်းမှုထိန ဝင်ရောက်ဖြစ်ပေါ် လာသောအခါ စိတ်လေးလံထိုင်းမှိုင်းမှုကိုအခြေခံသည့် ကိုယ်နှုတ်စိတ် လှုပ်ရှားမှုများ၊ ပျံ့လွင့်မှု ဥဒ္ဓစ္စဝင်ရောက်ဖြစ်ပေါ်လာသောအခါ ပျံ့လွင့်မှုကို အခြေခံသည့် ကိုယ်နှုတ်စိတ်လှုပ်ရှားမှုများ၊ မိမိကိုယ်ကို မငဲ့မှုအဟိရိက ဝင်ရောက်ဖြစ်ပေါ်လာသည့်အခါ မိမိကိုယ်ကိုမငဲ့မှုကိုအခြေခံသည့် ကိုယ် နှုတ်စိတ်လှုပ်ရှားမှုများ၊ သူတစ်ပါးကိုမလေးစားမှု အနောတ္တပ္ပဝင်ရောက် ဖြစ်ပေါ်လာသောအခါ သူတစ်ပါးကို မလေးစားမှုကို အခြေခံသည့် ကိုယ်နှုတ်စိတ်လှုပ်ရှားမှုများ မလွဲမသွေဖြစ်ပေါ်လာကြကုန်၏။

ဤသို့လျှင် 'အဝိဇ္ဇာသမုဒယာ သင်္ခါရသမုဒယော=အဝိဇ္ဇာဖြစ်လျှင် သင်္ခါရဖြစ်ရသည်'ဟူသော ဒေသနာအရ အဝိဇ္ဇာမူလ အခြေခံသည့် ကိလေသာတရားတို့ကြောင့် ဘဝကိုတည်ဆောက်မည့် ကံတရားများ ပေါက်ဖွားလာကြရတော့၏။

ဤသို့ ကံ၏အကြောင်းဖြစ်သည့် ကိလေသာတရားတို့ ဝင်ရောက်ဖြစ်ပေါ်လာပုံတို့ကို အရင်းအမြစ်ကျကျ သိကြရပြီဖြစ်သော ကျွန်ုပ်တို့သည် ထိုကိလေသာတို့၏ ဝင်လာဖြစ်ပေါ်မှုကို ရပ်တန့်တားမြစ်နုတ်ပယ်သည့် သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ဆက်လက်လေ့လာကြကုန်အံ့။

## အဓိသီလသိက္ခာ

သံသာရဒုက္ခဘဝစွန့်လွှတ်နိုင်ရေးအတွက် ကံ၏အကြောင်းဖြစ်သည့် ကိလေသာတို့ကို ပယ်သတ်ရန် အားထုတ်ကြရမည့်လုပ်ငန်းသုံးရပ်တွင် အဓိသီလသိက္ခာသည် သိက္ခာစဉ်လုပ်ငန်းစဉ်အရ သာသနာတော်ဟူသော မဟာသမုဒ္ဒရာ၏ ဦးစွာသက်ဆင်းရာ အပြေဆုံးဌာန ကမ်း၏အစသဖွယ်ဖြစ်၏။

ယင်း အဓိသီလသိက္ခာဟူသည် (ဤကျမ်းအခန်း(၄)သိက္ခာ၏ ကျင့်စဉ်လမ်းမှန်အခန်း၌) ဆိုခဲ့ပြီးသည့်အတိုင်း ကျော်စောမှုကိုလည်းမငဲ့၊ သီလကုသိုလ်၏အကျိုးကိုလည်းမလိုလားဘဲ အရိယာတို့၏လမ်းစဉ်ကိုလိုက်သည့်အနေဖြင့် ဆောက်တည်ကျင့်သုံးအပ်သော၊ တစ်နည်း ဘဝဒုက္ခတို့၌ ငြီးငွေ့ပြီး ဘဝလွတ်မြောက်ရေးအတွက် ဆောက်တည်ကျင့်သုံးအပ်သော ပါရမီမြောက် ဝိဝဋ္ဋနိဿိတသီလဖြစ်သည်။

အပြားအားဖြင့်–

၁။ ပါတိမောက္ခသံဝရသီလ၊

၂။ ဣန္ဒြိယသံဝရသီလ၊

၃။ အာဇီဝပါရိသုဒ္ဓိသီလ၊

၄။ ပစ္စယသန္နိဿိတသီလ၊

–ဟူ၍ လေးပါးရှိသည်။

ထိုလေးပါးတို့တွင် လူတို့အတွက် ငါးပါး,ရှစ်ပါး,ဆယ်ပါးသီလ သည်လည်းကောင်း၊ရှင်သာမဏေတို့အတွက် လိင်ဆယ်ပါး,ဒဏ်ဆယ် ပါး,သေခိယသိက္ခာ ၇၅ ပါးတို့သည်လည်းကောင်း၊ ရဟန်းတော်တို့အတွက် အကျဉ်းချုပ်အားဖြင့် ၂၂၇ သွယ်သော သိက္ခာပုဒ်တို့သည် လည်းကောင်း၊ အပါယ်စသော ဒုက္ခတို့မှ လွတ်မြောက်စေတတ်သည့် ပါတိမောက္ခ သံဝရသီလမည်၏။[၁]

ကိလေသာမဝင်လာစေရန် 'မျက်စိ နား နှာ လျှာ ကိုယ် စိတ်' ဟူသော ဣန္ဒြေခြောက်ပါးတို့ကို ရူပါရုံစသည့် အာရုံခြောက်ပါးတို့၌ သတိဖြင့် စောင့်ခြင်းသည် ဣန္ဒြိယသံဝရသီလမည်၏။[၂]

'မှားသော အသက်မွေးမှု'ဟူသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။[၃]

'အဝတ်,အစာ,နေရာ,ဆေး'ဟူသော ပစ္စည်းလေးပါးတို့ကို သုံးဆောင် ရာ၌ ပညာဖြင့်ဆင်ခြင်ခြင်းသည် ပစ္စယသန္နိဿိတသီလမည်၏။[၄]

ထိုလေးပါးတို့တွင် ပါတိမောက္ခသံဝရသီလသာ အဓိသီလသိက္ခာ အရ လိုရင်းဖြစ်၏။ ကြွင်းသီလသုံးမျိုးတို့မှာ သမာဓိသိက္ခာ၊ ပညာသိက္ခာ တို့တွင် ထိုက်သလို အကျုံးဝင်ပြီးဖြစ်၍ ပဋိပတ္တိလုပ်ငန်းဆုံးခန်းအထိ မျှော်မှန်းထားကြသော ဘဝရှုံမှန်းသည့် သံသာရဘီရုက ပုဂ္ဂလဝိသေသတို့ အတွက် သီးခြားဖြည့်ကျင့်နေဖွယ်မလို။ သီလလောက်မျှဖြင့် အားရတန့် နားနေကြမည့် သီလသမားများအတွက်သာ 'မနောဒွါရေ အနာပတ္တိ' အရ အာပတ်မသင့်၊ ပြစ်မှုမထင်ရှားသည့် ပရိယုဋ္ဌာန ကိလေသာခေါ်သည့် အုံ့ပုန်းပြစ်တို့မှ သက်သာခွင့်ရအောင် ကျင့်သုံးကြရခြင်းဖြစ်သည်။

---

၁။ ဝိသုဒ္ဓိမဂ်၊ ပထမ။ နှာ–၁၆ လည်းကြည့်။

၂။ ဝိသုဒ္ဓိမဂ်၊ ပထမ။ နှာ ၁၆၊၂၀လည်းကြည့်။

၃။ ဝိသုဒ္ဓိမဂ်၊ ပထမ။ နှာ–၁၆၊ ၂၂ လည်းကြည့်။

၄။ ဝိသုဒ္ဓိမဂ်၊ ပထမ။ နှာ–၁၆၊ ၂၉ လည်းကြည့်။

ယင်းပါတိမောက္ခသံဝရသီလကို ဖြည့်ကျင့်နိုင်ရေး၌ အလိုအပ်ဆုံးမှာ 'ပုထုဇဉ်မို့ သီလမစင်ကြယ်နိုင်'ဟူသော မိမိကိုယ်ကိုအထင်သေးသည့် အားငယ်စိတ်ကို ပယ်ဖျောက်ရေးဖြစ်သည်။

ချဲ့ဦးအံ့။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ခြင်း၊ သူတစ်ပါး ပစ္စည်းကို မပေးဘဲ ယူခြင်းမှရှောင်ခြင်း၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ခြင်း၊ မမှန်သောစကားကိုဆိုခြင်းမှ ရှောင်ခြင်း၊ မူးယစ်စာတို့ကို သောက်သုံးခြင်းမှ ရှောင်ခြင်းဟူသော ကျင့်ဝတ်တို့သည် လူတိုင်းကျင့်သုံး ရမည့် ကျင့်ဝတ်များဖြစ်၏။

ထိုကျင့်ဝတ်တို့သည် ဖြည့်ကျင့်ထိန်းသိမ်းရန်လည်း မခက်လှ။ များသောအားဖြင့် လုံခြုံပြီးလည်း ဖြစ်နေကြသည်။ ထိုသို့ ထိန်းသိမ်းရန် မခက်လှ၊ များသောအားဖြင့် လုံခြုံပြီးလည်းဖြစ်သည့် ကျင့်ဝတ်များကိုပင် 'ပုထုဇဉ်မို့ သီလမစင်ကြယ်နိုင်'ဟူသောစိတ်ထားကြောင့် မိမိ၌ သီလရှိ မရှိကို မစစ်ဆေးမိကြ၊ 'လုံခြုံသည်'ဟုလည်း အထင်မရှိကြပေ။

ထို့ကြောင့် ငါးပါးသီလမြဲရန်ပြောလျှင် စားဝတ်နေရေး အားထုတ် နေကြရသည့်လူသားများမို့ မဖြစ်နိုင်ကြောင်းငြင်းကြ၏။ စင်စစ် ထိုကျင့် ဝတ်များသည် ဆောက်တည်မှ ကျင့်သုံးခွင့်ရသောကျင့်ဝတ်များမဟုတ်။ မဆောက်တည်ဘဲလည်း ထိန်းသိမ်းကျင့်သုံးကြရသည်သာ။ ဆောက်တည် ပြီးမှ ချိုးဖောက်သည်ဖြစ်စေ၊ မဆောက်တည်ဘဲချိုးဖောက်သည် ဖြစ်စေ အပြစ်သင့်သည်ချည်းဖြစ်သည်။

ထို့ကြောင့် လူသားတို့သည် မိမိတို့၏ကျင့်ဝတ်သီလတို့ကို ချိုးဖောက်မိသည့်အခါ၌သာ သီလပျက်သူအရာ၌တည်၍ ထိုကျင့်ဝတ် တို့ကို မချိုးဖောက်မိသမျှကာလပတ်လုံး သီလရှိသူအဖြစ်၌တည်ကြရ၏။ ဤသဘောတရားအရ အချိန်တိုင်းသီလပျက်နေသူများ မဖြစ်နိုင်။ တစ်ခါ ချိုးဖောက်မိသည်နှင့် တစ်သက်လုံးသီလပျက်သူအရာ၌လည်းမတည်။

ချိုးဖောက်မိသည့်ကာလ၌သာ သီလပျက်သူဖြစ်၍ ထိုကျင့်ဝတ်တို့ကို နောက်ထပ်မချိုးဖောက်မိသမျှ ထိုကျင့်ဝတ်သိက္ခာ၌ တည်နေသူ ဖြစ်ရသည်။

ဤသို့စိစစ်လိုက်သောအခါ 'သူတစ်ပါးအသက်ကိုမသတ်ရ'ဟူသော ကျင့်ဝတ်သိက္ခာပုဒ်ကို သားသတ်သမားများပင် အချိန်တိုင်းမကျူးလွန် မဖျက်ဆီးနိုင်ကြ။ အခြားသူများမှာကား တစ်ရက်တစ်ခါလောက်၊ နှစ်ရက်တစ်ခါလောက်၊ အချို့တစ်လမှတစ်ခါလောက်၊ တစ်နှစ်မှတစ်ခါလောက်သာ လွန်ကျူးချိုးဖောက်မိကြ၍ အချိန်ပေါင်း နာရီပေါင်း ရက်ပေါင်း လပေါင်းများစွာ လုံခြုံနေကြသည်ကိုတွေ့ကြရတော့၏။

ထို့အတူ 'သူတစ်ပါးမပေးသော ဥစ္စာကို မယူရ'ဟူသော ကျင့်ဝတ်ကိုလည်း ခိုးတိုက်စားသူများပင် အချိန်တိုင်း ရက်တိုင်း လွန်ကျူးခွင့်ရကြသည် မဟုတ်။ အခြားသူများမှာမူကား တစ်လတစ်ခါ၊ နှစ်လတစ်ခါ မလွန်ကျူးမိကြ။ အချို့ နှစ်ပေါင်းများစွာ လုံခြုံနေကြ၏။

'မတရား ကာမလွန်ကျူးမှုမပြုရ'ဟူသော ကျင့်ဝတ်မှာလည်း လွန်ကျူးခွင့် ရရန်မလွယ်။ အချို့လူကြီးလူကောင်းများ မိကောင်းဖခင် သားသမီးများ တစ်သက်နှင့်တစ်ကိုယ် မလွန်ကျူးဖူးကြပေ။

'ချွတ်ယွင်းသော စကားကိုမဆိုရ'ဟူသောကျင့်ဝတ်မှာ ပျက်ရန် လွယ်ကူသည်ထင်ကြရသော်လည်း နေ့စဉ်ရက်ဆက်ပျက်နေကြသည် မဟုတ်။ ဝတ္ထုမမှန်ခြင်း၊ လှည့်စားလိုစိတ်ရှိခြင်း၊လှည့်စားခြင်း၊ လှည့်စားခံရသူက လှည့်စားတိုင်းယုံခြင်းဟူသော ဤအင်္ဂါလေးပါးစုံမှ ကျင့်ဝတ်ပျက်စေသည်။ ထိုသို့ကျင့်ဝတ်သိက္ခာပုဒ်ပင် ပျက်သော်လည်း သူတစ်ပါးအကျိုးပျက်မှ ကမ္မပထမြောက်၍ အပါယ်ကျရောက်နိုင်သည်။ သူတစ်ပါးအကျိုးမပျက်က ကျင့်ဝတ်ပျက်ရုံသာ။ အပါယ်မကျ။[၁]

ထို့ပြင် လူတို့မှာ ကမ္မပထမြောက်မှ သီလပျက်သည်။ 'မင်းကိုလည်း

---

၁။ ဋီကာကျော်။ ၁၇၄။

စိတ်ချမ်းသာလေအောင်၊ သူတစ်ပါးတို့လည်း ရာဇဝတ်လွတ်လေအောင်၊ မိမိလည်း မျက်နှာရလေအောင် ကြံဆောင်လှည့်ဖျားသော မင်းခယောကျ်ား တို့ တင်လျှောက်သော မုသားစကားသည် ငါးပါးသီလ မပျက်’ဟုမိန့်သည့် ဝဒန္တိဝါဒလည်းရှိသေးသည်။ မည်သို့ပင်ဆိုစေ သတိထားပါက လုံခြုံရန် လွယ်ကူသည်သာဖြစ်သည်။

‘သေအရက်စသော မူးယစ်စာတို့ကို မမှီဝဲရ’ဟူသော နောက်ဆုံး ကျင့်ဝတ်မှာ မစွဲသေးသူတို့အဖို့ ရှောင်ကြဉ်ရန် လွယ်ကူလှ၏။ အချို့မှာ အသက်ထက်ဆုံး အသုံးမပြုဖူးကြပေ။ စွဲလမ်းမိပြီးသူတို့မှာ ဖြတ်တောက် ရှောင်ကြဉ်ရန် ခဲယဉ်းမည်ဖြစ်သော်လည်း သံသရာ၏မူလ အဝိဇ္ဇာကို အားအပေးဆုံးအရာဖြစ်သောကြောင့်လည်းကောင်း၊ မကောင်းမှုအားလုံး တို့ကို ပေါက်ဖွားစေတတ်သောကြောင့်လည်းကောင်း၊ မဖြစ်မနေရှောင်ကြဉ် ကြရလိမ့်မည်။

ဤသို့စစ်ဆေးလိုက်သောအခါ ကျင့်ဝတ်ငါးပါးလုံး ရက်ပိုင်းဖြင့် လည်းကောင်း၊ လပိုင်းဖြင့်လည်းကောင်း၊ နှစ်ပိုင်းချီ၍လည်းကောင်း လုံခြုံ နေကြသည်ကို တွေ့ကြရတော့သည်။

ယခုအခါ အများသူငါတို့မှာ ဤသို့ မစစ်ဆေးမိသဖြင့် သီလရှိ, မရှိမသိကြ၊ သီလရှိအောင်စောင့်စည်းလိုစိတ် မပေါ်ကြ။ ထို့ကြောင့် ဗောဓိဈင်ခုနစ်ပါးတွင် အပါအဝင်ဖြစ်သော နှစ်သက်ခြင်းပီတိဖြစ်ခွင့်မရကြ။ ဤသို့ပီတိဖြစ်ခွင့်မရသဖြင့်လည်း ကိုယ်စိတ်ငြိမ်းအေးခြင်း=ပဿဒ္ဓိ၊ ကိုယ်စိတ်ချမ်းသာခြင်း=သုခ၊ စိတ်တည်ငြိမ်ခြင်း=သမာဓိ၊ လမ်းမှန်သိ ခြင်း=ယထာဘူတဉာဏ် စျာန်မဂ်ဖိုလ်ဟူသော အကျိုးအဆက်ဆက်တို့ ရရှိခံစားခွင့်မရ။ သံသရာထွက်လမ်း အပိတ်ခံနေကြရသည်။

ဤသို့ မိမိ၌သီလရှိ,မရှိ မစစ်ဆေးမိသည်မှာလည်း ‘ပုထုဇဉ်လူသား မို့ သီလမစင်ကြယ်နိုင်’ဟူသော အားငယ်စိတ်ကြောင့်ပင်ဖြစ်၏။ မိမိ၌

ရွှေငွေရတနာရှိသည်ကို မသိသူသည် စားချိန်မှ စားရပါမည်လား၊ နေစရာမှ ရပါမည်လား စသည်တွေးတောစိတ်မော အားငယ်ရသကဲ့သို့ဖြစ်၏။ မိမိ၌ရွှေငွေရတနာရှိသည်ကိုသိပါက ထိုသို့အားငယ်စိတ်ဖြစ် မည်မဟုတ်ပေ။ ထို့အတူ သီလရွှေထုပ်လက်ဝယ်ရှိပါလျက် စစ်ဆေးမှု မပြု၍မသိကြ။ ထိုသို့မသိကြရသဖြင့် ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ပညာတို့ တိုးတက်လမ်းပိတ်နေကြရသည်။

ရဟန်း–သာမဏေတို့လည်း ထိုနည်းအတူပင်။ 'ပုထုဇဉ်မို့ သီလ မစင်ကြယ်နိုင်'ဟူသောအမြင်ကြောင့် 'မထူးတော့ပါဘူး'ဟု စိတ်အား လျှော့ချနေချင်သလိုနေကြပြီး ရဟန်းအလဇ္ဇီ၊ ကိုရင်အလဇ္ဇီ၊ ရဟန်း ဒုဿီလ၊ ကိုရင်ဒုဿီလအဖြစ်ခံယူထားကြသည်။

ရဟန်းတော်တို့အဖို့ ကုဋေကိုးထောင်တစ်ရာ့ရှစ်ဆယ့်ငါးသန်း သုံးသောင်းခြောက်ထောင် (၉၁၈၀၅,၃၆၀၀၀)မျှသော သီလသိက္ခာတို့ကို ထိန်းသိမ်းကြရသည်မှာ မလွယ်ပေ။ ထို့ကြောင့်လည်း ကုစားရန် နည်းလမ်းတို့ကို ဘုရားရှင်ပေးတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ယုံကြည်မှု သဒ္ဓါပြဋ္ဌာန်းသောစိတ်ဖြင့် မပျက်မကျိုးအောင် စောင့်ရှောက်၍ ပုထုဇဉ် အလိုက် ပျက်ခြင်းကျိုးခြင်းဖြစ်ပါကလည်း ဒေသနာသုဒ္ဓိဖြင့် စင်ကြယ်စေပြီး မီးခဲနင်းခဲ့ဖူးသော ကလေးငယ်သည် နောက်ထပ် မနင်းမိစေရန် ဂရုပြု ရှောင်ကြဉ်သကဲ့သို့ နောက်ထပ်မပျက်မကျိုးအောင် အထူးစောင့်ရှောက် ရပေမည်။

အချို့သောပုဂ္ဂိုလ်တို့က 'စောင့်ထိန်းရန် သိက္ခာပုဒ်တွေများ၍ သီလ ဝိသုဒ္ဓိဖြစ်ရန် ခက်သည်။ ထို့ကြောင့် မဂ်ဆိုက်ဖိုလ်ထိ အားထုတ်လိုပါက လူဝတ်လဲပြီး အားထုတ်သင့်သည်။ လူမှာ စောင့်ထိန်းရန် ငါးပါးသီလသာ ရှိ၍ သီလဝိသုဒ္ဓိဖြစ်ရန်လွယ်ကူသည်'ဟု ထင်မှားပြောဆိုမိကြ၏။

ဤအတိုင်းမှန်လျှင် ဘုရားရှင်သည် ရဟန်းတော်တို့အတွက် ကုဋေ

ကိုးထောင်ကျော် သီလသိက္ခာတွေပညတ်ထားခဲ့သည်မှာ သံသရာထဲ၌ လူတို့ထက် အဆပေါင်းကုဋေကိုးထောင်ကျော် ပိုပြီးကြာရှည်စေရန်၊ အပါယ်အကျများစေရန်၊ မဂ်လမ်းဖိုလ်လမ်းပိတ်စေရန် ပညတ်ထားသကဲ့သို့ ဖြစ်နေသည်။ ဤသို့ကား မဖြစ်သင့်ပေ။

အမှန်မှာ လိုက်နာကျင့်သုံးသူတို့၏ သန္တာန်၌ သီလစသော ကုသိုလ်တရားစုတို့ တစ်စတစ်စအင်အားကြီးလာပြီး သံယောဇဉ်တရားတို့ တစ်စတစ်စအားနည်းလာစေရန် ရည်ရွယ်၍ ထိုမျှလောက်များအောင် အသေးစိတ်ပညတ်ခဲ့ခြင်းဖြစ်ပေသည်။ ထိုသဘောကို အရှင်ဉဒါယီအား ဘုရားရှင်က ဉပမာဖြင့် ရှင်းပြတော်မူခဲ့ပေသည်။

၄၃၈ ဉဒါယီ၊ ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားတို့ကို 'ဤအရာကိုပယ်ကြကုန်လော့'ဟု ငါကဆိုသည်ရှိသော် ထိုအမျိုးကောင်းသားတို့သည် 'မြတ်စွာဘုရားက ငါတို့အား ပယ်ရမည်၊ စွန့်ရမည်'ဟုဟောထားသည့် ဤနည်းနည်းပါးပါးကလေးမျှဖြစ်သောပယ်စရာသည် အဘယ်မှာမပြောပလောက်ဘဲ ရှိအံ့နည်း'ဟု ဆိုကြကုန်၍ ပယ်ကြကုန်၏။ ငါ့၌လည်းကောင်း၊ သိက္ခာသုံးပါးကို အလိုရှိကြကုန်သော ရဟန်းတို့၌လည်းကောင်း မကျေနပ်မှုမဖြစ်ကုန်။ ထိုရဟန်းတို့သည် ထိုအရာကို ပယ်စွန့်ကြကုန်သောကြောင့် ကြောင့်ကြမစိုက်ရဘဲ မာန်ကျကုန်လျက် သူတစ်ပါးပေးသောဝတ္ထုဖြင့် အသက်မွေးကြကာ သားသမင်သဖွယ်စိတ်ထားဖြင့် နေကြကုန်၏။

'ဉဒါယီ၊ ထိုရဟန်းတို့အား ထိုအရာသည်[၁] အားမရှိသော အနှောင်အဖွဲ့၊ အားနည်းသောအနှောင်အဖွဲ့၊ ဆွေးမြည့်သော အနှောင်အဖွဲ့၊ အနှစ်မရှိသောအနှောင်အဖွဲ့ဖြစ်၏။

ဉဒါယီ၊ ဉပမာအားဖြင့် လှည်းသန်နှင့်တူသည့် အစွယ်ရှိသော

၁။ ဝိနည်းသိက္ခာပုဒ်ဖြင့် ပညတ်အပ်သောအရာ။ ဉပမာ–နေလွဲအခါ အစာစားခြင်းစသည်။

ထွားကျိုင်း၍အမျိုးကောင်းသော၊ စစ်မြေပြင်သို့ဝင်ဖူးသော မင်းစီး ဆင်သည် မြဲမြံသော ကြိုးအနှောင်အဖွဲ့တို့ဖြင့် အနှောင်အဖွဲ့ခံရသော် အနည်းငယ်မျှသာကိုယ်ကိုညွတ်စေ၍ ထိုအနှောင်အဖွဲ့တို့ကို ဖြတ်၍ ကောင်းစွာဖျက်ဆီး၍ အလိုရှိရာအရပ်သို့သွားလေ၏။

ဥဒါယီ၊ ထိုအနှောင်အဖွဲ့ကား ထိုဆင်အတွက် အားရှိသော အနှောင်အဖွဲ့၊ မြဲမြံသောအနှောင်အဖွဲ့၊ ခိုင်ခံ့သောအနှောင်အဖွဲ့၊ မဆွေးမြည့်သော အနှောင်အဖွဲ့ဖြစ်၏။ ကြီးစွာသောသစ်သား တောက်လည်းဖြစ်၏ဟုဆိုအံ့၊ ထိုပြောဆိုခြင်းသည် ကောင်းစွာ ပြောဆိုခြင်းဖြစ်နိုင်အံ့လော။

**ဥဒါယီ** မဖြစ်ပါအရှင်ဘုရား၊ ထိုဆင်အတွက် အားနည်းသောအနှောင် အဖွဲ့၊ မမြဲသောအနှောင်အဖွဲ့၊ မခိုင်ခံ့သောအနှောင်အဖွဲ့၊ ဆွေးမြည့် သောအနှောင်အဖွဲ့၊ အနှစ်မရှိသောအနှောင်အဖွဲ့သာဖြစ်ပါသည်။

ဤမိန့်ဆိုချက်အတိုင်း ကုဋေကိုးထောင်ကျော်သော သီလသိက္ခာ တို့ကို ယုံယုံကြည်ကြည် ရိုရိုသေသေလိုက်နာဖြည့်ကျင့်ကြကုန်သည်ရှိသော် သီလစသော ကုသိုလ်တရားတို့တစ်စတစ်စ အင်အားကြီးမားလာပြီး သံယောဇဉ်တရားတို့ တစ်စတစ်စ အင်အားနည်းပါးလာကာ ဆင်ပြောင် ကြီးသည် အနှောင်အဖွဲ့တို့ကို အလွယ်တကူဖြတ်လျက် လွတ်မြောက်ရ သကဲ့သို့ သံယောဇဉ်အနှောင်အဖွဲ့တို့ကို အလွယ်တကူဖြတ်လျက် လွတ် မြောက်မှုကိုရရှိကြပေလိမ့်မည်။

ထို့ပြင် အင်္ဂုတ္တရပါဠိတော်၊ ပဉ္စကနိပါတ်၊ သိက္ခာသုတ်၌ ရဟန်း ယောကျ်ားဖြစ်စေ၊ ရဟန်း မိန်းမဖြစ်စေ သိက္ခာချ လူထွက်ပါက ယခု ဘဝ၌ပင် 'ကုသိုလ်တရား၌ ယုံကြည်မှုသဒ္ဓါသင့်မှာမရှိ၊ ကုသိုလ်တရား၌ ငဲ့ကွက်မှု ဟိရီ သင့်မှာမရှိ၊ ကုသိုလ်တရား၌လေးစားမှု ဩတ္တပ္ပသင့်မှာမရှိ၊ ကုသိုလ်တရား၌ အားထုတ်မှုဝီရိယသင့်မှာမရှိ၊ ကုသိုလ်တရား၌ အမြင်

ကြည်လင်မှုပညာ သင့်မှာမရှိဟု ကဲ့ရဲ့ဖွယ်အကြောင်းငါးမျိုးတို့ ဆိုက်ရောက်လာကြောင်း’ ဟောတော်မူထားပေသည်။ ထို့ကြောင့် ဘုရားရှင်ပညတ်တော်၌ ယုံကြည်မှု၊ ငဲ့ကွက်မှု၊ လေးစားမှု၊ အားထုတ်မှု၊ အမြင်ကြည်လင်မှုမရှိ၍ လူထွက်(သိက္ခာချ)သူသည် လူ၏အဖြစ်ဖြင့် သိက္ခာသုံးပါးကို အဘယ်မှာ ကျင့်သုံးပါအံ့နည်း။

စင်စစ် အကြောင်းကင်းကွာ ငြိမ်းအေးချမ်းသာသည့် အနုပါဒါပရိနိဗ္ဗာန်အလို့ငှာ ရဟန်းပြုလာသူမှန်လျှင်‘သိက္ခာပုဒ်များ၍ ဤသီလဝိသုဒ္ဓိဖြစ်ရန်ခဲယဉ်းသည်’ဟု ယူဆလိမ့်မည်။ သိက္ခာချလူထွက်လိမ့်မည်မဟုတ်။ ကုဋေကိုးထောင်ကျော်သော သီလတို့ကို မငြိုမငြင်အားထုတ်ဖြည့်ကျင့်လိမ့်မည်သာဖြစ်သည်။

မှန်၏၊ လူတို့သည် ‘သီလံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပာဒေတိ၊ ဝိပဿနံ ဥပ္ပာဒေတိ၊ မဂ္ဂံ ဥပ္ပာဒေတိ၊ အဘိညံ ဥပ္ပာဒေတိ၊ သမာပတ္တိံ ဥပ္ပာဒေတိ’ဟူသော ပဋ္ဌာန်းပါဠိတော်(ပ၊၁၄၅)အရ ပဉ္စသီလကိုအခြေခံ၍ အားထုတ်ပါက နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်သာဖြစ်၏။ ထိုသို့ လူတို့က ပဉ္စသီလကို အခြေခံပြု၍ အားထုတ်က နိဗ္ဗာန်မျက်မှောက်ပြုနိုင်သေးလျှင် ရဟန်းတို့သည် ကုဋေကိုးထောင်ကျော်သောသီလတို့ကိုအခြေခံပြု၍ အားထုတ်ပါက လူတို့ထက် အဆပေါင်းကုဋေကိုးထောင်ကျော် ပိုမိုလျင်မြန်စွာ နိဗ္ဗာန်မျက်မှောက်ပြုရမည်မှာ ဧကန်ပင်ဖြစ်သည်။

မဟာသံဃရက္ခိတမထေရ်သည် ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားရှင်ကိုဖူးမြော်ရန် စိတ်အားသန်လျက်ရှိသည်။ ထို့ကြောင့် ဝိပဿနာမပွားဘဲ ကုဋေကိုးထောင်ကျော် သီလသိက္ခာတို့ကိုသာ ဖြူစင်အောင်စောင့်ထိန်းတော်မူနေပေသည်။ ထိုသို့ထက်ဝန်းကျင် သီလစင်ကြယ်မှုကိုအစွဲပြု၍ များစွာသောရဟန်းရှင်လူတို့က ‘ရဟန္တာကြီး’ဟုအထင်ရောက်နေကြ၏။

ထိုသို့ဖြင့်ပျံလွန်တော်မူခါနီးကာလသို့ ရောက်လာသောအခါ 'ရဟန္တာ အရှင်မြတ်ကြီး ပရိနိဗ္ဗာန်စံတော့မည်'ဟု များစွာသောရဟန်းရှင်လူတို့ ရောက်လာကြကုန်၏။ အချို့ရဟန်းတော် များကချဉ်းကပ်၍ ရဟန်းကိစ္စ ပြီးခဲ့ပုံကို မေးလျှောက်ကြရာ လောကုတ္တရာ တရားထူးမရသေးကြောင်း၊ ပုထုဇဉ်မျှသာဖြစ်ကြောင်း အမိန့်ရှိတော်မူ၏။ ထိုအခါ အလုပ်အကျွေး ရဟန်းကလေးက 'အရှင်ဘုရားပရိနိဗ္ဗာန်စံတော့ မည်ဆိုသည့်သတင်း ကြောင့် ၁၂-ယူဇနာက ရဟန်းရှင်လူတို့ စုရုံးရောက်ရှိ နေကြပါသည်။ အရှင်ဘုရားတို့၏ပုထုဇဉ်အဖြစ်ဖြင့် သေခြင်းကိုသာ ကြားသိကြရပါက များစွာစိတ်မချမ်းမသာဖြစ်ကြရပါလိမ့်မည်'ဟု လျှောက်ထားရာ 'ငါ့ရှင်၊ ငါတို့ အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်လိုတဲ့ ဆန္ဒကြောင့်သာ ဝိပဿနာ မရှုပွားဘဲနေခဲ့သည်။ ဒီလိုဆိုလျှင် တို့ကို တရားနှလုံးသွင်းခွင့်ပေးပါ'ဟု မိန့်ပြီး ရဟန်းငယ်ကို အခန်းပြင်သို့ ထွက်စေရာ ရဟန်းငယ် အခန်းပြင်သို့ မရောက်မီ ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်လေသည်။[၁]

ဤသို့ တိုတောင်းလှသောအချိန်အတွင်းမှာပင် ပုထုဇဉ်အဖြစ်မှ အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ရောက်ရသည်မှာ ကုဋေကိုးထောင် ကျော်သီလသိက္ခာတို့ကို မငြိုမငြင်စောင့်ထိန်းခဲ့သည့် သီလကုသိုလ်၏ အခြေခံအင်အား ကောင်းခြင်းကြောင့်ပင်ဖြစ်ပေသည်။

ထို့ကြောင့် အကြောင်းကင်းကွာ အေးငြိမ်းချမ်းသာသည့် အနုပါဒါ ပရိနိဗ္ဗာန်ကို တောင့်တရိုးမှန်လျှင် ရဟန်းဘဝနှင့်ပင် ကိုယ်ပင်ပန်း စိတ်ပင်ပန်းခံ၍ ရှံခါမျက်ရည်ကြီးငယ်ပင်အကျခံလျက် သိက္ခာသုံးပါးကို ထက်ဝန်းကျင်ပြည့်စုံစင်ကြယ်သည့် အဆင့်သို့ရောက်အောင် အားထုတ် သင့်ပေသည်။[၂]

ဤသို့အားထုတ်ပါက ယခုဘဝတွင်ပင်-

---

၁။ ဝိသုဒ္ဓိမဂ်၊ ပထမ။ ၄၅။ ၂။ အင်္ဂုတ္တိုရ်၊ ပထမ။ ၃၁၁။

'ကုသိုလ်တရား၌ ယုံကြည်မှုသဒ္ဓါရှိသူ၊ ငဲ့ကွက်မှုဟိရီရှိသူ၊ လေးစားမှု ဩတ္တပ္ပရှိသူ၊ အားထုတ်မှုဝီရိယရှိသူ၊ အမြင်ကြည်လင်မှု ပညာရှိသူ'ဟု ချီးကျူးဖွယ်အကြောင်း ငါးမျိုးတို့ ရောက်လာပေလိမ့် မည်။

ထို့ပြင် ဤသာသနာတော်၌ ရဟန်းသည် အရိယာတို့ပင် သင့်ရောက် ထိုက်သေးသော(ပါရာဇိကလေးပါးမှတစ်ပါးသော) ခုဒ္ဒါနုခုဒ္ဒက အာပတ် တို့သို့ ရောက်သည့်အခါရောက်၏။ ရောက်ပြန်ကလည်း နည်းလမ်းတကျ အာပတ်မှထစေ၍ ဗြဟ္မစရိယ၏အစဖြစ်သော၊ ဗြဟ္မစရိယအားလျော် သော သိက္ခာပုဒ်တို့၌ ပြည့်ပြည့်စုံစုံ(အချိန်ပြည့်)ကျင့်သုံးလေ့ရှိသည် ဖြစ်၍ သမာဓိသိက္ခာ၌လည်းကောင်း၊ ပညာသိက္ခာ၌လည်းကောင်း အတိုင်း အရှည်(အချိန်ပိုင်း)ဖြင့် ကျင့်သုံးလေ့ရှိ၏။

ထိုရဟန်းသည် သံယောဇဉ်သုံးမျိုးတို့၏ကုန်ခြင်းကြောင့် ရာဂ၊ ဒေါသ၊ မောဟတို့၏ ခေါင်းပါးခြင်းကြောင့် သောတာပန်၊သကဒါဂါမ် ဖြစ်နိုင်ကြောင်း။

ထို့အတူ သီလသိက္ခာ၌လည်းကောင်း၊ သမာဓိသိက္ခာ၌လည်း ကောင်း၊ ပြည့်ပြည့်စုံစုံ (အချိန်ပြည့်)ဖြည့်ကျင့်၍ ပညာသိက္ခာ၌အတိုင်း အရှည် (အချိန်ပိုင်း)ဖြင့် ဖြည့်ကျင့်ပါက ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုးတို့ကုန်ခြင်း ကြောင့် အနာဂါမ်ဖြစ်နိုင်ကြောင်း။

ထို့အတူ သိက္ခာသုံးပါးလုံး၌ ပြည့်ပြည့်စုံစုံ(အချိန်ပြည့်)ဖြည့်ကျင့် ပါက အာသဝေါကင်းကွာ ရဟန္တာဖြစ်နိုင်ကြောင်း'တို့ကို အင်္ဂုတ္တရပါဠိ တော်၊ တိကနိပါတ်၊ ပထမသိက္ခာသုတ်၊ ဒုတိယသိက္ခာသုတ်တို့၌ ဟောတော် မူပေသည်။

ထို့ကြောင့် လူတို့လည်း လူတို့ကျင့်သုံးရမည့် ငါးပါးသီလကို၊ စွမ်းနိုင်ပါက ရှစ်ပါးသီလ၊ဆယ်ပါးသီလတို့ကိုဆောက်တည်၍ 'ကျိုး-

ပေါက်–ကျား–ပြောက်’ခြင်း မရှိဘဲ ထက်ဝန်းကျင်ဖြူစင်အောင် အားထုတ်ကြရပေလိမ့်မည်။

ထို့ထက်စွမ်းနိုင်ပါက ရှင်သာမဏေပြု၍ ထို့ထက်စွမ်းနိုင်ပါက ရဟန်းပြု၍ ‘သိမ်မွေ့သော တောထွက်ရဟန်းကိုရခဲ၏၊ ရဟန်းအသွင် အပြင်နှင့် ပြည့်စုံသော တောထွက်ရဟန်းကိုရခဲ၏၊ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော တောထွက်ရဟန်းကို ရခဲ၏၊ တရားဟောတတ်သော တောထွက်ရဟန်းကိုရခဲ၏၊’ဟူ၍ ပဥ္စင်္ဂုတ္တရပါဠိတော်၊ ပထမ ဝုဒ္ဓပဗ္ဗဇိတသုတ်၌ ဟောတော်မူအပ်သော၊ တစ်နည်း‘ဆိုဆုံးမလွယ်သော တောထွက်ရဟန်းကိုရခဲ၏၊ ကောင်းသောအယူကို ယူတတ်သော တောထွက်ရဟန်းကိုရခဲ၏၊ ဆုံးမစကားကို မြတ်မြတ်နိုးနိုး ခံယူတတ်သော တောထွက်ရဟန်းကိုရခဲ၏။ တရားဟောတတ်သော တောထွက်ရဟန်းကိုရခဲ၏၊ ဝိနည်းမိုရ် တောထွက်ရဟန်းကိုရခဲ၏’ဟူ၍ ယင်းပါဠိတော်၊ ဒုတိယဝုဒ္ဓပဗ္ဗဇိတသုတ်၌ ဟောတော်မူအပ်သော ရခဲသည့် သိမ်မွေ့သော၊ ရဟန်းအသွင်အပြင်နှင့် ပြည့်စုံသော၊ အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံသော၊ တရားဟော တတ်သော၊ ဝိနည်းကိုဆောင်တတ်သော၊ ဆိုဆုံးမလွယ်သော၊ ကောင်းသော အယူကိုယူတတ်သော၊ ဆုံးမစကားကို မြတ်မြတ်နိုးနိုးခံယူတတ်သော တောထွက်ရဟန်းကောင်းကြီးအဖြစ်သို့တက်လှမ်း၍ မွန်မြတ်သောရဟန်းဘဝကိုရယူပြီးသော ရဟန်းတော်တို့မှာလည်း‘သိက္ခာပုဒ်တွေများလှသည်’ ဟုသိက္ခာချလူထွက်ခြင်းကိုမပြုဘဲ ဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် ဖြည့်ကျင့်ယူခဲ့ရသည့် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြည့်ရှု၍ လျော့လွန်းသည့် ကာမသုခလ္လိကာနုယောဂ၊ တင်းလွန်းသည့် အတ္တကိလ မထာနုယောဂအပြစ်မဖြစ်စေရဘဲ မဇ္ဈိမပဋိပဒါကျကျ ဟောထားအပ်ပြီးသော အကျဉ်းချုပ်ခေါင်းစဉ် ၂၂၇–သွယ်၊ အကျယ်ကုဋေကိုးထောင် ကျော်သီလသိက္ခာကို ယုံကြည်မှုသဒ္ဓါ၊ ငဲ့ကွက်မှု ဟိရီ၊

လေးစားမှု သြတ္တပ္ပ၊ အားထုတ်မှု ဝီရိယ၊ အမြင်ကြည်လင်မှုပညာတို့ဖြင့် မဆုတ် မနစ် အားထုတ်ကြရပေလိမ့်မည်။

ထိုသို့ သဒ္ဓါစသည် တိုးတက်၍ အားထုတ်နိုင်ရန်လည်း မိမိကိုယ်ကို အထင်သေးသည့် 'ပုထုဇဉ်မို့'ဟူသော အားငယ်စိတ်ကို ဖျောက်နိုင်ရန် လိုပေသည်။ထို အားငယ်စိတ်ကို ပယ်ဖျောက်နိုင်ရန် အကောင်းဆုံးနည်းမှာ မိမိသီလကို အမြဲစစ်ဆေးရှုပွားပေးရန်ပင် ဖြစ်သည်။

သို့မှ ရဟန်းဖြစ်လျှင် ရဟန်းအလျောက်၊ ရှင်သာမဏေဖြစ်လျှင် ရှင်သာမဏေအလျောက်၊ လူဖြစ်လျှင် လူအလျောက် ဆိုင်ရာဆိုင်ရာ သိက္ခာပုဒ်တို့ကို မကျိုးမပေါက် မကျားမပြောက်အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ပေလိမ့်မည်။

စင်စစ် ဘဝဒုက္ခကင်းလွတ်သည့် နိဗ္ဗာနဓာတ်ကို အလိုရှိပါသည် ဆိုသည့် သံသာရဘီရုက ပုဂ္ဂလဝိသေသစာရင်းဝင် လူရှင်ရဟန်းတို့ အဖို့မှာကား ထိုမျှဆိုင်ရာဆိုင်ရာသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ရှောက်နိုင်ရုံဖြင့်'သီလသိက္ခာပြည့်စုံပြီ၊ တကယ့် ကျိုး–ပေါက်–ကျား– ပြောက်မှုကင်းပြီ၊ ကာမသုခလ္လိကာနုယောဂ=ကာမချမ်းသာကို ငြိတွယ်သည့် အဖန်ဖန်အားထုတ်မှုဟူသော အစွန်းရောက်အယုတ်တရားကိုပယ်နိုင်ပြီ' ဟု မဆိုသာသေး။ ဤဆိုလတ္တံ့သော'မေထုန်ငယ်ခုနစ်ပါးတို့ ကင်းရှင်းမှသာ သီလကိစ္စပြည့်စုံပြီ၊ ကျိုး–ပေါက်–ကျား–ပြောက်မှု တကယ်ကင်းပြီ၊ ကာမသုခလ္လိကာနုယောဂကို ပယ်နိုင်ပြီ'ဟု ဆိုရပေမည်။

မေထုန်ငယ် ခုနစ်ပါးမှာ–

၁။ မာတုဂါမ၏ပွတ်သပ်မှု၊ ဆုပ်နယ်မှု၊ ရေချိုးပေးမှု၊ သုံးသပ်မှုကို သာယာနှစ်သက်လိုလားခြင်း၊

၂။ မာတုဂါမနှင့်အတူ စကားပြောဆို ကျီစယ် ရယ်မောနေရသည်ကို သာယာနှစ်သက်လိုလားခြင်း၊

၃။ မာတုဂါမကို တစိမ့်စိမ့်ကြည့်ရှုရသည်ကို သာယာနှစ်သက်လိုလားခြင်း၊

၄။ မမြင်ကွယ်ရာမှ ထွက်ပေါ်လာသည့် မာတုဂါမ၏စကားပြောသံ၊ ရယ်ရွှင်သံ၊ သီချင်းဆိုသံ၊ နွဲ့သံ၊ ငိုသံတို့ကို နားထောင်နေရသည်ကို သာယာနှစ်သက်လိုလားခြင်း၊

၅။ ရှေးအခါက မာတုဂါမနှင့်အတူ ရယ်ရွှင်ကြည်နူးမြူးထူးပျော်ပါးခဲ့ရသည်ကို တစိမ့်စိမ့်တွေးတောနေခြင်း၊

၆။ ကာမဂုဏ်ငါးပါးနှင့်ပြည့်စုံပျော်ပါး ခံစားနေသူတို့ကို ကြည့်ရှုအားကျနေခြင်း၊

၇။ နတ်ဘဝ၊ နတ်ချမ်းသာကိုကောင့်တ၍ သီလစသော မြတ်သောအကျင့်ကို ကျင့်ခြင်းတို့ဖြစ်သည်။

မာတုဂါမနှင့်အတူ နှစ်ယောက်ဆောသူတို့ ပြုကျင့်အပ်သည့် မေထုန်အမှုသို့ မရောက်သော်လည်း ဤ ခုနစ်ပါးသော မေထုန်ငယ်အမှုတို့ကို မရှောင်ကွင်းနိုင်ပါက မြတ်သောအကျင့်၏ ကျိုးခြင်း ပေါက်ခြင်း ကျားခြင်း ပြောက်ခြင်းဖြစ်၍ စင်ကြယ်ခြင်း မဖြစ်နိုင်။ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ ဆင်းရဲရခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့မှ မလွတ်နိုင်ဟု ဘုရားရှင် ဟောတော်မူသည်။[၁]

ထို့ကြောင့် ဤမေထုန်ငယ်ခုနစ်ပါး ရှောင်ရှားကင်းလွတ်သူ၏ သီလသည်သာ တကယ်ကျိုးခြင်း ပြတ်ခြင်း ပေါက်ခြင်း ထွင်းခြင်း ကြောင်ခြင်း ကျားခြင်း ပြောက်ခြင်း ကွက်ခြင်းကင်းသောသီလ ကာမသုခလ္လိကာနုယောဂ ဟူသောအစွန်းရောက် အယုတ်တရားကို ပယ်ရှားရှောင်ကွင်းနိုင်သော သီလဟု ဆိုရပေသည်။

---

၁။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ ၄၃၈၊ ၄၃၉။

## အဓိစိတ္တသိက္ခာ

ဘဝစွန့်လွှတ်ရေးလုပ်ငန်းတွင် အဓိစိတ္တသိက္ခာသည် ဒုတိယမြောက်ကျင့်စဉ် သိက္ခာဖြစ်သည်။

ယင်းအဓိစိတ္တသိက္ခာဟူသည် (ဤကျမ်းအခန်း(၄)သိက္ခာကျင့်စဉ် လမ်းမှန်–၌)ဆိုခဲ့ပြီးသည့်အတိုင်း ဝိပဿနာဉာဏ်၏အခြေခံဖြစ်သော ကုသိုလ်သမာဓိဖြစ်သည်။ တစ်နည်း ဘဝဒုက္ခတို့၌ငြီးငွေ့ပြီး ဘဝလွတ်မြောက်ရေးအတွက် ပွားများကျင့်သုံးအပ်သောပါရမီမြောက် ဝိဝဋ္ဋနိဿိတ ကုသိုလ်သမာဓိဖြစ်သည်။

ထိုအဓိစိတ္တသိက္ခာမည်သော သမာဓိကို ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ အပ္ပမညာလေးပါး၊ အာဟာရေပဋိကူလ သညာ၊ စတုဓာတုဝဝတ္ထာန်၊ အာရုပ္ပလေးပါးဟူသော ကမ္မဋ္ဌာန်း ၄၀ တို့တွင် မိမိစရိုက်နှင့်အသင့်လျော်ဆုံးကမ္မဋ္ဌာန်းကို ရွေးချယ်ပွားများပြီး ထူထောင်ယူရပေသည်။

မှန်၏။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူသော ဘာဝနာ နှစ်မျိုးတို့တွင် သမထဘာဝနာ၌သာ ပွားနည်း ၄၀ အထိ အထူးအပြား ရှိပေသည်။ ဝိပဿနာဘာဝနာမှာ ပွားနည်းထူးပြားမှုမရှိ။ တေဘူမက သင်္ခါရတရားတို့ကိုချည်း ရှုကြည့်ပွားများရပေသည်။

ထို့ကြောင့် သမာဓိထူထောင်ရာတွင် မိမိနှင့်အသင့်လျော်ဆုံး ကမ္မဋ္ဌာန်းကို ရွေးချယ်မိဖို့လိုပေသည်။ ကမ္မဋ္ဌာန်းပေးသည့်ဆရာတို့က လည်း တပည့်၏စရိုက်အနေအထားကို အကဲခတ်ကြည့်ရှုပြီး အသင့် လျော်ဆုံးဖြစ်မည့် ကမ္မဋ္ဌာန်းကိုသာ ရွေးချယ်ပေးသင့်ပေသည်။ ထိုသို့ မဟုတ်ဘဲ ဆေးတစ်လက်နှင့် ၉၆ ပါးကုသည့် ဆရာကဲ့သို့ လာလာသမျှ တို့အား တစ်နည်းတည်းမှုသေထားပြီး ညွှန်ကြားနေပါက ဆေးဆရာ

မထောင်းသာသော်လည်း လူနာမှာ အသက်ဆုံးရတတ်သကဲ့သို့ ကမ္မဋ္ဌာန်းနှင့်စရိုက်မကိုက်ဘဲ တပည့်မှာ အကျိုးမဲ့ဖြစ်တတ်ပေသည်။

အရှင်သာရိပုတ္တထေရ်သည် မိမိ၏တပည့်ရွှေပန်းထိမ်သည်သားရဟန်းငယ်အား 'ပျိုရွယ်သူတို့ ရာဂဖြစ်တတ်သည်'ဟု စဉ်းစား၍ အသုဘကမ္မဋ္ဌာန်းကိုပေးမိလေရာ ဝါတွင်းသုံးလပတ်လုံး စိတ်တည်ငြိမ်မှုကိုမျှမရနိုင်ဘဲရှိလေ၏။ ထိုအကြောင်းကို လာရောက်လျှောက်ထားသောအခါ 'ကမ္မဋ္ဌာန်းမရနိုင်ဟု နောက်ဆုတ်ဖို့မသင့်'ဟုမိန့်ဆိုပြီး အသုဘ ကမ္မဋ္ဌာန်းကို ထပ်မံပေးမိပြန်လေ၏။ ရှေးအတူပင် တရားအထူးကို မရနိုင်ရှိပါကြောင်း လာရောက်လျှောက်ထားပြန်ရာ ဥပမာနှင့်တကွ အသုဘကမ္မဋ္ဌာန်းကိုပင် ပေးမိပြန်လေ၏။ ဤသို့သုံးကြိမ်တိုင်ရှိ၍မှ တရားထူးကိုမရသောအခါ တပည့်ငယ်ကို ဘုရားရှင်ထံခေါ်သွားပြီး အကြောင်းစုံကို လျှောက်ထားလေသည်။

ဘုရားရှင်သည် ရွှေပန်းထိမ်သည် လုပ်ခဲ့ဖူးသည့် ထိုရဟန်းငယ်၏ ရှေးရှေးဘဝများကို ဆင်ခြင်သည်ရှိသော် ဘဝငါးရာပတ်လုံး ရွှေပန်းထိမ်သည် ဖြစ်ခဲ့ဖူးသည်ကို မြင်တော်မူသဖြင့် 'ဤရဟန်းငယ်သည် မတင့်တယ်သော အသုဘကမ္မဋ္ဌာန်းနှင့်မသင့်လျော်၊ တင့်တယ်သည့်ကမ္မဋ္ဌာန်းနှင့်သာသင့်လျော်၏'ဟု သိတော်မူ၏။

ထိုအခါ ဘုရားရှင်သည် လှည်းဘီးတမျှ ကြီးမားလှသည့် ရွှေပဒုမ္မာကြာပန်းကြီးကို ဖန်ဆင်း၍ပေးပြီး 'ရဟန်း၊ ဤကြာပန်းကြီးကိုယူ၍ ကျောင်း၏အစွန် သဲပုံပေါ်တွင်ထားပြီးရှုလော့'ဟု မိန့်တော်မူ၏။ ရဟန်းငယ်လည်း ထိုအတိုင်းပြုလုပ်ရှုကြည့်ရာ နှစ်သက်ခြင်းပီတိဖြစ်၍ စိတ်ကြည်လင်မှုကိုရသဖြင့် စတုတ္ထဈာန်အထိ ရောက်လေ၏။

ထိုအခါ ဘုရားရှင်သည် ပဒုမ္မာကြာပန်း တဖြည်းဖြည်းညှိုးနွမ်းပုံကို ဖန်ဆင်းပြလေရာ ရဟန်းငယ်လည်း တဖြည်းဖြည်း ညှိုးနွမ်းမည်းပုပ်

သွားသည့် ကြာပန်းကိုကြည့်ရင်း သင်္ခါရတရားတို့၏မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံသဘောပေါက်သွားလေ၏။ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်မှနေ၍ ချစ်ခြင်းတဏှာကိုပယ်ရန် ဩဝါဒပေးလေရာ ရဟန်းငယ်သောတာပန်တည်လေ၏။[၁]

ဤဖြစ်ရပ်ကိုကြည့်က ကမ္မဋ္ဌာန်းနည်းပေးမှန်ဖို့လိုကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် မူသေနည်းတစ်ခုတည်းကိုသာအသုံးမပြုဘဲ ကမ္မဋ္ဌာန်း ၄၀ မှ စရိုက်နှင့်သင့်လျော်လိုက်ဖက်မည့်ကမ္မဋ္ဌာန်းကို ရွေးချယ်ပေးသင့်ကြပေသည်။ ထို့ပြင် ကမ္မဋ္ဌာန်းဌာနများ၌ ကာမဘောဂီတို့၏ ခေတ်မီအသုံးအဆောင်တွေရှိဖို့ ပြည့်စုံဖို့ထက် ထား၍ဖြစ်သည့် ကမ္မဋ္ဌာန်းအထောက်အကူပစ္စည်းများ ရရှိနိုင်သလောက် စုဆောင်းထားသင့်ကြပေသည်။ ဥပမာ--ကသိုဏ်းဝန်းကားချပ်များ၊ အရိုးစုများစသည်ဖြစ်သည်။ သို့မှသာ ကမ္မဋ္ဌာန်းဌာနများလည်း အဓိပ္ပာယ်ရှိ၊ ဘဝလွတ်မြောက်ရေးအတွက် လာရောက်အားထုတ်သူတို့လည်း ရည်ရွယ်ချက် ပြီးမြောက်ကြပေလိမ့်မည်။

ဤကျမ်း၌ကား ကမ္မဋ္ဌာန်း ၄၀ မှ ယခုခေတ်တွင် 'အလိုအပ်ဆုံး'ဟု ယူဆသည့် သီလာနုဿတိ ဘာဝနာနည်းကိုသာ ပြည့်ပြည့်စုံစုံ ပြဆိုသွားပေမည်။

မှန်၏။ သီလာနုဿတိဘာဝနာကိုပွားများခြင်းသည် သမာဓိသိက္ခာဖြည့်ကျင့်ရေးလုပ်ငန်းကိုသာမက ယခုခေတ် အများဆုံးပျက်ယွင်းနေသည့် သီလသိက္ခာဖြည့်ကျင့်ရေး လုပ်ငန်းကိုပါ တစ်ပေါင်းတည်း ပြည့်စုံနိုင်ပေသည်။ ထို့ကြောင့် သီလာနုဿတိဘာဝနာကို ပြပေအံ့။

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယ။ ၂၆၆။

## သီလာနုဿတိဘာဝနာ

**ငါးပါးသီလဘာဝနာပွားပုံ** သီလာနုဿတိဘာဝနာကို ပွားများလိုသော အမျိုးကောင်းသားသမီးသည် အာရုံငါးပါး ဆိတ်ငြိမ်၍ ကာယဝိဝေကဖြစ်သည့်ဌာနသို့ ချဉ်းကပ်ပြီးလျှင် ဖော်ပြလတ္တံ့သောနည်းအတိုင်း ပွားရာ၏။

၁။ ယနေ့ ဤအချိန်အတွင်း သူတစ်ပါး၏အသက်ကို သတ်လိုသော စိတ်ဖြင့် သတ်မိသလောဟု စဉ်းစားစစ်ဆေးပါ၊ မသတ်မိပါက ဤ ပါဏာတိပါတ သိက္ခာပုဒ် လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း သူတစ်ပါး၏အသက်ကို သတ်ခြင်းမှရှောင်ရှား သီလတရားနှင့် အချိန်ကုန်ရပေ၏။ ဤအချိန် အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

အကယ်၍ သူတစ်ပါးအသက်ကို သတ်မိသည်ကို စစ်ဆေးတွေ့ ရှိပါက 'နောက်နောင် မသတ်တော့ပြီ'ဟု စောင့်စည်းလိုသည့် သံဝရစိတ် ဖြင့် ဆုံးဖြတ်ချက်ချပါ။ ရှေ့သိက္ခာပုဒ်ကို ဆက်လက်စစ်ဆေးပါ။

၂။ ယနေ့ ဤအချိန်အတွင်း သူတစ်ပါးပစ္စည်းဥစ္စာကို မပေးဘဲ ခိုးလိုယူလိုသောစိတ်ဖြင့် ခိုး–လုယူမိသလောဟု စဉ်းစားစစ်ဆေးပါ။ မခိုး,မလုမိပါက ဤအဒိန္နာဒါန သိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း သူတစ်ပါးဥစ္စာ ကိုခိုး,လုခြင်းမှ ရှောင်ရှား သီလတရားနှင့် အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

အကယ်၍ သူတစ်ပါးဥစ္စာ ခိုး–လုမိသည်ကို တွေ့ရှိပါက 'နောက် နောင် မခိုး,မလုတော့ပြီ'ဟု စောင့်စည်းလိုသည့်သံဝရစိတ်ဖြင့် ဆုံးဖြတ် ချက်ချပါ။ ရှေ့သိက္ခာပုဒ်ကို ဆက်လက်စစ်ဆေးပါ။

၃။ ယနေ့ ဤအချိန်အတွင်း သူတစ်ပါး သားမယားကို သွားလာ ပြစ်မှားမိသလောဟု စဉ်းစားစစ်ဆေးပါ။ မသွားလာ မပြစ်မှားမိပါက ဤ 'ကာမေသုမိစ္ဆာစာရ'သိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း သူတစ်ပါးသားမယားကို လွန်ကျူး ပြစ်မှားခြင်းမှရှောင်ရှား သီလတရားနှင့် အချိန်ကုန်ရပေ၏။ ဤအချိန် အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်း ပွားများပါ။ အကယ်၍ သူတစ်ပါးသားမယားလွန်ကျူးပြစ်မှားမိသည်ကို တွေ့ရှိပါက 'နောက် နောင်မလွန်ကျူးတော့ပြီ'ဟု စောင့်စည်းလိုသည့် သံဝရစိတ်ဖြင့် ဆုံးဖြတ် ချက်ချပါ။ ပြီးလျှင် ရှေ့သိက္ခာပုဒ်ကို ဆက်လက်စစ်ဆေးပါ။

၄။ ယနေ့ဤအချိန်အတွင်း သူတစ်ပါးအကျိုးပျက်အောင် လိမ်လည် လှည့်စားပြောမိသလောဟု စဉ်းစားစစ်ဆေးပါ။ မပြောမှားမိပါက ဤ မုသာဝါဒသိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း သူတစ်ပါးအကျိုးပျက်အောင် လိမ်လည်လှည့်စားပြောမှားခြင်းမှရှောင်ရှား သီလတရားနှင့် အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်း ပွားများပါ။ အကယ်၍ လိမ်လည်လှည့်စားပြောမှားမိသည်ကို တွေ့ရှိပါက 'နောင်နောင် မလိမ် တော့ပြီ'ဟု စောင့်စည်းလိုသည့် သံဝရစိတ်ဖြင့် ဆုံးဖြတ်ချက်ချပါ။ ပြီးလျှင် ရှေ့သိက္ခာပုဒ်ကို ဆက်လက်စစ်ဆေးပါ။

၅။ ယနေ့ ဤအချိန်အတွင်း သေရည်အရက်မူးယစ်သော မူးယစ်စာတို့ကို သောက်သုံးမိသလောဟု စဉ်းစားစစ်ဆေးပါ။ မသောက်မသုံးမိပါက ဤသုရာမေရယသိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း သေရည်အရက်စသော မူးယစ်စာတို့ကိုသောက်သုံးခြင်းမှရှောင်ရှား သီလတရားနှင့်အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန် အထပ်ထပ် နှလုံးသွင်း ပွားများပါ။ အကယ်၍ မူးယစ်စာတို့ကိုသောက်သုံးမိသည်ကို တွေ့ပါက 'နောက်နောင် မသောက်မသုံးတော့ပြီ'ဟု စောင့်စည်းလိုသည့် သံဝရစိတ်ဖြင့်ဆုံးဖြတ်ချက်ချပါ။

ဤသို့ စစ်ဆေး၍ သိက္ခာပုဒ်လေးပါးလုံလျှင် ယင်းလေးပါးကိုသာ ဆိုခဲ့ပြီးသောနည်းအတိုင်း အဖန်ဖန်ပွားပါ။ သုံးပါးစသည် လုံပါက သုံးပါးစသည် လုံသမျှကိုသာ ပွားများပါ။

လောကစီးပွားရှာရာ၌ မိမိ၌ရှိသည့်ပစ္စည်းကို ရင်းနှီးမြှုပ်နှံရသည့်နည်းတူ မိမိ၌တည်ရှိသည့် သီလကိုသာအရင်းအနှီးလုပ်၍ ဘာဝနာကိစ္စတပ်အောင် အထပ်ထပ်ပွားပါ။ မကြာမီ သဒ္ဓါစသောတရားများ တိုးတက်၍ သီလလည်းတိုးတက်လာပါလိမ့်မည်။

သိက္ခာပုဒ်ငါးပါးတို့တွင် အစဖြစ်သော ပါဏာတိပါတသိက္ခာပုဒ်သည်သော်လည်းကောင်း၊ အဆုံး သုရာပါနသိက္ခာပုဒ်သည်သော်လည်းကောင်း ပျက်လျှင် ခဏ္ဍ=ကျိုးသည် ပြတ်သည်မည်၏။ 'သီလကျိုးသည်၊ သီလပြတ်သည်'ဟု ခေါ်၏။

အလယ်သိက္ခာပုဒ်သုံးခုတွင် တစ်ခုခုပျက်ပါက ဆိဒ္ဒ=ပေါက်သည်မည်၏။ 'သီလပေါက်သည်'ဟု ခေါ်၏။

သိက္ခာပုဒ်ငါးပါးတွင် ပါဏာတိပါတ၊ အဒိန္နာဒါနသိက္ခာပုဒ် နှစ်ပါးပျက်၍ နောက်သိက္ခာပုဒ်သုံးပါး မပျက်သော်လည်းကောင်း၊ သို့မဟုတ် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ပါ သုံးပါးပျက်၍ နောက် သိက္ခာပုဒ်နှစ်ပါး မပျက်သော်လည်းကောင်း၊

(တစ်နည်း)သုရာပါနနှင့်မုသာဝါဒသိက္ခာပုဒ်တို့ ဆက်တိုက်ပျက်၍ ရှေ့သိက္ခာပုဒ်သုံးပါးမပျက်သော်လည်းကောင်း၊ သို့မဟုတ် သုရာပါန၊ မုသာဝါဒ၊ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် သုံးပါးပျက်၍ ရှေ့သိက္ခာပုဒ်နှစ်ပါးမပျက်သော်လည်းကောင်း သဗလ–ကျားသည်မည်၏။ 'သီလကျားသည်ဟု ခေါ်၏။ သီလကြောင်'ဟုလည်း ခေါ်သည်။

သိက္ခာပုဒ်ငါးပါးတွင် တစ်ခုကျော်ပျက်ပါက ကမ္မာသ=ပြောက်သည်၊ ကွက်သည်မည်၏။ 'သီလပြောက်သည်၊ သီလကွက်သည်'ဟု ခေါ်သည်။

ဤသို့ ကျိုးခြင်း၊ ပေါက်ခြင်း၊ ကျားခြင်း၊ ပြောက်ခြင်းမရှိလျှင် 'သီလစင်ကြယ်သူ'ဟု ဆိုရ၏။ သီလဝန္တ သူမြတ်အဖြစ်၌ တည်လေပြီ။

ထိုပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သောနည်းအတိုင်း ဆက်လက်ပွားများရာ၏။

(က) အစ၌လည်းကောင်း၊ အဆုံး၌လည်းကောင်း တစ်ခုမျှ မပျက်သောကြောင့် ကျိုးခြင်း ပြတ်ခြင်းမရှိသော ငါ၏ သီလတို့သည် ကောင်းပေစွတကား။

(ခ) အလယ်၌ တစ်ခုမျှမပျက်သောကြောင့် ပေါက်ခြင်း ထွင်းခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဂ) အစဉ်အတိုင်း နှစ်ခုသုံးခု မပျက်သောကြောင့် ကြောင်ခြင်း ကျားခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဃ) အကြားအကြား၌ တစ်ခုမျှမပျက်သောကြောင့် ပြောက်ခြင်း ကွက်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(င) မေထုန်ငယ် ခုနစ်ပါးတို့သည်လည်းကောင်း၊ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းစသော ယုတ်မာသောတရားတို့သည်လည်းကောင်း၊မနှိပ်စက်အပ်သောကြောင့်ကျိုးခြင်း ပြတ်

ခြင်းမရှိသော ပေါက်ခြင်း ထွင်းခြင်းမရှိသော ကြောင်ခြင်း ကျားခြင်းမရှိသော ပြောက်ခြင်း ကွက်ခြင်းမရှိသော ငါ၏ သီလတို့သည် ကောင်းပေစွတကား။

(စ) တဏှာ၏ကျွန်အဖြစ်မှလွတ်စေ၍ တော်လှန်ကောင်းမြတ်သော သူ၏အဖြစ်ကို ပြုတတ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဆ) ဘုရားစသော ပညာရှိတို့ချီးမွမ်းအပ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဇ) တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဈ) ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ မဂ္ဂသမာဓိ၊ ဖလသမာဓိတို့ကို ဖြစ်စေတတ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။[၁]

ဤကဲ့သို့ ပွားများဖန်များသောအခါ ကိလေသာထကြွမှုမရှိ၊ စိတ်ထားဖြောင့်မတ်၏။ သိက္ခာပုဒ်တို့၌ ရိုသေကိုင်းညွတ်၏။ သဒ္ဓါ၊သတိ၊ ပညာပြန့်ပြော၏။ နှစ်သက်ဝမ်းမြောက်မှု များ၏။ အခြားသော သီလဝန္တ အရှင် မြတ်တို့နှင့် တန်းတူဆက်ဆံနိုင်တော့၏။ သီလပျက်မည်ကို ကြောက် လာ၏။ မိမိကိုယ်ကို မိမိအပြစ်တင်သည့်ဘေး၊ သူတစ်ပါးတို့က အပြစ် တင်သည့်ဘေး၊ မင်းပြစ်မင်းဒဏ်ဘေး၊ အပါယ်ဘေးဟူသော ဘေးကြီး လေးပါး ကင်းဝေး၏။ သီလသို့ညွတ်ကိုင်းရှိုင်းဝှမ်းသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဥပစာရဈာန် ဖြစ်လာရ၏။[၂]

၁။ အင်္ဂုတ္တိုရ်၊ ဒုတိယ။ ၂၅၃။
၂။ ဝိသုဒ္ဓိမဂ်၊ ပထမ။ ၂၁၅၊ ၂၁၆။ သရူပ၊ ဒုတိယ။ ၂၇၂။

**ရှစ်ပါးသီလဘာဝနာပွားပုံ** ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဥပုသ်သီလကိုဆောက်တည်သူများ၊ သီလာနုဿတိပွားများရန်(၁)ပထမ သိက္ခာပုဒ်၊(၂)ဒုတိယ သိက္ခာပုဒ် တို့ဆိုပြီးသောနည်းအတိုင်း စစ်ဆေးပွား များပါ။ ထို့နောက်–

၃။ ယနေ့ဤအချိန်အတွင်း မမြတ်သောမေထုန်အကျင့်ကို ကျင့်မိသလောဟု စဉ်းစားစစ်ဆေးပါ။ မပြုကျင့်မိပါက ဤ အဗြဟ္မစရိယ သိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း မမြတ်သောမေထုန်အကျင့်ကို ကျင့်ခြင်းမှရှောင်ရှား သီလတရားနှင့်အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

တစ်ဖန်(၄)စတုတ္ထသိက္ခာပုဒ်၊(၅)ပဉ္စမသိက္ခာပုဒ်တို့ကို ငါးပါးသီလ၌ ဆိုပြီးအတိုင်း စစ်ဆေးပွားများပါ။ ထို့နောက်–

ယနေ့ဤအချိန်အတွင်း နေလွဲညစာစားမိသလောဟုစဉ်းစား စစ်ဆေးပါ။ မစားမိပါက ဤ'ဝိကာလဘောဇနေ' သိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း နေလွဲညစာစားခြင်းမှ ရှောင်ရှား သီလတရားနှင့်အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

၇။ ထို့နောက် ယနေ့ဤအချိန်အတွင်း ကိုယ်တိုင်က,ခြင်း၊ သူတစ်ပါးကို အက,ခိုင်းခြင်း၊ ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးကို သီဆိုခိုင်းခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျော့တို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုမိပါသလောဟု စဉ်းစားစစ်ဆေးပါ။ မပြုမိပါက ဤနစ္စဂီတသိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း က,ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျော့တို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်းတို့မှရှောင်ရှား သီလတရားနှင့် အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏ အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'[၁]

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

၈။ ထို့နောက် ယနေ့ဤအချိန်အတွင်း အခြေတစ်တောင့်ထွာထက်ရှည်သော အိပ်ရာခုတင် ကုလားထိုင်ကြီးများဟူသော မြင့်သောနေရာ၊ လက်လေးသစ်မက အမွေးရှည်သောသားမွေးခင်း၊ ခြင်္သေ့, ကျားသစ်ရုပ်များဖြင့် ခမ်းနားဆန်းကြယ်သော သားမွေးခင်း၊ ရွှေချည်ငွေချည်တို့ဖြင့် ချုပ်လုပ်အပ်သည့် ပိုးအခင်း၊ လဲဝါဂွမ်းသွတ်မွေ့ရာဟူသော မြတ်သောနေရာတို့၌ နေထိုင်မိသလောဟု စဉ်းစားစစ်ဆေးပါ။ မနေမထိုင်မိပါက ဤဥစ္စာသယနသိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း မြင့်သောနေရာ မြတ်သော နေရာတို့၌ နေခြင်းမှရှောင်ရှား သီလတရားနှင့်အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။[၂]

သိက္ခာပုဒ်ရှစ်ပါးလုံး လုံခြုံနေပါက ဆိုခဲ့ပြီးသည့်အတိုင်း(က)မှ

---

၁။ မိမိ မြင်လောက်ရာအရပ်သို့ လာရောက်ကပြသည်ကို ကြည့်ရှုသော်လည်းကောင်း၊ ကြားရလောက်ရာအရပ်သို့ လာရောက်သီဆိုတီးမှုတ်သည်ကို နားထောင်ရသော်လည်းကောင်း သီလမပျက်။ မမြင်မြင်အောင်၊ မကြားကြားအောင် တမင်ကာ အားထုတ်ကြည့်ရှုနားထောင်လျှင်သာ သီလပျက်သည်။

၂။ သီလဆောက်တည်စဉ်က သိက္ခာပုဒ် တစ်ပါးစီ ဆောက်တည်သောကြောင့် သိက္ခာပုဒ်တစ်ပါးပါး ပျက်သော်လည်း ကျန်သီလသိက္ခာပုဒ်တို့အတွက် အကျိုးရှိသေးသည်။

(၅)အထိ မိမိသီလ၏ကျိုးခြင်း၊ ပေါက်ခြင်း၊ ကျားခြင်း၊ ပြောက်ခြင်း မရှိသည်ကို ပွားစဉ်အတိုင်း ဆက်လက်ပွားပါ။

ဤကဲ့သို့ ပွားများဖန်များသောအခါ ကိလေသာထကြွမှုမရှိ၊ စိတ်ထား ဖြောင့်မတ်၏။ သိက္ခာပုဒ်တို့၌ ရိုသေကိုင်းညွတ်၏။ သဒ္ဓါ၊ သတိ၊ ပညာ ပြန့်ပြော၏။ နှစ်သက်ဝမ်းမြောက်ခြင်းများ၏။ အခြားသော သီလဝန္တ အရှင်မြတ်တို့နှင့် တန်းတူဆက်ဆံနိုင်တော့၏။ သီလပျက်မည်ကို ကြောက် လာ၏။ မိမိကိုယ်ကိုမိမိ အပြစ်တင်သည့်ဘေး၊ သူတစ်ပါးက အပြစ်တင် သည့်ဘေး၊ မင်းပြစ်မင်းဒဏ်ဘေး၊အပါယ်ဘေးဟူသော ဘေးကြီးလေးပါးက ကင်းဝေး၏။ သီလသို့ ညွတ်ကိုင်းရှိုင်းဝှမ်းသောဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဉပစာရဈာန် ဖြစ်လာရ၏။

**ဆယ်ပါးသီလဘာဝနာပွားပုံ**

ပါဏာတိပါတ သိက္ခာပုဒ်မှ ဝိကာလ ဘောဇနသိက္ခာပုဒ်အထိသိက္ခာပုဒ် (၆)ပါး တို့ကို ရှစ်ပါးသီလ ဘာဝနာပွားနည်း အတိုင်းပွားပါ။

၇။ ထို့နောက် ယနေ့ဤအချိန်အတွင်း ကိုယ်တိုင်က,ခြင်း၊ သူ တစ်ပါးကို အကခိုင်းခြင်း၊ ကိုယ်တိုင် သီဆိုခြင်း၊ သူတစ်ပါးကို သီဆို ခိုင်းခြင်း၊ ကြည့်ရှုနားထောင်ခြင်း ပြုမိသလောဟု စဉ်းစားစစ်ဆေးပါ။ မပြုမိပါက ဤနစ္စဂီတသိက္ခာပုဒ်လုံခြုံပြီ။ ထိုအခါ–

'ငါသည် ယနေ့ဤအချိန်အတွင်း က,ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်းမှရှောင်ရှား သီလတရားနှင့်အချိန်ကုန်ရပေ၏။ ဤအချိန်အတွင်း ငါ၏အသက်ရှင်ရခြင်းသည် အဖိုးတန်လှ မြတ်ပေစွ တကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

၈။ ထို့နောက် ယနေ့ဤအချိန်အတွင်း ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊

## ရှင်သာမဏေသီလဘာဝနာပွားပုံ

**လိုင်ဆယ်ပါး:** သီလာနုဿတိဘာဝနာကို ပွားများလိုသော ရှင်သာမဏေသည် အထူးစင်ကြယ်စေရန် ဆရာဘုန်းတော်ကြီးထံ ဒဏ်တောင်း၍ ဒဏ်ထမ်းပြီးလျှင် သရဏဂုံ ထပ်မံဆောက်တည်၍ မလွန်ကျူးမိစေရန် စောင့်ရှောက်ကာ ဖော်ပြမည့်အတိုင်း ရွတ်ဆိုပွားများပါ။

၁။ ငါသည် ယနေ့ညအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'သူ့အသက်သတ်ခြင်း'ဟူသော ပထမလိင်္ဂနာသေတဗ္ဗအမှုကို မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၂။ ငါသည် ယနေ့ညအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'သူ့ဥစ္စာကို ခိုးယူခြင်း'ဟူသော ဒုတိယလိင်္ဂနာ သေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၃။ ငါသည် ယနေ့ညအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'မမြတ်သောမေထုန်အကျင့်ကိုကျင့်ခြင်း' ဟူသော တတိယလိင်္ဂနာသေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေ ကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၄။ ငါသည် ယနေ့ညအချိန်အတွင်းလွန်ကျူးမိက လူထွက် ရသည့် 'လိမ်လည်ပြောမှားခြင်း'ဟူသော စတုတ္ထလိင်္ဂနာ သေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅။ ငါသည် ယနေ့ညအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'သေရည်သေရက်သောက်ခြင်း'ဟူသော ပဥ္စမလိင်္ဂနာ သေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၆။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'ဘုရားရှင်၏ကျေးဇူးမဲ့ကိုပြောဆိုခြင်း'ဟူသော ဆဋ္ဌလိင်္ဂနာသေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ်ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'တရားတော်၏ကျေးဇူးမဲ့ကိုပြောဆိုခြင်း'ဟူသော သတ္တမလိင်္ဂနာသေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ်ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၈။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း' ဟူသော အဋ္ဌမလိင်္ဂနာသေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၉။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'မှားသောအယူကိုယူခြင်း'ဟူသော နဝမလိင်္ဂနာသေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၀။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် 'ဘိက္ခုနီမကိုဖျက်ဆီးခြင်း'ဟူသော ဒသမလိင်္ဂနာ သေတဗ္ဗအမှု မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၁။ 'ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက လူထွက်ရသည့် ဆယ်ပါးသောလိင်္ဂနာသေတဗ္ဗအမှုတို့ကို မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။'

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

**ဒုက္ကဋ်ဆယ်ပါး** ထို့နောက် ဆက်၍ ဖော်ပြမည့်နည်းအတိုင်း ဒုက္ကဋ်ဆယ်ပါးကို စစ်ဆေးပွားများပါ။

၁။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက ဒုက္ကဋ်ထမ်းရသည့် 'နေ့လွဲညစာစားခြင်း' ဟူသော ပထမဒုက္ကဋာရပုဟာအမှုကို မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၂။ ငါသည် ယနေ့ ဤအချိန်အတွင်း လွန်ကျူးမိက ဒုက္ကဋ်ထမ်းရသည့်'ကခြင်း၊သီဆိုခြင်း၊တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်း' ဟူသော ဒုတိယဒုက္ကဋာရပုဟာအမှုကို မပြုမကျင့်သဖြင့် သာမဏေ ကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၃။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက ဒုက္ကဋ်ထမ်းရသည့် 'ပန်းပန်ခြင်း၊နံ့သာလိမ်းခြင်း၊နံ့သာပျော့တို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်း' ဟူသော တတိယဒုက္ကဋာရပုဟာ အမှုကို မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၄။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက ဒုက္ကဋ်ထမ်းရသည့် 'မြင့်သောနေရာ၊ မြတ်သောနေရာတို့၌ နေထိုင်ခြင်း' ဟူသော စတုတ္ထဒုက္ကဋာရပုဟာအမှုကို မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက ဒုက္ကဋ်ထမ်းရသည့် 'ရွှေငွေဒင်္ဂါးပိုက်ဆံတို့ကို ကိုင်ခံခြင်း' ဟူသော ပဉ္စမဒုက္ကဋာရပုဟာအမှုကို မပြုမကျင့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၆။ ငါသည် ယနေ့ဤအချိန်အတွင်း လွန်ကျူးမိက ဒုက္ကဋ်ထမ်းရသည့် 'ရဟန်းများ လာဘ်မရအောင်အားထုတ်ခြင်း' ဟူသော

## သေခိယ

**ပရိမဏ္ဍလဝဂ်**

၁-၂။ ငါသည် ယနေ့ ဤအချိန်အတွင်း သင်းပိုင်၊ ကိုယ်ဝတ်တို့ကို အဝန်းညီစွာဝတ်ရုံသဖြင့် သာမဏေကောင်းစင်စစ်ဖြစ်ခွင့်ရပေ၊အရတော်လေစွတကား။

၃-၄။ ငါသည် ယနေ့ ဤအချိန်အတွင်း သင်္ကန်းရုံကာ ရွာတွင်း၌ သွားလာနေထိုင်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅-၆။ ငါသည် ယနေ့ ဤအချိန်အတွင်း လက်ခြေတို့ကို မကစားဘဲ ကောင်းစွာစောင့်စည်းလျက် ရွာတွင်း၌သွားလာနေထိုင်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇-၈။ ငါသည် ယနေ့ ဤအချိန်အတွင်း မျက်လွှာကိုချ လေးတောင်ခန့်မျှကိုသာကြည့်ကာ ရွာတွင်း၌ သွားလာနေထိုင်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၉-၁၀။ ငါသည် ယနေ့ဤအချိန်အတွင်း သင်္ကန်းတို့ကို မြှောက်လှန်ပင့်မလျက် ရွာတွင်း၌ သွားလာနေထိုင်ခြင်း မပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွာတကား။

**ဥဇ္ဇဂ္ဃိကဝဂ်**

၁-၂။ ငါသည်ယနေ့ဤအချိန်အတွင်း ကျယ်စွာရယ်မောလျက် ရွာတွင်း၌ သွားလာနေထိုင်ခြင်း မပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၃-၄။ ငါသည် ယနေ့ဤအချိန်အတွင်း တိုးတိုးသက်သာပြောဆိုကာ ရွာတွင်း၌ သွားလာနေထိုင်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅-၆။ ငါသည် ယနေ့ဤအချိန်အတွင်း ခန္ဓာကိုယ်ကို လှုပ်ယမ်းကာ

ရွာတွင်း၌ သွားလာနေထိုင်ခြင်းမပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇–၈။ ငါသည် ယနေ့ဤအချိန်အတွင်း လက်ရုံးတို့ကို လှုပ်ယမ်းကာ ရွာတွင်း၌ သွားလာနေထိုင်ခြင်းမပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၉–၁၀။ ငါသည် ယနေ့ဤအချိန်အတွင်း ဦးခေါင်းကိုလှုပ်ယမ်းကာ ရွာတွင်း၌ သွားလာနေထိုင်ခြင်းမပြုသဖြင့် သာမဏေကောင်း စင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

**ခမ္ဘကတဝဂ်**

၁–၂။ ငါသည် ယနေ့ဤအချိန်အတွင်း ခါးထောက်လျက် ရွာတွင်း၌ သွားလာနေထိုင်ခြင်းမပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၃–၄။ ငါသည် ယနေ့ ဤအချိန်အတွင်း ဦးခေါင်းခြုံကာ ရွာတွင်း၌ သွားလာနေထိုင်ခြင်းမပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅။ ငါသည် ယနေ့ ဤအချိန်အတွင်း ရွာတွင်း၌ ခြေဖျားထောက်ကာ သွားလာခြင်း၊ ခြေဖျားထောင်ကာ သွားလာခြင်းမပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၆။ ငါသည် ယနေ့ဤအချိန်အတွင်း ရွာတွင်း၌ ဒူးနှစ်ဖက်ကိုလက်ဖြင့် ပိုက်၍လည်းကောင်း၊ သင်္ကန်းဖြင့် ပိုက်၍လည်းကောင်းနေခြင်း မပြုသဖြင့် သာမဏေကောင်းစင်စစ်ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇။ ငါသည် ယနေ့ဤအချိန်အတွင်း လေးလေး စားစား သတိထား၍ ဆွမ်းကိုခံယူသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၈။ ငါသည် ယနေ့ဤအချိန်အတွင်း သပိတ်၌သညာထားကာ ဆွမ်းကို

ခံယူသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၉။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်း၏လေးဖို့တစ်ဖို့ ပဲနောက်ဟင်းစသည်နှင့်အမျှ ဆွမ်းကိုခံယူသဖြင့် သာမဏေ ကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၀။ ငါသည် ယနေ့ဤအချိန်အတွင်း သပိတ်အတွင်း အနားရစ်နှင့်အမျှ ဆွမ်းကိုခံယူသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

**သက္ကစ္စဝဂ်**

၁။ ငါသည် ယနေ့ဤအချိန်အတွင်း လေးလေးစားစား သတိထားကာ ဆွမ်းကိုစားရသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၂။ ငါသည် ယနေ့ဤအချိန်အတွင်း သပိတ်၌သညာထားကာ ဆွမ်းကိုစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊အရတော်လေစွတကား။

၃။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းကို အစဉ်အတိုင်းစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၄။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်း၏လေးဖို့တစ်ဖို့ ပဲနောက်ဟင်းစသည်နှင့်အမျှ ဆွမ်းကိုစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းဦး ဆွမ်းထိပ်မှနှိုက်၍ မစားသဖြင့် သာမဏေကောင်းစင်စစ်ဖြစ်ခွင့်ရပေ၊အရတော်လေစွတကား။

၆။ ငါသည် ယနေ့ဤအချိန်အတွင်း ရိုးရိုးဟင်းကိုလည်းကောင်း၊ အမဲဟင်းလျာကိုလည်းကောင်း၊များသည်ကို အလိုရှိသည်၏အဖြစ်ကိုစွဲ၍ ဆွမ်းဖြင့်မဖုံးသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇။ ငါသည် ယနေ့ဤအချိန်အတွင်း ဟင်းကိုလည်းကောင်း၊ ဆွမ်းကို လည်းကောင်း၊ မနာမဖျားဘဲ မိမိအတွက် တောင်း၍မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၈။ ငါသည် ယနေ့ဤအချိန်အတွင်း ကဲ့ရဲ့လိုသောစိတ်ဖြင့် သူတစ်ပါး တို့၏သပိတ်ကို မကြည့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့် ရပေ၊ အရတော်လေစွတကား။

၉။ ငါသည် ယနေ့ဤအချိန်အတွင်း အလွန်ကြီးသောဆွမ်းလုတ်ကို မပြုသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွ တကား။

၁၀။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းလုတ်ကို အဝန်းညီညီပြု လုပ်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေ စွတကား။

**ကဗဠဝဂ်**

၁။ ငါသည် ယနေ့ဤအချိန်အတွင်း ခံတွင်းဝသို့ ဆွမ်းလုတ်မရောက်မီ ခံတွင်းမဖွင့်သဖြင့် သာမဏေ ကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၂။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းစားစဉ် လက်ချောင်းတို့ကို ခံတွင်းသို့မသွင်းသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၃။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းလုတ်ရှိသောခံတွင်းဖြင့် စကားမပြောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရ တော်လေစွတကား။

၄။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းလုတ်ကိုပစ်သွင်း၍ ပစ်သွင်း ၍မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော် လေစွတကား။

၅။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းလုတ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၆။ ငါသည် ယနေ့ဤအချိန်အတွင်း မျောက်ကဲ့သို့ ပါးစောင်ဖွဲ့ထား၍ မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇။ ငါသည် ယနေ့ဤအချိန်အတွင်း လက်ကိုခါ၍ခါ၍ မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၈။ ငါသည် ယနေ့ဤအချိန်အတွင်း ဆွမ်းလုံးကိုဖြန့်ကြဲ၍ဖြန့်ကြဲ၍ မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွာ့တကား။

၉။ ငါသည် ယနေ့ဤအချိန်အတွင်း လျှာကိုထုတ်၍ထုတ်၍မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၀။ ငါသည် ယနေ့ဤအချိန်အတွင်း စပ်စပ် (ပြတ်ပြတ်) မြည်အောင်မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

**သုရုသုရုဝဂ်**

၁။ ငါသည် ယနေ့ဤအချိန်အတွင်း ရှုပ်ရှုပ်မြည်အောင်မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၂။ ငါသည် ယနေ့ဤအချိန်အတွင်း လက်ကိုလျက်၍လျက်၍ မစားသဖြင့် သာမဏေကောင်းစင်စစ်ဖြစ်ခွင့်ရပေ၊အရတော်လေစွတကား။

၃။ ငါသည် ယနေ့ဤအချိန်အတွင်း သပိတ်ကိုခြစ်၍ခြစ်၍ မစားသဖြင့်သာမဏေကောင်းစင်စစ်ဖြစ်ခွင့်ရပေ၊အရတော်လေစွတကား။

၄။ ငါသည် ယနေ့ည၌အချိန်အတွင်း နှုတ်ခမ်းကိုလျက်၍လျက်၍ မစားသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅။ ငါသည် ယနေ့ည၌အချိန်အတွင်း ဆွမ်းစသောအာမိသရှိသော လက်ဖြင့် သောက်ရေခွက်ကိုမကိုင်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၆။ ငါသည် ယနေ့ည၌အချိန်အတွင်း ဆွမ်းလုံးပါသောသပိတ်ဆေးရေကို ရွာတွင်း၌မစွန့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇။ ငါသည် ယနေ့ည၌အချိန်အတွင်း ထီးကိုင်စွဲထားသည့် ကျန်းမာသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၈။ ငါသည် ယနေ့ည၌အချိန်အတွင်း လေးတောင်ပြည့်တုတ် ကိုင်စွဲထားသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၉။ ငါသည် ယနေ့ည၌အချိန်အတွင်း ဓားစသောလက်နက် ကိုင်စွဲထားသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၀။ ငါသည် ယနေ့ည၌အချိန်အတွင်း လေးလက်နက်ကိုင်စွဲထားသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

**ပါဒုကဝဂ်**

၁။ ငါသည် ယနေ့ည၌အချိန်အတွင်း ခြေနင်းစီးထားသည့် ကျန်းမာသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော် လေစွတကား။

၂။ ငါသည် ယနေ့ဤအချိန်အတွင်း ဖိနပ်စီးထားသည့် ကျန်းမာသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၃။ ငါသည် ယနေ့ဤအချိန်အတွင်း ယာဉ်စီးနေသည့် ကျန်းမာသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရ တော်လေစွတကား။

၄။ ငါသည် ယနေ့ဤအချိန်အတွင်း အိပ်ရာ၌နေသည့် ကျန်းမာသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၅။ ငါသည် ယနေ့ဤအချိန်အတွင်း ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်၍လည်းကောင်း၊ သင်္ကန်းဖြင့် ပိုက်၍လည်းကောင်း ထိုင်နေသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၆။ ငါသည် ယနေ့ဤအချိန်အတွင်း ဦးရစ်ပေါင်းထားသည့် ကျန်းမာသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၇။ ငါသည် ယနေ့ဤအချိန်အတွင်း ဦးခေါင်းခြုံထားသည့် ကျန်းမာသူအား တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၈။ ငါသည် ယနေ့ဤအချိန်အတွင်း နေရာ၌ ထိုင်နေသည့်ကျန်းမာသူအား မြေမှာနေ၍ တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၉။ ငါသည် ယနေ့ဤအချိန်အတွင်း မြင့်သောနေရာ၌ထိုင်နေသည့် ကျန်းမာသူအား နိမ့်သောနေရာ၌ထိုင်ပြီး တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၀။ ငါသည် ယနေ့ဤအချိန်အတွင်း ထိုင်နေသည့် ကျန်းမာသူအား ရပ်လျက်တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၁။ ငါသည် ယနေ့ဤအချိန်အတွင်း ရှေ့မှသွားသည့် ကျန်းမာသူအား နောက်မှလိုက်၍ တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၂။ ငါသည် ယနေ့ဤအချိန်အတွင်း လမ်းပေါ်သွားနေသည့် ကျန်းမာသူအား လမ်းဘေးမှလိုက်၍ တရားမဟောသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၃။ ငါသည် ယနေ့ဤအချိန်အတွင်း ကျန်းမာပါလျက်ရပ်ပြီး ကျင်ကြီးကျင်ငယ်ကို မစွန့်သဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၄။ ငါသည် ယနေ့ဤအချိန်အတွင်း ကျန်းမာပါလျက် စိမ်းစိုသောမြက်, သစ်ပင်ရှိရာအရပ်၌ ကျင်ကြီးကျင်ငယ်ကိုလည်းကောင်း၊ တံတွေးကိုလည်းကောင်း မစွန့်မထွေးသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၅။ ငါသည် ယနေ့ဤအချိန်အတွင်း ကျန်းမာပါလျက် သုံးဆောင်ကောင်းသောရေ၌ ကျင်ကြီး ကျင်ငယ်ကိုလည်းကောင်း၊ တံတွေးကိုလည်းကောင်း မစွန့်မထွေးသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၆။ ငါသည် ယနေ့ဤအချိန်အတွင်း ၇၅-ပါးသောသေခိယ သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းမရှိသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၁၇။ ငါသည် ယနေ့ဤအချိန်အတွင်း ဆယ်ပါးကုန်သော လိင်္ဂနာသေတဗ္ဗသိက္ခာပုဒ်တို့ကိုလည်းကောင်း၊ ဆယ်ပါးကုန်သော ဒဏ္ဍာရဟသိက္ခာပုဒ်တို့ကိုလည်းကောင်း၊ ၇၅–ပါးကုန်သော သေခိယသိက္ခာပုဒ်တို့ကိုလည်းကောင်း လွန်ကျူးခြင်းမရှိသဖြင့် သာမဏေကောင်းစင်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

ထို့နောက် ဆိုခဲ့ပြီးသည့်အတိုင်း သီလကျိုးခြင်းစသည်မရှိပုံကို (က)မှ(ဈ)အထိ ပွားစဉ်အတိုင်း ဆက်လက်ပွားပါ။

ဤကဲ့သို့ ပွားများဖန်များသောအခါ ကိလေသာထကြွမှုမရှိ၊ စိတ်ထား ဖြောင့်မတ်၏။ သိက္ခာပုဒ်တို့၌ ရိုသေကိုင်းညွတ်၏။ သဒ္ဓါ၊ သတိ၊ ပညာ ပြန့်ပြော၏။ နှစ်သက်ဝမ်းမြောက်ခြင်းများ၏။ အခြားသော သီလဝန္တအရှင်တို့နှင့် တန်းတူဆက်ဆံနိုင်တော့၏။ သီလပျက်မည်ကို ကြောက်လာ၏။ မိမိကိုယ်ကို အပြစ်တင်သည့်ဘေး၊ သူတစ်ပါးက အပြစ်တင်သည့်ဘေး၊ မင်းပြစ်မင်းဒဏ်ဘေး၊ အပါယ်ဘေးဟူသော ဘေးကြီးလေးပါးမှ ကင်းဝေး၏။ သီလသို့ ညွတ်ကိုင်းရှိုင်းဝှမ်းသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဥပစာရဈာန်ဖြစ်လာရ၏။

## ရဟန်းသီလဘာဝနာပွားပုံ

သီလာနုဿတိဘာဝနာကို အားထုတ်ပွားများလိုသော ရဟန်းတော် သည် နိဿဂ္ဂိယထိုက်သော ပစ္စည်းများရှိက စွန့်ပြီးလျှင်၊ စင်ကြယ်အောင် ဒေသနာပြောပြီး ဤဆိုလတ္တံ့သောနည်းအတိုင်း ပွားများရာ၏။

၁။ ယခုအခါ ငါ၏လေးပါးကုန်သော ပါရာဇိကသိက္ခာပုဒ် သီလတို့သည် ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်လှပေစွတကား၊

ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။[၁]

၂။ ယခုအခါ ငါ၏ ၁၃–ပါးကုန်သော သံဃာဒိသေသ်သိက္ခာပုဒ်သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှပေစွတကား။ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။

၃။ ယခုအခါ ငါ၏နှစ်ပါးကုန်သော အနိယတသိက္ခာပုဒ် သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှပေစွတကား။ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။

၄။ ယခုအခါ ငါ၏သုံးဆယ်ကုန်သော နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်လှပေစွတကား။ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။

၅။ ယခုအခါ ငါ၏ ၉၂–ပါးကုန်သော သုဒ္ဓပါစိတ် သိက္ခာပုဒ် သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှပေစွတကား။ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား။

၆။ ယခုအခါ ငါ၏လေးပါးကုန်သော ပါဋိဒေသနိယ သိက္ခာပုဒ်သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှ

---

၁။ ယခုအခါ ငါ၏ပထမပါရာဇိကသိက္ခာပုဒ်သီလသည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှပေတကား။ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ၊ အရတော်လေစွတကား စသည်ဖြင့် သိက္ခာပုဒ်တစ်ခုချင်း ပွားနိုင်ကပွားပါ။ သတ္တမ ရွှေကျင်နိကာယသာသနာပိုင် ကျိုက်လတ်ဆရာတော်ဘုရားကြီးကား သိက္ခာပုဒ်တစ်ခုချင်းပွားပုံ ရေးသားညွှန်ပြတော်မူသည်။ [သီလာနုဿတိဘာဝနာကျမ်းငယ်၊ ၁၃၀၀–ပြည့်နှစ်]

ပေစွတကား။ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။

၇။ ယခုအခါ ငါ၏ ၇၅–ပါးကုန်သော သေခိယသိက္ခာပုဒ် သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှပေစွတကား။ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။

၈။ ယခုအခါ ငါ၏ခုနစ်ပါးကုန်သော အဓိကရဏသမထသိက္ခာပုဒ်သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှပေစွတကား၊ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။[၁]

၉။ ယခုအခါ ငါ၏ ၂၂၇–သွယ်သော သိက္ခာပုဒ်သီလတို့သည် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်လှပေစွတကား၊ ဘုရားသားတော် ရဟန်းတော်စစ် ဖြစ်ခွင့်ရပေ အရတော်လေစွတကား။

ဤသို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

ထို့နောက် ဤဆိုလတ္တံ့သောနည်းအတိုင်း ဆက်လက်ပွားများပါ။

(က) အစ၌လည်းကောင်း၊ အဆုံး၌လည်းကောင်း၊ တစ်ခုမျှ ပျက်သောကြောင့် ကျိုးခြင်း ပြတ်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ခ) အလယ်၌ တစ်ခုမျှမပျက်သောကြောင့် ပေါက်ခြင်း ထွင်းခြင်း မရှိသော ငါ၏သီလတို့သည် ကောင်းပေစွတကား။

---

၁။ ဤအဓိကရဏသမထတို့သည် လွန်ကျူးလျှင် အာပတ်သင့်ရသော သိက္ခာပုဒ်များ မဟုတ်ကြသော်လည်း အဓိသီလအမည်ရသည့် ပါတိမောက္ခသီလများ စင်ကြယ်ဖို့ အကြောင်းဖြစ်၍ သိက္ခာအမည်ရကြသည်။ကျိုက်လတ်ဆရာတော်ကြီးကား ဤ၇– ပါးကို သီလာနုဿတိဘာဝနာတွင် ထည့်သွင်းပွားများစေခြင်း ပြုတော်မမူ။

(ဂ) အစဉ်အတိုင်း နှစ်ခု,သုံးခု မပျက်သောကြောင့် ကြောင်ခြင်း ကျားခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းပေစွ တကား။

(ဃ) အကြားအကြား၌ တစ်ခုမျှမပျက်သောကြောင့် ပြောက်ခြင်း ကွက်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းပေစွ တကား။

(င) မေထုန်ငယ်ခုနစ်ပါးတို့သည်လည်းကောင်း၊ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းစသော ယုတ်မာသောတရားတို့သည်လည်းကောင်း၊ မနှိပ်စက်အပ်သောကြောင့် ကျိုးခြင်း ပြတ်ခြင်း မရှိသော ပေါက်ခြင်း ထွင်းခြင်းမရှိသော ကြောင်ခြင်း ကျားခြင်း မရှိသော ပြောက်ခြင်း ကွက်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(စ) တဏှာ၏ကျွန်အဖြစ်မှလွတ်စေ၍ တော်လှန်ကောင်းမြတ်သောသူ၏အဖြစ်ကို ပြုတတ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဆ) ဘုရားအစရှိသော ပညာရှိတို့ ချီးမွမ်းအပ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဇ) တဏှာဒိဋ္ဌိဖြင့် မသုံးသပ်အပ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။

(ဈ) ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ မဂ္ဂသမာဓိ၊ ဖလသမာဓိတို့ကို ဖြစ်စေတတ်သော ငါ၏သီလတို့သည် ကောင်းပေစွတကား။

ဤသို့ဆက်၍ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပွားများပါ။

ဤသို့ ပွားများဖန်များသောအခါ ကိလေသာထကြွမှုမရှိ၊ စိတ်ထားဖြောင့်မတ်၏။ သိက္ခာပုဒ်၌ ရိုသေကိုင်းညွတ်၏။ သဒ္ဓါ၊ သတိ၊ ပညာပြန့်ပြော၏။ နှစ်သက်ဝမ်းမြောက်မှုများ၏။ အခြားသောသီလဝန္တ အရှင်

မြတ်တို့နှင့် တန်းတူဆက်ဆံနိုင်တော့၏။ သေးငယ်လှသည့် အစိတ္တက ဒုက္ကဋ် ဒုဗ္ဘာသီအပြစ်ကလေးများကိုပင် သင့်ရောက်မည် ကြောက်လာတော့၏။ မိမိကိုယ်ကို မိမိအပြစ်တင်သည့်ဘေး၊ သူတစ်ပါးတို့က အပြစ်တင်သည့်ဘေး၊ မင်းပြစ်မင်းဒဏ်ဘေး၊ အပါယ်ဘေးဟူသော ဘေးကြီးလေးပါး ကင်းဝေး၏။ သီလသို့ ညွတ်ကိုင်းရှိုင်းဝှမ်းသောဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ဥပစာရဈာန်ဖြစ်လာရ၏။

ဤသို့ သမာဓိအသားတက်လာသောအခါ အဓိပညာစခန်းသို့ တက်လှမ်းနိုင်ရန်အတွက် 'အဇ္ဈတ္တရတော=ကိုယ့်သန္တာန်၌ ဝိပဿနာ ဉာဏ်ဖြင့်မွေ့လျော်သည်ဖြစ်၍' ဟူသော ဥဒါန်းပါဠိတော်လာ ဘုရားရှင်၏ လမ်းညွှန်ချက်အရ မိမိသန္တာန်၌ရှိသော ရုပ်,နာမ်ဓမ္မ သင်္ခါရတို့ကို သတိပြုကြည့်ရှုဆင်ခြင်ရပေလိမ့်မည်။ ထိုသို့ ရုပ်,နာမ်ဓမ္မ သင်္ခါရတို့ကို သတိဖြင့် ရှုကြည့်ဆင်ခြင်မှသာ အဓိပညာစခန်းသို့ရောက်၍ ဝဋ်ဘဝမှလွန်မြောက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။ ထိုသို့မဟုတ်ပါက သမာဓိကုသိုလ်တွင်သာ လမ်းဆုံးသည့် သာသနာပဈာန်ရရသေ့ကြီး များကဲ့သို့ ဝဋ်မှလွတ်မြောက်ခွင့်မရနိုင်ဘဲ ရှိပေလိမ့်မည်။

မှန်၏။ နဝမခေတ်နှင့်ကြုံရခြင်းသည် အဓိပညာဟုဆိုအပ်သော ဝိပဿနာမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကိုဖြစ်ပေါ်စေရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးရှိ၏။

ထို့ကြောင့် အဓိပညာစခန်းသို့ တက်လှမ်းနိုင်ရန်အတွက် အဓိပညာသိက္ခာနှင့်စပ်၍ သိမှတ်ဖွယ်ရာတို့ကို ဆက်လက်လေ့လာကြကုန်အံ့။

## အဓိပညာသိက္ခာ

ဘဝစွန့်လွှတ်ရေးလုပ်ငန်းတွင် အဓိပညာသိက္ခာသည် သိက္ခာစဉ်အရ အကြီးဆုံးဖြစ်၍ လုပ်ငန်းစဉ်အရ နောက်ဆုံးဖြစ်ပေသည်။

ယင်းအဓိပညာသိက္ခာမှာ(ဤကျမ်းအခန်း(၄)သိက္ခာ၊ ကျင့်စဉ်လမ်းမှန်–၅) ဆိုခဲ့ပြီးသည့်အတိုင်း ဝိပဿနာဉာဏ်ဆယ်ပါး၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြစ်သည်။ ထိုအဓိပညာ သိက္ခာသုံးမျိုးတို့တွင် ဝိပဿနာဉာဏ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အကြောင်းဖြစ်ခြင်းကြောင့် ဘဝလွတ်မြောက်ရန်အတွက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟူသော ပဋိဝေဓသို့ ဆိုက်ရောက်လိုသော သူတော်ကောင်းတို့သည် ဝိပဿနာဉာဏ်ကို ဖြစ်ပေါ်စေရာ၏။

ဝိပဿနာဉာဏ် ဆိုသည်မှာ–

(က) ရှိနေသည်ကို ရှိနေသည့်အတိုင်းသိခြင်း၊

(ခ) ထိုရှိနေသည့်တရားတို့၏ ဖြစ်နေသည်ကိုလည်း ဖြစ်နေသည့်အတိုင်း မြင်ခြင်းပင်ဖြစ်သည်။

ဘေဒအားဖြင့်–

၁။ သင်္ခါရတရားတို့ကို အပေါင်း၏အစွမ်းဖြင့် 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'ဟုမြင်သည့် သမ္မသနဉာဏ်။

၂။ သင်္ခါရတရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို အဖန်တလဲလဲ မြင်သည့် ဥဒယဗ္ဗယဉာဏ်။

၃။ သင်္ခါရတရားတို့၏ ပျက်ခြင်းမျှကို အဖန်တလဲလဲမြင်သည့် ဘင်္ဂဉာဏ်။

၄။ သင်္ခါရတရားတို့ကို ကြောက်လန့်ဖွယ်ရာဘေးကြီးဟု အဖန်တလဲလဲမြင်သည့် ဘယဉာဏ်။

၅။ 'ဘေး'ဟု မြင်အပ်ပြီးသော သင်္ခါရတရားတို့ကို အပြစ်သဘော မြင်သည့် အာဒီနဝဉာဏ်။

၆။ 'အပြစ်'ဟုမြင်အပ်ပြီးသော သင်္ခါရတရားတို့၌ ငြီးငွေ့သည့် သဘောအားဖြင့်မြင်သည့် နိဗ္ဗိဒါဉာဏ်။

၇။ သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသည့်သဘော အားဖြင့်မြင်သည့် မုဉ္စိတုကမျတာဉာဏ်။

၈။ ထွက်မြောက်ရန် အကြောင်းပြည့်စုံဖို့ သင်္ခါရတရားတို့ကို ပြန်လည်သုံးသပ်ရှုမြင်သည့် ပဋိသင်္ခါဉာဏ်။

၉။ သင်္ခါရတရားတို့၌ ကြောက်ခြင်း၊ နှစ်သက်ခြင်းသို့ မသက်၊ အလယ်အလတ်ရှုမြင်သည့် သင်္ခါရုပေက္ခာဉာဏ်။

၁၀။ ရှေ့ဉာဏ် ၉-ပါးနှင့်လည်းကောင်း၊ အထက်မဂ်ဉာဏ်နှင့် လည်းကောင်း လျော်စွာမြင်သည့် အနုလောမဉာဏ်ဟူ၍ ဆယ်ပါး ရှိသည်။

ဤဆယ်ပါးကုန်သော ဉာဏ်တို့သည်ရှိနေသည်ကို ရှိနေသည့် အတိုင်းသိသည့်၊ ထိုအရှိတရားတို့၏ ဖြစ်နေသည်ကိုလည်း ဖြစ်နေသည့် အတိုင်း မြင်သည့်ဉာဏ်များဖြစ်သည်။ မဟုတ်မမှန် ဖောက်ပြန်သော အားဖြင့် မြင်ကြသည် မဟုတ်ပေ။

ရှိနေသည်ကို ရှိနေသည့်အတိုင်းသိ၊
ဖြစ်သေည်ကိုဖြစ်နေသည့်အတိုင်းမြင်၊
ဒါဝိပဿနာပင်။

## ရှိနေသည့်တရားများ

သတ္တဝါတို့သည် မိမိတို့သန္တာန်၌ ရှိနေသည့်တရားများကို ရှိနေသည့် အတိုင်းမသိကြ။ ထိုရှိနေသော တရားတို့၏ဖြစ်နေသည်ကိုလည်း ဖြစ်နေ သည့်အတိုင်း မမြင်ကြ။ ထို့ကြောင့် ငါ, သူတစ်ပါး, ယောကျ်ား,မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ ထင်မှတ်လွဲမှား တစ်သံသရာလုံး ကျင်လည် ပြေးလွှား

နေခဲ့ကြရသည်။ အကယ်၍ ရှိနေသည်ကို ရှိနေသည့်အတိုင်း သာသိ၍၊ ဖြစ်နေသည်ကိုလည်း ဖြစ်နေသည့်အတိုင်း မြင်ကြပါမူ ငါ,သူတစ်ပါး, ယောကျာ်း,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ ထင်စရာရှာမရ၊ တဏှာ ဒိဋ္ဌိတို့ စွဲစရာ မရှိဖြစ်ကာ သန္တိဓာတ်သို့ကပ်ရောက် ဒုက္ခမီးငြိမ်းပျောက် ကြရပေလိမ့်မည်။

ဘာတွေ ရှိနေကြသနည်း။

အကြောင်းအကျိုးဆက်စပ်ဖြစ်ပေါ်နေသည့် သင်္ခတဓာတ်စုနှင့် အကြောင်းကင်းသည့် အသင်္ခတ(နိဗ္ဗာန်)ဓာတ်တို့သာ ရှိနေသည်။

ထိုဓာတ်နှစ်ပါးတို့တွင် သင်္ခတဓာတ်အစု၌ အာရုံရှိရာသို့ ညွတ်ကိုင်းပြေးသွားသည့်နာမ်တရားနှင့် အာရုံမယူတတ်သည့်ရုပ်တရားဟု နှစ်မျိုး ကွဲပြားသည်။ ထိုနာမ်-ရုပ် နှစ်ပါးတို့တွင် နာမ်တရားစု၌ အာရုံကို သိတတ်သောစိတ်နှင့် စိတ်ကိုမှီတွယ်၍ စိတ်ကိုချယ်လှယ်နေသည့် စေတသိက်ဟုကွဲပြားပြန်သည်။ ဤသို့လျှင် စိတ်၊ စေတသိက်၊ ရုပ်နှင့် အသင်္ခတ(နိဗ္ဗာန်) ဓာတ်ဟူ၍ ပရမတ္ထတရား ၄-ပါး ထင်ရှားတည်ရှိနေပေသည်။

ထိုလေးပါးတို့တွင် စေတသိက်တရား၌ တွေ့ထိမှု=ဖဿ၊ ခံစားမှု= ဝေဒနာ၊ မှတ်သားမှု=သညာ၊ စေ့ဆော်မှု=စေတနာ စသည်ဖြင့် သဘော တရား ၅၂-ပါး ပါဝင်နေသည်။

ဤသို့လျှင် သင်္ခတဖြစ်သောနာမ်တရားစု၌ သဘာဝအားဖြင့် စိတ် တစ်ပါး၊ စေတသိက် ၅၂-ပါး၊ ပေါင်း ၅၃-ပါး (နာမ်တေပညာသ) ရှိနေပေသည်။

ရုပ်တရားစု၌ ဉာဏ်ဖြင့်ခွဲခြားလျှင် အမာခံဘူတရုပ်နှင့် မှီတွဲ၍ဖြစ်သော ဥပါဒါရုပ်ဟု သဘောနှစ်မျိုးတွေ့နိုင်သည်။

ထိုနှစ်မျိုးတို့တွင် ဘူတရုပ်ကို ထပ်မံ ကြည့်ရှုပြန်လျှင် မြေဓာတ်-ပထဝီ၊ ရေဓာတ်-အာပေါ၊ မီးဓာတ်-တေဇော၊ လေဓာတ်-ဝါယော ဟု

လေးမျိုး တွေ့နိုင်သည်။ ထို့အတူ ဥပါဒါရုပ်ကို ဉာဏ်ဖြင့် ခွဲကြည့်ပြန်လျှင် စက္ခု–အကြည်ဓာတ် စသည် ၁၄–ပါး တွေ့ရမည်။

ဤသို့လျှင် (က) စိတ်+စေတသိက် ဟူသော
သင်္ခတနာမ်တရား ၅၃–ပါး၊
(ခ) နိပ္ဖန္နရုပ် ၁၈–ပါး၊
(ဂ) အသင်္ခတ (နိဗ္ဗာန်) ၁–ပါး

အားဖြင့် သဘောလက္ခဏာအသီးသီးကိုဆောင်သည့် ၇၂–ပါးသော သင်္ခတ အသင်္ခတဓာတ်စုတို့ ရှိနေကြပေသည်။ ထိုတရား ၇၂–ပါးမှလွဲ၍ အခြား ဘာမျှမရှိပေ။

ထို(၇၂)ပါးသော သဘာဝတရားတို့တွင် ရုပ်တရားစုမှ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာနှင့် ဘူတရုပ်လေးပါး။ ဤရှစ်ပါးပေါင်းစုနေသည့် ရုပ်ကလာပ်စု တို့သည် တော,တောင်,ရေ,မြေ,လ,နေ,တာရာ,ကမ္ဘာ လောက,ဩကာသ ဘုံဌာနကြီးအဖြစ်တည်ရှိနေ၍ စိတ်၊ စေတသိက်နှင့် ဣန္ဒြိယဗဒ္ဓရုပ် တရားစုတို့က ငရဲသား တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လူနတ်ဗြဟ္မာ ဟူသော သတ္တလောကကြီးအဖြစ် တည်ရှိနေသည်။ ထို လောကနှစ်ပါးကိုပင် သင်္ခါရလောကအဖြစ် ဘုရားရှင်ဟောတော်မူပေသည်။[၁]

ဤသို့လျှင် ၇၁–ပါးသော ပရမတ် သင်္ခတဓာတ်တို့သည် လောက သုံးပါးအဖြစ်ဖြင့် ထင်ရှားတည်ရှိ၍ အသင်္ခတ(နိဗ္ဗာန်)ဓာတ်သည် လောက သုံးပါးမှအလွတ်ဖြစ်သည့် လောကုတ္တရာအရာ၌ တည်ရှိလေတော့၏။ ဤအချက်တို့ကိုထောက်၍ လောကသုံးပါး၌ နာမ်ရုပ်မှတစ်ပါး အခြား မရှိသကဲ့သို့ သတ္တဝါတို့၏သန္တာန်၌လည်း ဤတရားနှစ်ပါးသာရှိကြောင်း သိအပ်၏။

ဤကား ရှိနေသည့် တရားများတည်း။

၁။ လ္ကတိဝုတ် အဋ္ဌကထာ။ ၂၄၈။

## မည်သို့ဖြစ်နေကြသနည်း

ထိုလောကသုံးပါးဟူသော နာမ်ရုပ်တရားအပေါင်းသည် မည်သို့ဖြစ်နေကြ၍ အသခ်ံတ(နိဗ္ဗာန)ဓာတ်သည် မည်သို့တည်ရှိသနည်း။

သခ်ံတဓာတ်စုဖြစ်သော နာမ်-ရုပ်တရားတို့သည် 'လုဇ္ဇတိ ပလုဇ္ဇတီတိလောကော'ဟူသော သဒ္ဒါဆရာတို့၏ ဝိဂ္ဂြိုဟ်အရပင် နာမ်တရားစုက လက်ဖျစ်တစ်တွက်လျှင် ကုဋေတစ်သိန်းကျော်၊ ရုပ်တရားစုက ကုဋေငါးထောင်ကျော်နှုန်းဖြင့် ပရမ်းပတာပျက်စီးလျက်ရှိကြသည်။[၁]

ထိုသို့ပျက်စီးခြင်းသည် ဖြစ်ခြင်းနှင့်မကင်းရကား ဖြစ်ခြင်းသဘောကိုလည်း ရအပ်၏။ ထိုဖြစ်ခြင်း ပျက်ခြင်း သဘောရှိသောတရား၌ ဖြစ်ပြီးလျှင် ပျက်ခြင်းသို့ ရှေးရှုနေသည့် အခိုက်အတန့်ကိုလည်း ရအပ်၏။

ဤသို့ 'အကြောင်းသင့်က ဖြစ်ခြင်း၊ ပျက်ခြင်းသို့ ရှေးရှုတည်ရှိခြင်း၊ ပျက်ခြင်း'ဟူသော သဘောသုံးမျိုးတို့သည် သခ်ံတတရားတိုင်း၌ ရအပ်သော သဘောလက္ခဏာဖြစ်သည်။ ထို့ကြောင့်-

'ရဟန်းတို့၊သခ်ံတတရားစု၏ 'သခ်ံတ'ဟု သိရကြောင်းလက္ခဏာတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း။ ဖြစ်ခြင်းကို သိအပ်(သိနိုင်)၏။ ပျက်ခြင်းကို သိအပ်(သိနိုင်)၏။ တည်ရှိသောတရား၏ တစ်မျိုးပြောင်းကာ ရင့်ရော်လာခြင်းကို သိအပ်(သိနိုင်)၏။ ရဟန်းတို့၊ သခ်ံတတရားစု၏ 'သခ်ံတ'ဟု သိရကြောင်းလက္ခဏာတို့သည် ဤသုံးပါးတို့တည်း'[၂]

ဟု ဟောတော်မူလေသည်။

ဤသို့ နာမ်-ရုပ်ဟူသော လောကသုံးပါး သခ်ံတတရားစုတို့သည်

---

၁။ လက်ဖျစ်တစ်တွက်၊ သိန်းကျော်လျက်၊ နာမ်ပျက်ကုဋေပေါင်း။ ပန်း,ရိုးရှည်,ခက်၊ ရုပ်ပေါ်ပျက်၊ ကျော်တက်ကုဋေပေါင်း (၅၈၈၂-ကုဋေကျော်)။

၂။ အင်္ဂုတ္တိုရ်၊ ပထမ။ ၁၅၀။

ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဟူသော ဇာတိမီး၊ ဇရာမီး၊ မရဏာမီးတို့ဖြင့် တညီးညီးတပြောင်ပြောင် တောက်လောင်နေ၍ အသင်္ခတ(နိဗ္ဗာန)ဓာတ်သည် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဘေး ငြိမ်းအေးလျက် တည်ရှိနေသည်။

ထို့ကြောင့်–

'ရဟန်းတို့၊ အသင်္ခတ(နိဗ္ဗာန)ဓာတ်၏ အသင်္ခတ(နိဗ္ဗာန်)ဟု သိရကြောင်း လက္ခဏာတို့သည် ဤသုံးပါးတို့တည်း။ အဘယ် သုံးပါးတို့နည်း။ ဖြစ်ခြင်းကို မသိအပ်၊ ပျက်ခြင်းကို မသိအပ်၊ တည်သော တရား၏ တစ်မျိုးပြောင်းကာ ရင့်ရော်လာခြင်းကို မသိအပ်။ ရဟန်းတို့၊ အသင်္ခတ(နိဗ္ဗာန)ဓာတ်၏ အသင်္ခတ(နိဗ္ဗာန်)ဟုသိရကြောင်း လက္ခဏာတို့သည် ဤသုံးပါးတို့တည်း။'[၁]

ဟု ဘုရားရှင် ဟောကြားတော်မူပေသည်။

သတ္တဝါတို့သည် ထိုနာမ်–ရုပ်တရားတို့၏ အစဉ်မပြတ်ဖြစ်နေခြင်း၊ တွဲစပ်ပေါင်းစုတည်ရှိနေခြင်းကြောင့် ထိုသင်္ခတတရားစုတို့ကို ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်အဖြစ် မြင်ကြကုန်၏။ အစဉ်အမြဲတည်ရှိသည်ဟု ထင်ကြကုန်၏။ မိမိတို့သန္တာန်၌ ထိုနာမ်တရား ရုပ်တရားတို့သာ အစဉ်မပြတ်ဖြစ်ပေါ်လျက်ရှိနေသည်ကိုလည်း မသိနိုင်ကြပေ။

ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါသညာကင်း၍ ရှိနေသည့်တရားတို့ကို ရှိနေသည့်အတိုင်းမြင်ကြစေရန် အချို့နေရာ၌ နာမ်–ရုပ်နှစ်ပါး အနေဖြင့်လည်းကောင်း၊အချို့နေရာ၌ ခန္ဓာငါးပါး အနေဖြင့်လည်းကောင်း၊ အချို့နေရာ၌ အာယတန ၁၂–ပါး အနေဖြင့်လည်းကောင်း၊ အချို့နေရာ၌ ဓာတ် ၁၈–ပါးအနေဖြင့်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာ၍ ဟောပြတော်မူရပေသည်။

ထို ရှိနေသည့် နာမ်တရားရုပ်တရားတို့၏ ဖြစ်ခြင်း၊ ရင့်ရော်ခြင်း၊

---

၁။ အင်္ဂုတ္တိုရ်၊ ပဌမ။ ၁၅၀။

ပျက်ခြင်းလက္ခဏာတို့ကို သိကြမြင်ကြစေရန် ပဋိသန္ဓေနေရခြင်းဒုက္ခ၊ အိုရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခတို့ကို ညွှန်ပြဟောကြားတော်မူရပေသည်။

လောကကြီး၌ ဖြစ်ခြင်း၊ ရင့်ရော်ခြင်း၊ ပျက်စီးခြင်း သဘောကင်းပြီး ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်းဒုက္ခတို့သာ မရှိပါက ဘုရားရှင်ပွင့်ဖို့ မလိုကြောင်း၊ တရားတော်လည်း ထွန်းပလာမည် မဟုတ်ကြောင်း ဤသို့ ရှင်းလင်းမိန့်ကြားတော်မူပေသည်။

'ရဟန်းတို့၊ ဤတရားသုံးမျိုးတို့သည် လောက၌ ထင်ရှားမရှိကုန်ငြားအံ့။ ပူဇော်အထူးကို ခံယူထိုက်သော တရားအလုံးစုံကို ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားရှင်သည် လောက၌ ပွင့်တော်မမူရာ။ ဘုရားရှင်ဟောတော်မူအပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော် သည်လောက၌ မထွန်းကားရာ။

'အဘယ်တရားသုံးမျိုးတို့နည်း။ ပဋိသန္ဓေနေခြင်း၊အိုခြင်း၊ သေခြင်းတို့တည်း။

'ရဟန်းတို့၊ ဤတရားသုံးမျိုးတို့သည် လောက၌ ထင်ရှားမရှိကုန်ငြားအံ့။ ပူဇော်အထူးကို ခံယူထိုက်သော တရားအလုံးစုံကို ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားရှင်သည် လောက၌ပွင့်တော်မမူရာ။ ဘုရားရှင်တို့သာ ဟောကြားမြဲဖြစ်သော ဓမ္မဝိနယသည် လောက၌ မထွန်းပရာ။

'ရဟန်းတို့၊ အကြင်ကြောင့် ဤတရားသုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ ထို့ကြောင့် ပူဇော်အထူးကိုခံယူထိုက်သော တရားအလုံးစုံကို ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားရှင်သည် လောက၌ ပွင့်တော်မူ၏။ ထို့ကြောင့် ဘုရားရှင်တို့သာ ဟောကြားမြဲဖြစ်သော ဓမ္မဝိနယသည် လောက၌ ထွန်းတောက်ပ၏။'[၁]

ဤဆိုပြီးသောစကားအစဉ်ဖြင့် ဘုရားရှင်သည်ရှိနေသည့် တရား

၁။ အင်္ဂုတ္တိုရ်၊ တတိယ။ ၃၇၀။

တို့ကိုသာရှိနေကြောင်း ညွှန်ပြသည့် ဒေသနာ၊ ဖြစ်နေသည်ကိုသာ ဖြစ်နေသည့် သဘောအတိုင်း ညွှန်ပြသည့်ဒေသနာတို့ကို ဟောတော်မူကြောင်း၊ မရှိသည်ကို အရှိလုပ်၍လည်းကောင်း၊ မဖြစ်သည်ကို အဖြစ်လုပ်၍လည်းကောင်း မဟောကြောင်းသိအပ်၏။ တို့ကြောင့် ဗုဒ္ဓတရားတော်တို့သည် မမှားနိုင်သည့် သစ္စာတရားတို့ချည်းသာ ဖြစ်ကြကုန်၏။

## သတိနှင့်စောင့်ကြည့်

ဤသို့ဆိုလျှင် မိမိတို့သန္တာန်၌ ရှိနေသည့်တရားတို့ကို ရှိနေသည့်အတိုင်း သိရန်၊ ထိုတရားတို့ ဖြစ်နေသည်ကိုလည်း ဖြစ်နေသည့်အတိုင်းမြင်ရန် မည်သို့ ပြုလုပ်ရမည်နည်း။

သတိဖြင့် စောင့်ကြည့်ရမည်သာဖြစ်သည်။

ဤသို့ စောင့်ကြည့်ပါက သတိသမ္ဗောဇ္ဈင်၏ နောက်၌ကပ်လျက်ပါမြဲဖြစ်သည့် ဓမ္မဝိစယသမ္ဗောဇ္ဈင်ခေါ် အသိဉာဏ်ပေါ်လာပေလိမ့်မည်။ ဤစကားကို မဟာသတိပဋ္ဌာနသုတ်က အခိုင်အမာအထောက်အကူပြုလျက် ရှိပေသည်။ ထိုသို့ သတိဖြင့်စောင့်ကြည့်၍ ပေါ်ထွက်ရရှိလာသည့် အသိဉာဏ်သည်သာ ကိုယ်ပိုင်အသိ ကိုယ်ပိုင်ဉာဏ်ဖြစ်သည်။

ထိုသို့ ကိုယ်ပိုင်သိမဟုတ်ဘဲ 'နာမ်နှင့်ရုပ်သာရှိတယ်၊ ခန္ဓာငါးပါးသာရှိတယ်'စသည် ပြောဆိုခြင်းတို့ကား ဘုရားရှင်၏စကားကို သံယောင်လိုက်ကြခြင်း၊ ကျမ်းဂန်သံ ပွဲတင်ထပ်ခြင်းမျှသာဖြစ်သည်။ ထို့အတူ မိမိခန္ဓာ၌ ရှိနေသည့်တရားတို့ မည်သို့ဖြစ်နေကြရသည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မမြင်ဘဲ 'ရုပ်–နာမ်တွေဟာမြဲတာမဟုတ်ဘူး အနိစ္စပဲ၊ ချမ်းသာ တာမဟုတ်ဘူး၊ ဒုက္ခပဲ၊ စိုးရပိုင်ဆိုင်တာ ခိုင်မာတာမဟုတ်ဘူး အနတ္တပဲ'စသည်ဖြင့် ပြောဆိုခြင်းတို့သည်လည်း သံယောင်လိုက်ခြင်း၊ ပွဲတင်ထပ်ခြင်းမျှသာ ဖြစ်သည်။ ရတာရွတ်ပြသည့် 'ရ–ရွတ်'သာဖြစ်သည်။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ခေါ်သော ကိုယ်ပိုင်သိပေါ်လာစေရန် အဘယ်မှာ ကြည့်ရမည်နည်း။'အဇ္ဈတ္တရတော=ကိုယ့်သန္တာန်၌ ဝိပဿနာဉာဏ်ဖြင့် မွေ့လျော်၍'ဟု ဥဒါန်းပါဠိတော်၌ လမ်းညွှန်ထားသည့်အတိုင်း မိမိခန္ဓာကိုယ်မှာ စောင့်ကြည့်ရပေမည်။

ဘာတွေကို ကြည့်ရမည်နည်း။

'ခန္ဓေ ပဿ နာမရူပါနံ=ခန္ဓာ၌ နာမ်–ရုပ်တို့ကို ကြည့်ပါ'ဟုမိန့်သောကြောင့် မိမိခန္ဓာ၌ရှိနေသည့် နာမ်တရားရုပ်တရားတို့ကို စောင့်ကြည့်ရမည်။

အဘယ်ကာလ၌ စောင့်ကြည့်ရမည်နည်း။ အတိတ်ကာလက ဖြစ်ပေါ်ပြီး နာမ်–ရုပ်တို့ကို စောင့်ကြည့်ရမည်လော၊ အနာဂတ်၌ဖြစ်ပေါ်လတ္တံ့သော နာမ်–ရုပ်တို့ကို စောင့်ကြည့်ရမည်လော။ ပစ္စုပ္ပန်ကာလက ဖြစ်ပေါ်နေသည့် နာမ်–ရုပ်တို့ကို စောင့်ကြည့်ရမည်လော။

ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်နေသည့် နာမ်ရုပ်တို့ကို စောင့်ကြည့်ရမည်။

မှန်၏။ အတိတ်ကနာမ်–ရုပ်တို့လည်း လွန်ခဲ့ပြီးဖြစ်၍ စောင့်ကြည့်ရန်မဖြစ်နိုင်။ အနာဂတ်၌ ဖြစ်ပေါ်ကြမည့် နာမ်–ရုပ်တို့လည်း မဖြစ်ပေါ်လာသေး၍ စောင့်ကြည့်ရန် မဖြစ်နိုင်။ ထို့ကြောင့်–

'အတိတ်ကိုလည်း မတွေးရာ၊ အနာဂတ်ကိုလည်း မမျှော်ရာ။ အတိတ်သည် ကုန်ခဲ့ပြီ။ ထို့ကြောင့် အတိတ်ကို မတွေးရာ။ အနာဂတ်ကလည်း မရောက်လာသေး၊ ထို့ကြောင့် အနာဂတ်ကို မမျှော်ရာ။'[၁]

အမှန်အားဖြင့် ပစ္စုပ္ပန်ကာလ ဖြစ်ဆဲ နာမ်–ရုပ်တို့ကိုသာ သတိဖြင့် စောင့်ကြည့်ရပေမည်။ ထို့ကြောင့်–

'အကြင်သူသည် ထိုထိုခဏ၌ ဆိုင်ရာအကြောင်းကိုစွဲ၍ ဖြစ်ပေါ်နေဆဲသောတရားကိုသာ အထူးကြည့်၏။ ပညာရှိသည် ထိုကြည့်၍

---

၁။ ဥပရိပဏ္ဏာသ။ ၂၂၆။

ရရှိသည့်အသိဉာဏ်ကို တုန်လှုပ်မှုမရှိအောင် ချွတ်ယွင်းပျက်စီးမှုမရှိအောင် အစဉ်တိုးပွားစေရာ၏'[၁] ဟု ဟောတော်မူသည်။

ဤညွှန်ပြချက်အတိုင်း ပစ္စုပ္ပန်လက်ငင်းဖြစ်ပေါ်နေသည့်တရားတို့ကို စောင့်ကြည့်လိုက်သည့်အခါ အာရုံရှိရာသို့ ပြေးသွားနေသည့် နာမ်တရားနှင့် ထိုနာမ်တရား၏မှီရာ နာမ်တရားကြီးဆွဲရာလိုက်ပါ လှုပ်ရှားနေရသည့်ရုပ်တရားကြီးကို တွေ့ကြရပေလိမ့်မည်။ ထိုနာမ်–ရုပ်တရားနှစ်ပါးကို မြင်တွေ့ရာမှ နာမ်တရား၌ 'ခံစားမှုသဘော၊ မှတ်သားမှုသဘော၊ စေ့ဆော်မှုသဘော၊သိမှုသဘော'ဟု သဘောလေးမျိုး ထင်ပေါ်တွေ့ရှိလာပေလိမ့်မည်။ ထိုအခါ'နာမ်–ရုပ်နှစ်ပါးရှိတာပဲ' ဟူသော ကိုယ်ပိုင်အသိ၊ 'ခန္ဓာငါးပါးရှိတာပဲ'ဟူသော ကိုယ်ပိုင်အမြင် ပေါ်လာပြီဟုမှတ်။

ဆက်ပြီးရှုကြည့်သည့်အခါ ထိုရှိနေသည့် နာမ်–ရုပ်တရား ခန္ဓာငါးပါးတို့ ပျောက်ပျောက်သွားပုံ၊ ဖြစ်ဖြစ်လာပုံ မြင်လာပေမည်။ ဆက်တိုက်ရှုကြည့်လိုက်သည့်အခါ 'တဖွဲဖွဲဖြစ်၊ တဖွဲဖွဲပျက်'နေသည်ကိုမြင်ရမည်။ ထိုအခါ 'ဩော်–မမြဲပါလား'ဟု နှုတ်မှရွတ်ဆိုလိုက်မိသည် အထိ အနိစ္စလက္ခဏာကို တိတိကျကျသိလာရမည်၊ ကိုယ်ပိုင်အနိစ္စ ဉာဏ်ဟုခေါ်၏။

ထိုမမြဲသည့်တရားတို့ကို 'ချမ်းသာပါသည်'ဟု မထင်နိုင်တော့။ 'ဆင်းရဲပါလား'ဟု သိလာရမည်။ ကိုယ်ပိုင် ဒုက္ခဉာဏ်ခေါ်၏။ တားမရဆီးမရဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်နေသည့် တရားစု၌ 'စိုးရပါသည်၊ ပိုင်နိုင်ပါသည်'ဟု မည်သူထင်နိုင်မည်နည်း။ 'အစိုးမရ၊ မခိုင်မာသည့် တရားတွေပါလား'ဟု သိလာရမည်။ ကိုယ်ပိုင်အနတ္တဉာဏ်ဟုခေါ်၏။ သံယောင်လိုက်နေရသည့်ဘဝ၊ ရတာရွတ်နေရသည့် ဘဝမှလွတ်ပြီ။ ပဲ့တင်သံပြန်ရသည့်အဖြစ်မှ လွတ်ပြီ။

တိတ္ထိဆရာကြီးတို့၏ သာဝကဖြစ်သော သူရမ္ဗဋ္ဌသည် မိမိအိမ်သို့

၁။ ဥပရိပဏ္ဏာသ။ ၂၂၆။

ဘုရားရှင် ကြွရောက်ဟောကြားတော်မူအပ်သော တရားတော်ကို နာယူရသဖြင့် နာမ်–ရုပ်တို့၏ အဖြစ်အပျက်တို့ကို ကိုယ်တိုင်သိပြီး သောတာပတ္တိမဂ်ဉာဏ်အထိရောက်ပြီးသူဖြစ်သွား၏။ သူရမ္ဗဋ္ဌအိမ်မှ ဘုရားရှင် ပြန်ကြွသွားသည့်အခါ မိမိနယ်မှ လွတ်–မလွတ် စုံစမ်းလိုသော မာရ်နတ်က ဘုရားအသွင်ဖန်ဆင်း၍ အိမ်ပေါက်ရောက်လာ၏။ သူရမ္ဗဋ္ဌက တကယ့်ဘုရားရှင် ပြန်ကြွလာသည် ထင်မှတ်၍ ခရီးဦးကြိုပြုပြီး ကြွလာရခြင်းအကြောင်းကို မေးလျှောက်၏။ ထိုအခါ ဘုရားတုမာရ်နတ်က 'ခန္ဓာငါးပါးလုံး အနိစ္စ ဒုက္ခ အနတ္တ ဟောမိခဲ့တာလွဲနေတယ်။ ခိုင်မြဲတဲ့ခန္ဓာအချို့ရှိသေးတယ်'ဟု ဆိုလေသည်။

တရားကို ကိုယ်တွေ့သိပြီးသော သူရမ္ဗဋ္ဌက ဤစကားကို လက်မခံနိုင်အောင် ဖြစ်နေသည်။ 'ဘယ့်နှယ်လဲ၊ ခန္ဓာငါးပါးလုံး အနိစ္စ,ဒုက္ခ,အနတ္တ ဖြစ်နေတာ ငါကိုယ်တွေ့ပဲ။ ဤပုဂ္ဂိုလ်သည် ဘုရားမဟုတ်တန်ရာ'ဟု စဉ်းစားဆင်ခြင်မိပြီး 'သင် မာရ်နတ်မဟုတ်လား'ဟုမေးရာ ဟုတ်ကြောင်းဝန်ခံလိုက်ရ၏။ ထိုအခါ 'သင်လိုမာရ်နတ် အရာအထောင်လာရောက် ဖြားယောင်းသော်လည်း ရမည်မဟုတ်ကြောင်း'ပြောဆိုနှင်ထုတ်လိုက်၏။[၁]

အကယ်၍သာ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ အနိစ္စ,ဒုက္ခ,အနတ္တအဖြစ်ကို ကိုယ်တွေ့မြင်ထားသူမဟုတ်ဘဲ သူပြောလူပြောဖြင့် သိထားသူ၊ သံယောင်လိုက် ရ–ရွတ်သူသာဖြစ်ပါက 'ဘုရားကိုယ်တိုင်လာပြီး ပြင်သွားတာပဲ'ဟု အစွဲအလမ်းဖြစ်ကာ မာရ်နတ်၏စကားကိုလက်ခံ အတည်ပြုလျက် 'မပျက်မစီးအခိုင်အမာတည်သည့် ခန္ဓာအချို့ရှိသေးကြောင်း' မလျှော့တမ်းပြောပေလိမ့်မည်။ ယခုခေတ်လိုသာဆိုပါက တရားဂိုဏ်းတစ်ဂိုဏ်းပင် သီးခြားပေါ်လာပေလိမ့်မည်။

---

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပထမ။ ၄၀၅၊ ၄၀၆။

ဤဆိုခဲ့ပြီးသည်မှာ တရားကိုကိုယ်တွေ့သိထားသူနှင့် သူပြောလို့ ပြောဖြင့် ကိစ္စပြီးနေရသူတို့၏ ကွာခြားချက်ဖြစ်သည်။

## ဆရာ

ဘုရားရှင်သည် ပဓာနအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ အရည်အသွေးကိုပြဆိုရာ၌ 'မစဉ်းလဲတတ်၊ မလှည့်ပတ်တတ်၊ ဆရာဖြစ်သော မြတ်စွာဘုရား၌လည်းကောင်း၊ သိ–ကြားလိမ္မာသော သီတင်းသုံးဖော်တို့၌ လည်းကောင်း ဟုတ်မှန်သည့်အတိုင်း မိမိကိုယ်ကို ထင်စွာပြုတတ်ကြ၏'ဟု မိန့်ဆိုထားပေသည်။

ထိုမိန့်ဆိုချက်ကိုထောက်၍ တရားရှုရင်း အခက်အခဲတွေ့နေရပါက သိ–ကြားလိမ္မာသူထံ ဟုတ်မှန်သည့်အတိုင်း တင်ပြအပြုအပြင် ခံယူရမည်ဟု သိရ၏။

အရှင်အနုရုဒ္ဓသည် ကပိလဝတ်ပြည်သို့ ဘုရားရှင် ပထမဆုံး ကြွရောက်လာသောအခါ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ အာနန္ဒာ၊ ဒေဝဒတ်၊ ဥပါလိတို့နှင့်အတူ ရဟန်းပြုခဲ့ပြီး တရားအားထုတ်ရာ ထိုဝါတွင်း၌ပင် သမာပတ်ရှစ်ပါးနှင့်တကွ တစ်ထောင်သောလောကဓာတ်ကို မြင်စွမ်းနိုင်သည့် ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရလေ၏။ သို့သော် ထိုသမာပတ်ရှစ်ပါး အဘိညာဏ်တရားတို့ကို အခြေခံ၍ ဝိပဿနာရှုရာ၌ကား ထင်တိုင်း မပေါက်အောင် ဖြစ်နေသည်။

တစ်နေ့သ၌ အရှင်အနုရုဒ္ဓသည် အရှင်သာရိပုတ္တထံသွား၍–

'ငါ့ရှင်သာရိပုတ္တရာ၊ ငါသည်–

၁။ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် တစ်ထောင်သောလောကဓာတ်ကို ကြည့်ရှုပါ၏။

၂။ တွန့်ဆုတ်ခြင်း မရှိသည်ဖြစ်၍ အားထုတ်မှုပြုပါ၏။ တွေဝေမှု

မရှိသော သတိသည် ထင်ပါ၏။ ပူပန်မှုမရှိသော နာမကာယ
သည် ငြိမ်းအေးပါ၏။

၃။ သို့ဖြစ်ပါလျက် ငါ၏စိတ်သည် အာသဝတို့မှ မလွတ်နိုင်အောင်
ရှိနေပါသည်’ ဤသို့ လျှောက်ထား၏။

ဤသည်မှာ သိ-- ကြားလိမ္မာသော သီတင်းသုံးဖော်ထံ မစဉ်းလဲ မလှည့်ပတ် ဟန်ဆောင်မှုမပြုဘဲ ဟုတ်မှန်သည်အတိုင်း တင်ပြပြောဆိုခြင်း ဖြစ်လေသည်။

ထိုအခါ အရှင်သာရိပုတ္တထေရ်က--

‘ငါ့ရှင် အနုရုဒ္ဓါ၊

၁။ ငါသည် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် တစ်ထောင်သောလောက
ဓာတ်ကိုကြည့်ရှုလျက်ရှိ၏ဟု သင်ကြံခြင်းသည် သင့်သန္တာန်၌
မာနဖြစ်နေခြင်းတည်း။

၂။ ငါသည် တွန့်ဆုတ်ခြင်းမရှိသည်ဖြစ်၍ အားထုတ်မှုပြု၏။
တွေဝေမှုမရှိသော သတိသည်ထင်၏။ ပူပန်မှုမရှိသော နာမ
ကာယသည် ငြိမ်းအေး၏ဟု သင်ကြံခြင်းသည် သင့်သန္တာန်၌
ပျံ့လွင့်မှု (ဥဒ္ဓစ္စ)ဖြစ်ခြင်းတည်း။

၃။ သို့ဖြစ်ပါလျက် ငါ၏စိတ်သည် အာသဝတို့မှမလွတ်နိုင်ဟု
သင်ကြံခြင်းသည် သင့်သန္တာန်၌ တွေးတောမှု(ကုက္ကုစ္စ)ဖြစ်နေ
ခြင်းတည်း။ ထို့ကြောင့် သင်သည် မိမိသန္တာန်၌ ဖြစ်ပေါ်နေ
သည့် ဤမာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စသုံးမျိုးကို ပယ်စွန့်ကာ ဤ
တရားသုံးပါးလုံး နှလုံးမသွင်းဘဲ အမတဓာတ်သို့ စိတ်ကို
ပို့ဆောင်ပါ’[၁]

ဟု ကမ္မဋ္ဌာန်းနည်း ပေးလေသည်။

---

၁။ အင်္ဂုတ္တိုရ်၊ ပထမ။ ၂၈၅။

ဤသည်မှာ ဝိပဿနာကမ္မဋ္ဌာန်းအလုပ် အားထုတ်စဉ်အတွင်းမှာပင် ကိလေသာတရားတို့ အမှတ်မထင် ဝင်ရောက်လာတတ်ပုံသာကေတည်း။

ကြုံတွေ့ခဲလှသော နဝမခေတ်နှင့်ကြုံတွေ့၍ ပဓာနအလုပ် အားထုတ်သည့် ယောဂီအင်္ဂါနှင့် ပြည့်စုံသူအဖို့ တရားသားမတက် အခက်အခဲတွေ့နေရသည့်အခါ ဆရာထံတင်ပြ ဩဝါဒကိုခံယူရမည်။ ထိုသို့ မဟုတ်ပါက တရားသားမတက်ဘဲ အခက်အခဲနှင့်တွေ့ရတတ်သည်။

ထို့ပြင် ဆရာကို အားကိုးလွန်းသည့်အဖြစ်မျိုးလည်း မဖြစ်စေရ။ ဆရာ၏ ညွှန်ကြားပြုပြင်ချက်ကိုရသည့်အခါ မိမိဘာသာ ဆက်လက်အားထုတ်ရမည်။ ထိုသို့မဟုတ်ဘဲ လမ်းသွားသင်စ ကလေးငယ်ကို လက်တွဲခေါ်ရသကဲ့သို့ ဆရာလုပ်သူက လမ်းကြောင်းပြဖော်မှူးခေါ်ကာ တရားအဆင့် တင်ခံရသူ ဖြစ်နေပါက လမ်းသွားသင်စ ကလေးငယ်ပမာ မိမိအစွမ်းဖြင့် မြဲမြဲမရပ်တည်နိုင်ဘဲ မကြာခင်လဲကျရသကဲ့သို့ နည်းပြဆရာ၏လက်မှလွတ်သည့်အခါ တရားလမ်းမှချော်လွဲ လဲကျရမည်သာဖြစ်သည်။

## ဝိပဿနာဉာဏ်ရည်တက်ပုံ

အဓိစိတ္တသိက္ခာပိုင်း၌ ပြဆိုခဲ့ပြီးသည့်အတိုင်း သီလာနုဿတိဘာဝနာကို အားထုတ်၍ သမာဓိအသားတက် ခိုင်ခံ့လာသောအခါ သိက္ခာပုဒ်တစ်ခုပြီးတစ်ခု ရွေ့ပြောင်းအာရုံပြုရင်း ခံစားမှုတစ်မျိုးမျိုး ပေါ်ပေါ်လာသည်ကို သတိထားကြည့်ရမည်။

ထို့နောက် ပေါ်လာတိုင်းသော ခံစားမှုဝေဒနာကို သတိဖြင့် စောင့်ကြည့်သုံးသပ်ပြီး 'ဒီဟာ ခံစားခြင်းသဘောပဲ'ဟု သူ၏လက္ခဏာကို ပိုင်ပိုင်မြင်အောင်သုံးသပ်ရသည်။ ထို့နောက် 'ဒီဟာက ချမ်းသာခံစားခြင်း(သုခ)သဘောပဲ၊ ဒါက ဆင်းရဲခံစားခြင်း(ဒုက္ခ)သဘောပဲ၊ ဒီဟာ

ကတော့ ချမ်းသာဆင်းရဲ မထင်ရှားတဲ့ခံစားခြင်း(ဥပေက္ခာ)သဘောပဲ’ဟု ကွဲကွဲပြားပြားသိအောင် အားထုတ်ရမည်။

ထိုသို့ခံစားမှုပေါ်တိုင်း အမျိုးအစားခွဲခြားသုံးသပ်ပါများသောအခါ ‘ဒီချမ်းသာခံစားခြင်းသဘောသည် စိတ်၌ဖြစ်ပေါ်လာသည့် ချမ်းသာခံစားခြင်းသဘောပဲ၊ ဒီဟာက ကိုယ်မှာဖြစ်ပေါ်လာသည့် ချမ်းသာခံစားခြင်းသဘောပဲ’ဟု ကွဲပြားလာမည်။

ထို့အတူ ဆင်းရဲခံစားခြင်းသဘောကိုလည်း ‘စိတ်မှာဖြစ်သည့် ဆင်းရဲခံစားခြင်းသဘော၊ ကိုယ်မှာဖြစ်သည့် ဆင်းရဲခံစားခြင်းသဘော’ ဟု ခွဲခြားနိုင်လာရမည်။ ထို့ပြင် အာရုံနှင့်တွေ့ထိခြင်းသဘော ဖဿ၊ အာရုံကို မှတ်သားခြင်းသဘော သညာ၊ လှုပ်ရှားစေဆော်ခြင်းသဘော စေတနာ၊ သိခြင်းဝိညာဏ်တို့လည်း ထိုခံစားမှုတစ်မျိုးမျိုးနှင့် တွဲဖက်ပါဝင်နေသည်ကိုလည်း တွေ့လာရပေလိမ့်မည်။

ထို့နောက် ‘ဤခံစားမှုစသော သဘောတို့သည် အာရုံတစ်မျိုးမျိုးသို့ ညွှတ်နေသည့် တရားများ၊ အာရုံရှိရာသို့ သွားနေတတ်သည့် သဘောများ ဟုခံစားမှုစသည့်တို့၏ နမနသဘောကို သိလာပေလိမ့်မည်။ ထိုသို့ ဝေဒနာစသည်တို့၏ နာမ်အဖြစ်ကို သိပြီးသောအခါ ထိုနာမ်တရားတို့၏ မှီရာကို ရှာရာ၏။ ထိုအခါ အာရုံကိုမယူတတ်သည့် ခန္ဓာကိုယ်ကြီးကို တွေ့မိပေလိမ့်မည်။

ယင်း ခန္ဓာကိုယ်၌ ခက်မာခြင်း၊ ဖွဲ့စည်းခြင်း၊ ပူအေးခြင်း၊ ထောက်ကန်ခြင်းဟူသော အမာခံဓာတ်ကြီးလေးပါးနှင့် ယင်းဓာတ်ကြီးတို့ကို မှီနေကြရသည့် ‘မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်’ဟူသော အကြည် ရုပ်ငါးပါး။ ၎င်းတို့နှင့်သက်ဆိုင်သည့် အာရုံများဖြစ်ကြသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် စိတ်အာရုံတွင် ပါဝင်နိုင်သော ရုပ်နုများပါဝင်နေကြသည်ကို တွေ့ရပေမည်။ ထိုတရားအားလုံးတို့သည် ရုပ်မည်၏။

ဤသို့လျှင် အာရုံယူတတ်သည့် နာမ်တရားနှင့် အာရုံမယူတတ်သည့် ရုပ်တရား၊ ဤနှစ်ပါးကို သိမ်းပိုက်မိတော့၏။

ထိုသို့ သိမ်းပိုက်မိပြီးသည့်အတိုင်း 'ဤကားနာမ်၊ ဤကားရုပ်'ဟု အဖန်ဖန်ခွဲခြား ပွားများလိုက်သည့်အခါ 'ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတစ်ပါး, ယောကျ်ား,မိန်းမ'ဟု ပြောစရာရှာမရ၊ နာမ်နှင့်ရုပ်အစုကြီးသာတကားဟု ပိုင်နိုင်စွာ သိမြင်ရတော့သည်။

ဤအမြင်ကို'ယထာဘူတဒဿန'ဟုခေါ်၏။ဆက်မှား= သဿတဒိဋ္ဌိဥ္စသော်လည်းကောင်း၊ ပြတ်မှား=ဥစ္ဆေဒဒိဋ္ဌိဥ္စသော်လည်းကောင်း ကျ၍ဖြစ်သော မိစ္ဆာဒိဋ္ဌိဝိပရီတဒဿနကင်းပြီ။

သမားလိမ္မာသည် အနာကိုမြင်လျှင် အနာ၏အကြောင်း သမုဋ္ဌာနကို ရှာကြံဖော်ထုတ်သကဲ့သို့ ယောဂီသည် မိမိမြင်ပြီးသော ရုပ်–နာမ်အကြောင်း ကို ရှာရာ၏။

**ရုပ်**

ရုပ်၏သဘောကိုသိလိုသော ယောဂီသည် ရုပ်ခန္ဓာအချင်းချင်း နှိုင်းယှဉ်သုံးသပ်ရ၏။ သတ္တဝါတို့သည် တစ်ဦးနှင့် တစ်ဦးမတူညီကြ။ အချို့က ယောကျ်ား၊ အချို့က မိန်းမ၊ အချို့က ရှည်၊ အချို့က တို၊ အချို့က ဝ၊ အချို့က ပိန်၊ အချို့က ဖြူ၊ အချို့က မည်း၊ အချို့က မျက်စိ ကောင်း၊ အချို့က မျက်စိမကောင်း၊ အချို့က နားကောင်း၊ အချို့က နားမကောင်း၊ အချို့က သွားကောင်း၊ အချို့က သွားမကောင်း၊ အချို့က လှ၊ အချို့က မလှ ဤသို့ အမျိုးမျိုးဖြစ်နေကြသည်မှာ အခြေခံအကြောင်းချင်း မတူကြသောကြောင့် ဖြစ်ရမည်။ အကြောင်းချင်းသာတူကြလျှင် ဤသို့ဖြစ်ဖို့မရှိ။ တစ်မျိုး တစ်စားတည်းသာဖြစ်ရပေမည်။ ထိုအကြောင်းကားအဘယ်နည်း။

အကြောင်းကား ဤရုပ်ကြီးဖြစ်ပေါ်လာစေရန် ပြုလုပ်ခဲ့သည့် စွမ်းရည် 'ကံ'ပင်ဖြစ်သည်။ မှန်၏။ တစ်ဦးနှင့်တစ်ဦး 'ကံ'ခေါ်သော အလုပ်

စွမ်းရည်မတူကြပေ။ ထိုသို့လုပ်ငန်းစွမ်းရည် မတူကြသောကြောင့် အကျိုးတရားဖြစ်သည့် ရုပ်ခန္ဓာလည်း အချင်းချင်းမတူ ကွဲပြားကြရသည်။

ထိုသို့ဆိုလျှင် ကံခေါ်သည့် လုပ်ငန်းစွမ်းရည်ကော အဘယ်ကြောင့် မတူကြသနည်း။ သူ၏အကြောင်းကို ရှာကြရပေလိမ့်မည်။ သူ့အကြောင်းကား အဘယ်နည်း။

သူ၏အကြောင်းကား– အကြိုက် (တဏှာ) နှင့် အစွဲ (ဥပါဒါန်) တို့ဖြစ်သည်။ မှန်၏၊ တစ်ဦးနှင့်တစ်ဦး အကြိုက်(တဏှာ)ချင်း၊ အစွဲ(ဥပါဒါန်)ချင်း မတူညီကြပေ။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး 'ကံ' ခေါ်သော လုပ်ငန်းစွမ်းရည်မတူကြခြင်းဖြစ်ပေသည်။

ထိုသို့ အကြိုက်ချင်း အစွဲချင်းမတူကြခြင်းမှာလည်း ရုပ်ခန္ဓာအပေါ် အဖြစ်မှန်ကိုမသိသည့် အဝိဇ္ဇာကြောင့်ဖြစ်သည်။ ရုပ်၏အဖြစ်မှန်ကို မသိခြင်းကြောင့် ရုပ်နှင့်စပ်၍ တဏှာဒိဋ္ဌိတို့ဖြင့် အမျိုးမျိုးမြင်ကြကုန်၏၊ ယူဆကြကုန်၏၊ ယူဆသည့်အတိုင်း စွဲလမ်းကြကုန်၏။

ဤသို့ နှိုင်းယှဉ်သုံးသပ်လိုက်သည့်အခါ ပစ္စုပ္ပန်ရုပ်ခန္ဓာကြီး၏ အကြောင်းများမှာ 'ကံ' ခေါ်သော လုပ်ငန်းစွမ်းရည်၊ အစွဲဥပါဒါန်၊ အကြိုက်တဏှာ၊ မသိမှုအဝိဇ္ဇာတို့ဖြစ်ကြောင်း သိကြရပေလိမ့်မည်။ ထို့ပြင် ယင်းအကြောင်းတို့သည် အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟူသော ကာလသုံးပါးတို့တွင် အဘယ်ကာလ၌ဖြစ်သော အကြောင်းတို့နည်းဟု ထပ်ဆင့်သုံးသပ်လိုက်သည့်အခါ ယခုမှ မိမိကြိုက်သည့် ပုံစံအတိုင်း တည်ဆောက်ထားရသည့် ရုပ်ခန္ဓာမဟုတ်သောကြောင့် ပစ္စုပ္ပန်အကြောင်းများမဖြစ်နိုင်။ မျှော်လင့်ချက်ဖြင့် ဖြစ်နေရသော ရုပ်ခန္ဓာ မဟုတ်သောကြောင့် အနာဂတ်အကြောင်းလည်း မဖြစ်နိုင်။ ထို့ကြောင့် ပါရိသေသနည်းအရ အတိတ်က အကြောင်းများဟု သိရ၏။

ထို့ကြောင့် မိမိလက်ရှိရထားသည့် ရုပ်ခန္ဓာကြီးမှာ 'အဝိဇ္ဇာ၊ တဏှာ၊

ဥပါဒါန်၊ကံ’ဟူသော အတိတ်အကြောင်းများကြောင့် ဖြစ်ရကြောင်း သိလာရတော့သည်။ ထို့ပြင် ထိုအတိတ်အကြောင်းများကြောင့် ဖြစ်ပေါ်ရရှိနေသော ဤရုပ်ခန္ဓာသည် အာဟာရအထောက်အပံ့ကိုမရက မတည်တံ့နိုင်။ ထို့ကြောင့် ဤရုပ်ခန္ဓာကြီး တည်တံ့ရေးအတွက် အာဟာရလည်း အကြောင်းတစ်ရပ်အဖြစ် ပါဝင်ကြောင်း သိအပ်၏။

ဤသို့လျှင် မိမိ၏ရုပ်ခန္ဓာသည် ‘မသိခြင်းအဝိဇ္ဇာ၊ အကြိုက်တဏှာ၊ အစွဲဥပါဒါန်၊ လုပ်ငန်းစွမ်းရည်ကံ’ဟူသော အတိတ်အကြောင်းများကြောင့် ဖြစ်ရပြီး လက်ငင်းရုပ်တည်နိုင်ရေးအတွက် ပစ္စုပ္ပန်အာဟာရကို မှီနေရကြောင်း သိကြရတော့သည်။

တစ်နည်း၊ ရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်၊ စိတ်ကြောင့်ဖြစ်သော ရုပ်၊ အပူ,အအေးဟူသော ဥတုကြောင့်ဖြစ်သော ရုပ်၊ အာဟာရကြောင့်ဖြစ်သောရုပ်ဟု လေးမျိုးရှိ၏။ ထိုလေးမျိုးတို့တွင် ဟဒယရုပ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဟူသော အကြည်ရုပ်ငါးပါး၊ မိန်းမ ဖြစ်ကြောင်း ဣတ္ထိဘာဝရုပ်၊ ယောကျ်ားဖြစ်ကြောင်း ပုရိသဘာဝရုပ်၊ ဇီဝိတရုပ်၊ ဤကိုးပါးတို့သည် အတိတ်ကံကြောင့်သာ ဖြစ်ကြရ၏။ ထို့ကြောင့် သူတို့၏ အကြောင်းကိုရှာလျှင် အတိတ်ကံကို တွေ့ရမည်ဖြစ်သည်။

ကိုယ်အမူအရာဟူသော ကာယဝိညာတ်ရုပ်၊ နှုတ်အမူအရာဟူသော ဝစီဝိညာတ်ရုပ်၊ ဤ ရုပ်နှစ်ခုသည် ဖြစ်ပေါ်ဆဲ စိတ်ကြောင့် ဖြစ်ကြရ၏။ ထို့ကြောင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့၏ အကြောင်းကိုရှာလျှင် စိတ်ကို တွေ့ရမည်ဖြစ်သည်။

အသံရုပ်သည် ဖြစ်ဆဲစိတ်ကြောင့်သော်လည်းကောင်း၊ ဥတုကြောင့်သော်လည်းကောင်း ဖြစ်ရ၏။ ထို့ကြောင့် အသံ၏အကြောင်းကိုရှာလျှင် စိတ်ကိုသော်လည်းကောင်း၊ ဥတုကိုသော်လည်းကောင်း တွေ့ရမည်။

ရုပ်တို့၏ ပေါ့ပါးခြင်း၊ နူးညံ့ခြင်းအမှုဋ္ဌ ခန့်ခြင်းတို့သည် ဥတု,

စိတ်,အာဟာရသုံးပါးတို့ကြောင့် ဖြစ်ရ၏။ ထို့ကြောင့် ထိုရုပ်တို့၏ ပေါ့ပါးခြင်း၊ နူးညံ့ခြင်း၊ အမှု၌ခန့်ခြင်းတို့၏အကြောင်းကိုရှာလျှင် ဥတုကိုသော်လည်းကောင်း၊ စိတ်ကိုသော်လည်းကောင်း၊ အာဟာရကိုသော်လည်းကောင်း တွေ့ရမည်ဖြစ်သည်။

အဆင်း၊ အနံ့၊ အရသာ၊ အဆီသြဇာ၊ ခက်မာခြင်း၊ ဖွံ့စည်းခြင်း၊ ပူအေးခြင်း၊ ထောက်ကန်ခြင်းဟူသော အဝိနိဗ္ဘောဂရုပ် ရှစ်ပါးနှင့် အာကာသဓာတ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးမျိုးကြောင့်ဖြစ်ရ၏။ ထို့ကြောင့် ထိုရုပ်တို့၏ အကြောင်းကိုရှာလျှင် ကံစသောအကြောင်းလေးမျိုးတို့တွင် တစ်မျိုးမျိုးကို တွေ့ရမည်ဖြစ်သည်။

ဤသို့လျှင် မိမိရုပ်ခန္ဓာသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့်ဖြစ်ကြောင်း သိရတော့၏။

ရုပ်၏အကြောင်းကို ဆင်ခြင်သုံးသပ်သကဲ့သို့ နာမ်၏အကြောင်းကိုလည်း ဆင်ခြင်သုံးသပ်အပ်၏။

**နာမ်** ချမ်းသာမှုသုခပေါ်လျှင် ဤချမ်းသာသည် ရှေးကရှိနှင့်ပြီးသောတရားမဟုတ်၊ ယခုမှပေါ်လာသည့်တရားဖြစ်၏။ ထိုချမ်းသာခံစားမှု ဘာကြောင့် ပေါ်လာနိုင်သနည်းဟု ဆင်ခြင် သုံးသပ်ရမည်။ ထိုသို့သုံးသပ် လိုက်သည့်အခါ အာရုံနှင့်တွေ့ထိခြင်း ဖဿကြောင့်ဟု အဖြေပေါ်လာလိမ့်မည်။ ယင်းဖဿ၏အကြောင်းကို ဆက်လက်ရှာဖွေသောအခါ မနောဒွါရ၊ သီလဂုဏ်ဟူသော အာရုံ၊ မနော ဝိညာဉ် ဤသုံးပါးတို့၏ပေါင်းဆုံမိခြင်းကို တွေ့ရလိမ့်မည်။

ဆင်းရဲခံစားမှု ဒုက္ခဝေဒနာ ပေါ်လာလျှင် ထိုခံစားမှု ဘာကြောင့်ဖြစ်ရသည်ကို ရှာအပ်၏။ 'တွေ့ထိမှု ဖဿကြောင့်'ဟု အဖြေပေါ်လာလိမ့်မည်။ ထိုဖဿ၏အကြောင်းကို ရှာပြန်သောအခါ ဆိုခဲ့ပြီးသောနည်းအတိုင်း မနောဒွါရ၊ သီလဂုဏ်၊ မနောဝိညာဉ်တို့ ပေါင်းဆုံမိခြင်းဖြစ်ကြောင်း သိရပေမည်။

ချမ်းသာဆင်းရဲ ဝေခွဲမရသောခံစားမှုကို ကြုံရသောအခါ ဆိုခဲ့ပြီးသောနည်းအတိုင်း ထိုခံစားမှုဘာကြောင့်ဖြစ်ရသည်ကို စစ်ရမည်။ ထိုအခါ အကြောင်းပေါ်လာပေလိမ့်မည်။ ထိုအကြောင်း၏အကြောင်းကို ဆက်လက်ရှာဖွေပြန်သောအခါ အကြောင်းရင်းကို တွေ့ရပေလိမ့်မည်။

ထိုအခါ 'ဖန်ဆင်းရှင်မရှိ၊ အတွင်း၌ကြီးကိုင်ချယ်လှယ်နေသူ အသက်ဝိညာဉ်ကောင်မရှိ၊ ရုပ်နာမ်နှစ်ပါးတို့ကြောင်းကျိုးဆက်စပ် ဖြစ်ပေါ်နေခြင်းသာ'ဟု ယထာဘူတသမ္မာဒဿနဉာဏ်ဖြစ်၏။ ယုံမှားခြင်းကင်း၍ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားကင်းပျောက်ကုန်၏။ စူဠသောတာပန်ဖြစ်ပြီ။

ထိုသို့အကြောင်းကို သိမ်းဆည်းသည့် ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန်အားကြီးလာသောအခါ ရှုဆဲရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုတို့ကို ထင်ထင်ရှားရှားတွေ့မြင်လာရ၏။ ယောဂီဉာဏ်၌မမြဲသည့် လက္ခဏာ၊ ဆင်းရဲသည့် အခြင်းအရာ၊ အလိုသို့မလိုက် အကြိုက်သို့မပါသည့် အဖြစ်တို့သည် ထင်ပေါ်လာကုန်၏။ 'သြော်–ဖြစ်ပြီး ပျောက်ကွယ်သွားတာပါလား၊ ဖြစ်မှုပျက်မှုက အမြဲနှိပ်စက်နေတာပါလား၊ အလိုအတိုင်းမဖြစ်ပါလား'ဟု မြင်လာထင်ပေါ်လာကုန်၏။

ဤသို့ မြင်လာသည်ကို လက္ခဏာယဉ်တင်၍ ရှုသည်ဟုဆိုရသည်။ မှန်၏၊ ရုပ်နာမ်တို့၏ သဘောလက္ခဏာတို့သည် ဉာဏ်ဖြင့်မြင်ရသောသဘောများသာဖြစ်၍ နှုတ်ဖြင့်ရွတ်ဆိုသင်ပေးရသော သဘောမျိုးမဟုတ်ပေ။ ဘုရားရှင်က အင်္ဂုတ္တရပါဠိတော်၊တိကနိပါတ်၌ 'ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဋ္ဌိတဿ အညတ္ထတ္တံ ပညာယတိ=ဖြစ်ခြင်းကိုသိအပ်၏၊ ပျက်ခြင်းကိုသိအပ်၏၊ တည်သောတရား၏ တစ်မျိုးပြောင်းကာရင့်ရော်လာခြင်းကိုသိအပ်၏'ဟုဟောတော်မူခြင်းသည် မြင်အောင်ရှုကြည့်ရမည့် သင်္ခတလက္ခဏာကို ဟောတော်မူခြင်းသာဖြစ်သည်။

ထို့ကြောင့် ယောဂီသည် လက္ခဏာမမြင်သေးသမျှ ရှုနေဆဲရုပ်နာမ်တို့ကို ရှင်းသည်ထက်ရှင်းအောင်၊ အကြောင်းကိုမြင်သည်ထက်မြင်လာအောင် အဖန်ဖန်ရှုကြည့်ပွားများပေးရ၏။ 'အနိစ္စ ဒုက္ခ အနတ္တ'ဟု နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကြောင့်ကြစိုက်၍ မတင်ရ။ မှန်၏၊ အကြောင်းကို တကယ်တမ်းမြင်ပြီဆိုလျှင် အစကို မြင်ရတော့သည်။ မမြင်အောင် ပုန်းကွယ်ပေကပ်နေ၍ မရတော့။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် (၅၄၊၄)၌ 'အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏'ဟု အကြောင်းကြောင့် ဖြစ်ခြင်း၏အဖြစ်ဖြင့် ရူပက္ခန္ဓာ၏အဖြစ်ကို မြင်၏။ 'တဏှာကြောင့် ရုပ်ဖြစ်၏'ဟု အကြောင်းကြောင့် ဖြစ်ခြင်း၏ အဖြစ်ဖြင့် ရူပက္ခန္ဓာအဖြစ်ကို မြင်၏။ 'ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏'ဟု အကြောင်းကြောင့် ဖြစ်ခြင်း၏အဖြစ်ဖြင့် ရူပက္ခန္ဓာ၏အဖြစ်ကို မြင်၏။ 'အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏'ဟု အကြောင်းကြောင့် ဖြစ်ခြင်း၏ အဖြစ်ဖြင့် ရူပက္ခန္ဓာ၏အဖြစ်ကို မြင်၏။ ဖြစ်ခြင်းဟူသော လက္ခဏာကို ရှုသောသူသည်လည်း ရူပက္ခန္ဓာ၏အဖြစ်ကို မြင်၏။ ဤသို့စသည်ဖြင့် အကြောင်းကိုမြင်က ရူပက္ခန္ဓာစသည်တို့၏ အစဉပါဒ်ကိုမြင်ကြောင်း မိန့်ဆိုထားပေသည်။

အကြောင်းကိုမြင်ပါလျက် အစမမြင်ဟုဆိုလျှင် အကြောင်းမှန် မဟုတ်၍သာ ဖြစ်ရမည်။ အကြောင်းမှန် မြင်လာလျှင် အစပေါ်ပြီ၊ ဉပါဒ်မြင်ပြီ။ ဉပါဒ်ပေါ်လျှင် ဘင်ခေါ်သည့်အပျက်ကို မြင်ရတော့မည်။

ဥပမာ–လူဆိုးဟု ကျော်ကြားနေသူ လူစိမ်းတစ်ဦး မိမိတို့ နေထိုင်ရာကျေးရွာသို့သော်လည်းကောင်း၊ ရပ်ကွက်နယ်ပယ်သို့သော်လည်းကောင်း လာရောက်နေထိုင်သည်ဖြစ်အံ့။ ကျော်ကြားနေသည့်အတိုင်း လူဆိုးဟုတ်, မဟုတ် ပိုင်ပိုင်နိုင်နိုင်သိရန် စောင့်ကြည့်အကဲခတ်ရသည်။ ထိုသို့ အကဲခတ်စောင့်ကြည့်လျှင် တစ်နေ့သောအခါ သူ၏လက္ခဏာကို တွေ့လာရလိမ့်

မည်။ လူဆိုးဖြစ်ကလူဆိုးအပြောအဆို၊ အလုပ်အကိုင်၊အမူအရာ၊ စိတ်နေသဘောထားဟူသော လူဆိုးလက္ခဏာတွေ့လာရမည်။ ကြာရှည် ဖုံးဖိထား၍မရ။ လူကောင်းဖြစ်လျှင် လူကောင်းအပြောဆို၊ အလုပ်အကိုင်၊ အမူအရာ၊ စိတ်နေသဘောထားဟူသော လူကောင်းလက္ခဏာတွေ့လာရမည်။ ထိုအခါမှ 'ဩော်–သူဟာ လူဆိုးပဲ၊ သို့မဟုတ် သူဟာ လူကောင်းပဲ' ဟု ဆုံးဖြတ်ရသည်။ ထိုသို့မဟုတ်ဘဲ သူပြောလူပြော သတင်းကြားဖြင့် 'လူဆိုး'ဟုသမုတ်မိလိုက်လျှင် 'ကျုပ်ကို ဘာကြောင့် လူဆိုးလို့ စွပ်စွဲနိုင်ပါသလဲ'ဟုဆိုသော် အခက်တွေ့ရတတ်ပေသည်။

ထို့အတူ ရုပ်–နာမ်ဟူသော သင်္ခတတရားစုတို့ကို သူပြောလူပြောဖြင့် 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'ဟု မတင်မရှုအပ်။ သင်္ခတတရားတို့၏ လက္ခဏာတို့ကို ပိုင်နိုင်စွာမြင်မှသိရသည့် အနိစ္စ၊ဒုက္ခ၊အနတ္တသဘောတို့ကို ထိုသို့ သူပြောလူပြောဖြင့် ရွတ်ဆို၍ ပွားများတင်ရှုခြင်းသည် လူဆိုးလက္ခဏာ ကိုယ်တိုင်မတွေ့ရသေးဘဲ သူပြောဖြင့် အရမ်းစွပ်စွဲသူကဲ့သို့ အရမ်းစွပ်စွဲ ခြင်းသာဖြစ်သည်။ ရတာရွတ်သည့် ရရွတ်အနိစ္စ၊ဒုက္ခ၊အနတ္တ။ သူပြောလူပြော အနိစ္စ၊ဒုက္ခ၊အနတ္တသာဖြစ်၍ အကျိုးမပြီးခရီးမရောက်ဖြစ်ရတတ်သည်။

လုပ်ရပ်အမှန်မှာ ရုပ်–နာမ်အစဉ်သန္တတိဖြင့် ဖုံးကွယ်နေသည့် အနိစ္စလက္ခဏာ၊ ဣရိယာပုတ်လေးပါးဖြင့် သိုဝှက်ခံထားရသည့် ဒုက္ခလက္ခဏာ၊သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန၊ အာရမ္မဏဃနဟူသော ဃနလေးချက်ဖြင့် ကွယ်ကာထားသည့် အနတ္တလက္ခဏာတို့ကို ထင်ထင်ရှားရှားမြင်နိုင်ရန် အကြောင်းကို သိမ်းဆည်းနိုင်သည်အထိ တိုးတက်လာပြီဖြစ်သည့်ဉာဏ်ဖြင့် စောင့်ကြည့်ရမည်။ ထိုပစ္စယပရိဂ္ဂဟဉာဏ်ကို အဖန်ဖန်ဖြစ်ပေါ်စေရသည်။ ထိုသို့အကြောင်းကို သိမ်းဆည်းရင်း စောင့်ကြည့်လိုက်သည့်အခါ ရုပ်နာမ်တို့၏ ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းစွာမြင်လာရတော့သည်။

ဥပမာ–'အနိစ္စ'ဟုရွတ်ပြီး ထိုအသံ၏အကြောင်းကိုရှာလျှင် ရွတ်လိုသည့် စိတ်ကိုတွေ့ရလိမ့်မည်။ ထို့အတူ 'ဒုက္ခ'ဟုရွတ်လိုက်သည့်အသံ၊ 'အနတ္တ'ဟုရွတ်လိုက်သည့် အသံတို့၏အကြောင်းမှာ ရွတ်လိုသည့် စိတ်ဖြစ်ကြောင်း ရှင်းလင်းစွာသိလာရလိမ့်မည်။ ထိုသို့အသံ၏အကြောင်းကို သိမ်းဆည်းမိလျှင် ထိုအသံဖြစ်ပေါ်လာပုံသိရပြီး အစကိုတွေ့ရပြီ။

နေပူထဲနေသည့်အခါ ရုပ်တစ်မျိုး၊ နေရိပ်ထဲနေသည့်အခါ ရုပ်တစ်မျိုး။ အစာမစားမီရုပ်တစ်မျိုး၊ အစာစားပြီးရုပ်တစ်မျိုး။ ထိုရုပ်တို့၏ အကြောင်းကို ရှာလျှင် အပူအအေးဟူသော ဥတုနှင့်အာဟာရတို့ကိုတွေ့ ရမည်။ ထိုသို့ အကြောင်းတွေ့လျှင် ထိုရုပ်တို့၏အစကိုလည်းတွေ့ရပြီ။ ထိုသို့ရုပ်တို့၏အစ ဥပါဒ်ကိုတွေ့လျှင် ဘင်ကိုလည်းမြင်ပြီ။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ (ပထမ၊၂၃၆)၌ 'ဝိပဿနာယောဂီသည် ဝိပဿနာရှုသည်ရှိသော် ရှေးဦးစွာ အကြောင်းအားဖြင့် အဖြစ်အပျက်ကို နှလုံးသွင်းဆင်ခြင်ပြီးနောက် ဝိပဿနာ ဉာဏ်ထင်မြင်လာသောအခါ အဝိဇ္ဇာစသော အကြောင်းလေးပါးတို့ကို လွှတ်၍ ဖြစ်ခြင်း ပျက်ခြင်းရှိသည့် ခန္ဓာတို့ကိုဉာဏ်ဖြင့်ယူကာ ထိုခန္ဓာတို့၏ အဖြစ်အပျက်ကိုမြင်၏'ဟု အကြောင်းအားဖြင့်လည်းကောင်း၊ ခဏအားဖြင့် လည်းကောင်း အဖြစ်အပျက်ကို အကျယ်မြင်ပုံ မိန့်ဆိုထားပေသည်။

ထိုသို့အဖြစ်နှင့်အပျက်ကိုမြင်လျှင် အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်ပေါ်ရတော့မည်။ မပေါ်ဘဲမနေတော့။ ထို့အတူ ခံစားမှုတစ်ခု၏ ဥပါဒ်ကိုသိလိုလျှင် အကြောင်းကိုရှာ၊ အကြောင်းကိုတွေ့သည်နှင့် ဥပါဒ်ကို တွေ့ရမည်။ မိမိနှစ်ခြိုက်သည့် ရုပ်ကိုမြင်လိုက်ရသည့်အခါ သဘောကျကျေနပ်မိ၏။ ထိုသဘောကျကျေနပ်ခြင်းဟူသော သုခဝေဒနာ၏အကြောင်းကို ရှာလိုက်သည့်အခါ အဆင်း၊ မျက်စိ၊ စိတ်တို့ပေါင်းဆုံမိခြင်း (ဖဿ) ကြောင့်ဖြစ်ကြောင်းသိရမည်။ ထိုအခါထိုဝေဒနာဟူသော နာမ်တရား၏ ဥပါဒ်ကို မမြင်ဘဲမရှိနိုင်တော့။

ထို့နောက် ရုပ်–နာမ်တို့၏ လက္ခဏာရေးသုံးပါးကို မြင်တွေ့သည် အထိ ရင့်သန်အားကောင်းလာသောဉာဏ်ဖြင့် အကြောင်းကိုမသုံးသပ်တော့ဘဲ ဆက်လက်ရှုကြည့်ပါက ဖြစ်ဆဲ ရုပ်–နာမ်တို့၏ 'အစနှင့်အဆုံး' ဟူသော အဖြစ်အပျက်သည် ဉာဏ်၌ထင်ရှား ရှင်းလင်းလာရတော့၏။ ဤဉာဏ်အဆင့်ကို ဉဒယဗ္ဗယဉာဏ်ဟု ကျမ်းဂန်တို့က မိန့်ဆိုကြသည်။

ဤဉဒယဗ္ဗယဉာဏ် လမ်းခုလတ်မှာပင် ဩဘာသ=အလင်းရောင်၊ ပီတိ=နှစ်သက်မှု၊ ပဿဒ္ဓိ=ကိုယ်ထဲစိတ်ထဲငြိမ်းအေးမှု၊ အဓိမောက္ခ=အလွန်ဉာဏ်ကြည်လင်သည့် ယုံကြည်မှု၊ ပဂ္ဂဟ=အားထုတ်မှု၊ သုခ=ရွှင်လန်းချမ်းသာမှု၊ ဉာဏ်=ရှင်းလင်းပြတ်သားထင်ရှားသိမှု၊ ဉပဋ္ဌာန= စွဲမြဲစွာတည်သောသတိ၊ ဉပေက္ခာ=ငြိမ်သက်စွာ အလျော်အားဖြင့်ရှုမှု၊ နိကန္တိ= ဝိပဿနာ၌ သာယာနှစ်သက်မှုဟူသော ဝိပဿနာ၏ဘေးရန်တို့ကို တွေ့ရမည်ဖြစ်သည်။

ဤအလင်းရောင် စသည်တို့ကိုတွေ့ရသောအခါ ဝိပဿနာ၏ ညစ်ညူးကြောင်းတရားတို့ကိုတွေ့ရပြီ။ ဤသည်တို့မှာ တရားအထူး မဟုတ်ကုန်။ ယခုမှပေါ်လာခြင်းကြောင့်မမြဲကုန်၊ ဆင်းရဲကုန်၏။ အလိုအတိုင်း မဖြစ်ကုန်။ ပေါ်လာတိုင်းသောရုပ်–နာမ်တို့ကို ရှုကြည့်ခြင်းသာ လမ်းမှန်ဖြစ်၏ဟု ဆင်ခြင်ဆုံးဖြတ်၍ ပေါ်လာတိုင်းသော ရုပ်–နာမ်တို့ကိုသာ ဆက်လက်ရှုကြည့်ရ၏။ ထိုအခါ ရုပ်–နာမ်တို့၏ ဖြစ်မှုပျက်မှုတို့သည် ဉာဏ်၌ အထူးရှင်းလင်းစွာထင်ပေါ်လာ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာဟု ပိုမိုသဘောပေါက်လာရတော့၏။ ထိုအဖြစ်အပျက်ကို မြင်သောဉာဏ်ဖြင့် ဆက်လက်ရှုကြည့်သောအခါ အဖြစ်ကိုမမြင်၊ အပျက်ချည်းသာ မြင်လာရ၏။ ထိုဉာဏ်ကို ဘင်္ဂဉာဏ်ဟု ခေါ်၏။

ထိုဘင်္ဂဉာဏ်ဖြင့် ဆက်လက်ရှုကြည့်သောအခါ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး၌ ဖြစ်သမျှရုပ်–နာမ်သင်္ခါရတို့ကို 'ကြောက်ဖွယ်ချည်း'ဟု မြင်၏။ ထိုဉာဏ်ကို ဘယဉာဏ်ဟု ခေါ်၏။

ထိုနောက် ဖြစ်ဖြစ်သမျှသင်္ခါရ၊ ရှိရှိသမျှဘုံဘဝတို့ကို သာယာဖွယ် အကောင်းအမွန်ဟုမထင်၊ အပြစ်ချည်းသာမြင်လာရတော့၏။ ထိုဉာဏ်ကို အာဒီနဝဉာဏ်ဟုခေါ်၏။

ထိုနောက် ရုပ်နာမ်သင်္ခါရတို့၌ နှစ်သက်တွယ်တာမှုမရှိ၊ ငြီးငွေ့လာရ၏။ ထိုဉာဏ်ကို နိဗ္ဗိဒါဉာဏ်ဟု ခေါ်၏။ ထိုနောက် သင်္ခါရတရားအစုစုတို့မှ လွတ်မြောက်လိုလာ၏။ မုဉ္စိတုကမျတာဉာဏ် ခေါ်၏။

ထို့နောက် မိမိလည်၌ပတ်ထားသည့်မြွေကို ဖြေ၍ပစ်ခြင်းငှာ မြွေကို မြဲစွာပြန်ကိုင်သကဲ့သို့ သင်္ခါရတရားတို့ကိုအနိစ္စ၊ ဒုက္ခ၊အနတ္တဟု အဖန်ဖန်သိမ်းဆည်းပြန်၏။ ထိုဉာဏ်ကို ပဋိသင်္ခါဉာဏ်ခေါ်၏။

ထိုနောက် ဘုံသုံးပါး၌ တွန့်ဆုတ်၏။ ထိုဉာဏ်ကို ဝုဋ္ဌာနဂါမိနိဝိပဿနာမည်သော သင်္ခါရုပေက္ခာဉာဏ်ဟု ခေါ်၏။

ဤဉာဏ်အားကြီးလာသောအခါ ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ အနိစ္စ၊ ဒုက္ခ၊ အနတ္တသုံးမျိုးတွင် တစ်မျိုးမျိုးသောအခြင်းအရာဖြင့်ရှုလျက် နိဗ္ဗာန်မျက်မှောက်ပြုမိတော့၏။

ဤကား အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်တို့ဖြစ်ခြင်းတည်း။

ဤသို့လျှင် ဒိဋ္ဌိဝိသုဒ္ဓိစခန်းမှာအခြေခံ၍ မဂ္ဂါ မဂ္ဂဉာဏဒဿနစခန်းမှ အစပျိုးခဲ့သော ဝိပဿနာဉာဏ်သည် ဆယ်တန်သောအဆင့်ဖြင့် အရည်အချင်းရင့်ကျက်ကာ မဂ်ဉာဏ်ကိုဖြစ်ပေါ်စေ၊ ဘဝမှလွတ်မြောက်စေ၏။

ဤဆိုခဲ့ပြီးသည့်အတိုင်း အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာ သိက္ခာတို့ကို အဆင့်ဆင့်ကျင့်သုံးခြင်းကား ချမ်းသာခံစားမှု သုခဝေဒနာကိုအကြောင်းခံ၍ ဖြစ်ပေါ်လေ့ရှိသော ရာဂါနုသယကို ပယ်နုတ်ခြင်း၊ ဆင်းရဲခံစားမှုဒုက္ခဝေဒနာကိုအကြောင်းခံ၍ ဖြစ်ပေါ်လေ့ရှိသော ပဋိဃာနုသယကို ပယ်နုတ်ခြင်း၊ ဆင်းရဲချမ်းသာဝေခွဲမရသော ခံစားမှု ဥပေက္ခာ

ဝေဒနာကိုအကြောင်းခံ၍ ဖြစ်ပေါ်လေ့ရှိသော အဝိဇ္ဇာ နုသယကို ပယ်နုတ်ခြင်းဖြစ်၏။

ဤအကုသိုလ်မူလတရားသုံးပါးကို ပယ်နုတ်လိုက်သောအခါ ထောင်လွှားမှု မာန၊ အမြင်မှားမှု ဒိဋ္ဌိ၊ မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာ၊ စိတ်လေးထိုင်းမှု ထိန၊ ပျံ့လွင့်မှုဥဒ္ဓစ္စ၊ မိမိကိုယ်ကိုမငဲ့မှု အဟိရိက၊ သူတစ်ပါးကို မလေးစားမှု အနောတ္တပ္ပတို့လည်း ပယ်နုတ်အပ်ပြီး ဖြစ်တော့၏။

ဤသို့လျှင် ဘဝကိုဖန်တီးသည့် ကံတရားတို့၏အကြောင်းကိလေသာတို့ကို ပယ်နုတ်လိုက်သဖြင့် အကျိုးဖြစ်သောကံတရားတို့လည်း ပယ်ပြီးနုတ်ပြီးဖြစ်ရတော့၏။ ကံ၏အကျိုးဖြစ်သည့် ဘဝကိုပယ်ပြီး ဖြစ်တော့၏။

ထို့ကြောင့် ဘုရားရှင်က–

'ရဟန်းတို့၊ စင်စစ် ထိုခံစားမှုသုံးမျိုးနှင့်တွေ့ကြုံသော သူသည် ချမ်းသာခံစားမှု၌ ရာဂါနုသယကိုမပယ်ဘဲ၊ ဆင်းရဲခံစားမှု၌ ပဋိဃာနုသယကို ခွာမထုတ်ဘဲ၊ ဆင်းရဲချမ်းသာ မဝေခွဲနိုင်သောခံစားမှု၌ အဝိဇ္ဇာနုသယကို မနုတ်ဘဲ၊ မသိမှုအဝိဇ္ဇာကိုပယ်၍ အသိဉာဏ်ဝိဇ္ဇာကိုဖြစ်ပေါ်စေကာ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ဆင်းရဲ၏အဆုံးကိုပြုနိုင်လိမ့်မည်ဟု အကြောင်းမရှိနိုင်။'[၁] ဟု ဟောတော်မူပေသည်။

## ပျက်ချုပ်နှင့်ငြိမ်းချုပ်

မေးစရာရှိသည်၊ 'အဝိဇ္ဇာအစရှိသောကိလေသာတို့သည် သင်္ခတတရားတို့၏သဘောလက္ခဏာအတိုင်း မဂ်ကုသိုလ်ဖြင့် မပယ်မသတ်သော်လည်း ချုပ်ရသည်သာ မဟုတ်ပါလော။ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာတို့ကို အပင်ပန်းခံကျင့်သုံးကာ မဂ်ဖြင့်ပယ်ရခြင်းသည် အဘယ်အကျိုးရှိသနည်း' ဟု–

---

၁။ ဥပရိပဏ္ဏာသ။ ၃၃၃၊ ၃၃၄။

အဖြေကား၊ မင်္ဂဖြင့်မပယ်အပ်သော ကိလေသာတို့၏ချုပ်ခြင်းမှာ သင်္ခတတရားတို့၏ သဘောဓမ္မတာအတိုင်း ပျက်စီးခြင်းသာဖြစ်၍ ငြိမ်းချုပ်မဟုတ်ပေ။ အနုသယသဘောအားဖြင့် ရှိနေလျက်ပင်။ မင်္ဂဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့သည်သာ အကြွင်းမဲ့ချုပ်ခြင်း၊ ငြိမ်းအေးခြင်းဖြစ်ပေသည်။

အဆိပ်ပင်မှသီးသောအဆိပ်သီးသည် အပင်မှကြွေရ၊ ပျက်စီးရသည်မှာ ဓမ္မတာဖြစ်၏။ အပင်၏သီးဦးမည့် အသီးဓာတ်မပြတ်သေးလျှင် 'အဆိပ်ဘေး အေးပြီ' ဟုမဆိုသာ၊ အဆိပ်သီးရှိနေသည်သာ။ ထိုအဆိပ်ပင်မှအသီးကိုဖြစ်ပေါ်စေတတ်သည့် ဓာတ်သဘောကုန်အောင် အသီးဓာတ်ပယ်တတ်သည့်ဆေးကို ရိုက်သွင်းသတ်ဖြတ်ပါမှ အသီးဓာတ်ကင်း၍ အဆိပ်ဘေး ငြိမ်းအေးနိုင်ပေသည်။ ဤသို့ပျက်ချုပ်နှင့်ငြိမ်းချုပ် နှစ်ရပ်တို့၏ခြားနားချက်ကို သဘောပေါက်စေရာ၏။

လိုရင်းဆိုရသော် ကိလေသာတို့၏ နိရောဓဆိုသည်မှာ 'အနုပ္ပာဒ–မဖြစ်ခြင်းပင်'[၁] ဖြစ်သည်။ ထို့ကြောင့် ကိလေသာတို့၏ဖြစ်ပြီး၍ ပျက်ခြင်းချုပ်ခြင်းသည် ငြိမ်းချုပ်မဟုတ်၊ ဓမ္မတာချုပ်ပျက်ချုပ်ဖြစ်၏။ ကိလေသာတို့တစ်ဖန်မဖြစ်ပေါ်ခြင်းသည် ဓမ္မတာချုပ်ပျက်ချုပ်မဟုတ်၊ ငြိမ်းချုပ်ဖြစ်သည်။ ဤသို့မှတ်သားအပ်၏။

ထို့ကြောင့် ထိုမဖြစ်ခြင်းသဘောကို အစရှာ၍မရနိုင်ခြင်း၊ ထိုကိလေသာတို့၏ အနုပ္ပါဒသဘောကို အဘယ်အကြောင်းတရားကမျှဖြစ်ပေါ်လာအောင် မဖန်တီးနိုင်ခြင်း ဖြစ်ပေသည်။

ထိုကိလေသာအပူဓာတ် သံသရာစက်ကြီးအဖြစ် ငြိမ်းပြတ်တန့်ရပ်သည်နှင့်တစ်ပြိုင်နက် အလွန်မွန်မြတ်သည့်နိဗ္ဗာနဓာတ်ကြီး ထင်ရှားပေါ်လွင်လာပေတော့သည်။

---

၁။ ပါစိတျာဒိအဋ္ဌကထာ။ ၂၃၅။ ဝဇိရဗုဒ္ဓိ။ ၃၉၄။

## နောက်ဆုံးပြောလိုသည်မှာ

သက်တော် ၇၉–နှစ်၊ ၉–လ တိတိရှိပြီဖြစ်သော ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၇–ခုနှစ် တပို့တွဲလပြည့်နေ့ ရှင်အာနန္ဒာနှင့်အတူ ဆွမ်းကိစ္စအပြီး ‘အာနန္ဒာ၊နိသီဒိုင်ယူခဲ့၊ နေ့သန့်ရန် စာပါလစေတီသို့ ကပ်ရောက်ကုန်အံ့’ ဟုမိန့်တော်မူပြီး စာပါလစေတီအနီးသို့ချဉ်းကပ်ကာ တစ်ပါးတည်း သီတင်းသုံးတော်မူနေ၏။

ထိုအချိန်တွင် အခွင့်ချောင်းနေသည့်မာရ်နတ်က ‘ပရိနိဗ္ဗာတုဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတုသုဂတော၊ ပရိနိဗ္ဗာနကာလော ဒါနိဘန္တေ–ဘဂဝတော[၁]=ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ယခု ပရိနိဗ္ဗာန် စံတော်မူပါ။ ကောင်းသောစကားကိုဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ပရိနိဗ္ဗာန်စံတော်မူပါ။ ယခုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံရမည့်အခါပါဘုရား’ ဟုလျှောက်ထားလေတော့သည်။

ထိုအခါ ဘုရားရှင်က ‘အပ္ပောသုက္ကော တွံ ပါပိမ ဟောဟိ န စီရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ။ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတိ[၂]=သင် မကြောင့်ကြလင့် မာရ်နတ်၊ မကြာမီ မြတ်စွာဘုရားပရိနိဗ္ဗာန်စံခြင်း ပြုလိမ့်မည်။ ဤနေ့မှ သုံးလလွန်မြောက်ရောက်သည့်နေ့၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလိမ့်မည်’ ဟု မိန့်တော်မူပြီး သတိသမ္ပဇဉ်နှင့်ယှဉ်တော်မူ၍ ဇိဝိတိန္ဒြေကို စောင့်ရှောက် တတ်သည့် အာယုသင်္ခါရခေါ် အာယုပါလနဖလသမာပတ်တော်ကို ‘မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်နေ့မှနောက် ဝင်စားခြင်းမပြုတော့’ ဟု စွန့်လွှတ်တော်မူလိုက်လေသည်။

ထိုအခါ ပြင်းထန်စွာတော်လည်း၍ ကြောက်လန့်ဖွယ်ကောင်းလောက်အောင် မြေငလျင်ကြီးတုန်လှုပ်လေ၏။ ထိုအချိန်တွင် ဘုရားရှင်သည်–

၁+၂။ ဥဒါန။ ၁၅၅။ မဟာဝဂ္ဂ။ ၈၇။ အင်္ဂုတ္တ၊တတိယ။ ၁၃၁။

**တုလမတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရ မဝဿဇိ မုနိ။**
**အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိ ကဝစမိဝတ္တ သမ္ဘဝံ။ ။**

'မုနိသည် အတုမဲ့နိဗ္ဗာန်ကိုလည်းကောင်း၊ ဘဝကိုလည်းကောင်း၊ နှိုင်းယှဉ်ချိန်ဆ၍ ဘဝသစ်တည်ဖန်သည့် ကံတရားကိုစွန့်ပြီ။

ကိုယ့်သန္တာန်၌ ဝိပဿနာဉာဏ်ဖြင့်မွေ့လျော်သည်ဖြစ်၍ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ကိလေသာကွန်ရက်ကို ဖျက်ဆီးပြီ။'

ဟု ဝမ်းမြောက်ရွှင်မြူး နောက်ဆုံးဥဒါန်းကျူးရင့်တော်မူလေသည်။

ဘုရားရှင်သည် ထိုနေ့မှ နောက် သုံးလမြောက်သည့် မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့် ညဉ့်အရဏ်မတက်မီအချိန်တွင် အနုတ္တရာဘူမိ ဝိမုတ္တိကြငှန်းသို့ စံမြန်းတော်မူလေသည်။

ယခုအခါ ထိုဥဒါန်းပါဠိတော်၌ပါဝင်သည့် သဘောအဓိပ္ပာယ်တို့ကို ဖွင့်ဆိုပြီးခဲ့ပြီ။ ထို့ကြောင့် ဘေးရန်မျိုးစုံ ဝိုင်းအုံလျက်ရှိသော လောက ခေါ်သည့်ဘဝကိုလည်း သဘောပေါက်ကြပြီ။ ဘေးရန်ကင်းပြတ် လောက နိဿရဏခေါ်သည့် နိဗ္ဗာနဓာတ်သဘောကိုလည်း နားလည်ကြပြီ။ ဘဝ လွတ်မြောက် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းမဂ္ဂင်ကိုလည်း သိကြပြီ။ ထိုသို့ဖြစ်ပါလျက် ဘဝလွတ်မြောက်ရေးအတွက် အားမထုတ်ဘဲ နေကြပါက–

* ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊
ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊
ပြေးမထွက်၊ လမ်းတွက် မဟုတ်ချေ။

* မစင်လူးလျှင်၊ အေးကြည်လင်သည့်၊
ရေစင်ရှိလျက်၊ မဆေးရက်၊ ကန်တွက်မရှိပေ။

*   အနပ္ပကမ်း၊ ဘေးဘျမ်းများစွာ၊
သံသရာမှ၊ ထွက်ရာလမ်းမ၊
သမထဝိပဿနာ၊ ကိလေသာဘင်၊
သန့်စင်လျှော်ဆေး၊ ရေအေး လေးမဂ်၊
ရှိပါလျက်နှင့်၊ မထွက်ပြေးလို၊
မဆေးလို၊ မင်းပျိုကိုယ်တွက်ပေ[၁] ဟု နောက်ဆုံးပြောလိုပါသတည်း။

❄

၁။ ပရမတ္ထသရူပဘေဒနီ၊ ဒုတိယ။ ၆၅၃။

# ပြီးပြီ

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ မွေးနေ့ရာပြည့် အထိမ်း အမှတ်အဖြစ် ၁၃၃၂–ခု၊ တန်ဆောင်မုန်းလဆန်း ၇–ရက်၊ ကြာသပတေး နေ့မှစ၍ 'အတုမဲ့ ချမ်းသာရယူနိုင်ရေး'ဟူသောအမည်ဖြင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သက်တော်ရှည်ကျောင်း၌ ဤစာအုပ်ကို စတင် ရေးသားခဲ့ရာ(၂–လနှင့် ၁၃–ရက်အကြာ)ပြာသိုလဆုတ် ၅–ရက်၊ စနေနေ့ တွင် ပထမ ခဲရေးမူကြမ်း ပြီးခဲ့သည်။

ထို'အတုမဲ့ချမ်းသာရယူနိုင်ရေး'စာမူကြမ်းသည် တစ်ပါးသော သာသနာရေးကိစ္စ ပလိဗောဓတို့ကြောင့် အချောကိုင်ရေးသားခြင်း မပြုနိုင်ဘဲ ထားခဲ့ရာ ၈–နှစ်လွန်မြောက် ၁၃၄၀–ပြည့်နှစ်သို့ရောက်မှ 'ဘဝနှင့်နိဗ္ဗာန်' အမည်ဖြင့် ဒုတိယမူကြမ်းအဖြစ်သို့ ရောက်ခဲ့ရသည်။

ထို'ဘဝနှင့်နိဗ္ဗာန်'စာအုပ်ကို ၁၃၄၁–ခု တော်သလင်းလဆုတ် ၁၁– ရက်နေ့ နံနက်၁၀–နာရီ၁၀–မိနစ်အချိန်တွင် စတင်၍ နောက်ဆုံးအပြီးသတ် အချောကိုင် ရေးသားခဲ့သည်။

ဘုရားရှင်၏သာသနာတော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက် ကြရသည့် ရဟန်းတော်တို့တွင် ဥပဇ္ဈာယ်ဆရာကြီး၏ မွေးနေ့ ရာပြည့်နှင့် တိုက်ဆိုင် ကြုံတွေ့ခွင့်ရသည့် ရဟန်းတော်မှာ တစ်သိန်းတွင် တစ်ပါးရှိမည် မထင်ပါ။ မိမိမှာ ထိုကြုံခဲလှသည့် ဥပဇ္ဈာယ်ဆရာကြီး၏ မွေးနေ့ရာပြည့်နှင့် ကြုံတွေ့ခွင့်ရခဲ့ပေရာ တစ်သက်တာ အမှတ်တရဖြစ်စေဖို့နှင့် ခိုင်မာသော စာတမ်းတစ်စောင် တစ်စုံတစ်ခုရေးသားစေလိုသော ဆရာတော်ဘုရား ကြီး၏ဆန္ဒတော်အရ ရေးသားခဲ့သောဤစာအုပ်သည် ဘုရားရှင် ပရိနိဗ္ဗာန်

စံတော်မူအပြီး နှစ်ပေါင်း ၂၅၂၄–နှစ်အကြာ မြန်မာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ ကဆုန်လဆုတ် ၁၃–ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၇ နာရီ ၁၀ မိနစ်အချိန်တွင် စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ခန္တီးဆရာတော်ဘုရားကြီး၏ ခန္တီးရိပ်သာ မန်ဒေါ့ပင်ကျောင်း၌ 'နိဂုံးကူတော' သဘောသို့ရောက် ကောင်းစွာပြီးမြောက် အောင်မြင်ပါသတည်း။ ။

❈

# မှတ်သားဖွယ်ရာအက္ခရာစဉ်အညွှန်း

(က)

ကမ္ဘာ၏ သက်တမ်း ၈၆
ကာမဂုဏ်နှင့် ကာမဂုဏ်ချမ်းသာအရ ၃၂
ကာမဂုဏ်သတ္တိအနည်းအများ ၃၃
ကာမဂုဏ်၏ အနက်တစ်မျိုး ၃၄
ကာမာဝစရပထမကုသိုလ်စိတ်ဖြစ်ပုံ ၁၉၆
ကုသိုလ်ကို အရိယာသို့ မပယ်ခြင်းအကြောင်း ၁၈၁
ကုသိုလ်ကိုအားမထုတ်ဘဲ ကိလေသာကိုမပယ်နိုင် ၁၉၂
ကုသိုလ်၏ အနက်သုံးမျိုး ၁၉၆
ကုသိုလ်ကံ,အကုသိုလ်ကံကိုပယ်နိုင်ရန် ကိလေသာဝဋ်ကိုပယ်ရမည် ၁၇၇
ကုသိုလ်ကိုတိုးပွားစေမှ အကုသိုလ်ကံကင်းမည် ၁၉၄
ကုသိုလ်စိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်သည့်တရားများ ၁၈၂
ကံကိုပယ်နိုင်ရန် အကြောင်းရင်းဝိဇ္ဇာကိုပယ် ၁၇၆
ကံကိုပယ်နိုင်ရန် ကိလေသာဆယ်ပါးကိုပယ် ၁၇၈
ကိုယ့်မှာရှိသည့်သီလကို အရင်းအနှီးလုပ် ၂၆၇
ကောင်းမှုကို မကြောက်ကြကုန်လင့် ၁၉၂

(ခ)

ခံစားခြင်းမရှိမှ ချမ်းသာမှုဆုံးခန်းရောက်မည် ၁၁၁
'ခတ္တိယ' ဟူသော ဝေါဟာရဖြစ်ပေါ်လာပုံ ၇၂
ခန္ဓာငါးပါး ဥပမာတစ်မျိုး ၁၃
ချမ်းသာလှသောသူတို့၏ ဘဝအကြောင်း ၄၃

( ဂ )

ဂေါ်တြဘူစေတနာ ဝေါဒါန်စေတနာတို့ ဘဝအကျိုးပေးပုံ ၁၆၇
ဂေါ်တြဘူဉာဏ် ၃၁၅
ဂေါ်ရသင်္ငါးပါး ၆၉

( င )

ငရဲ ၅၁
ငရဲဘဝအဘိဓမ္မာ ၅၁

( စ )

စီးပွားရေးသမား (၁၀)မျိုးနှင့်စပ်ပြီး ဘုရားရှင်၏ဝေဖန်ချက် ၆၅
စီးပွားရှာပုံနှင့် ခံစားပုံ ၆၃

( ဆ )

ဆုတောင်းရုံဖြင့်မရ ၂၃၉
ဆုမတောင်းသော်လည်း အားထုတ်လျှင်ရ ၂၄၁
ဆင်းရဲလှသောသတ္တဝါတို့၏ ဘဝအကြောင်း ၁၆၃

( တ )

တစ်ဦးမင်္ဂဖိုလ်နှင့် တစ်ဦးမင်္ဂဖိုလ်တူ ၁၅၁
တစ်နည်း ရုပ်၏အကြောင်းလေးပါး ၃၀၈
တရားရဖို့ ရက်,အချိန် မသတ်မှတ်နိုင် ၂၄၃
တရားသူကြီးဟောင်း ကုမ္ဘဏ္ဍပြိတ္တာကြီး ၄၉
တိရစ္ဆာန်ဘဝ အဘိဓမ္မာသရုပ် ၄၆
တိသအိမ်ရှေ့မင်း ၁၇၃
တိဟိတ်ပုဂ္ဂိုလ်ဆိုတာ ၂၁၀
တိဟိတ်ပုဂ္ဂိုလ်သုံးမျိုး ၂၁၁
တိဟိတ်သန္ဓေနေခဲ့သူများ ၅၃

အက္ခရာစဉ်အညွှန်း

( ဒ )

ဒု–သ–န–သော
ဒေါသကြောင့်ဖြစ်ရသည့် ဒုက္ခအကျည်းတန်များ
ဒွိဟိတ်သန္ဓေနေခဲ့သူများ

( ဓ )

ဓမ္မတို့ကိုပင်သော်လည်း ပယ်အပ်ကုန်၏

( န )

နဝမခေတ် အင်္ဂါလေးပါး
နေယျပုဂ္ဂိုလ်တို့ကျင့်ရမည့်ကာလအပိုင်းအခြား
နိုးလေးချက်
နတ်ကတော်လုပ်စားခဲ့တဲ့ မင်္ဂလိတ္ထိပြိတ္တာမကြီး
နတ်တို့စုတေနိမိတ်ကြီးငါးပါး
နတ်ဘဝအဘိဓမ္မာသရုပ်
နာမ်၏အကြောင်း
နာမ်လက်ဖျစ်တစ်တွတ်အတွင်း ကုဋေတစ်သိန်းကျော်ပျက်
နိဗ္ဗာန်ကိုလက်တွေ့ယူနိုင်ဖို့ အင်္ဂါသုံးချက်
နိဗ္ဗာန်ချမ်းသာနှင့်ဘဝချမ်းသာ
နိဗ္ဗာန်ဆိုသည်မှာ
နိဗ္ဗာန်သည်အတ္တမဟုတ် အနတ္တ
နိဗ္ဗာန်သည်အဖြစ်တရားမဟုတ် ပရမတ္ထအရှိတရား
နိဗ္ဗာန်ဟူသည် ကိုယ့်အနားတွင်ပင်ရှိသည်

( ပ )

ပါတိမောက္ခသံဝရသီလ ပြည့်စုံဖို့အတွက်
ပစ္စုပ္ပန်ဘဝပြဿနာတေးထပ်
ပညာဖြင့် မရှုမပဋိပဒါမိုဝဲခြင်းကိုပြသည်

ပယ်စွန့်နည်းသုံးမျိုး ၁၇၈
ပုဂ္ဂိုလ်၏ အရည်အသွေး(အင်္ဂါ)သုံးရပ် ၂၁၀
ပြိတ္တာဘဝအဘိဓမ္မာသရုပ် ၄၈

( ဖ )

ဖြစ်နေသည်ကိုသာ ဖြစ်နေသည့်အတိုင်း ညွှန်ပြဟောပြောသည် ၂၉၈

( ဗ )

ဗုဒ္ဓတရားတော် မမှားနိုင်သည့်အကြောင်း ၂၉၈
ဗြဟ္မာ့ပြည်တဝင်းဝင်း ဝက်စားကျင်းတရှုပ်ရှုပ် ၈၈

( ဘ )

ဘဝ၏ အဓိပ္ပာယ်များ ၁၃/၁၅
ဘဝစွန့်လွှတ်ပြီး နိဗ္ဗာန်ကိုလက်တွေ့ယူနိုင်ဖို့ ၂၀၉
ဘဝနှင့်စပ်၍ သိရမည့် အချက်သုံးချက် ၂၉
ဘဝသရုပ်နှင့် တရားကိုယ်
ဘုရားရှင်ကိုယ်တိုင် မင်းရေးကိစ္စဆောင်ရွက်ရန် မာရ်နတ်လျှောက် ၁၉၄
ဘုရားရှင်ပါရမီဖြည့်ရသည်မှာ နိဗ္ဗာန်အတွက် ပဓာနမဟုတ် ၁၅၂
ဘုရားရှင်သည် ရှိသည့်တရားကိုသာ ရှိကြောင်းညွှန်ပြ ၂၉၇
ဘုန်းကြီးပြိတ္တာကြီး ၄၉

( မ )

မဟာသမ္မတ၏ မူလတာဝန်များ ၇၂
မိမိခန္ဓာကိုယ်မှာ စောင့်ကြည့် ၂၉၉
(မီး)ငြိမ်းခြင်းသည် မီးမရှိခြင်းကြောင့်ဖြစ်ပေါ်လာသည်မဟုတ် ၁၂၇
မီးရောင်သည် မီးမဟုတ်သကဲ့သို့ ၁၂၇
မီးမရှိခြင်းသည်လည်း ငြိမ်းခြင်းမဟုတ် ၂၆၂
မောဟကြောင့်ဖြစ်ရသည့် ဒုက္ခအကျည်းတန်များ ၁၄
မာရ်နတ်သမီးတို့ ဖြားယောင်းပုံ ၄၂

( )

| | |
|---|---|
| ယခုခေတ်ရှိသည့် တဲဟဲတပုဂ္ဂုလ် | ၂၁၁ |

(ရ)

| | |
|---|---|
| ရခဲ့သည့် တောထွက်ရဟန်း | ၂၆၁ |
| ရဟန္တာပုဂ္ဂိုလ်တို့ ပယ်သောတရားစု | ၁၈၁ |
| ရဟန်းတို့အတွက် သိက္ခာပုဒ်တွေများစွာပညတ်ရခြင်းအကြောင်း | ၂၅၆ |
| ရဟန်းတို့က လူတို့ထက်ကုဋေပေါင်းကိုးထောင်ကျော်ပိုမြန်ရမည် | ၂၅၈ |
| 'ရာဇာ' ဟူသော ဝေါဟာရပေါ်လာပုံ | ၇၂ |
| ရန်သူဝိုင်းထား | ၃၁၉ |
| ရုပ်၏ အကြောင်းငါးပါး | ၃၀၆ |
| ရုပ် လက်ဖြစ်တစ်တွက် ကုဋေငါးထောင်ကျော်ပျက် | ၉၄ |
| ရှိနေသည့် တရားစု | ၂၉၂ |
| ရွှေပန်းထိမ်သား ရဟန်းငယ် | ၂၆၅ |

(လ)

| | |
|---|---|
| လူ၊ အချို့နတ်နှင့် ဝေမာတိကပြိတ္တာတို့၏ ဘဝအကြောင်း | ၁၆၃ |
| လူ၊ နတ်၊ ဗြဟ္မာဘဝကို ရခြင်းသည်ပင် | ၁၈၄ |
| လောဘ၊ ဒေါသ၊ မောဟကြောင့် | ၁၈၄ |
| လူနှစ်မျိုး (စီးပွားရေးအရ) | ၅၄ |
| လူသုံးမျိုး (မွေးရာပါအရည်အချင်းအရ) | ၅၄ |
| လူ့ကာမဂုဏ်နှင့် နတ်ကာမဂုဏ်ကွာခြားချက် | ၇၉ |
| လူ့ဘဝ အောက်တန်းလွှာ | ၅၉ |
| လူ့ဘဝ အဘိဓမ္မာသရုပ် | ၅၃ |
| လူ့ဘဝ အောက်တန်းလွှာ | ၅၅ |
| လောဘကြောင့်ဖြစ်ရသည့် ဒုက္ခအကျည်းတန်များ | ၁၄ |
| လက်ငင်း(ဒိဋ္ဌဓမ္မ)နိဗ္ဗာန် | ၄၄/၄၅ |
| လင်ငယ်နေသည့် ပြိတ္တာမကြီး | ၄၉ |

(ဝ)

ဝိပဿနာဉာဏ်ဆိုသည်မှာ ၂၉၁
ဝိပဿနာဉာဏ်ဆယ်ပါး ၂၉၁
ဝိပဿနာဘာဝနာက လူ့နတ်ဘဝတို့ကိုတည်ထောင် ၁၆၆
ဝိပဿနာဘာဝနာမှာ ပွားနည်းထူးခြားမှုမရှိ ၂၆၄
ဝိဝဋ္ဋနိဿိတကုသိုလ်ကံဖြစ်ရန် အကြောင်းသုံးပါး ၁၈၆
ဝိဝဋ္ဋနိဿိတကုသိုလ်သည် ကံအားလုံးကိုချုပ်ငြိမ်းစေ၏ ၁၈၉
ဝိဝဋ္ဋနိဿိတပါရမီကုသိုလ်တို့လည်း အဝိဇ္ဇာကြောင့်ဖြစ် ၁၇၅
ဝဋ္ဋနိဿိတကုသိုလ်ကို အကုသိုလ်ဟုဟော ၁၈၄
ဝဋ်ဒုက္ခတို့၏ငြိမ်းအေးခြင်း(နိဗ္ဗာန်)ကို ပုဂ္ဂလိကပြုလုပ်မထားနိုင် ၁၅၆

(သ)

သကဒါဂါမ်အဖြစ်ဖြင့် ဝိပဿနာအားထုတ်ရခြင်း ၁၇၅
သကဒါဂါမ်တို့ ပယ်သောတရားစု ၁၈၀
သမထဘာဝနာသည် ဗြဟ္မာဘဝကိုတည်ထောင်သည် ၁၆၅
သမထဝိပဿနာတို့အပေါ် ဆန္ဒရာဂမဖြစ်ရ ၁၃၂
သမာဓိဖြင့် အတ္တကိလမထာနုယောဂကိုပယ် ၂၁၈
သီလဖြင့် ကာမသုခလ္လိကာနုယောဂကိုပယ် ၂၁၈
သီလသိက္ခာသည် သမာဓိ၏အခြေခံ ၂၂၇
သုဂတိအပတိတ် သန္ဓေနေခဲ့သူများ ၅၃
သူ့မယားပြစ်မှားခဲ့သူ ဗြိတ္တာကြီး ၄၉
သောတာပန်တို့ ပယ်သောတရားစု ၁၇၉
သောတာပန်ဖြစ်ပြီးမှ ဝိပဿနာအားထုတ်ရပြန်ခြင်း ၁၇၅
သံယောင်လိုက်ခြင်း ၂၉၈
သစ္စာလေးပါးတို့၏ပရမတ္ထအဖြစ် ၁၂၁
သတ္တလောကအဖြစ် တည်ရှိနေသောတရားစု ၂၉၄
သမ္မာဒိဋ္ဌိငါးမျိုးနှင့် သူတို့၏အကျိုး ၁၆၆
သုညတနိဗ္ဗာန် ၁၁၅

## ( အ )


အကုသိုလ်ကိုပယ်မှ ကုသိုလ်ကံကောင်းမည် ၁၉၄
အကုသိုလ်ကံနှင့် ဝဋ္ဋနိဿိတကုသိုလ်ကံအကြောင်း ၁၅၄
အကုသိုလ်တရားနှင့် အကုသိုလ်အလုပ်ကိုမရှောင်ဘဲ ၁၉၂
အကောင်းဆုံးကာမဂုဏ် ၄၁
အကြိုက်မတူကြ ၃၆
အကြောင်းကိုမြင်လျှင် အစ(ဥပါဒ်)ကိုမြင်ပြီ ၃၁၁
အငြိမ်းဓာတ်သည် မူလအရှိသဘာဝဖြစ်သည် ၁၂၇
အတိတ်သံသရာ၏ဦးခေါင်း ၁၇၇
အထက်သံသရာ၏ဦးခေါင်း ၁၇၇
အဓိစိတ္တသိက္ခာအရကောက် ၂၂၆
အဓိပညာသိက္ခာအရကောက် ၂၂၆
အဓိသီလသိက္ခာဆိုသည်မှာ ၂၂၂
အနာဂတ်သံသရာ၏ဦးခေါင်း ၁၇၇
အနာဂါမ်ပုဂ္ဂိုလ်တို့၏ပယ်သောတရားစု ၁၈၀
အနာဂါမ်ဖြစ်ပြီးမှ ဝိပဿနာအားထုတ်ရပြန် ၁၇၅
အနိမိတ္တနိဗ္ဗာန် ၁၁၅
အနီးတွင်ဖြစ်လျက် နိဗ္ဗာန်ကိုမသိကြ ၁၂၈
အပအသုံးအဆောင်များ ၃၇
အပါယ်လေးပါး ၄၆
အမှောင်ဘက် ဦးလှည့်သူ ၇၁
အမှောင်မှလာသူများ ၅၄
အရူပဗြဟ္မာ ၈၇
အရှိတရား ၇၂-ပါး ၂၉၄
အရှိနိဗ္ဗာန်ကိုမြင်လိုလျှင် အတ္တကိုဖယ်၍ကြည့် ၁၄၈
အလင်းဘက်သို့ဦးလှည့်သူ ၇၀

အသူရကာယ်ဘဝ အဘိဓမ္မာသရုပ် ၄၉
အသင်္ခတ(နိဗ္ဗာန်)လက္ခဏာ ၂၉၄
အောက်သံသရာ၏ဦးခေါင်း ၁၇၇
အုပ်ချုပ်ရေးအာဏာအပ်နှင်းပုံ ၇၁
အုပ်စိုးသူတို့မလွတ်လပ်ပုံ ၇၇

( ဤ )

ဤသို့မြင်လာသည်ကို လက္ခဏာယာဉ်တင်၍ ရှုသည်ဟုဆိုရ၏ ၃၁၀

( ဥ )

ဥဒယဗ္ဗယဉာဏ် ၃၁၄
ဥပဘောဂ ၃၇

( ဩ )

ဩကာသလောကကြီးအဖြစ် တည်ရှိသောတရားစု ၂၉၄

*

# ဘဝနှင့်နိဗ္ဗာန်

- နံနက်အခါ၌ အရှေ့လောကဓာတ်ဆီမှ နေဝန်းကြီးပေါ်ထွက်လာပြီဆိုလျှင် လောကသားအပေါင်းတို့ ရွှင်လန်းချမ်းမြေ့ခြင်းဖြစ်ကြရသည်။ အဘယ်ကြောင့်ဆိုသော် နေဝန်းကြီးသည် အမှောင်ခွင်း၍ အလင်းကိုပေးဆောင်သောကြောင့်တည်း။

- အမှောင်ဘဝထဲ၌ စမ်းတဝါးဝါး လမ်းမှားလျှောက်ရှိနေကြကုန်သော ဘဝခရီးသည်တို့သည် မည်မျှလောက် ဆင်းရဲပင်ပန်းလေသနည်း။ မည်မျှလောက် ဘေးအန္တရာယ် ထူပြောလေသနည်း။ ထိုထိုဆင်းရဲပင်ပန်းမှုနှင့် ဘေးအန္တရာယ်တို့မှ လွတ်မြောက်ရေးအတွက် ဘဝနှင့်နိဗ္ဗာန်က လမ်းညွှန်ပြုပါမည်။

- ဘဝဆိုတာဘာလဲ၊ နိဗ္ဗာန်ဆိုတာဘာလဲ၊ ဘဝနှင့်နိဗ္ဗာန်သည် မည်ကဲ့သို့ ဆက်စပ်နေသလဲ၊ မည်ကဲ့သို့ခွဲထုတ်ပေးနိုင်သလဲ။ ဘဝ၏အဓိပ္ပာယ်ကို ပီပီပြင်ပြင် ကြည်ကြည်လင်လင် မြင်တတ် သိတတ်ဖို့သည် ဘဝခရီးသည်တို့အတွက် လွန်စွာအရေးကြီးလှပါပေ၏။

- ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ လိုလားတောင့်တနေသော နိဗ္ဗာန်သည် ဘယ်မှာရှိသလဲ၊ ဘယ်လိုသဘောသဘာဝမျိုးလဲ စသည်ကို ပိဋကတ်တော်၊ ကျမ်းဂန်များနှင့်အညီ ဖော်ညွှန်းထားပါသည်။ ကံလမ်း၊ ဉာဏ်လမ်း ကျင့်စဉ်ကျင့်ထုံးများနှင့်တကွ ဘဝနှင့်နိဗ္ဗာန်တွင် လွယ်ကူရှင်းလင်းစွာ ရှုမြင်သုံးသပ်နိုင်ပြီး သင့်ရဲ့ဘဝလွတ်မြောက်ရေးအတွက် အသိဉာဏ်ကိုပေးလိမ့်မည်။

graphicnewdaytel201437